www.burmeseclassic.com

# တိမ်ပေါ်မှာ လမ်းလျှောက်သူများ

## တင်မောင်မြင့်

**Clancy Carlile**

# CHILDREN OF THE DUST

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး - ၁၃၀၀ ကျပ်

မြန်မာ့ရတနာ
စာပေ

စာအုပ်အမှတ် (၁၄)

# တင်မောင်မြင့်

# တိမ်ပေါ်မှာ လမ်းလျှောက်သူများ

CLANCY CARLILE

CHILDREN OF THE DUST

မြန်မာ့ရတနာစာပေ
အမှတ် ၁၈ (B)၊ ၅၆ လမ်း (လမ်းတို)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၆၁၃၉

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၂၃၂၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၃၃၀၆၀၃
မျက်နှာဖုံးသရုပ်ဖော်
အံ့ဘွယ်ဇင်
မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်ရွှေ (၀၂၀၇၉)၊ သုခပုံနှိပ်တိုက်၊
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်၊
၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ
၁၁၁၊ ၃ ထပ်၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ မေလ။
အုပ်ရေ - ၁၀၀၀

အချိန်မှာ အိုကလာဟိုးမား နယ်စွန်နယ်ဖျား မြေယာများဆီကို လူတွေ အလုအယက်သွားနေကြချိန် ဖြစ်ပါသည်။ လူအချို့ အတွက် သမန်ရှည်ကြာစွာ နေလာခဲ့သည့် ဘဝ၏ နေဝင်ချိန်။ တစ်ပြိုင်တည်းတွင် လူအချို့အတွက် ဘဝသစ် အိပ်မက်များ စတင်ချိန် ဖြစ်လေသည်။

*

## အခန်း (၁)

ကျောင်းအုပ်ဆရာကြီး ဂျွန်မက်ဆွဲလ်သည် သူ့ရုံးခန်း အတွင်းမှနေ၍ ကျောင်းဝင်းနှင့် မျက်နှာချင်းဆိုင်ရှိ အစိုးရနယ်ခြားဒေသ အုပ်ချုပ်ရေးရုံးဝင်းကို ကျော်ကာ ရှုမဆုံးတော့သည့် မြက်ခင်းစိမ်း စိမ်းလွင်ပြင်နှင့် မြကတ္တာပါ တောင်တန်းများကို ငေးကြည့်နေသည်။

မြင်းအိုကြီးနှစ်ကောင် ဆွဲလာသည့် လှည်းတစ်စီးကို

www.burmeseclassic.com



လှမ်းမြင်နေရသည်။ သဲသဲကွဲကွဲ မြင်နိုင်သည့် အကွာအဝေးကို ရောက်လာတော့ ရထားမောင်းသမားကို ဆရာကြီး တန်းမှတ်မိလိုက်သည်။ ဝက်ဝံနက်ဂျွန် ဖြစ်သည်။ သူ့နံဘေးတွင် သူငယ်ကလေးတစ်ယောက် ပါလာသည်။

သူက မြင်းလှည်းကို ကျောင်းရှေ့ခြံစည်းရိုးတွင် ရပ်ပြီး ဆင်းလိုက်သည်။ သို့သော် ချာတိတ်ကလေးက ရုတ်တရက် မဆင်းဘဲ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေ၏။ ဝက်ဝံနက်ဂျွန်က သူငယ်ကို ပွေ့ပြီး အောက်သို့ ချလိုက်သည်။

ဆရာကြီးမက်ဆွဲလ်သည် အပေါ်ဝတ်ရုံကို ကောက်ခြုံကာ ကျောင်းဝင်းထဲသို့ ထွက်ခဲ့သည်။ ကျောင်းရှေ့ကွက်လပ် ကစားကွင်းထဲတွင် အင်ဒီယန်ကျောင်းသားကလေးတစ်သိုက် လူဖြူကစားနည်းများကို လေ့ကျင့်ကစားနေကြ၏။

မြင်းလှည်းနား ရောက်လာသည့် ဆရာကြီးကို ဝက်ဝံနက်ဂျွန်က တရင်းတနှီး နှုတ်ဆက်သည်။ သို့သော် သူ့မျက်နှာတွင် အရယ်အပြုံး လုံးဝမရှိ။ သူ့အဝတ်အစားများမှာ လူဖြူဝတ်စုံဖြစ်သော်လည်း စုတ်ပြတ်ဟောင်းနွမ်းကာ ဖွာလန်ကြဲနေပြီ။ သူ့ပါးစပ်ထဲတွင် သွားအနည်းငယ်သာ ကျန်တော့၏။ သို့သော် သူ့ပုံစံက ဟိတ်ဟန်အပြည့်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်။ သူက 'လူ့မျိုးနွယ်' အင်ဒီယန်များ၏ ခေါင်းဆောင်ဖြစ်လာသူ မဟုတ်လား။

ဆရာကြီးမက်ဆွဲလ်က လက်ကမ်းပေးပြီး သူတို့ ဘာသာစကားဖြင့် ခရီးဦးကြို ပြုလိုက်သည်။

"မင်္ဂလာပါ ဝက်ဝံနက်ခင်ဗျား"

ရေစုပ်စက်မောင်းတံကို ဆုပ်သလို ဆရာကြီး၏ လက်ကို သုံးကြိမ်သုံးခါ တအားဆုပ်ပြီး ဝက်ဝံနက်က တုံ့ပြန်နှုတ်ဆက်သည်။

"သူ့အမေက ဒီကလေးကို လူဖြူကျောင်းမှာ ထားပေးပါ



ဆိုလို့ ကျွန်တော် လာအပ်တာပါ ဆရာကြီး၊ သူ့ကို လူဖြူ တစ်ယောက်ဖြစ်အောင် သူ့အမေက လုပ်ပေးချင်ပါတယ်"

ဆရာကြီးမက်ဆွဲလ်က သူငယ်ကလေးကို အကဲခတ်လိုက်သည်။ အဝတ်အစားတွေက စုတ်ပြတ်ပေကျံနေသည်။ ကျီးကန်းတောင်းမှောက် မျက်လုံးတွေက ဝံပုလွေငယ်တစ်ကောင်၏ မျက်လုံးများနှင့်တူ၏။ အစိုးရဆောဒ်ဒါကျောင်းသို့ ပညာလိုချင်လို့ ရောက်လာခြင်း ဟုတ်ဟန်မတူ။ စားစရာနှင့် ဝတ်စုံသစ်ရဖို့ အဓိကဖြစ်ဟန်တူ၏။

ဝက်ဝံနက်က စကားဆက်သည်။

"ဒီကလေးရဲ့ အဖေက 'တိမ်ပေါ်မှာလမ်းလျှောက်သူ' ပါ။ လူဖြူတွေရဲ့ ထောင်ထဲမှာ ရောက်နေဟာကြာပါပြီ။ သူ့အမေ 'သက်တန့်မယ်' က လူဖြူတွေဆီကရတဲ့ ချောင်းဆိုးရောဂါနဲ့ သေသွားပါတယ်။ မသေခင် ခရစ်ယာန်ဘာသာဝင် ဖြစ်သွားလို့ သူ့သားကို လူဖြူကျောင်းမှာ ထားပေးဖို့ မှာသွားတယ်။ လူဖြူအတတ်ပညာကို သင်ပေးပါတဲ့"

ဆရာကြီးမက်ဆွဲလ်က ချီယင်နီ ဘာသာစကားဖြင့် ချာတိတ်၏ နာမည်ကို မေးလိုက်သည်။ ဝက်ဝံနက် ဝင်ဖြေ၏။

"ဟိုးကောက်စ်ပါ။ အဓိပ္ပာယ်က ကျီးကန်းလေးပေါ့"

ဆရာကြီးက လက်ကမ်းပေးလိုက်သည်။ ကောင်လေးက နောက်တွန့်သွားပြီး ဝက်ဝံနက်၏ နံဘေးတွင် ကပ်နေသည်။

"သူက လူဖြူတွေကို ကြောက်နေတယ် ဆရာကြီး။ လူဖြူတွေက 'လူ့မျိုးနွယ်' အင်ဒီယန်တွေကို လိုက်သတ်တဲ့ အကြောင်းတွေ သူကြားဖူးထားတယ်"

သူက ချီယင်နီရှေးဟောင်းစကားဖြင့် သူတို့ အင်ဒီယန်လူမျိုးစု၏ အမည်ကို ထည့်ပြောသည်။ 'လူ့မျိုးနွယ်' တဲ့။ အတော်ကြီးကျယ်သည့် အင်ဒီယန်တွေပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ချီယင်နီဘာသာဖြင့် ကောင်လေးကို ကြည့်ပြောသည်။

"မင်း ဒီမှာ ဘာမှမဖြစ်စေရဘူး ကျိုးကန်းလေး"

ဆရာကြီးကပြောပြီး ကြိုးခုန်နေသည့် ပထမတန်း ကလေးတစ်သိုက်ဆီကို လှမ်းကြည့်လိုက်သည်။ အင်ဒီယန်မကလေးတစ်ယောက်ကို လက်ယပ်ခေါ်လိုက်သည်။ ပြီးတော့ ချီယင်နီဘာသာစကားဖြင့်ပင် ဆရာကြီးက ပြောသည်။

"သူ့နာမည်က မာသာဝါရှင်တန်တဲ့၊ သူက 'ဟောယို' အင်ဒီယန်တစ်ယောက်ပဲ။ သူ ဒီကိုရောက်တာ တစ်နှစ်ရှိပြီ။ သူ့ကို ဘယ်သူမှ အနိုင်ကျင့်တဲ့လူ မရှိဘူး။ မင်း သူ့ကို မေးကြည့်လေ"

ကျိုးကန်းလေးက ကောင်မလေးကို ရှုရှုဝါးဝါး ကြည့်နေသည်။ ဘလောက်စ်အဖြူ၊ စကတ်အပြာ၊ ခြေအိတ်အနက်နှင့် ရှူးဖိနပ်ကို စက်ဆုပ်ရွံရှာနေသည့်အလား။

"ကဲ ... မာသာ၊ ဆရာမတီဘင်ကို သွားခေါ်စမ်း၊ ကျောင်းသားသစ်တစ်ယောက် ရောက်လာတယ်လို့ပြော"

ဆရာကြီးက မာသာ့ကို အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

*

မစ္စကိတ်တီဘင်သည် တာဝန်ခံဆရာမကြီးဖြစ်သည်။ ဇရာမတင်လုံးကြီးတွေနှင့် ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်၏။ ခြေမျက်စိဖုံး ဂါဝန်ရှည်ကြီးနှင့်ဖြစ်သည်။ ဆရာမကြီးက စားပွဲပေါ်မှ ချိုချဉ်တစ်လုံးကိုယူပြီး ထလိုက်လာသည်။

"ဟယ် ... ချစ်စရာကလေးပါလားကွယ်၊ တကယ့် သူ့ရဲ့ကောင်းကလေးပဲ။ ရော့ ... ချိုချဉ်စားနော်"



ကောင်လေးက နောက်ဆုတ်သွားပြန်သည်။ ဆရာကြီးက သူ့ကို ချီယင်နီဘာသာစကားဖြင့် ချော့ပြောရပြန်သည်။ ဝက်ဝံနက်ကပါ ကောင်လေးကိုဝင်ပြီး ဖျောင်းဖျသည်။ ကျောင်းတက်ဖို့ ပြောသည်။ သို့သော် ဖိနပ်မပါသည့် ကျိုးကန်းလေး၏ ခြေလှမ်းတွေက မရွံ့မရဲ။

ဆရာကြီးက ကောင်လေး၏ လက်မောင်းကို ကိုင်ပြီး

"လာ ... သားလေး၊ ကျောင်းထဲဝင်ကြရအောင်၊ မင်းပျော်မှာပါကွယ်" ဟု ပြောရင်း တွဲခေါ်သွားသည်။

ကျောင်းတွင် အချုပ်အလုပ် ဆရာမမှာ မစ္စကလပ်ဒေးဖြစ်သည်။ အတန်းတစ်တန်းကို တစ်ချောင်းထိုး သင်ပြနေချိန်ဖြစ်၏။ မစ္စတီဘင်က အတန်းထဲဝင်ပြီး

"ဆရာမ ခဏလေးနော်၊ ကျောင်းသားသစ်ကလေး တစ်ယောက် ရောက်လာလို့၊ ပထမဆုံး သူ့ကို ဆံပင်ညှပ်ပေးရမယ်"

ဆရာမကြီးက သူနားလည်အောင် အင်္ဂလိပ်စကားကို ခပ်ဖြည်းဖြည်းပြောသည်။ ပြီးတော့ ပခုံးပေါ် ဝဲကျနေသည့် ဆံပင်တွေကို ကြည့်ရင်း ကတ်ကြေးညှပ်သည့်ပုံစံ လုပ်ပြသည်။

"အင်း ... သန်းတွေတော့ အများကြီးနေမှာပဲ"

ကျောင်းသူကလေးအချို့ ခပ်အုပ်အုပ်ရယ်လိုက်ကြသည်။ ဤတွင် ကျိုးကန်းလေး ထွက်ပြေးဖို့ ကြိုးစားတော့၏။ ဆရာမကြီးက ဖမ်းဆွဲထားပြီး

"မနာပါဘူးကွယ်၊ ဒါမှ မင်းပိုချောလာမှာ။ ကဲ ... ဆရာမ၊ သူ့ဆံပင် ဖြတ်ကြရအောင်၊ ဆရာမကြီး ကိုင်ထားပေးမယ်"

မစ္စကလပ်ဒေးက အံဆွဲထဲမှ ကတ်ကြေးနှစ်ချောင်း ထုတ်ပြီး ကောင်လေး၏ ဦးခေါင်းကို ငုံ့ကြည့်သည်။

"ဟုတ်တယ်၊ ဆရာမကြီး ပြောတဲ့အတိုင်းပဲ။ သန်းချေးမကြီးတွေ အများကြီးပဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကလေးများ ရယ်သံ ထွက်လာပြန်သည်။ ချာတိတ်က ဘာမှမပြောဘဲ မစ္စကလပ်ဒေး၏လက်ကို ကိုက်ချလိုက်ပြီး ဆရာမကြီး မစ္စတီဘင်၏ ဝမ်းဗိုက်တည့်တည့်ကို လက်သီးဖြင့် စွတ်ထိုးထည့်လိုက်သည်။

မစ္စကလပ်ဒေး အလန့်တကြားအော်ပြီး ကျောင်းသူတွေဘက်ကို လှည့်ပြေးထွက်သွားသည်။ ကုလားထိုင်တွေကို ဝင်တိုက်မိပြီး ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်၏။ ကျောင်းသူကလေးများလည်း အလန့်တကြား ဝိုင်းအော်ကြသည်။

ဆရာမကြီးက ကောင်လေးကို ဖမ်းဆွဲသည်။ သို့သော် ကျီးကန်းလေးက မျောက်တစ်ကောင်လို ဗီရိုတစ်လုံးပေါ်သို့ တွယ်ဖက်ခုန်တက်သွား၏။ ဗီရိုပေါ် ရောက်သွားတော့ ထိုင်ပြီး အောက်ကို ငုံ့ကြည့်နေသည်။ သွားအဖြီးသားနှင့် အမောတကော အသက်ရှူလျက်။

ဆရာကြီးမက်ဆွဲလ် အခန်းထဲ ရောက်လာသည်။

"ဟဲ့ ... ဘယ်လိုဖြစ်ကြတာတုန်း"

"ကျွန်မတို့ သူ့ကို ဆံပင်ညှပ်ပေးမလို့ လုပ်နေကြတာပါ ဆရာကြီး။ တကယ့် တောကြောင်ကလေးပဲ"

ဆရာကြီးက ကောင်လေးကို ဆင်းခဲ့ဖို့ ချော့ပြောသည်။ ဝက်ဝံနက် ဝင်လာသဖြင့် ဆရာကြီးက ဆီးပြောသည်။

"သူ့ကို အောက်ဆင်းဖို့ ပြောပေးပါ။ သူ့ကို ဘယ်သူမှ အန္တရာယ်မပေးဘူး"

ဝက်ဝံနက်က မျက်မှောင်ကြုတ်ပြီး စိတ်ပျက်သည့် အမူအရာပြသော်လည်း တစ်ပြိုင်တည်းတွင် ဂုဏ်ယူနေပုံလည်း ရ၏။

"ကျီးကန်းလေး၊ ဆင်းခဲ့။ မင်းအမေမျက်နှာကို တွေးကြည့်လေ။ သူသိရင် ဘာပြောမလဲ။ မင်းကို မင်းအမေက ဒီကျောင်းမှာ နေစေချင်တာလေ၊ မင်းအမေစကားကို နားထောင်မှပေါ့ကွ"



တင်းမာနေသည့် ကျီးကန်းလေး၏ မျက်နှာအမူအရာ ပြောင်းသွားသည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာ၏။ ဗီရိုပေါ်မှ ဖြည်းဖြည်းချင်းဆင်းလာသည်။

ဆရာကြီးက ဆရာမနှစ်ယောက်ကို ကျောင်းဆေးခန်းသို့ သွားပြရန် ပြောပြီး လွှတ်လိုက်သည်။ ကျောင်းသူကလေးများကိုပါ အတန်းထဲမှ ခဏထွက်သွားကြဖို့ ပြောလိုက်သည်။ ပြီးမှ ဆရာကြီးက တံခါးပိတ်ပြီး စကားစသည်။

"ကျီးကန်းလေး၊ ဆရာကြီးတို့ဟာ မင်းရဲ့ ရန်သူတွေ မဟုတ်ဘူး။ မင်းကို ကူညီမယ့်လူတွေကွဲ့။ တို့ကို မင်း ယုံယုံကြည်ကြည် ဆက်ဆံပါကွာ"

ဆရာကြီးက ချိုယင်နီစကားဖြင့် ပြောနေခြင်းဖြစ်၏။

ကျီးကန်းလေးက ဝက်ဝံနက်ကို လှမ်းကြည့်သည်။ ဝက်ဝံနက်က ခေါင်းညိတ်ပြသည်။ ချိုယင်နီထုံးစံအရ တစ်ဦးနှင့်တစ်ဦး ယုံကြည်လျှင် သွေးရင်းသားရင်းလို သဘောထားတတ်ကြောင်း သိထားသည့် ဆရာကြီးက ကျီးကန်းလေးကို ထမင်းစားဖိတ်လိုက်သည်။

ကျောင်းအုပ်ဆရာကြီးတစ်ဦးအနေဖြင့် ကျောင်းသားတစ်ယောက်ကို အိမ်မှာဖိတ်ပြီး ထမင်းကျွေးသည့် အစဉ်အလာမရှိခဲ့သော်လည်း သည်တစ်ယောက်ကိုမူ အထူးဂရုစိုက်ရမည်ဟု ဆရာကြီးမက်ဆွဲလ်က မှတ်ယူထားသည်။ ယခုလို ထူးထူးခြားခြား ပြုမူဆက်ဆံခြင်းမှာ သည်သူငယ်သည် ရိုင်းစိုင်းပြီး မယုံကြည်မှုများဖြင့် မုန်းတီးစိတ်တွေ များလွန်းနေခြင်းကြောင့်သာ မဟုတ်၊ 'တိမ်ပေါ်တွင် လမ်းလျှောက်သူ' ဟူသည့် အင်ဒီယန် အကြီးအကဲ၏ သားလည်း ဖြစ်နေသောကြောင့်ပင်။

ကျီးကန်းလေးကို ယဉ်ပါးအောင် လုပ်နိုင်ခဲ့လျှင် လူဖြူ

www.burmeseclassic.com



ကျောင်းကို ကြောက်နေသည့် အင်ဒီယန်ရွာမှ ကလေးများကို စည်းရုံးပြီးသား ဖြစ်လိမ့်မည်ဟု ဂျွန်မက်ဆွဲလ် ယုံကြည်လေသည်။

*

ဆရာကြီး ဂျွန်မက်ဆွဲလ်၏ အိမ်မှာ ဆင်ဝင်နှင့် ပျဉ်ထောင်အိမ် ဖြစ်သည်။ ဆေးမသုတ်ရသေး။ အင်ဒီယန်တွေနှင့် တောကောင်တွေ မဝင်နိုင်အောင် ခြံစည်းရိုးစိပ်စိပ်ကာထားသည်။ အိမ်နောက်ဖက်တွင် တင်းကုပ်လိုလို၊ မြင်းဇောင်းလိုလို တဲတစ်လုံးနှင့် ကိုဒေါင်ကလေး တစ်လုံးရှိသည်။ တင်းကုပ်ထဲတွင် မြင်းနှစ်ကောင်၊ နို့စားနွားမ တစ်ကောင်၊ ဝက်နှစ်ကောင်နှင့် ကြက်အနည်းငယ်ရှိသည်။

မက်ဆွဲလ် အိမ်ပြန်ရောက်လာတော့ ဆရာကြီးကတော်က လင်တော်မောင်၏ လက်မောင်းကို ဆွဲခေါ်သွားပြီး တိုးတိုး မေးသည်။

"ဆရာမတွေကို ထိုးကြိတ် တိုက်ခိုက်တယ်ဆိုတာ ဒီကလေးလားဟင်၊ ကျွန်မတို့ကို သတ်ဟယ် ပုတ်ဟယ်လုပ်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဩော် ... နီရာရယ်၊ ကောင်လေးက လူတွေကို ကြောက်နေတာပါကွာ၊ လူဖြူတွေနဲ့ သူ နီးနီးကပ်ကပ် မနေဖူးဘူးလေ"

"ဒါဆိုလည်း သူတို့အချင်းချင်း ရောထားပါလား၊ အတူတူ ထားပစေပေါ့"

"မဖြစ်သေးဘူး နီရာ၊ သူက အင်္ဂလိပ်စကား မတတ်သေးဘူး။ ကျောင်းမှာက သူတို့ဘာသာစကား လုံးဝပြောခွင့်မပေးဘူးလေ။ ကိုယ်နဲ့ကလွဲပြီး ဘယ်သူ့ကိုမှ သူ ယုံမှာမဟုတ်ဘူး။ ကိုယ်သာ အနားမှာမရှိရင် သူ လုံးဝ ဆံပင်ညှပ်ခံမှာ မဟုတ်ဘူး"

"ဟုတ်ပါပြီလေ"



ပြောပြီး ဆရာကြီးကတော်က အတွင်းဘက်သို့ လှမ်းခပြာသည်။

"ရေချယ်ရေ ... ကောင်လေးအတွက် ပန်းကန်တစ်ချပ် ဆပ်ယူခဲ့ပါကွယ်"

ထမင်းစားစားပွဲတွင် မက်ဆွဲလ်နှင့် နီရာက မျက်နှာချင်းဆိုင်ထိုင်သည်။ နီရာ ပထမအိမ်ထောင်နှင့်ရသည့် ဒက်စတာက ကျီးကန်းလေးနှင့် မျက်နှာချင်းဆိုင်ထိုင်သည်။ သူ့ဆံပင်တွေကို တိုတိုဖြတ်ထားတော့ ဖြူဆူးတွေလို ထိုးထိုးထောင်ထောင် ဖြစ်နေ၏။ သူ့ကို ကျောင်းဝတ်စုံ ဝတ်ထားပေးပြီးပြီ။

ခြောက်နှစ်သမီးကလေး ရေချယ်က ကျီးကန်းလေးနှင့် ယှဉ်ထိုင်သည်။ ရေချယ့်မျက်လုံးတွေက အညိုနုရောင်၊ နှာခေါင်းဖျားတွင် မှဲ့ယင်ချေးကလေး ပြောက်တိပြောက်ကျားနှင့်။ ကုပ်ဝဲဆံပင်တွေကို ပန်းရောင်ဖဲကြိုးဖြင့် စည်းထားသည်။

အဖေက ထမင်းဝိုင်းတွင် ဆုတောင်းစကား ဆိုနေချိန်တွင် ရေချယ်က ကောင်လေးဘက်သို့ ခိုးကြည့်လိုက်သည်။ သူက သူများတွေလို ခေါင်းမငုံ့ဘဲ အတောင့်သားထိုင်လျက်။ အင်းလေ ... သူက ဘုရားတရားဆိုတာ ဘာမှန်းမှ မသိသေးတာပဲ။ သူ့ကို ငုံ့ကြည့်နေမှန်းသိလျက် သူက တစ်ချက်ကလေးမှ ပြန်မကြည့်။ ရေချယ် နားမလည်နိုင်အောင် ဖြစ်သွားသည်။

ဟင်းပွဲတစ်လှည့်စီ ခပ်ယူနေကြစဉ်တွင် ရေချယ်က ဆိုင်းမဆင့် ဗုံမဆင့် ကောက်မေးလိုက်သည်။

"နင့်နာမည် ဘယ်သူလဲ"

"သူ့မှာ နာမည်မရှိသေးဘူး သမီး၊ အင်ဒီယန်နာမည်က ကျီးကန်းလေးတဲ့"

ဖေဖေ မက်ဆွဲလ်က ဝင်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်ပြီ၊ သူ့ကို 'ကိုဘီ' လို့ နာမည်ပေးရမယ်"

မကြာသေးခင်က ဒဏ်ရာရထားသည့် ကျီးကန်းကလေး တစ်ကောင် ရေချယ်ကောက်ရသည်။ မွေးထားပြီး ဒဏ်ရာတွေ ပျောက်သွားတော့ ပျံထွက်သွားသည်။ သည်တုန်းက ကျီးကန်း ကလေးကို 'ကိုဘီ' ဟု ရေချယ် နာမည်ပေးထားခဲ့သည်။

မက်ဆွဲလ်က "ဟင်... ကိုဘီ တဲ့လား၊ သမီးနာမည်က လည်း ဆန်းဆန်းပြားပြား၊ ရိုးရိုး လူဖြူနာမည်ပေးပါလား။ ဥပမာ ဂျော့တို့၊ ဝေါလ်တာတို့ပေါ့။ ဝေါလ်တာလို့ခေါ်ရင် မကောင်းဘူးလား" ဟု အကြံပြုသည်။

"ဟင့်အင်း ... သမီး ကိုဘီပဲ ကြိုက်တယ်။ ကိုဘီလို့ မှည့်ပေးပါနော် ဖေဖေ"

ရေချယ်က မလိုင်တွေကို ကော်ပြီး အားရပါးရ စားလိုက် သည်။ နှုတ်ခမ်းတွေ ပေကျံကုန်တော့ လျှာနှင့်လျက်သည်။

နီရာက ဝင်ဟန့်သည်။

"ရေချယ် ... ကောင်းကောင်းစားစမ်း၊ သမီးက နမူနာ ပြရမှာ"

ပြောပြီး ကြက်သားကို ဟင်းအနှစ်တွေထဲမှ လက်နှင့် ကိုင်စားနေသော အင်ဒီယန်ကောင်လေးကို နီရာ စိတ်ပျက်လက်ပျက် စိုက်ကြည့်နေသည်။

"နော် ဖေဖေ၊ သမီးပြောတဲ့အတိုင်း မှည့်ပေးပါနော်"

"ကဲ... ကောင်းပြီ။ ဒါဖြင့် နောက်နာမည်ကကော၊ ဒက်စတာက နောက်နာမည်ကိုရွေး"

ဒက်စတာက ခဏတွေ စဉ်းစားပြီး

"ဗိုက်ဆိုရင် မကောင်းဘူးလား၊ ဒါမှ နီရာကနေ သူ ဖြူလာမှာ"



ဒက်စတာက မလိုတမာ သရော်လိုက်ခြင်းဖြစ်သည်။ သို့သော် မက်ဆွဲလ်က သဘောကျသွားပြီး

"အင်း ... ကောင်းသားပဲ၊ ဗိုက်၊ ဟုတ်ပြီ"

စားသောက်ပြီးကြတော့ ရေချယ်က အဖေနှင့်အတူ ကိုဘီ ကို အိမ်ပြင်သို့ လိုက်ပို့သည်။

"ဂွတ်နိုက် ကိုဘီဗိုက်" ဟု နှုတ်ဆက်သည်။ ကောင်လေး က ဘာမှပြန်မပြောဘဲ အကြောင်သား ငေးကြည့်နေ၏။ ရေချယ် က သူ့ရင်ဘတ်ကို လက်ညှိုးထိုးပြီး "နင့်နာမည် ကိုဘီဗိုက်" ဟု ပြောလိုက်သည်။ ပြီးမှ သူ့ကိုယ်သူ လက်ညှိုးထိုးကာ "ငါ့နာမည် ရေချယ်"

ခုမှ သူ့နှုတ်က အသံထွက်လာသည်။ ရေချယ့်နာမည်ကို ခပ်တိုးတိုးရွတ်သည်။

"ရေ ... ချီ၊ ရေချီ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ငါက ရေချယ်၊ နင်က ကိုဘီ"

ကောင်လေးက နားလည်သည့် အမူအရာပြပြီး "နိုဟာ မက်ရီတွန်" ဟု ပြန်ပြောသည်။ ရေချယ်က အဖေ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ငါတို့တွေ သူငယ်ချင်း ဖြစ်သွားပြီလို့ ပြောတာ" ဟု မက်ဆွဲလ်က ဘာသာပြန်ပြသည်။ ရေချယ်က သဘောကျပြီး ပြုံး သည်။ ပျံထွက်သွားသည့် ကျီးကန်းလေးနေရာတွင် အစားရပြီဟု စိတ်ထဲ ထင်လိုက်၏။

*

ချီယင်နီနှင့်အရာပါဟို အင်ဒီယန်တို့အတွက် နေရာသတ်မှတ်ပေး ထားသည့် သည်ဒေသမှာ အင်ဒီယန်နယ်မြေ၏ အနောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အစွန်အဖျား နေရာဖြစ်သည်။ သည်ရွာကလေးကို အမေရိကန်တို့က 'ကြားစခန်း' ဟု အမည်ပေးထားသည်။

ကြားစခန်းတွင် နယ်ခြားဒေသ အုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် လူနေအဆောက်အအုံအားလုံး နှစ်ဆယ့်ငါးလုံးရှိသည်။ အဆောက်အအုံများ၏ ရှေ့တွင် ဘာပင်မှမပေါက်သည့် ကွင်းပြင်ကွက်လပ်ကြီးရှိ၏။

အုပ်ချုပ်ရေးအဖွဲ့ရုံး၊ တည်းခိုဆောင်၊ ဘုရားရှိခိုးကျောင်းနှင့် ကုန်စုံဆိုင်နှစ်ဆိုင် ရှိသည်။ အားလုံးထဲတွင် အကြီးဆုံး အဆောက်အအုံမှာ သုံးထပ်စာသင်ကျောင်း ဖြစ်၏။ အခန်း ၂၂ ခန်းပါသည်။ ခေါင်းလောင်းထိုးစင်ကြီးနှင့်၊ ဧရာမ မီးလင်းဖိုကြီးများနှင့် အခံ့အညား ဆောက်ထားသည့် အဆောက်အအုံဖြစ်၏။

ကျောင်းသို့ ကိုဘီဝိုက်ရောက်လာပြီး နောက်ပိုင်းရက်များတွင် ဆရာကြီးမက်ဆွဲလ်သည် သူ့ရုံးခန်း ပြတင်းပေါက်မှနေ၍ ကျောင်းသူကျောင်းသားကလေးများ ကစားနေသည့် ကွင်းထဲသို့ ဆင့်ကြည့်နေတတ်သည်။

အင်ဒီယန်ကလေးများနှင့် လူဖြူကလေးများ ကစားနေလျှင် ကိုဘီကိုရွေးပြီး ဆရာကြီးက အာရုံစိုက်တတ်သည်။ တဖြည်းဖြည်းနှင့် ကိုဘီသည် အခြားကလေးများနှင့် ရောနှောကစားတတ်လာ၏။ ရှေချယ်ကို အားကိုးတတ်ပြီး ခင်ခင်မင်မင် ဆက်ဆံရကောင်းမှန်း သိလာသဖြင့် ဆရာကြီးမက်ဆွဲလ် သဘောကျနေသည်။

ပထမပိုင်းတွင် ကစားနည်းစည်းမျဉ်းတွေ နားမလည်သေးသဖြင့် ကိုဘီ အမှတ်ကောင်းကောင်းမရခဲ့ပေ။ သို့သော် သူက အတတ်မြန်သည်။ ခုတော့ ဘောလုံးကို သူများနည်းတူ ပြင်းပြင်းရိုက်နိုင်နေပြီ။ ဝေးဝေးပစ်နိုင်နေပြီ။

အတန်းထဲတွင်လည်း ဘာသာတိုင်းကို လိုက်နိုင်လာ



သည်။ အင်္ဂလိပ်စကားလည်း အထိုက်အလျောက် ပြောနိုင်နေပြီ။ မစ္စတီဘင် ပင်လျှင် ကိုဘီကို သဘောကျနေပြီ။ ဆရာကြီးကိုယ်တိုင်လည်း သူ့ထက်မြက်မှုနှင့် သူ့စိတ်ဓာတ်ကို သတိထားမိနေ၏။ လူတော်လူကောင်းကလေးတစ်ယောက် ဖြစ်လာဖို့ သေချာနေပြီ။ စင်စစ် ကိုဘီသည် ဆရာကြီး လိုချင်နေသည့် ကျောင်းသားမျိုးဖြစ်၏။ ဆရာကြီးမက်ဆွဲလ်သည် နိုရာ့ဆီမှ သားကလေးတစ်ယောက်ရဖို့ မျှော်လင့်နေသည်မှာ ကြာပြီ။ သို့သော် ယခုတိုင်မအောင်မြင်သေး။

မက်ဆွဲလ်သည် နိုရာ့ကို စိန့်လူးဝစ်တွင် ကျောင်းဆရာလုပ်ရင်း တွေ့ခဲ့ခြင်းဖြစ်သည်။ နိုရာသည် ထိုစဉ်က ဘာသာရေးဆရာကလိုက်ဘစ်ဂမ်၏ဇနီး ဖြစ်သည်။ ကလိုက် ရုတ်တရက် အဖျားရောဂါဖြင့် ကွယ်လွန်သွားတော့ နိုရာတစ်ယောက် ငါးနှစ်သားကလေးဒက်စတာနှင့် မုဆိုးမဘဝကို ဆက်လက်လျှောက်လှမ်းရတော့သည်။

မက်ဆွဲလ်နှင့် နိုရာတို့ တဖြည်းဖြည်း ရင်းနှီးလာသည်။ နိုရာသည် ဘုရားရှိခိုးကျောင်းတွင်ရော၊ အိမ်တွင်ပါ တာဝန်ကျေပြီး အားလုံး၏ လေးစားခြင်းခံရသည့် အမျိုးသမီး ဖြစ်သည်။ သူ့ထက် ငါးနှစ်ကြီးပြီး မျက်နှာကို ဆေးဆိုးပန်းရိုက်မလုပ်ဘဲ ဝတ်ကောင်းစားလှတွေ မဆင်မြန်းဘဲနှင့် မက်ဆွဲလ်အတွက် လှနေသည်။ ဇနီးကောင်းတစ်ယောက် ဖြစ်နိုင်သည့် အရည်အချင်းရှိသူဟု မက်ဆွဲလ်ယုံကြည်နေသည်။

ထိုစဉ်တွင် အစိုးရက နယ်စပ်ဒေသ အင်ဒီယန်လူမျိုးများနေရာချထားရေးတွင် မက်ဆွဲလ်အား အလုပ်ပေးသောအခါ လူမှုရေးလုပ်ငန်းများတွင် စိတ်ဝင်စားသော နိုရာက မက်ဆွဲလ်ကို စိတ်ဝင်စားလာသည်။

ဤသို့ဖြင့် ရွှေလက်တွဲကာ ချိုယင်နီ အရပ်ပါ ဆို အင်ဒီယန်

www.burmeseclassic.com

www.burmeseclassic.com



များရှိရာ နယ်စွန်နယ်ဖျားသို့ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

တစ်နှစ်အတွင်း မက်ဆွဲလ်က ကျောင်းအုပ်ရာထူးရပြီး နိုရာက ရေချယ်ကို မွေးသည်။ သမီးကလေး ရလို့ အပျော်ကြီး ပျော်ခဲ့ရသော်လည်း နိုရာတွင် နောက်ထပ် ကလေးမရနိုင်တော့ကြောင်း ဆရာဝန်များက ပြောပြသောအခါ မက်ဆွဲလ်တစ်ယောက် အကြီးအကျယ် စိတ်ဓာတ်ကျသွားခဲ့သည်။

ဤတွင် ဒက်စတာ့ကိုသာ သားအရင်းလိုချစ်ဖို့ ဖအေအရင်းတစ်ယောက်အတိုင်း ပုံအောပြီး အလိုလိုက် အကြိုက်ဆောင်ခဲ့သည်။ သို့သော် သိသိသာသာ အရာမထင်ခဲ့ပေ။

ဒက်စတာကို မက်ဆွဲလ် သည်းမခံနိုင်ဆုံးကိစ္စမှာ ကိုယ့်ထက်အားနည်းသူများအပေါ် အနိုင်ကျင့် ရက်စက်တတ်သည့် အကျင့်ဖြစ်သည်။ ကိုဘီ၏စရိုက်က သူနှင့်ပြောင်းပြန်။

ဒက်စတာက ကိုဘီ့ကို နိုင်ထက်ကလူပြုဖို့ ကြိုးစားသည်။ သို့သော် ကိုဘီက မဖြုံ။ နောက်ဆုံး ဒက်စတာက ကိုယ်ထိလက်ရောက် ကျူးကျော်လာသည်။

တစ်နေ့တွင် ဆရာကြီးက ကိုဘီကို အိမ်ခေါ်လာသည်။ ထမင်းစားစားပွဲတွင် ရေချယ်နှင့်ထိုင်ပြီး နို့သောက်နေသော ကိုဘီအနားသို့ ဒက်စတာ ရောက်လာသည်။ ကိုဘီက နို့ခွက်ကို သောက်ဖို့ ပြင်နေစဉ်တွင် ဒက်စတာက သူ့ကို နောက်ဘက်မှ ဆောင့်တွန်းလိုက်သည်။ ကိုဘီ့အကျီနှင့် စားပွဲပေါ်သို့ နို့တွေ ဖိတ်ကျကုန်သည်။ သို့သော် ကိုဘီက မော်၍မျှမကြည့်။ မတုန်မလှုပ် ကျောက်ရုပ်လို ငြိမ်နေသည်။

ဒက်စတာက လူရိုင်းကောင်ကလေး၏ တုံ့ပြန်တိုက်ခိုက်မှုကို စောင့်နေသည်။ သို့သော် တစ်ဖက်က ဘာမျှ မတုံ့ပြန်။ ဒက်စတာ ပြုံးလိုက်သည်။ ဒီကောင် စကြောက်ပဲ။



သို့သော် သူ့အထင်မှားကြောင်း နောက်တစ်လအကြာတွင် ဒက်စတာ တွေ့ရတော့သည်။ ကျောင်းကြီးပိတ်ချိန် တစ်နေ့တွင် ဘော့စ်သော ကစားဖို့ ကျောင်းသားကလေးများ ကွင်းထဲတွင် စုရုံးနေကြသည်။ ကိုဘီ ဝင်မလာမီအထိ ဘာပြဿနာမှမရှိ။ အားလုံး ချောချောမောမော။

ဒက်စတာက စပေးဘောရိုက်ရသည်။ ကိုဘီ့ဦးခေါင်းတည့်တည့်ကိုချိန်ပြီး တအားလွှဲ ရိုက်ချလိုက်သည်။ ကိုဘီ ငုံ့အရှောင်မြန်လို့ သိသိကလေး လွတ်သွား၏။ ဒက်စတာက မတော်တဆဖြစ်တာပါဟု တောင်းပန်သည့်အနေဖြင့် ပခုံးတွန့်ပြသည်။

"ဟောဒီမှာ နောက်တစ်လုံးဟေ့" ဟု ပြောပြောဆိုဆို ဘက်တံကို တအားလွှဲ ရိုက်ချလိုက်ပြန်သည်။ သည်တစ်လုံးက တည့်တည့်မှန်သည်။ မျက်စိတွေ ပြာဝေသွားပြီး မြေကြီးပေါ်သို့ ကားခနဲ လဲကျသွားသည်။ ခေါင်းကို သွက်သွက်ခါလိုက်ပြီး ချက်ချင်း ထထိုင်သည်။ မြင်ကွင်းတွေ ပြန်ကြည်လင်လာသည်နှင့် ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး ဝုန်းခနဲ ထရပ်ကာ ဒက်စတာဆီသို့ တအားလွှဲပစ်လိုက်သည်။

ဒက်စတာက လက်နှစ်ဘက်ဖြင့် မျက်နှာကို ကာလိုက်၏။ ကျောက်ခဲက ရင်ဘတ်ကို လာမှန်သည်။ နာရမှန်းမသိလောက်အောင် ဒက်စတာ ကြောင်နေသည်။ သည်ကောင် ငါ့ကို အန်တုနေပါပြီလား၊ ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ သူ့ဆီသို့ တအားပြေးချသွားသည်။ ကိုဘီက ထွက်မပြေးဘဲ ဘက်တံကို ကိုင်ပြီး ရပ်စောင့်နေတော့ ဒက်စတာ အံ့အားသင့်သွားသည်။

ဒက်စတာ သူ့အနားရောက်လာသည်နှင့် ကိုဘီက ဘက်တံကို တအားလွှဲပြီး ရိုက်ချလိုက်သည်။ ဒက်စတာက ခေါင်းကို လက်နှင့်ကာလိုက်တော့ ဘက်တံက လက်ဖျံကို ဖြောင်းခနဲ ရိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဒက်စတာ၏ ဘယ်လက်သည် ဘာမှ သုံးမရအောင် တွဲလောင်းကျသွားလေပြီ။ သည်တော့ ညာလက်ဖြင့် ကိုဘီကို ဖမ်းချုပ်သည်။

"သတ်မယ်၊ မင်းကိုငါ သတ်မယ်"

ပြောပြီး အတင်းဝင်လုံးတော့ ကိုဘီ မြေကြီးပေါ် လဲကျသွားသည်။ ဤတွင် ဒက်စတာက တက်ခွပြီး "ခွေးသား လူရိုင်း၊ သေပေတော့" ဟု ပြောရင်း ဖိထိုးတော့သည်။

ဤတွင် ရေချယ်က ကျောင်းသူကျောင်းသားတွေကို ဘိုးဇေ့ပြီး အပြေးရောက်ချလာသည်။ ဒက်စတာကို အတင်းဆွဲလွဲထိုးကြိတ်ပြီး "လွှတ်၊ သူ့ကိုလွှတ်လိုက် ဒက်စတာ" ဟု အော်သည်။

ဒက်စတာက တအားတွန်းထုတ်လိုက်တော့ ရေချယ် နောက်ပြန်လန်ကျသွားသည်။ ဖုန်တောထဲမှ ကုန်းရုန်းထပြီး ရေချယ်က ဒက်စတာကို ခုန်အုပ်ပြန်သည်။ ဆံပင်ကို တအားဆောင့်ဆွဲပြီး အော်ပြန်သည်။

"လွှတ်၊ သူ့ကို ချက်ချင်းလွှတ်"

အင်ဒီယန်ကျောင်းသားများက ရေချယ့်ဘက်မှ ဝင်ကူသည်။ အတင်းဆွဲဖျဉ်ပြီး "တော်လောက်ပြီ ဒက်စတာ၊ ဒါလောက်ဆိုမင်းကျေနပ်ရောပေါ့" ဟု ဝိုင်းပြောမှ ဒက်စတာက ကိုဘီကို လွှတ်ပေးလိုက်သည်။ ဆက်လည်း မထိုးနိုင်တော့။ အရိုက်ခံလိုက်ရသည့် လက်က တအားနာလာပြီ။ ရောင်ကိုင်းလာပြီး ဒက်စတာ့မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

ဆရာကြီးရောက်လာတော့ ကိုဘီ ထထိုင်နေပြီ။ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ဒက်စတာကို စိုက်ကြည့်နေ၏။ ရေချယ်က နံဘေးမှထိုင်ပြီး ကိုဘီ့မျက်နှာပေါ်မှ အမှိုက်တွေ၊ ဖုန်တွေကို ခါချပေးနေသည်။



မက်ဆွဲလ်က ဒက်စတာ့လက်မောင်းကို ကြည့်ပြီး "လာ... ဒက်စတာ၊ ဆရာဝန်ဆီ သွားမှဖြစ်မယ်" ဟု ပြောပြီး ခေါ်သွားသည်။ ဒက်စတာက ကိုဘီကို ကြည့်ပြီး ပထွေးလုပ်သူကို တိုင်တည်သည်။

"ကျွန်တော် ဒီကောင့်ကို အသေဆော်မလို့"

ရေချယ်က ကိုဘီ့နံဘေးတွင် ထိုင်ချလိုက်ပြီး

"ကောင်းတယ်၊ နင် ဆော်ထည့်လိုက်တာ ငါ သဘောကျတယ်၊ နောက်ကို သူ ဘယ်တော့မှ စရဲတော့မှာ မဟုတ်ဘူး"

ကိုဘီက သည့်ထက်ပိုပြီးတွေးလိုက်သည်။ ဒက်စတာသည် မိမိအား သေသည်အထိ မုန်းတီးနေမည့် ရန်သူ ဖြစ်သွားလေပြီ။

*

## အခန်း (၂)

အင်ဒီယန်ကွက်သစ်တွင် ချိယင်နီလူမျိုးစုနှယ် ဆယ့်နှစ်ရ စုပေါင်းနေထိုင်လျက် ရှိကြသည်။ ယင်းတို့အနက်မှ 'ဟောယို' အုပ်စုမှာ သုံးရာ့နှစ်ဆယ်ခန့်ရှိသည်။ သူတို့သည် ၁၈၈၅ ခုနှစ်တွင် ဝင်လာသည့် အင်ဒီယန်အုပ်စုဖြစ်သည်။ နယ်ခြားဒေသ ဒေသန္တရ အုပ်ချုပ်ရေးအောက်တွင် သူတို့ နှစ်စဉ်ကြေးနှင့် ဝေပုံကျရိက္ခာများ ခံစားခွင့်ရှိကြသည်။ ရာရှင်ပေးရာတွင် အမဲသားပေးပုံက စိတ်ဝင်စားဖို့ကောင်းသည်။ အပျော်တမ်းအမဲလိုက်ဖို့ သက်ဆိုင်ရာက အင်ဒီယန်များကို စီစဉ်ပေးခြင်း ဖြစ်၏။

ဖမ်းမိထားသည့် နွားရိုင်းတစ်ကောင်ကို မြက်တောထဲလွှတ်ပေးပြီး မြင်းစီး အင်ဒီယန်အချို့ကို လိုက်ဖမ်းစေသည်။ စားမ

www.burmeseclassic.com

www.burmeseclassic.com



ဦးချနယ်မြေတွေကို စွန့်ခွာပြီး အမေရိကန် အစိုးရလက်အောက်သို့ ရောက်ကတည်းက နွားရိုင်းမပစ်ရသည်မှာ နစ်ချီပြီး ကြာခဲ့ပြီမို့ သည်အစီအစဉ်ကို သူတို့ သဘောကျကြသည်။ အမဲမလိုက်ခင် ညတွင် ကျဲအကဖြင့် ပျော်ကြသည်။ ကျဲကပွဲသည် အမဲလိုက်ရာတွင် သားကောင်ကို လွယ်လွယ်ကူကူ ရစေသည်ဟု သူတို့ ယုံကြည်ကြ၏။

ဟောယိုလူမျိုးစု၏ အမည်မှာ သူတို့အကြီးအကဲ အဘိုးအို၏ နာမည်ကို ယူထားခြင်းဖြစ်သည်။ အဘိုးနာမည်က အိုပန်တို ဟောယို။ သူ့ရှေ့အဆက်ဆက်က အဖေနှင့် အဘိုးတို့၏ နာမည်ကလည်း 'ဟောယို' နှင့်ပင် ဆုံးသည့်နာမည်များ ဖြစ်သည်။

လူဖြူရပ်ကွက်သို့လာလျှင် အဘိုးဟောယိုက အုပ်ချုပ်ရေးရုံးသို့ အရင်ဝင်လေ့ရှိသည်။ နယ်ခြားဝန်ထောက်မှာ မျက်လုံးတစ်ဖက်သာ ရှိသည့် အယ်လီဂျာတာနာဖြစ်၏။ သူ့ကို အင်ဒီယန်တို့က 'တစ်ဖက်လပ်ဝန်ထောက်' ဟု ခေါ်ကြသည်။ ဟောယိုအုပ်စုဝင်တစ်ဦးဖြစ်သည့် ကျီးကန်းလေးကိစ္စဖြင့် သူ ရောက်လာခြင်းဖြစ်၏။ လူဖြူကျောင်းတွင် ကျီးကန်းလေး တက်နေသည်မှာ တစ်နှစ်ပြည့်တော့မည်။ ကောင်လေးကို ကိုယ်တိုင်တွေ့ပြီး ပြောရမည့်ကိစ္စဖြစ်၍ တစ်ဖက်လပ်ဝန်ထောက်၏ တပည့်တစ်ယောက်ကို လွှတ်ပြီး ဆရာကြီးမက်ဆွဲလ်နှင့် ကျီးကန်းလေးကို အခေါ်ခိုင်းလိုက်သည်။

ရောက်လာတော့ အကြီးအကဲက ဆရာကြီးနှင့် လက်ဆွဲနှုတ်ဆက်ပြီး

"ကျန်းခန့်သာလို့မာရဲ့လား မိတ်ဆွေကြီး" ဟု ချီယင်နီစကားဖြင့် အမေးရှိသည်။

"မိတ်ဆွေကြီးကော မာရဲ့မဟုတ်လား" ဟု ဆရာကြီးက ပြန်နှုတ်ဆက်သည်။



"ကျုပ် အသက်ကြီးပြီ။ မကြာခင် ဝိညာဉ်တိုင်းပြည်ကို သွားရတော့မယ်။ ကျုပ်မသွားခင် ကျုပ်တို့ဆီ တစ်ခေါက်လောက် လာလည်ပါဦး ဆရာကြီး"

"မကြာခင် လာလည်ပါ့မယ်၊ ဒါပေမဲ့ အဘိုးကြည့်ရတာ ကျန်းကျန်းမာမာပဲ၊ ဆောင်းတွင်းပေါင်းများစွာကို ကျော်ဖြတ်နိုင်ဦးမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ကျောင်းဝတ်စုံနှင့် သားသားနားနားဖြစ်နေသော ကျီးကန်းလေးဘက်ကို အဘိုးအိုလှည့်ကြည့်သည်။

"ဩော်... ဒါ ကျီးကန်းလေးလား၊ အင်း ... မင်းကို သူတို့ လူဖြူဖြစ်အောင် လုပ်ပေးလိုက်ကြပြီပဲ။ ဒါထက် မင်းရဲ့ လူဖြူနာမည်ကို ပြောပါဦး"

ကျီးကန်းလေးက ဆရာကြီးကို မော်ကြည့်လိုက်သည်။ တိုင်းရင်းဘာသာစကားနှင့်ပြောဖို့ ခွင့်တောင်းလိုက်ခြင်း ဖြစ်၏။ ဆရာကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော့်နာမည် ကိုဘီဝိုက်ပါတဲ့ အဘိုး" ချီယင်နီလူငယ်ကလေးက လူမျိုးစုများ၏ ခေါင်းဆောင်ကြီးကို တရိုတသေဖြေသည်။

"အိမ်း ... ထူးဆန်းတဲ့ နာမည်ပေပဲ။ လူဖြူစကားနဲ့ ဘာများအဓိပ္ပာယ်ရသလဲ"

ချာတိတ် အနေရကျပ်သွားသည်။

"ကျွန်တော် မသိပါဘူး အဘိုး"

အဘိုးအို စိတ်ရှုပ်သွားပုံရသည်။ အင်း လူဖြူတွေအကြောင်း ဘယ်လိုမှ နားမလည်နိုင်ပါကလား။ လူနာမည်ကို အဓိပ္ပာယ်မပါဘဲ ပေးကြသတဲ့။

"ကဲ... ကိုဘီဝိုက်၊ မင်းကို သတင်းပါးစရာ ပါလာတယ်။ မင်းအမေ ဝိညာဉ်တိုင်းပြည်ကို ရောက်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဘီ မှင်တက်မိသလို ဖြစ်သွားပြီး တွေရပ်နေသည်။

"လွန်ခဲ့တဲ့ နှစ်ရက်က သွားတာ၊ ငါ့ကို မှာခဲ့တယ်။ မင်း မငိုရဘူးတဲ့။ ဝိညာဉ်တိုင်းပြည်မှာ သူ ပျော်နေမယ်တဲ့။ ယေရှုလို လူဖြူတွေခေါ်တဲ့ ပုဂ္ဂိုလ်နဲ့လည်း တွေ့ရမယ်တဲ့"

သူပြောရမည့်စကားများ ပြောပြီးသည်နှင့် အကြီးအကဲက ခေါင်းညိတ်ပြီး ကိုဘီ့ကို သွားခွင့်ပြုလိုက်သည်။

အပြန်တွင် ဆရာကြီးက ကိုဘီ့ပခုံးသေးသေးကလေးကို သိုင်းဖက်ပြီး "မင်းအမေ ဆုံးသွားတာကြားရလို့ စိတ်မကောင်းပါဘူး ကိုဘီ"

သူတို့နှစ်ယောက် ကျောင်းသို့အပြန် အိမ်ရှေ့ရောက်တော့ ရေချယ်ပြေးထွက်လာသည်။ အမေနောက်က လှမ်းခေါ်သည်ကို လှည့်မကြည့်ဘဲ ဝင်းတံခါးကို တွန်းဖွင့်ကာ လှမ်းမေးသည်။

"ဘာလဲဟင် ဖေဖေ၊ တစ်ခုခုဖြစ်လို့လား"

"ငါ့အမေ သေသွားပြီ ရေချယ်"

ကိုဘီက မျက်နှာညှိုးလျက်ဝင်ဖြေသည်။ နီရာက ခန်းဆီးနောက်တွင်ကွယ်ပြီး ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေသည်။

သားအဖတွေ ကျောင်းမှပြန်လာတော့ နီရာက မောင်နှမနှစ်ယောက်ကို နောက်ဖေးခြံထဲလွှတ်လိုက်သည်။ ပြီးတော့မှ လင်တော်မောင်အနားကပ်ပြီး ပြောသည်။

"ရှင် ကျွန်မကို ဖုံးမနေနဲ့ မက်ဆွဲလ်၊ သူတို့နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်နေပြီ။ ရေချယ်က ကောင်လေးလက်ကို လှမ်းကိုင်တာ ကျွန်မ မြင်လိုက်တယ်"

"ဟာ... နီရာကလည်းကွာ၊ ကောင်လေးအမေဆုံးသွားလို့ သမီးက အားပေးတာပါ။ နေပါဦး... သူတို့ သူငယ်ချင်းတွေ ဖြစ်သွားတော့ကော ဘာဖြစ်လဲ"



"ဒီမယ် ဂျွန်၊ ဒီကောင်လေးက သူ့အစ်ကိုကို သတ်ဖို့ကြိုးစားတာ ရေချယ် မေ့နေပြီလား"

"မင်းကို ကိုယ် ရှင်းပြပြီးသားပါ နီရာရယ်၊ ကျောင်းမှာ ကလေးချင်း ရန်ဖြစ်တဲ့ကိစ္စပါလို့။ အဲဒါ ဘာဆန်းသလဲကွာ"

"ဒက်စတာကို ဘက်တံနဲ့ သေကောင်းပေါင်းလဲ ရိုက်တယ်၊ ရေချယ်နဲ့သူနဲ့ သူငယ်ချင်းဖြစ်နေတာကိုလည်း ရှင်က လက်ပိုက်ကြည့်နေတယ်။ အလကား အင်ဒီယန် အစုတ်ပလုတ်ကလေး"

"အင်း ... လက်စသတ်တော့ အင်ဒီယန် မုန်းတီးစိတ်က အခံကကိုး၊ ဒီမယ် နီရာ... လူလူချင်း လူမျိုးရေးအရ ခွဲခြားမုန်းတီးမှုဟာ မကောင်းဘူး၊ သိပ်ကျဉ်းမြောင်းတဲ့အမြင်ပဲ။ ပြီးတော့ အန္တရာယ်သိပ်ကြီးတယ်။ ကိုယ့်သမီးကို ဘယ်တော့မှ..."

"ရှင်တစ်ယောက်တည်းရဲ့ သမီးမဟုတ်ပါဘူး၊ ကျွန်မကလည်း အမေပါရှင့်"

ပြောနေရင်း နီရာ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။ စိတ်ရှုပ်သွားပုံရ၏။

"အို... ဘုရားသခင်... တစ်ခါတလေ ကျွန်မ နားမလည်နိုင်အောင်ဘဲ... သူ့ကို..."

"ဘာကို နားမလည်တာလဲ"

ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ပြီး နီရာ လက်ပိုက်လိုက်သည်။

"ရေချယ်ကို ကျွန်မ တစ်ခါတလေ လုံးဝနားမလည်ဘူး၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကြည့်လေ၊ သူ့ကို ဘုရားကျောင်းသွားဖို့ အဝတ်အစား အသစ်တွေ လဲပေးထားပြီးမှ ခဏနေကြည့်လိုက်တော့ မှန်တောထဲမှာ ကောင်လေးတွေနဲ့ ကျောက်ဒိုးပစ်နေတယ်။ အင်ဒီယန်ကောင်လေးတွေနဲ့ရှင့်၊ ကျွန်မ ကလေးမှ ဟုတ်ရဲ့လားဆိုပြီး ခဏခဏ သံသယဖြစ်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နီရာရယ်... တော်ပါတော့ကွာ၊ ဒီ ဓာတ်ပြားဟောင်းကြီး ဆက်မဖွင့်ပါနဲ့တော့"

မက်ဆွဲလ်က ညင်သာစွာ ချော့သည်။

"ရှင်က အမြဲတမ်း သမီးဘက်ကချည်းပဲ။ ကျွန်မဘက်က တစ်ခါမှ ဝင်မပြောဖူးဘူး။ ကဲပါ... ရေချိုးပါတော့၊ ကျွန်မ ချက်လိုက်ပြုတ်လိုက်ဦးမယ်"

အပြင်တွင် သားရေရွက်ထည့်တဲ့တွေ ဟိုတစ်စု၊ သည်တစ်စု ရောက်နေသည်ကို ဆရာကြီး လှမ်းမြင်နေရသည်။ အိမ်နောက်ဘက်တွင် သုံးလုံး။ ကွဲကပွဲပြီးလျှင် အင်ဒီယန်အချို့ ကောက်ရိုးပုံပေါ်တွင် အိပ်ကြဦးမည်။

ရေချယ်နှင့် ဒက်စတာတို့နှစ်ယောက် နွားခြံထဲတွင် အလုပ်လုပ်နေသည်ကို လှမ်းမြင်နေရ၏။ ရေချယ်က နွားစာကျွေးနေသည်။ ဒက်စတာက လက်အကောင်းတစ်ဘက်ဖြင့် နို့ညှစ်နေ၏။

ရေချယ် နွားစာကျွေးနေပုံကြည့်ပြီး မက်ဆွဲလ် သဘောကျနေသည်။ သိပ်ချစ်ဖို့ကောင်းသည့် သမီးကလေး။ သားအမိနှစ်ယောက် မတည့်သည့်ကိစ္စကို မက်ဆွဲလ် ပြန်တွေးနေသည်။ ရေချယ်ကို နီရာ မိုက်ခွဲမွေးခဲ့ရသည်။ ခဲရာခဲဆစ် မွေးခဲ့ရခြင်းဖြစ်၍ ဒေါ်တော်နှင့် နာလန်ပြန်မထူဘဲ အိပ်ရာထဲတွင် နီရာ ရက်ပေါင်းများစွာ နေခဲ့ရ၏။ မျက်နှာဖြူကလေးထိန်း ရှာမရသဖြင့် အင်ဒီယန် ~ဒေလးအမေ တစ်ယောက်ကို ခေါ်ထားရသည်။ သူ့ငါးလသမီးကလေးနှင့်အတူ ရေချယ်သည် အင်ဒီယန်မ၏ နို့ကို စို့ခဲ့ရသည်။

'ရေနွေးကရား' အမည်ရှိ အင်ဒီယန်မသည် တစ်နေ့ သုံးကြိမ်လာပြီး နို့တိုက်သည်။ အိမ်ရှေ့ဝရန်တာတွင် ထိုင်ကာ ခြေသောက်လွဲရင်း ပါးစပ်ထဲတွင် ဆေးရွက်ကြီးငုံလျက် အေးအေးလူလူ



နို့တိုက်သည်။ ကလေးနှစ်ယောက်က နို့တစ်လုံးစီကို အားရပါးရ စို့သည်။

ညညတွင် ရေချယ်ကလေး နို့ဆာလျှင် မက်ဆွဲလ်က ဆိတ်နို့နှင့် သစ်သီးဖျော်ရည် ရောပြီး တိုက်ရသည်။ သို့သော် အဆင်မပြေ။ ရေချယ်က ညညတွင် ငိုလို့ချည်းနေသဖြင့် နောက်ဆုံးတွင် အင်ဒီယန် ကွက်သစ်သို့ ညပိုင်းတွင် ရေချယ်ကို 'ရေနွေးကရား' နှင့်အတူ ထည့်ပေးလိုက်ရတော့၏။ မနက်မိုးလင်းမှ ရေချယ် အိမ်ပြန်ရောက်လာသည်။ သည်တော့မှ ဝဝလင်လင် ကျန်းမာပျော်ရွှင်၍ နေတော့သည်။

မက်ဆွဲလ်၏ အစီအစဉ်ကို နီရာ လုံးဝမသိ။ နှစ်လတိတိ အိပ်ရာထဲတွင် လဲနေခဲ့သည် မဟုတ်လား။ တစ်နေ့မနက်တွင် လမ်းလျှောက်နိုင်ပြီဖြစ်သဖြင့် အိမ်ရှေ့သို့ ထွက်ခဲ့ရာ ကလေးနှစ်ယောက်ကို နို့တိုက်နေသည့် 'ရေနွေးကရား' ကို မြင်သွားပြီး နီရာ အထိတ်တလန့် ဖြစ်သွားသည်။

ရေချယ်ကို အတင်းလုယူပြီး လင်တော်မောင်ကို ကက်ကက်လန် ရန်တွေ့ပါလေတော့၏။ သူ့ကိုမပြောဘဲ သည်လို လုပ်ရပါမည်လားဆိုပြီးတော့လည်း ဒေါသူပုန်ထနေသည်။

"ဒီနေ့ကစပြီး ကျွန်မသမီးကို ကျွန်မနို့ပဲ တိုက်မယ်"

သို့သော် နီရာတစ်ယောက် နို့ကောင်းကောင်းမထွက်တော့ပေ။ နို့မဝသဖြင့် ရေချယ်တစ်ချိန်လုံး အော်ငိုတော့၏။ သည်တော့မှ ကလေးကို ယောကျ်ားလက်ထဲ ပြန်ထည့်ပြီး လက်လျှော့သည့်လေသံဖြင့် ပြောသည်။

"ကဲ... ကဲ ခေါ်သွားတော့၊ ကျွန်မ ဘာမှ မတတ်နိုင်တော့ဘူး။ လူရိုင်းမနို့ပဲ တိုက်တော့"

ဤသို့ဖြင့် ရေချယ်ကလေးသည် နို့ဖြတ်သည့်အရွယ်အထိ

www.burmeseclassic.com

www.burmeseclassic.com



အင်ဒီယန်ကွက်သစ်တွင် နေ့ရော ညပါ နေသားကျလျက် ရှိတော့သည်။ 'ရေနွေးကရား' မိသားစုနှင့် တစ်သားတည်းဖြစ်ကာ ဝက်ဝံပေါက်ကလေးတစ်ကောင်လို ကိုယ်တုံးလုံးနှင့် တဲရှေ့တွင် ဖုန်အလူးလူး၊ ပြာအလူးလူးနှင့် မြူးတူးပျော်ပါးလျက် ရှိလေသည်။

နီရာက သူ့သမီးကို လူရာသွင်းဖို့ ပြန်ခေါ်ချိန်တွင် ရေချယ် တစ်နှစ်ပြည့်ပြီ။ ယမင်းရုပ်ကလေးလို လှပအောင် ဆင်မြန်းကာ အချစ်တွေ ပုံအောပေးသော်လည်း ကလေးမက မခံစားတတ်တော့ပေ။ လစ်လျှင်လစ်သလို 'ရေနွေးကရား' ၏ တဲရှိရာသို့ ပြေးသွားပြီး အင်ဒီယန်ကလေးများနှင့်သာ ကစားနေတတ်သည်။

ဤသို့ဖြင့် ရေချယ် ငါးနှစ်သမီးအရွယ် ရောက်လာခဲ့တော့၏။ မအေနှင့် သမီးအကြားမှ ချောက်ကမ်းပါးသည် တံတားထိုးလို့ မရနိုင်လောက်အောင် ကျယ်ပြန့်နက်ရှိုင်း၍ လာခဲ့လေပြီ။ လူရိုင်းမ၏ နို့ရည်သည် ရေချယ့်ကို အတိုင်းမသိ ရိုင်းစိုင်းစေခဲ့ပြီဟု နီရာ ယုံကြည်လိုက်တော့၏။

ဝရန်တာတွင် ရပ်နေရာမှ နီရာ ဒယ်အိုးလွှတ်ချသံ ကြားလိုက်သဖြင့် မက်ဆွဲလ် အတွေးရပ်သွားသည်။ လက်ဆေးခွက်တွင် ရေဖွင့်ချပြီး မျက်နှာသစ်ပစ်လိုက်၏။ ရေချယ်က နို့ပုံးကိုဆွဲပြီး မီးဖိုဆောင်ဘက် ဝင်သွားသည်။ မက်ဆွဲလ်ကလည်း ရေချယ့် နောက်မှ လိုက်ဝင်သွား၏။

ညစာစားပြီးလုပြီးခင်တွင် ပြတင်းပေါက်ဘက်ကို လှမ်းကြည့်နေသည့် နီရာ အလန့်တကြားအော်လိုက်သည်။ အားလုံး သူ့နည်းတူ အထိတ်တလန့် ဖြစ်သွားကြသည်။ မက်ဆွဲလ်က လှည့်ကြည့်လိုက်တော့ ပြတင်းပေါက်မှန်တွင် ကပ်ပြီး အတွင်းဘက်သို့ ကြည့်နေသည့် ဆေးဆိုးထားသော အင်ဒီယန်သုံးယောက်၏ မျက်နှာများကို မြင်ရသည်။



"မကြောက်ကြနဲ့၊ ဘာမှမဟုတ်ဘူး"

ပြောပြီး မက်ဆွဲလ် အပြင်ထွက်သွားသည်။ သူတို့ အန္တရာယ်မရှိကြောင်း မက်ဆွဲလ် ကောင်းကောင်း သိသည်။ လူဖြူအိမ်များမှ မှန်ပြတင်းမြင်လျှင် အိမ်ထဲသို့ ချောင်းကြည့်ချင်ကြသည်မှာ အင်ဒီယန်တို့၏ ဝါသနာဖြစ်လေသည်။ သူတို့အထဲမှ တစ်ယောက်က မက်ဆွဲလ်ကို တရင်းတနှီးနှုတ်ဆက်သည်။ သူ့နာမည်က 'အပြာရောင်မြင်း'။ သူက "ဆရာကြီးမက်ဆွဲလ်မှာ မိတ်ဆွေများကို ကော်ဖီတိုက်ဖို့ ရှိပါသလား" ဟု မေးသည်။

"မရှိဘူးကွ၊ ဒါပေမဲ့ ငါ ဆေးရွက်ကြီးတွေ ယူခဲ့မယ်။ မင်းတို့ ကပွဲမှာ အတူတူ ဆေးတံသောက်ကြတာပေါ့"

ပြောတော့ သူ့ကို ဝမ်းသာအားရအော်ဟစ်ပြီး ထွက်သွားကြသည်။ အိမ်ထဲပြန်ဝင်လာတော့ နီရာ့ကို ကုလားထိုင်တွင် အရုပ်ကြိုးပြတ်ပုံစံဖြင့် ခွေခွေခေါက်ခေါက် ထိုင်နေသည်ကို တွေ့ရ၏။ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လျက်။ ပခုံးကို အသာကိုင်ပြီး မေးလိုက်သည်။

"နီရာ... မင်းဘာမှ မဖြစ်ပါဘူးနော်"

နီရာ ဖြည်းဖြည်းချင်းခေါင်းမော့လာသည်။

"ကျွန်မ သွားအိပ်တော့မယ်" ဟု ပြောပြောဆိုဆို အိပ်ခန်းဆီသို့ ဒယီးဒယိုင် ထသွားသည်။ ယခုအချိန်တွင် နီရာ့အတွက် အလိုအပ်ဆုံးမှာ လှဲအိပ်ပြီး မျက်လုံးအစုံပေါ်ကို ရေစိုဝတ်ကလေး တင်ပြီး မြန်မြန်အိပ်ပျော်သွားဖို့သာ ဖြစ်သည်။

သို့သော် သည်ည အိပ်ပျော်ဖို့ လမ်းဘယ်မြင်ပါချေ့။ ကျွဲကပွဲမှ အရိုင်းတို့၏ ဗုံတီးသံတွေ ကြားနေရပြီ။

*

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်မက်ဆွဲလ်နှင့် ဝန်ထောက် တာနာ ညီအစ်ကိုတို့ နယ်ခြားဒေသ အုပ်ချုပ်ရေး ကော်မတီရုံးခန်းရှေ့ ဝရန်တာတွင် ရပ်စောင့်နေကြသည်။ အယ်လီဂျာတာနာ၏ညီ ဘရက်ဒီမှာ ရဲဌာနအုပ်ဖြစ်၏။ သူတို့နှင့်အတူ ရုံးဝန်ထမ်းများ၊ အလုပ်သမားများလည်း ရှိနေကြ၏။

သူတို့အားလုံး 'တိမ်ပေါ်မှာ လမ်းလျှောက်သူ' နှင့် အခြား ချီယင်နီ အကြီးအကဲ သုံးဦးကို စောင့်ကြိုနေကြခြင်း ဖြစ်သည်။ သူတို့သည် စစ်ထောင်တွင် လေးနှစ်နေပြီး ထွက်လာကြခြင်းဖြစ်၏။

သူတို့သည် အခြားအင်ဒီယန် သုံးရာကျော်တို့နှင့်အတူ ၁၈၈၂ ခုနှစ် ပုန်ကန်မှုတွင် ဦးဆောင်ပါဝင်ခဲ့ကြသူများဖြစ်သည်။ သူတို့သည် သတ်မှတ်နေရာချထားသည့် အင်ဒီယန်ကွက်သစ်မှ သူတို့ မူလရွာများရှိရာ 'မဟာလွင်ပြင်' ဆီကို ပြန်ပြေးသွားကြသည်။

သူတို့သည် အလွန်ဆိုးဝါးသည့် ဆောင်းဒဏ်ကြောင့် လမ်းခရီးတွင် ငတ်ပြတ်ပင်ပန်းနေချိန်တွင် စစ်တပ်က အမီလိုက် တိုက်ခိုက်သဖြင့် နာဘရာဆာဒေသတွင် တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့သည်။ စစ်သားဆယ့်သုံးဦးကျဆုံးပြီး သူတို့ဘက်မှ ယောကျ်ား မိန်းမ ရာနှင့်ချီ၍ သေဆုံးခဲ့ကြ၏။ သို့သော် သူတို့က အလံမလှဲ။ နောက်ဆုံးတွင် လက်နက်နှင့် အစာရေစာ ပြတ်တော့မှ အညံ့ခံသည်။ 'တိမ်ပေါ်မှာလမ်းလျှောက်သူ' နှင့် ခေါင်းဆောင်တွေကို ဖမ်းဆီးပြီး တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်သည်။

၁၈၈၇ ခုနှစ်တွင် သူတို့ ထောင်ကျသက်တမ်း လေးနှစ်ပြည့်သည့်အချိန်တွင် နိုင်ငံတော်သမ္မတ (သူတို့အခေါ် ဝါရှင်တန် လူဖြူ အကြီးအကဲ) က ငြိမ်းချမ်းရေး သင်္ကေတအဖြစ် သူတို့ကို လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ယနေ့ သူတို့အား မြင်းတပ်အစောင့်အရှောက်ဖြင့် ဖလော်ရီဒါ ပြည်နယ် ရီနိုခံတပ်မှ ပြန်ပို့လာခြင်းဖြစ်၏။ လုံခြုံရေးတပ်ခွဲကို



ဦးဆောင်လာသူမှာ ဗိုလ်ကလေးတစ်ယောက်ဖြစ်သော်လည်း တကယ် တာဝန်ယူ ဆောင်ကျဉ်းလာသူက ရီနိုခံတပ်၏လမ်းပြ နီဂရိုး အင်ဒီယန်ကပြား ဂျစ်ပစီစမစ် ဖြစ်သည်။

ရုံးအဆောက်အအုံရှေ့တွင် သူတို့ခေါင်းဆောင် 'တိမ်ပေါ်မှာ လမ်းလျှောက်သူ' အား လာရောက်ကြိုဆိုနေကြသည့် အင်ဒီယန် ပရိသတ်လည်း မနည်းလှ။

ကိုဘီက သူ့အဖေကို ကျောင်းပေါ်မှ လှမ်းကြည့်နေသည်။ အားလုံးနှင့်အတူ ထွက်ကြိုချင်သော်လည်း အပြင်ထွက်ခွင့် မရပေ။ ကျောင်းစည်းကမ်းအရ ကျောင်းတက်နေသမျှ ကာလ ပတ်လုံး အင်ဒီယန်ကျောင်းသားအားလုံး သူတို့မိဘတွေနှင့် တွေ့ခွင့် မရှိ။

ပထမတွင် ကိုဘီသည် သူ့အဖေဘယ်တစ်ယောက်မှန်း မသိ။ လေးနှစ်သားအရွယ်တွင် ထောင်ကျသွားသော ဖအေကို ကိုဘီ သဲသဲကွဲကွဲ မမှတ်မိ။ လူတွေ အာရုံအစိုက်ဆုံးတစ်ယောက်ကို ဂရုစိုက်ကြည့်ပြီး သူ့အဖေ ဖြစ်ရမည်ဟု ခန့်မှန်းကြည့်ရသည်။ ပုံပြင် ဆန်လှသည့် 'တိမ်ပေါ်မှာလမ်းလျှောက်သူ' မှာ အခြားခေါင်းဆောင် များနှင့် ခြားနားနေ၏။ ဆံပင်တိုတို အဖြတ်ခံထားရ၍ အင်ဒီယန် အကြီးအကဲတစ်ဦး၏ ဂုဏ်သိက္ခာမဲ့သလို ဖြစ်နေသော်လည်း၊ စုတ်ပြတ်နေသည့် ထောင်အဝတ်အစားများသည် သူ့အား စာခြောက်ရုပ် တစ်ခုလို အကြည့်ရဆိုးနေစေသော်လည်း သူသည် အများနှင့်မတူ တစ်မူထူးခြားလျက်ရှိသည်။

ရုံးရှေ့ရောက်သည်နှင့် တပ်စုရပ်လိုက်သည်။ ဗိုလ်ကလေး က မြင်းပေါ်မှဆင်းပြီး နယ်ခြားဝန်ထောက်ကို စာရွက်တစ်ထပ် ပေးအပ်လိုက်သည်။ အကျဉ်းသားများက မြင်းလှည်းပေါ်မှဆင်းကာ အင်ဒီယန်လူအုပ်ကြီးကို နှုတ်ဆက်သည်။ လူအုပ်ထဲတွင် ရှေ့ဆုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် ရပ်နေသူက ကျွဲမ။ ကျွဲမသည် 'တိမ်ပေါ်မှာ လမ်းလျှောက်သူ' ၏ မဟေသီ နံပါတ်တစ် ဖြစ်၏။

ကျွဲမက လင်တော်မောင်အကြီးအကဲအား မြင်းညိုကြီးတစ်ကောင်၏ ဇက်ကြိုးကို ကမ်းပေးသည်။ မွေ့ယာလာသည့် အထုပ်တစ်ထုပ်ကိုလည်း ပေးအပ်လိုက်၏။ အင်ဒီယန်ခေါင်းဆောင် လှမ်းယူလိုက်သည့် ပစ္စည်းမှာ တစ္ဆေအကဝတ်ရုံ ဖြစ်သည်။ ပြောင်ပြောင်လက်လက် အဆောင်အယောင်တို့ဖြင့် မွမ်းမံထား၏။

တိမ်ပေါ်မှာ လမ်းလျှောက်သူက စုတ်ပြဲနေသည့် ထောင်အင်္ကျီကို ကြယ်သီးဖြုတ်မနေတော့ဘဲ ဆွဲဖြဲကာ လွှင့်ပစ်လိုက်သည်။ အင်ဒီယန်တွေ အော်ဟစ်ကောင်းချီးပေးကြ၏။

ဝတ်ရုံကို စွပ်လိုက်ပြီဆိုကတည်းက သူ့မျက်နှာတွင် ထီမထင်သည့် အမူအရာ အထင်းသားပေါ်လာသည်။ ခြေနင်းကွင်းကို မနင်းဘဲ မြင်းညိုကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ အင်ဒီယန်တစ်သိုက်ဆီမှ လက်နက်သြဘာသံတွေ ဆူညံသွားပြန်သည်။

အစ်ကိုတာနာက ညီတာနာ၏ ဒသမ ၄၄ ခြောက်လုံးပြူးကို ဆွဲယူပြီး မိုးပေါ်ထောင်ပစ်လိုက်သည်။ အားလုံး ငြိမ်သွားမှ ဝန်ထောက်မင်းက အသံကျယ်ကျယ်ဖြင့် မိန့်ခွန်းခြွေသည်။

"'တိမ်ပေါ်မှာ လမ်းလျှောက်သူ' နဲ့ အခြားအကျဉ်းသားတွေပါ ထောင်က လွတ်ငြိမ်းခွင့်ပေးလိုက်ပေမဲ့ မောင်မင်းတို့အားလုံးဟာ ကျုပ်ရဲ့နယ်မြေထဲမှာ အကျယ်ချုပ်သဘောနဲ့ နေရမယ်။ နိုင်ငံတော်အစိုးရရဲ့ ဥပဒေကို ချိုးဖောက်ရင်၊ ဆူဆူပူပူလုပ်ဖို့ လှုံ့ဆော်ရင် ချက်ချင်း ပြန်အဖမ်းခံရမယ်။ ဒီတစ်ခါ တစ်သက်တစ်ကျွန်းကျရင် လုံးဝလွတ်ငြိမ်းခွင့်ရတော့မှာ မဟုတ်ဘူး။ အားလုံးနားလည်ရဲ့လား"

တိမ်ပေါ်မှာ လမ်းလျှောက်သူ၏ အဖြေမှာ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ဝန်ထောက်မင်းကို စိုက်ကြည့်နေခြင်းဖြစ်၏။



တာနာ စကားဆက်သည်။

"နောက်တစ်ခု ရှိသေးတယ်။ 'တစ္ဆေအက' လို့ခေါ်တဲ့ မောင်မင်းတို့ရဲ့ မိစ္ဆာအယူဝါဒသစ်အကြောင်းကို နိုင်ငံတော်သမ္မတကြီး ကြားသိတော်မူတယ်။ ဒီဝါဒရဲ့ ခေါင်းဆောင်ဟာ 'တိမ်ပေါ်မှာ လမ်းလျှောက်သူ' ဆိုတာလည်း သမ္မတကြီးသိတယ်။ အယူမှားဖြစ်တဲ့အတွက် တစ္ဆေအကကို နိုင်ငံတော်က လုံးဝ တားမြစ်လိုက်ပြီ"

အင်ဒီယန်ပရိသတ်ထဲမှ မကျေနပ်သံတွေ ဝေါခနဲ လှိုင်ထွက်လာသည်။ 'တိမ်ပေါ်မှာ လမ်းလျှောက်သူ' က အားလုံးငြိမ်ကြဖို့ လက်မြှောက်ပြလိုက်သည်။ ငြိမ်သွားတော့မှ သူစကားစသည်။

"ကျုပ် တစ်လုံးမကျန် နားလည်တယ်။ ဒါဟာ ဘာမှ အံ့သြစရာမဟုတ်ဘူး။ တစ်နေ့မှာ ဒီလို ဖြစ်လာလိမ့်မယ်လို့ ကျုပ်တွက်ပြီးသား"

ရှေးခေတ်အင်ဒီယန်လူမျိုး အကြီးအကဲများ ပြောသည့် လေသံအတိုင်း သူပြောသည်။ အားပါလှ၏။ စကားလုံးတိုင်းသည် ဒရမ်တီးသံလို ဟိန်းထွက်နေသည်။

"ကျုပ်တို့ အမြတ်တနိုးထားတဲ့ အရာတိုင်း လူဖြူတွေက ဖျက်ဆီးပစ်လိုက်ပြီပဲ။ ပထမဆုံး ကျုပ်တို့ရဲ့ ကျွဲရိုင်းတွေကို အုပ်လိုက် သတ်ကြ၊ ဖြတ်ကြတယ်"

အင်ဒီယန်အုပ်စုဘက်မှ ဝေါခနဲ ထောက်ခံသံတွေ ထွက်လာသည်။

"ပြီးတော့ ကျုပ်တို့မြေတွေကို ယူတယ်။ နောက် ကျုပ်တို့ လွတ်လပ်ရေးကိုယူတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခဏနားပြီး စာသင်ကျောင်းကြီးကို လက်ညှိုးထိုးလျက် စကားဆက်သည်။

"နောက် ကျုပ်တို့ရဲ့ ကလေးတွေကို ယူတယ်။ နောက်ဆုံး ကျုပ်တို့ရဲ့ ဘာသာစကားကိုပါ ဖျက်ဆီးပစ်ဖို့ လုပ်နေတယ်"

အင်ဒီယန်စစ်သည်တော်အချို့ တိမ်ပေါ်မှာ လမ်းလျှောက်သူအနားသို့ ပြေးလာပြီး ရိုင်ဖယ်သေနတ်တွေကို မြှောက်ကာ "ဟိုကာဟေး ... ဟိုကာဟေး" ဟု သံပြိုင်အော်ကြသည်။

ရုံးထဲမှ လူဖြူတွေကို အကာအကွယ်ပေးဖို့ စစ်ဗိုလ်ကလေးက သူ့လူတွေကို ရုံးရှေ့တွင် တန်းစီခိုင်းလိုက်သည်။ ဤတွင် အင်ဒီယန်ကပြား လမ်းပြဂျစ်ပစီစမစ်က ဝင်တားသည်။

"လက်နက် မသုံးပါနဲ့၊ သူတို့အထဲမှာ မိန်းမတွေ၊ ကလေးတွေ ပါတယ်။ သူတို့ ဒီကိုလာတာ စစ်တိုက်ဖို့မဟုတ်ဘူး"

'တိမ်ပေါ်မှာ လမ်းလျှောက်သူ' စကားပြန်စသည်။

"ကျုပ်တို့ လူမျိုးစုထဲက တစ္ဆေအက တစ်နေ့မှာ ပျောက်ကွယ်သွားလိမ့်မယ်လို့ လူဖြူတွေထင်တာ မဆန်းပါဘူး။ အဲဒီတစ်နေ့ဟာ ကျုပ်သေတဲ့နေ့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ကစပြီး တစ္ဆေအက ရှိနေလိမ့်မယ်။ တစ္ဆေအကမှာ ယုံကြည်သက်ဝင်သူကို ထောင်ချမယ်ဆိုရင် ကျုပ်ကို အရင်ဆုံးထောင်ထဲပြန်ပို့ရလိမ့်မယ်၊ ဒါပါပဲ"

ပြောပြီး မြင်းညိုကြီးကို ကဆုန်စိုင်း ထွက်သွားလေတော့သည်။ အင်ဒီယန်အုပ်စုက သူတို့ခေါင်းဆောင်နောက်သို့ ပြေးလိုက်သွားကြ၏။

ရဲဌာနအုပ် ဘရက်ဒီတာနာက မှတ်ချက်ချသည်။

"အင်း ... ဒီကောင် ငါထင်တာထက် ပိုမိုက်နေပါလား။ ထောင်သက် လေးနှစ်ကိုလည်း မဖြုံသလိုပဲ"

*



ကွက်လပ်ကို ဆရာကြီးမက်ဆွဲလ် ဖြတ်လျှောက်သွားတော့ လမ်းပြဂျစ်ပစီစမစ်က အနားရောက်လာပြီး မေးသည်။

"ဆရာကြီးမက်ဆွဲလ်ခင်ဗျား၊ ခွင့်ပြုမယ်ဆိုရင် ကျွန်တော်တစ်ခု မေးချင်ပါတယ်"

ဆရာကြီးက ရပ်ပြီး သူ့ကို အကဲခတ်လိုက်သည်။ အသက်က သုံးဆယ်ဝန်းကျင်။ အရပ်မြင့်မြင့်၊ ကလန်ကလား ပုံစံမျိုး။ သူဝတ်ထားသည့် စစ်ရောင် ကုတ်အင်္ကျီမှာ စုတ်ပြတ်နေပြီ။ ဘောင်းဘီက ဒရယ်ရေကြမ်းဖြင့် ချုပ်ထားပြီး ချုပ်ရိုးတစ်လျှောက်မှ ပန်းပွားတွေလည်း ဖွာလန်ကြဲနေ၏။

သူ့ညာဘက်တင်ပါးဆုံတွင် ဒသမ ၄၄ ခြောက်လုံးပြူးက တွဲလောင်း၊ ဘယ်ဘက်တွင်တော့ အမဲလိုက်ဓားမြှောင်။ သားရေဓားအိမ်နှင့် အခုံအညား။ ဘယ်ဘက်လက်က ဝင်ချက်စတာရိုင်ဖယ်ကို ကိုင်လျက်။ ခေါင်းပေါ်တွင်တော့ အရောင်လွင့်ပြယ်နေပြီဖြစ်သည့် အနားကျယ်ကျယ် အညိုရောင်ဦးထုပ်ကြီး ဆောင်းထားသည်။ ဦးထုပ်အောက်တွင် ဖြာကျနေသည့် ဆံပင်များက နီဂရိုးတစ်ယောက်၏ ဆံပင်လို ကောက်ကောက်ကွေးကွေး မဟုတ်။ အင်ဒီယန်များ၏ ဆံပင်လို အဖြောင့်အတန်းလည်း မဟုတ်။ အနက်ရောင် သိုးမွေးများလို နူးနူးညံ့ညံ့။ အထွေးလိုက် အထွေးလိုက်။

မျက်နှာကမူ လူမည်းတစ်ယောက်လိုလို၊ အင်ဒီယန် တစ်ယောက်လိုလို။ အမှန်းရခက်သည့် မျက်နှာမျိုး။ သည်နယ်ထဲကို သူရောက်လာစက သူ့ကို နွားကျောင်းသားတစ်ယောက်က ဂျစ်ပစီလူမျိုးတစ်ယောက်ဟု အထင်မှားခဲ့သည်။

သည်မှစ၍ သူ့ကို ဂျစ်ပစီဟု လူတွေ ခေါ်ဝေါ်ကြခြင်းဖြစ်၏။ သူ့အမည်ရင်းမှာ ဝင်နီချာစမစ်ဖြစ်သည်။ သို့သော် သည်နာမည်ကို သိသူမရှိသလောက် ဖြစ်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် ဂျစ်ပစီစမစ်ပါ"

"အင်း သိပါတယ်၊ ကျုပ် ဘာလုပ်ပေးရမလဲ မစ္စတာစမစ်"

ဂျစ်ပစီက လမ်းဆက်လျှောက်ဖို့ အမူအရာဖြင့် အကြံပြုလိုက်သည်။

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော့်အသက်အရွယ်နဲ့ အရေးအဖတ်သင်လို့ ရနိုင်ပါ့မလားဆိုတာ သိချင်လို့ပါ"

မက်ဆွဲလ်က သူ့ကို လှည့်ကြည့်လိုက်သည်။ သည်လူသည် သေနတ်သမားတစ်ယောက် ဖြစ်သည်။ လူသတ်သမား တစ်ယောက်ဖြစ်သည်။ ဒါပေမဲ့ သူ့အမူအရာက ယဉ်ကျေးပျော့ပျောင်းလှပါကလား။ သို့သော် သူက ဥပဒေ ပြင်ပမှ လူတွေကို သတ်ပေးသည့် ဥပဒေဘက်တော်သားတစ်ယောက် ဖြစ်သည်ကတော့ ထင်ရှားသည်။

"ခင်ဗျားလိုလူက စာသင်ချင်တယ်၊ ဟုတ်လား"

သူက ရက်ပြုံး ပြုံးပြီး ဖြေသည်။

"ကျွန်တော် အသက်ကြီးသွားပြီ ထင်ပါတယ်ဗျာ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျုပ်ဆိုလိုတာက ခင်ဗျား ကျောင်းစာသင်ခန်းထဲဝင်ပြီး..."

"အင်း ဟုတ်ပါတယ်လေ၊ ဒီအသက်ဒီအရွယ်ကြီးနဲ့ ကလေးတွေ ကြားထဲမှာ... ကြည့်မကောင်းပါဘူးဗျာ"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျုပ်ဆိုလိုတာက စစ်တပ်ရဲ့ လမ်းပြတစ်ယောက် ဖြစ်နေတာကို ပြောတာပါ။ ကိုရင်တို့ စခန်းက လေးနာရီလောက် မြင်းစီးရတယ် မဟုတ်လား"

"ကျွန်တော် လမ်းပြအလုပ်က ထွက်လိုက်ပါပြီ။ ဒါဝိစ် ဥပဒေအကြောင်း တစ်စွန်းတစ်စ ကျွန်တော် ကြားထားပါတယ်။ အင်ဒီယန်ကွက်သစ်တွေ ဖျက်ပြီး သူတို့ကို မြေတွေ ချပေးမယ်၊ ခြံလုပ်ခိုင်းမယ်၊ ယာလုပ်ခိုင်းမယ်တဲ့။ ဒီတော့ စစ်တပ်ကလည်း



ကျွန်တော်တို့လို လမ်းပြတွေ မလိုတော့ဘူးပေါ့။ ကျွန်တော့် အသက်မွေးဝမ်းကျောင်းအတွက် ရုံဖန်ရံခါ မြင်းရိုင်းတွေ ပြန်ဖမ်းမယ် စိတ်ကူးထားပါတယ်။ ဒါကြောင့် စာသင်ချိန် ရလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်"

ကျောင်းနားရောက်တော့ သူတို့နှစ်ယောက် ရပ်လိုက်ကြသည်။

"အင်း ကျုပ် နားလည်ပါပြီ၊ မစ္စတာစမစ်"

မက်ဆွဲလ်၏ နာသုံးနာစိတ်ဓာတ်သည် ရင်ထဲတွင် လှုပ်ခတ်လာသည်။ စာတတ်ချင်သူကို စာသင်ပေးရမည်ပေါ့။ အထူးသဖြင့် သည်လို သေနတ်နှင့် အသက်မွေးနေသူတွေကို သင်ပေးချင်သည်။

"ကောင်းပြီလေ။ ခင်ဗျား စချင်တဲ့အချိန်မှာ ရုံးခန်းကို လာခဲ့ပါ။ ကျုပ် လက်ခံပေးပါ့မယ်"

"ကလေးတွေ ကျွန်တော့်ကို ကြည့်ရယ်နေကြမလား မသိဘူး ဆရာကြီး"

"ဟာ ... မရယ်စေရပါဘူး၊ ခင်ဗျားလိုလူကို ဘယ်သူမှ ရယ်မှာ မဟုတ်ပါဘူး မစ္စတာစမစ်"

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

တစ်နေ့မနက် ကျောင်းရောက်လို့ နံဘေးတွင် ယှဉ်ထိုင်ရသူမှာ ဂျစ်ပစီ စမစ် ဖြစ်နေသည်ကိုတွေ့ရတော့ ကိုဘီ အံ့သြမဆုံး ဖြစ်သွားသည်။ ဂျစ်ပစီကို ကိုဘီ ကောင်းကောင်းမှတ်မိသည်။ ဟေယိုရွာတွင် သူ့ကို အကြိမ်ကြိမ်တွေ့ဖူးသည်။ သူ့ကို အင်ဒီယန်တွေက 'လူဖြူမဲ' ဟု ခေါ်ကြသည်။ သူ့ကို တိုက်ရည်ခိုက်ရည်ရှိသည့် စစ်သည်ကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုထားကြ၏။ မြင်းရိုင်းများကိုဖမ်းပြီး ယဉ်ပါးအောင်လုပ်သည့်နေရာတွင်လည်း အဟုတ်တော်သူအဖြစ် နာမည်ကြီးသည်။

သူနှင့် တစ်ခုံတည်း ထိုင်ရသည်မှာ အဆင်ပြေသည်။ သူတို့နှစ်ယောက် ချက်ချင်း မိတ်ဆွေဖြစ်သွားကြသည်။ တစ်နေ့ ဆရာက ဖတ်စာသင်ချိန်တွင် ဂျစ်ပစီအလှည့်ရောက်တော့ ကလေးများကြားတွင် ကလန်ကလားနှင့် စာဖတ်ရသည်။

"ဂျက်သည် ဂျိန်းကို ခ.. ခ.. ခ.."

"ခေါ်ပြီး" ဟု ကိုဘီက ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး တိုးတိုးလေး ထောက်ပေးလိုက်သည်။ ဂျစ်ပစီ ဆက်ဖတ်သည်။

"ဂျိန်းကိုခေါ်ပြီး သူတို့နှစ်ယောက် ... အစ... အစ..."

ကိုဘီ ထောက်ပေးလိုက်ပြန်သည်။

"အစည်းအဝေး"

"အစည်းအဝေးကို..."

ဂျစ်ပစီ အောင်မြင်စွာ ဆက်ဖတ်သွားနိုင်ခဲ့သည်။ ထိုင်ချလိုက်ပြီး ကိုဘီကို တိုးတိုးကပ်ပြောသည်။

"ကျေးဇူးမမေ့ပါဘူး 'နာဗက်စတက်' ရယ်"

ကိုဘီမျက်နှာတွေ ထူပူသွားသည်။ စစ်မြေပြင် ရဲဘက်



သီအစ်ကိုတော်ဟု သူက ခေါ်လိုက်ခြင်း ဖြစ်၏။ နောက်ပိုင်းတွင် ကျောင်းထမင်းစားခန်းထဲတွင် အတူတူ စားရင်းသောက်ရင်း အိမ်စာတွေကို ကိုဘီက ကူလုပ်ပေးသည်။

တစ်နေ့တွင် ဂျစ်ပစီက ကျေးဇူးဆပ်သည့်အနေဖြင့် ကိုဘီကို မြင်းရိုင်းဖမ်းဖို့ ခေါ်သွားမည်ဟု ပြောလာသည်။ ကိုဘီ ဆွေ့ဆွေ့ခုန် ဝမ်းသာသွား၏။ ပြီးတော့ ချက်ချင်း စိတ်ပျက်သွား၏။

"မဖြစ်ဘူး ဂျစ်ပစီ၊ ကျွန်တော် ကျောင်းပြင်ထွက်ခွင့် မရှိဘူး"

"အေး ... ဒါလည်း တစ်မျိုးကောင်းပါတယ်ကွာ၊ စာသာ ကြိုးစား၊ အချိန်ရှိသရွေ့ စာကျက်"

ကိုဘီ တွေသွားသည်။

"ကျွန်တော့် အဖေကတော့..."

"အေး ငါသိတယ်၊ မင်းအဖေဟာ လူဖြူစာကို လုံးဝ အထင်မကြီးဘူး။ ငါ တစ်ခွေမင်းသားကို လေးစားပါတယ်။ ဟိုတုန်းကတည်းက သူ့ကို အထင်ကြီးခဲ့တာပါ။ နောင်လည်း ငါ လေးစားသွားမှာပဲ။ ဒါပေမဲ့ ပညာရေးနဲ့ပတ်သက်တဲ့ သူ့အမြင်ကတော့ မှားနေတယ် ကိုဘီ"

"သူတို့က တစ်ခွေမင်းသားကို..."

ကိုဘီက စားပွဲပေါ်မှ ဖတ်စာအုပ်အဖုံးကို လက်နှင့် သပ်နေသည်။

"ငါပြောပြမယ် နာဗက်စတက်၊ တစ်ခွေက ကလို့ ကျွဲအုပ်ကြီး ပြန်ရောက်လာမှာ မဟုတ်ဘူး။ သေတဲ့အင်ဒီယန်တွေ ပြန်ရှင်လာမှာ မဟုတ်ဘူး။ စစ်ပွဲက ပြီးသွားပြီ။ တို့အင်ဒီယန်တွေ စစ်ရှုံးပြီးပြီ။ မကြာခင် အဲဒီဒဏ်ကို အင်ဒီယန်တွေ ခံရတော့မယ်။ ဒီပြဿနာကို ခပ်မြန်မြန်ဖြေးတွေ့လေ ကောင်းလေပဲ။

www.burmeseclassic.com

www.burmeseclassic.com



“တို့ ခုဘာလုပ်ရမလဲ သိလား၊ ပညာတတ်အောင် လုပ်ရမယ်၊ စာရေးစာဖတ်တတ်အောင် လုပ်ရမယ်၊ လူဖြူတွေ ဘာလို့ အင်အားတောင့်တင်းလာသလဲ သိလား၊ ပညာတတ်လို့။ အဲဒီပညာဟာ ဟောဒီစာအုပ်တွေထဲမှာ ရှိတယ်”

ဂျစ်ပစီသည် တစ်နှစ်လျှင် သုံးလေးကြိမ်လောက် ကျောင်းမှ ခွင့်ယူပြီး မြင်းရိုင်းဖမ်းထွက်သည်။ သို့သော် ဖတ်စာအုပ်ကို အမြဲယူသွားသည်။ သွားလေရာပါသည်။ မြက်ပင်ရှည်များထဲတွင် တောတိုးနေစဉ် ပုံမှန်ရပ်နားချိန်ဟူ၍ သိပ်မရှိ။ ဂျစ်ပစီက မြင်းပေါ်တွင် စာဖတ်သည့်အကျင့် လုပ်ထားသည်။ ဤသို့ဖြင့် ဂျစ်ပစီသည် စက္ကူဖြူဖြူဖြင့်ထွက်သည့် ဝတ္ထုတွေ ဖတ်နိုင်လာသည်။ သတင်းစာတွေ ဖတ်နိုင်လာသည်။ ဤသို့ဖြင့် ဒါဝိစ်ဥပဒေဟုခေါ်သည့် ၁၈၈၇ ခုနှစ် မြေယာဝေခြမ်းရေးဥပဒေကို သူဖတ်နိုင်ခဲ့သည်။

မက်ဆာချူးဆက် အထက်လွှတ်တော်အမတ် ဒါဝိစ်က သည်ဥပဒေကို တင်သွင်းကြောင်း၊ အင်ဒီယန်နယ်မြေများကို သိမ်းယူပြီး လယ်မြေအိမ်ယာများ ချပေးမည့်အကြောင်းများ သိလာသည်။

သည်ဥပဒေအရ အင်ဒီယန်တို့က သူတို့၏ ဘိုးဘွားပိုင်မြေတွေကို စွန့်ရမည်။ သည်အတွက် တစ်ဦးလျှင် ဧက ၁၆၀ အစိုးရက ပြန်ပေးမည်။ အင်ဒီယန်များ၏ ထာဝရတည်တံ့ရေးကို အသိအမှတ်ပြုမည်။

“အလကား လူလိမ်တွေ၊ လူရမ်းကားတွေ”

ဂျစ်ပစီက နိုင်ငံရေးသမားတွေကို မေတ္တာပို့နေသည်။ သည်စီမံကိန်းကို သူတို့က တစ်ပြိုင်တည်း အကောင်အထည်ဖော်ခြင်း မဟုတ်၊ ပထမဆုံး မြေယာချထားရေးကို အိုကလာဟိုးမားနယ်ထဲတွင် လုပ်မည်။ မြေဧက နှစ်သန်းကျော်ရှိသည့် အိုကလာဟိုးမား စိုက်ပျိုးမွေးမြူရေးခြံကြီးများပတ်ပတ်လည်တွင် အင်ဒီယန်နယ်မြေတွေဖြစ်သည်။



မြောက်ဘက်တွင် ‘ချာရိုကီ’ လူမျိုးစုတွေ၊ တောင်ဘက်တွင် ‘ချစ်ကာဆော’ တွေ၊ အနောက်ဘက်တွင် ယာယီနေရာချပေးထားသည့် ချီယင်နီတွေ၊ ပတ်ရံဝိုင်းနေသည်။ နိုင်ငံရေးသမားများက ပြောသည့်အတိုင်းမလုပ်ဘဲ အိုကလာဟိုးမား မြေယာဝေခြမ်းရေး ကာလနီးလာတော့ တစ်မျိုးလုပ်လာသည်။

သည်အကြောင်းကို ကင်းဆပ်စ်မှ လူတစ်ယောက် ရေးလာသည့်စာကြောင့် ဂျစ်ပစီ သိရခြင်းဖြစ်၏။ ဒါက သူ့ကို အလုပ်ပေးသည့်စာဖြစ်သည်။ အိုကလာဟိုးမားသို့ လာနေသည့် လူမည်းတွေကို လာခေါ်ဖို့ တင်နက်ဆီကို လာနိုင်မလားမေးသည့်စာ ဖြစ်၏။

ဂျစ်ပစီက စာကို ဆရာကြီးမက်ဆွဲလ်အား ပြလိုက်သည်။ ဆရာကြီးက နှာခေါင်းပေါ်မှ မျက်မှန်ကို ပင့်တင်လိုက်ပြီး ကုလားထိုင်နောက်ကို မှီလိုက်သည်။ စာ၏အောက်ပိုင်း လက်မှတ်ထိုးထားသည့်နေရာသို့ ငုံ့ကြည့်ပြီး

“အိုကလာဟိုးမား လူဝင်မှုကြီးကြပ်ရေးအဖွဲ့တဲ့၊ လက်မှတ်ထိုးတဲ့လူက ဂျိုလ်ဆင်မော့စ်ဘာဂျာ ဆိုပါလား၊ အင်း... အင်း... တွေ့လား”

“ဟုတ်ကဲ့၊ သူ့အကြောင်း တစ်ခါနှစ်ခါလောက် သတင်းစာထဲမှာ ဖတ်ဖူးပါတယ်။ ကင်းဆပ်စ်မှာတော့ လူကြိုက်အများဆုံး လူမည်းခေါင်းဆောင်တစ်ယောက်လို့ သိရပါတယ် ခင်ဗျ”

“တစ်နိုင်ငံလုံးက အကျော်ကြားဆုံး လူမည်းခေါင်းဆောင်တွေထဲမှာ သူပါတယ် ဂျစ်ပစီ၊ တစ်ခါတုန်းက လိုက်ဘေးရီးယားမှာ သံအမတ်လုပ်ခဲ့ဖူးတယ်။ ခုလည်း ကင်းဆပ်စ်မှာ မဲနဲ့ တက်လာတဲ့ ခေါင်းဆောင်တစ်ယောက်ပဲ။ တစ်လောက သူ့အကြောင်းဖတ်လိုက်ရသေးတယ်။ တောင်ပိုင်းက လူမည်းတွေကို ထောင်နဲ့သောင်းချီနဲ့ ခေါ်လာပြီး နီဂရိုးပြည်နယ်တစ်ခုဖြစ်အောင် သူလုပ်မယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နီဂရိုးလူမျိုးနဲ့ အင်ဒီယန်ပြည်နယ်ရယ်လို့ ဖြစ်လာရင် သူဟာ ပထမဦးဆုံး ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်မှာပေါ့"

ရည်ရွယ်ချက်ကြီးမားလှတဲ့ စီမံကိန်းကြီးအကြောင်း ဂျစ်ပစီစမစ် အထင်တကြီးဖြစ်လာအောင် ပြောပြီးမှ ဆရာကြီးက မေးသည်။

"မောင်ရင် အဲဒီအလုပ်ကို လက်ခံမယ် စိတ်ကူးသလား"

ဂျစ်ပစီက ဖက်ပိုးကို လက်နှင့်ကုတ်သည်။

"မပြောနိုင်သေးဘူး ဆရာကြီး၊ အမှန်အတိုင်းပြောရရင် ကျွန်တော်က ဝင်းခြံတွေခတ်၊ မြေကြီးတွေကို တူးဆွထွန်ယက်တာထက် ဒီဒေသကို ဒီအတိုင်းပဲ ရှိစေချင်တယ်"

"မောင်ရင် ဒီအလုပ်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ သူတို့ကတော့ ရောက်လာကြမှာပဲ ဂျစ်ပစီ"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်လည်း ထင်ပါတယ်"

သူတို့ ရောက်လာလို့ သူတို့နှင့် လက်တွဲဖြစ်လျှင်လည်း ပြဿနာတော့ မရှိနိုင်။ သို့သော် သူတို့ ဘယ်လောက်ပေးနိုင်မလဲ မေးရမည်။ ဆရာကြီးနှင့် တိုင်ပင်ပြီး စာတစ်စောင်ရေးကာ အခြား သိချင်သည့် အချက်များကိုပါ ထည့်ပြီး မေးလိုက်သည်။

မကြာခင်အတွင်း သံကြိုးပြန်လာသည်။ မစ္စတာဂျူလ်ဆင်မော့စ်ဘာဂျာ အိုကလာဟိုးမားသို့ လာမည်။ ဂူသရီဘူတာတွင် တစ်ရက်နားပြီး တောင်ပိုင်းမှ ရောက်လာမည့် လှည်းတန်းကြီးကို ခေါ်လာဖို့ လမ်းပြတွေ ရွေးမည်။ ဂျစ်ပစီစမစ် လိုက်ပါလိမ့်မည်ဟု မျှော်လင့်သည်။ လာတွေ့ပါတဲ့။

စင်တာဖီး မီးရထားလမ်းပေါ်မှ ဂူသရီဘူတာရုံမှာ တစ်ချိန်က စာပို့တဲကြီးဖြစ်သည်။ ရွာထဲမှ အိမ်တွေမှာ အားလုံးလိုလို သစ်လုံးအိမ်တွေ ဖြစ်သည်။ ရာသီဥတုဒဏ်ကြောင့် အကာတွေက



သစ်သားရောင် လွင့်ပြယ်နေပြီ။

ဂျစ်ပစီက သူ့မြင်းမကြီး ဘူတာရဲ့ ပလက်ဖောင်းထိပ်မှ ရေလှောင်ကန်တွင် ရေတိုက်ပြီး တည်းခိုခန်းကလေးဆီသို့ ဆက်စီးသွားသည်။ ဘူတာနှင့်ကပ်လျက် တည်းခိုခန်းကလေးရှေ့ ဝင်းတံခါးတွင် မြင်းလေးကောင် ချည်ထားသည်ကို တွေ့ရ၏။

တောမြို့ တည်းခိုခန်းကလေးမှာ အမိုးနိမ့်နိမ့်ဖြစ်ပြီး အခန်းထဲတွင် ဆေးလိပ်မီးခိုးတွေ မှောင်နေသည်။ တစ်ဘက်တွင် ခပ်ကြမ်းကြမ်းရိုက်ထားသည့် သစ်သားအရက်ကောင်တာရှိပြီး စားပွဲကုလားထိုင်တွေကလည်း ခပ်ကြမ်းကြမ်းတွေချည်း။ အခန်းတစ်ဘက်ထောင့်မှ မီးလင်းဖိုကြီးထဲတွင် ထင်းမီးတွေ တဟိန်းဟိန်း။

အရက်ကောင်တာထဲတွင် ဆိုင်ရှင် ဗိုက်ရွှဲ မှိုင်းလစ်စ်ကွန်းရပ်နေသည်။ သူ့ခေါင်းပေါ်တွင် ဆံပင်တွေ ရှုပ်ပွနေပြီး မုတ်ဆိတ်တွေက တောထနေသည်။ သူ့မိန်းမက တွန်ကာဝါ အင်ဒီယန်မ ဖြစ်သည်။ ညစာအတွက် မီးဖိုထဲတွင် ဧည့်သည်များစားဖို့ မြွေသားဟင်းချက်နေသည်။

အခန်းထဲတွင် ဧည့်သည်သုံးယောက်ရှိနေ၏။ တစ်ယောက်က ဂျစ်ပစီနှင့် သိသည်။ သူ့နာမည်က 'ချစ်ကာဆောချာလီ'။ ချစ်ကာဆောအင်ဒီယန်မကို ယူထားပြီး ချစ်ကာဆောလူမျိုးစုတွေနှင့် နေနေသူဖြစ်၏။

နောက်နှစ်ယောက်က ဂျိုးပီနှင့် နက်ဆေယာ။ သည်နှစ်ယောက်မှာ ဂျစ်ပစီလိုပင် အင်ဒီယန်နှင့် အမေရိကန်နယ်ခြားဒေသတွင် လှည့်လည်ကျက်စားနေသည့် ခြေသလုံးအိမ်တိုင် ကောင်းဘွိုင်များဖြစ်၏။ သူတို့ အဝတ်အစားများမှာ ဒေသန္တရ အုပ်ချုပ်ရေးဌာနမှ ထုတ်ပေးသည့် ဘောင်းဘီနှင့် အင်ဒီယန်အင်္ကျီများဖြစ်သည်။ အားလုံးစုတ်ပြဲနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝိုင်းတွင် ဂျစ်ပစီ သွားထိုင်သည်။ အရက်တစ်ခွက်မှာပြီး စကားစလိုက်သည်။

"ကျုပ်တို့အားလုံး အလုပ်တစ်မျိုးတည်းအတွက် တစ်လှေတည်းစီးတွေဖြစ်လာမယ်ထင်တယ်"

'ချစ်ကာဆောချာလီ' က တောင်းပိုင်းသံစစ်စစ်ဖြင့် ပြန်ပြောသည်။

"အင်း ... တောင်ပိုင်းက လူမည်းခြံသမား ငမွဲတွေကို ရသမျှ မောင်းခေါ်လာရမယ်တဲ့၊ ဟုတ်လား"

"ခင်ဗျား အဲဒီအလုပ်ကို လုပ်မယ်စိတ်ကူးသလား"

"အင်း ... ကျုပ်က အင်ဒီယန်မ ယူထားတော့ ကျွေးဖို့မွေးဖို့ တာဝန်ရှိနေပြီလေ။ ကံဆိုးချင်တော့ သူ့ မွေးချင်းတွေက တစ်လှေကြီးဗျ။ ဒီတော့လည်း ရရာအလုပ် လုပ်ရတော့မှာပေါ့ဗျာ"

ပြောပြီး ဝီစကီပုလင်း ရှေ့တိုးပေးရင်းပြောသည်။

"ချဦးလေဗျာ"

"ကျေးဇူးပဲဗျာ၊ ခုတော့တော်ပြီ။ မြင်းအတွက်နဲ့ ကျွန်တော့်အတွက် အစီအစဉ်လုပ်လိုက်ဦးမယ်"

ဂျစ်ပစီထလာပြီး တည်းခိုခန်းပိုင်ရှင်ကို ဆင့်ငါးဆယ်ပေးလိုက်သည်။ ကျောချစရာတစ်နေရာ ရသွားပြီ။ မြင်းအတွက်လည်း စိတ်အေးရပြီ။

"ကြမ်းပိုးတွေပေါတုန်းပဲလား ရှိုင်း"

အင်း ... အရင်အတိုင်းပါပဲ၊ ဒါပေမဲ့ ညှော်သည်အလာနည်းတော့ သူတို့တော်.ဘော် ဆာလောင်နေကြတယ်။ ခင်ဗျားကို သူတို့ မျှော်နေကြတယ်ဗျ"

တည်းခိုခန်းနောက်မှ ရှံ့နှင့်ဆောက်ထားသည့် မြင်းတဲဆီသို့ သူ့မြင်းကို ခေါ်သွားစဉ် ဟိုးအဝေး အနောက်မိုးကုပ်စက်ဝိုင်း



ဆီမှ လှုပ်ရှားမှုတစ်ခုကို ဂျစ်ပစီ လှမ်းမြင်လိုက်သည်။ လူခုနစ်ယောက် ရှစ်ယောက်လောက် ရှိမည်။ မြင်းတွေကို တရကြမ်းစီးလာနေကြ၏။ အင်ဒီယန်တွေ မဟုတ်။ နွားကျောင်းသားတွေဖြစ်မည်။ သို့သော် အစိုးရက နွားခြံတွေကို ရွှေ့ပြောင်းထားပြီးဖြစ်လို့ နွားကျောင်းသားတွေ သည်ဘက်အပိုင်းတွင် သိပ်မရှိတော့။

ဘယ်လိုလူတွေ များပါလိမ့်။ သူတို့ကို လှမ်းမြင်ပြီးစိတ်ထဲမသိုးမသန့် ဖြစ်သွားသည်။ သို့သော် လုပ်စရာရှိတာ ဆက်လုပ်သည်။ မြင်းကို အစာကျွေးပြီး အသာအယာပွတ်ပေးသည်။ နောက် ကုန်းနှီးတွေဖြုတ်၊ အိတ်နှင့်အိပ်ရာလိပ်ကိုဆွဲပြီး တည်းခိုခန်းထဲကို နောက်ပေါက်မှ ပြန်ဝင်လာခဲ့သည်။

မြင်းစီးသမားနှစ်ယောက်ကို လှမ်းမြင်သည်။ တစ်ယောက်စီးလာသည့်မြင်းက စောစောက မြင်ရသည့်အထဲမှ အဖြူနှင့်အနက်ပျောက်မြင်းမ။ သည်မြင်းအရောင်က ထူးခြားနေ၍ မှတ်မိလိုက်ခြင်းဖြစ်သည်။ ဘာကြောင့် သူတို့အုပ်စု ကွဲသွားခြင်းလဲ။ ကျန်တဲ့လူတွေ ဘယ်မှာ ကျန်ခဲ့သလဲ။ ဒီကို သူတို့ ဘာအတွက် ရောက်လာကြတာလဲ။

မြွေသားဟင်းနှင့် ထမင်းစားနေစဉ် ရထားဝင်လာသဖြင့် မော့စ်ဘာဂျာကို သူတို့ ထွက်ကြိုကြသည်။ ပလက်ဖောင်းတွင် မောဟိုက်နေသည့် အင်ဒီယန်ငါးယောက်ကို တွေ့ရသည်။ မြင်းတွေကို ရထားလမ်းနံဘေး စည်းရိုးတိုင်များတွင် ချည်ထား၏။

ဆူဆူညံညံ အသံပေးပြီး ရထားဝင်လာသည်။ ရထားရပ်တော့ လူစီးတွဲ နှစ်တွဲထဲမှ အင်ဒီယန်အချို့ အရင်ဆင်းလာကြသည်။ သူတို့နောက်မှ လူမည်းသုံးယောက် လိုက်ဆင်းလာ၏။ သူတို့အထဲမှ တစ်ယောက်က မော့စ်ဘာဂျာဖြစ်ရမည်။ အသားလတ်

www.burmeseclassic.com

www.burmeseclassic.com



လတ်၊ ဥရောပဝတ်စုံအပြည့်နှင့်။ အနားကျဉ်းကျဉ်း၊ စောက်နက်နက်၊ အညိုရောင်ဦးထုပ်ကို ဆောင်းထားသည်။ အခြားနှစ်ယောက်ကလည်း လည်စီးကိုယ်စီ၊ ဝတ်စုံပြည့်ကိုယ်စီဖြင့်ပင်။

တစ်ယောက်နှင့်တစ်ယောက် အသီးသီး မိတ်ဆက်ကြပြီး မော့စ်ဘာဂျာက မေးသည်။

"ဒါ မင်းတို့ လူကုန်ပဲလား"

"ဟုတ်တယ်၊ ခင်ဗျားက ဘယ်နှယောက်ရမယ် ထင်နေလို့လဲ"

ချစ်ကာဆောချာလီက ပြန်မေးလိုက်သည်။

"ကောင်းပြီလေ။ လာ... စကားပြောကြရအောင်"

တည်းခိုခန်းဆီကို သူက ဦးဆောင်ခေါ်သွားပြီး ကော်ဖီကြမ်းတစ်အိုး မှာလိုက်သည်။ ပြီးမှ သူ စကားစသည်။

"ကဲ... လူကြီးမင်းများ၊ အိုကလာဟိုးမား လူဝင်မှုကြီးကြပ်ရေးဌာနက ကိုရင်တို့ရဲ့ အကူအညီကို အမှတ်ပြင်း လိုချင်နေတယ်။ ကိုရင်တို့ ကျုပ်တို့ရဲ့ သွေးရင်းသားရင်း ညီအစ်ကို မောင်နှမတွေကို ကိုရင်တို့ ကျုပ်တို့ ကူညီကြရလိမ့်မယ်။ လွတ်လပ်ခဲ့တာ နှစ်ဆယ့်ငါးနှစ်ရှိပြီ။ ကျုပ်တို့ လူမည်းတွေဟာ အရင်ကနဲ့ ဘာမှ ထူးခြားမလာခဲ့ဘူး။ သူတို့ဟာ ကျွန်ဘဝကတော့ လွတ်မြောက်ခဲ့ပါရဲ့။ ဒါပေမဲ့ လူဖြူတွေရဲ့ မြေပေါ်မှာ၊ လူဖြူတွေရဲ့ မြည်းတွေနဲ့အတူ လူဖြူတွေရဲ့ အကျိုးစီးပွားအတွက် ဆက်ပြီး ကျွန်ခံနေရဆဲပါပဲ။ ခုထက်ထိလည်း လည်ပင်းကို ကြိုးကွင်းစွပ်ပြီး အသတ်ခံနေရဆဲပါပဲ။ ပြီးခဲ့တဲ့ တစ်နှစ်ထဲမှာ ကြိုးပေးအသတ်ခံရတဲ့ လူမည်းပေါင်း တစ်ရာ့ခြောက်ဆယ် ရှိတယ်။ လူမည်းတို့ရဲ့ ဘုရားကျောင်းတွေ၊ အိမ်တွေကို ကေသုံးလုံး တွေက နေ့တိုင်း မီးရှို့ဖျက်ဆီးနေကြတယ်။

"ဒီတော့ ကျုပ်တို့က ကိုယ့်လူမျိုးတွေကို ကိုယ်ပိုင်မြေရှိ



အောင် လုပ်ပေးရမယ်။ သူတို့အတွက် ကိုယ်ပိုင်မြေရနိုင်တဲ့နေရာဟာ ဟောဒီ အိုကလာဟိုးမားပဲ"

ပြောပြီး သားရေအိတ်ထဲမှ စာရွက်ထုပ်ကြီးကို ဆွဲထုတ်ကာ ကြော်ငြာစာတမ်းတွေဖြစ်ကြောင်း ပြောပြသည်။

"တို့လူမျိုးတွေ မြေနဲ့ယာနဲ့ဖြစ်စို့ လုပ်နေတာ ဒါပဲ" ဟုပြောရင်း စာရွက်တွေကို သူတို့လေးယောက်ကို ဝေပေးဖို့ ဟန်ပြင်ပြီးမှ တစ်ခုခုကို သတိရလိုက်သလို တုံ့သွားပြီး

"နေပါဦး၊ မောင်ရင်တို့ စာဖတ်တတ်ကြရဲ့လား"

ဂျစ်ပစီက ပြုံးပြီးဖြေသည်။

"ကျွန်တော် ဖတ်တတ်ပါတယ်"

အိုကလာဟိုးမား လူဝင်မှုကြီးကြပ်ရေးဌာနမှ ထုတ်သည့် ကြော်ငြာစာတမ်းဖြစ်သည်။

'တောင်ပိုင်းသား လူမည်းပြည်ထောင်စုသားများသို့' ဟု လိပ်စာတပ်ထားသည်။ လွတ်လပ်သောဘဝတွင် မြေပိုင်ယာပိုင်နှင့် လူလူသူသူ နေကြရတော့ဖြစ်ကြောင်း၊ သည်လူ့ဆောင်သစ်ကို သွားဖို့ အနောက်ပိုင်းသို့ ထွက်လာမည့် သွေးရင်းသားရင်း လူမည်းများနှင့် ဆက်သွယ်ပြီး လှည်းတန်းကြီးနှင့် လိုက်လာရုံသာဖြစ်ကြောင်း၊ စသည်၊ စသည်။

"ဒီကြော်ငြာစာတမ်းကို ထောင်ပေါင်းများစွာ ရိုက်ပြီး တောင်ပိုင်းကို ပို့ထားပြီးပြီ။ တောင်ပိုင်းသတင်းစာတွေမှာလည်း ပါပြီးပြီ။ ဘုရားရှိခိုးကျောင်းတွေမှာလည်း ကပ်ထားပြီးပြီ။ ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့် တုံ့ပြန်မှုက ကြောက်ခမန်းလိလိပဲ။

"အိုကလာဟိုးမားဆီသို့ လာနေတဲ့ ယာဉ်တန်းကြီးဟာ တစ်မျှော်တစ်ခေါ်ကြီးပဲ။ ကုန်းကြောင်းလိုက်လာတဲ့ လူတွေတောင် ပါတယ်။ မြင်းလှည်း မတတ်နိုင်သူတွေက မြင်းတွေ၊ မြည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဝန်စည်စလယ်တွေ တင်ပြီး လိုက်လာကြတယ်။ သူတို့ တစ်တွေ ဒီကိုအရောက်လာကြလိမ့်မယ်။ တရွတ်ဆွဲပြီး လာရ လာရ သူတို့အရောက်လာကြမှာ သေချာတယ်"

ဂျစ်ပစီက ဝင်ထောက်သည်။

"ပြေးပွဲပြိုင်ပွဲလုပ်ပြီး မြေချပေးမှာဆို၊ ခြေကျင်သမားက မြင်းပေါ်ကလူကို ဘယ်လိုလုပ်ပြီး နိုင်နိုင်မှာလဲ"

"အဲဒီမှာ မောင်ရင်တို့ လမ်းပြတွေရဲ့ ကဏ္ဍပါလာပြီ။ မောင်ရင်တို့က နယ်ကျွမ်းပြီးသား။ ခုမှရောက်လာတဲ့ လူတွေက ပန်းတိုင်ကို ရောက်အောင်သွားဖို့ လမ်းမသိနိုင်ဘူး။ အဲဒီမှာ လူဆင်းရဲ အများစုကို မောင်ရင်တို့က ပန်းတိုင်အရောက် လမ်းပြပေးဖို့ပဲ၊ ကဲ... ဘယ်လိုလဲ၊ ကျုပ်တို့နဲ့ လက်တွဲမလား"

ဂျစ်ပစီက ထပ်မေးသည်။

"ဘာလို့ ကျွန်တော်တို့က တောင်ပိုင်းအထိ သွားခေါ်ဖို့ လိုတာလဲ။ သူတို့ဘာသာသူတို့ လာပစေပေါ့။ ဒီရောက်မှ ကျွန်တော်တို့က ပြိုင်ပွဲမှာ လမ်းပြပေးလို့ မဖြစ်ဘူးလား"

"စဉ်းစဉ်းစားစားပြောပါ ကိုယ့်လူရာ၊ အဲဒီလူတွေဟာ ဘယ်ကိုမှ ရောက်ဖူးကြတာမဟုတ်ဘူး။ သူတို့အိမ်ကနေ မိုင် ၁၀၀ အဝေးကို ရောက်ဖူးတဲ့လူ တစ်ယောက်မှ ရှိမှာ မဟုတ်ဘူး။ နယ်ခြားကို ဖြတ်ဖို့ သူတို့ဘာမှ တတ်နိုင်မှာမဟုတ်ဘူး။ သူတို့အတွက် ရှေ့ဆောင်လမ်းပြ လိုကိုလိုတယ်။ သူတို့အတွက် မောင်ရင်တို့ လိုတယ်"

ချာလီက ဝင်မေး-ည်။

"အင်း ... ထားပါတော့၊ ကျွန်တော်တို့ ဘယ်လောက် ရမှာလဲ"

"တစ်နေ့ တစ်ဒေါ်လာ ရမယ်"



ချာလီက အသံကျယ်ကျယ်ဖြင့် အော်ပြောသည်။

"ဟာ... သေတော့မှာပဲ၊ ကျုပ် ဒီမှာ ကျွဲသတ်ပေးတာတောင် အဲဒီထက် ပိုရသေးတယ်"

"ဟုတ်ပါတယ်၊ နည်းပါတယ်။ ဒါပေမဲ့ တစ်ခုတော့ သတိရကြပါ။ အဲဒီ ပိုက်ဆံဟာ ဒီကိုလာနေချင်တဲ့ ခင်ဗျားတို့ ကျုပ်တို့ရဲ့ သွေးချင်းတွေက ခြစ်ခြစ်ကုတ်ကုတ်စုပေးမှာ။ သူတို့မှာ အကူအညီ တကယ်လိုနေပါတယ်။ မောင်ရင်တို့ ကူညီကြမယ် မဟုတ်လား"

သုံးယောက်က ခပ်ဆိုင်းဆိုင်းခေါင်းညိတ်သည်။ လုပ်ပါမည်ဟုဆိုသည်။ ဂျစ်ပစီတစ်ယောက်သာ ဆက်ခေါင်းမာနေသည်။

"ကျွန်တော့်အထင်တော့ ပြဿနာတွေ အကြီးအကျယ် ပေါ်လိမ့်မယ်ထင်တယ်။ အဲဒီလူတွေ သက်စွန့်ဆံဖျား ဒီအရောက်လာပြီး မြေမရရင်... တချို့တစ်ဝက် ရတယ်ပဲထား၊ သူတို့နေဖို့ ဘာနဲ့ အိမ်ဆောက်မလဲ။ ဘယ်က မျိုးစေ့ရမလဲ။ အနည်းဆုံး တစ်နှစ်လောက် စိုက်တဲ့ပျိုးတဲ့အဆင့်ကို မရောက်နိုင်ဘူး။ အဲဒီကာလအတွင်းမှာ သူတို့ ဘာနဲ့သွားစားမလဲ။ သူတို့ကို ဘာနဲ့ ထိန်းထားမလဲ။

"ဒီမယ် မစ္စတာ၊ နောက်နှစ်ဒီအချိန်ဆို အဲဒီလူတွေ နေစရာမရှိ၊ စားစရာမရှိနဲ့ တောထဲလျှောက်သွားပြီး ယောင်လည်လည် ဖြစ်နေကြလိမ့်မယ်"

မော့စ်ဘာဂျာက မေးသည်။

"မောင်ရင် တောင်ပိုင်းကို ရောက်ဖူးသလား"

"မရောက်ဖူးပါဘူး"

ဂျစ်ပစီက အမှန်အတိုင်းပြောလိုက်သည်။

"အဲဒီမှာထက် သူတို့ဘဝ ဘယ်လိုမှ ပိုမဆိုးနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူတို့ဟိုမှာ အသက်မသေနိုင်ဘူး။ ဒီမှာက သူတို့ အသက်ရှင်ဖို့ သိပ်မလွယ်ဘူးလေ"

မော့စ်ဘာဂျာက တစ်ခုခုပြန်ပြောဖို့ စဉ်းစားနေစဉ် ဂျစ်ပစီက ဝင်လာသည့် လူစိမ်းနှစ်ယောက်ကို လှမ်းပြီး အကဲခတ်လိုက်သည်။ နောက်တစ်ကြိမ် မျက်လွှာပင့်ကြည့်လိုက်ရုံမျှဖြင့် ထူးခြားမှုကို သတိပြုမိလိုက်၏။

တစ်ယောက်က ယောကျာ်းလို ဝတ်ထားပြီး တင်ပါးဆုံတွင် ဒသမ ၄၄ ခြောက်လုံးပြူး ချိတ်ထားသော်လည်း ယောကျာ်း မဟုတ်၊ မိန်းမတစ်ယောက်။ အင်း ... မိန်းမမှ ရိုးရိုးမိန်းမ မဟုတ်ဘူးဗျား။ ကင်းမရွှန်က နှင်းဆီပွင့်လို့ နာမည်ကြီးနေတဲ့ ရို့စ်မဒေါက်။ သည်နယ်တစ်ရိုးတွင် လူတိုင်းဖြူရသည့် လူဆိုးဗိုလ်မ။

လွန်ခဲ့သည့် ၁၈ နှစ်လောက်က ဂျစ်ပစီ သူ့ကို တွေ့ဖူးသည်။ အစိုးရက သူ့ဦးခေါင်းအတွက် ဆုငွေထုတ်ထားချိန်။ သူ့အကြောင်း မကြားရသည်မှာ ကြာပြီ။ တစ်ရွာပြောင်းပြီး သူကောင်းဖြစ်နေပြီ ထင်ခဲ့၏။ ခုတော့ တင်ပါးဆုံတွင် ဒသမ ၄၄ နှင့် သူနှင့်အတူ ပါလာသူကိုလည်း သိသလိုလို၊ မှတ်မိပြီ။ လူက ဝက်ကျောင်းသားပုံစံ ပေါက်နေသော်လည်း သေနတ်ကို နောက်ပြန်ပစ်နိုင်သည်အထိကျွမ်းသော ကြေးစားလူသတ်သမား 'အိုလီယန်းတစ်'၊ သူလည်း ဆုငွေ ထုတ်ခံထားရသူပင်။ ဘော့စ်ဘီဆင်၏ ဂိုဏ်းသားဖြစ်၏။

သူတို့နှစ်ယောက်ထဲက စာဥပြောက်ကြားကို စီးလာတာ ဘယ်သူပါလိမ့်။ ဂုသရိဘူတာကို ဘာကိစ္စနဲ့ ရောက်လာကြပါလိမ့်။ ကျန်သည့် လေးငါးယောက်က ဘယ်ဘက်မှာ ကျန်ခဲ့ပါလိမ့်။

ရို့စ်က ဆိုင်ထဲဝင်လာတော့ တစ်ချက်ဝေ့ကြည့်ပြီး ဂျစ်ပစီကို မမြင်ချင်ယောင်ဆောင်သွားသည်။ မျက်လုံးချင်း ဖျတ်ခနဲဆုံမိတော့



သူ့ကို ဒီငတိမ မှတ်မိကြောင်း ဂျစ်ပစီ သိလိုက်၏။ သူနှင့် အိုလီယန်းတစ် အရက်ကောင်တာဆီ လျှောက်သွားပြီး ဝီစကီမှာသံ ကြားလိုက်သည်။

"ကဲ... မစ္စတာစမစ်၊ မောင်ရင် ဘယ်လို ဆုံးဖြတ်မလဲ။ လက်ခံမယ် မဟုတ်လား"

မော့စ်ဘာဂျာက ဆွေးနွေးလက်စ အကြောင်းအရာကို ပြန်ကောက်သည်။

ကင်မရွှန်နှင်းဆီကို စွေကြည့်နေရာမှ ဂျစ်ပစီဖြေသည်။

"လုပ်ဖြစ်မယ်မထင်ပါဘူးဗျာ။ ကျွန်တော့်ကို ခင်ဗျားတို့ ထားခဲ့ကြပါ"

ပြီးတော့ ရို့စ်ကြားအောင် ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

"ကဲ... လူကြီးမင်းတို့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကျွန်တော့်မြင်းကို နေရာချလိုက်ဦးမယ်"

ပြောပြောဆိုဆို ကုန်းနိုးနှင့် အိတ်တွေ တစ်ဘက်ကလွယ်၊ တစ်ဘက်က အိပ်ရာလိပ်ကို ဆွဲပြီး ထွက်ခဲ့သည်။

*

ဟိုတယ်နောက်ဘက်မှ မြင်းတင်းကုပ်ထဲတွင် သူ့မြင်းမကို ဘီးနှင့် ဖြီးပေးနေချိန်တွင် ကင်မရွှန်နှင်းဆီ နောက်ဖေးပေါက်မှ ထွက်လာသည်။ သူ့နောက်လိုက်ခဲ့ဖို့ ခေါင်းဆတ်ခေါ်ပြီး နှစ်ခန်းတွဲ အိမ်သာဆီသို့ လျှောက်သွားသည်။ တစ်ယောက်တစ်ခန်းစီ ဝင်လိုက်ကြ၏။

ကန့်ခြားထားသည့် နံရံက သစ်သားပျဉ်ထောင်ဖြစ်၍ တစ်ဘက်နှင့်တစ်ဘက် ခပ်တိုးတိုးပြောရင် ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီက စမေးလိုက်သည်။

"ကင်မရွန်နှင်းဆီ ဟုတ်ပါတယ်နော်"

"ရှင်ကတော့ ဂျစ်ပစီစမစ် ဟုတ်ပါတယ်နော်"

"နှစ်တွေ ဒါလောက်ကြာခဲ့ပြီ။ ကိုယ် ကြွေးဆပ်စရာ ဘာများ ကျန်သေးလဲ ရို့စ်၊ အခြေအနေ ဘယ်လိုလဲ"

"မကောင်းဘူး၊ ဟိုတုန်းကနဲ့ လုံးဝမတူတော့ဘူး။ ကျွန်မ နဲ့ပါလာတဲ့ လူကြီးကို သိတယ်နော်"

"အိုလီယန်းတစ် မဟုတ်လား၊ ကိုယ်နောက်ဆုံးကြားတော့ သူ ဘီဆင်ဂိုဏ်းမှာ ဝင်နေတယ်ဆို၊ မင်း အဲဒီလူတွေနဲ့ပေါင်းပြီး လုပ်နေတယ် ဟုတ်လား ရို့စ်"

"ဒီအလုပ်တစ်ခုတည်းပါ။ ဒါပေမဲ့ သူတို့နဲ့ ကင်းလို့တော့ ရမယ်မထင်ဘူး။ ရှင် ကျွန်မကို ကူညီခဲ့ဖူးတာ မှတ်မိပါတယ်။ ခု ကျွန်မ အလှည့်ပေါ့"

"နောက်ဆုံးတွေ့တုန်းက ပြောတာ ကိုယ် မှတ်မိပါတယ်။ မင်းဟာ ဘယ်သူ့ကြွေးဖြစ်ဖြစ် ပြန်ဆပ်တတ်တယ် ဆိုတာလေ"

ဂျစ်ပစီက တံခါးရွက်အပေါက်ကလေးမှ အပြင်သို့ ချောင်းကြည့်လိုက်သည်။ မြင်းစီးသမားသုံးဦးလာနေသည်ကို လှမ်းမြင်ရ၏။ နှစ်ဖာလုံအကွာသို့ ရောက်နေကြပြီ။

တစ်ဘက်ခန်းမှ ရို့စ်၏ သက်ပြင်းချသံ ကြားရ၏။

"ဘီဆင်က ရှင်တို့အားလုံးကို သတ်ဖို့ လာနေပြီ"

"ဟုတ်လား၊ ဘာဖြစ်လို့ သူတို့ သတ်ချင် ဖြတ်ချင်ကြတာလဲ"

"သူတို့က လူငှားတွေပါ။ တစ်ယောက်ယောက်က သတ်ခိုင်းတာ။ သူတို့ပစ်မှတ်က မော့စ်ဘာဂျာ။ ကင်းဆပ်စ်က မြေယာကုမ္ပဏီတစ်ခုက ဘီဆင်ကိုငှားပြီး သတ်ခိုင်းတာ၊ လူမည်း



တွေကို ဒီကမြေတွေ ချပေးမလို့ဆို၊ မော့စ်ဘာဂျာနဲ့ သူ့လူတွေကို သတ်၊ အဲဒီသတင်းကို တောင်ပိုင်းမှာ ပြန့်အောင်လုပ်၊ ဒါ သူတို့ စီမံချက်ပဲ။ ကဲ ရှင်လွတ်အောင် ရှောင်နေဖို့ ကျွန်မ သတိပေးတာ"

"မင်း ကောင်းရောင်းကောင်းဝယ် လုပ်စားနေပြီ မဟုတ်လား ရို့စ်၊ ဘာလို့ ဒီအထဲ လာပါနေတာလဲ"

"အင်း ... အခြေအနေအရ ဆိုပါတော့၊ ကစ်ဒ်ဘာနစ်တာနဲ့ ရို့စ် ပတ်သက်နေတယ်။ သူ့နာမည် ကြားဖူးလား"

အလိုရှိသည် ဆုငွေပိုစတာတွင် ကလေးမျက်နှာနှင့် ပုံကို ဂျစ်ပစီ ပြေးသတိရလိုက်သည်။ "သူနဲ့ရို့စ်က တစ်ဖွဲ့လေ၊ သူက ဘီဆင်နဲ့ မဟာမိတ်လုပ်ထားတယ်။ ဘီဆင်တို့လူစုက ဘနဖူး သိုက်တူးတဲ့ လူမိုက်တွေ။ ကစ်ဒ်က တစ်မျိုးပါ။ အင်း ... ရို့စ်က သူနဲ့... သူ့ကို စောင့်ရှောက်နေတယ် ဆိုပါစို့"

"တောင်ဘက်က သုံးယောက်က ဘယ်သူတွေလဲ"

"အဲဒါ ကစ်ဒ်ရယ်၊ ဘီလ်ဘော်လင်ဂျာရယ်၊ ကြောင်နက်ဇ်ရယ်၊ ဘီဆင်နဲ့ ဘီလ်ဟာနေးက မြောက်ဘက်က မကြာခင် ဝင်လာလိမ့်မယ်။ ရဟ်ရတ်သဲသဲမဖြစ်အောင် လူခွဲဝင်လာမှာ"

"ယမ်းဘီလူး ဘီလ်ဘော်လင်ဂျာလား၊ သူ့ခေါင်းလည်း ဈေးတော်တော်ကြီးနေရောမယ်၊ ဘီဆင်ကတော့ ထောင်နဲ့ချီတန် နေပြီပေါ့"

"ဆုငွေ ထုတ်ယူဖို့ စိတ်ကူးရင်တော့ သတိထားနော်၊ အဲဒီလို လူမျိုးတွေ သေကုန်တာမနည်းတော့ဘူး။ ရို့စ်နဲ့ကစ်ဒ်က သူ့ဂိုဏ်းဝင်မဟုတ်ဘူးနော် ဂျစ်ပစီ"

"သိပါတယ် ရို့စ်၊ မပူပါနဲ့"

"ကံကောင်းပါစေ ဂျစ်ပစီ"

ရို့စ်ထွက်သွားသည်။ တည်းခိုခန်းအောက်ထပ် ဘားနှင့်

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ခန်းထဲ ပြန်ဝင်သွား၏။ ဂျစ်ပစီက တံခါးပေါက်အက်ကြောင်းမှ အသာလှမ်းကြည့်နေသည်။

ပစ္စည်းတွေသယ်ပြီး ဂျစ်ပစီ လိုက်ဝင်သွားသည်။ မော့စ်ဘာဂျာတို့အုပ်စု ရှိရာသို့ မသွားဘဲ ကုန်းနှီးတွေနှင့် အိပ်ရာလိပ်ကို အရက်ကောင်တာ အစွန်းဘက်တွင် တင်လိုက်သည်။ အားလုံးကို လှမ်းမြင်နိုင်သည့် နေရာ။

ဂျစ်ပစီ မရောက်မီကလေးတွင် ယမ်းဘီလူး ဘီလ်ဘော်လင်ဂျာက အရက်ကောင်တာကို ရောက်နှင့်နေပြီ။ ဆိုင်ရှင် လစ်စ်ကွန်းကို ဆူပူကြိမ်းမောင်းနေ၏။

"ဒါကို ဝီစကီလို့ ခေါ်သလားကွ၊ ဒါ မိန်းမတွေ၊ နီဂရိုးတွေသောက်တဲ့ အပေါစားအရက်ကွ"

ရှိစ်နှင့်လှမည်းတစ်သိုက်ဆီကို လှမ်းကြည့်ပြီးဆက်ပြောသည်။

"ငါတို့ လူဖြူက ဒီလိုမြင်းတွေ နွားတွေ တိုက်တဲ့အရက်မျိုးမသောက်ဖူးကွ၊ ကောင်းကောင်းထဲက ပေးစမ်း"

"အေး ... ဟုတ်တယ်၊ မပေးရင်..."

သူက ဘီလ်ဘော်လင်ဂျာကို လှမ်းကြည့်ပြီးဆက်ပြောသည်။

"ဒီမယ် ဘီလ်၊ မပေးရင် သူ့ခေါင်းကို ပစ်ခွဲလိုက်ရုံပေါ့။ ဟုတ်တယ်မဟုတ်လား"

ငကြောင်နက်ဖ် ဖြစ်ရမည်ဟု ဂျစ်ပစီ တွက်လိုက်၏။ သူက ပြောပြောဆိုဆို သူ့နှစ်လုံးပြူးသေနတ်ကြီးကို ကောင်တာပေါ် တင်လိုက်သည်။

ကစ်ဒ်ဘာနစ္စတာက သူတို့နှင့် ခပ်လှမ်းလှမ်းတွင် ရပ်နေ၏။ သူ့မျက်နှာလေးက နုနုနယ်နယ်။ လူချောကလေး ဖြစ်သည်။ တစ်ယောက်ယောက်က သူ့သတ္တိကို အမြဲတွန်းအားပေးနေဖို့ လိုနေသည့် ပုံစံမျိုး။



လစ်စ်ကွန်းက ဝီစကီ နောက်တစ်လုံး ထုတ်ပေးသည်။ ဒီတစ်လုံးကိုလည်း သူ မကြိုက်။ လူဖြူသောက်သည့်စံ မမီဟု ဂျီတိုက်ပြန်သည်။ ပြီးတော့ ပုလင်းကိုယူပြီး မော့စ်ဘာဂျာတို့ ထိုင်နေသည့် စားပွဲပေါ် သွားဆောင့်ချလိုက်သည်။

"အဲဒီနွားသေးကို မင်းတို့ပဲ သောက်ကြ၊ ဟုတ်ပြီလား"

မော့စ်ဘာဂျာက စိတ်ကိုထိန်းပြီး ပြန်ပြောသည်။

"ကျုပ်တို့ အလုပ်ကိစ္စ ဆွေးနွေးနေကြတာပါ။ တစ်ဆိတ်ကျွန်တော်တို့ ဆက်ဆွေးနွေးပါရစေ"

ဘော်လင်ဂျာက ကြေညာစာတမ်း တစ်ရွက်ကို ဆွဲယူပြီး

"အင်း ... သိတာပေါ့၊ မင်းတို့ ဘာအလုပ်ကိစ္စ ဆွေးနွေးနေတယ်ဆိုတာ"

နက်ဖ်က ဘော်လင်ဂျာနောက်ကို လိုက်သွားပြီး မော့စ်ဘာဂျာ၏ မျက်နှာကို နှစ်လုံးပြူးနှင့် ချိန်ထားလိုက်သည်။ ဘော်လင်ဂျာကလည်း ခါးမှခြောက်လုံးပြူးကို ဆွဲထုတ်လိုက်၏။ ရှိစ်မှလွဲပြီး ကျန်လူအားလုံးကပါ အသီးသီး သေနတ်တွေ ထုတ်လိုက်ကြသည်။ ရှိစ်က အရက်ကောင်တာကို ကျောခိုင်း၍ တံတောင်နှင့် ထောက်ကာ မှီရပ်ပြီး သူတို့ စားပွဲဆီသို့ စောင့်ကြည့်နေသည်။

ဘော်လင်ဂျာက အမိန့်ပေးသည်။

"ကဲ... မင်းတို့အားလုံး ရပ်လိုက်ကြ၊ ခါးပတ်တွေဖြုတ်၊ သေနတ်တွေ အောက်ချ၊ ပြီးတော့ လက်မြှောက်ထား"

"ဟာ... ဘာအဓိပ္ပာယ်လဲ၊ ပြောကြပါဦး"

မော့စ်ဘာဂျာက တောင်းဆိုလိုက်သည်။

"ဟော့ ... မင်းပါးစပ်ပိတ်ထားစမ်း၊ ဓားတွေပါသိမ်း"

နက်ဆေယာနှင့် ချစ်ကာဆောချာလီက ဓားတွေပါယူပြီး သေနတ်တွေနှင့်အတူ ပုံထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နောက်ဆုတ်၊ နံရံမှာ ကပ်ပြီးရပ်၊ ဟေး ... ရို့စ်၊ သေနတ်တွေယူပြီး မြင်းတစ်စီးပေါ်မှာ သွားတင်"

ရို့စ်က လေသံအေးအေးဖြင့်

"ရှင် ဘော့စ်လာတဲ့အထိ စောင့်ဖို့ကောင်းတယ်"

"ငါပြောတဲ့အတိုင်း လုပ်"

"မလုပ်ဘူး၊ ကျွန်မ ဘီဆင်ရဲ့အမိန့်ပဲ နာခံမယ်"

ကစ်ဒ်ဘာနစ္စတာက သေနတ်ပြောင်းကို ဂျစ်ပစီဘက် လှည့်ပြီး

"သူ့ကိုရော"

ဂျစ်ပစီက ဘီဆင်နှင့် နောက်တစ်ယောက် ရောက်လာသည်အထိ စောင့်ချင်သည်။ သို့သော် ချစ်ကာဆောချာလီရော ကျန်လူတွေပါ လက်နက်ချလိုက်ရပြီ။ မတတ်နိုင်။ အကောင်းဆုံးအချိန်ကို စောင့်ရတော့မည်။

ဘော်လင်ဂျာက ဂျစ်ပစီကို လှမ်းမေးသည်။

"မင်းက ဘယ်သူလဲ"

"ကျုပ်က ချာရိုကီပါ"

ဘော်လင်ဂျာ တွေပြီး စဉ်းစားနေတုန်း ဂျစ်ပစီ၏ လက်ချောင်းများက အိပ်ရာလိပ်ဆီသို့ မသိမသာ ရွေ့နေသည်။ သို့သော် အပြင်ဘက်မှ ဖိနပ်သံတွေ ကြားသဖြင့် တုံ့သွားသည်။ ဘော့စ်ဘီဆင်နှင့် သူ့အဖွဲ့ဝင် ဘီလ်ဟာနေး အခန်းထဲဝင်လာသည်။ သူတို့နှစ်ယောက်က ရုံပိုင်ကို ရှေ့က တွန်းခေါ်လာသည်။ ဘီဆင့်လက်ထဲတွင် ဒသမ ၄၄ နှင့် ဟာနေးက ဝင်ချက်စတာ ရိုင်ဖယ်ကြီးကိုင်လျက်။

ဘီဆင်မှာ အသက်ငါးဆယ်ကျော် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးဖြစ်သည်။ မုတ်ဆိတ်ကို ပြောင်နေအောင် ရိတ်ထားပြီး အနက်ရောင်ဖျော့အရေခွံ ဦးထုပ်ကြီးဆောင်းထားသည်။ မျက်လုံးများ



က ကောက်ကျစ်စဉ်းလဲမည့်ပုံ။ နှာခေါင်းက ငှက်နှုတ်သီး နှာခေါင်းမျိုး။ ဟာနေးက မုတ်ဆိတ်မွေးနှင့်။ မျက်စိက စွေစွေ။

ဘီဆင်က မီးရထားရုံပိုင်ကို ခြောက်လုံးပြူးနှင့် ထောက်ပြီး အရက်ကောင်တာဆီ တွန်းပို့ရင်း အမိန့်ပေးသည်။

"အဲဒီမှာ သွားရပ်နေ"

"ကျွန်တော်တို့ အားလုံးမိထားပြီ ဘော့စ်၊ ဒီမှာ ကြည့်ပါဦး"

ဘော်လင်ဂျာက သခင့်ကို မျက်နှာလိုအားရ လုပ်သည်။ ဘီဆင်က ကြေညာစာတမ်းတစ်ရွက်ကို လှမ်းမြင်ပြီး မော့စ်ဘာဂျာကို သေသေချာချာကြည့်သည်။

"အေး ဟုတ်ပြီ။ သူပဲ"

ဘော်လင်ဂျာက မော့စ်ဘာဂျာကို ကြည့်ပြီး မေးသည်။

"ငါတို့ ဘယ်သူတွေဆိုတာ မင်းသိလား၊ ဟောဒါက ဘော့စ်ဘီဆင်၊ ငါက ဘီလ်ဘော်လင်ဂျာ။ စစ်အတွင်းတုန်းက တို့တွေ ဘာလုပ်လဲ သိလား။ တောင်ပိုင်း ပြောက်ကျားတပ်နဲ့ တို့ပါလာတယ်။ ကင်းဆပ်စ်ကို ဝင်စီးပြီး မင်းလို နီဂရိုး လူကြီးလူကောင်းတွေကိုဖမ်း၊ နီးရာသစ်ပင်မှာ ကြိုးဆွဲချပေးတယ်လေ။ မင်းနဲ့ မင်းလူတွေလည်း ဒီအတိုင်း သွားရမှာပဲ"

"ဟာ ... သေတော့မှာပဲ၊ မင်းတို့ ရူးနေပြီလား။ ဒါ တောင်ပိုင်းမဟုတ်ဘူးကွ"

မော့စ်ဘာဂျာက ဒေါသတကြီး အော်ပြောသည်။ ဘီဆင်က သေနတ်ကို အိတ်ထဲ ပြန်ထည့်ပြီး

"ယန်းတစ်၊ မင်းနဲ့ ကစ်ဒ်နဲ့ လိုတာတွေ သွားပြင်ထား"

ဘီဆင်အမိန့်ပေးတော့ ယန်းတစ်နှင့် ကစ်ဒ်ဘာနစ္စတာ ခပ်သွက်သွက် ထွက်သွားသည်။

ဘီလ်ဟာနေးက ဂျစ်ပစီကို စိုက်ကြည့်နေသည်။ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသွားပြီး

"ဟေး ... လက်စသတ်တော့ ဂုဏ်ထူးဆောင် မုဆိုးကျော်ကြီးပါလားဗျာတို့၊ ဟုတ်တယ်မဟုတ်လား။ မင်း ဂျစ်ပစီစမစ် မဟုတ်လား။ ဟုတ်ပါတယ်၊ သေချာပါတယ်"

သူ့ရိုင်ဖယ်ပြောင်းဝကို ဂျစ်ပစီဆီသို့ ချိန်ထားပြီး

"ဟေး ဘော့စ်၊ ဒီမှာ ကြည့်ပါဦး၊ ဘယ်သူလဲလို့။ ဘော့ကို အမိဖမ်းပေးတဲ့ မုဆိုးကျော်လေ"

"ဟေ ... ဟုတ်လား၊ တကယ်လားကွ ဟင်"

ဂျစ်ပစီက ဘာမှပြန်မပြော။ နက်ခ်က လှည့်ကြည့်ပြီး ဂျစ်ပစီဦးခေါင်းတည့်တည့်ကို နှစ်လုံးပြူးဖြင့် ချိန်လိုက်သည်။

ဘီဆင် စကားဆက်သည်။

"ဘော့အဘာနာသီက ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကွ၊ မင်းဆုကြေးဘယ်လောက်ရသလဲ ပြောပါဦး"

"သူ့တန်ဖိုးထက် ပိုရပါတယ်"

"သူ့ကို ဘာလုပ်လိုက်ကြသလဲ မင်းသိလား"

"သိတာပေါ့၊ ကြိုးပေးလိုက်ကြတယ်လေ"

"ဟုတ်ပြီ၊ မင်းလည်း သူ့လမ်းလိုက်ရမယ် စိတ်ချ။ မင်းခါးက သေနတ်ကို ဖြုတ်ချလိုက်"

နှစ်ယောက် ဝိုင်းချိန်ထားမှတော့ ဘာတတ်နိုင်တော့မည်နည်း။ ဂျစ်ပစီက အမိန့်အတိုင်း နာခံလိုက်ရသည်။

"လာ ... ဟိုမှာသွားပြီး သူတို့နဲ့ အတူရပ်"

ဆော်လင်ဂျာ၏ အမိန့်ဖြစ်၏။ ကောင်တာပေါ်မှ ကုန်းနှီးနှင့်အိတ်တွေကို ယူသွားမည့်ဟန်ဖြင့် အိပ်ရာလိပ်ကိုပါ လက်ကမ်းလိုက်သည်။ အိပ်ရာလိပ်ထဲ လက်ထိုးသွင်းလိုက်သည်နှင့် နှစ်လုံးပြူးကို တင်းတင်းဆုပ်ပြီးသား ဖြစ်သွား၏။ အိပ်ရာလိပ်ကို နက်ခ်



ဘက်သို့ ချိန်ပြီး ခလုတ်ကို ဆွဲလိုက်သည်။ နက်ခ်၏ ခန္ဓာကိုယ်ကြီး နောက်ဘက်သို့ လွင့်ထွက်သွား၏။ ဘာဖြစ်သွားမှန်း ဘယ်သူမှ မသိလိုက်မီ ဂျစ်ပစီက ဟာနေးဆီသို့ နောက်တစ်ချောင့် ပစ်ထည့်လိုက်သည်။ သူ့ရင်ဘတ် ပွင့်ထွက်သွားသည်။ သူ့ကို မှန်ပြီးမှ ရိုင်ဖယ်ခလုတ်ကို ဟာနေးက မောင်းဖြုတ်လိုက်သေးသည်။ သို့သော် ဂျစ်ပစီက ကြမ်းပြင်ပေါ် လှဲချပြီးသား ဖြစ်နေပြီ။ ပစ္စတိုကို သေနတ်အိတ်ထဲမှ ဆွဲထုတ်ပြီး ကောင်တာထောင့်စွန်းတွင် စည်းချက်ညီညီ လူးကာလိမ့်ကာဖြင့် ဆော်လင်ဂျာနှင့် ဘီဆင်ကို တစ်ဆက်တည်း ပစ်သည်။

ဆော်လင်ဂျာက သူ့ဒုသမ ၄၄ ဖြင့် နှစ်ချက်ဆင့်ပစ်သည်။ တစ်ချက်က ဂျစ်ပစီပါးကို ရှပ်ထိသွားသည်။ သို့သော် ဂျစ်ပစီ၏ ပထမကျည်ဆန်က တည့်တည့်မှန်ပြီး ချာလပတ်လည်ကာ လန်ကျသွားသည်။

ဘီဆင်က သေနတ်ကို ဆွဲထုတ်နေစဉ်မှာပင် ဂျစ်ပစီ၏ ဒုတိယကျည်က သူ့ဝမ်းဗိုက်ထဲ ဝင်သွားသည်။ မီးကောင်းနေသည့် မီးလင်းဖိုထဲသို့ သူ့ခန္ဓာကိုယ်ကြီး ထိုးကျသွား၏။

ဂျစ်ပစီ ထရပ်လိုက်သည်။ လက်ညှိုးက မောင်းဖြုတ်ဖို့ အသင့်။ သို့သော် ပစ်စရာမရှိတော့။ ရို့စ်က လက်မြှောက်ပြသည်။ နက်ခ်၊ ဟာနေး နှင့် ဆော်လင်ဂျာတို့ မလှုပ်တော့။

ချစ်ကာဆောချာလီ၊ နက်ဆေယာ နှင့် ဂျိုးပိတို့က သူတို့သေနတ်တွေကို ပြေးကောက်ပြီး အပြင်မှ ခြေသံတွေကို နားစွင့်နေသည်။

ဂျစ်ပစီက အပေါက်ကို အသင့်ချိန်ပြီး စောင့်နေသည်။ အိုလီယန်းတစ်က အပေါက်ဝရောက်လာသည်။ ကစ်ဒ်က သူ့နောက်တွင် သုံးလှမ်းလောက်ကွာသည်။ ရို့စ်က လှမ်းအော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကစ်ဒ် မလာနဲ့၊ အထဲမဝင်…"

သေနတ်သံကြောင့် ရို့စ် ဆက်မအော်ဘဲ တုံ့သွားသည်။ ဂျစ်ပစီ၏ လက်က လုံးဝအချိန်မဖြုန်းဘဲ အလိုအလျောက် မောင်းဖြုတ်မိလျက်သား ဖြစ်သွားသည်။ ကျည်ဆန်က အိုလီယန်းတစ် မျက်လုံးနှစ်လုံးကြားတွင် ဝင်သွားသည်။ သူ့ခန္ဓာကိုယ်ကြီး နောက်သို့လန်ပြီး ရွှံ့ဗွက်ထဲ ထိုးကျသွားသည်။

ဂျစ်ပစီက အပေါက်ဝကို ဆက်ချိန်ထားတော့ သေနတ်ပြောင်းဝက ကစ်ဒ်နှင့် တန်းနေသည်။ ချာတိတ်က သေနတ်ကို ဆွဲထုတ်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

အခြေအနေကို သိလိုက်သော ဂျစ်ပစီက လှမ်းအော်သည်။

"သေနတ်ချလိုက် ကစ်ဒ်"

ကစ်ဒ်က သေနတ်ကို ချလည်းမချ၊ ချိန်လည်းမချိန်။ ကြောင်နေသည်။ သူ အကြောက်လွန်ပြီး ကြက်သေ သေနေခြင်း ဖြစ်သည်။ မျက်လုံးတွေက ကျီးကန်းတောင်းမှောက်။

"မင်းကို မသတ်ချင်ဘူး ကစ်ဒ်၊ သေနတ် ပစ်ချလိုက်ပါ"

ရို့စ်ကလည်း လှမ်းအော်ပြောသည်။

"ဟေး … ကစ်ဒ်၊ သူ ပြောတဲ့အတိုင်း လုပ်လေ၊ သေနတ်ပစ်ချလိုက်"

သူ ဘာကြောင့် ဘာဆုံးဖြတ်လိုက်သည် မသိ။ ပုန်ကန်ချင်စိတ်လား၊ တစ်ဖွတ်ထိုး မိုက်ရူးရဲစိတ်လား မသိ။ ရို့စ်အသံကြားမှ သေနတ်ကို မြှောက်ပြီးချိန်သည်။ သူ့ခလုတ်မဆွဲနိုင်မီ သေနတ်သံ သုံးချက် တစ်ပြိုင်တည်းလိုလို ထွက်လာသည်။

ချစ်ကာဆောချာလီ၊ နက်ဆေယာ နှင့် ဂျိုးပိတို့ လွှတ်လိုက်သော ကျည်ဆန်များသည် ကစ်ဒ်၏ ရင်ဘတ်ထဲသို့ စုပြုံဝင်ရောက်သွားလေသည်။



ရို့စ် အလန့်တကြားအော်သည်။ သို့သော် သူ့အော်သံကို နှလုံးသွေးပျက်ချင်စရာ ကောင်းလှသည့် အော်သံကြီး တစ်သံက လွှမ်းမိုးသွားသည်။ ဘီဆင်သည် တစ်ကိုယ်လုံး မီးစွဲလျက် သွေးရူးသွေးတန်း ထပြေးလာသည်။ သူ့အဝတ်အစားတွေ၊ ဆံပင်တွေ အားလုံး မီးလျှံဖြစ်နေပြီ။

ဘူတာရုံဘက်သို့ ပြေးသွားပြီး မီးရထားစက်ခေါင်း ရေဖြည့်သည့် ရေတိုင်ကြီးအောက်မှ မြင်းရေသောက်ကန်ထဲသို့ ခုန်ဆင်းလိုက်သည်။ ရေတိုင်ကြီး၏ ကန့်လန့်ပိုက်လုံးတွင် ယန်းတစ်နှင့် ကစ်ဒ်တို့ ဆင်ထားသည့် ကွင်းလျှောကြိုး သုံးချောင်းကတွဲလောင်း။

ဂျစ်ပစီ အပြင်သို့ ထွက်ခဲ့သည်။ မြင်းရေသောက်ကန်ထဲတွင် မှောက်လျက်သား ပေါ်လောပေါ်နေသည့် ဘီဆင်၏ ခန္ဓာကိုယ်ကြီးကိုကြည့်ပြီး စိတ်ပျက်လက်ပျက် ခေါင်းယမ်းလိုက်သည်။ ပြီးမှ ပလက်ဖောင်း ရေဘုံဘိုင်ခေါင်းတစ်ခုအောက်တွင် ရေဖွင့်ချပြီး ခေါင်းထိုးခံလိုက်သည်။

ရုံပိုင်ထွက်လာပြီး စကားပြောသည်။

"ကျွန်တော့်မြေးတွေဘာတွေ ရတဲ့အခါ ပြောချင်ပါတယ်။ 'ဘီဆင်ဂိုဏ်းကို ဖြိုလိုက်တဲ့လူနဲ့ ငါ လက်ဆွဲနှုတ်ဆက်ဖူးတယ်ကွ' လို့။ ဒါဟာ သမိုင်းမှာ ထင်ကျန်မယ့် အဖြစ်ဗျ"

ခေါင်းမှ ရေတွေကို ခါထုတ်ပြီး ဘောင်းဘီနောက်အိတ်ထဲမှ ခေါင်းစည်းထုတ်၍ လက်တွေခြောက်အောင် သုတ်သည်။ ပြီးမှ သူ့ဆီ ကမ်းပေးလိုက်၏။ ရုံပိုင်က တလေးတစား လက်ဆွဲနှုတ်ဆက်သည်။

ဂျစ်ပစီကတော့ စိတ်လှုပ်ရှားမှု မရှိ။ ဂုဏ်ယူစရာကိစ္စဟုလည်း မထင်။ သေနတ်ပစ်ပွဲတစ်ပွဲပြီးလျှင် သည်အတိုင်းပင်။ မဆိုသလောက် စိတ်လှုပ်ရှားသွားပြီးလျှင် နောက်တော့ ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ မကျန်တော့သလို ဟင်းလင်းကြီးဖြစ်ကျန်နေတတ်သည်။

ပွဲတစ်ပွဲပြီးလျှင်၊ အန္တရာယ်တံတားတွေကို ကျော်လွှားဖြတ်သန်းပြီးပြီဆိုလျှင် မနေတတ်၊ မထိုင်တတ် ဖြစ်ကျန်ရစ်သည်။ အဖြစ်အပျက်ဟာ ဟုတ်မှဟုတ်ရဲ့လားဟု မယုံချင်သလိုလို ဖြစ်တတ်သည်။

ရှီ့စ်က ကစ်ဒ်၏ ဦးခေါင်းကို မပြီး ပေါင်ပေါ်တင်လျက် ရှိုက်ကြီးတငင် ငိုနေသည်။ ဂျစ်ပစီက အနားကပ်သွားပြီး

"ကိုယ် စိတ်မကောင်းပါဘူး ရှီ့စ်၊ ကိုယ် ကြိုးစား ..."

ပြောရင်း ဘာဆက်ရမှန်း မသိသလို အဆုံးမသတ်နိုင်ဘဲ ဖြစ်နေသည်။ ပြီးမှ ထပ်ပြောလိုက်၏။

"ကိုယ် တကယ် စိတ်မကောင်းပါဘူး"

"ကျွန်မ သူ့ကို သားတစ်ယောက်လို ဂရုစိုက်ခဲ့ပါတယ်။ သူ့အဖေ ဘီလ်ဘာနစ္စတာကလည်း လူကောင်းပါ။ သူ့ဗီဇကိုက လူဆိုးလုပ်ချင်တာ ထင်ပါရဲ့။ ဒါပေမဲ့ သူ အဲဒီဘက်မှာ ပါရမီ မပါပါဘူး။ သူ့ကို ဘယ်လိုပြောပြော မရဘူး"

မော့စ်ဘာဂျာက ပလက်ဖောင်းပေါ်တွင် ဆောက်တည်ရာမရ လျှောက်သွားနေရင်း ရေတိုင်မှ တွဲလောင်းကျနေသည့် ကြိုးများကို ကြည့်နေသည်။

"ဒါပဲ၊ အဲဒါပဲ၊ အဲဒါကြောင့် မောင်ရင့်ကို ကျုပ်ပြောနေတာ"

မော့စ်ဘာဂျာက ဂျစ်ပစီဆီသို့ လျှောက်လာပြီး ပြောသည်။

"ဘာဆိုလိုတာလဲဗျ"

"ဘာကြောင့် ကိုရင် ကျုပ်တို့နဲ့ လက်တွဲရမယ်ဆိုတာ ရှင်းနေပြီလေ။ ဘာမှ မသိနားမလည်တဲ့ တို့လူမည်းတွေနဲ့ ဒီလို လူတွေ တွေ့ရင် ဘာဖြစ်မလဲ၊ ရှင်းပြီလား။ စဉ်းစားပါ ဂျစ်ပစီ"

ဂျစ်ပစီက ခန္ဓာကိုယ်ကို ခြေတစ်ဖက်တည်းပေါ်တွင်ထားပြီး

"အင်း ... ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်"



"ဒါဆို တောင်ပိုင်းကို လိုက်မယ်ပေါ့"

မော့စ်ဘာဂျာ ဝမ်းသာအားရ မေးလိုက်သည်။

"အင်း ... လိုက်ဖြစ်ပါလိမ့်မယ်"

*

## အခန်း (၄)

မင်းဖစ်အောက်ပိုင်း မစ္စစ္စပီ မြစ်ကမ်းတစ်နေရာရှိ မြောက်ပိုင်းသို့ လာကြမည့် လူတွေစုဝေးရာ စခန်းကို ဂျစ်ပစီ ခေးကြည့်နေသည်။ လူတစ်ထောင်လောက် ရှိလိမ့်မည်။ သူ့တာဝန်မှာ သည်လူအုပ်ကြီးကို စုစည်းပြီး မြောက်ပိုင်းသို့ ခေါ်သွားဖို့ဖြစ်၏။

ခရီးကြမ်းကို လှမ်းနိုင်ပုံမရသည့် လူမမာတွေ၊ ကိုယ့်ရိက္ခာကိုယ်တာဝန်မယူနိုင်သည့် အလွန်အမင်း ဆင်းရဲသူတွေကိုတော့ ထားခဲ့ရမည်။ ဂျစ်ပစီက သူတို့ကို နားလည်အောင်ရှင်းပြသည်။

"မြောက်ပိုင်းကို အရောက်သွားချင်ရင် မသွားနိုင်တဲ့ လူတွေကို ထားခဲ့မှဖြစ်မယ်။ အဲဒါ ခင်ဗျားတို့ဘာသာ ရွေးကြ"

ဤသို့ဖြင့် လိုက်နိုင်မည့်လူဦးရေ တစ်ဝက်လျော့ကျသွားသည်။ သို့တိုင်အောင် အိုကလာဟိုးမားသို့ အရောက်သွားနိုင်ပုံမပေါ်သည့် လူတွေအများကြီး။

ပုံမှန်အတိုင်း တစ်နေ့ကို အနည်းဆုံး မိုင်နှစ်ဆယ် လျှောက်နိုင်ရမည်။ နှစ်ဆယ့်နှစ်ရက် ဆက်တိုက် လျှောက်ရမည်။ သူတို့ ဘယ်လို တတ်နိုင်ပါမည်လဲ။ အထူးသဖြင့် စီးစရာ ဘာမျှမပါဘဲ ခြေကျင်လျှောက်မည့်လူတွေ။ သူတို့အထဲမှ အချို့မှာ ဖိနပ်ပင်မပါ။ ဘယ်လို ဖြစ်နိုင်ပါမည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်အတူ ပါလာသည့် အချို့လှည်းများကိုလည်း ဂျစ်ပစီ အားမရ။ လူတစ်ယောက်က ကလေးတွေ ဆော့သည့် လှည်းကို ဆိတ်သိုးကြီးနှင့် ဆွဲလာသည်။ နောက်တစ်ယောက်က ကလေးကစားစရာ မြင်းရထားကို စွတ်ဖားဆွဲသည့် ခွေးတစ်ကောင်ဖြင့် ဆွဲလာသည်။ တွန်းလှည်းတွေ၊ စက်ဘီးတွေလည်း အများကြီး ပါ၏။

အချို့ကတော့လည်း ခရီးရှည်၊ ခရီးကြမ်းအတွက် ပစ္စည်းရိကျွာအပြည့်အစုံပါသည်။ မင်းဖစ်မှ ဂျစ်ပစီ ဦးဆောင်ထွက်လာသည့် လူအုပ်ကြီးထဲတွင် သည်လိုလူက တစ်ရာထက်မပို။ သူတို့အထဲတွင် အားရစရာကောင်းသူတွေလည်း ပါ၏။ မစ်ဖိုရီမြည်းတွေ၊ နိုင်းမြင်းတွေနှင့်၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံး ကိရိယာတန်ဆာပလာတွေ အပြည့်အမောက် တင်လာသည့် လှည်းကြီးများကို ဆွဲလျက်။

အချို့ကလည်း အင်ဒီယန်မြင်းပုကလေးများကို စီးလာကြ၏။ အချို့ကတော့ လယ်ထွန်မြင်းတွေပေါ်တွင် လူရော ကုန်ပါတင်လျက်။ မြင်းကောင်းကောင်းစီးလာနိုင်သူက အနည်းအကျဉ်းသာပါသည်။

မြင်းကောင်းစီးနိုင်သူများထဲမှ ဆယ်ယောက်ကိုရွေးပြီး အုပ်ချုပ်ဖို့ တပ်စိတ်မှူးတာဝန်ပေးလိုက်သည်။ သူတို့က ခရီးတွင်အောင်၊ မနှောင့်နှေး မကြန့်ကြာရအောင် မောင်းကြလိမ့်မည်။

ဂျစ်ပစီက အရေးပေါ်ရပ်တန့်ဖို့ ကိစ္စနှစ်ခုကိုသာ ခွင့်ပြုသည်။ တစ်ယောက်ယောက် သေသည့်အခါနှင့် မွေးသည့်အခါသာဖြစ်၏။ အလွန်ပြင်းထန်တင်းကျပ်သည့် စည်းကမ်းဖြစ်၏။ သို့သော် မတတ်နိုင်။ အိုကလာဟိုးမားကို မြေယာချပေးချိန်မီအောင် သွားရမည့်အတွက် ဂျစ်ပစီ ဖွတ်လုပ်ရခြင်းဖြစ်သည်။



မြည်းတစ်ကောင်ဆွဲလှည်းကြီး တစ်စီးက ဂျစ်ပစီ့အတွက် အူးဆန်းနေသည်။ ပိုင်ရှင်က ဒရှုစီလာပ္ပိုင်တာ ခေါ် မိန်းမချော ဘစ်ယောက်ဖြစ်၏။ ပိတုန်းရောင်ကေသာကို ဖွတ်မြီးထိုးကာ ခေါင်းပေါ်တွင် ခွေတင်ထားသည်။ ကော်ဖီရောင် အသားအရေက ကတ္တီပါသားလို နူးနူးညက်ညက်။ သူက သူ့လှည်းကို မြည်းနှစ်ကောင်ဘစ်လှည့်စီ ဆွဲခိုင်းသည်။ သူလှုပ်ရှားပုံမှာ ယောက်ျားတစ်ယောက်အတိုင်း ခွန်နှင့်အားနှင့်ဖြစ်၏။ ပြီးတော့ လွတ်လွတ်လပ်လပ်။ ဆလာကကို ထိမထင်သည့်ပုံ။

သူနှင့်အတူ ပါလာသည့် ကလေးခြောက်ယောက်အတွက် ခုက်ပြုတ်စားသောက်ပုံမှာ ဖွယ်ဖွယ်ရာရာ။ ပြီးတော့ သူက ကျောင်းဆရာမတဲ့။

သူ့တပည့် ခြောက်ယောက်အနက် လေးယောက်မှာ ယောက်ျားကလေးများဖြစ်၏။ နှစ်ယောက်က မိန်းကလေး။ ကလေးများသည် သူ့အား အမေလေးလို၊ အစ်မကြီးလို ချစ်ကြသည်။ သူတို့အားလုံး မိဘမဲ့၊ ခိုကိုးရာမဲ့ကလေးတွေ ဖြစ်၏။

သည်ကလေးများကို သူက တင်နက်ဆီအိမ်မှ အခန်းတစ်ခန်းတွင် စာသင်ပေးသည်။ တစ်ညတွင် ကေသုံးလုံးအဖွဲ့က သူ့အိမ်ကို မီးရှို့ဖျက်ဆီးလိုက်ကြသည်။ မကြာခင်အတွင်း မြည်းနှစ်ကောင်နှင့် သှည်းတစ်စီးဝယ်ပြီး လှည်းပေါ်ကို အိမ်သုံးပစ္စည်းတွေ၊ စာအုပ်တွေနှင့် ဘယ်မှ သွားစရာမရှိသော ကလေးတွေကိုတင်ပြီး မြောက်ပိုင်းသို့ထွက်မည့် လူအုပ်ကြီးထဲ ဝင်လာခဲ့ခြင်းဖြစ်သည်။ စိတ်ထဲတွင်မြတ်သောမြေသို့ ဦးတည်ထွက်လာသည့် ဘုရားဖူးတစ်ဦးလို စွဲထင်လျက်။

ခရီးဘယ်လောက်ကြမ်းကြမ်း၊ ရာသီဥတု ဘယ်လောက်ဆိုးဆိုး၊ ကလေးတွေကို သူ စာသင်မပျက်။ ညရပ်နားချိန်တွင် ခုက်ပြုတ်စားသောက်ပြီးသည်နှင့် မီးဖိုဘေးတွင်စုပြီး စာဖတ်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို စာသင်နေချိန်တစ်ချိန်တွင် သူ့တဲရှိရာသို့ ဂျစ်ပစီ ရောက်သွားခြင်းဖြစ်၏။ ကလေးတွေ စာသင်တာကို လာကြည့်ပါရစေဟု ခွင့်တောင်းပြီး သူရောက်လာခြင်းဖြစ်၏။ စာသင်တာကို စိတ်ဝင်စားတာလား၊ ငါ့ကို စိတ်ဝင်စားတာလားဟု ဒရူစီလာ သူ့ကို သင်္ကာမကင်း ဖြစ်လိုက်သေးသည်။

သို့သော် မကြာခင် ကိုယ့်ကိုယ်ကိုယ် မှားကြောင်း ဒရူစီလာ သိလာ၏။ အံ့လည်း အံ့သြမိသည်။ သူက စာရေးစာဖတ်ကို တကယ် စိတ်ဝင်စားနေသူပါလား။ သူ့လို မာနကြီးသူ၊ မာကျောသူ တစ်ယောက်တွင် နူးညံ့ခြင်းကို တွေ့ရသဖြင့်လည်း ပို၍အံ့သြရ၏။

မင်းဖစ်စခန်းကို မဟူရာမြင်းနက်ကြီးနှင့် စရောက်လာသည့် နေ့ကတည်းက သူ မာနကြီးပုံကို သတိထားမိသည်။ အရယ်အပြုံး လုံးဝမရှိ။ သူ့တာဝန်ကို သူကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် ခပ်အေးအေး ပြောသွားသည်။ ရန့်ရင်းကြမ်းတမ်းသည့် စကားလုံး တစ်လုံးမျှ မပါ။ ဟိတ်ကြီးဟန်ကြီးလေသံလည်း မစွက်။ ဒါကိုတော့ ဒရူစီလာ သဘောကျသည်။ ကလေးတွေနှင့် ကျပြန်တော့လည်း သူအရော တဝင်နေသည်။ ဖတ်စာတွေကို အလှည့်နှင့် ဝင်ဖတ်သည်။

တစ်မနက်တွင် ခရီးသွားနေရင်း ဒရူစီလာ လှည်းနားသို့ သူရောက်လာသည်။ ဦးထုပ်ကို လက်နှင့်တို့ပြီး နှုတ်ဆက်သည်။

"မင်္ဂလာပါ မစ္စဒရူစီလာ၊ ရာသီဥတုက ဒီနေ့မဆိုးဘူးနော်၊ ဟုတ်ပြီလား"

"ဟုတ်တယ်မဟုတ်လားလို့ ပြောရတယ်"

ပြင်ပေးသည့်အတွက် သူ ရှက်များသွားလေမည်လားဟု သူ့ကို ဖျတ်ခနဲ အကဲခတ်လိုက်သည်။

"ဒီမယ် ... စာသင်နေချိန်မဟုတ်လည်း ရှင်မှားရင် ကျွန်မ ပြင်ပေးရမလား"



"ဟုတ်ကဲ့၊ ပြင်ပေးပါဗျာ၊ ကျွန်တော့်အမေ ပြောဖူးတယ်။ မသိနားမလည်တာဟာ ရှက်စရာမဟုတ်ဘူးတဲ့။ သင်ပေးမယ့်လူ ရှိရက်နဲ့ မတတ်တာကမှ ရှက်စရာတဲ့"

သူ့အမေအကြောင်းတော့ ပြောဖော်ရသားပဲ။ ဆက်ပြီး စပ်စုကြည့်လိုက်သည်။

"အင်း ... အသိဉာဏ်မြင့်တဲ့ အမျိုးသမီးကြီးပဲ။ သူက ကျွန်တစ်ယောက်ပဲလား"

"အင်း ... သူ့တစ်သက်လုံးနီးပါး ဆိုပါတော့"

သိပ်အားမစိုက်ရဘဲ သူ့အကြောင်း တစ်စွန်းတစ်စ သိလာရသည်။ သူ့အမေကို ပိုင်ဆိုင်သူမှာ လူဖြူတစ်ယောက်မဟုတ်။ ချာရိုကီ အကြီးအကဲ ဝါဒွမ်းစိုက်ပျိုးခြံ သူဌေးတစ်ဦးဖြစ်သည်။ သူက 'စမစ်' ဟူသည့် လူဖြူနာမည် ယူထားသူဖြစ်သည်။ ဂျစ်ပစီက သူ့သား။

"ဩော် ... သူက ရှင့်ကို သားအဖြစ် အသိအမှတ်ပြုပြီး သူ့နာမည်ပေးတယ်ပေါ့၊ ဟုတ်လား"

"ဆိုပါတော့၊ ကျွန်တော်က တစ်ပိုင်း သူ့သား၊ တစ်ပိုင်းကတော့ သူ့ကျွန်ပေါ့။ ချာရိုကီတွေက သူတို့ကျွန်တွေကို လူဖြူတွေ ဆက်ဆံသလို မဆက်ဆံကြပါဘူး။ ၁၈၆၅ ခုနှစ်မှာ ကျွန်စနစ် ဖျက်တော့ ကျွန်တော် ချာရိုကီလုံးလုံး ဖြစ်သွားတော့တာပေါ့"

လှည်းဘီးတစ်ဘက် ချိုင့်ထဲကျသွားတော့ ဒရူစီလာက ရေ့ကိုကိုင်းပြီး ခုံကြီးကို ထိန်းလိုက်သည်။

"ဒီမယ် ဂျစ်ပစီစမစ်..."

ခေါ်လိုက်ပြီးမှ ဆက်ပြောဖို့ သူတုံ့နေသည်။ ပြီးမှ နှုတ် မေးလိုက်၏။

"ဒီမယ် ... ရှင့်မှာ အိမ်ထောင်ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရှိခဲ့ဖူးပါတယ်။ သူက ကွန်မင်ချီအင်ဒီယန်။ ကြာခဲ့ပါပြီ။ အဲဒီတုန်းက ကျွန်တော် ခင်ဗျား ခုအရွယ်လောက်ပဲ ရှိသေးတယ်။ ဘယ်လောက်ရှိပြီလဲ။ နှစ်ဆယ့်တစ်နှစ်ပေါ့"

"နှစ်ဆယ့်နှစ်နှစ်။ သူ အခုဘယ်မှာလဲ"

"မရှိတော့ဘူး၊ သေသွားပြီ။ ကင်းဆပ်စ်မှာ တိုက်ဖွိုက် ရောဂါနဲ့သေတာ၊ သားလေးပါ ဆုံးသွားတယ်။ စခန်းထဲမှာ လူ တစ်ဝက်လောက် ချောသွားတယ်"

"သားလေး ... ဟုတ်လား၊ ကလေးတစ်ယောက် ရတယ် ပေါ့"

"ဟုတ်တယ်၊ ဆုံးတဲ့အချိန်မှာ နှစ်နှစ်ပြည့်နေပြီ"

"ကျွန်မ စိတ်မကောင်းလိုက်တာ"

သူက ပန်းတွန့်ပြီး

"အင်း ... ကြာခဲ့ပါပြီလေ"

"နောက်အိမ်ထောင် မပြုတော့ဘူးပေါ့"

"ဟာ ... မစ္စဒရူစီလာ၊ ကျွန်တော့်လိုကောင် မိန်းမယူရင် ဘယ်တရားပါ့မလဲဗျာ။ ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ ဘဝနဲ့ ဘယ်ဖြစ်ပါ့မလဲ"

ရှေ့ပိုင်းမှ မြင်းစီးသမားတစ်ယောက် တအားဒုန်းစိုင်းလာနေသည်။ ပါးစပ်မှ အသားကုန်အော်ခေါ်နေ၏။

"ဂျစ်ပစီ၊ ဂျစ်ပစီ၊ မြန်မြန်လာပါ"

ဖိနပ်ဆူးချွန်နှင့် မဟူရာမ၏ နံဘေးကို တို့လိုက်ပြီး တစ်ဟုန်ထိုး စီးထွက်သွား၏။ လမ်းလယ်တွင် လက်ဝါးကပ်တိုင် တစ်ခုကို မီးရှို့ထားသဖြင့် ရှေ့ဆုံးလှည်း ဆက်မသွားရဲဘဲ ရပ်နေသည်။ လက်ဝါးကပ်တိုင်က ရှစ်ပေလောက်မြင့်သည်။ ရေနံဆီစိမ်ထားသည့် အဝတ်များဖြင့်ပတ်ပြီး မီးရှို့ထားခြင်းဖြစ်၏။



ဂျစ်ပစီက အနားထိတိုးသွားပြီး မြင်းပေါ်မှ ဆင်းကာ လမ်းနံဘေးသို့ ဆွဲချပစ်လိုက်သည်။

"ကဲ ... ဆက်သွားကြ"

ရှေ့ဆုံး တပ်စိတ်မှူးကို ဂျစ်ပစီက အမိန့်ပေးလိုက်သည်။ ရှေ့ဆက်သွားကြတော့ မလှမ်းမကမ်းတစ်နေရာမှ လမ်းဘေးသစ်ပင် ဘွင် ဖြစ်ကတတ်ဆန်းရေးကတ်ထားသည့် ဆိုင်းဘုတ်ကို တွေ့ရ သည်။

"ဒီနယ်ထဲကို ရောက်လာသမျှ နီဂရိုးအားလုံး ကြိုးပေး သတ်မည်"

ထိုညတွင် စခန်းပတ်ပတ်လည် ကင်းနှစ်ဆယ်ချထားသည်။ အသက်အန္တရာယ်နှင့် မကြုံမချင်း စမပစ်ရဟု ဂျစ်ပစီက အမိန့်ပေး ထားသည်။

"မသက်သာစရာ လှုပ်ရှားမှုတွေ့ရင် အချက်ပေးတဲ့အနေနဲ့ မိုးပေါ်ထောင်ပစ်၊ တို့ ချက်ချင်းရောက်လာမယ်"

နောက်ပိုင်း မဟူရာမကို အစာကျွေးပြီးတော့ ချောင်းနံဘေး မြက်ခင်းထဲတွင် လှန်ထားခဲ့ပြီး သူ့လူတွေ ချက်ပြုတ်စားသောက် နေကြပုံများကို လိုက်ကြည့်သည်။ ဒရူစီလာ၏ နေရာရောက်တော့

"ဝင်စားပါလား၊ အများကြီး ချက်ထားတယ်၊ ရှဉ့်ကြော် ရယ်၊ ပဲသီးပြုတ်ရယ်၊ ဘီစကွတ်မွှေးလည်း ရှိတယ်"

လူယဉ်ကျေးတို့၏ လောကဝတ်စကားများကို မဆိုတတ် သော ဂျစ်ပစီက ရိုးရိုးကြီး ပြောချလိုက်သည်။

"ပိုပိုသာသာရှိရင်တော့ စားချင်တာပေါ့ဗျာ၊ ကိုယ့်ဘာသာ ချက်စားရတာ တစ်ခါမှ လျှာရင်းမမြက်ပါဘူး"

"မင်ဂိုရေ ... ပန်းကန်တစ်ချပ် ယူခဲ့ဟေ့..."

ဒရူစီလာက အကြီးဆုံးမလေးကို လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂုန်ပဒိုပန်းကန်ထဲကို ဦးဦးဖျားဖျား ခူးခပ်ထည့်ပေးကြသည်။ သို့သော် သူက မစားသေးဘဲ အားလုံးစုံလင်သည်အထိ ယဉ်ကျေးစွာ စောင့်သည်။ ပြီးမှ ရှဉ့်ပေါင်တစ်ပေါင်ကို ကောက်ယူလိုက်သည်။ အားလုံးက သူ့ကို တအံ့တသြ လှမ်းကြည့်နေကြသဖြင့် သူ တွေသွားသည်။

"ကဲ … မစ္စတာစမစ်က လူကြီးဆိုတော့ သူက ဦးဆောင်ပြီး ဆုတောင်းပေးလိမ့်မယ်"

ဂျစ်ပစီက ရှဉ့်ပေါင်ကို ပန်းကန်ထဲ ပြန်ထည့်ပြီး

"အို … အဲ … ကျွန်တော် မဆိုတတ်ဘူးဗျ"

"ကဲ … ကဲ … ဒါဆိုလည်း ကလားရင့်စ်အလှည့် မဟုတ်လား၊ မင်းပဲဆို"

အားလုံး ပန်းကန်ပြားတွေပေါ် ခေါင်းငုံ့လိုက်ကြတော့ ဂျစ်ပစီကလည်း ရှက်ရှက်နှင့် ခေါင်းငုံ့ထားလိုက်ရသည်။

ကလားရင့်စ်က ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို တိုင်တည်ရွတ်ဆိုသည်။ ပြီးမှ ကလေးတွေ မြိန်ရေရှက်ရေ စားကြ၏။ သို့သော် သူတို့ မျက်နှာကလေးတွေ ညှိုးနေသည်။ သိပ်မရွှင်ကြ။

ဒရူစီလာက ရှင်းပြသည်။

"အဲဒါဟာ ကေသုံးလုံးဂိုဏ်းရဲ့ အရိပ်မည်းကြီးကြောင့်ပဲ။ သူတို့ မမေ့နိုင်ကြသေးဘူးလေ"

ပန်းကန်တွေ ဆေးကြောပြီးစီးတော့ မီးညှိန့်ကျိုးနေပြီဖြစ်သည့် မီးဖိုန်ဘေးတွင် သူတို့ ဝိုင်းဖွဲ့ထိုင်ကြသည်။ သစ်ပင်တစ်ပင်တွင် ချိတ်ထားသော မှန်အိမ်အလင်းရောင်ဖြင့် ဒရူစီလာက သူတို့ကို ကျမ်းစာဖတ်ပြသည်။

ဂျစ်ပစီက သူ့ကို အသာစောင့်ကြည့်နေသည်။ သူ့မျက်နှာ



ကလေးကို အလင်းရောင်မှိန်မှိန်တွင် မြင်နေရ၏။ တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တွင် သူ့အသံ သာသာကလေးကို ကြားနေရ၏။ ဂျစ်ပစီ ရင်ထဲတွင် တစ်ခါတလေသာ ဖြစ်ပေါ်ဖူးသည့် လှိုင်းတစ်မျိုး လှုပ်ခတ်သွားသည်။

တစ်ပြိုင်တည်းတွင် သူတို့နှင့် ဝင်ရောလို့မရဘဲ ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေရသည့်ဘဝကို ဆင်ခြင်မိသည်။ ထရပ်လိုက်ပြီး သူတို့အုပ်စုကို သွားနှုတ်ဆက်သည်။

"စခန်းအခြေအနေ လှည့်စစ်လိုက်ဦးမယ်၊ သွားမယ်နော်"

"ကလေးတို့ လုပ်စရာရှိတာ ဆက်လုပ်၊ မအိပ်ခင် ဘုရားရှိခိုး၊ ဆရာမ မစ္စတာစမစ်နဲ့ လမ်းလျှောက်လိုက်ဦးမယ်"

ဒရူစီလာက စခန်းပတ်ပတ်လည်ကို ဂျစ်ပစီနှင့်အတူ လျှောက်ကြည့်သည်။ တစ်နေရာအရောက်တွင် နိဒါန်းမပျိုးဘဲ မေးလိုက်၏။

"ဂျစ်ပစီစမစ်၊ ရှင် ခရစ်ယာန်မဟုတ်ဘူးလား"

"မဟုတ်ပါဘူး မစ္စဒရူစီယာ၊ အင်း … မဟုတ်ဘူးလို့ဘဲ ပြောရမှာပေါ့"

"ဘယ်တုန်းကမှ မဖြစ်ခဲ့တာလား"

တစ်စုံတစ်ခု မျှော်လင့်စရာ ရှိသေးသလို ဒရူစီလာ မေးသည်။

"အင်း … ကလေးဘဝတုန်းက ဟုတ်ခဲ့မယ် ထင်တယ်"

"ခရစ်ယာန်အယူဝါဒဟာ ကလေးတွေအတွက်ပဲလို့ ရှင် ထင်သလား"

မေးပုံက အကျပ်ကိုင်ခြင်းမျိုးလည်းမဟုတ်၊ ပြသနာလုပ်ခြင်းမျိုးလည်း မဟုတ်ပေ။

ဂျစ်ပစီ မဆိုသလောက် မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ကျွန်တော် မသိပါဘူးဗျာ၊ ကျွန်တော့်အထင်တော့ ဆုတောင်းပြည့်တဲ့လူတွေအတွက်လို့ ထင်ပါတယ်"

ဒရူစီလာက ခေါင်းညိတ်ပြီး နှုတ်ဆက်ကာ သူ့လက်မောင်းကို အသာပုတ်ပြီး ပြန်လှည့်သွားသည်။

*

နယ်ခြားကိုဖြတ်ပြီး ချာရိုကီလူမျိုးစုဒေသထဲသို့ ရောက်လာခဲ့ကြပြီ။ တစ်နေရာတည်းသို့ ဦးတည်သွားနေကြသော ပြည်နယ်အသီးသီးမှ လူတန်းကြီးတွေနှင့် ဆုံရသည်။ အများစုက လူဖြူတွေ။ သူတို့က သီးသန့်အုပ်စု။ နီဂရိုးအုပ်စုတွေကိုလည်း ရံဖန်ရံခါတွေ့ရ၏။ သူတို့ကတော့ ကေသုံးလုံးတွေကို ကြောက်ပြီး ထွက်ပြေးလာရင်း သည်လှည်းတန်းကြီးကိုတွေ့တော့ အားကိုးအားထား ပူးပေါင်းလာကြသူများ ဖြစ်သည်။

ဤသို့ဖြင့် တာလီကွာသို့ ရောက်သည့်အခါ ဂျစ်ပစီ၏ လှည်းတန်းကြီးမှာ တစ်ထောင်နီးပါးဖြစ်လာသည်။ အားလုံး လူမည်းတွေချည်းဖြစ်၏။ သို့သော် သူတို့အထဲတွင် ထူးထူးခြားခြား အဖြူမတစ်ယောက်ပါလာသည်။ သူ့နာမည်က ယူလာရပ်စ်မှုဆန်။ အမျိုးသမီးသည် ကျီးတို့အလယ်မှ ဗျိုင်းတစ်ကောင်လို သိသာထင်ရှားနေ၏။ နောက်တစ်ခု ထူးခြားချက်မှာ အပေါ်နှုတ်ခမ်းနှစ်ခြမ်းကွဲ နေခြင်းဖြစ်သည်။

သူက မင်နီဆိုတာမှ ထွက်လာခဲ့ခြင်းဖြစ်သည်။ မြည်းအိုကြီးတစ်ကောင်တွင် ရှိသမျှ ပစ္စည်းများတင်ကာ တစ်လမ်းလုံး ခြေကျင်လျှောက်လာခဲ့ခြင်းဖြစ်သည်။ အဖာတစ်ရာနှင့် ခြေမျက်စိဖုံး အင်္ကျီရှည်ကြီးကို ဝတ်လာသည်။ နေရောင်ကာခေါင်းစွပ်ပါ တစ်



ဆက်တည်းချုပ်ထားသည့် အင်္ကျီမျိုး။ မျက်နှာကိုပါ မိုးထားသည့် အဆောင်းဖြစ်၍ မလှမပ နှုတ်ခမ်းကိုလည်း လူတွေ မမြင်နိုင်ဘူးပေါ့။

ယယ်ယယ်ကတည်းက အမေကို မတွေ့ရ။ နှုတ်ခမ်းကွဲ အရုပ်ဆိုးမကလေးကို မွေးပြီးပြီးချင်း မင်နီဆိုတာ မိဘမဲ့ကလေး ကျောင်းလှေကားထစ်တွင် အမေက စွန့်ပစ်သွားခဲ့ခြင်းဖြစ်သည်။

ကလေးမ၏ မျက်နှာသွင်ပြင်ကြောင့် မွေးစားမည့် မိဘများ ပေါ်မလာခဲ့ပေ။ ဤသို့ဖြင့် မိဘမဲ့ကလေးများ ဂေဟာတွင် ဆယ့်လေးနှစ်နေခဲ့ရသည်။ သည်နောက်ပိုင်းတွင် ယာတောတစ်ခုတွင် အလုပ်လုပ်ဖို့ ဂေဟာက ပို့လိုက်သည်။ သို့သော် ယူလာက ဘဝ ကံကို ယိုးမယ်ဖွဲ့ပြီး စိတ်ဓာတ်ကျ ငိုကြွေးနေသူမျိုးမဟုတ်။ ဉာဏ် ထက်သည့်မိန်းကလေး ဖြစ်သည့်အလျောက် သူ့ဘဝသည် သာမန် ဘဝမျိုး မဖြစ်နိုင်ကြောင်း မဆွကပင် သိထားပြီးဖြစ်သည်။ လင် နှင့် သားနှင့် အိမ်ထောင်နှင့်ဘဝမျိုးကို ဘယ်တော့မှ မရနိုင်ကြောင်း လည်း နားလည်ထားပြီးသားဖြစ်၏။

ဘဝတွင် အမြင့်မားဆုံး ရည်မှန်းချက်မှာ မြေကလေး တစ်ကွက်လောက်ပိုင်ပြီး အိမ်ကလေးတစ်လုံးနှင့် နေနိုင်ဖို့ပဲ ဖြစ်၏။ ကိုယ့်အိမ်ကိုယ့်ရာနှင့်ဆိုလျှင် အကျည်းတန်ဘဝမှ ထွက်ပြေးကာ ခပ်မှောင်မှောင် ထောင့်တစ်ထောင့်မှာကပ်ပြီး ဇက်ကလေးပုထားနိုင် သည် မဟုတ်လား။

သည်ဘဝမျိုး ရနိုင်အောင် ဘုရားမှာ ညစဉ်ဆုတောင်းပြီး ရသမျှလုပ်ခကို ကျစ်ကျစ်ပါအောင် စုဆောင်းသည်။ အသက် လေး ဆယ်ငါးဆယ်အရွယ်တွင် မြေတစ်ကွက် ဝယ်နိုင်ရမည်ဟု အနိုင် အမာ ယုံကြည်ထားသည်။

ဤတွင် အင်ဒီယန်ပိုင်မြေတွေကို အစိုးရက မြို့ရွာတွေ တည်ပြီး ခွဲဝေပေးမည့်အကြောင်း ကြားကြားချင်း ရှိစုမဲ့စုငွေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မြည်းတစ်ကောင်ဝယ်ကာ အထုပ်အပိုးတင်လျက် ထွက်လာခဲ့ခြင်း ဖြစ်သည်။

နီဂရိုး လှည်းတန်းကြီးတွေနောက်မှ လိုက်ပါလာခဲ့သည်။ တစ်နေ့တွင် မိုးတွေ ရွာချသဖြင့် မီးခြစ်ရေစိုသွားသည်။ မီးမမွှေးနိုင်သဖြင့် မီးကူးရန် ဒရူစီလာဆီသို့ မီးစတစ်စ လာတောင်းသည်။ ဒရူစီလာသည် လူဖြူမှန်သမျှ ဘယ်သူ့ကိုမှ မယုံချင်။ အထူးသဖြင့် အမျိုးသမီးက မျက်နှာကို အုပ်ထားသဖြင့် ပို၍ မသင်္ကာဖြစ်လာသည်။ သို့သော် တစ်ချက်တွင် အရုပ်ဆိုးလှသော သူ့မျက်နှာကို လှမ်းမြင်လိုက်သည်။ နှုတ်ခမ်းမှာ နှစ်ခြမ်းကွဲနေပြီး သွားဖုံးနှင့်သွားတွေကို အတိုင်းသားတွေ့လိုက်ရသည်။ ဤတွင်မှ သနားစိတ်ဝင်ကာ အမျိုးသမီးကို အကြောင်နာပိုမိတော့သည်။ အထင်မှားမိသည့်အတွက်လည်း ရှက်စိတ်ဝင်မိ၏။

နောက်တစ်နေ့တွင်လည်း လှည်းတန်းကြီးနှင့်အတူ ယူလာ လိုက်ပါလာသည်။ သူတို့နှင့် တစ်လှေတည်းစီး မဟုတ်သော်လည်း သွားနေမည့် ခရီးပန်းတိုင်က တစ်ခုတည်းဖြစ်၍ သူတို့လျှောက်သည့် နှန်းအတိုင်း အမှီလိုက်လျှောက်ကာ ဒရူစီလာ၏ လှည်းနှင့် မလှမ်းမကမ်းမှ လိုက်လေ့ရှိသည်။ အချိန်ကုန်မှန်း၊ ခရီးပန်းရမှန်း မသိအောင် တစ်ယောက်နှင့်တစ်ယောက် စကားတပြောပြော လျှောက်ကြသည်။

တစ်နေ့စခန်းချကြစဉ် ယူလာက ဒရူစီလာဆီကို ဇွဲပြီးသား မီးကျိုးခဲ လာတောင်းသည်။

“ချက်မနေပါနဲ့ ယူလာရယ်၊ ဒီမှာပဲ စားလိုက်ပါ။ ထောပတ်သား ချက်ထားတယ်။ အသီးအရွက်တွေလည်း အစုံရှိတယ်”

ဟုဖိတ်တော့ ယူလာတစ်ယောက် ဝမ်းသာအားရ သူ့ယာယီတဲဆီပြန်ပြေးသွားပြီး မင်နီဆိုတာမှ ဝယ်လာသည့် ချယ်ရီသီးဘူး ယူလာသည်။ စားသောက်ပြီးကြတော့ ချယ်ရီသီးဖြင့် အချိုတည်းကြသည်။ သည့်နောက်တွင် ယူလာသည် ဒရူစီလာအနားတွင်နေကာ သူတို့အဖွဲ့ကလေးနှင့်ပေါင်းပြီး ချက်စားသည်။ ချက်စရာ ပြုတ်စရာတွေ ယူလာသည်။ ကလေးတွေနှင့် ဝိုင်းလုပ်သည်။ ဒရူစီလာ့ကို ကူသည်။



သူတို့နှစ်ယောက်ကို ပိုမိုနီးစပ်စေသည့် အဖြစ်တစ်ခု ပေါ်လာသည်။ အိုကလာဟိုးမားသို့မရောက်မီ သုံးရက်အလို ‘ခရို’ အင်ဒီယန်နယ်ထဲကို ဖြတ်နေစဉ်တစ်ရက်တွင် ဒရူစီလာ၏ မြည်းတစ်ကောင် သေသွားသည်။ ဒုက္ခလှလှကြီး တွေ့ရပြီ။ ဒရူစီလာ ဘာဆက်လုပ်ရမှန်းမသိအောင် ဦးနှောက်ခြောက်သွားသည်။ သည် ခရီးစဉ်တန်းကြီးထဲကနေ ချန်နေခဲ့ရမှာလား၊ လှည်းကြီးကို ထားခဲ့ရမှာလား။ လှည်းထဲတွင် နယ်သစ် ပယ်သစ် ဘဝသစ်မှာ ကျောင်းဖွင့်ဖို့ စာအုပ်တွေအပြည့်။ ပြီးတော့ အိမ်သုံးပစ္စည်းတွေ အစုံအလင်။

ယူလာက သူ့မြည်းကိုဖယူလာပေးသည်။ ဒရူစီလာ၏ ကျန်သည့် မြည်းတစ်ကောင်နှင့် ယှဉ်ပြီး တပ်ပေးသည်။ သူ့ပစ္စည်းတွေကို လှည်းပေါ်ပစ်တင်ပြီး ပါးစပ်ကို လက်တစ်ဖက်ဖြင့် ကွယ်ကာ “ကဲ အိုကလာဟိုးမားကို ခရီးဆက်ကြစို့” ဟုပြောလာသည်။

ရီနိုခံတပ်ကို သူတို့ ဧပြီလ ၁၈ ရက်နေ့တွင် ရောက်သည်။ မြေယာချထားရေးမလုပ်မီ လေးရက်အလို။ ဂျစ်ပစီစခန်း မောင်းလွန်းသဖြင့် တစ်လမ်းလုံး မကျေမနပ်ဖြစ်လာသူများပင် ဝမ်းသာအားရ ဖြစ်နေကြပြီ။ လူတွေအားလုံး ရွှင်ပြုံးတက်ကြွနေကြသည်။ တစ်သက်နှင့်တစ်ကိုယ် အိမ်မက်ပင် မမက်ဖူးသည့် ကိုယ်ပိုင်မြေယာတွေ ရတော့မည်။ အိုကလာဟိုးမား နယ်ထဲရောက်လာတော့ ဘဝတူ မြေရှာလာသူများနှင့် ထပ်ဆုံကြရသည်။ လမ်းတစ်လျှောက်တွင် ကြိတ်ကြိတ်တိုးစည်ကားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီပင် သူတို့ဓာတ်ကူးပြီး ပျော်သလိုလိုဖြစ်လာ၏။ ဘဝ်လျှောက်လုံး တစ်ကိုယ်တော်လင်းယုန်ဘဝဖြင့် နေခဲ့သော သူ့နှလုံးသားသည် အသိုင်းအဝန်း အစုအဖွဲ့နှင့် နေရသည့်ဘဝကို အားကျသလိုလိုဖြစ်လာသည်။

ညပိုင်းတွင် ဒရူစီလာနှင့် ကလေးများ ရှိရာသို့ ရောက်နေခဲ့သည်။ လှည်းတန်းကြီးတစ်ခုလုံး အစအဆုံး မီးပုံပွဲလုပ်ကာ ပျော်နေကြသည်။ မိသားစုဘဝ၊ အိုးနှင့်အိမ်နှင့် ကိုယ်ပိုင်မြေပေါ်တွင် အတည် တကျဘဝသည် လက်တစ်ကမ်းတွင် ရှိနေပြီ။ ဂျစ်ပစီစမစ်သည်ပင် ပျော်ရွှင်မှုဖြင့် မူးရီမူးဝေ ဖြစ်နေလေသည်။

ဒရူစီလာလည်း အလားတူ တွေးနေပုံရသည်။ သူထပြန်သွားတော့ သူ့နောက်သို့ ထလိုက်သွားသည်။ လက သုံးပုံနှစ်ပုံလောက်ပြည့်နေသည်။ ကြယ်တွေက သိန်းသန်းကုဋေ၊ ရှုခင်းတစ်ခုလုံးကို ငွေရောင်ဖျော့ဖျော့ ဆွတ်ဖျန်းပေးနေ၏။ သူတို့နှစ်ယောက် ဆပါပလာပင်ရိပ်တွင် ထိုင်ချလိုက်ကြသည်။

ဒရူစီလာ စကားစသည်။

"ရှင် ဘယ်လိုစီစဉ်မလဲ။ မနက်ဖြန်ဆို ရှင့်အလုပ်ပြီးပြီလေ"

"အင်း ... လောလောဆယ်တော့ ကျွန်တော် ဒီလိုပဲ ဘဝလည်လည် ဖြစ်နေဦးမယ် ထင်ပါရဲ့။ လူတွေ မြို့တစ်မြို့တည်တာကို ကြည့်ရမှာ တော်တော်စိတ်ဝင်စားဖို့ ကောင်းမယ် ထင်တယ်"

"ကျွန်မတို့အားလုံးက အဲဒီအထဲမှာ ရှင်ပါ ပါစေချင်တာ"

"ကျွန်တော် တစ်ခုပြောပြမယ် မစ္စဒရူစီလာ"

"အို... ကျွန်မကို မစ္စဒရူစီလာ၊ မစ္စဒရူစီလာနဲ့ လုပ်မနေပါနဲ့တော့၊ တော်လောက်ပါပြီ။ ဘာလို့ ဒါလောက် ယဉ်ကျေးနေတာလဲ။ ရှင်က ကျွန်မကို တစ်ခါတလေမှာ ကလေးတစ်ယောက်လို



ဆက်ဆံနေတယ်။ ကျွန်မ ကလေးမဟုတ်ဘူး ဂျစ်ပစီစမစ်၊ ရှင်လည်း အဘိုးကြီးမဟုတ်ဘူး"

"ဟုတ် ... ဟုတ်ပါတယ်၊ ခင်ဗျား ကလေးမဟုတ်ပါဘူး ဒရူစီလာဒါလင်၊ အဲ ... ဒါပေမဲ့ ကျွန်တော်ကတော့ အသက်ကြီးပြီ။ ခင်ဗျားရဲ့..."

"အို ... တော်ပါတော့၊ ပြဿနာမဟုတ်ပါဘူး။ ကျွန်မအတွက်ပြောတာ၊ ရှင့်အတွက် ပြဿနာ ဖြစ်နေလို့လား"

ပြောက်ပြောက်ကျားကျား ထိုးကျနေသည့် လရောင်တွင် သူ့ဘက်သို့ မျက်နှာလှည့်လိုက်သည်။ သူက ဒရူစီလာ့ပခုံးပေါ်မှ ခြုံထည်ကလေးကို ပြင်ခြုံပေးသည်။ ပြီးတော့ မိန်းကလေး၏ ပါးပြင်နှင့် လည်တိုင်ကို အသာပွတ်သပ်ကြည့်နေသည်။

"ဒရူစီလာဒါလင်၊ ခုချိန်မှာတော့ ကိုယ့်အတွက် ဘာပြဿနာမှ မရှိတော့ပါဘူး"

ပြောပြီး ရင်ခွင်ထဲဆွဲသွင်းကာ မွတ်မွတ်သိပ်သိပ် နမ်းလေတော့သည်။ ဒရူစီလာက သူ့လည်ပင်းကို တအားသိုင်းဖက်ကာ ကွဲကွာနေသော ချစ်သူကို ပြန်တွေ့သလို ရင်တလှပ်လှပ်နှင့် သူ့အနမ်းကို တုံ့ပြန်နေသည်။

ဂျစ်ပစီက လက်တစ်ဖက်ဖြင့် မိန်းကလေး၏ ခါးကျဉ်ကျဉ်ကလေးကို သိုင်းလျက် ပွေ့ယူလိုက်သောအခါ နှုတ်ခမ်းနှစ်ခုတို့ ပို၍ ခွင်ကျလာသည်။ ဒရူစီလာ အသက်ရှူမြန်လာပြီ။ ဂျစ်ပစီက သူ့ကိုယ်ကလေးကို မြက်ခင်းပေါ်သို့ အသာကလေး လှဲချမည် အပြုတွင် ဒရူစီလာ အလန့်တကြား ရုန်းထွက်လိုက်သည်။

ဘာပြောရမှန်းမသိဘဲ စကားဆွံ့နေပြီးမှ

"ကျွန်မ ပြန်တော့မယ်၊ ဂွတ်နိုက်" ဟု နှုတ်ဆက်ပြီး ထွက်သွားတော့သည်။ လရောင်အောက်တွင် သူ့နောက်ပိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီ ငေးကြည့်ကျန်ရစ်သည်။

သည်တော့မှ မီးပုံပွဲက လူမည်းတို့၏ ဘင်ဂျိုသံ၊ တောထဲမှ ပုရစ်အော်သံတို့ကို သတိပြုမိသည်။ အသာထိုင်ပြီး ရင်ထဲမှ ခံစားမှုကို ပြန်စဉ်းစားနေသည်။

အင်း ... တော်တော် အစဉ်းစားရကြပ်တဲ့ ကိစ္စပါလား၊ ဘာဖြစ်သွားတာပါလိမ့်။ စဉ်းစားရင်း အိပ်ရာလိပ်ချိတ်ထားခဲ့သည့် ပေါ်ပလာပင်ရှိရာသို့ လျှောက်သွားသည်။

*

၁၈၈၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ နံနက်ခင်း။

ထိုနေ့မှာ အင်ဒီယန်နယ်မြေထဲသို့ ပြိုင်ပွဲစနစ်ဖြင့် ပထမဆုံး မြေတွေ ချပေးသည့်နေ့ ဖြစ်သည်။ အားလုံး စည်းကမ်းတကျနှင့် မှုမှုတတရှိသည်။ ပြိုင်ပွဲဝင်ဖို့ တန်းစီနေသည့် လူတွေကို စနစ်တကျ လိုက်ထိန်းပေးသည်။ ကြားဖြတ်ဝင်လာသူတွေမရှိအောင် စောင့်ကြပ်ပေးသည်။

ဂျစ်ပစီစမစ်က မဟူရာမကိုဆွဲပြီး လူမည်းတွေကို အားပေးစကားပြောသည်။ အကြံဉာဏ်ပေးသည်။ လမ်းအကြောင်းကို သူတို့အား နားလည်အောင် ညွှန်ပြသည်။ သို့သော် နေမြင့်လာသည့်အခါ မဟူရာမကို အညောင်းအညာဖြေ လေ့ကျင့်ခန်းလုပ်ဦးမည်ဆိုကာ ကဆုန်စိုင်းထွက်သွားသည်။

စင်စစ် အိုကလာဟိုးမား လူဝင်မှုကြီးကြပ်ရေးအရာရှိ အေးမို့စ်ဖူလ်တန်က သူ့ကို တာဝန်တစ်ခု ပေးသဖြင့် သူပါ ဝင်ပြိုင်ရဖို့ ဖြစ်လာခဲ့သည်။ ချပေးမည့်မြေကွက်များထဲမှ သုံးကွက်မှာ အလွန်အရေးပါသည့် နေရာဖြစ်သည်။ 'ပေါ်ပလာချောင်း' ဖျား စမ်း



ရေအိုင်ပတ်ပတ်လည်မှ မြေကွက်များဖြစ်သည်။ မြို့တည်ဆောက်ရေး စီမံကိန်းအတွက် အလွန်အချက်အချာကျသည့် နေရာဖြစ်သည်။ သည်မြေကွက်သုံးကွက်ကို လူမှုရေးစိတ်ဓာတ်မရှိသည့် မလိုတမာလူများ လက်သို့ အရောက်မခံနိုင်။ မြို့ရေပေးရေးစီမံကိန်း မပြီးခင် ပေါ်ပလာချောင်းရေကိုပင် တစ်မြို့လုံး အားထားရမည် ဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာတို့အတွက် သည်မြေကွက် သုံးကွက်အနက် ရေထွက်စမ်း ရှိသည့် ချောင်းဖျားအကွက်သည် သေနင်္ဂဗျူဟာအကွက် ဖြစ်လာသည်။ ဤတွင် အေးမို့စ်က ဂျစ်ပစီအား ဝင်ပြိုင်စေခြင်း ဖြစ်၏။

ဂျစ်ပစီက ပျော်ပျော်ပင်လက်ခံလိုက်သည်။ သို့သော် ပြိုင်စီးရမည့်မြင်းတွေက ကင်တတ်ကီမြင်းမျိုးတွေ၊ ဗွေကောင်းဗွေသန့်တွေ။ သုံးလေးမိုင်တာဆိုလျှင်တော့ သူတို့ကို မဟူရာမ မနိုင်နိုင်။ သို့သော် ပေါ်ပလာရေထွက်စမ်းက ဆယ်မိုင်ကျော်ဝေးသည်။ တာဝေးဆိုလျှင် မဟူရာမ မကြောက်။ ပြီးတော့ သည်လမ်းတွေက သူ့သခင် ဂျစ်ပစီ မျက်စိမှိတ်စီးနိုင်သည့်လမ်းတွေ မဟုတ်လား။

ထိုနေ့မနက်စောစော ဒရူစီလာတို့ အခြေအနေကို ဝင်ကြည့်ခဲ့သေးသည်။ လှည်းကြီးပေါ်က ပစ္စည်းတွေ သူတို့ အားလုံးချပြီးနေပြီ။ သောက်ရေအိုးနှင့် ကလားရင့်စ်သာ လှည်းပေါ်တွင် ကျန်သည်။ ကလေးအားလုံး ပစ္စည်းစောင့်ရန် ထားခဲ့ပြီးဖြစ်သည်။

"အလုပ်ပြီးရင် ကလားရင့်စ်ကို ပြန်လွှတ်လိုက်မယ်နော်။ အားလုံးကြားတယ်နော်"

ဒရူစီလာကပြောပြီး ယူလာနှင့်အတူ လှည်းပေါ် ခုန်တက်လိုက်သည်။ ဂျစ်ပစီက သူတို့လှည်းကို တာထွက်မည့်နေရာသို့ လိုက်ပို့သည်။ တန်းစီနေသည့်မြင်းကွင်းမှာ စုံလှသည်။ မြင်းတွေ၊ ရထားလုံးတွေ၊ ဒေါက်ကတ်တွေ၊ အမိုးဖွင့်လှည်းတွေ၊ စက်ဘီးတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ခြေကျင်သမားတွေ၊ ဂျစ်ပစီက ဒရူစီလာကို နေရာချပေးပြီး လမ်းကြောကို သေသေချာချာပြောပြသည်။

"ကဲ ... ကျွန်တော် နေရာယူလိုက်ဦးမယ်။ ခွင့်ပြုပါဦး၊ ကံကောင်းပါစေ မစ္စဒရူစီလာ"

ဂျစ်ပစီက ဦးထုပ်အနားစွန်းကို လက်နှင့်ထိပြီး နှုတ်ဆက်သည်။

"ရှင်လည်း ကံကောင်းပါစေ ဂျစ်ပစီစမစ်"

ဂျစ်ပစီက ယူလာကိုလည်း အလားတူ နှုတ်ဆက်သည်။

"ကံကောင်းပါစေရှင်၊ ကျေးဇူးတင်ပါတယ်"

ပါးစပ်ကို လက်နှင့်ကွယ်ပြောသဖြင့် သူပြုံးနေသလား၊ တည်နေသလားဆိုတာ ဂျစ်ပစီ မသိနိုင်ရှာပေ။

မြင်းတပ်သားများက တာလွှတ်အချက်ပေးသေနတ်ဖောက်ဖို့ အချိန်ကို စောင့်နေကြသည်။ ပြိုင်ပွဲဝင်အားလုံး ငြိမ်တိတ်နေ၏။ မွန်းတည့်ချိန်တွင် တိတိကျကျ သေနတ်သံတွေ ဟိန်းထွက်သွားသည်၊ အော်ဟစ်အားပေးသံများ ထွက်လာ၏။ ပြိုင်ပွဲဝင် မြင်းစီးသမားများကလည်း ခါးမှသေနတ်များကို ကိုယ်စီထုတ်ကာ မိုးပေါ်ထောင်၍ တာလွှတ်အချက်ပေးသံကို တုံ့ပြန်ရင်း စထွက်ကြသည်။ ဟူး ... ဟေး .. နှင့် ဆူညံစွာ အော်ဟစ်သွားကြ၏။

အမြန်ဆုံးမြင်းက ရှေ့ဆုံးမှ လွှားခနဲခုန်ထွက်ပြီး ပြိုင်ပွဲဝင်လူအုပ်ကြီးနံဘေးမှ ဖောက်ထွက်သွားသည်။ မြင်းတွေ လန့်ဖျပ်ပြီး ထခုန်ကြသည်။ လှည်းတွေတစ်စီးနှင့်တစ်စီး ဝင်စောင့်ကာ အလဲလဲအပြိုပြို ဖြစ်ကုန်သည်။

ရုတ်ရုတ်သဲသဲ ဖြစ်သွားသည့် မြင်ကွင်းကို ဂျစ်ပစီ ရိပ်ခနဲသာ မြင်လိုက်သည်။ သို့သော် မဟူရာမကို ရှေ့ဆုံးရောက်အောင်သူ မကြိုးစားသေး။



တစ်မိုင်လောက် ခရီးပေါက်တော့ ရှေ့ဆုံးမှ မြင်းစီးသမားအရှိန်လျော့သွားသည်။ လမ်းအနေအထားကို သူစဉ်းစားရတော့မည်။ သူ့ရှေ့မှ ရောက်နေသူများကို ဂျစ်ပစီ ရေတွက်ကြည့်လိုက်သည်။ အားလုံး ရှစ်ယောက်။ သူတို့မြင်းတွေက အားလုံး ထိပ်တန်းမြင်းတွေ။ တန်ဖိုးအရှိဆုံး ပေါ်ပလာစမ်းကို အရောက်လှမ်းဖို့ကြိုးစားနေကြသည်။

နှစ်မိုင်လောက်ရောက်တော့ သူတို့အထဲမှ သုံးယောက်၏မြင်းကြီးတွေ ခြေလှမ်းမမှန်တော့။ နောက်တစ်မိုင်နှစ်မိုင်အတွင်း မဟူရာမက သူတို့ကို ကျော်တက်သွားသည်။ ရှေ့မှ လုလုခုံခုံ မြင်းကြီးတွေလည်း နတ်မြင်းပျံသို့ မမြူးကြွားနိုင်ကြတော့။ မဟူရာနှင့် သူတို့ မိုင်ဝက်လောက်သာ ကွာတော့သည်။

ရှေ့မှတစ်ယောက် ချောက်ထဲထိုးကျသွားသည်ကို မြင်လိုက်၏။ ရှေ့တွင် လေးယောက်သာ ကျန်တော့သည်။ လီရှိုင်ကင်းက သူ့အုပ်စုထဲမှ လူမည်းဖြစ်၏။ ခရီးတစ်လျှောက် တပ်စိတ်မှူးအဖြစ် တာဝန်ယူခဲ့သူ။ သူ့မြင်းကြီးက ကင်တတ်ကီမျိုးကောင်းကောင်ကြီးဖြစ်သည်။ ကျန်သုံးယောက်က လူဖြူတွေ။ တစ်ယောက်၏ မြင်းက အညိုဖျော့ဖျော့။ နောက်တစ်ကောင်က အုန်းခွံရောင်။ ရှေ့ဆုံးမှကောင်ကြီးက သစ်ကြားသီးရောင် ဇရာမမြင်းထီးကြီး။ သုံးကောင်စလုံး ပြိုင်မြင်းတွေချည်း။ ပြီးတော့ တာဝေးအပြေး ကျင့်ထားပြီးသားမှန်း သိသာနေ၏။

ချာလိပ်ပြီး လဲကျသွားသည့် နောက်တစ်ကောင်က အုန်းခွံကြီး။ မြင်းစီးသမားလည်း လွင့်ကျသွားသည်။ ရှေ့တွင် သုံးကောင်ကျန်သေးသည်။ လီရှိုင်ကင်း၏ မြင်းကြီးလည်း ခြေလှမ်းမမှန်တော့ပေ။ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့် တောင်ကုန်းတစ်ခုကိုရောက်တော့ သူ့ကို ဂျစ်ပစီ ကျော်တက်နိုင်လုနီးနီး ဖြစ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



သည်တောင်တန်းကလေးက တစ်မိုင်လောက်ရှည်သည်။ ဂျစ်ပစီက မဟူရာမကို တောင်ကြောလမ်းပေါ်မှ တောင်ခြေမြက်တောထဲသို့ အပြေးမောင်းဆင်းလာခဲ့သည်။ မြက်တောထဲတွင် လမ်းကလေးရှိ၏။ အသော့နှင်နိုင်သည့် လမ်းကလေး။

တောင်ကြောပေါ် ပြန်ရောက်တော့ မဟူရာက မြင်းညိုနှစ်ကောင်၏ ရှေ့မိုင်ဝက်လောက် ရှုံးနေပြီ။ ဂျစ်ပစီ ရှေ့ဆုံးရောက်နေပြီ။ သူ့ကိုလှမ်းမြင်တော့ မြင်းစီးသမားနှစ်ယောက် မျက်လုံးပြူးသွားကြ၏။

သူတို့ မြင်းတွေကို နှင်တံနှင့် တအားရိုက်သည်။ သို့သော် အညိုနှရောင်ကောင်ကြီး အရှိန်မမြှင့်နိုင်တော့ပေ။ သစ်ကြားသီးရောင်ကောင်ကြီးကတော့ အားနှင့်မာန်နှင့် အရှိန်ပြန်ပြင်းလာသည်။ မဟူရာမကို မီလာသည်။ မြင်းနှစ်ကောင် ပခုံးချင်းယှဉ်ပြီး ပန်းဝင်ဖို့ သူ့ထက်ငါ အပြိုင်ကြဲနေကြပြီ။

ဂျစ်ပစီက တစ်ဘက်မှ မြင်းစီးသမားကို ဖျတ်ခနဲ ငုံ့ကြည့်သိုက်သည်။ အထက်တန်းစားဝတ်စုံပြည့် ဝတ်ထားသည့် လူကုံထံဘစ်ယောက်။ ခေါင်းညိတ်ပြီး တလေးတစား အသိအမှတ်ပြုသိုက်၏။

လူဖြူမြင်းစီးသမားက ဦးထုပ်ကို လက်နှင့်တို့ပြီး ပြန်အလေးပြုသည်။ ပေါ်ပလာစမ်းကိုရောက်ဖို့ ခြောက်ဖာလုံခန့်သာ လိုတော့သည်။ ဂျစ်ပစီ ပန်းဝင်ပြီ။ ကိုယ်ကို ရှေ့ကိုင်းပြီး အော်လိုက်၏။ "ကဲ ... သမီးရေ ... ပြေးတော့ဟေ့"

ဦးထုပ်ကိုချွတ်ပြီး မဟူရာမနံဘေးကို ရိုက်ပြီး ဖိနပ်ကစကြာဆူးဖြင့် အသာတို့ပေးလိုက်သည်။ မဟူရာမသည် လေထဲတွင် ဝဲကာ လွှားကာ လွှားကနဲ သူ့အရှိန်ကို နှစ်ဆ တိုးလိုက်သည်။ ခွာသံတွေ တဖြောင်းဖြောင်း။ ဖုန်တွေ တထောင်းထောင်း။

သစ်ကြားသီးရောင်ကောင်ကြီးက သခင်၏ ကြိမ်ချက်



ကြောင့် အသားကုန်ပြေးရှာသည်။ သို့သော် မဟူရာမကို မမီတော့ပေ။ မြေကွက်လက်လွှတ်ဆုံးရှုံးရတော့မည့်အကြောင်း သိလိုက်သည့် လူဖြူမြင်းစီးသမားသည် သူ့မြင်းကြီးပေါ်တွင် ခေါင်းငိုက်စိုက် ကျသွားသည်။ ဂျစ်ပစီကို တစ်ချက်လှမ်းပြီး အလေးပြုလိုက်၏။

ဂျစ်ပစီက မဟူရာမကို ပုတ်ပြီး

"ကျေးဇူးတင်ပါတယ် သမီးရယ်" ဟု ပြောလိုက်သည်။ လျှောပြေပြေတစ်နေရာရောက်တော့ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်။

မြေဧကတစ်ရာ့ခြောက်ဆယ်တဲ့။ ငါမြေပိုင်ရှင်ဖြစ်ပြီ။ ရှုခင်းကို ဝေ့ကြည့်လိုက်သည်။ ပေါ်ပလာချောင်းသည် တောင်ကုန်းတစ်ဝိုက်တွင် ရစ်ခွေစီးဆင်းနေသည်။ ရှုလေရာတိုင်းတွင် ဝက်သစ်ချပင်တွေ၊ မေပယ်ပင်တွေနှင့် စိမ်းစိုအုပ်ဆေလျက်ရှိသည်။ တောင်ကြောတစ်လျှောက်တွင်တော့ မြကမ္ဗလာမြက်ခင်း။ ရေထွက်စမ်းကို ဝန်းရံထားသော ပေါ်ပလာပင်တွေက အခြားအပင်တွေထက် ပိုစိမ်းသည့် အစိမ်းရင့်ရောင်။

*

ပြေးပွဲပြိုင်ပွဲစပြီး နှစ်နာရီအတွင်း မြို့တည်ဖို့ မြေကွက်များ ချထားရေးကိစ္စ ပြီးသွားသည်။ အချို့က သုံးကွက်၊ လေးကွက်အထိ ရကြသည်။

မွန်းလွဲ ၂ နာရီတွင် နေရာတိုင်း တဲတွေ ထိုးနေကြပြီ။ ညနေစောင်းတော့ လူတွေ ထောင်နှင့်ချီပြီး စုဝေးမိကြ၏။ အားလုံးလူမည်းတွေချည်း ဖြစ်သည်။ ပြိုင်ပွဲရှုံး၍ မြေကွက်မရသူများကမူ ယောင်လည်လည် ဖြစ်နေကြသည်။ သူတို့တွင် စားစရာလည်းမရှိ၊ နေစရာလည်းမရှိ။

မြေကွက်ရသူများက တပျော်တပါး စုဝေးပြီး မြို့တော်ခန်းမ

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်မည့်နေရာသို့ သွားကြသည်။ အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် အေးမိုဝ်ဖွလ်တန်က မိန့်ခွန်းပြောသည်။ မြို့ကလေးကို 'လွတ်လပ်ရေးမြို့' ဟု နာမည်ပေးမည့်အကြောင်း ကြေညာသည်။ အခြားလူမည်းမြို့ ခြောက်မြို့ တည်ဆောက်ရန်လည်း စီမံကိန်းရှိကြောင်း ပြောပြသည်။ အားလုံး အိုကလာဟိုးမား လူဝင်မှုကြီးကြပ်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်မည့်အကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင် ပထမဦးဆုံးပေါ်လာမည့် လူမည်းမြို့များဖြစ်ကြောင်း ရှင်းပြသွားသည်။

"ချိုကတည်းက ယဉ်သကိုဆိုသလို စစချင်းပဲ မကျေနပ်မှုတွေ၊ အငြင်းပွားမှုတွေ၊ သေနတ်ချင်း ယှဉ်ပစ်မှုတွေ ဖြစ်လာနေပြီ။ ဒါကြောင့် ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးကို ချက်ချင်းလုပ်ရမယ်။ လောလောဆယ် ယာယီအစီအစဉ်အနေနဲ့ ဂျစ်ပစီစမစ်ကို ကျွန်တော်တို့ မြို့သူကြီးခန့်ထားဖို့အဆိုပြုပါတယ်။ သဘောတူကြပါရဲ့လား"

"တူပါတယ်၊ တူပါတယ်"

ဟူသည့် အသံကြီး ထုနှင့်ထည်နှင့် ထွက်လာသည်။ အော်ဟစ်ထောက်ခံကြသည်။ ဖွလ်တန်က ဖြောက်အိုးချာလီကို ဂျစ်ပစီ့ဆီ သတင်းပို့ဖို့ ခေါ်ပြောလိုက်သည်။ ချာတိတ်ကို ဖြောက်အိုးချာလီဟု ခေါ်ခြင်းမှာ စကားပြောလျှင် ဖြောက်အိုးအတွဲလိုက်ဖောက်သလို မြန်လွန်းသောကြောင့် ဖြစ်၏။

ဂျစ်ပစီက ပြိုင်ပွဲပန်းမဝင်နိုင်သဖြင့် မြေကွက်မရသည့် အဘိုးကြီးတစ်ယောက်အားငှားပြီး သူ့မြေကွက်ကို အစောင့်ထားခဲ့ကာ ဒရူစီလာကို ရှာဖို့ ပြန်လာခဲ့သည်။ ဒရူစီလာနှင့် ယူလာသည် မြို့အရှေ့တောင်ဘက်သို့ မြေနီလမ်းကြမ်းပေါ်တွင် မြင်းလှည်းကို ဝုန်းဒိုင်းကြဲ မောင်းချလာခဲ့ကြသည်။ မြို့နှင့်သုံးမိုင်အကွာလောက်တွင်



သူတို့မြေကွက်ကို ရှာတွေ့သည်။ နယ်ခြားငုတ်ရိုက်ပြီးသား။ ယှဉ်လျက်သား အကွက်နှစ်ကွက်။

"အဲဒါ တို့အကွက်ကွ"

ဒရူစီလာက ဝမ်းသာအားရ အော်လိုက်သည်။ ယူလာက ပါလာသည့် ငုတ်တွေယူပြီး ခုန်ဆင်းသွားသည်။ တစ်သက်နှင့် တစ်ကိုယ် အိပ်မက်ပင် မမက်ဖူးသည့် မြေပိုင်ရှင်ဘဝကို ရပြီဖြစ်၍ နှစ်ယောက်စလုံး ရင်တွေခုန်နေသည်။ ကလေးတွေက အထုပ်အပိုးတွေ လှည်းပေါ်မှ ချနေစဉ် ဂျစ်ပစီ ရောက်လာသည်။

ဒရူစီလာ စိတ်ပူစ ပြုလာသည်။ သူ ငုတ်ရိုက်ပြီးမှ တစ်စုံတစ်ယောက်က ထပ်လာရိုက်လျှင် မခက်လား။ မလှမ်းမကမ်းတွင် လူတစ်ယောက် ရစ်သီရစ်သီ လုပ်နေသည်ကို သတိထားမိသည်။

ဂျစ်ပစီရောက်လာတော့ ဘန်းမေးသည်။

"တကယ်လို့ မြေလုရင် ဘယ့်နယ်လုပ်မလဲဟင်"

သည်စနစ်ဖြင့် မြေချပေးသည့်မှုကို ဂျစ်ပစီ အစကတည်းကမကြိုက်။ ခုတော့ ပြဿနာတွေ ရှုပ်ပွေနေပြီ။

"အကောင်းဆုံးကတော့ ဂုသရီ မြေစာရင်းရုံးကို အမြန်ဆုံးသွား။ ဒီမြေကွက်နံပါတ်နဲ့ ဂရန်ကျအောင် အမြန်ဆုံးလုပ်၊ ဒါပဲ ကျွန်တော် ပြောတတ်တယ် မစ္စဒရူစီလာ"

ဝါရင့်တန်က ဘယ်လိုလူတွေ ရွှေဘဏ်တော်ရုံးရောက်ပြီး ဒီနည်းနဲ့ မြေတွေ ဝေတာပါလိမ့်။

"ကဲ ကျွန်တော်လည်း ကိုယ့်မြေကွက်ကို တစ်ချက်ပြေးကြည့်လိုက်ဦးမယ်၊ နောက်မှ တစ်ခေါက်ပြန်လာခဲ့ပါဦးမယ်"

ပေါပလာစမ်းသို့ အပြန်လမ်းတွင် ဖြောက်အိုးချာလီနှင့် လမ်းမှာဆုံသည်။ ဂျစ်ပစီအတွက် ပါလာသည့် သတင်းကို သူပြော

www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ စက်သေနတ်ပစ်သလို ပြောနေသဖြင့် ဂျစ်ပစီ တစ်လုံးမှ နားမလည်။

"ဟော့ … ချာလီ၊ ဖြည်းဖြည်းပြောစမ်းကွာ"

ဂျစ်ပစီပြောတော့ ချာလီ တစ်လုံးချင်းပြန်ပြောသည်။ ပိုလို့ နားမလည်နိုင်အောင် ဖြစ်၏။

"ဟုတ်ပါတယ်၊ မစ္စတာဖူလ်တန်က မြို့ကို လွတ်လပ်ရေးမြို့လို့ နာမည်ပေးလိုက်ပါတယ်။ ပြီးတော့ လူထုဆန္ဒအရ ခင်ဗျားကို မြို့သူကြီးခန့်လိုက်ပါတယ်"

"ဟာ … သေတော့မှာပဲ"

ဂျစ်ပစီစိတ်ပျက်လက်ပျက် ညည်းလိုက်သည်။

*

## အခန်း (၅)

ဘုသရီ မြို့နယ်ကောင်စီလူကြီးလောင်းရွေးပွဲကို လူထုအစည်းအဝေး ပထမနေ့တွင် ပြီးသွားသည်။ နောက်တစ်နေ့တွင် ကောင်စီလူကြီး ငါးယောက် ဆန်ခါတင်ရွေးချယ်ပွဲကို အစိုးရမိုင်ဒါကွင်းကြီးထဲတွင် ကျင်းပရာ အောင်အောင်မြင်မြင် တစ်ခဲနက်ပြီးဆုံးသွားသည်။ တစ်ပြိုင်တည်းတွင် ကောင်စီလူကြီးများ အစည်းအဝေးထိုင်ပြီး အုပ်ချုပ်မှုဆိုင်ရာ ဥပဒေတွေ ရေးဆွဲကြသည်။ အရွေးချယ်ခံ ကောင်စီလူကြီးများထဲတွင် လူငယ်တစ်ယောက်ပါသည်။ သူ့နာမည်က ရှယ်လ်ဘီဟွန်းဘက်။ အသက်နှစ်ဆယ့်ရှစ်နှစ်သာရှိသေးသော်လည်း လူထုခေါင်းဆောင်တစ်ယောက်ဖြစ်နေပြီ။

ဟွန်းဘက်သည် ဘယ်နေရာရောက်ရောက် နေရာယူတတ်



သူဖြစ်သည်။ အိုကလာဟိုးမားကို ရောက်လာခြင်းသည်လည်း ရည်ရွယ်ချက်ရှိရှိဖြင့် ရောက်လာခြင်းဖြစ်သည်။

စီးပွားရှာမယ်၊ ချမ်းသာလာရင် နိုင်ငံရေးလောကထဲ ဝင်မယ်။ ဒါ သူ့ရည်ရွယ်ချက်ဖြစ်၏။ သူက မြို့တော်ဝန်ရာထူးကိုပင် တန်းလိုချင်သူ။ သို့သော် အတွေ့အကြုံနည်းသေးခြင်း၊ အရွယ်ငယ်သေးခြင်းကြောင့် အတွေ့အကြုံများသူ၊ အိုဟိုင်းအိုးပြည်နယ် စပရင်းဖီးမှ မြို့တော်ဝန်ဟောင်း လူလတ်ပိုင်းတစ်ဦးကို လူထုက ရွေးလိုက်သည်။

ရှယ်လ်ဘီဟွန်းဘက်က မြို့တော်ဝန်ချက်ချင်းမဖြစ်ရခြင်းအတွက် စိတ်မပျက်။ ကောင်စီဝင်လူကြီးဘဝဖြင့် နာမည်ကောင်းရအောင် ကျိုးရှန်းလုပ်ပြမည်။ မြို့က ကြည်ညိုလာအောင်၊ ယုံကြည်လာအောင် ကြိုးစားမည်။ သူ အောင်မြင်ပါသည်။ တစ်ခုပဲရှိသည်။ အခြား လုပ်ဖော်ကိုင်ဖက်တွေက သူ့တွင် အသားအရောင် ခွဲခြားမှုဒိဌ်ပြင်းလွန်းသည်ဟု မြင်ကြသည်။ သူက သည်ကိစ္စကို ရှေ့တန်းတင်လွန်းအားကြီးသဖြင့် ပို၍သိသာနေခြင်း ဖြစ်သည်။

ဥပမာ အခြားကောင်စီလူကြီးတွေက သူ့အမြဲ တင်နေသည့် လူမျိုးခြားကို လက်ထပ်ထိမ်းမြားလျှင် ရာဇဝတ်မှုဟု သတ်မှတ်ရန်ကိစ္စ၊ လူဖြူကျောင်းတွင် လူမည်းတို့ မတက်ရေးကိစ္စ၊ စားသောက်ဆိုင်များကို လူဖြူအတွက်၊ လူမည်းအတွက် ခွဲခြားထားရန်ကိစ္စများကို သဘောမတူကြ။ သူက သချိုင်းကိုပင် ခွဲခြားထားဖို့ ဥပဒေပြုရေး အဆိုတင်သည်။

သည်ကိစ္စတွေကို ဆွေးနွေးနေခြင်းထက် အရေးကြီးသည့် အလောတကြီး လုပ်စရာတွေ သူတို့တွင် အများကြီးရှိနေသည်။

ဘာကြောင့် သည်သူငယ် သည်ကိစ္စကို ဒါလောက်မိုက်ရိုက်မတ်တတ်ကြိုးစားနေခြင်းလဲ။ စင်စစ် ဂုသရီတွင် လူမည်းဦးရေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရာသုံးရာထက် မပိုပေ။ ဦးစားပေးလုပ်စရာတွေက အပုံအပင်။ တရားသူကြီး ခန့်ထားရေးလို၊ မီးသတ်ဖွဲ့စည်းရေးလို ကိစ္စများ။

ထို့ကြောင့် ရှယ်လ်ဘီဟွန်းဘက်၏ အသားအရောင် ခွဲခြားရေးကိစ္စကို လူကြီးတွေက ဆားချိတ်ထားလိုက်ကြသည်။ သို့သော် သူက မလျှော့။ သူလိုချင်သည့် ဥပဒေများကို အတည်ပြုရေးအတွက် အကူအညီပေးနိုင်မည့်သူ၊ သူ့ကို ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးအထိ တွန်းတင်ပေးနိုင်မည့်သူကို သူရှာသည်။ ထိုလူမှာ အခြားသူမဟုတ်။ မီလ်တန်ဖို့ဒ်ဖြစ်၏။

ဧရာမကိုယ်ပိုင်ဇိမ်ခံရထားတွဲကြီးဖြင့် မီလ်တန်ဖို့ဒ် ရောက်လာပြီး မြို့နယ်ကောင်စီတွင် ရှယ်လ်ဘီဟွန်းဘက်၏ လုပ်ရည်ကိုင်ရည်နှင့် သူ့အကြောင်းကြားသည့်အခါ တွေ့ချင်လာသဖြင့် သူ့အတွင်းရေးမှူး လီယိုနဒ်ဂျာကီကို ခေါ်ခိုင်းလိုက်သည်။

ရှယ်လ်ဘီလိုက်လာသည်။ လာခေါ်သည့် ဂျာကီ၏ ရထားလုံးကြီးထဲသို့ ဝင်လိုက်သည်။ မြေစာရင်းရုံးရှေ့ကို ဖြတ်မောင်းတော့ ဂရန်ရဖို့အတွက် လူတွေ ကြိတ်ကြိတ်တိုးနေသည်ကို လှမ်းမြင်ရ၏။

သီးသန့်လမ်းခွဲပေါ်တွင် ရပ်ထားသည့် မစ္စတာဖို့ဒ်၏ ကိုယ်ပိုင်ရထားတွဲကြီးအနီးတွင် လက်နက်ကိုင်နှစ်ယောက် အစောင့်ချထားသည်။ ရဲအရာရှိတစ်ယောက်က တံခါးမှူးတာဝန်ကို ယူထား၏။

ဂျာကီနောက်မှ ရှယ်လ်ဘီက လှေကားထစ်တွေကို နင်းတက်လိုက်သွားသည်။ မီးရထားတွဲဧည့်ခန်းကြီးက ပုံပြင်ဆန်ဆန် လှပခံ့ညားလှသည်။ သစ်ကြားသားနံရံများက ပါလစ်ရောင် ဖိတ်ဖိတ်တောက်နေသည့် မှန်ကူကွက်များဖြင့်။ ဖန်မီးဆိုင်းကြီး၏ အလင်းရောင်က အခန်းထဲတွင် ဖြာဆင်းနေသည်။ ဧည့်ခန်း၏နောက်ဘက်တွင် အခန်းတစ်ခန်းရှိသေးသည်။ အခန်းတံခါးပိတ်ထား၏။



"ခဏလေးနော်၊ ခင်ဗျားရောက်နေပြီလို့ မစ္စတာဖို့ဒ်ကို ကျွန်တော် သွားသတင်းပို့လိုက်ဦးမယ်"

ပြောပြီး အတွင်းရေးမှူးဂျာကီ အခန်းထဲဝင်သွားသည်။

ဧည့်ခန်းထဲတွင် ဧည့်သည်ငါးယောက် ရှိနေသည်။ အိုကလာဟိုးမားရဲမှူး ဆိုက်လက်စ်ရင်ဖရို တစ်ယောက်ကိုသာ ရှယ်လ်ဘီ သိသည်။ ရဲမှူးက ဧည့်သည်များအား မြေပုံကားချပ်ကြီးကို တုတ်နှင့်ထောက်ပြီး ရှင်းပြနေသည်။ မြို့မြေပုံ နေရာအနှံ့အပြားတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားတွေ ပြထား၏။

သည်ကြက်ခြေခတ်တွေအားလုံး 'အိုကလာဟိုးမားမြေယာကုမ္ပဏီ' ပိုင်တွေဖြစ်သည်။ ကုမ္ပဏီ၏ ဥက္ကဋ္ဌမှာ မီလ်တန်ဖို့ဒ်ဖြစ်သည်။

အတွင်းသီးသန့်တံခါးပွင့်သွားသည်။ ဂျာကီက ရှယ်လ်ဘီကို အတွင်းမှ လက်ယပ်ခေါ်သည်။ အခန်းထဲတွင် အလင်းရောင်သိပ်မရှိ။ ပြတင်းပေါက်တွေ အလုံပိတ်ပြီး ခန်းဆီးတွေ ချထားသည်။ ဖန်မီးဆိုင်းအလင်းရောင်သာရှိ၏။

အခန်းထောင့်တစ်နေရာရှိ နံရံကပ်အိပ်ရာကြီးပေါ်တွင် ခေါင်းအုံးတွေ တစ်ထပ်ကြီးပေါ်မှ ခေါင်းထောင်ထလိုက်သော လူဘစ်ယောက်ကို လှမ်းမြင်ရသည်။

ထိုသူမှာ မီးရထား၊ ရွှေမိုင်းနှင့် သတင်းစာ အစောင်ဆောင်၊ စက်ရုံအများအပြားကို ပိုင်သည့် မစ္စတာဖို့ဒ်ပင် ဖြစ်လေသည်။

မစ္စတာဖို့ဒ်က ဂျာကီကို ထွက်သွားဖို့ လက်ပြလိုက်သည်။

"ကဲ... မောင်ရင်လေး ထိုင်၊ ဘရန်ဒီလား၊ ဆေးပြင်းလိပ်သား"

ရှယ်လ်ဘီ ထိုင်ချလိုက်သည်။

"နီဂရိုးတွေကို ရောင့်တက်မလာအောင် ဥပဒေပြု ကြိုးဘားနေတယ်ဆိုတာ မောင်ရင်ပေါ့၊ ဟုတ်စ"

www.burmeseclassic.com

www.burmeseclassic.com



ကနုတ်ပန်းတွေနှင့် စားပွဲငယ်ပေါ်မှ ဘာရန်ဒီခွက်ကို ရှယ်လ်ဘီ လှမ်းယူလိုက်သည်။ ဆေးလိပ်တစ်လိပ်လည်း ယူလိုက်၏။ သူသည် အရက်ကော ဆေးလိပ်ပါ သောက်တတ်သူ မဟုတ်။

မစ္စတာဖို့ဒ်က ဆေးပြင်းလိပ်ဖင်ကို ဘာရန်ဒီခွက်ထဲ နှစ်လိုက်သည်။ ပြီးတော့ လူရွယ်ကို စိုက်ကြည့်နေလိုက်၏။

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မောင်ရင် သိတယ်နော်"

ရှယ်လ်ဘီ ခပ်ဆိုင်းဆိုင်းဖြေသည်။

"ဟုတ်ကဲ့ ခင်ဗျာ"

မစ္စတာဖို့ဒ် စကားဆက်သည်။

"ကျုပ်ဟာ ဒီနေ့ကစပြီး အိုကလာဟိုးမားမှာ အကြီးဆုံး မြေပိုင်ရှင်ကြီး ဖြစ်သွားပြီ။ ဒီတော့ နိုင်ငံရေးကို မလွှဲမသွေ ကျုပ် စိတ်ဝင်စားရတော့မယ်ဆိုတာ မောင်ရင် သဘောပေါက်မှာပေါ့"

"ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ"

မစ္စတာဖို့ဒ်သည် လူကဲခတ်ရာတွင် အလွန် လျင်မြန်ထက်မြက်သူဖြစ်သည်။ ရှယ်လ်ဘီကို အမှတ်အပြည့်ပေးလိုက်၏။

ရှယ်လ်ဘီကလည်း အစွမ်းကုန် ယဉ်ကျေးပြနေ၏။ တစ်ပြိုင်တည်းတွင် ဟန်ကိုယ့်ဖို့ဆိုသည့် နီတိကိုလည်း မမေ့။ ကိုယ်နှုတ်အမူအရာ ကွက်တိဖြစ်အောင် ကြိုးစားနေသည်။ ရုပ်ရည်ချောမောသူ လူငယ်ကလေးတစ်ယောက်ပုံ မပေါက်အောင် သတိထားသည်။ လူတွေကို ဆွဲဆောင်နိုင်စွမ်းရှိသည့် ယောကျ်ားပီပီသသ အသွင်ကို ကြိုးစားပြီး ဆောင်နေသည်။

မစ္စတာဖို့ဒ် ဆက်ဆွေးနွေးသည်။

"ဒီမယ် ကိုယ့်လူ၊ မောင်ရင်တို့ ကျုပ်တို့ လူမျိုးတွေက တိုင်းပြည်ကို တည်ဆောက်ရမှာ။ ခုလို စုပြုံရောက်လာတဲ့ စာမတတ်



ပေမတတ် မျောက်ဝံတွေက ဘယ်သူ့ကို မဲထည့်မလဲ။ ဟင် ... ပြောပါဦးကွ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဒီကိစ္စကို မြို့နယ်ကောင်စီမှာ ဥပဒေ ပြုဖို့..."

မစ္စတာဖို့ဒ်က ဆက်မပြောဖို့ လက်ကာပြလိုက်သည်။

"ဥပဒေပြဋ္ဌာန်းရုံနဲ့ မလုံလောက်ဘူးကွ၊ မှတ်ထား။ ခု သူတို့ ဒီကို ရောက်လာကြပြီ။ သူတို့မနေနိုင်အောင် မောင်ရင် ဥပဒေနဲ့ လုပ်လို့မရဘူး။ ဥပဒေထက်ပိုပြီး အကျိုးသက်ရောက်တဲ့ နည်းလမ်းတွေ ရှိရမယ်၊ ကဲ ... အဲဒါဘာလဲ ... ပြော"

မစ္စတာဖို့ဒ်တွင် အဖြေရှိပြီးသား ဖြစ်လိမ့်မည်ဟု ရှယ်လ်ဘီ တွက်လိုက်သည်။ သည်တော့ ဆက်နားထောင်နေလိုက်သည်။

အဘိုးကြီးက လည်ချောင်းရှင်းပြီး စကားဆက်သည်။

"ကျုပ် စဉ်းစားကြည့်တယ်၊ စဉ်းစားရုံ စဉ်းစားတာနော်။ မောင်ရင်တို့ တောင်ပိုင်းသားတွေရဲ့ ကေသုံးလုံးဂိုဏ်းအကြောင်းပါ။ အိုကလာဟိုးမားမှာ အဲဒီအဖွဲ့အစည်းမျိုးရှိမယ်ဆိုရင်၊ သူတို့ လှုပ်ရှားနိုင်မယ်ဆိုရင်... ဟင် ... ဘယ်လိုနေမလဲကွ"

အင်း ... ဒီလိုကိုး ဘာအတွက် ဒီလူကြီး သူ့ကို ခေါ်တွေ့တယ်ဆိုတာ စောစောက ရှယ်လ်ဘီ သဘောမပေါက်။ ခုတော့ ရှင်းသွားပြီ။

"ဟုတ်ကဲ့ ခင်ဗျာ၊ အဲဒီလိုဖြစ်လာမယ်ဆိုရင် ကျွန်တော်တော့ အံ့သြမိမယ်မထင်ဘူး။ ခု မြေရသွားတဲ့ လူတွေဟာ အားလုံးလိုလို တောင်ပိုင်းက လူတွေချည်းပဲ။ ဒီအထဲမှာ ကေတွေ ပါလာမယ်ဆိုရင် သိပ်ဖြစ်နိုင်တဲ့ကိစ္စပဲ ခင်ဗျ။ သူတို့ပါလာရင် အိုကလာဟိုးမားကို ဗဟိုပြုပြီး တစ်ခြားမြို့ကြီးတွေကိုတောင် ကူးစက်သွားနိုင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … ခုလိုကြားရတာ ဝမ်းသာစရာပဲ"

မစ္စတာဖို့ဒ်က ခေါင်းတညိတ်ညိတ် လုပ်နေပြီး စကားဆက်သည်။

"အေးကွ … တိုက်တိုက်ဆိုင်ဆိုင်၊ ကျုပ်ကလည်း ဂူသရီမှာ နယ်ခြားဒေသအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲ ဝင်ဖို့ ထက်ထက်မြက်မြက်လူတစ်ယောက် ရှာနေတာ၊ ကျုပ် ထောက်ခံနိုင်မယ့်လူမျိုးပေါ့ကွာ။ သူ့ကို သေသေချာချာအနိုင်ရအောင် ကျုပ်က လုပ်ပေးမှာ။ အဲဒါ သင့်တော်မယ့်လူမျိုး မောင်ရင် စဉ်းစားပေးနိုင်မလား"

"ဟုတ်ကဲ့၊ သည်အခြေအနေနဲ့ဆိုရင် ကျွန်တော် စဉ်းစားပေးနိုင်ပါတယ်ခင်ဗျာ"

"ဘယ်သူလဲ၊ မင်းကိုယ်တိုင် မဟုတ်လား"

သူ့အကွက်ကို ဟိုဘက်နှစ်ဘူတာလောက်အထိ ကြိုမြင်နေပုံမျိုးဖြင့် မစ္စတာဖို့ဒ်က မေးလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

အဘိုးကြီးဖို့ဒ်က စဉ်းစားသလို နဖူးရေတစ်ချက် တွန့်လိုက်ပြီး မေးသည်။

"ဒါထက် မောင်ရင့်မှာ အိမ်ထောင်ရှိသလား"

"မရှိသေးပါဘူး ခင်ဗျာ"

"ဟုတ်လား၊ အဲဒါတော့ မနိပ်ဘူး၊ မဲဆန္ဒရှင်တွေက သူတို့ရွေးမယ့် ကိုယ်စားလှယ်ကို အိမ်ထောင်သည် ဖြစ်စေချင်ကြတယ်ကွ၊ ထားပါလေ..."

သူက ဆေးပြင်းလိပ်ကြီးဖွာပြီး သည်ကိစ္စ အကြောင်းမဟုတ်သလို ဆက်ပြောသည်။

"ကိစ္စမရှိဘူး။ အချိန်တွေအများကြီး ရှိသေးတယ်၊ ဟုတ်တယ်မဟုတ်လား။ မောင်ရင့်ကို တစ်ခုမေးပါရစေဦး။ နယ်စပ်ဒေသ



ဥပဒေပြုရေးကိစ္စမှာ မောင်ရင် အရွေးခံရရင် ခုတင်ကပြောတဲ့ ငမည်းကောင်တွေကို ဖိထားဖို့ ဥပဒေကို အကောင်အထည် ဖော်နိုင်ပါ့မလား"

"အဲဒါကို ကျွန်တော် အမြန်ဆုံးဖြစ်အောင် လုပ်မှာပါခင်ဗျာ"

ရှယ်လ်ဘီ ခပ်တိုးတိုးပြန်ဖြေသည်။ သို့သော် သူ့လေသံက အလေးအနက်။

မစ္စတာဖို့ဒ်က ဘာရန်ဒီကို တစ်ကြိုက်မော့ပြီး လူရွယ်ဆီသို့ ညာဘက်လက် ဆန့်ပေးလိုက်သည်။

ရှယ်လ်ဘီက ထလာပြီး ဆန့်တန်းလာသည့် လက်ကို ဆုပ်လိုက်သည်။ အရေတွန့်နေပြီဖြစ်သည့် အရိုးငေါ်ငင်နှင့် အေးစက်စက်လက်ကြီးကို ရှယ်လ်ဘီ ဆွဲကိုင် နှုတ်ဆက်လိုက်သည်။

"မင်း … မင်း ငါ့လူဖြစ်ပြီလို့ မှတ်လိုက်တော့"

ပြောပြီး ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။

*

၁၈၉၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ချီယင်နီနှင့် အရာပါဟို အင်ဒီယန်တွေကိုခေါ်ပြီး အစိုးရရုံးတစ်ဝိုက်တွင် စုခိုင်းထားသည်။

မြေယာခွဲဝေချထားရေး ဥပဒေကြမ်းကို အတည်ပြုဖို့ မဲပေးရန် ခေါ်ထားခြင်းဖြစ်သည်။ အင်ဒီယန်လူမျိုးစုများဆိုင်ရာ ဝန်ကြီးဌာနက သူတို့တစ်တွေ မဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ သည်ဥပဒေကြမ်းကို ဖြစ်အောင်လုပ်ဖို့ စီစဉ်ထားပြီးသားဖြစ်သည်။

ချီယင်နီနှင့် အရာပါဟို အင်ဒီယန်တို့က မြေဧက ငါးသန်းကို စွန့်လွှတ်ကြရမည်။ ယင်းအတွက် တစ်ဦးလျှင် မြေဧက တစ်ရာ့ခြောက်ဆယ်စီ ရကြမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်မြေစကေ လေးသန်းကို လာရောက် အခြေချကာ ရှာတည်မြို့တည်၍ စားမဦးချ လုပ်ကိုင်စားသောက်မည့်သူများကို ခွဲဝေပေးမည်။ သည်ကိစ္စက အားလုံးစီစဉ်ပြီးသား။ ဘယ်သူ ဖျက်ဖျက် မပျက်နိုင်တော့။

သို့သော် အလဲမလှဲသည့် အင်ဒီယန်တို့က အပြင်းအထန် ကန့်ကွက်သည်။ လူဖြူတွေကို လူလိမ်လူညာတွေဟု စွပ်စွဲသည်။ လျှာနှစ်ခွနှင့် မကောင်းဆိုးဝါးတွေဟု လက်ညှိုးထိုးပြီး တိုက်ခိုက်သည်။

လူဖြူအရာရှိတွေ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ခံနေကြ၏။

ပွက်လောရိုက်နေသည့် အင်ဒီယန်လူအုပ်ကြီးထဲသို့ ဘယ်က ဘယ်က ပေါ်လာမှန်းမသိဘဲ တစ္ဆေမင်းသား ဘွားခနဲ ပေါ်လာသည်။ ပုံပြင်ဆန်သည့် သူ့အကြောင်းကိုသာ ကြားဖူးပြီး သူ့ကို မမြင်ဖူးသူတွေ အင်ဒီယန်အုပ်စုထဲတွင် အများအပြားရှိသည်။ လွန်ခဲ့သော နှစ်တွေက တစ္ဆေများနှင့် ကခုန်သည့် အပါချီအင်ဒီယန်များ သူ့ကို လက်ဆောင်ပေးသည့် မြင်းဖြူကြီးကိုစီးကာ ကိုယ်ပျောက် ဝိဇ္ဇာတစ်ယောက်လိုနေသည်။ သူ့မြင်းကြီးက လည်ဆံမွေးများနှင့် အမြီးတွေပါ ဆွတ်ဆွတ်ဖြူနေသဖြင့် တစ္ဆေဖြူဟု အမည်တွင်လေသည်။

တစ္ဆေမင်းသားသည် နောက်လိုက်အနည်းငယ်နှင့် တောထဲတောင်ထဲတွင် လှည့်လည်သွားလာနေတတ်သည်။ သူ့ကို မြင်ရတွေ့ရသူ နည်းသည်။ တစ္ဆေအကပွဲတော်များတွင်သာ သူ့ကို မြင်ကြရသည်။ သည်ပွဲတော်ကို လူဖြူများ လက်လှမ်းမမီနိုင်သည့် နေရာများတွင်သာ သူတို့ ကျင်းပကြသည်။

အစိုးရက ပိတ်ပင်တားမြစ်ထားသော်လည်း အင်ဒီယန်လူမျိုးစုအများအပြားထဲတွင် တွင်တွင်ကျယ်ကျယ် ပျံ့နှံ့လျက်ရှိသည်။ တစ္ဆေအက ကခုန်ခြင်းဖြင့် အင်ဒီယန်တို့အား ကယ်တင်မည့် တန်ခိုးတော်ရှင် ပေါ်လာလိမ့်မည်ဟု ယုံကြည်လျက် ရှိကြသည်။ ထိုအခါ သူတို့အား အနိုင်ကျင့် စိုးမိုးနေသော လူဖြူတွေကို ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားအောင် မောင်းထုတ်ပေးလိမ့်မည်။



တစ္ဆေအက ကခုန်နေစဉ် အင်ဒီယန်ရဲမျာနှင့် လူဖြူစစ်သားများက တစ္ဆေမင်းသားအားဖမ်းပြီး ထောင်ထဲ ပြန်သွင်းဖို့ အမြဲဘမ်း နောက်ယောင်ခံ လိုက်ကြသည်။ သို့သော် တစ်ခါမျှ သူတို့ မအောင်မြင်ကြပေ။

ထို့ကြောင့် ခုလို လူပုံအလယ်တွင် တစ္ဆေမင်းသား ဘွားခနဲ ပေါ်လာသည်ကို ဘယ်သူမျှ မအံ့သြတော့ပေ။

လက်ထဲမှ လုံတံတွင် လူဖြူဦးရေခွံခုနစ်ခုကို ချည်နှောင်လျက်။ မြင်းဖြူကြီးကို အင်ဒီယန်လူအုပ်ကြီး၏ တစ်ဘက်စွန်းသို့ အရောက်စီးသွားသည်။ အချိန်က မှောင်တရီ။

အပ်ကျသံကိုပင် ကြားရလောက်အောင် အားလုံးငြိမ်နေကြသည်။ ဤတွင် 'ဟေယို' လူမျိုးစု အကြီးအကဲက ထပြီး အားလုံးကြားလောက်အောင် အော်ပြောသည်။

"ငါတို့အားလုံး တစ္ဆေမင်းသားပြောတာကို နားထောင်မယ်"

အောင်မြင်ခဲ့ညာသည့်လေသံဖြင့် တစ္ဆေမင်းသား စကား 'စသည်။

"လူဖြူတွေနဲ့ စကားပြောတယ်ဆိုတာ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဂုဏ်သိက္ခာလည်းမရှိဘူး။ ဒီမယ်... မင်းတို့ကို ငါ ဒီနေရာက ပြောလိုက်မယ်။ မင်းတို့ ဒီမှာလာပြီး စုဝေးတာဟာ လူဖြူတွေရဲ့ အလိမ်အညာတွေကို နားထောင်ဖို့၊ မုသားတွေကို ကြားနာဖို့ပဲ။ ငါတို့မြေတွေကို သူတို့ သိမ်းယူပြီး သူတို့လာနေတဲ့နေ့ဟာ ငါတို့အသက်ကို မြင့်မြတ်ခြင်းနဲ့ စွန့်သင့်တဲ့နေ့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဖောင်းဝတ်ဖြူကြီးသည် အစိုးရရုံး အဆောက်အအုံရှေ့မှ အမှောင်ထဲသို့ ဘိုးဝင် ပျောက်ကွယ်သွားလေတော့သည်။ ကျန်ရစ်သည့် အင်ဒီယန်များသည် အံ့သြခြင်း၊ ထိတ်လန့်ခြင်းဖြင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြတော့သည်။

လူဖြူတွေ မသိသော်လည်း အင်ဒီယန်တွေက တစ္ဆေမင်းသား၏ ကြိုတင်နိမိတ်ကို နားလည်ကြသည်။ 'မြေကြီးအတွက် အသေခံ တိုက်ပွဲဝင်ကြ' ဟု လမ်းညွှန်ချက်ပေးသွားခြင်း ဖြစ်သည်။

ဝါရှင်တန်မှရောက်နေသည့် ဧည့်သည်တော်ကြီးများက တစ္ဆေမင်းသားကို တစ်ယောက်မျှ အလေးမထား။ ပြီးတော့ သူတို့ချင်းတိုင်ပင်ပြီး အင်ဒီယန်တွေကို လူစုခွဲလိုက်ဖို့ အစီအစဉ် ဆွဲလိုက်သည်။

အချိန်မှာ မှောင်သထက်မှောင်လာပြီ။ သူတို့က သန်းခေါင်မတိုင်မီ လငပုပ်ဖမ်းသည်ကို ကြည့်ချင်နေကြသည်။ လူဖြူတွေ ဟောကိန်း ဟုတ်မဟုတ် သူတို့ သိချင်နေကြသည်။ ရှူးကြောင်ကြောင် လူဖြူတစ်ယောက်က ပေါက်တတ်ကရ ပြောခြင်းဖြစ်လိမ့်မည်ဟု အင်ဒီယန်တွေ ထင်နေကြသည်။ မြေယာဥပဒေကို မဲမပေးပေးအောင် ခြောက်လှန့်ခြင်းတစ်မျိုးဟု သူတို့ ယုံကြည်ထားကြသည်။

လငပုပ်ဖမ်းအံ့ဆဲဆဲအထိ သူတို့ မယုံကြည်ကြသေးပေ။ အစိုးရရုံး အဆောက်အအုံပေါ်မှ လူဖြူတွေ အားလုံးဆင်းလာပြီး မိုင်ဒါကွင်းထဲတွင် စုဝေးကာ ကောင်းကင်သို့ မော့ကြည့်နေကြသည်။

ဆရာကြီးမက်ဆွဲလ်က လငပုပ်ဖမ်းမည့်ဆဲဆဲတွင် အိမ်ထဲမှ ထွက်ပြီး ကျောင်းဘက်သို့ လျှောက်လာခဲ့သည်။ ရေချယ်နှင့် ဒက်စတာက အိမ်ပြင်ကို ကြိုရောက်နေကြ၏။



အဖေ ကျောင်းဘက်ထွက်သွားသည်ကိုမြင်တော့ ရေချယ် နောက်မှ ပြေးလိုက်သွားသည်။

"ဟဲ့... သမီး၊ မေမေ့အနားမှာ သွားနေလေ"

"ဟင့်အင်း၊ ဖေဖေနဲ့ လိုက်ခဲ့မယ်"

ဆရာကြီးကို မြင်တော့ ကွင်းထဲတွင် အကြမ်းပတမ်းကစားနည်းမျိုးစုံ ဆော့နေကြသည့် ကျောင်းသားတွေ ငြိမ်သွားသည်။ ဆရာကြီးက ရေချယ်နှင့်အတူ ကျောင်းသားများရှေ့တွင် ရပ်လိုက်ပြီး အိတ်ထဲမှ အိတ်ဆောင်ရွှေနာရီကို လရောင်တွင် မြှောက်ကြည့်လိုက်သည်။ ဆယ့်တစ်နာရီဆယ်မိနစ် ရှိပြီ။

ကျောင်းသားတွေကို အော်ပြောလိုက်သည်။

"ကဲ... စောင့်ကြည့်၊ လာတော့မယ်"

ကျောင်းသားအားလုံး ဖိုးလမင်းကို မော့ကြည့်ကြသည်။ ကိုဘီက ကျောင်းသားအုပ်ထဲမှ ထွက်လာပြီး ရေချယ့်နံဘေးတွင် လာရပ်သည်။

ကြည့်နေရင်း အရိပ်မည်းသည် လဝန်းထဲကို တဖြည်းဖြည်းဝင်လာသည်။ ပထမတော့ အလွန့်အလွန့် နေးကွေးစွာဖြင့်။ မသိမသာကလေးဖြစ်၏။ သို့သော် အလင်းကို အမှောင်က တဖြည်းဖြည်းချင်း ဝါးမျိုနေသည်ကတော့ သေချာနေပြီ။

အင်ဒီယန်လူအုပ်ကြီးသည် ပထမတော့ ပါးစပ်အဟောင်းသားနှင့် အားလုံးကောင်းကင်ကို မော့ကြည့်နေကြသည်။ ပြီးတော့ သူတို့ အသက်မရှုရဲလောက်အောင် အထိတ်တလန့်ဖြစ်သွားကြသည်။ နောက်တော့ ဆောက်တည်ရာမရ သွေးရူးသွေးတန်းဖြစ်ကာ အထိတ်တလန့် အော်ဟစ်ငိုကြွေးကြလေတော့သည်။

ပထမဆုံးစတင် အော်ဟစ်လိုက်သူမှာ နတ်ဆရာ ဖြစ်သည်။ သူက အင်ဒီယန်ပရိသတ်အား မဟာနတ်ဆိုးကို ဝိုင်းဝန်း

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပြုရမည်ဖြစ်ကြောင်း၊ လမင်းအလင်းရောင်ကို အမှောင်နှင့် လွှမ်းလိုက်တာဟာ သူ့လက်ချက်ဖြစ်ကြောင်း၊ ချက်ချင်း အလင်းရောင်ပြန်ရဖို့ တောင်းဆိုကြရမှာဖြစ်ကြောင်း အော်ဟစ်အမိန့်ပေးသည်။

ဤတွင် အင်ဒီယန်များသည် ငယ်သံပါအောင် အော်ဟစ်ကာ ဗုံတွေ တီးကြသည်။ အိုးတွေခွက်တွေကို ခေါက်ကြသည်။ သံပုံးတွေ တီးကြသည်။ အချို့က ရိုင်ဖယ်တွေ၊ ပစ္စတိုတွေနှင့် ဖုံးလမင်းကို ဖမ်းထားသော နတ်ဆိုးကို လှမ်းပစ်ကြသည်။ သူတို့၏ ခွေးတွေကလည်း ပြိုင်တူအူကြ၏။ ကလေးများလည်း ငယ်သံပါအောင် အော်ငိုကြ၏။

လမျက်နှာပြင်ကို အမှောင်ရိပ်က ပို၍ပို၍ ဖုံးလာလေ သူတို့ အသံတွေက ဆူညံလာလေလေ ဖြစ်လာ၏။ အချို့က အကြောက်လွန်ကာ သူတို့ မျက်နှာတွေ၊ လက်မောင်းတွေ ရင်ဘတ်တွေကို ဓားဖြင့် ဆွဲခြစ်ကြသည်။ အချို့က သူတို့ ဆံပင်ရှည်တွေကို ဖြတ်ပစ်ကြသည်။

သို့သော် လမျက်နှာပေါ်မှ အမှောင်ထုကိုကား တားဆီး၍ မရပါချေ။ အစိုးရ အဆောက်အအုံပေါ်မှ လူဖြူများပင် ကြက်သီးမွေးညင်းထကုန်ကြသည်။ ကျောင်းဝင်းထဲတွင် ကစားနေကြသည့် ကျောင်းသားကလေးများလည်း အလားတူပင်။

ဆရာကြီးက ပထမကြောင်နေပြီး နောက်မှ သတိဝင်လာကာ ဆရာတစ်ယောက်ကို လှမ်းအော်ခေါ်သည်။

"ကလေးတွေကို ကျောင်းဆောင်ထဲ ချက်ချင်းပြန်သွင်းပါ ဆရာ"

သို့သော် ကျောင်းသားကလေးများ အဆောင်တွင်းသို့ အားလုံးပြန်မရောက်မီ လမင်းသည် အမှောင်တွင်းမှ တဖြည်းဖြည်း ပြူထွက်လာနေသည်။ ဤတွင် သူတို့တိုက်ပွဲ အောင်သည်ဆိုပြီး



အင်ဒီယန်တွေ အော်ကြဟစ်ကြပြန်သည်။ သို့သော် အထိတ်တလန့် အော်သံမျိုးမဟုတ်။ အောင်သေအောင်သားစားသည့် အသံများဖြစ်၏။

ဆရာကြီးမက်ဆွဲလ်က ကျောင်းသားကလေးများအားလုံး အဆောင်ထဲ ပြန်ရောက်မရောက် စစ်ဆေးပြီး ရေချယ်လက်ကိုဆွဲကာ အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ကွက်လပ်ထဲတွင် အင်ဒီယန်တွေ ဝမ်းသာအားရ ကခုန်နေကြသည်။

အိမ်ပြန်ရောက်တော့ နီရာနှင့် ဒက်စတာကို အိမ်ရှေ့တွင် မတွေ့ရသဖြင့် အိမ်ထဲသို့ မက်ဆွဲလ် ပြေးဝင်လာခဲ့သည်။

ဒက်စတာက အိပ်ခန်းထဲမှ ပြေးထွက်လာပြီး

"အမေ ... အမေ၊ အမေ ဘာဖြစ်တာလဲ မသိဘူး"

နီရာ့ကို အခန်းထဲမှ အဝတ်ဗီရိုထောင့်တွင် ကပ်ထိုင်နေသည်ကို တွေ့ရ၏။ သူ လန့်နေပုံရသည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။ မျက်လုံးတွေက ထောင်ချောက်အမိခံနေရသည့် သားကောင်တစ်ကောင်၏ မျက်လုံးများနှင့် တူနေသည်။

"နီရာ ... နီရာ"

မက်ဆွဲလ်ကထိုင်ပြီး သူ့လက်ကိုကိုင်လျက် မေးလိုက်သည်။

"ဘာဖြစ်တာလဲဟင် နီရာ"

ဒက်စတာနှင့်ရေချယ်က နောက်တွင်ရပ်ပြီး မက်ဆွဲလ်၏ ပခုံးပေါ်ကျော်လျက် မအေလုပ်သူကို ကြည့်နေကြသည်။ မက်ဆွဲလ်က ဒက်စတာ့ကို ဆရာဝန်ပြေးခေါ်ဖို့ ပြောလိုက်သည်။

အစိုးရဆေးခန်းမှ ဒေါက်တာဂရေရှမ်ရောက်လာ၏။ အခန်းထောင့်တွင် ဆတ်ဆတ်တုန်လျက် အတင်းတိုးဝင်ထိုင်နေသော နီရာ့ကို ဆရာဝန် ချော့မော့ပြီး ထွက်လာဖို့ ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နီရာ ... နီရာ၊ လာပါ နီရာရယ်၊ ဘာဖြစ်လို့လဲဟင်"

"ကြောက်တယ်၊ ကျွန်မ ကြောက်တယ်။ ကျွန်မ ရူးသွားမှာ ကြောက်တယ်"

ရှေ့နောက်ဘယ်ညာ ယိမ်းထိုးနေလျက်က နီရာ ဖြေသည်။ ဒေါက်တာဂရေရှမ်က ရှင်းပြသည်။

"အာရုံကြောတွေ အထိတ်တလန့် ဖြစ်သွားပြီး အားကုန်သွားတာ၊ ဒါမျိုးက အများကြီး ဖြစ်တတ်ကြတယ်။ လုံး၀ ပျောက်ကင်းသွားတာတော့ နည်းတယ်"

မက်ဆွဲလ်နှင့် ဆရာဝန် အိမ်ရှေ့ဝရန်တာတွင် ဆွေးနွေးကြသည်။

"သက်သာလာဖို့တော့ မျှော်လင့်စရာရှိလား ဆရာ"

"ကိုယ် သေသေချာချာမပြောနိုင်ဘူး ဂျွန်။ ဒါမျိုးက ရုပ်ပိုင်းနဲ့ သိပ်မဆိုင်ဘူး။ ဒါပေမဲ့ အိပ်ရာထဲမှာ တစ်ပတ်ဆယ်ရက်လောက် နားလိုက်ရင် ပုံမှန်ပြန်ဖြစ်လာနိုင်ပါတယ်"

သို့သော် နီရာတစ်ယောက် ပုံမှန်သို့ ပြန်ရောက်မလာတော့ပါ။ ခန္ဓာကိုယ်က ကျန်းမာနေသလိုလိုရှိသော်လည်း စိတ်အနေက မူလအတိုင်း ပြန်မဖြစ်တော့ပေ။

အိမ်ပတ်ပတ်လည်တွင် လုပ်စရာရှိသည်တို့ကို တောက်တက်တောက်တက်နှင့် တစ်ချိန်လုံး လျှောက်လုပ်နေတတ်သည်။ သို့သော် သူ့ခေါင်းထဲတွင် ရှုပ်ထွေးနေပုံ။

ပန်းခြံထဲတွင် တစ်နေကုန် လျှောက်လုပ်နေသော်လည်း ပန်းခြံသည် ဘာမှထူးခြားမလာ။ ရံခါတွင် အပင်တွေကို နေရာမှားစိုက်သည်။ ရာသီမှားစိုက်သည်။ သို့သော် မလျှော့။ အချိန်ရှိသရွေ့ ပေါင်းနုတ်လိုက်၊ မြေကြီးတူးလိုက်၊ ရေလောင်းလိုက်ဖြင့် အလုပ်ရှုပ်နေတတ်သည်။ သို့သော် စိတ်နှင့်ကိုယ်နှင့် ကပ်ပုံမပေါ်။



လသာသာ ညတစ်ညတွင် မြေကြီးဆူသည့် ဂေါ်ပြားငယ်ဖြင့် ဒူးထောက်ကာ ဂဝံမြေတွေ တူးနေသည်ကို မက်ဆွဲလ်သွားတွေ့သည်။

သူ့နံဘေး ဒူးထောက်ထိုင်ပြီး မက်ဆွဲလ်က တိုးတိုး မေးလိုက်သည်။

"မင်း ဘာလုပ်နေတာလဲ နီရာရယ်"

"မုန်လာတွေ တူးနေတာလေ၊ ဥတွေက ထွားမှမထွားဘဲ၊ မြေဆီမြေနှစ်မှ မရှိတဲ့နေရာပဲ။ ဒီမြေကြီးကလည်း ကျွန်မကို မလိုချင်ဘူး။ ဘယ်သူကမှ ကျွန်မကို မလိုချင်တော့ပါဘူး။ ရှင်ကလည်း မလိုချင်ဘူး။ သမီးအရင်းခေါက်ခေါက်ကတောင် ကျွန်မကို မလိုချင်တော့ဘူး"

"အို ... မဟုတ်တာနီရာရယ်။ ဘာတွေလျှောက်ပြောနေတာလဲကွယ်"

ဆံပင်တွေကို အသာအယာသပ်တင်ပေးပြီး မက်ဆွဲလ်ဆက်ချော့သည်။

"မင်းကို အားလုံးချစ်ကြပါတယ်ကွယ်"

နီရာက လင်တော်မောင်ကို တအံ့တသြ မော့ကြည့်သည်။

"ဟုတ်လား၊ တကယ်ပြောတာလား ဂျွန်။ ရှင် ကျွန်မကို နည်းနည်းလေးမှ ချစ်သေးရဲ့လား"

ပြောပြီး ရှိုက်ကြီးတငင် ငိုတော့သည်။

"အို ... နီရာရယ်၊ ကိုယ် မင်းကို အများကြီး ချစ်ပါတယ်ကွယ်။ မင်းကို ချစ်တဲ့အကြောင်း ခဏခဏ မပြောမိတာတော့ ခွင့်လွှတ်နော်။ လာပါကွယ် အိမ်ထဲ ဝင်ကြရအောင်နော်"

နောက်တစ်နေ့တွင်လည်း နီရာ ခြံထဲရောက်နေပြန်သည်။ ဒီတစ်ပါလက်ပါ တူးဆွနေပြန်၏။ ပန်းပေါ်ကို ခဏခဏ ငုံ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကောင်ဗလောင်တွေ ထွားတက်လာမှာကို လန့်နေသည့် အလား။

စက်တင်ဘာလတစ်ရက်တွင် သူတွေးကြောက်နေသည့် ကိစ္စ တကယ်ဖြစ်လာတော့သည်။ ပခုံးပေါ်ကို ငုံ့ကြည့်လိုက်သည်။ တွေ့ရပါပြီ။ မော့ကြည့်လိုက်တော့ လိပ်ပြာလွင့်မတတ် လန့်သွားသည်။ ကောင်းကင်တစ်ခွင်လုံး ချက်ချင်းမိုးအုံ့သွားသလို မှောင်သွားသည်။ ကြောက်မက်ဖွယ် အစိမ်းရောင်ထုကြီး မိုးလုံးအပြည့် ပြုဆင်းကျလာသည်ကို နိုရာသတိထားလိုက်မိသည်။ သူတစ်ယောက်တည်း အထိတ်တလန့် ဖြစ်နေခြင်း မဟုတ်။ တစ်မြို့လုံး အော်ဟစ်ပြေးလွှားနေကြပြီ။ အိမ်ဘက်သို့ နိုရာ ပြန်ပြေးချသွားသည်။

အိမ်ထဲရောက်တော့လည်း ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ ထူးဆန်းကြောက်မက်ဖွယ်ကောင်းသည့် အစိမ်းရောင်အမှောင်ထုကြီး။ ကွက်လပ်ကိုဖြတ်ပြီး မက်ဆွဲလ်နှင့် ရေချယ်တို့ အိမ်ပြန်ပြေးလာနေကြသည်ကိုလည်း နိုရာ လှမ်းမြင်နေရ၏။

မက်ဆွဲလ်က အိမ်ထဲကို ဝုန်းဒိုင်းကြဲ ပြေးဝင်လာပြီး

"ဒက်စတာကော၊ ဒက်စတာ့ကို မြန်မြန်ခေါ်စမ်း၊ အချိန်မရှိတော့ဘူး။ သူတို့ဆင်းမလာခင် အပင်တွေကို အုပ်ထားကြရမယ်။ နိုရာ စောင်တွေ၊ ဂွမ်းကပ်တွေ၊ အနွေးထည်တွေ ရှိသမျှ အကုန်ယူ။ ဂုန်နီအိတ်တွေပါယူ"

ပြောပြောဆိုဆို မက်ဆွဲလ်က စားပွဲခင်းကို ဆွဲခွာပြီး မီးဖိုချောင်အပေါက်မှ နောက်ဖေးစိုက်ခင်းထဲ ပြေးထွက်လာခဲ့သည်။ ခုချိန်အထိ ဘာတွေဖြစ်နေမှန်း နိုရာ မသိ။ သို့သော် သူတို့အပြော အရ သူ့အပင်တွေ အန္တရာယ်ရှိနေပြီ ဆိုသည်ကိုတော့ သိသည်။ ဒက်စတာနှင့် ရေချယ်တို့ ခုတင်များမှ အိပ်ရာခင်းတွေကို ဆွဲယူပြီး ခြံထဲသို့ ဆင်းပြေးသွားသည်။



နိုရာက အပင်တွေကို အခင်းနှင့်ဖုံးဖို့ ခါးကိုင်းလိုက်စဉ်မှာ သူ့ပခုံးနှင့် ဦးခေါင်းပေါ်သို့ အကောင်တွေ ကျလာသည်။ ဦးထုပ်နှင့် အင်္ကျီကို အငမ်းမရ ကိုက်စားကြသည်။ ကောင်းကင်ကြီး တစ်ခုလုံး နိမ့်ကျ ပြုဆင်းလာနေပြီ။

စက္ကန့်ပိုင်းအတွင်း မြေပြင်ပေါ်သို့ ကျလာသည့်အကောင်များသည် နှစ်လက်မ သုံးလက်မအထိ မြင့်တက်လာသည်။ ရှုလေရာတိုင်း နံကောင်တွေနှင့် ရှုစိတ်ကာ မြေကြီးဟူသရွေ့ တစ်လက်မမျှ မတွေ့ရတော့ပေ။

ခြံနွယ်ပိတ်ပေါင်း၊ အရွက်အပင်မှန်သမျှတွင်လည်း သူတို့ချည်း အုံခဲနေလေတော့သည်။ ပြောင်းပင်များသည် သူတို့ အလေးချိန်ကြောင့် ကိုင်းညွှတ်ကာ လဲကျကုန်၏။ ပဲပင်တွေ ခြံနွယ်တွေလည်း မြေတွင် အလဲလဲ အပြိုပြို ဖြစ်ကုန်၏။ သစ်ကိုင်းတွေ ကျိုးကျကုန်၏။

နိုရာတစ်ကိုယ်လုံး နံကောင်တွေ ဝင်နေပြီ။ မျက်နှာပေါ်တွင်လည်း တွားတက်နေကြ၏။ စကာတဲထဲသို့ အတင်းတိုးဝင်နေကြ၏။ ငယ်သံပါအောင်အော်ကာ သူတို့ကို အတင်းပုတ်ထုတ်သည်။ သပ်ချသည်။

မက်ဆွဲလ်က သူ့ဆီပြေးသွားပြီး အကူအညီပေးဖို့ ကြိုးစားသည်။ သို့သော် သူက အကပ်မခံဘဲ အတင်းတွန်းလွှတ်သည်။ အဝတ်တွေကို သူ့ဘာသာ ဆွဲဖြဲပြီး ချွတ်သည်။ မျက်နှာပေါ်က အကောင်တွေကို လက်နှင့် ခြစ်ကုတ်ပြီး ဖယ်ရှားသည်။ ပါးပြင်တစ်ခုလုံး သွေးခြင်းခြင်းနီနေပြီ။ ပြီးတော့ မြေကြီးပေါ် လဲကျသွားတော့၏။ သူ့အောက်က အကောင်တွေ ပိသေကုန်ပြီး သူ့အဝတ်တွေလည်း စွန်းထင်းကုန်တော့၏။

မက်ဆွဲလ်က သူ့ကိုပွေ့ပြီး နံကောင်မှန်တိုင်းထဲတွင် တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



ကာ အိမ်ဆီသို့ ပြန်ပြေးလာခဲ့သည်။ သူ အိပ်ရာပေါ် ချပေးလိုက်ချိန်တွင်မှ သူ့ကိုယ်တွင်းသို့ အကောင်တွေ ဝင်နေကြောင်း မက်ဆွဲလ်တွေ့ရသည်။ သူကိုယ်တိုင် အလွန်အမင်း ထိတ်လန့်သွားသည်။ နီရာသည် သွင်သွင်ရူးသွားသည့် မိန်းမတစ်ယောက်လို စိတ်မှတ်မဲ့စွာ အော်ဟစ်ငိုယိုနေတော့၏။ ဆံပင်ထဲတွင်ဝင်ပြီး ငြိနေသည့် အကောင်တွေကလည်း မနည်းမနော။

ဆွဲထုတ်လို့ မရသည့်အကောင်တွေကို လက်နှင့် ခြေမွပစ်သည်။ သူ့ဆံပင်တွေသည် အသွေးရောင် ပျစ်ချွဲချွဲအရည်များဖြင့် စေးထန်းနေပြီ။ သူတို့ကို မနိုင်နိုင်သည့်အဆုံးတွင် နီရာက ဆံပင်တွေကို ဆောင့်ဆွဲသည်။

မက်ဆွဲလ်က သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်ပြီး ခန်းဆီးစကို ဆွဲဖြုတ်ကာ လက်ပြန်ကြိုး တုပ်ထားပေးလိုက်သည်။ ကန်ကြောက်နေသဖြင့် နောက်ခန်းဆီးစတစ်စဖြင့် ခြေထောက်ကိုပါ တုပ်ထားလိုက်ရတော့၏။ သူ့ခန္ဓာကိုယ် ငြိမ်ကျသွားသော်လည်း ဆောက်တည်ရာမရ အော်ဟစ်ညည်းတွားသံများကား ပျောက်မသွားသော့ချေ။

*

"ဘယ်နေ့ နေ့လည်ပွဲမှုဖြစ်တော့မယ် ဂျွန်"

ဘယ်နေ့ မက်ဆွဲလ်၏ ရုံးခန်းထဲတွင် ဒေါက်တာဂရေရှမ် က ပြောလိုက်ခြင်းဖြစ်သည်။

"အိုဟိုင်းယိုးမှာ တော်တော်အဆင့်အတန်းမြင့်တဲ့ စိတ်ကုဆေးရုံတွေရှိတယ်။ ကျွန်တော် စာရေးပေးလိုက်ရင် သူတို့ လက်ခံမှာပါ"



"သူသွားချင်ပါ့မလား ဆရာရယ်"

"သူကတော့ သွားချင်မယ်မထင်ဘူး။ အမှန်အတိုင်းပြောရရင်..."

ဆရာဝန်က မှတ်ဆိတ်ရှည်ကို ပွတ်ပြီး စဉ်းစဉ်းစားစားစကားဆက်သည်။

"သူ အိမ်မှာ ရသင့်ရထိုက်တဲ့ ဂရုစိုက်ကုသမှုမျိုး မရနိုင်ဘူးလေ။ တစ်ယောက်ယောက် သူ့အနားမှာ အမြဲရှိနေဖို့လိုတယ် ဂျွန်"

မက်ဆွဲလ် ဦးနှောက်ခြောက်သွားသည်။ နီရာကို ပြုစုဖို့ မိန်းမတစ်ယောက် ဘယ်မှာ ရနိုင်မည်လဲ။ ကျောင်းမှာ အရွယ်ရောက်နေသည့် အင်ဒီယန်မကလေးတွေရှိသည်။ သို့သော် အင်ဒီယန်ကို တူးတူးခါးခါးမုန်းသည့် နီရာနှင့်မဖြစ်နိုင်။ ဘယ်လိုမှ ရေချိုးခံမည်မဟုတ်၊ အစားကျွေးလျှင် စားမည်မဟုတ်။ ထိုနေ့ ညစာစားအပြီးတွင် မက်ဆွဲလ်က ဒေါက်တာဂရေရှမ်၏ အကြံပြုချက်ကို ဒက်စတာနှင့် ရေချယ်အား ပြောပြလိုက်သည်။

ဒက်စတာက ပါးစပ်အဟောင်းသားဖြစ်ကာ

"ဗျာ... သူက အမေ့ကို အရူးထောင်ပို့မယ်၊ ဟုတ်လား အဖေ။ မဖြစ်နိုင်ဘူး၊ ကျွန်တော် အသက်ရှင်နေသမျှ မပို့ဘူး"

သည်ရက်ပိုင်းတွင် ဒက်စတာသည် သူ့ကိုယ်သူ လူရာဝင်အောင် ကျိုတ်ပြီး ကြံစည်နေသည်။ အစိုးရရုံးတွင် အလုပ်ရသဖြင့်လည်း သူ တွင်ကျယ်နေသည်။

သန်းခေါင်စာရင်းနှင့် မြေဂရန်ဌာနတွင် စာရေးရာထူးရထားပြီး အင်ဒီယန်များအပေါ် အာဏာပါဝါပြလို့မဆုံး ဖြစ်နေကြောင်းကြားတော့ မိမိအရှိန်အဝါ သုံးပြီး အလုပ်ရအောင် လုပ်ပေးခဲ့သည့် မက်ဆွဲလ်တစ်ယောက် နောင်တရနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒက်စတာက သည်မျှနှင့် မကျေနပ်နိုင်သေးဘဲ ဆယ်တန်းအောင်ထားပြီးဖြစ်သဖြင့် မြို့တက်ပြီး အလုပ်ရှာဦးမည်ဟု နီရာ စိတ်ကစဉ့်ကလျားမဖြစ်ခင်က ကြေညာထားသည်။

"ဒီမယ် ဒက်စတာ၊ နီရာ့ကို ဘယ်သူမှ စိတ်ကုဆေးရုံကို မပို့ချင်ဘူး။ ဒေါက်တာဂရေးရှမ်ပြောလို့..."

"သူ ဘာပြောပြော ကျွန်တော် ဂရုမစိုက်ဘူး။ အဲဒီကို ပို့တာနဲ့ အမေ သေမှာပဲ"

"အိမ်မှာဆိုရင် ဘယ်သူမှ သူ့ကို အချိန်ပြည့် မပြုစုနိုင်ဘူးလေ။ မနေ့က ဆရာဝန်လာတဲ့အချိန်တုန်းက မီးလင်းဖိုရှေ့က ကြမ်းပြင်ပေါ်မှာ သူလဲကျနေတယ်။ တစ်ကိုယ်လုံး အေးစက်နေပြီ။ အဲဒါ မင်းအိမ်ပြန်လာရမယ့်အချိန် ရောက်မလာလို့။ ခါတိုင်းလို မင်းသာ မီးဖိုထဲ ထင်းထည့်ပေးရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

ဒက်စတာက ထမင်းပန်းကန်ကို စိုက်ကြည့်နေသည်။ အရိုက်ခံရသည့် ကလေးငယ်တစ်ယောက်၏ အမူအရာ။ သို့သော် ချက်ချင်း ခေါင်းထောင်လာပြီး

"ဒါတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး။ အလုပ်တွေက ရုံးမှာ မနိုင်မနင်းဖြစ်နေတာ။ တစ်နေ့ တစ်နေ့ ဒီအင်ဒီယန်တွေကိစ္စက ရာနဲ့ချီပြီး လုပ်နေရတာ။ ပြီးတော့ ငမည်းကောင်တွေက တစ်မျိုး။ ဂရန်ကိစ္စတွေကလည်း ရှုပ်ယှက်ခတ်နေတာ။ နေပါဦး... ရေချယ်က ကျွန်တော့်တစ်ဝက် အလုပ်များလို့လား။ သူ ဘာလို့ အမေ့ကို မကြည့်နိုင်ရမှာလဲ"

"ငမည်းကောင်တွေ ဟုတ်လား။ ဒီမယ် ဒက်စတာ၊ ဒီအိမ်မှာ လူမျိုးရေးခွဲခြားတဲ့ စကားလုံးတွေ မင်းလုံးဝ မသုံးပါနဲ့၊ ငါ လုံးဝ လက်မခံဘူး"

ဒက်စတာက ပန်းကန်တွေကို တွန်းပစ်လိုက်ပြီး



"တော်ပြီဗျာ၊ ဆိုင်မှာပဲ သွားစားတော့မယ်၊ အဲဒီမှာဆို ကျွန်တော့်ကို ဘာပြောရမယ်၊ ဘာမပြောရဘူးဆိုတာ ဘယ်သူမှ မတားနိုင်ဘူး။ ပြီးတော့ အိမ်မှာစားရတဲ့ ဟင်းကလည်း ဝက်လူးအိုင်ထဲက ရွှံ့ရေတွေ ကျနေတာပဲ"

ပြောပြောဆိုဆို တံခါးကို တအားဆောင့်ပိတ်ပြီး ထွက်သွားသည်။ အစားအသောက်နှင့် ပတ်သက်ပြီး ဒက်စတာပြောတာ တော့မှန်သည်။ စည်သွတ်ဘူးနဲ့ချည်း စခန်းသွားနေခဲ့ရသည်မှာ ကြာပြီ။

တစ်ခါလာ အမဲသားဆားနယ်၊ စင်းကော၊ စွပ်ပြုတ်ရေကျဲ၊ တစ်ခါလာ ပြောင်းဖူးကြော်။

"အဖေ သိပ်မဆာဘူးလားဟင်"

ရေချယ်ကမေးတော့ မက်ဆွဲလ် ခေါင်းယမ်းပြသည်။

"သမီးလည်းမဆာဘူး" ဟု ပြောပြီး ပန်းကန်တွေ ရှေ့တွန်းပို့လိုက်သည်။

"အေး တို့သားအဖလည်း ဆိုင်မှာ သွားစားမှ ထင်တယ်"

ဖအေက အရွှန်းဖောက်သည်ကို သမီးလုပ်သူက လိုက်မရယ်ဘဲ တစ်ခုခုပြောမည်လုပ်ပြီးမှ ဖအေ့ နောက်ဘက်ကို လှမ်းကြည့်ပြီး နှုတ်ပိတ်သွားသည်။ နီရာသည် အခန်းထဲမှ ထွက်လာပြီး တံခါးကျည်းပေါင်ကိုမှီပြီး ရပ်နေသည်။ ညဝတ်အင်္ကျီက တွန့်လိမ်ကြေမွလျက်။ မဖြီးမသင်ဘဲ ထားခဲ့သည့် ဆံပင်တွေက ခေါင်းပေါ်တွင် ရှုပ်ပွလျက်။ သူတို့ သားအဖကို မည်သည့် အဓိပ္ပာယ်မျှ မဆောင်သည့် ကြောင်စီစီ မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

*

၁၈၈၉ ခုနှစ်၊ မြေယာချထားရေးကိစ္စများပြီးလို့ တစ်ပတ်အကြာတွင် လွတ်လပ်ရေးမြို့၏ လူဦးရေမှာ နှစ်ထောင်လောက် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးနီဂရိုး လူမည်းတွေချည်းဖြစ်၏။

အချို့က ပြိုင်ပွဲတွင် ဓမြကွက်ရကြသူများဖြစ်ပြီး အချို့က ပြိုင်ပွဲတွင် ရှုံးသူ မြေမဲ့ယာမဲ့များဖြစ်၏။ သို့သော် သူတို့ပျော်နေကြသည်။ အလုပ်ကြမ်းတွေ ပေါ်နေသည်မဟုတ်လား။ ပန်းရန်ဝင်လုပ်မလား၊ လက်သမားလုပ်သမား၊ ရေတွင်းတူးမလား၊ စားသောက်ဆိုင်များတွင် စားပွဲထိုးဝင်လုပ်မလား။ အမျိုးသမီးများအတွက်လည်း အဝတ်လျှော် ပန်းကန်ဆေး အလုပ်တွေ ပေါ်မှပေါ်။

လမ်းဖောက်လုပ်ရေး၊ ကျောင်းဆောက်လုပ်ရေး၊ မြို့တော်ခန်းမကြီး အပုတပြင်း တည်ဆောက်ရေးလုပ်ငန်းများကို မြောက်ပိုင်းလူမည်း လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြခြင်း ဖြစ်သည်။

လွတ်လပ်ရေးမြို့ တည်ဆောက်မှုသည် တစ်ရှိန်ထိုး တိုးတက်လျက်ရှိသည်။ ဆောက်လုပ်ရေးလုပ်သားများသည် ကိုယ့်မြို့ကိုယ်တည်နေသည်ဟု ယုံကြည်ရင်းစွဲရှိသဖြင့် လုပ်ငန်းမှာ သွက်သွက်လက်လက်ကြီး အကောင်အထည်ပေါ်လျက်ရှိသည်၊ ပြီးတော့ သည်မြို့ကို အုပ်ချုပ်ဖို့ ရွေးချယ်ရာမှာလည်း မဲပေးခွင့်ရဦးမည်တဲ့။ ဘဝသစ်ကို စကြရတော့မှာမို့ သူတို့အားလုံး တက်ကြွလန်းဆန်းနေကြ၏။

သူတို့ပျော်နေသည်ကိုကြည့်ပြီး ဂျစ်ပစီ ပျော်သည်။ သည့်ထက်ဘာမှ မပို။ ယာယီမြို့သူကြီးလုပ်နေရသည်ကို သူ လုံးဝမပျော်။ သူက ဘာတာဝန်မှ ယူချင်သူမဟုတ်။ ပေးထားသည့်လစာက ဘာမှ မက်မောစရာမရှိ။ မြို့တော်ခန်အေးမို့ခ်ပူလ်တာန်၏ စကားကို အားနာပါးနာ နားထောင်လိုက်မိခြင်းက အမှားဖြစ်၏။

"ခဏတော့ လုပ်ပေးပါဦးကွာ၊ လူစားမရမချင်း မင်းရှိမှ ဖြစ်မှာ ဂျစ်ပစီ"



သူ့ကို မြို့တော်ဝန်က တလေးတစားအလုပ်ပေးသည့်အတွက်ကတော့ ဂုဏ်ယူစရာကောင်းပါသည်။ သို့သော် လွတ်လပ်ရေးမြို့တွင် သူဆက်နေဖြစ်ခြင်း အကြောင်းရင်းမှာ ဒရူစီလာကြောင့်ဖြစ်၏။

ဒရူစီလာသည် အစိုးရခန့်ဆရာမ ဖြစ်သွားလေပြီ။ မြို့နယ်အာဏာပိုင်များက စာသင်ကျောင်းကို မြို့၏ မြောက်ဘက်စွန်းတွင် ဆောက်ပေးကြသည်။ ကျောင်း၏ နောက်ဘက်တွင် ဆရာမနေဖို့ အခန်းသုံးခန်းပါသည့် သစ်လုံးအိမ်ကလေးတစ်လုံးပါ ဆောက်ပေးမည်တဲ့။

ဒရူစီလာ ဝမ်းသာမဆုံးနိုင်အောင် ဖြစ်နေသည်။ ကိုယ်ပိုင်အိမ်ကလေးတစ်လုံးဆောက်ဖို့ ငွေစုချိန်ရသွားပြီ။ ယာယီတဲကို ဖျက်ခဲ့ပြီး ကလေးတွေနှင့်အတူ ကျောင်းဝင်းထဲသို့ ပြောင်းလာခဲ့၏။ အိမ်ဆောက်လို့မပြီးခင်နေဖို့ တဲပြန်ထိုးကြသည်။

ဂျစ်ပစီတစ်ယောက်သည် မြို့ကလေးမှာပင် ဆက်နေလိမ့်မည်ဟု ဒရူစီလာ မျှော်လင့်ထားသည်။ မျှော်လင့်ထားကြောင်းလည်း ထုတ်ပြော၏။ မည်သည့် အဓိပ္ပာယ်ကိုမျှ ဆောင်လိမ့်မည်မဟုတ်သည်ကို သတိချပ်ဖို့လိုကြောင်း ဂျစ်ပစီ သတိထားရမည်။ သူ ရိုးရိုးသားသားပြောခြင်း ဖြစ်မည်။ ဂျစ်ပစီ သိကျွမ်းဖူးသမျှ မိန်းမသားများထဲတွင် ဒရူစီလာလောက် သူ့ကို ဘယ်သူမျှ ဂရုမစိုက်။ သူ့လို ကြင်နာတတ်သည့် မိန်းကလေးမျိုးနှင့် ဂျစ်ပစီ တစ်ခါဖူးမျှ မဆုံဘူးခဲ့။ အကြင်နာတရားနှင့်အတူ သူ့လို စွဲမက်စရာကောင်းသည့် မိန်းကလေးမျိုးလည်း မတွေ့ဘူးခဲ့။

သို့စဉ်လျက်နှင့် ရေ့တိုးဖို့လည်း ဂျစ်ပစီ မကြိုးစား။ ကြိုးစားဖို့လည်း သတ္တိမရှိ။ သူ့ဘဝတွင် ဘယ်လူမည်းအမျိုးသမီး တစ်ယောက်နှင့်မျှ ဆက်စပ်ပတ်သက်ဖူးခြင်းလည်း မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် အိမ်ထောင်ကျဖူးသည့် အမျိုးသမီးမှာ ကွန်မင်ချီအင်ဒီယန်ဖြစ်သည်။ မိန်းမဆုံးပြီးတော့ ကီအိုဝါမိန်းကလေးတစ်ယောက်နှင့် ဆုံစည်းခဲ့သေးသည်။ သို့သော် တဒင်္ဂမျှသာ။ နီဂရိုး အမျိုးသမီးနှင့်မူ တစ်ခါမှ ရင်မခုန်ခဲ့ဘူးပေ။ သူတို့နှင့် ဘယ်လိုဆက်ဆံရမှန်းပင်မသိ။ သူတို့က မိမိကို ဘယ်လို သဘောထားမည်ကိုလည်း မခန့်မှန်းတတ်။

ထို့ကြောင့် ဒရူစီလာ့အပေါ် ဘယ်လောက် သံယောဇဉ်ထားရမည်၊ ဘယ်လို ခံစားရမည်ကို အပင်ပန်းခံပြီး မစဉ်းစားဘဲနေခဲ့သည်။ သူနှင့်ပတ်သက်ပြီး ဘယ်လိုနားလည်ရမည်ကို ရှင်းရှင်းလင်းလင်း သဘောမပေါက်နိုင်ဘဲ ဖြစ်နေ၏။ ထူးဆန်းသည့် ခံစားမှုတစ်မျိုးဆိုသည်ကိုတော့ သိနေ၏။ သူ့ကို ဘေးမသီ ရန်မခအောင် စောင့်ရှောက်ပေးချင်သည်ကတော့ သေချာသည်။

သည်လို လေးနက်မှုမျိုးဖြင့် ဒရူစီလာကို ခင်တွယ်လာချိန်တွင် လူမည်းစစ်ဗိုလ်ကလေး ဘိုဂတ်ပီးယာ့စ် လွှတ်လပ်ရေးမြို့သို့ ရောက်လာသည်။ ဖို့ဒ်ဘီလ်ခံတပ်မှ အမှတ် ၁၀ မြင်းတပ်တွင် ပီးယာ့စ်မှာ တစ်ဦးတည်းသော လူမည်းအရာရှိကလေးဖြစ်သည်။

သို့သော် နာမည်ကျော် ဝက်စ်ပွိုင့်ဗိုလ်သင်တန်းမှ အဆင့်မြင့်မြင့်အောင်ပြီး ဆင်းလာသူဖြစ်သဖြင့် လူသိများသည်။ ထို့အပြင် ကွန်မင်ချီအင်ဒီယန်တွေနှင့် တိုက်ပွဲတွင် တပ်ရင်းမှူးကို ကယ်နိုင်ခဲ့သဖြင့် နိုင်ငံတော်က ချီးမြှင့်သည့် ရွှေတံဆိပ်လည်း ရထားသည်။

ဂျစ်ပစီနှင့် ပီးယာ့စ်တို့ ကွင်းထဲတွင် မကြာခဏ ဆုံဖြစ်ကြသည်။ သို့သော် မျက်နှာပြန်းမိရုံမျှသာ။ သို့သော် မြို့တော်ခန်းမရှေ့တဲထဲတွင် တွေ့ကြသည့်အခါ ပီးယာ့စ်က သူ့ကို ငယ်ပေါင်းကြီးဖော်တစ်ယောက်နှင့် ပြန်တွေ့သလို ဝမ်းသာအားရ နှုတ်ဆက်သည်။

လက်ကို ဆန့်ပေးပြီး ကျင့်သားရနေပြီဖြစ်သော အပြုံးဖြင့်



"လက်စသတ်တော့ ဘီဆင်ဂိုဏ်းကိုဖြိုလိုက်တဲ့ ဂျစ်ပစီကိုး။ တွေ့ရတာဝမ်းသာသဗျာ၊ ပွဲက ခဏလေးနဲ့ ပြီးသွားတယ်ဆို"

"ဟုတ်ကဲ့"

ဂျစ်ပစီက လက်ဆွဲနှုတ်ဆက်ရင်း ပြန်ပြောလိုက်သည်။

"ပြီးတော့ လွတ်လပ်ရေးမြို့ရဲ့ မြို့သူကြီး ခန့်ထားခံရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်ဗျာ"

"ကျေးဇူးတင်ပါတယ်"

ဗိုလ်ကလေးပီးယာ့စ်မှာ အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့် လူချောတစ်ယောက်ဖြစ်သည်။ မတ်တတ်ရပ်နေလျှင် ဘယ်ဘက်လက်ကို ခါးတွင်ချိတ်ထားသည့် ဓားရိုးပေါ်တွင် တင်ထားသည့် အကျင့်ရှိ၏။ ကျူးနစ်အင်္ကျီမှ ရှိရှိသမျှ ကြယ်သီးအားလုံးကို ရင်စိတတ်ထားသည်။ ဝတ်ထားသည့်ဘောင်းဘီက တောင့်တောင့်တင်းတင်း။ ဖိနပ်ကို တိုက်ထားသည်မှာ မှန်ကြည့်လို့ရလောက်သည်။ မုတ်ဆိတ်ကို ပြောင်နေအောင် ရိတ်ထားသဖြင့် မျက်နှာမှာ သစ်ကြံပိုးခေါက်ရောင် ပေါက်နေ၏။ ဆံပင်ကို လူဖြူတွေ ဖြီးသလို ဘယ်ခွဲဖြီးထားပြီး ခေါင်းလိမ်းဆီဖြင့် သထားသည်။

သူက မြို့တော်ဝန်နှင့် အခြားလူကြီးများဆီကို လှည့်ပြီး စကားစသည်။

"လူကြီးမင်းများခင်ဗျား၊ ကျွန်တော့်လူတွေနဲ့ မြင်းတွေနားဖို့ ဒီမှာ ကျွန်တော် နှစ်ရက်နေပါမယ်။ ကျွန်တော့်တပ်စုအတွက် သင့်တော်မယ့်နေရာ တစ်နေရာများ ရနိုင်မလားခင်ဗျာ"

ဂျစ်ပစီက သူ့ 'ပေါပလာစမ်း' တွင် စခန်းချဖို့ အဆိုပြုလိုက်သည်။ "ရေရော၊ ထင်းရော မပူရပါဘူး။ မြင်းတွေအတွက်လည်း စားကျက်ကောင်းကောင်းရှိပါတယ်။ ကျွန်တော် လိုက်ပို့ပါ့မယ်။ သိပ်မဝေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကလေးက သူ့ဦးထုပ်ကို သေသေချာချာပြင်ဆောင်းလိုက်သည်။

"ကဲ… လူကြီးမင်းများခင်ဗျား၊ ညမှ ပြန်ဆုံကြတာပေါ့"

ဂျစ်ပစီ၏ ဖိတ်ကြားချက်ကို လက်ခံလိုက်သည့်သဘော။ မြို့မိမြို့ဖများက သူတို့လွှတ်လပ်ရေးမြို့ စတည်ခြင်း အထိမ်းအမှတ်နှင့် ဗိုလ်ကလေးကို ဂုဏ်ပြုသည့်ပွဲ ပေါင်းလုပ်ဖို့ စီစဉ်ထားကြသည်။ အလုပ်သမားတွေ ဆူဆူညံညံ အလုပ်ရှုပ်နေသော လမ်းတစ်လျှောက် ဗိုလ်ပီးယာ့စ်နှင့်ဂျစ်ပစီတို့ ရှေ့ကစီးသွားတော့ တပ်ကြပ်ကြီး ဘင်ယောက်က နောက်မှ နှစ်တန်းတန်းပြီးလိုက်ဖို့ အော်ဟစ်အမိန့်ပေးလိုက်သည်။ သူတို့အားလုံး သုံးဆယ်ခုနစ်ယောက်။ ပီးယာ့စ်က ဘင်နေရာသို့ အာရုံစိုက်နေသည်။

လမ်းဘေးတစ်နေရာတွင် ဒရူစီလာက ကလေးတစ်သိုက်နှင့်အတူ စစ်သားတွေကို ရပ်ကြည့်နေသည်။ သူ့ကို ဗိုလ်ကလေး ပီးယာ့စ် မြင်သွားခြင်း ဖြစ်၏။

သူက ဂျစ်ပစီကို ကပ်ပြောသည်။

"တစ်ဆိတ် မိတ်ဆက်ပေးပါလားဗျာ"

ဒရူစီလာ့မျက်ဝန်းထဲတွင် ဘာမျှ ထူးထူးဆန်းဆန်း အရိပ်အယောင်မမြင်ရသဖြင့် ဂျစ်ပစီက မိတ်ဆက်ပေးလိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ် မစ္စက်ဒရူစီလာပွိုင်တာ"

"မစ္စပွိုင်တာပါ"

ဒရူစီလာကပြင်ပေးလိုက်သည်။ ပီးယာ့စ်ကဝမ်းသာသွားပုံဖြင့်

"တောင်းပန်ပါတယ်ဗျာ၊ မစ္စပွိုင်တာဟာ ဒီကလေးတွေရဲ့ အမေအရွယ်မှ မဟုတ်တာ။ မောင်လေးတွေ၊ ညီမလေးတွေ မှတ်တယ်"

"ကျွန်မတို့က မိဘမဲ့တွေပါ" ဟု ကလေးတစ်ယောက်က ဝင်ဖြေသည်။



နောက်မှပါလာသည့် မြို့တော်ဝန်က မြင်းကို သွက်သွက်စီးလာပြီး နောက်ထပ် မိတ်ဆက်ပေးပြန်သည်။

"မစ္စပွိုင်တာက ကျွန်တော်တို့ကျောင်းရဲ့ ဆရာမပါ။ ဆရာမ ဒီညပွဲကို ကြွခဲ့ပါ။ ကျွန်တော်တို့ ဖိတ်ပါတယ်"

"လာနိုင်မယ်မထင်ပါဘူးရှင်၊ လုပ်စရာတွေက အများကြီး ကျန်သေးတယ်လေ"

"သွားကြရအောင်ပါ မမရယ်"

ရှဘီ တောင်းတောင်းပန်ပန်ပြောတော့ အခြားကလေးတွေပါ ဝိုင်းပြောသည်။

ဗိုလ်ကလေးပီးယာ့စ်က ဝင်ပြီး တိုက်တွန်းပြန်သည်။

"ကျွန်တော်ပါ ကလေးတွေနဲ့အတူ တောင်းပန်ပါတယ် မစ္စပွိုင်တာ၊ ကျွန်တော်တို့ တစ်ကျော့လောက် ကကြတာပေါ့"

"အင်း ဖြစ်ပါ့မလား မသိဘူး"

စိတ်ထဲ မရေမရာ ဖြစ်နေသေးသော်လည်း ဒရူစီလာ ပျော်သလိုလိုတော့ ဖြစ်သွားသည်။

"ကြည့်သေးတာပေါ့လေ"

ဗိုလ်ကလေးပီးယာ့စ်က မသိမသာဦးညွှတ်ပြီး သူ့အနီးခွံ ရောင်မြင်းကြီးကို လှလှပပစီးထွက်သွားသည်။

ဗိုလ်ပီးယာ့စ်သည် ဒရူစီလာကို ခရီးသွားဟန်လွှဲပုံစံမျိုးထက်ပို၍ အလေးပေးနေကြောင်း ဂျစ်ပစီရိပ်မိသည်။ အခမ်းအနားကို နေဝင်ပြီး မကြာခင် စသည်။ အရေးပေါ်ဆောက်ထားသည့် စင်မြင့်ပေါ်တွင် မြို့မျက်နှာဖုံးများ စုံညီစွာ နေရာယူထားကြပြီ။ မြို့တော်ဝန်ဖူလ်တန်၊ သင်းအုပ်ဆရာပင်ဘွန်နှင့် အထူးဧည့်သည်တော် ဗိုလ်ကလေးပီးယာ့စ်တို့ စုံစုံညီညီ ရောက်ရှိနေကြပြီ။ သို့သော် မြို့သူကြီး ဂျစ်ပစီတစ်ယောက်ကား ပေါ်မလာခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သင်းအုပ်ဆရာပင်ဘွန်က ကြွရောက်လာသည့် မင်းပရိသတ်နှင့်အတူ ဘုရားရှိခိုးသည်။ ပြီးတော့ မြို့တော်ဝန်ဖူလ်တန်က 'နီဂရိုးတို့၏ မြို့တော်သစ်' ဟူသည့် ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောသည်။

လူမည်းတို့သည် ချီတက်နေသည့် ပန်းတိုင်သို့ ရောက်ခဲ့ကြပြီဟုပြောတော့ လက်ခုပ်သံတွေ မိုးထက်နဘန်သို့ ပျံတက်သွားသည်။

အထူးဧည့်သည်တော် ဗိုလ်ပီးယာ့စ်ကို စကားအနည်းငယ်ပြောဖို့ မြို့တော်ဝန်က တောင်းပန်သည်။

လက်ခုပ်သံတွေ၊ ဩဘာသံတွေ သောသောညံသွားသည်။ စစ်ဗိုလ်က စင်ပေါ်မှ ရှေ့ဘက်သို့ ထွက်လာသည်။

"နယ်သစ် ပယ်သစ်မှာ လာရောက်အခြေချတဲ့ ကျွန်တော့်မိတ်ဆွေအားလုံး ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ခင်ဗျားတို့ဟာ လူမည်းတွေရဲ့ စွမ်းအား၊ လူမည်းတွေရဲ့ စွန့်စားစွမ်းဆောင်နိုင်မှုကို ဦးဦးဖျားဖျား ပြသခဲ့တဲ့လူတွေဖြစ်လို့ ကျွန်တော်ဂုဏ်ယူလို့ မဆုံးပါဘူး။ ခင်ဗျားတို့တစ်တွေဟာ လူမည်းထုတစ်ရပ်လုံးရဲ့ ရှေ့ဆောင်လမ်းပြတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ လူမျိုးရဲ့သမိုင်းကို မြှင့်တင်ပေးကြတဲ့လူတွေလည်း ဖြစ်ကြပါတယ်။

"ကျွန်တော့်ရဲ့မိတ်ဆွေ ပါမောက္ခဘွတ်ကာတီဝါရှင်တန် ပြောသလို 'အတွေးအခေါ်၊ ပိုင်ဆိုင်မှုနဲ့ နီဂရိုးတို့ရဲ့ အကျင့်သီလဟာ တစ်နေ့မှာ တည်ငြိမ်စွာ ပေါ်ပေါက်လာလိမ့်မယ်။ အဲဒါကတော့ လူ့အခွင့်အရေးရဲ့ အခြေခံတရားပဲ။ တော်ဖြောင့်မှန်ကန်မှုနဲ့ ပြောင်မြောက်ထူးချွန်မှုဟာ တစ်ယူသန် အသားအရောင်ခွဲခြားမှု အဆိပ်အတောက်အတွက် အကောင်းဆုံးဖြေဆေးပဲ' ဆိုတဲ့အတွေးအခေါ်ကို ကျွန်တော်တို့ အကောင်အထည် ဖော်ကြရပါမယ်"

လက်ခုပ်သံတွေစဲအောင် သူ ခဏစောင့်သည်။ ပြီးမှ နိဂုံးချုပ်သည်။



"ကဲ… ကျွန်တော့်စကားတွေပြောတာ ရပ်သင့်ပါပြီ။ ဂီတနဲ့ အကတွေ ဒီညအစီအစဉ်ထဲမှာပါတယ်လို့ ကျွန်တော် ကြားထားလို့ပါ"

သူကပြောပြီး စင်မြင့်ပေါ်မှ ဆင်းကာ ပရိတ်သတ်ထဲ လျှောက်သွားသည်။ သူ့ကလေးများအကြားမှ ဒရူစီလာရှိရာသို့ တန်းတန်းမတ်မတ် လှမ်းသွားခြင်းဖြစ်၏။

စင်မြင့်ပေါ်တွင် ဂီတသမားများ နေရာယူလိုက်ကြသည်။ 'ချစ်သူတို့၏တေးသံဟောင်း' သီချင်းဖြင့် ဝေါ့ဇ်အကကို အတွဲလိုက် အတွဲလိုက် ကကြသည်။ ဗိုလ်ကလေးပီးယာ့စ်က ဒရူစီလာကို ကခွင့်တောင်းသည်။

ဒရူစီလာက တနင်္ဂနွေနေ့ ဘုရားကျောင်းသွားသည့် ဝတ်စုံကို ဝတ်လာသည်။ ရိုးရိုးကလေးနှင့်လှသည့် ဝတ်စုံဖြစ်၏။ ဦးထုပ်တွင် ဖယောင်းပန်းအတုကလေး စိုက်လျက်။

သို့သော် ဖိတ်ဖိတ်တောက်နေသည့် စစ်ဝတ်စုံနှင့် ဗိုလ်ကလေး၏ နံဘေးတွင် ဒရူစီလာသည် သိမ်ငယ်လျက်ရှိသည်။ သို့လင့်ကစား သူတို့အတွဲသည် ကြည့်လို့အကောင်းဆုံးအတွဲ ဖြစ်နေသည်။

ပထမပိုင်းတွင် ဒရူစီလာသည် ကကျင့်မရှိ၍ ခြေလှမ်းတွေ သိပ်မမှန်ချင်။ ပီးယာ့စ်က ဦးဆောင်ပြီး ဖြည်းဖြည်းချင်း တွဲခေါ်တော့ တစ်ခဏအတွင်း အထာကျသွားသည်။ နောက်တော့ သူတို့အတွဲသည် ဝဲကာဝဲကာနှင့် ကျက်သရေရှိစွာ လှည့်လည်နေတော့သည်။

ကပွဲပြီးတော့ ဒရူစီလာက မောမောနှင့်ပြောသည်။

"ရှင်က တကယ် အကကောင်းတာပဲ"

"ဟုတ်ကဲ့၊ အကကောင်းတဲ့လူမှ အဖော်ကောင်းဖြစ်နိုင်တယ်လို့ ကြားဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက သွယ်ဝိုက်စွာဖြင့် နောက်ပိုးစကားဆိုပြီး

"ခင်ဗျားရဲ့ အပြုံးကလည်း သိပ်ကိုချစ်စရာ ကောင်းပါတယ်ဗျာ"

ဂျစ်ပစီက ပရိသတ်ကို စကားလည်းမပြောတတ်။ ကလည်း မကတတ်သဖြင့် ခပ်ဝေးဝေးတွင် ရှောင်နေသည်။ သူတို့ကနေကြသည့် ကွက်လပ်နားကို ဖြတ်လျှောက်တော့ ဒရူစီလာက ပီးယာ့စ်နံဘေးတွင် ရပ်နေသည်ကို လှမ်းမြင်ရသည်။ ကြက်ဖကြီးနံဘေးတွင် မတာမ်းမကလေး နေမထိထိုင်မသာ ဖြစ်နေပုံ။ မိုလ်ကလေးက သူ့ကို ငုံ့ကြည့်ပြီး တစ်ခုခုပြောလိုက်သည်။ ဒရူစီလာက မော့ကြည့်ပြီး ပြုံးလို့။ အင်း ... အတော်အဆင်ပြေနေပုံပဲ။ ဂျစ်ပစီ ဆက်လျှောက်သွားသည်။

*

စက်တင်ဘာလထဲရောက်တော့ 'လွတ်လပ်ရေး' သည် မြို့အင်္ဂါရပ်များ ပြည့်စုံစွာဖြင့် တဖြည်းဖြည်းပုံပေါ်လာသည်။ မင်းလမ်းမကြီးမှာ သိပ်မကျယ်လှသော်လည်း မြင်းခွာသံ၊ လှည်းဘီးသံ တညံညံဖြင့်။

မင်းလမ်းတစ်လျှောက်မှ ဆိုင်တန်းများက နမူးစည်းအမျိုးမျိုး၊ ဆိုင်းဘုတ်အမျိုးမျိုးဖြင့် အပြိုင်အဆိုင် အလှဆင်နေကြသည်။ အတွင်းလမ်းများတွင်တော့ လူနေအိမ်ခြေတွေ တဖြည်းဖြည်း များလာနေပြီ။

ဘဏ်တိုက်က အုတ်ညှပ်အဆောက်အအုံဖြစ်၏။ ဘုရားရှိခိုးကျောင်းနှစ်ကျောင်း ဆောက်ပြီးပြီ။ မြို့တော်ခန်းမက နှစ်ထပ်။ အောက်ထပ်တွင် အချုပ်ခန်းနှစ်ခန်းလုပ်ထားသည်။ မြို့တော်၏ ဘဏ္ဍာရေးအခြေအနေအရ သံတိုင်တွေ မတပ်နိုင်သေးသဖြင့် ဂျစ်ပစီက တစ်ခန်းတွင်နေပြီး အချုပ်သားများကို စောင့်ရသည်။



သံခေါက်ခုတင်နှင့် မီးဖိုပါ ယူထားသော်လည်း အိပ်ရုံသာအိပ်ပြီး စားတော့ ဆိုင်မှာထွက်စားသည်။ မြို့ထဲတွင် ရေတွင်းရေကန်များ တူးပြီးလျှင်တော့ ရထားသည့် မြေဧကတစ်ရာခြောက်ဆယ်ကို ရောင်းပစ်လိုက်မည်ဟု စိတ်ကူးထားသည်။ သို့သော် သည်ကိစ္စက နောက်မှ စဉ်းစားလို့ရသည်။ လောလောဆယ်တွင်တော့ သံတိုင်မရှိသည့် အချုပ်ခန်းကိုသာ ကိုယ့်အိမ်ကိုယ့်ရာမှတ်ပြီး နေနေလိုက်သည်။ အချုပ်သားတွေကို နံရံနှင့်တွဲပြီး သံကြိုးချည်ထားသည်။

သည်အလုပ်ကို ဂျစ်ပစီ လုံးဝမလုပ်ချင်။ အချုပ်သားများ၏ ကျင်ကြီးကျယ်ငယ်အိုးများကို သွန်ပေးရသည့်အလုပ်ကို စိတ်အပျက်ဆုံးဖြစ်သည်။ တစ်နေ့တွင်တော့ အကူတစ်ယောက် မပေးလျှင် အလုပ်ထွက်တော့မည်ဟု တောင်းဆိုလိုက်သည်။ သည်တော့မှ သွားတစ်ချောင်းမှ မရှိတော့သည့် နွားကျောင်းသားအဘိုးအိုဘတ်တိုက်ဆင်ကိုရသည်။

လွတ်လပ်ရေးမြို့တွင် ကျောက်ချနေမိခြင်းအတွက် ဂျစ်ပစီကိုယ်တိုင် သူ့ကိုယ်သူ သိပ်နားမလည်။ ဒရူစီလာအပေါ် ဘယ်လိုသဘောထားရမည်ဆိုသည်ကိုလည်း အတွေးမရှင်းလှ။

သူနှင့်မတွေ့သည်မှာ ကြာပြီ။ သူတို့နှစ်ယောက်ကြားတွင် ကန့်လန့်ကန့်လန့် မဖြစ်ချင်၍ တမင်ရှောင်နေခြင်းဖြစ်သည်။ သို့သော် မလွှဲသာမရှောင်သာ တွေ့သည့်အခါတိုင်း ရင်ထဲတွင် ရှုပ်ရှုပ်ထွေးထွေး ခံစားရသည်။ သူ့မျက်နှာကလေး မြင်ရလျှင် ပျော်သည်။ သူ့ကို အရယူဖို့ ပြင်ဆင်နေသည့် ပီးယာ့စ်ကိုမြင်လျှင် မနာလိုဝန်တိုစိတ်ဖြင့် ရင်မှာ ပူပူလောင်လောင် ဖြစ်ရသည်။

သူတို့တပ်စိတ် ဖို့ဒ်ဆီးလ်သို့ ပြန်သွားကြပြီ။ သို့သော် ကိုရွေ့စွန်ညီသည် တစ်နွေလုံးလုံး လွတ်လပ်ရေးမြို့သို့ မကြာမကြာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ဝဲနေတတ်သည်။ အားလုံးက ဗိုလ်ကလေးပီးယာ့စ်နှင့် ဆရာမကလေးကို နေနှင့်လ၊ ရွှေနှင့်မြေဟု ထင်နေကြသည်။ မကြာခင် သူတို့ လက်ထပ်ကြလိမ့်မည်ဟုလည်း မျှော်လင့်ထားကြ၏။

သူတို့ လက်ထပ်မည့်နေ့သည် ရင်ဘတ်မှတံဆိပ်ကို ပြန်အပ်ပြီး သည်မြို့က ထွက်သွားမည့်နေ့ ဖြစ်လိမ့်မည်ဟု ဂျစ်ပစီ ယုံကြည်ထားသည်။

စက်တင်ဘာလ တစ်ရက်တွင် သူ့ရုံးခန်းထဲမှ ဂျစ်ပစီ ထွက်အလာတွင် ဈေးဝယ်ပြန်လာသော ဒရူစီလာနှင့် လမ်းပေါ်တွင် သွားဆုံသည်။ လက်တစ်ဖက်က ဟင်းလျာတွေ အပြည့်နှင့် ဈေးခြင်းတောင်းကို ဆွဲလျက်။ ကျန်တစ်ဖက်က စာအိတ်တစ်လုံးကို ကိုင်လျက်။ စာအိတ်ကလေးကို တယုတယ ကိုင်ထားရင်း ဂျစ်ပစီကို အပြုံးဖြင့် နှုတ်ဆက်သည်။

သို့သော် ဂျစ်ပစီနှင့် မျက်လုံးချင်းဆုံတော့ ဒရူစီလာ့နှုတ်မှ အပြုံးပျောက်ကွယ်သွားသည်။ စာအိတ်ကို ဈေးခြင်းတောင်းထဲ ထည့်လိုက်ပြီး ဒရူစီလာ စကားစသည်။

"ဒီမယ် ဂျစ်ပစီစမစ်၊ ရှင် ဘယ်ပျောက်နေတာလဲ၊ ကလေးတွေက ရှင့်ကို အောက်မေ့လွန်းလို့ တဖွဖွ မေးနေကြတယ်"

"ကလေးတွေက အောက်မေ့နေကြတယ် ဟုတ်လား"

ဂျစ်ပစီက အောင့်သက်သက်နှင့် ပြန်မေးလိုက်သည်။

"ကဲပါရှင် ကျွန်မကလည်း အောက်မေ့ပါသတဲ့"

"ဒီလိုပါ မစ္စဒရူစီလာ၊ ခင်ဗျားတို့နှစ်ယောက်ကြားမှာ အထင်အမြင်မှားမှုတွေ ဖြစ်လာမှာ စိုးလို့ပါ"

"ရှင် သွားသေလိုက်ပါလား ဂျစ်ပစီစမစ်"

"ဆရာမကြီးတစ်ယောက်၊ဗိုလ်ကတော်လောင်းတစ်ယောက်အနေနဲ့ အဲဒီအသုံးအနှုန်းမျိုး မသုံးသင့်ဘူး ထင်ပါတယ် မစ္စဒရူစီလာ"



"ရှင် တရားဟောဆရာ လုပ်ဖို့ကောင်းတယ်။ ကျွန်မဟာ ဆရာမကြီး မဟုတ်သေးဘူး၊ ပြီးတော့ ဗိုလ်ကတော်လောင်းတဲ့၊ ရှင့်ကို ဘယ်သူပြောသလဲ"

"ဒီလိုပဲကြားလို့ပါ။ တစ်မြို့လုံးပြောနေကြတာပဲ"

"အို ... ဘာမှ မသေချာသေးပါဘူး"

"ဟုတ်လား၊ မသေချာသေးဘူးလား။ ပညာလည်းတတ်၊ ဟင်းချက်လည်းကောင်းတော့ တစ်နေ့ လက်ထပ်ခွင့်တောင်းတဲ့လူ ပေါ်လာမှာပါ"

သူက လက်ဆွဲခြင်းတောင်းကို မေးငေါ့ပြပြီး

"ဒီည ကြက်ကြော်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အသည်းအမြစ်ကို အနှစ်နဲ့ချက်မယ်၊ လာဘားလေ။ ခြောက်နာရီမှာ ညစာစားမယ်"

"ကျေးဇူးပါပဲဗျာ၊ လာခဲ့ပါ့မယ်"

ကြက်ကြော်မှာ စားလို့ကောင်းလှသည်။ ဂျစ်ပစီ လာလည်သဖြင့် ကလေးတွေလည်း ပျော်နေကြ၏။ သို့သော် ဒရူစီလာကမူ ရွှင်ရွှင်ပျပျ မရှိလှပေ။ ဂျစ်ပစီက အကျိုးအကြောင်းမေးကြည့်သည်။ သို့သော် ဘာမျှမသိရ။ နောက်တစ်နေ့တွင်မှ အဖြစ်မှန်ကို သိရတော့သည်။

ဂျစ်ပစီ ဆံပင်ညှပ်ဆိုင်မှအပြန် သူ့ရုံးခန်းရှေ့ ခုံတန်းလျားတွင် ထိုင်စောင့်နေသော ဒရူစီလာကို တွေ့ရသည်။

"မင်္ဂလာပါ မစ္စဒရူစီလာ"

ဂျစ်ပစီက ခပ်ရွှင်ရွှင်နှုတ်ဆက်လိုက်သည်။ သို့သော် ဒရူစီလာက သူနှင့် မျက်နှာချင်းမဆိုင်ဘဲ တစ်ဘက်ကို လွှဲထားသည်။

"ဘာဖြစ်လို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီက လက်သမားဆောင်း မြက်ဦးထုပ်ကို နံရံတွင် ချိတ်လိုက်ပြီး

"ပြောပါ မစ္စဒရူစီလာ၊ ကိုယ့်ဦးလေးသားချင်းတစ်ယောက်ကို ပြောသလို ပြောပါလား"

ဒရူစီလာက သူ့လက်တွေကို သူ့ဘာသာငုံ့ကြည့်နေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူ့ဆီက စာတစ်စောင်ရတယ်။ သူက လက်ထပ်ဖို့ ခွင့်တောင်းနေတယ်"

ဂျစ်ပစီက ခေါင်းကိုတစ်ဘက်ငဲ့ပြီး

"သူ့ကို လက်ထပ်မှာပဲ မဟုတ်လား"

"ဟင့်အင်း၊ မသေချာသေးပါဘူး။ ဂျစ်ပစီ့သဘောထားကို သိချင်သေးလို့"

"ကျုပ်သဘောထားကို သိတော့ကော ဘာထူးမှာမို့လို့လဲ"

ဒရူစီလာ သူ့ကို ဆတ်ခနဲမော့ကြည့်သည်။

"ဘာလို့ မထူးရမှာလဲ၊ ရှင် ဘာလို့အူကြောင်ကြောင် လုပ်နေတာလဲ ဂျစ်ပစီစမစ်"

သူ့စားပွဲဆီသို့ လျှောက်သွားပြီး ကုလားထိုင်တွင် ဒရူစီလာနှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်သည်။

"အင်းလေ၊ ဒါဆိုလည်း ပြောရတာပေါ့။ ဗိုလ်ပီးယာ့စ်ဟာ ငယ်ရွယ်တယ်၊ ပညာတတ်တယ်၊ အလားအလာရှိတဲ့ စစ်ဗိုလ်အရာရှိတစ်ယောက်ဖြစ်တယ်။ အမျိုးသမီးတစ်ယောက်အဖို့ ဒီထက်သင့်တော်တဲ့လူမျိုး ဘယ်မှာရှိနိုင်မှာလဲ"

သူ့လက်တွေကို သူပြန်ငုံ့ကြည့်နေပြန်သည်။ ဂျစ်ပစီက ထပ်မေးသည်။

"သူ့ကို ချစ်နေပြီမဟုတ်လား"



ဒရူစီလာ တိုးတိုးဖြေသည်။

"အင်း ... တစ်ခါတစ်ခါတော့ ချစ်နေမိသလိုပဲ။ ဒါပေမဲ့ ဘစ်ခါတလေကျတော့လည်း ..."

ခဏတွေပြီး ကိုယ်ကိုမတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မ သူ့ကိုချစ်နေတယ်"

"ဟုတ်လား၊ ဒါဆို ကျောင်းဆရာမအလုပ်ကို စွန့်ရမှာပေါ့၊ သူသွားလေရာ စစ်စခန်းတွေကို လိုက်နေရတော့မှာပေါ့။ အဲဒီဘဝမျိုးမှာ မင်းပျော်ပိုက်နိုင်မလား ဒရူစီလာ"

ဒရူစီလာ ဗုန်းခနဲထရပ်သည်။ ခြင်းတောင်းကို ဆွဲယူပြီး တံခါးဆီသို့ လျှောက်သွားသည်။

"ဒီမယ် ဂျစ်ပစီစမစ်၊ အဲဒီလိုဖြစ်သွားရင် ကျွန်မ ဖြစ်ချင်သွန်းလို့ ဖြစ်သွားတာမဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ။ သွားမယ်"

သူထွက်သွားတော့ ဝရန်တာထွက်ပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ဂျစ်ပစီ ငေးကြည့်နေသည်။ ပြီးတော့ အပေါ်ထပ်သို့ လှေကားတစ်ထစ်ကျော် နင်းတက်ပြီး မြို့တော်ဝန်ရုံးလ်တန်၏ အခန်းကို တံခါးမခေါက်ဘဲ တွန်းဖွင့်သွားသည်။

ရင်ဘတ်မှတံဆိပ်ကို ဆွဲခွာပြီး သူ့စားပွဲပေါ် ပစ်တင်ပေးလိုက်သည်။

"ရော့ ... ကျွန်တော် အလုပ်ထွက်လိုက်ပြီ"

မြို့တော်ဝန်က သည်ကိစ္စကို စိတ်ရှည်ဖို့ ဆုံးဖြတ်ထားပုံဖြင့်

"ဖြည်းဖြည်းပေါ့ ဂျစ်ပစီရယ်၊ တို့ အေးအေးဆေးဆေး စကား ပြောကြရအောင်ပါကွာ"

"ဘာမှ ပြောစရာမရှိတော့ပါဘူး အေးမို့စ်"

"ဟာ... ဒါဆို မြို့နယ်အုပ်ချုပ်ရေးကောင်စီကို ဘယ်လိုပြော

www.burmeseclassic.com

ရမှာလဲ။ အကျိုးအကြောင်းတော့ သူတို့ သိချင်ကြလိမ့်မယ် ဂျစ်ပစီ"

"ကိုယ်ရေးကိုယ်တာကိစ္စလို့ ပြောလိုက်ပေါ့ဗျာ"

ဂျစ်ပစီက ပြောပြောဆိုဆို လှည့်ထွက်သွားမည်လုပ်တော့ မြို့တော်ဝန်က ထရပ်ပြီး

"မောင်ရင့်ကိုယ်ရေးကိုယ်တာကို ဘေးချိတ်ထားပြီး အမျိုးသားရေးကို ခဏလောက်စဉ်းစားဖို့ ကိုယ့်ကိုပြောခွင့်ပြုပါ ဂျစ်ပစီ"

မြို့တော်ဝန်က တောင်းတောင်းပန်ပန် ပြောနေခြင်း ဖြစ်သည်။

"ဒီမနက်ပဲ ကိုယ်တို့ သတင်းတစ်ခုရတယ်။ ဂူသရီမှာ ကေသုံးလုံးအဖွဲ့ ဖွဲ့ပြီးပြီတဲ့။ ကိုယ်တို့လူတွေ ကြိမ်ဒဏ်ခံရတော့မယ်၊ ကြိုးပေးခံရတော့မယ်၊ သေနတ်ပစ် ခံရတော့မယ်။ သေတော့မှာပဲ ဂျစ်ပစီ၊ စဉ်းစားစမ်းပါ။ မင်းမရှိရင် ဖြစ်မလား။ တိုက်ဟယ် ခိုက်ဟယ် ပစ်ဟယ် ခတ်ဟယ် ဖြစ်လာရင် ... ငါတို့လူမျိုးတွေ..."

"ကျွန်တော် သေနတ်မပစ်ချင်တော့ဘူး အေးမို့စ်"

"ဘာ... မင်းမျက်နှာကော၊ မင်းတစ်ကိုယ်လုံးကော မည်းချိပ်နေတာ။ ကေသုံးလုံးတွေ ရောက်လာပြီ။ မင်း ရှောင်လို့ရမယ် ထင်လား ဂျစ်ပစီ"

"ကျွန်တော် အင်ဒီယန်တွေနဲ့ပဲ သွားနေတော့မယ်။ ကျွန်တော့်လို အရှယ်မငယ်တော့တဲ့ ကောင်းဘွိုင်ကြီးဟာ ခင်ဗျားတို့ တည်ဆောက်နေတဲ့ ယဉ်ကျေးမှုဆိုတာကြီးနဲ့ ခွင်မကျပါဘူးဗျာ"

ပြောပြီး တံခါးကို တွန်းဖွင့်ကာ ဂျစ်ပစီ ထွက်သွားလေတော့သည်။

*



## အခန်း (၆)

အိုကလာဟိုးမား မြေယာချထားရေးနှစ်ကို '၈၉ ခုနှစ် အပြေးပြိုင်ပွဲဟု အမည်တွင်ပြီး သည်လိုပြိုင်ပွဲစနစ်ဖြင့် မြေယာချထားပွဲတွေ ဆက်တိုက်ပေါ်လာသည်။ စင်စစ် အင်ဒီယန်မြေတွေကို ဧကသိန်းနှင့်ချီသိမ်းပြီး အင်ဒီယန်တွေနှင့် လူမည်းများကို မြေကွက်ကလေးများ ဝေခွဲချထားပေးခြင်း ဖြစ်သည်။

၁၈၉၂ ခုနှစ်တွင် ချီယင်နီနှင့် အရာပါဟိုအင်ဒီယန်မြေတွေကို တစ်ကြိမ် သည်စနစ်ဖြင့်ပင် ထပ်မံချထားပေးပြန်သည်။

၁၈၉၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် အစိုးရက မြေကွက်ချပေးမည့်အကြောင်း ကြေညာသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှာ တစ္ဆေမင်းသား အသက်စွန့်သွားသည့်နေ့ ဖြစ်သည်။

သူတို့မြေတွေကို သိမ်းသည့်နေ့သည် အသက်စွန့်ဖို့ အမြတ်ဆုံးနေ့ဖြစ်သည်ဟု သူအဘေကြီး ကြေညာထားခဲ့သည့်အတိုင်း သူနှင့်သူ့နောက်လိုက် သုံးယောက်တို့က လုပ်ပြသွားခြင်းဖြစ်သည်။

တစ္ဆေမင်းသားက ဖို့ဒ်ရီနိုခံတပ်မှ တပ်မှူး ဗိုလ်မှူးကြီး ကာဒ်ဝဲလ်ကို စိန်ခေါ်သည်။ သူနှင့်အပေါင်းပါသုံးဦးက နွားမပေါင်ကျိုးတောင်ကြားတွင် အမေရိကန်စစ်တပ်နှင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲမည်။

ဗိုလ်မှူးကြီးက ရှိသမျှ စစ်သားအားလုံးနှင့် သူတို့ လေးယောက်ကို တိုက်ရမည်။ ထိုနေ့ မနက်ပိုင်းတွင် တိုက်ပွဲစမည်တဲ့။

အင်ဒီယန်လေးယောက်က အမေရိကန် စစ်အင်အား သုံးရာကို အံတုတိုက်ခိုက်မည်တဲ့။ တစ္ဆေမင်းသားဆိုတဲ့ ဒီအင်ဒီယန် ရူးနေပြီလားဟု ဗိုလ်မှူးကြီး ကာဒ်ဝဲလ်က မယုံကြည်နိုင်စွာဖြင့် စဉ်းစားမရဖြစ်နေသည်။

www.burmeseclassic.com



သို့သော် သူက စိန်ခေါ်ပြီဆိုတော့ ချိန်းသည့် တောင်ကြားကို ချီတက်ရုံမှတစ်ပါး အခြားမရှိပြီ။

ပြဿနာက နွားမပေါင်ကျိုးတောင်ကြားသည် ပြိုင်ပွဲအတွက် တာလွှတ်မည့်နေရာ ဖြစ်နေသည်။ သည်လူတန်းကြီးကို စစ်တပ်က တာဝန်ယူကြီးကြပ်ပေးဖို့ ပြင်ဆင်ထားပြီးသားဖြစ်သည်။ တာလွှတ်မည့်အချိန်က မွန်းတည့်။

တစ္ဆေမင်းသားနှင့် သူ့နောက်လိုက်တွေက မနက်စောစောရောက်နေကြလိမ့်မည်။ ပြိုင်ပွဲတွင် ပါဝင်မည့် လူဖြူတွေကို သူအန္တရာယ်ပေးနိုင်သည်။ သူတို့လေးယောက်က အသေခံဖို့ သစ္စာပြုထားသူတွေ။

ထို့ကြောင့် ဗိုလ်မှူးကြီးက မြင်းတပ်စု သုံးစုနှင့် ခြေလျင်စစ်အင်အား သုံးရာကို ကိုယ်တိုင်ကြီးကြပ်ပြီး မနက်အစောကြီး နွားမပေါင်ကျိုးတောင်ကြားမှ သွားစောင့်နေသည်။

ရွာပေါင်းများစွာမှ အင်ဒီယန်တွေအားလုံး နှစ်ဘက်တောင်ကြောပေါ်တွင် အပြည့်အကျပ်ရောက်လာကြသည်။ မက်ဆွဲလ်၊ ရေချယ်နှင့် ကိုဘီတို့ သုံးယောက်က လေးဘီးရထားကြီးနှင့် တောင်ကြားထဲသို့ အစောကြီး ဝင်လာကြသည်။

ပြီးမှ ရထားပေါ်က ဆင်းပြီး အင်ဒီယန်များစုဝေးရာ တောင်ကြောပေါ်သို့ တွယ်ဖက်တက်လာခဲ့ကြသည်။ ပြိုင်ပွဲကို မြင်နိုင်လောက်သည့် နေရာရောက်မှ နားလိုက်ကြသည်။ သူတို့ထိုင်လိုက်သည့် နေရာမှာ ဗိုလ်မှူးကြီး ကာဒ်ဝဲလ်၏ အပေါ်တည့်တည့်တွင် ဖြစ်နေသည်။

ဟေယို အကြီးအကဲ အဘိုးအိုက မက်ဆွဲလ်ကို လှမ်းနှုတ်ဆက်ပြီးတော့ တဆက်တည်းမေးသည်။

“မိတ်ဆွေကြီး မက်ဆွဲလ်ခင်ဗျား၊ လူဖြူတွေနဲ့အတူ



တောင်အောက်မှာမနေဘဲ ဘာကြောင့် တောင်ကြောပေါ်ကို တက်လာတာလဲ”

ဆရာကြီး မက်ဆွဲလ်က ဆေးတံကို ဆေးတစ်ဆုံဖြည့်သည်။ သုံးလေးဖွာ ဖွာပြီးမှ ချီယင်နီစကားဖြင့် ပြန်ပြောလိုက်သည်။

“အင်ဒီယန်ပိုင်မြေတွေကို သူတို့အတင်းလုယူတာ ကျွန်တော်မကျေနပ်ပါဘူး အဘိုး”

အဘိုးအိုက သွားတစ်ချောင်းမှ မရှိတော့သည့် ပါးစပ်ထဲမှ ဆေးတံကို ဆက်ခါဆက်ခါ ဖွာနေရာမှ

“ဒါဆိုရင်တော့ မိတ်ဆွေကြီးဟာ တခြား လူဖြူတွေနဲ့မတူတဲ့ လူဖြူတစ်ယောက်ပဲ။ ဟိုမှာ ကြည့်စမ်းပါ၊ သူတို့တွေဟာ ငတ်ပြတ်နေတဲ့ နံကောင်တွေနဲ့ မတူဘူးလား။ သူတို့တွေဟာ နံကောင်တွေလို ကျုပ်တို့ဆီ ရောက်လာပြီး အားလုံးကို ဖျက်ဆီးပစ်နေတာပဲ”

“ကျွန်တော်လည်း အဲဒီအတိုင်း ထင်ပါတယ် အဘိုး။ တစ်ခုတော့ ကျွန်တော် စိုးရိမ်ပါတယ်။ မြေတွေ ဆုံးရှုံးတဲ့ကိစ္စမဟုတ်ပါဘူး၊ အသက်တွေ ဆုံးရှုံးမယ့်ကိစ္စပါ။ ကျွန်တော် ကြားရသလောက် အဘိုးတို့အားလုံးဟာ တစ္ဆေမင်းသားနဲ့ သူ့နောက်လိုက်သုံးယောက်ရဲ့ အသက်စွန့်ပွဲကို လာကြည့်တာလို့ သိရပါတယ်။ တကယ်လို့ အင်ဒီယန်တွေက တစ္ဆေမင်းသားတို့နဲ့အတူ ဝင်တိုက်မယ်ဆိုရင်...”

“သူတို့ကို ကျုပ်အကြောင်းကြားထားပါပြီ။ ကျုပ်တို့ဟာ ငြိမ်းချမ်းစွာ ပွဲလာကြည့်တာပါလို့”

“ကောင်းပါတယ် အဘိုးရယ်၊ သိပ်ကောင်းပါတယ်”

*

www.burmeseclassic.com

www.burmeseclassic.com



သုံးရာမျှသော အမေရိကန်စစ်သားများက တောင်ကြားအပြည့်နေရာယူကာ ဘယ်တောင်ပံ၊ ညာတောင်ပံ ဖြန့်ထားသည်။ အချို့က ဒူးထောက်လျက်၊ အချို့က မတ်တတ်၊ အချို့က မြင်းပေါ်မှာ။ အလယ်ကရော၊ ဝဲယာကပါ ညှပ်ပစ်မည့်ပုံ။

စစ်ကြောင်းအလယ်တည့်တည့်မှ ဧရာမ လေးဘီးတပ်ရထားကြီးပေါ်တွင် ဗိုလ်မှူးကြီးကဒ်ဝဲလ်က အခန့်အညားထိုင်လျက်။ တောင်ကြောတစ်ဘက်တစ်ချက်မှ အင်ဒီယန်များကို လှမ်းပြီး အကဲခတ်နေသည်။

ပြီးတော့ နာရီကို ထုတ်ကြည့်ပြီး မေးသည်။

"တဆွေမင်းသား မလာသေးပါလားကွ၊ သူကိုယ်သူ လာပြီး အသေခံမယ့်ကိစ္စပဲ။ မြန်မြန်ပြီး မြန်မြန်ပြတ်တာပေါ့ကွာ"

ဆယ်နာရီမိနစ်လေးဆယ်တွင် ကင်းထောက်စစ်သားတစ်ယောက် ရှေ့ဘက်မှ ဒုန်းစိုင်းပြီး ဖုန်တထောင်းထောင်းနှင့် လာနေသည်။ လျှိုတစ်ဘက်ထိပ် ကမ်းပါးတစ်ခုမှ တဆွေမင်းသားနှင့် နောက်လိုက်သုံးဦး လာနေပြီဖြစ်ကြောင်း သတင်းပို့လာသည်။

"ကောင်းပြီ၊ တပ်ခွဲကို သတင်းပို့လိုက်။ အားလုံး အသင့်ပြင်ထားနိုင်း၊ ချက်ချင်းလုပ်"

ဗို့ဒ်ရီနီခဲတပ်မှ ဗိုလ်မှူးဖီးလစ်က တန်းစီချိန်ထားသည့် ကာဘိုင်သေနတ်များကို ငုံ့ကြည့်ပြီး

"ဘာအဓိပ္ပာယ်လဲ၊ ဘာလို့ သူတို့ အဲဒီလို လုပ်တာပါလိမ့်" ဟု ဗိုလ်မှူးကြီးကို လှမ်းမေးသည်။

ဗိုလ်မှူးကြီးက တောင်ကြောပေါ်မှ အင်ဒီယန်များကို လှမ်းကြည့်ပြီး

"သူတို့အတွက်လုပ်တာ"

"ဗျာ၊ သူတို့အတွက် ဟုတ်လား"



"သူတို့လူမျိုးအတွက် ဂုဏ်သရေရှိရှိနဲ့ ဘယ်လိုသေရမယ်ဆိုတာကို သူတို့ပြချင်တာ"

ဗိုလ်မှူးက မျက်နှာရှုံ့လိုက်ပြီး

"ကျွန်တော်ကတော့ အရူးထတယ်လို့ ထင်တာပဲ"

"အင်း ... အဲဒီလို ပြောကြစတမ်းဆိုရင် ငါလည်း အရူးထတာပဲကွ၊ ငါသာ တဆွေမင်းသားဆိုရင် ဒီနေ့မျိုးကို သေဖို့ရွေးမိမှာပဲ"

အင်ဒီယန် စစ်သည်လေးဦးတို့သည် မြင်ကွင်းထဲသို့ ဘွားခနဲ ရောက်လာသည်။ အင်ဒီယန်တို့၏ တိုက်ပွဲဝင် စစ်ဝတ်တန်ဆာအပြည့်အစုံဖြင့် လျှိုဝမှ တအားပြေးဝင်လာခြင်းဖြစ်သည်။ စစ်တပ်၏ ကျားပါးစပ်ပုံစံအတွင်းသို့ ကိုက်လေးရာလောက်အထိ ပြေးဝင်လာသည်။ ကမ်းပါးပြတ်ကြီးတစ်ခုအနား ရောက်တော့ ရုတ်ခနဲရပ်လိုက်ကြသည်။ နှစ်ဘက်တောင်ကြောပေါ်မှ မရေမတွက်နိုင်လောက်သော အင်ဒီယန်တို့၏ အော်ဟစ်အားပေးသံတွေ ဆူညံသွားလေသည်။

တဆွေမင်းသား၏နံဘေးတွင် 'စွန်ရဲ'၊ 'ဝံပုလွေ' နှင့် 'ဝါးလုံးရှည်' တို့က တိုက်ပွဲဝင် အဆောင်အယောင်အပြည့်ဖြင့် ခြံရံလျက်။ တဆွေမင်းသားက တောင်ကြောပေါ်မှ သွေးရင်းများကို လက်မြှောက်ပြပြီး နှုတ်ဆက်လိုက်သည်။

သူတို့၏ မျက်နှာပေါ်တွင် အနီ၊ အနက်နှင့် အဝါရောင်များ ခြယ်သထား၏။ 'ဝါးလုံးရှည်' နှင့် 'ဝံပုလွေ' တို့က သူတို့ဦးခေါင်းတွင် စွန်တောင်နှစ်ချောင်းစီ စိုက်ထားကြ၏။ တဆွေမင်းသားနှင့် စွန်ရဲတို့က အကြီးအကဲများဖြစ်သည့်အလျောက် စွန်မွေးဖြင့်သီကုံးထားသည့် တိုက်ပွဲဝင်ခေါင်းစွပ် ကိုယ်စီဖြင့်။ တဆွေမင်းသားက ရိုင်ဖယ်သေနတ်ကို ကျောတွင် လွယ်ထားသည်။

တိုက်ပွဲဝင် ကကြိုးတန်ဆာများ ဆင်မြန်းထားသည့် မြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးများက စိတ်လှုပ်ရှားနေပုံဖြင့် တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ စစ်သည်တော် လေးယောက်က မရဏာတေးကို သံပြိုင် ဟစ်ကြွေးကြသည်။ တောင်ကြောနှစ်ဘက်ပေါ်မှ အင်ဒီယန်ပရိသတ်က တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေကြ၏။

တေးသံဆုံးသွားသော်လည်း တောင်ကြားတစ်လျှောက်တွင် ပဲ့တင်ဟိန်း ကျန်ရစ်သည်။ ပဲ့တင်သံမဆုံးမီ တစ္ဆေမင်းသားသည် သူ့လှံတံကို ရှေ့မှစစ်သားများဆီသို့ တည့်တည့်ချိန်ထားလိုက်သည်။ ပြီးမှ အင်ဒီယန်လူမျိုးတို့၏ ရိုးရာတိုက်ပွဲခေါ်သံကို သံပြိုင်ဟစ်ကြွေးကြလေသည်။

"ဟိုကာဟေး ... ဟိုကာဟေး၊ မြတ်သောသေခြင်းနဲ့ တို့သေမယ်ဟေ့"

အခြားစစ်သည်သုံးဦးက သေနတ်တွေကို ခေါင်းပေါ်တွင် မြှောက်ကာ သံပြိုင်လိုက်ဆိုကြသည်။

"ဟိုကာဟေး ... ဟိုကာဟေး"

တစ္ဆေမင်းသားက လှံတံကို မြေကြီးထဲသို့ တအားထိုးစိုက်ချလိုက်သည်။ လှံတံသည် အလံတိုင်တစ်ခုလို မြေကြီးပေါ်တွင်ထောင်မှန်စိုက်သွားသည်။ ပြီးသည်နှင့် ကျောမှရိုင်ဖယ်ကို ဆွဲယူလိုက်သည်။

မြင်းလေးကောင်သည် တောင်ကြားလမ်းတစ်လျှောက်တွင် ဖုန်တထောင်းထောင်းနှင့် ပစ်ကွင်းထဲသို့တရကြမ်းတိုးဝင်သွားလေသည်။

ဤတွင် တောင်ကြောနှစ်ဘက်ပေါ်မှ ဒရမ်တီးသံတွေ တစ်ပြိုင်တည်း ပေါ်လာသည်။ မြင်းခွာသံနှင့်အတူ စည်းချက်ညီညီ တီးပေးကြခြင်းဖြစ်၍ ကြာလေမြန်လေ ဖြစ်လာသည်။ ထိုစဉ်တွင် ထူးဆန်းသည့် အသံတစ်မျိုး တောင်ကြောပေါ်မှ ထွက်လာသည်။ ဒရမ်စည်းချက်နှင့်အတူ ထွက်လာသည့် အင်ဒီယန်အမျိုးသမီးများ၏ သံပြိုင်အော်သံဖြစ်သည်။



"မပစ်နဲ့ဦး"

ဗိုလ်မှူးကြီးက သူ့ဗိုလ်မှူးကို အမိန့်ပေးလိုက်သည်။ စက္ကန့်ပိုင်းအတွင်း သူတို့တစ်တွေ စိတ်ပြောင်းသွားနိုင်သေးသည် မဟုတ်လား။ သို့သော် စစ်သည်တော်လေးဦးက သူတို့ ဆုံးဖြတ်ချက်ကို ပြင်ဖို့ လုံးဝစိတ်ကူးရှိပုံမပေါ်။

ခရီးတစ်ဝက်လောက်အရောက်တွင် သူတို့က သူတို့မြင်းတွေကို အသားကုန်ဒုန်းစိုင်းနိုင်းသည်။ ပြီးတော့ ဇက်ကြိုးတွေကို လွှတ်ပေးလိုက်ပြီး စတင် ပစ်ခတ်ကြလေတော့၏။ ဤတွင်မှ ဗိုလ်မှူးကြီးကာဒ်ဝဲလ်က ဗိုလ်မှူးဖီးလစ်ကို ပစ်မိန့်ပေးလိုက်တော့သည်။

"ကဲ... ဒင်းတို့က စမှတော့ သူတို့ကို အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်အောင် ဆော်ထည့်လိုက်ကြစမ်း"

"ပစ်"

စပရင်းဖီးကာဘိုင်အလက်သုံးရာမှ ကျည်ဆန်များ တစ်ပြိုင်တည်းလိုလို ထွက်သွားသည်။ စစ်သည်တော်နှစ်ယောက် ကားခနဲ ကျသွား၏။ 'ဝါးလုံးရှည်' နှင့် 'ဝံပုလွေ' တို့ဖြစ်သည်။

မြင်းတပ်သားတွေ ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။ ကျည်ဆန်ပေါင်းများစွာ သူတို့ကိုယ်တွင်းသို့ ဝင်သွားသော်လည်း စွန်ရဲနှင့် တစ္ဆေမင်းသားတို့က သေနတ်ကို တရစပ်ပစ်ရင်း ရှေ့သို့ ချီနေဆဲ။

မျက်လုံးအပြူးသားနှင့် ကမူးရှူးထိုး ပြေးဝင်လာနေသော အင်ဒီယန်နှစ်ယောက်ကို ဝိုင်းပစ်ကြပြန်သည်။ စစ်သားနှစ်ယောက် ကျသွားသည်။

"ကျည်ထိုး၊ ထပ်ပစ်"

ဗိုလ်မှူးဖီးလစ်၏ အမိန့်အတိုင်း စစ်သားတွေ ထပ်ပစ်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်ရဲ၏မြင်း တစ်ပတ်ကျွမ်းပြန်ပြီး လဲကျသွား၏။ စွန်ရဲသည် မြင်းပေါ်မှ ခုန်ဆင်းပြီး မြေကြီးပေါ်သို့ ဒလိမ့်ကောက်ကွေး ကျသွား၏။ အတင်းကုန်းရုန်းထပြီး ဆက်ပစ်သည်။ သို့သော် ကျည်ဆန်ပေါင်းများစွာက သူ့ကို တစ်စစီဖြစ်သွားအောင် ဖျက်ဆီးပစ်လိုက်တော့သည်။

တစ္ဆေမင်းသားသည်လည်း ကျည်ဆန်ပေါက်များစွာမှ သွေးဆွေ တရဟောပန်းထွက်နေပြီ။ သို့သော် ရှေ့တန်းနှင့် ကိုက်လေးဆယ် အကွာရောက်မှ သခင့်နည်းတူ ဒဏ်ရာများစွာရနေသည့် ဖောင်းဝတ်ဖြူကြီးသည် ပတတ်ရပ်ကာ နောက်သို့ လန်ကျသွားတော့သည်။

တစ္ဆေမင်းသား မြက်ခင်းထဲတွင် မှောက်လျက်သား ကျသွားသည်။ ပွဲချင်းပြီးသွားပြီအထင်နှင့် မြင်းတပ်သားများက ဆက်မပစ်တော့ဘဲ ရပ်ပစ်လိုက်သည်။

ဤတွင် တစ္ဆေမင်းသားက ကုန်းရုန်းထပြီး ခါးမှ ဦးရေခွာဓား* ကို ဆွဲထုတ်ကာ ရန်သူရှိရာကို မြွေလိမ်မြွေကောက် ဆက်ပြေးသွားသည်။

မယုံချင်နိုင်စရာ မြင်ကွင်းကြောင့် ကျည်ထိုး မောင်းဖြုတ်ဖို့ပင် စစ်သားတွေ အယောင်ယောင်အမှားမှား ဖြစ်ကုန်တော့သည်။ ဤသို့ဖြင့် ကျည်ဆန်အချို့သည် သူ့ရင်ပတ်ကို မှန်ရမည့်အစား ခြေထောက်ကိုမှန်ပြီး သူလဲကျသွားသည်။ ရှေ့တန်းနှင့် ကိုက်နှစ်ဆယ် အကွာတွင် သူရောက်နေပြီ။

ခြေထောက်တွေ သွင်သွင်ကျိုးသွားတော့ ဓားကို ပါးစပ်ထဲ ထည့်ပြီး ကိုက်လိုက်သည်။ ပြီးတော့ ရှေ့သို့ အလျားမှောက် တွားသွားသည်။ ဆယ်ကိုက်အကွာရောက်မှ သူ့တစ်ကိုယ်လုံး တွန့်လိမ်ကာ ငြိမ်သက်သွားတော့၏။ နောက်ဆုံးထွက်သက်မရှူမီ

* လူဖြူများကိုမိလျှင် ဆံပင်နှင့် ဦးရေကို ခွာယူသည့်ဓား



ခေါင်းတစ်ချက် ထောင်လာသေးသည်။ ပြီးမှ မျက်စိမှိတ်ကာ သူ့ဦးခေါင်း မြေကြီးပေါ်သို့ စိုက်ကျသွားလေသည်။

ဗိုလ်မှူးကြီးကဒ်ဝဲလ်က အိတ်ဆောင်နာရီကို ထုတ်ကြည့်သည်။ ပြီးတော့ တာလွှတ်မည့်နေရာကို သမင်လည်ပြန် လှမ်းကြည့်သည်။ ပြီးမှ မြင်းကို ရှေ့တိုးစေပြီး တစ္ဆေမင်းသား၏ အလောင်းကို ငုံ့ကြည့်သည်။ တောင်ကြောနှစ်ဘက်မှ မိန်းမများ ရင်ဘတ်စည်တီး ငိုကြွေးသံသည် တောင်ကြားတစ်လျှောက် ဆူညံစွာ ပဲ့တင်ဟီးသွားလေသည်။

ဗိုလ်မှူးကြီးက ဗိုလ်မှူးဖီးလစ်ကို အမိန့်ပေးလိုက်သည်။

“ဗျူကယ်သမား ခေါ်လိုက်”

ဗိုလ်မှူးက အော်ဟစ်အမိန့်ပေးလိုက်သည်။

“ဗျူကယ်သမား ရှေ့ထွက်၊ နေရာယူ”

အော်ပြီး တပ်မှူးဘက်သို့ လှည့်မေးလိုက်သည်။

“ဘယ်တေးသွားမှုတ်ခိုင်းရမလဲ ဗိုလ်မှူးကြီး”

“ဝမ်းနည်း၊ ဂုဏ်ပြု”

ဗိုလ်မှူးက နားမလည်သလို သူ့တပ်မှူးကို ပြန်ကြည့်နေသည်။ ဗိုလ်မှူးကြီး ကဒ်ဝဲလ်က ရှင်းပြသည်။

“သူတို့ဟာ သူရသတ္တိနဲ့ ပြည့်စုံတဲ့ လူတွေပဲ ဗိုလ်မှူး။ ငါတို့ဂုဏ်သိက္ခာ မထိခိုက်တဲ့နည်းနဲ့ သူတို့ကို ဂုဏ်ပြုရမယ်လို့ ငါယုံကြည်တယ်။ အချိန်ရှိပါသေးတယ်၊ တပ်ခွဲကို သတိ ဆွဲခိုင်း”

ဗိုလ်မှူးဖီးလစ်က တပ်ခွဲကို သတိအနေအထားနှင့်နေဖို့၊ အခြားအဆင့်များက သေနတ်၊ အရာရှိများက ဓားဖြင့် အလေးပြုဖို့ အမိန့်ပေးလိုက်သည်။ ကြေကွဲလွမ်းဆွတ်ဖွယ် ဗျူကယ်သံကြောင့် တောင်ကြားတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဆောက်တည်ရာမရ အော်ဟစ်ငိုယိုနေကြသည့် အင်ဒီယန်မမများ၏ အသံပင် လုံးဝ တိတ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ တောင်ကြားဒေသတစ်လျှောက်မှ သက်ရှိသက်မဲ့ အားလုံး ဗျူကယ်သံတွင် နစ်မျောနေသည့်အလား။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေရာမှ လှုပ်ရှားမှုတစ်ခု ပေါ်လာသည်။ အင်ဒီယန်လူငယ်ကလေးတစ်ယောက် တောင်ကြောပေါ်မှ ပြေးဆင်းလာနေသည်။ တစ္ဆေမင်းသား၏ အလောင်းဆီသို့ တန်းတန်းမတ်မတ် ပြေးချသွားသည်။

ကျောင်းဝတ်စုံပြည့်နှင့် ကိုဘီဖြစ်သည်။ သူ့တွင် လက်နက်လည်းမပါသဖြင့် သူ့ကို ဘယ်သူမှ အနှောင့်အယှက်မပေးဘဲ စောင့်ကြည့်နေကြ၏။ သူက ဗျူကယ်သံ ဆုံးသည်အထိ အလောင်းနားတွင် မတ်တတ်ရပ်နေသည်။ ပြီးမှ ဦးထောက်ချလိုက်၏။ ဆရာကြီးမက်ဆွဲလ်နှင့် ရေချယ်တို့ သားအဖက အဝေးမှ ငေးကြည့်နေကြသည်။

သွေးအိုင်ထဲတွင် လဲကျနေသည့် တစ္ဆေမင်းသားကို သူငယ်ကလေးက ကိုင်ကြည့်သည်။ ပြီးမှ ချီယင်နီ ထုံးစံအတိုင်း နှုတ်ဆက်သည်။

“နှုတ်ဆက်လိုက်ပါတယ် အဖေ၊ အဖေ့ခရီး ဖြောင့်ဖြူးပါစေ”

ဝိညာဉ်တိုင်းပြည်ကို အသွားလမ်းဖြောင့်ဖြူးအောင် အင်ဒီယန်ထုံးစံအရ ဆုတောင်းပေးလိုက်ခြင်း ဖြစ်၏။

*

နောက်လအနည်းငယ်ကြာတော့ ဟေယီအကြီးအကဲ အဘိုးအို တစ်ယောက် အစိုးရရုံးများရှိရာသို့ ရောက်လာသည်။ လှည်းပေါ်တွင် ကူရှင်ဖုံး ကုလားထိုင်ကြီးပေါ်တွင် ထိုင်လိုက်လာခြင်း ဖြစ်သည်။



ဖုန်တွေနိုင်းချင်းနှင့်။ ချာတိတ်ကလေးတစ်ယောက်က ထိန်းမိုးပေးထားသည်။ အကြီးအကဲ၏ အငယ်ဆုံးသားကလေး ဖြစ်၏။

မြင်းနှစ်ကောင်ဆွဲ အကြီးအကဲ၏လှည်းကို ‘အရိုပ်ရှည်’ က မောင်းလာသည်။ လှည်းနံဘေးတွင် မြင်းစီးအင်ဒီယန် နှစ်ယောက် ပါလာသည်။ သူတို့နှစ်ယောက်၏အလယ်တွင် အလွန်လှသည့် အညိုရောင် မြင်းပေါက်ကလေးတစ်ကောင် ပါလာသည်။

ဆရာကြီးမက်ဆွဲလ်နှင့် ကိုဘီတို့နှစ်ယောက်က ပျက်စီးနေသည့် ခြံစည်းရိုးကို ပြင်ဆင်နေကြ၏။ သူတို့အိမ်ရှေ့ရောက်လာတော့ မက်ဆွဲလ်က ထွက်ပြီး အဘိုးအိုကို လက်ဆွဲနှုတ်ဆက်သည်။

ပြီးတော့ အကြီးအကဲကို တလေးတစားမေးလိုက်သည်။

“အဘိုး လာလည်တဲ့အတွက် ကျွန်တော်တို့ ဘာများ ဆောင်ရွက်ပေးရမလဲ၊ အမိန့်ရှိပါ အဘိုး”

“ကျုပ်မျက်လုံးတွေ မကောင်းတော့ဘူး ဆရာကြီး၊ ဟို ဟာ တစ္ဆေမင်းသားရဲ့ သားကလေးမဟုတ်လား”

အဘိုးအိုက မျက်စိကို မှေးကြည့်ရင်း မေးသည်။

“ဟုတ်ပါတယ် အဘိုး”

“ကျုပ် သူ့အတွက် လက်ဆောင်ပါလာတယ်၊ သူ့ကို သူလားမြောက်စေမယ့် လက်ဆောင်ပေါ့။ လူဖြူတွေရဲ့ပညာ သူသိတာ ကောင်းပါတယ်။ ဒါပေမဲ့ ရိုးရာဓလေ့အကြောင်း ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ ဘယ်သူ သင်ပေးမလဲ”

အကြီးအကဲ အဘိုးအို ခဏတွေပြီး စဉ်းစားသည်။ ပြီးမှ ခပ်ဖြည်းဖြည်းပြောသည်။

“ကျုပ် ဒီမြင်းရိုင်းကလေးကို သူ့လူမျိုးအတွက် အသက်စွန့်သွားတဲ့ တစ္ဆေမင်းသားရဲ့ သားကလေးဖို့ လက်ဆောင်ယူလာတယ်။ အမှန်က အဲဒီနေ့က ကျုပ်လည်း သူနဲ့အတူ လိုက်သေဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ် သေလို့မဖြစ်သေးဘူး။ သူ့သားကို တာဝန်ယူပြီး လူလားမြောက်အောင် လုပ်ပေးရဦးမယ်။ ဒီမြင်းကလေးကို ယဉ်အောင် သူလုပ်နိုင်မယ်ဆိုရင် သူ လူလားမြောက်တာပဲ။ အဲဒီအခါမှာ ကျုပ် လွတ်လွတ်လပ်လပ် သေလို့ရပြီ"

ပြောပြီး အဘိုးအိုက ဆရာကြီးမက်ဆွဲလ်အား တောင်းပန်တိုးလျှိုးသည့် အကြည့်ဖြင့် ကြည့်သည်။

"ဆရာကြီးမက်ဆွဲလ် ကျေးဇူးပြုပြီး လက်ခံပေးပါ"

"ကဲ... ကိုဘီ၊ အဲဒါမှ ဒုက္ခပဲ။ မင်းကို ဆရာကြီးကျောင်းထဲမှာ မြင်းထားခွင့်မပြုနိုင်ဘူး။ မင်းကို အဲဒီအခွင့်အရေးပေးလိုက်ရင် တခြားကျောင်းသားတွေကလည်း ကြေးတမ်းတိုက်လာလိမ့်မယ်"

ရေချယ်အိမ်ထဲမှ ထွက်လာသည်။ လက်ထဲတွင် ရေခဲစိမ်လက်ဖက်ရည်ခြောက်ခွက်ဖြင့်။ လက်ဖက်ရည်မှာ ရေခဲတုံးကလေးများ ပေါလောပေါ်လျက် အေးမြချိုစိမ့်နေသည်။ အင်ဒီယန်လူမျိုးတွေ အကြိုက်ဆုံး၊ တန်ဖိုးအထားဆုံး လက်ဖက်ရည်ဖြစ်သည်။ သူတို့ အားရပါးရ သောက်ကြ၏။

"ဖေဖေ၊ ဒီလိုလုပ်ပါလား။ မြင်းကို သမီးတို့အိမ်က မြင်းဇောင်းထဲမှာပဲ ထားပေးလိုက်ပေါ့။ ဒါဆို သူ့မြင်းမှန်း ဘယ်သူမှ မသိနိုင်တော့ဘူးလေ"

"ကျွန်တော် သူ့အတွက် အစစတာဝန်ယူပါ့မယ်ဆရာကြီး။ မြင်းဇောင်း သန့်ရှင်းရေးရော၊ မြင်းစာကျွေးဖို့ပါ ကျွန်တော် လုပ်ပါ့မယ် ခင်ဗျာ။ ဆရာကြီးကို သူ ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး။ ကျွန်တော် ကတိပေးပါတယ်ခင်ဗျာ"

"ကိုဘီ ... ဒါမြင်းရိုင်းနော်၊ မင်း သေသေချာချာကြည့်စမ်း"

အညိုရောင် ပြောင်လက်နေသည့် မြင်းပေါက်မှာ အလွန်



လှသည့် မြင်းတစ်ကောင် ဖြစ်ပါသည်။ သို့သော် သူ့မျက်လုံးတွေက တကယ့်အရိုင်းမျက်လုံးတွေ။ အလွန်ကျွမ်းကျင်သည့် လေ့ကျင့်ရေးသမားတစ်ယောက်နှင့် ယဉ်ပါးအောင်ကျင့်မှ ဖြစ်မည်။

"ဒီလိုလုပ်ပါလား ကိုဘီ၊ မင်း ကျောင်းပြီးအောင် စောင့်လိုက်ပါလား၊ အဲဒီတော့မှ လေ့ကျင့်ပြီးသား မြင်းတစ်ကောင်ရအောင် ဆရာကြီး စီစဉ်ပေးမယ်လေ"

"ကျေးဇူးတင်ပါတယ် ဆရာကြီးခင်ဗျား၊ ဒါပေမဲ့ သူ့ကိုပဲ ကျွန်တော် လိုချင်နေပါတယ် ခင်ဗျာ"

ဆရာကြီး သက်ပြင်းချသည်။ ဟေယိုအကြီးအကဲ၏ သက်ဆောင်ကို ငြင်းဖို့လည်း မဖြစ်နိုင်။ နောက်တစ်ကြိမ် သက်ပြင်းချပြီး ပြောလိုက်သည်။

"အေးလေ ... ဒါဖြင့်လည်း မင်း ကျောင်းပြီးတဲ့အထိ ဒီမှာထားပေါ့။ ဒါပေမဲ့ မင်း သူ့တာဝန်ကိုတော့ အားလုံးယူရမယ်နော်"

ဟေယိုအဘိုးအိုက သူ့ကိစ္စပြီးသွားသည့်အတွက် ဝမ်းသာအားရပြောသည်။

"အင်း ... ကောင်းတယ်၊ ကောင်းတယ်၊ ကျုပ်တာဝန် ပြီးပြီ။ ပြန်ပြီး အနားယူမျက်စိမှိတ်တော့မယ်"

ကိုဘီတစ်ယောက် အဘိုးအို ပြန်သွားသွားချင်း ဂနာမငြိမ်ဖြစ်နေသည်။

"ဆရာကြီးခင်ဗျား၊ သူ့ကိုယဉ်အောင် ကျွန်တော်ကိုယ်တိုင် လုပ်ရမယ်လို့ အဘိုး ပြောသွားတယ်နော်"

"မင်းက မြင်းရိုင်းကို ယဉ်အောင်လုပ်တဲ့ကိစ္စ ဘာမှ နားမလည်ဘဲ သွားလုပ်ရင် မင်း သေသွားမှာပေါ့ ကိုဘီ"

"ကိစ္စမရှိပါဘူး ဆရာကြီး၊ ကျွန်တော် ဖြစ်အောင်လုပ်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာကြီး မက်ဆွဲလ် စိတ်မပူဘဲ မနေနိုင်ပါ။ သူ မြင်းဇောင်းထဲ ဝင်သွားတော့ ရင်တမမနှင့် စောင့်ကြည့်နေတတ်သည်။ ကိုဘီက လက်ထဲတွင် သကြားခဲတစ်ခဲ၊ ပန်းသီးတစ်လုံး ကိုင်သွားသည်။ သူ့မြင်းဆီ ကမ်းပေးတော့ ကောင်ကြီးက သွားအဖြီးသားနှင့်ပြေးလာပြီး သူ့အနားရောက်တော့ မြေကြီးကို ရှေ့လက်နှစ်ဖက်နှင့် တခွမ်းခွမ်းပေါက်နေသည်။

ကိုဘီက တဖြည်းဖြည်း ဝက်အူတင်းဖို့ ဆုံးဖြတ်လိုက်သည်။ ရေမတိုက်တော့ဘဲ အငတ်ထားလိုက်၏။

“ကဲ... ကဲ... မင်း ဘယ်လောက်အဆာခံနိုင်မလဲ ကြည့်ကြသေးတာပေါ့ကွာ”

နောက်တစ်နေ့မနက်ကျမှ ကိုဘီက သောက်ရေပုံးထဲသို့ ရေထည့်ပေးသည်။ လည်ကိုဆန့်ကာ ပြေးလာပြီး ရေကို အငမ်းမရ သောက်သည်။ သို့သော် ကျေးဇူးတင်သည့် အမူအရာမပြ။ မာန်ဖီပြီး ကိုဘီ့လက်ကိုပင် ကိုက်ဖို့ ကြိုးစားသေးသည်။

သို့သော် တစ်နေ့ထက်တစ်နေ့ ငြိမ်လာသည်။ တစ်ပတ်ကြာသွားသည့်အခါ သူ ရေငုံ့သောက်နေစဉ် ကိုဘီက ခေါင်းကို အသာပွတ်ပေးတော့ ငြိမ်ခံနေသည်။ နားရွက်ကို ကုတ်ပေးတော့လည်း ရေသောက်မပျက်။

ကိုဘီက သူ့ကို ‘နီလာကြီး’ ဟု နာမည်ပေးထားသည်။ နွေရာသီရောက်သည့်အခါ နီလာကြီးက ကိုဘီကို ခြံထဲဝင်ခွင့်ပေးသည်။ နောက်ပိုင်းတွင် သူ့တစ်ကိုယ်လုံးကို ဝက်မှင်ဘီးဖြင့် ဖြီးပေးလျှင် ခိမ်ပျပြီး ငြိမ်ခံနေတတ်သည်။ နက်ပြောင်နေသည့် လည်ဆံမွေးတွေကို ဖြီးပေးလျှင် သဘောကျသည့်အမူအရာ ပြသည်။

တစ်နေ့တွင် ကိုဘီက ဆရာကြီး၏ မြင်းမဘက်စီကို ခေါ်လာပြီး နီလာကြီးအနားတွင် ချည်ထားပေးလိုက်သည်။ ဘက်စီ



က သဘောကောင်းပြီး အလွန်အေးချမ်းသော မြင်းမ ဖြစ်၏။ ခတ်ကူးသွားသည့်အလား နီလာကြီး အမူအရာတွေ ပြောင်းလာသည်။

မြင်းရိုင်းတွေဖမ်းလာပြီး ယဉ်ပါးအောင် လုပ်သည့် မြင်းထိန်းတွေ ဆရာကြီးမက်ဆွဲလ် အများကြီးတွေ့ဖူးသည်။ ကိုဘီလုပ်သည့် နည်းမျိုးကို သုံးသူတစ်ယောက်မှ မတွေ့ဘူးခဲ့ပေ။

သူတို့က ကြိုးတွေနှင့်ဆိုင်း၊ မြင်းပေါ်ခွတက်၊ ဖိနပ်တွင် တပ်ထားသည့် ဆူးဖြင့် မြင်းနံဘေးကိုပေါက် စသည်ဖြင့် ပစ္စည်းအင်အား၊ လူအင်အားသုံးပြီး လေ့ကျင့်ခြင်းဖြစ်သည်။ လပေါင်းများစွာ လူနှင့်မြင်း အားပြိုင်ခြင်းမျိုးဖြစ်၏။

ကိုဘီက မေတ္တာဖြင့် စည်းရုံးသည်။ သူ့ဘက် ပါလာအောင် သူ့ကို ခင်မင်လာအောင် မြင်းကို ချော့မော့ပြီး ယဉ်ပါးစေခြင်းဖြစ်သည်။

ဆရာကြီးမက်ဆွဲလ်သည် ကိုဘီကို သားတစ်ယောက်လို ခင်တွယ်ပြီး ဂုဏ်ယူမိသည်။ ဒက်စတာအတွက် သိက္ခာကျရသမျှ ကိုဘီက အသရေဆည်ပေးနေသကဲ့သို့ ဖြစ်လာ၏။

မက်ဆွဲလ် သွင်းပေးထားသော အလုပ်မှ ဒက်စတာ ပြုတ်ခဲ့လေပြီ။ မြေစာရင်းဆိုင်ရာ လျှို့ဝှက်ချက်တွေကို အပြင်ထုတ်ပေးသဖြင့် အရေးယူခံရခြင်း ဖြစ်သည်။

ဆရာကြီးမျက်နှာကြောင့် ပြစ်ဒဏ်အကျမခံရဘဲ တိတ်တိတ်ကလေး အလုပ်မှ ထုတ်ပယ်လိုက်ခြင်း ဖြစ်သည်။ သည့်ထက်သာသည့်အလုပ်ကို ရှာမည်ဆိုကာ ဂူသရီသို့ ဒက်စတာထွက်သွားသည်။

မကြာခင် ပို့စကတ်တစ်စောင် ရေချယ်ဆီ ရောက်လာသည်။ ‘ရှယ်လ်ဘီဟွန်းဘက်’ ထဲတွင် အလုပ်လုပ်နေကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် အမေ့အတွက် သူနာပြုဆရာမငှားဖို့ ငွေပို့လိုက်မည်ဖြစ်ကြောင်း ကတ်ပေါ်တွင် ရေးထားသည်။ ဘယ်နည်းနှင့်မျှ သူ့အမေကို စိတ္တဇဆေးရုံသို့ ပို့မည်မဟုတ်ကြောင်းလည်း ပါ၏။ သို့သော် ထိုငွေ ဘယ်သောအခါမျှ ရောက်မလာခဲ့ပါ။

ဤသို့ဖြင့် ဒက်စတာကြောင့် ရခဲ့သည့် ဆရာကြီး၏ ဒဏ်ရာအတွက် ကိုဘီသည် ဖြေဆေးတစ်မျိုး ဖြစ်လာခဲ့တော့သည်။ နီလာကြီး တိုး၍တိုး၍ ယဉ်ပါးလာပုံကို မက်ဆွဲလ်က မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။

"မင်း ဘာအတွက် အဲဒီလို လုပ်နေတာလဲ ကိုဘီ"

တစ်နေ့တွင် ခြံဝမှ ရေချယ်နှင့်အတူ ရပ်ကြည့်နေရင်း ဆရာကြီးက မေးလိုက်သည်။ ကိုဘီက နီလာကြီးနံဘေးတွင် ရပ်ပြီး ရင်ပုံသားတွေကို ပွတ်သပ်ပေးနေသည်။

"ဘာရယ်မဟုတ်ပါဘူး ဆရာကြီး၊ သူနဲ့ ပိုရင်းနှီးအောင်လို့ပါ"

"နင် တစ်နေ့တစ်နေ့ သူ့အနားမှာပဲ အချိန်ကုန်နေတာ၊ ခုထိ မရင်းနှီးသေးဘူးလား"

ရေချယ်က မနာလို တိုရှည် ဖြစ်နေပြီ။ သည်မြင်းကြီး ရောက်လာကတည်းက ကိုဘီသည် သူ့ကို ရှိသည်မျှ မထင်တော့ဘဲ တစ်ချိန်လုံး သူ့နီလာကြီးနှင့် အချိန်ကုန်နေသည် မဟုတ်လား။

ကိုဘီသည် ရေချယ့်အတွက် အခင်ဆုံးသူငယ်ချင်း ဖြစ်၏။ ခုတော့ သူတို့နှစ်ယောက်ကြားတွင် နီလာကြီး ဝင်လာပြီ။ အခြေအနေခုတော့ သူတို့နှစ်ယောက်ကြားတွင် ... 



ရေချယ်သတိထားမိသည်။

ရေချယ့် ၁၄ နှစ်မြောက် မွေးနေ့အတွက် အဖေကြီးက မြင်းပုကလေးတစ်ကောင်ဝယ်ပြီး လက်ဆောင်ပေးသည်။ မြင်းပုကလေးက ခပ်ပျင်းပျင်း၊ ရေချယ် အားမရ။ ပိုဆိုးသည်မှာ အမေ့တင်ပါးလွှဲစီး ကုန်းနှီးဟောင်းကြီးနှင့် စီးရခြင်းဖြစ်သည်။ ကုန်းနှီးမပါဘဲ ခွစီးမည်ဟုပြောတော့ အဖေက လက်မခံ။

"သမီးတင်ပါးလွှဲစီးနည်းကို ကောင်းကောင်းလေ့ကျင့်ရမယ်။ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးတွေ၊ အထက်တန်းစား အမျိုးသမီးတွေ တင်ပါးလွှဲပဲ စီးကြတယ်လေ။ သမီးက ယောကျ်ားလျာလိုလို၊ ဘာလိုလို တောက်လျှောက်လုပ်နေလို့မဖြစ်ဘူး၊ တော်တော့"

ရေချယ် သက်ပြင်းချသည်။ ဘာတတ်နိုင်မှာလဲလေ။ သို့သော် ရေချယ်က အခါခပ်သိမ်းတော့ အဖေ့စကားကို မြေဝယ်မကျ နားထောင်သည်မဟုတ်။ တစ်နေ့တွင် ကိုဘီက ဘက်စီကို ကုန်းနှီးမပါဘဲ စီးသည်။ ရေချယ်က ခုန်တက်ပြီး ကိုဘီနောက်မှ ခွစီး၏။ ဖုန်အလိမ်းလိမ်းနှင့် ခြေထောက်နှစ်ဖက်က တွဲလောင်း။ စကတ်က ပေါင်လယ်အထိ လိပ်တက်နေ၏။

ထိုနေ့က နီလာကြီးကို ခြံထဲမှ အပြင်သို့ ပထမဆုံး ထုတ်သည့်နေ့ဖြစ်၏။ နီလာကြီး၏ လည်ပင်းကို ဘက်စီ့လည်ပင်းနှင့်တွဲပြီး သားရေကြိုးဖြင့် ချည်ထားသည်။

သူတို့နှစ်ယောက် ဘက်စီ့ကို မြစ်ဆိပ်ဆီသို့ အသားကျဒီးသွားကြ၏။ နံဘေးတွင် နီလာကြီးကြည်ကြည်ဖြူဖြူလိုက်လာသည်။

ဩဂုတ်လကုန်ပိုင်းဖြစ်၍ ရာသီဥတုမှာ အလွန်အမင်းပူပြင်းနေချိန်ဖြစ်သည်။ ရေစပ်တွင် ရေကူးဖို့ မြစ်ကွေ့ကလေးတစ်ခုရှိသည်။ သူတို့နှစ်ယောက် ရောက်သွားချိန်တွင် အင်ဒီယန်တဲလေးဘစ်သိုက် ရေချိုးနေကြ၏။ ကိုဘီ ဘာလုပ်မည်ကို သိပုံရသော

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ချက်ချင်း ကုန်းပေါ်ပြေးတက်သွားကြသည်။

ကမ်းနဖူးရောက်တော့ နှစ်ယောက်သား မြင်းပေါ်မှ ဆင်းလိုက်ကြသည်။ ရေချယ့်ကို ပေါပလာရိပ်တွင် ထိုင်ခိုင်းပြီး သူက ဖိနပ်နှင့် အဝတ်အစားတွေ ချွတ်သည်။ အတွင်းခံ ဘောင်းဘီကလေးနှင့် ဘက်စီ့အပေါ် ပြန်တက်ပြီး ရေထဲမောင်းဆင်းသည်။ နီလာကြီးက ရှူးရှူးရှဲရှဲနှင့် ခွာပေါက်ရင်း ပါသွားသည်။

မြင်းနှစ်ကောင် ဝမ်းဗိုက်မြုပ်သည်အထိ ကိုဘီ အသာ ခေါ်သွားသည်။ နီလာကြီးအနား ကပ်သွားပြီး ပါးကို ဖွဖွကလေး ပုတ်ပြီးချော့သည်။ ပြီးသည်နှင့် ဘက်စီ့ကျောပေါ်မှ နီလာကြီးကျောပေါ်သို့ လှားခနဲ ခုန်ကူးလိုက်သည်။

ပထမတော့ အဖြစ်အပျက်က မြန်လွန်းသဖြင့် နီလာကြီး ခပ်ကြောင်ကြောင်ဖြစ်ကာ တွေရပ်နေသည်။ ခဏနေတော့မှ ဝုန်းဒိုင်းကြဲကာ ဒေါသူပုန်ထပါလေတော့၏။ ကိုဘီက သူ့လည်ဆံတွေကို တအားဆုပ်ထားသည်။

နီလာကြီးသည် ပတတ်ရပ်လိုက်၊ နောက်ခြေထောက်နှစ်ဖက်ကို မိုးပေါ်ထောင်ကန်လိုက်နှင့် သူ့ကျောပေါ်မှ ကိုဘီကို ခါချနေသည်။ ရေထဲမှ တိုက်ပွဲမှာ ကြောက်စရာကောင်းလှသည်။ ရေမှုန် ရေလှိုင်းများ ဝုန်းဒိုင်းကြဲကာ မြင်းဟီသံနှင့် ရောထွေးနေတော့သည်။

ကမ်းနဖူးပေါ်မှ အင်ဒီယန်ကလေးများ၏ အော်ဟစ် အားပေးသံတွေ ထွက်လာသည်။ သူတို့အသံနှင့်ရောကာ ရေချယ့်အသံပါ ပါလာသည်။

“ဟုတ်ပြီ ဟုတ်ပြီ၊ ရအောင်စီး ရအောင်စီး”

တတိယအကြိမ် ရေချိုးဆင်းတော့ မြင်းမ ဘက်စီက ဆန္ဒပြလာသည်။ မြင်းဖိုနီလာကြီး သောင်းကျန်းတိုင်း သူ့လည်ပင်းတွေ ပြုတ်ထွက်လုမတတ် ခံနေရသည် မဟုတ်လား။ ဘက်စီ



ရေထဲ မဆင်းချင်တော့။ ရေစပ်ရောက်သည်နှင့် ပြန်လှည့်ဖို့ ကြိုးစားတော့၏။ ကိုဘီက နီလာကြီးပေါ်မှ ဘက်စီ့ကျောပေါ် ခုန်ကူးလိုက်ပြီး အတင်းဆင်းခိုင်းသည်။ သို့သော် ဘက်စီက အကြောက်အကန် ငြင်းနေ၏။ ဤတွင် ပြဿနာကို ရေချယ်က ဝင်ရှင်းပေးလိုက်သည်။

ပြေးလိုက်သွားပြီး ရေချယ်က ဘက်စီ့ဇက်ကြိုးကို ဆွဲယူလိုက်သည်။

“ဘက်စီ့ကို ငါထိန်းမယ်”

ပြောပြီး ရေထဲအတင်းမောင်းဆင်းသည်။ တစ်ကိုယ်လုံး ရေတွေရွှဲသွားသည်။ အဝတ်ပါးပါးကလေး သူ့ကိုယ်တွင် ကပ်နေပြီ။

ကိုဘီက ရေခါးလောက်တွင် ရပ်ပြီး

“မလုပ်နဲ့ ရေချယ်၊ ပြန်ဆင်း။ နင် လိမ့်ကျလိမ့်မယ်”

“အို... သွားစမ်းပါ။ ငါ ကလေးမဟုတ်တော့ဘူး၊ နောက် ငါ့ကိုနင် ကလေးတစ်ယောက်လို မဆက်ဆံနဲ့”

ရေတွေရွှဲကာ အကျႌနှင့် အသားကပ်နေသည့် ရေချယ်ကို ကိုဘီ တစ်ချက်လှမ်းကြည့်လိုက်သည်။ ရေချယ့်မျက်နှာကလေး ရဲတက်သွား၏။ ကိုယ်တွင်ကပ်နေသည့် အကျႌကို ဆွဲခွာနေသည်။

“ကဲ ... ဒါဆိုလည်း ရေနက်ထဲဆင်း”

စတုတ္ထမြောက်နေ့တွင် ရေချယ်က စားစရာတွေ ခြင်းတောင်းနှင့် ထည့်ယူလာသည်။ ကိုဘီက ပလွေကလေး ပါလာ၏။ မြင်းတွေကို မြက်ခင်းထဲလွှတ်ပြီး အစာကျွေးထားလိုက်သည်။ နှစ်ယောက်သား ပေါပလာပင်ကြီးအောက်တွင်ထိုင်ကာ စားသောက်ကြပြီး ကိုဘီက ပလွေမှုတ်သည်။ သူ့ပလွေက ဗွန်ရိုးအခေါင်းပေါက်နှင့် လုပ်ထားသည့် ပလွေမျိုးဖြစ်၏။

သူက ပလွေနှင့်ကျူူနေစဉ် ရေချယ်က သူ့ခါးမှ ဓားမြှောင်ကို ဆွဲယူပြီး ပေါပလာပင်စည်တွင် အသည်းပုံထွင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အသည်းထဲတွင် သူတို့နှစ်ယောက်၏ နာမည်အတိုကောက် ထပ်တွင်းသည်။

ကိုဘီက ဘာမှ နားမလည်သလို အသည်းပုံကလေးကို ကိုင်ကြည့်နေသည်။

"အဲဒီအဓိပ္ပာယ်က..."

ရေချယ် ဆက်မပြောဘဲ မျက်နှာကလေးရှက်သွေးဖြာလျက်

"အဓိပ္ပာယ်က နင်နဲ့ငါနဲ့ သမီးရည်းစားဖြစ်သွားပြီ၊ ... ငါထင်တာပဲလေ" ဟုပြောကာ တခစ်ခစ် ရယ်နေလေသည်။

*

တစ်နှစ်ကျော်ကျော်လေ့ကျင့်ပြီးမှ နီလာကြီးက သူ့ကျောပေါ်သို့ ကုန်းနှီးအတင်ခံသည်။ ခုတော့ သူတို့နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်သွားပြီ။ နီလာကြီးက ကိုဘီကို မယုံသင်္ကာမဖြစ်တော့။ ကန်တန်တန်မလုပ်တော့။

ထိုနေ့တွင် ကိုဘီက ကျိတ်ပြီး အောင်ပွဲကလေးတစ်ခု လုပ်သည်။ သူနှင့်နီလာကြီးတို့၏ အောင်ပွဲ။ မြို့ပြင် လွင်တီးခေါင် ထဲသို့ တရကြမ်းစီးထွက်သွားသည်။ မြင်းစီးနေရသည်နှင့် မတူဘဲ လေဟုန်ထဲတွင် ပျံဝဲနေရသလို ကိုဘီခံစားရ၏။ သည့်လို အဟုန်မျိုးဖြင့် တစ်ခါမှ မစီးဘူးခဲ့။ အင်ဒီယန်တို့၏ အောင်ပွဲခံသံ သည် အလိုလို နှုတ်မှ ထွက်သွားလေသည်။

စီးသွားလို့ မိုင်ဝက်ကျော်ကျော်လောက် အရောက်တွင် ချီယင်နီလူမျိုးစုတစ်စုနှင့် သွားတိုးသည်။ ရှေ့ဆုံးမှ ဟေယို အကြီးအကဲ၏ မြင်းရထား။ အခမ်းအနားတစ်ခုခုရှိပုံရ၏။ ဦးခေါင်းနှင့် မျက်နှာများတွင် အဆောင်အယောင် အခြယ်အသ အပြည့်အစုံ



ဖြင့် ဂူသရီဘက်မှ လာနေခြင်းဖြစ်၏။ ကိုဘီက နီလာကြီးကို အဘိုးအို၏ ရထားဆီသို့ တန်းစီးသွားသည်။

ကိုဘီက အင်ဒီယန်စကားဖြင့် အဘိုးအိုကို နှုတ်ဆက်လိုက်သည်။ အဘိုးအိုက ဖုန်အလိမ်းလိမ်းနှင့်မျက်နှာကို မျက်လုံးမဖွင့်ဘဲ ကိုဘီဘက်လှည့်ပြီး မေးလိုက်သည်။

"ဟဲ့... ဒါ ဘယ်သူလဲ"

"ကျီးကန်းလေးပါ အဘိုး၊ တစ္ဆေမင်းသားရဲ့ သားပါ"

အဘိုးအို ပြုံးလိုက်သည်။

"သြော် ကျီးကန်းလေးကိုး၊ မင်းကို ငါ မြင်းရိုင်းတစ်ကောင် လက်ဆောင်ပေးခဲ့တယ်။ အဲဒီကောင်ကြီးကော"

"ခု ကျွန်တော် သူ့ကို စီးလာတာပါ"

အဘိုးအိုက ကြက်တွန်သလို တွန်လိုက်သည်။ ပြီးတော့ မျက်လုံးဖွင့်ကြည့်၏။ နှစ်ဖက်စလုံး တိမ်စွဲနေသော မျက်လုံးအစုံက ဘာကိုမှ သဲသဲကွဲကွဲ မမြင်။

"မင်း ဘယ်နှစ်ဆောင်းဖြတ်ခဲ့ပြီလဲ ကျီးကန်းလေး"

"ဆယ့်ခြောက်ဆောင်းပါ အဘိုး"

"အိမ်း ... စားကောင်းသောက်ဖွယ်တွေ စားနေရလို့ မြင်းရိုင်းကိုယဉ်အောင် လုပ်နိုင်နေပြီပေါ့။ မင်း သန်မာနေပြီပေါ့၊ ဟုတ်စ။ ဒါထက် မင်းရဲ့ ငယ်နာမည်ကို စွန့်ဖို့ကောင်းပြီ။ မင်း လူလားမြောက်ပြီပဲ။ အဲဒါ မင်းစဉ်းစားမိရဲ့လား ကျီးကန်းလေး"

"မစဉ်းစားရသေးပါဘူး အဘိုး။ ကျောင်းမှာ အင်ဒီယန်နာမည် တပ်ခွင့်မရှိပါဘူး။ ယူထားတဲ့ လူဖြူနာမည်ကိုလည်း ပြောင်းခွင့်မရှိပါဘူး။ ဒီကျောင်းက ပြီးလို့ မြို့ကျောင်းဆက်တက်ရင်လည်း ဒီနာမည်နဲ့ပဲ တက်ရမှာပါ"

"ဒီတော့ မင်း ဘာလုပ်မလဲ ကျီးကန်းလေး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသုံးဖြစ်ရသေးပါဘူး အဘိုး၊ အဘိုးသဘော လည်း ပြောပါဦး။ ကျွန်တော် ကျောင်းဆက်တက်ရမလား။ ကျွန်တော် ကတော့ အဘိုးတို့ဆီကို ပြန်လာချင်ပါတယ်"

"ငါကတော့ တို့ရိုးရာပညာရပ်တွေကို သင်ဖို့ အချိန် မနှောင်းခင် ပြန်လာလို့ ပြောချင်တာပေါ့ကွာ။ ဒါပေမဲ့ နောက်ကျ သွားပါပြီ။ လူဖြူကျောင်းသာ ဆက်တက်ပါ။ လူဖြူဆေးက ငါတို့ ဆေးထက် ပိုထက်တယ်။ မင်း သူတို့ ပညာတွေကို တတ်အောင် သင်ပါ။ သူတို့ခေတ် ရောက်လာပြီ။ ငါတို့ခေတ် ကုန်တော့မယ်"

အဘိုးအိုသည် မောသွားပုံဖြင့် မျက်စိကို ပိတ်လိုက်သည်။

ဟေယိုအကြီးအကဲနှင့် ကျိုးကန်းလေးတို့ တွေ့ဆုံပွဲ ပြီး သွားပြီ။ သည်အခါတွင်မှ လူငယ်အင်ဒီယန်များက ကိုဘီကို မြင်း ပြိုင်စီးရန် စိန်ခေါ်ကြသည်။

ဂျစ်ပစီစမစ်နှင့် ဆရာကြီးမက်ဆွဲလ်တို့က သံကြိုးရုံးရှေ့ တွင် မတ်တတ်ရပ်နေကြသည်။ မြင်းခွာသံများကြားသဖြင့် လှမ်း ကြည့်လိုက်ရာ အစိုးရရုံးရှေ့ ကွက်လပ်ထဲသို့ ပန်းဝင်လာသည်ကို တွေ့ရ၏။ မြင်းနီကြီးက ရှေ့ဆုံးမှ။

ဂျစ်ပစီက ပါးစပ်အဟောင်းသားဖြစ်လျက်

"အဲဒါ ကိုဘီမဟုတ်လား ဆရာကြီး၊ အင်း ... သေချာ တာပေါ့။ ကျွန်တော်နဲ့သူ မတွေ့တာ လေးနှစ်ရှိပြီပဲ။ ဒီကောင်ကြီး သူ ဘယ်ကရတာလဲ"

"ဟေယိုအကြီးအကဲက လက်ဆောင်ပေးတာ။ သူ လူလား မြောက်တဲ့ အထိမ်းအမှတ်လက်ဆောင်တဲ့လေ။ ဆရာဖြင့် ကိုဘီ အတွက် စိုးရိမ်လိုက်ရတာ။ ဒီကောင်ကြီးကို သူ တစ်လလောက် အတွင်း ယဉ်အောင်လုပ်နိုင်ခဲ့တယ်လေ။ တကယ့်အံ့ဖွယ်သူတပဲ"

"ဗျာ ဒီကောင်ကြီးကို ကိုဘီက ယဉ်အောင်လုပ်ပြီး စီး



တာ၊ ဆရာကြီး တကယ်ပြောတာလားဟင်။ ပြီးတော့ ဒီလိုစီးတတ် အောင် သူ့ကို ဘယ်သူ သင်ပေးတာလဲ"

မက်ဆွဲလ်က ပခုံးတွန့်ပြလိုက်သည်။

"ကွန်မင်ချီတစ်ယောက် စီးသလို သူ စီးနိုင်တာပဲ။ ကျွန်တော်တော့ ချာတိတ်ကို သဘောကျသွားပြီ ဆရာကြီး"

*

## အခန်း (၇)

ဂျစ်ပစီစမစ်က ချာရီကီမှ မြင်းရိုင်းတွေမောင်းလာပြီး မြို့သစ်မှ မြို့သားတွေကို ရောင်းသည်။

အစိုးရရုံးရှေ့တွင် ရပ်လိုက်ပြီး ပစ္စည်းအချို့ဝယ်ရင်း ဆရာ ကြီးမက်ဆွဲလ်ကို ဝင်နှုတ်ဆက်ဖို့ စိတ်ကူးလိုက်သည်။ အလုပ် တစ်ခုခုလုပ်ဖို့ ဆရာကြီးနှင့် တိုင်ပင်ရန်လည်း စိတ်ကူးရှိ၏။ ချာရီကီ အိန္ဒိယာတွေလည်း အမေရိကန် အဖြူအမည်းတွေကို ချပေးဖို့ သေချာသလောက် ဖြစ်နေသဖြင့် မြင်းရိုင်းဖမ်းသည့်အလုပ် ရှေ့ လျှောက် ဖြစ်တော့မည်မဟုတ်။

ယခုအချိန်တွင် ဂျစ်ပစီအသက်မှာ ၄၃ နှစ် ရှိခဲ့ပြီ။ သို့ သော် သူ့ကို လူတွေက ငါးဆယ်ရွယ် ထင်နေကြ၏။ တောင့်တင်း နေသည့် အရိုးအဆစ်တွေက မြင်းကုန်းနှီးထက် ပက်လက်ကုလား ထိုင်ကို တောင့်တနေကြပြီ။ မြို့သူကြီးလုပ်ခဲ့စဉ်က နွေးထွေးသည့် ရုံးခန်းထဲတွင်ထိုင်ပြီး စားပွဲပေါ် ခြေထောက်နှစ်ဖက် ပစ်တင်ကာ ဇိမ်ယူခဲ့သည့်အချိန်များကို ပြန်လည်အောက်မေ့နေတတ်သည်။

ဩဂုတ်လထဲတွင် ဖို့ဆီးလ်စာတိုက်ရောက်လို့ ဝင်ကြည့်ရာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် စာတစ်စောင်ရောက်နေသည်ကို တွေ့ရ၏။ အေးမို့စ်ဖုလ်တန်၏ စာဖြစ်သည်။ လွတ်လပ်ရေးမြို့ကို ပြန်လာပြီး ရာထူးဟောင်းတွင် ပြန်ဝင်ဖို့ ဆန္ဒရှိသေးလားဟု မေးလာသည့်စာ ဖြစ်သည်။ မြို့သူမြို့သားများအတွက် အလွန်အမင်း အန္တရာယ်ကြီးနေကြောင်း၊ နယ်ခံလူဖြူခြံပိုင်ရှင်ကြီးတွေနှင့် ကေသုံးလုံးအဖွဲ့ ပူးပေါင်းပြီး နီဂရိုးလူမျိုးတွေကို အမျိုးမျိုးဒုက္ခပေးနေကြောင်း၊ ဘယ်လူမည်းမှ နောက်ထပ်မလာရဲအောင် စီမံကိန်းချပြီး လှုပ်ရှားနေကြောင်းများကို အသေးစိတ်ရေးထားသည်။

"တစ်ခုတော့ မင်းကို ကြိုပြောထားရမယ်၊ တရားဥပဒေစိုးမိုးရေးအတွက် အလုပ်လုပ်နေတဲ့ ဘယ်လူမည်းဖြစ်ဖြစ်၊ ဘာတံဆိပ် တပ်ထား တပ်ထား၊ အားလုံး ရှင်းပစ်မယ်လို့ ကေသုံးလုံးတွေက ကြေညာထားတယ်"

သည်စာကြောင်းကို ဖတ်ပြီး အလိုလို ဆုံးဖြတ်ချက်ကျသွား၏။ နောက်တစ်နေ့မနက်တွင် လွတ်လပ်ရေးမြို့ဆီသို့ ဦးတည်ထွက်လာခဲ့သည်။

သူစီးလာသည့် မြင်းကြီးမှာ မဟူရာကြီး မဟုတ်တော့။ အမေရိကန်မြောက်ပိုင်းမျိုး 'အပါလိုဆာ' မြင်းကြီးဖြစ်သည်။ ခွာလေးဘက်စလုံးက အဖြူနှင့်အမည်း အစင်းကျား။ မက်ဆီကိုကို တစ်ခေါက်ရောက်ခဲ့ပြီးဖြစ်၍ သူ့အဝတ်အစားတွေက ကွန်မင်ချီရက်အင်ဒီယန်နှင့် မက်ဆီကန်ပုံ ရောနေ၏။ လယ်သမားဆောင်းမြက်ဦးထုပ်ကြီးကို ဆောင်းထားသည်။ မြွေခလောက်အရေခွံကို စပ်ချုပ်ထားသည့် အကျီနှင့်။

သူသည် ခွာကျားကြီးကို ခပ်မှန်မှန်စီးလာခဲ့သည်။ ပြောင်းလဲနေသော မြင်ကွင်းတွေကို ကြည့်ပြီး မျက်မှောင်ကြုတ်လိုက်၏။ စိတ်ထဲ ဆေခွဲမရနိုင်အောင် ဇဝေဇဝါ ဖြစ်သွားသည်။



အင်ဒီယန်တို့၏ နယ်မြေတစ်ခုလုံးတွင် လူဖြူယဉ်ကျေးမှုဝင်ရောက်စိုးမိုးနေခြင်း။

ဘယ်ကို ကြည့်လိုက်၊ ကြည့်လိုက် သံဆူးကြိုးခတ် ခြံဝင်းတံခါးများဖြင့်၊ လေရဟတ် ရေစုပ်စက်ကြီးတွေ တဝင့်ဝင့်နှင့်။ ကွင်းထဲတွင် ဂျုံရိတ်စက်ကြီးတွေက အခုံအညား။ ဘုရားရှိခိုးကျောင်းများ၊ စာသင်ကျောင်းများ။

သို့သော် သဘာဝကိုကား ပြုပြင်၍မရပါချေ။ အလွန်မိုးခေါင်သည့် ဒေသဖြစ်၍ သီးနှံတွေ ထင်သလောက် မဖြစ်ထွန်း။ ယခုလည်း မိုးမရွာသည်မှာ ရှစ်ပတ်ရှိပြီ။

တောင်ပိုင်းမှ ရောက်လာကြသည့် လူမည်းအချို့ ပြန်ပြေးသွားကြပြီ။ သို့သော် ချာရိုကီဒေသတစ်ခွင်မှ မြေတွေကို အစောကအတိုင်းပင် ပြိုင်ပွဲစနစ်ဖြင့် ချပေးဦးမည်ဖြစ်၍ လူတွေ အထောင်အသောင်း လာနေကြပြန်သည်။ တောရိုင်းမြေဇက ဆယ်သန်း ချထားပေးမည်ဖြစ်၍ အကြီးဆုံးမြေချပွဲကြီး ဖြစ်လိမ့်မည်။

မနက်ဖြန်ဆို လွတ်လပ်ရေးမြို့ကို ဂျစ်ပစီ ရောက်တော့မည်။ သို့သော် လူတစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းနှင့် လူရုပ်မပေါ်တော့။ မုတ်ဆိတ်မရိတ်ရသည်မှာလည်း တစ်ပတ်ကျော်ပြီ။

တစ်နေရာတွင် စခန်းချပြီး ရေမိုးချိုး၊ သန့်ရှင်းရေးလုပ်မှ ဆုံးဖြတ်လိုက်၏။ မိုးလင်းမှ မြို့ဝင်တော့မည်။ အဝတ်ဟောင်းတွေ လျှော်မည်၊ သဲဖြင့် သွားတွေဖြူအောင် တိုက်ရမည်။

စမ်းချောင်းကလေးတစ်ခု၏ နံဘေးတွင် စခန်းချလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ကြည့်ပျော်ရှုပျော်ဖြစ်အောင် လုပ်နေခြင်းကို မစ္စဒရူစီလာအတွက်များလားဟု တွေးကြည့်သည့်အခါ ဟာ... မဟုတ်နိုင်ပါဘူးဟု ဘာသာစွတ်ငြင်းပစ်လိုက်သည်။

သူ့ကို မတွေ့ရသည်မှာ လေးနှစ်နီးပါးရှိခဲ့ပြီ။ အင်း ...

www.burmeseclassic.com

www.burmeseclassic.com



ခု သောက်ဆို အိမ်ထောင်ကျနေလောက်ရောပေါ့။ ဟို စစ်ဗိုလ်ကလေးနှင့် မယူဖြစ်ကြောင်းတော့ ဂျစ်ပစီသိခဲ့သည်။ အင်း … ခုလောက်ဆို သူလည်း ဗိုလ်ကြီးပီးယားစ်ဖြစ်နေလောက်ရောက်ပေါ့။

လွတ်လပ်ရေးမှ ထွက်လာပြီး ကွန်မင်ချီတွေနှင့် ပြန်နေသည့်အချိန်တွင် ဖို့ဆီးလ်သို့ တစ်ခေါက်ရောက်သွားသည်။

ဗိုလ်ပီးယားစ်နှင့် အမှတ်မထင် သွားတွေ့တော့

"ဗိုလ်ကြီးကတော် နေကောင်းရဲ့လားဗျာ" ဟု သွားမေးမိသည်။

ဗိုလ်ပီးယားစ့်က အေးစက်မာကျောသည့် လေသံဖြင့်

"ဘယ်က ဗိုလ်ကြီးကတော်လဲ၊ ဘာတွေ လာပြောနေတာလဲ" ဟု သူ့ကိုဟောက်သည်။ နောက်မှ သတင်းစုံ ပြန်ကြားရသည်။ စေ့စပ်ကြောင်းလမ်းပြီး မင်္ဂလာဆောင်ခါနီးမှ ဒရူစီလာက တစ်ဘက်သတ် ဖျက်သိမ်းလိုက်သည်တဲ့။ ဘာကြောင့် သည်မင်္ဂလာပွဲ ပျက်ခဲ့ရသည့်အကြောင်းကိုတော့ ဘယ်သူမှ မသိကြရကြောင်းလည်း သိရသည်။

လွတ်လပ်ရေးက တစ်ယောက်နှင့်ဆုံတိုင်း ဂျစ်ပစီက ဒရူစီလာအကြောင်း သွယ်သွယ်ဝိုက်ဝိုက် စုံစမ်းသည်။ ယခုအထိ အပျိုကြီးဘဝတွင် ရှိနေကြောင်း သိရ၏။

သူ့ရုပ်သူ့ရည်၊ သူ့အဆင့်အတန်းမျိုးနှင့် ဒရူစီလာတစ်ယောက် အတည်တကျ ဖြစ်သင့်ပြီဟု ဂျစ်ပစီအပါအဝင် အားလုံးက သဘောရကြသည်။

သို့သော် 'လွတ်လပ်ရေး' မှ သတင်းတွေ ပြတ်သွားသည်မှာ တစ်နှစ်ကျော်ပြီ။ ခုလောက်ဆို သူ ယောကျ်ားယူပြီးလောက်ရောပေါ့ဟုလည်း ဂျစ်ပစီတွေးမိ၏။

သစ်ပင်ရိပ်ကောင်းကောင်း စမ်းချောင်းကလေးနံဘေးတွင်



အိပ်ပျော်နေစဉ် မြင်းခွာသံများကြောင့် ဂျစ်ပစီ နိုးလာသည်။ မြင်းဆယ်ကောင်လောက်ရှိမည်ထင်၏။ လွတ်လပ်ရေးဘက်ဆီသို့ ဦးတည်ပြီး မြောက်စူးစူးသို့ ခပ်သွက်သွက် စီးလာကြသည့် မြင်းစီးသမားတစ်စု။

အိပ်ရာလိပ်ထဲမှ နှစ်လုံးပြူးသေနတ်ကို လှမ်းဆွဲလိုက်ပြီး မြင်းဆီသို့ ပြေးသွားသည်။ သစ်ပင်ရိပ်တွေကို အကာအကွယ်ယူပြီး သူတို့ကို လှမ်းကြည့်လိုက်သည်။ အတွေ့အကြုံများပြီးသားဖြစ်သည့် မျက်လုံးအစုံက တစ်မဟုတ်ချင်း ဓာတ်ပုံရိုက်ပြီးသားဖြစ်သွား၏။ လရောင်ရေးရေးတွင် မြင်ရသည့်မြင်ကွင်းမှာ မယုံနိုင်စရာပင်။ ထင်ထားသလို ရိုးရိုးမြင်းစီးသမားများမဟုတ်။ အားလုံးဝတ်ရုံဖြူကြီးတွေ တစ်ကိုယ်လုံးစွပ်ထားသည့် ကေသုံးလုံးအဖွဲ့ပါလား။ သူတို့၏ ဝတ်ရုံရှည်ကြီးများသည် မြင်းများ၏ ကိုယ်လုံးပေါ်အထိ လွှမ်းနေ၏။

ဂျစ်ပစီက သူတို့အထဲမှ ထူးခြားမှု တစ်ခုခုကို ရှာစိုက်ရှာဖွေနေသည်။ သို့သော် ဘာမှ မတွေ့ရ။ နောက်ဆုံး မြင်းတစ်ကောင်တွင်တော့ မှတ်သားစရာ တွေ့ရသည်။ ရှေ့လက်တစ်ဖက်နှင့် နောက်ခြေထောက်နှစ်ဖက်စလုံး ဒူးဆစ်အောက်ပိုင်း အဖြူရောင်။

သူပုန်းနေသည့်နေရာကို သူတို့ ကဆုန်စိုင်းပြီး ဖြတ်စီးသွားကြ၏။ ဂျစ်ပစီက အဝတ်အစားလဲပြီး ကုန်းနီးအမြန်ဆင်ကာ လွှားခနဲ ခုန်တက်ကာ ခွာကျားကို အသော့နှင် လိုက်သွားသည်။

ငါးမိုင်လောက် ခရီးပေါက်တော့ မြို့ကို လှမ်းမြင်ရပြီ။ မီးရောင်လဲ့လဲ့ တစ်နေရာကို ပထမဆုံး မြင်ရခြင်းဖြစ်၏။ သို့သော် မီးရောင်မှာ တဖြည်းဖြည်း လင်းလာသည်။ တောမီးများလား။ မဟုတ်နိုင်။ မီးတောက်တွေ မြင့်သည်ထက် မြင့်လာသည်။

ခွာကြားကို တအားနှင်သွားသည်။ လူတွေဝိုင်းပြီး မီးသတ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို လှမ်းမြင်ရသည်။ အိမ်တစ်လုံးကို မီးလောင်နေခြင်းပါလား။

အမျိုးသမီးတစ်ယောက် မီးလျှံထဲကို ပြေးဝင်မည် တကဲကဲ လုပ်နေသည်။

"လုပ်ကြပါဦး၊ ကယ်ကြပါဦး။ ကျွန်မ အိမ်၊ ကျွန်မ အိမ်"

အိမ်ရှေ့ရောက်တော့ ဂျစ်ပစီက မြင်းပေါ်မှ ခုန်ဆင်းပြီး ပြေးချသွားသည်။ ဟင်... ယူလာပါလား။ မီးပူရှိန်ကြောင့် မျက်နှာကို လက်နှင့်ကာပြီး နောက်ပြန်ဆုတ်လာသည်။

ဂျစ်ပစီက သူ့ပခုံးဖက်ပြီး နောက်သို့ ဆွဲယူသည်။ သူက အတင်းရုန်းပြီး ရှေ့တိုးဖို့ ကြိုးစားနေ၏။ ဂျစ်ပစီက အတင်းဆွဲပြီး

"သတိထားပါ မစ္စယူလာ၊ ဘာမှလုပ်လို့ မရတော့ဘူးလေ"

မြေကြီးပေါ်သို့ သူ ဒူးထောက် ခွေကျသွားသည်။ ဦးထုပ်ပြုတ်ကျသွားသည်။ သူ့နှုတ်ခမ်းကို လက်ဖြင့် ကွယ်ထားဖို့ သူ သတိမရတော့။ ထိုင်ပြီး မီးလျှံတွေကို ငေးကြည့်နေသည်။ တဖြည်းဖြည်းနှင့် ထုပ်လျှောက် ဒိုင်းမြားတွေ တဝုန်းဝုန်း ပြိုကျနေသည်။

"ကျွန်မ အိမ်ကလေး ... ကျွန်မ အိမ်ကလေး ... အို ... ဘုရားသခင်"

*

ဒရူစီလာက မီးသတ်တွေကို ကျွေးဖို့ ကော်ဖီနှင့် မုန့်တွေတင်ပြီး လမ်းကြမ်းထဲကို မြင်းလှည်းနှင့် တအားမောင်းချလာသည်။ တစ်



လမ်းလုံး ဖုန်တွေထောင်းထောင်းထလျက်။ ဂျစ်ပစီက အဝေးကြီးမှ သူ့ကို လှမ်းမြင်သည်။ ချက်ချင်းမှတ်မိလိုက်၏။ ယောကျ်ားဆောင်းဦးထုပ်ပျော့ကို ဆောင်းထား၏။ ဘောကျောင်းဆရာမတွေ ဝတ်သည့် ရင်စေ့ကြယ်သီးဝတ် အင်္ကျီဝတ်ထား၏။ သူ နှစ်ဆယ့်ခုနစ်နှစ်ရှိပြီ။ နှစ်ဆယ့်သုံးနှစ်အရွယ်အတိုင်း ရွှဲမက်စရာ ကောင်းနေဆဲ။

မြင်းနှစ်ကောင် ဆွဲလာသည့် လှည်းကို တုံ့ခနဲ ရပ်လိုက်သည်နှင့် ဂျစ်ပစီက အနားကပ်သွားသည်။ သူ့ကို ဒရူစီလာ လုံးဝမှတ်မိပုံမရ။ လူစိမ်းတစ်ယောက်အနေဖြင့် နှုတ်ဆက်စကားပြောသည်။

"မင်္ဂလာနံနက်ခင်းပါ၊ မီးကို နိုင်နိုင်ပါ့မလားဟင်"

မီးတောက်ကြီးများကို စိုက်ကြည့်နေသဖြင့် သူ့ကို မမှတ်မိခြင်းလည်း ဖြစ်နိုင်သည်။

"နိုင်နိုင်ပါတယ်၊ ကုန်လည်း ကုန်ပြီလေ။ မင်္ဂလာပါ... မစ္စဒရူစီလာ"

ဒရူစီလာက နဖူးကို လက်နှင့်အုပ်ပြီးကြည့်သည်။

"ဂျစ်ပစီ"

ဒရူစီလာ အော်ခေါ်လိုက်သည်။

"ကြည့်စမ်း၊ ကြည့်စမ်း။ ရှင် တကယ် ဂျစ်ပစီစမစ်နော်"

စိတ်လှုပ်ရှားလွန်း၊ အံ့သြလွန်းသဖြင့် ဒရူစီလာ ရင်တွေ ဘုန်နေသည်။ ပြီးတော့ မေးခွန်းတွေ တရစပ်မေးတော့၏။ ဘယ်ပျောက်နေတာလဲ၊ ဘာတွေ လုပ်နေလဲ၊ လွတ်လပ်ရေးမှာ ကြာဦးမှာလား၊ ဘယ်လိုကြောင့် ဒီမီးလောင်တဲ့နေရာကို ရောက်လာတာလဲ။

ကေသုံးလုံးတွေနောက်ကို နောက်ယောင်ခံလိုက်လာရင်း ဒီနေရာကို ရောက်လာကြောင်း ပြောပြတော့

"ဒါ သူတို့လက်ချက်ပေါ့၊ ဟုတ်လား။ ယူလာတို့ သနား

www.burmeseclassic.com

www.burmeseclassic.com



လို့မဆုံးဘူး။ သူ ဘယ်လောက် အပင်ပန်းခံခဲ့သလဲ။ သူ့သွေးနဲ့ ချွေးနဲ့ ဆောက်ထားတဲ့ အိမ်ကလေး။ သူ့အိမ်ကလေးကို သိပ်ချစ်တာ၊ ခြစ်ခြစ်ကုတ်ကုတ်နေပြီး မှန်တံခါးတွေ၊ တံခါးလက်ကိုင်အကောင်းစားတွေနဲ့ … အို ဂျစ်ပစီ မြင်စေချင်တယ်၊ ကြမ်းတိုက်သားတာမျှား မှန်ကြည့်လို့ရတယ်။ ခုတော့ … ကြည့်ပါဦး။ လူဖြူအခုင်းချင်းနော်"

ဒရူစီလာက ခေါင်းတယမ်းယမ်းနှင့်

"ဘာလို့လဲ၊ ဘာလို့သူတို့ ဒါလောက်မိုက်ရိုင်းကြတာလဲ၊ ရက်စက်ကြတာလဲ၊ မှန်ပြတင်းက ကျောက်ခဲတစ်လုံး ပစ်သွင်းခဲ့သေးတယ်တဲ့။ 'နီဂရိုးဘက်တော်သား' ဆိုတဲ့စာရွက်ကလေးကို ကျောက်ခဲမှာ ပတ်ထားတယ်တဲ့။ သူ့ကို ကျွန်မ ခေါ်သွားမယ်၊ ကျွန်မတို့နဲ့ အတူတူနေနိုင်းမယ်"

"ကျွန်မတို့၊ ဟုတ်လား။ မစ္စဒရူစီလာ ဘယ်တုန်းက လက်ထပ်တာလဲဟင်"

ဒရူစီလာက မဲ့ပြုံးပြုံးသည်။

"လက်မထပ်ရသေးပါဘူးရှင်၊ ခုမှရှာတုန်းပါ။ ရှင်ကောခု ဘယ်မှာတည်းမှာလဲ ဂျစ်ပစီစမစ်"

"ကျွန်တော်လား၊ အင်း … အိပ်ရာခင်းဖြူဖြူကလေးနဲ့ မွေ့ရာကောင်းကောင်းရှိတဲ့ ဟိုတယ်ကလေးတစ်ခုမှာ တည်းရမှာပေါ့"

ဒရူစီလာ ပြုံးလိုက်သည်။

"ဩော် ရှင် ခုတော့ ပျော့ပျောင်းလာပြီပေါ့လေ"

ဂျစ်ပစီက ဦးထုပ်အနားကို လက်နှင့်တို့ပြီး မြင်းပေါ်တက်လိုက်သည်။

"ကျွန်မလည်း ဒီကလူတွေကို ကျေးလိုက်မွေးလိုက်ဦးမယ်"

မြို့ထဲဘက်စီးလာပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်



သည်။ လွန်ခဲ့သည့်လေးနှစ်ကထက် ဘာမှ များများစားစားမပြောင်းလဲ။

လွှတ်လပ်ရေးသည် မြို့တည်စီမံကိန်းချသူတွေ မျှော်လင့်ထားသလို စည်ပင်သည့် လယ်သမားမြို့ကလေး ဖြစ်မလာခဲ့ပေ။ မိုးခေါင်ရေရှားသည့် ဒဏ်နှင့် ရထားလမ်းမပေါက်သေးသည့် အခက်အခဲများကြောင့် ထင်တိုင်းမပေါက် ဖြစ်ခဲ့ရသည်။

သို့သော် နောက်ထပ်ချပေးမည့် ချာရိုကီ မြေယာချထားရေး စီမံကိန်းကြောင့် နီဂရိုးတွေနှင့် စည်စည်ကားကား ဖြစ်နေသည်။

ဟိုတယ်ကလေးတွင် အခန်းယူလိုက်ပြီး ခွာကျားကြီးကို မြင်းဇောင်းထဲ ထည့်ခဲ့သည်။ ပြီးသည်နှင့် ဆံပင်ညှပ်ဆိုင်သို့ ထွက်ခဲ့သည်။ ဆံပင်ညှပ်သည်။ မုတ်ဆိတ်ရိတ်သည်။ ရေချိုးခန်းထဲတွင် ရေပူချိုးသည်။ ဤတွင် ရဲကြပ်ဘတ်တိုက်ဆင် ရောက်လာခြင်းဖြစ်၏။

"သေလိုက်ပါတော့ ဂျစ်ပစီရာ၊ ကျုပ်မှာဖြင့် ရှာလိုက်ရတာ ဖတ်ဖတ်မောနေပြီ"

ဘတ်တိုက်ဆင်က တောက်ခေါက်ပြီး မကျေမနပ်ပြောနေသည်။

"ဘယ်လိုလဲ ဘတ်၊ အခြေအနေကောင်းရဲ့လား။ အမယ်သွားတွေ၊ ဘာတွေ စိုက်ပြီးနေပြီပဲ"

"အချိုးမပြေပါဘူးဗျာ၊ ကဲ… အဲဒါတွေထားပါ။ ကိုရင့်ကို အေးမို့စ်ဖူလ်တန်က ချက်ချင်းတွေ့ချင်နေတယ်၊ ကောင်စီရုံးကို ချက်ချင်းလာခဲ့ပါတဲ့"

"ကောင်းကောင်း မအိပ်ရသေးဘူးဗျ၊ မီးလောင်တဲ့နေရာမှာ မနက်အစောကြီး ရောက်နေတာ၊ တတ်နိုင်သမျှ မြန်မြန်လာခဲ့ပါမယ်လေ"

ဘတ် ထွက်သွားပြီးမကြာခင် ရေချိုးကန်ထဲသို့ ရေအေးဖြည့်နေစဉ် မြို့အုပ်ချုပ်ရေးပိုင်းမှ လူကြီးတွေ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးမို့စ်ဖူလ်ဟန်အပြင် လွတ်လပ်ရေးမြို့၏ လက်ရှိမြို့တော်ဝန် ဖီလိုပီဆောယားနှင့် ကောင်စီဝင် လူသစ်တွေ ပါလာသည်။ သူတို့အထဲတွင် ဒေါက်တာဟိုမာအပ်ချုပ်လည်း ပါလာ၏။

အေးမို့စ်က စကားစသည်။

"ခုလို ဒရောသောပါး လိုက်လာရတာတော့ ခွင့်လွှတ်ပါကူးစ်ပစီ။ ဒါပေမဲ့ ဒီကေသုံးလုံးတွေရဲ့ အန္တရာယ်က အရမ်းများလာပြီ၊ ဒီည ပြန်မလာဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး"

"ကျွန်တော် ဘာလုပ်ပေးရမလဲ ပြော"

"ကိုယ့်တာဝန်က နီဂရိုးမြို့တွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့ပဲ။ ကိုယ်တို့အားလုံး ညှိပြီးပြီ။ ကေသုံးလုံးတွေကို အပြတ်ချမယ်။ ဒါကြောင့် မောင်ရင့်ကို အမြန်ဆုံးလိုလာတာပေါ့။ ကိုယ်တို့ အားလုံးစိတ်စဉ်ပြီးပြီ။ လွတ်လပ်ရေးမြို့ တစ်ခုတည်းရဲ့ လုံခြုံရေးမှုးတင်မကဘူး၊ နီဂရိုးမြို့ ဆယ့်လေးမြို့ရဲ့ လုံခြုံရေးမှုးတွေကိုလည်း ကွပ်ကဲရမယ်၊ အဲဒီတာဝန်ကို မောင်ရင်ယူရလိမ့်မယ်။ ခုလက်ရှိ လွတ်လပ်ရေး လုံခြုံရေးမှုး ရှူးဖတ်စ်မားဂရေဗ့်လည်း လူတော်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ ... ကေသုံးလုံးတွေကို ချဖို့ကျတော့ ဝိုင်းလုပ်မှ ဖြစ်မယ်။ သူတို့ကို စောစောမရှင်းနိုင်ရင် တောင်ပိုင်းမှာလို သူတို့ အင်အားကြီးထွားလာလိမ့်မယ်"

"သူတို့ ဘယ်သူဘယ်ဝါတွေဆိုတာ သိသလား"

"ဘယ်သူမှ မသိဘူး။ သူတို့အဖွဲ့ဝင်အချင်းချင်းသာသိတာ၊ အပြင်လူတစ်ယောက် သူတို့နာမည် သိသွားရင် ပေါက်ကြားတဲ့လူ သေဒဏ်လေ။ ဒီတော့ ဘယ်သူ ကေသုံးလုံးဆိုတာ ဘယ်သူမှ မသိနိုင်ဘူး"

"ကျွန်တော်တို့ အိုလန်ကို ခြံကနေစရင် မကောင်းဘူးလား။ ဒီလှုပ်ရှားမှုမှာ သူတို့တွေ အဓိကပဲ။ လူတွေကို သတ်နိုင်မှ၊



အိမ်တွေကို မီးရှို့နိုင်မှ မြေရပြီးသားလူတွေ ထွက်ပြေးမှာကိုး။ အဲဒီမြေတွေကို သူတို့မောင်ပိုင်စီးမှာ။ အဲဒီ အိုလန်ကို ခြံလုပ်ငန်းကို အိုကလာဟိုးမားခြံနဲ့မြေယာလုပ်ငန်းကုမ္ပဏီက ပိုင်တယ်၊ အဲဒီကုမ္ပဏီရဲ့ ချယ်ယာမင်က ရုယ်လ်ဘီဟွန်းဘက်တဲ့၊ ကြားဖူးကြမလားမသိဘူး။ သူက လောလောဆယ် ဂုသရီမှာ ဥပဒေပြု ကိုယ်စားလှယ်။ ကျွန်တော်တို့နယ်က ပြည်နယ်အဆင့်ရောက်လာရင် ပထမဆုံးပြည်နယ်အုပ်ချုပ်ရေးမှုးဖြစ်ဖို့ အသားကုန်လုပ်ပြနေတဲ့လူပေါ့"

"သူက ကေသုံးလုံးလား"

အေးမို့စ်က ခေါင်းကိုင့်ပြီး

"မပြောနိုင်ဘူး၊ ဘယ်သူမှ မပြောနိုင်ဘူး"

"ကျွန်တော် အင်အားသုံးဆယ်၊ လေးဆယ်လောက်လိုလိမ့်မယ်။ လက်သရမ်းတဲ့လူတွေ မပါရဘူး"

"ခင်ဗျား ဘာလုပ်မယ် စိတ်ကူးရှိလဲ"

ဒေါက်တာအပ်ချုပ်က ဝင်မေးခြင်းဖြစ်သည်။ သူက လူငယ်လူမည်း ဆရာဝန်။ နီဂရိုး စစ်စစ်ဖြစ်သော်လည်း သူ့အသားရောင်က မဟူရာရောင်မဟုတ်၊ ခပ်လတ်လတ်။ ကျဲကော်ကိုင်းမျက်မှန်နှင့် မေးစေ့တွင် မုတ်ဆိတ်ချွန်ကလေးနှင့်။ ကြည့်လိုက်ရုံမှဖြင့် ခေတ်ပညာတတ်မှန်း သိသာနေသည်။

"လောလောဆယ်တော့ ကျုပ်တို့ ဘာမှ မယ်မယ်ရရ မလုပ်နိုင်သေးဘူး။ မီးလောင်တဲ့အိမ်ကို ပြန်သွားကြည့်မယ်။ သဲလွန်စ ဘာများ ရနိုင်မလဲမသိဘူး။ ဘယ်သူဘယ်ဝါမှန်းမသိဘဲနဲ့ သူတို့နောက် လိုက်ဖို့ဆိုတာတော့ မလွယ်ဘူး။ သူတို့ လှုပ်ရှားမယ့်နောက်ခြေလှမ်းကို စောင့်ကြည့်ရမှာပဲ။ ပြီးတော့မှ စဉ်းစားကြတာပေါ့"

*

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၃ ခုနှစ်တွင် ဂုဏ်ထူးတွေ အများကြီးနှင့် ကိုဘီ အထက်တန်းအောင်သည်။ မြို့ကျောင်းပို့ပြီး ဒီပလိုမာ တစ်ခုခုယူဖို့ ဆရာကြီးမက်ဆွဲလ်က တိုက်တွန်းရန် အားမပါဘဲ ဖြစ်နေသည်။

ကိုဘီက ကျောင်းဆက်နေဖို့ အာသီသမရှိခြင်းကြောင့် မဟုတ်။ လူဖြူတွေကြားတွင် အထာမကျဘဲ ယောင်ချာချာဖြစ်နေသည်ကို ကြည့်ပြီး ဆရာကြီးမက်ဆွဲလ် ချီတုံချတုံဖြစ်နေ၏။

ကိုဘီက လောလောဆယ် ဘယ်မှ မသွားသေးဘဲ နီလာကြီးနှင့် ပြိုင်ပွဲဝင်ပြီး ပိုက်ဆံရှာဖို့ ဆုံးဖြတ်ထားသည်။ ရေချယ်က သူ့အကြံအစည်ကို ထောက်ခံသည်။ သူထွက်သွားလျှင် တစ်ယောက်တည်း ကျန်ခဲ့ရမည့်အရေးကို တွေးပူလို့မဆုံး ဖြစ်နေ၏။

ထို့ကြောင့် ကျောင်းကြီးပိတ်လျှင် နောက်ဖေး ဂိုဒေါင်ထဲတွင် လာနေဖို့ စည်းရုံးသည်။ အဖေ့ကိုလည်း ပူဆာသည်။ ဆရာကြီးမက်ဆွဲလ်က လွယ်လွယ်ကူကူ သဘောတူသည်။ ကိုဘီကို အင်ဒီယန်တွေဆီကို ပြန်မသွားစေချင်။ ထို့ကြောင့် ကိုဘီနေဖို့ ဂိုဒေါင်ထဲတွင် နေရာလုပ်ပေးသည်။ နေသားကျသွားလျှင် မြို့ကျောင်းဆက်နေချင်စိတ် ပေါက်လာကောင်းရဲ့ဟုလည်း ဆရာကြီးက မျှော်လင့်ထားသည်။

အခန်းကလေးကို ဆရာကြီးက သေသေသပ်သပ် ဖြစ်အောင်ဖွဲ့ပေးသည်။ ပြတင်းပေါက်နှစ်ပေါက်တွင်တပ်ဖို့ ရေချယ်က ဂျုံအိတ်တွေဖျက်ပြီး ခန်းဆီးချုပ်ပေးသည်။

စားပွဲတစ်လုံးနှင့် ခေါက်ခုတင်ကိုတော့ ကျောင်းမှ ခဏငှားထားပေး၏။ ပြီးတော့ စာဖတ်ဖို့ မှန်အိမ်တစ်လုံး။ ကိုဘီက အခန်းကလေးကို သဘောကျနေ၏။ သူ့မြင်းကြီးနီလာနှင့်ကပ်လျက်နေရသည်မို့လည်း အကျေနပ်ကြီး ကျေနပ်နေ၏။

နွေရက်များသည် ကိုဘီနှင့် ရေချယ်အတွက် ပျော်ပျော်



ရွှင်ရွှင် ကုန်လွန်နေလေသည်။ သို့ရာတွင် ကိုဘီအတွက် ထိုရက်များကုန်ဆုံးတော့မည့်နေ့တစ်နေ့သို့ ရောက်ရှိလာခဲ့သည်။

မြို့ထဲမှ အမျိုးသမီးတစ်သိုက်ကို ပေါ်ဂျီမယ်ယာက ဦးဆောင်ပြီး ရောက်လာသည်။ နီရာ့ကို လူမမာမေးလာကြခြင်း ဖြစ်သည်။ သို့သော် သူတို့အတွက် မက်ဆွဲလ်နှင့် စကားပြောဖို့က အဓိကဖြစ်သည်။

“ရေချယ်ကို မြို့ကျောင်းပို့ဖို့ အချိန်သင့်ပြီ မက်ဆွဲလ်။ ယဉ်ကျေးတဲ့မိန်းကလေးတစ်ယောက်ဖြစ်ဖို့ အချိန်တန်ပြီ။ မဟုတ်ရင်... ကျွန်မတို့အားလုံး စိုးရိမ်နေကြတယ် မက်ဆွဲလ်၊ ရှင် သတိထားမိဖို့ကောင်းတယ်။ ရေချယ်နဲ့ ဟို... အင်ဒီယန်ကောင်လေးဟာ... အင်း... မြန်မြန်ခွဲထားလေ ကောင်းလေပဲ”

သည်အမျိုးသမီးတွေကို ဒေါသဖြစ်ရမည်လား၊ ကျေးဇူးတင်ရမည်လား ဆိုသည်ကို မက်ဆွဲလ် မဝေခွဲနိုင်အောင် ဖြစ်နေသည်။

မက်ဆွဲလ် သတိထားမိပါသည်။ ရေချယ်နှင့် ကိုဘီသည် သူငယ်ချင်းတွေထက်ပိုပြီး သံယောဇဉ်ဖြစ်ပုံရ၏။ အင်း ... တော်တော်စဉ်းစားရမည့်ကိစ္စပါလား။

နောက်တစ်နေ့ မီးဖိုထဲတွင် ရေချယ်က ချက်ပြုတ်နေစဉ် မက်ဆွဲလ် ရောက်လာပြီး စကားစသည်။

“သမီး၊ မြို့ကျောင်းပြောင်းဖို့ အချိန်တန်ပြီထင်တယ်။ ဒိန်လူးဝစ်က မစ္စဖင်းဝစ်ရဲ့ မိန်းကလေးကျောင်းက နာမည်ကြီးကျောင်းပဲ၊ သူနဲ့ ဖေဖေက ငယ်သူငယ်ချင်းတွေလေ။ သမီး သဘောကျမှာပါ”

ရေချယ်က ခါးစည်းရေခံတွင် လက်သုတ်ပြီး ဝမ်းသာအားရဖြစ်သွားပုံဖြင့်

“ဒိန်လူးဝစ်မှာ ဟုတ်လားဖေဖေ၊ ဟာ ... ပျော်စရာကြီးပေါ့”

ရေချယ့်စိတ်ထဲတွင် မြို့ကြီးပြကြီး၏ မြင်ကွင်းတွေ၊ ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားလှတွေကို မြင်ယောင်လာသည်။ သို့သော် ချက်ချင်း မျက်မှောင်ကြုတ်သွားပြီး

"မေမေ့အတွက် ဘယ်နှယ့်လုပ်မလဲ ဖေဖေ"

"မေမေ့အတွက် ဘာမှမပူပါနဲ့၊ ဖေဖေ သူနာပြုရှာမှာပေါ့။ လောလောဆယ် သမီး အဝတ်အစားတွေ ချုပ်ရမယ်။ မြို့ကျောင်းမှာ တောသူပုံ ပေါက်နေလို့ မဖြစ်ဘူး"

ရေချယ် စိတ်ပါလာပြန်သည်။

"အဲဒီ စိန့်လူးဝစ်ကျောင်းအကြောင်း ပြောပြပါဦး ဖေဖေ။ ကျောင်းသူတွေ အများကြီးလားဟင်၊ သူတို့တွေက ပေါင်းလို့သင်းလို့ ကောင်းပါ့မလား"

မက်ဆွဲလ်က ရေချယ့်မေးခွန်းတွေကို ဖြေရင်း စိန့်လူးဝစ်၏ ပျော်စရာအဖုံဖုံကို အစုံအလင်ပြောပြသည်။

ညစာဝိုင်းတွင် ဆရာကြီးက ကိုဘီကို ရေချယ့်သတင်း ပြောပြတော့ ကိုဘီက မယုံကြည်နိုင်စွာဖြင့် ပြန်မေးသည်။

"ရေချယ်က သွားမယ်တဲ့လား ဆရာကြီး"

"အို ... သွားမှာပေါ့ကွ၊ သူ သိပ်ပျော်နေတယ်။ ဆရာ သူ့ကို လိုက်ပို့မယ်၊ တို့ ရထားနဲ့ သွားကြမှာ။ မင်းက ကာလစ်စလီမှာ သွားတက်မယ်ဆိုရင် တစ်ခါတည်း သွားကြတာပေါ့။ အပျော်ခရီးထွက်သလို ဖြစ်သွားမှာပေါ့ကွာ။ ရေချယ့်ကို စိန့်လူးဝစ်မှာ ထားခဲ့ပြီး မင်းနဲ့ဆရာ ပင်ဆီလ်ဗေးနီးယားကို ခရီးဆက်ကြတာပေါ့။ တက္ကသိုလ်ရောက်နေတဲ့ တပည့်တွေကိုလည်း တွေ့ချင်သေးတယ်လေ။ ဆယ့်ခြောက်နှစ်ာတွင်း ကျောင်းသားသုံးရာလောက် ဆရာ ပို့ခဲ့တယ်"

"အဲဒီအထဲက အဖြူကောင် ဘယ်နှစ်ယောက် ပြန်ပို့ခဲ့ရလဲ ဆရာကြီး"



ဆရာကြီးမက်ဆွဲလ် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ သူ့လေသံတွင် လူမျိုးရေးမုန်းတီးမှုတွေ အပြည့်ပါနေသောကြောင့် ဖြစ်၏။

*

ဒရူစီလာနှင့် ယူလာတို့ နှစ်ယောက်က ခရီးသည်တင် မြင်းရထားကြီး၏ တံခါးပေါက်နားတွင် ရပ်နေကြသည်။ ယူလာက ဦးထုပ်သစ်၊ ဝတ်စုံသစ်နှင့်။ ဒရူစီလာက အဝါရောင်ပိုးစဖြင့် ခေါင်းကို စည်းထားသည်။ စက်တင်ဘာလေကြမ်းက ဖုန်တထောင်းထောင်းနှင့် တိုက်ခတ်နေ၏။

ရထားမောင်းသမားနှင့် လက်နက်ကိုင် အစောင့် တစ်ယောက် သေတ္တာကြီးတစ်လုံးကို မ ပြီး လာနေကြသည်။

"ကဲ... ပစ္စည်းတွေတင်မယ်"

ရထားဆရာက အော်ပြောလိုက်သည်။ ဒရူစီလာနှင့် ယူလာတို့နှစ်ယောက် ခပ်ကြောင်ကြောင်ရပ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ပြီးမှ ဖက်လိုက်ကြပြီး ယူလာက ဝမ်းနည်းနေသည့်လေသံဖြင့် ပြောသည်။

"မင်းကို ဘုရားသခင်စောင့်ရှောက်ပါစေ ဒရူစီလာ၊ အစစအရာရာ ကိုယ့်ကိုကူညီခဲ့တဲ့ ကျေးဇူးကို ကိုယ်ဘယ်တော့မှ မမေ့ပါဘူးသူငယ်ချင်း"

ယူလာ့ပခုံးကို လက်နှစ်ဖက်ဖြင့်ဆုပ်ရင်း ပြောသည်။

"စာရေးနော်"

ယူလာက နှုတ်ခမ်းကို လက်နှင့်ကွယ်ရင်း ပြန်ပြောသည်။

"ရေးမှာပေါ့ ဒရူစီလာရယ်၊ စိတ်ချ။ ဂျယ်စီကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်စောင့်ရှောက်ပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ် နော်"

ဂျစ်ပစီက ဦးထုပ်အနားကို လက်ဖြင့်တို့ရင်း

"ပွတ်ဘိုင် မစ္စယူလာ၊ ဘာမှ စိတ်မပူနဲ့နော်။ မစ္စတာ မက်ဆွဲလ်ဟာ လူတော်လူကောင်းတစ်ယောက်ပါ။ အားလုံး အဆင် ပြေမှာပါ"

ယူလာ ရထားပေါ်တက်သည်နှင့် တံခါးပိတ်ပြီး ရထား ဆရာက မြင်းနှစ်ကောင်၏ ကျောကို ဇက်ကြိုးဖြင့် ပုတ်လိုက် သည်။

မြင်းရထား ငြိမ့်ခနဲ စထွက်သည်။ ဒရူစီလာက လက်ပြ နှုတ်ဆက်ရင်း စာရေးဖို့ တဖွဖွ အော်ပြောကျန်ရစ်သည်။ ပြီးတော့ ဂျစ်ပစီဘက်လှည့်ပြီး

"ကုန်စုံဆိုင်မှာ ချောခြင်းတောင်းကျန်ခဲ့တယ်။ အဲဒီကို လျှောက်သွားကြအောင်လား။ ကလားရင့်စ်အကြောင်းလည်း ပြောပြ ချင်လို့"

လမ်းတွင် ဒရူစီလာ စိုးရိမ်တကြီး ဆက်ပြောသည်။

"ဒီကလေးအတွက် အရမ်းစိတ်ပူတာပဲ၊ သူ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ သူ သိပ်လူကြီးဖြစ်ချင်နေတယ် ဂျစ်ပစီ၊ ဒရူစီလာပြောတာ ဂျစ်ပစီ နားလည်ပါတယ်နော်။ ကောင်မလေးတွေနဲ့ ပတ်သက်လာရင် ပြောတာ၊ ကျောင်းစာလည်း သိပ်မလုပ်ချင်တော့ဘူး။ သူက ကျောင်းထုတ်ခံချင်နေတာ။ ဒါမှ သူ လွတ်လွတ်လပ်လပ် ပွေရမှာ ကိုး။ ဖြောက်အိုးချာလီတို့လူ သိုက်နဲ့တွဲပြီး မြို့ထဲမှာ ဗရုတ်ကျချင် နေတယ်"

"အဲဒီတော့ ကျုပ်က ကြိမ်လုံးနဲ့ ဆုံးမပေးရမှာလား"

သူ နောက်တောက်တောက်ပြောသည်ကို လုံးဝအမှုမထား



ဘဲ ဒရူစီလာ စကားဆက်သည်။

"သူ့ကို ယောက်ျားချင်း ဆွေးနွေးတဲ့အနေနဲ့ ဂျစ်ပစီ ဆုံးမ ရင်ရမှာပါ။ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ သူ သိထားစေချင်တယ်"

"ဟာ… အဲဒီကိစ္စအတွက် ကျုပ်လောက် ပြောနိုင်တဲ့လူ ဘယ်ရှိမလဲ"

"ကဲပါ… အရေးထဲမှာ ရှင် ရိမနေပါနဲ့။ အဝတ်လဲနေတဲ့ အမျိုးသမီးတစ်ယောက်ကို ချောင်းကြည့်လို့ သူနဲ့ ချာလီ ညက မိသွားတယ်။ ယောက်ျားလုပ်တဲ့လူက ဒီတစ်ခါတော့ ရှိစေတော့၊ နောက်တစ်ခါဆို သက်ဆိုင်ရာကို တိုင်မယ်တဲ့"

"ကောင်းပြီလေ၊ ကျုပ် ပြောပါ့မယ်။ ဒါပေမဲ့ သိပ်စိတ် မပူပါနဲ့၊ ဒီအရွယ် ယောက်ျားလေးတွေဟာ အမျိုးသမီးတစ်ယောက် ကို မိမွေးတိုင်း ဖမွေးတိုင်း မြင်ဖူးချင်ကြတာချည်းပဲ"

ကုန်စုံဆိုင်ထဲသို့ ဒရူစီလာ ဝင်သွားသည်။ ချောခြင်းတောင်း ကို မနိုင်မနင်း ဆွဲထွက်လာ၏။ ဂျစ်ပစီက လှမ်းဆွဲယူပြီး ထွက် လာခဲ့ကြ၏။

အိမ်ရောက်တော့ ဒရူစီလာက ညစာစားပြီးမှ ပြန်ဖို့ပြော သည်။ ဂျစ်ပစီခေါင်းညိတ်လိုက်၏။ ဒရူစီလာအနားတွင် နေချင်သည့် အပြင် အိမ်ထမင်း အိမ်ဟင်းနှင့် ဝေးခဲ့သည်မှာ ကြာပြီဖြစ်၍ လျှာ ချင်းမြက်မြက်ကလေး စားချင်သည့်ဆန္ဒလည်းပါ၏။

ကလားရင့်စ်ဆိုသည့်ကလေးနှင့် အေးအေးဆေးဆေး စကားပြောကြည့်ဖို့လည်း စိတ်ကူးသည်။ သို့သော် ကလားရင့်စ် မရှိသဖြင့် နောက်နေ့မှတွေ့ဖို့ စိတ်ကူးလိုက်သည်။

ညစာစားပြီးတော့ အပြင်ဆင်ဝင်အောက်မှ မှောင်ရိပ်ကျကျ ဒန်းပေါ်တွင် နှစ်ယောက်သားထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလားရင့်စ်ကီစွက အချိန်တွေအများကြီး ရပါသေးတယ်လေ" ဟု ဂျစ်ပစီကပြောတော့ ဒရူစီလာက ပြန်မေးသည်။

"လွှတ်လပ်ရေးမှာ ကြာကြာနေဖို့ ဆုံးဖြတ်ထားလို့လား"

"အင်း ... အဲဒါကတော့ အမိအပေါ်မှာလည်း တည်တယ်လေ"

"ရှင် ... ကျွန်မအပေါ်မှာ တည်တယ်၊ ဟုတ်လား"

ဒန်းပေါ်တွင် ယှဉ်ထိုင်ပြီး ချစ်ရေးဆိုရသည့်ကိစ္စမှာ အလွန်ခွကျလှသည်။ နမ်းဖို့တစ်ဘက်သို့ ခေါင်းငဲ့လိုက်တိုင်း သူက တစ်ဘက်ကို တိုးတိုးသွားသည်။ ရာသီဥတုကလည်း ပူသေး၏။ သူက ယပ်တောင် တဖျပ်ဖျပ်နှင့်။ မျက်နှာရှေ့တွင် ယပ်တောင်တဖျပ်ဖျပ်ခတ်နေသည့် မိန်းမတစ်ယောက်ကို ဂျစ်ပစီ မည်သို့နမ်းရမှန်း မသိပေ။ ဤသို့ဖြင့် ကြံဖန်စကားပြောနေရတော့သည်။

"အင်း ... ဒီမှာ အခြေချနေမလားလို့တော့ စိတ်ကူးရှိတယ်လေ။ အဲ ... အိမ်ထောင်ပြုဖြစ်ရင်ပေါ့"

တဖျပ်ဖျပ်ခတ်နေသည့် ယပ်တောင် ပိုမြန်လာသည်။

"နေပါဦး ... ရှင်က..."

ဒရူစီလာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။ နောက်မှ တဲ့တိုးကြီး မေးချလိုက်၏။

"ရှင် ကျွန်မကို လက်ထပ်ဖို့ ပြောနေတာလား"

သူ ခပ်လေးလေး ဖြေသည်။

"အင်း ... အဲဒီအကြောင်း ပြောမလို့ ထင်ပါရဲ့"

ဒရူစီလာ ဒန်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဒါဆိုပြောလေ၊ ဘာလို့ မပြောတာလဲ။ ရှင် သတ္တိကောင်းတယ်ဆို ဂျစ်ပစီစမစ်။ နေပါဦး၊ လေးနှစ်လုံးလုံး မိန်းကလေးတစ်ယောက်ကို ရှိတယ်လို့ မအောက်မေ့ဘဲ ထားခဲ့တဲ့ လူတစ်



ယောက်က၊ ပို့စကတ်လေးတစ်ခုတောင် ပို့ပေးဖော်မရတဲ့ လူတစ်ယောက်က..."

ဝရန်တာလက်ရန်းဆီကို လျှောက်သွားပြီး ဒရူစီလာက ဂျစ်ပစီကို ကျောခိုင်းရပ်နေသည်။ သူ့လက်ထဲမှ ယပ်တောင်က မြန်သည်ထက် မြန်လာသည်။

"ပြီးတော့ ဘာတဲ့ ... အဲဒီအကြောင်း ပြောမလို့ထင်ပါရဲ့တဲ့။ သွား... ရှင့်လိုလူမျိုးကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး၊ ဒူးထောက် တောင်းပန်တောင် ခေါင်းမညိတ်ဘူးမှတ်"

ဂျစ်ပစီက ဖြည်းဖြည်းချင်း လျှောက်သွားပြီး နောက်မှ ရပ်လိုက်သည်။

"အဲဒီလို ဆိုရင်တော့ ကျုပ်အရမ်း စိတ်ဓာတ်ကျသွားလိမ့်မယ် ဒရူစီလာ ဒါလင်ရယ်"

လက်နှစ်ဖက်စလုံး သူ့ပခုံးပေါ်သို့ ညင်ညင်သာသာကလေး တင်လိုက်သည်။ အထိတ်တလန့်ဖြစ်နေသည့် တိရစ္ဆာန်တစ်ကောင်ကို ကိုင်တွယ်ပုံမျိုး။

"သွား ခုမှ ဒရူစီလာဒါလင်တွေ၊ ဘာတွေ လာလုပ်မနေနဲ့"

သို့သော် သူ့ခန္ဓာကိုယ်ကမူ မငြင်း။ လက်နှစ်ဖက်ကို ဂျစ်ပစီက ပခုံးပေါ် တင်မြဲဆက်တင်ထားသည်။ ပြီးတော့ ကုပ်သားကလေးကို ငုံ့နမ်းလိုက်၏။ လက်ထဲမှ ယပ်တောင် ငြိမ်သွားသည်။ အလားတူ ဒေါသနှင့်တွန်းကန်လိုစိတ်များလည်း တဒင်္ဂ ငြိမ်ကျသွား၏။ ဂျစ်ပစီက နှုတ်ခမ်းနှင့်ကော နှာခေါင်းဖြင့်ပါ လည်ပင်းကို ဆက်နမ်းနေသည်။ သည်တော့မှ သတိဝင်လာသလို ဝုန်းခနဲ ရုန်းထွက်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီမယ် ဂျစ်ပစီစမစ်..."

သို့သော် ဒရူစီလာ ဘာမှ ဆက်မပြောနိုင်တော့။ သူ့

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေကို အနမ်းဖြင့် ဖြတ်တောက်ပစ်လိုက်သည်။

ဂျစ်ပစီနှင့် ဒရူစီလာတို့နှစ်ယောက်သည် အမှောင်ရိပ်ထဲတွင် မတ်တတ်ရပ်လျက် အနမ်းသံသရာတွင် ချာချာလည်နေစဉ် လူတစ်ယောက်ဝင်လာသည်ကို မြင်လည်းမမြင်မိ၊ ကြားလည်းမကြားလိုက်ပေ။ ဝရန်တာရှေ့ရောက်လို့ ခြေသံကြားတော့မှ ဒရူစီလာက ဂျစ်ပစီ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

"အို ဒေါက်တာအပ်ချပ်ပါလား၊ ကျွန်မ... ကျွန်မတို့... သတိမထားလိုက်မိဘူး"

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော် မမြင်လို့ပါ။ လမ်းလျှောက်ရင်း ကြုံလို့ဝင်လာတာပါ မစ္စဒရူစီလာ၊ ဧည့်သည်ရှိနေမှန်း မသိလို့ပါနော်"

"ဂျစ်ပစီစမစ်လေ၊ ဒေါက်တာအပ်ချပ်ကို သိပါတယ် နော်။ နုပဲ လက်ဖက်ရည်သောက်ကြတော့မလို့။ ဒေါက်တာလည်း သောက်သွားပါလား"

"အို ... နေပါစေတော့၊ ကျွန်တော် ဆက်လျှောက်လိုက်ပါဦးမယ်။ သွားပါဦးမယ်နော်"

သူ့လေသံတွင် မနာလို ဝန်တိုမှုကလေး မသိမသာ ပါနေသည်။ ဒရူစီလာကိုလှုငယ်ဆရာဝန် သဘောကျနေပုံရသည်။ ဂျစ်ပစီက အသာအကဲခတ်နေ၏။

ဂျစ်ပစီက ပခုံးပေါ်လက်တင်ပြီး စကားစမည့်ဟန်ပြင်သည်။

"ဒရူစီလာဒါလင်..."

ဒရူစီလာက နောက်ဆုတ်ပြီး

"တော်ပြီ၊ ရှင်လည်း သွားတော့"

ယပ်တောင်ကို တဖျပ်ဖျပ် ပြန်ခတ်နေပြန်သည်။

"ပြန်ပါတော့ ဂျစ်ပစီ၊ ကျွန်မကိုယ် ကျွန်မ ဒီည စိတ်မချ



တော့ဘူး။ ရှင်ဟာ ... ရှင်ဟာ ကျွန်မဆီကို မကောင်းဆိုးဝါး ခေါ်လာတာပဲ"

ဂျစ်ပစီက နောက်ထပ်နမ်းဖို့ မကြိုးစားတော့ဘဲ နှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့သည်။ လေးငါးလှမ်း လှမ်းမိတော့ ဒရူစီလာက လှမ်းခေါ်သည်။

"ဂျစ်ပစီစမစ်၊ ရှင် ကျွန်မကို တကယ်ချစ်ရဲ့လားဟင်"

"မင်းမသိဘူးလား ဒရူစီလာဒါလင်"

သူက ခပ်အေးအေးပြန်မေးသည်။

"အင်း ... ကြည့်သေးတာပေါ့လေ" ဟု ပြောပြီး ဒရူစီလာ အိမ်ထဲဝင်သွားသည်။

လမ်းမီးတိုင်တွေ မှိန်မှိန်လင်းနေသည့်လမ်းကို လျှောက်နေရင်း ဂျစ်ပစီ စဉ်းစားလာသည်။ ဘယ်လိုပါလိမ့်၊ 'ကြည့်သေးတာပေါ့' တဲ့။ အင်း ... သူ စဉ်းစားဦးမယ်ထင်ပါရဲ့။ သူလိုချင်သည့် လင်ယောကျ်ား အရည်အချင်းများထဲတွင် မွေးစားကလေးများ၏ ဖခင် ဖြစ်ဖို့လည်းပါမည်။ စစ်ဗိုလ်ကလေး ပီးယာ့စ်နှင့် ချာပြသွားခြင်းမှာလည်း ကလေးတွေကိစ္စဖြစ်ကြောင်း ဒရူစီလာက ပြောပြထားပြီးပြီ။

ဒရူစီလာက သူ့ကလေးတွေကို ဘယ်သွားသွားခေါ်သွားချင်သည်။ စစ်စခန်းတွင် ကလေးများအတွက် နေရာမရှိကြောင်း ဗိုလ်ပီးယာ့စ်ပြောတော့ ဒရူစီလာက စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းပစ်လိုက်သည်။

သည်ကိစ္စက ဂျစ်ပစီအတွက် ပြဿနာမရှိပါ။ ညအခါ လသာသာတွင် ကလေးများကို သူ့စွန့်စားခန်းတွေ ပြောပြချင်သည်။ နွားကျောင်းသားဘဝ၊ ကျွဲရိုင်းဖမ်းသမားဘဝ၊ မြင်းရိုင်းတွေကိုဖမ်းပြီး ယဉ်အောင်လုပ်ပေးရသည့် နည်းပြဘဝ၊ ပြီးတော့ အင်ဒီယန်လမ်းပြဘဝ။ သူ့တို့ဘယ်လောက် စိတ်ဝင်စားလိုက်ကြမည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကလားရင့်စ်ကို ပြောဆိုဆုံးမဖို့ကိစ္စကို ပြန်စဉ်းစားသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသလို ဖြစ်လာသည်။ ဤသို့ဖြင့် နေ့ရွှေ့ညရွှေ့လုပ်ရင်း တစ်ပတ်အချိန်ကုန်သွားသည်။ သည့်အတွက် ဂျစ်ပစီစမစ် နောင်တရလို့မဆုံးနိုင်အောင် ဖြစ်ရသည့် အရေးနှင့် ကြုံရတော့၏။

*

အယ်လ်ရီနီမှ ထွက်လာသည့် လူစီးမြင်းရထား ညနေပိုင်းတွင် ဝင်လာတော့ မက်ဆွဲလ်က ယူလာ့ကို စောင့်ကြိုနေသည်။ ဆင်းလာသည့် ခရီးသည်များထဲတွင် ရှာပြီး မက်ဆွဲလ်က အမျိုးသမီးတစ်ယောက်ကို နှုတ်ဆက်သည်။

"မစ္စယူလာ ဟုတ်ပါတယ်နော်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မပါ"

သူ့နှုတ်ခမ်းကိုမြင်နိုင်အောင် လက်ကို နှုတ်ခမ်းမှ အသာဖယ်ပေးလိုက်သည်။ ပြီးတော့ ခေါင်းကို ငုံ့ချထားလိုက်သည်။ ဦးထုပ်ဆောင်းလျက်သားမို့ သူ့မျက်နှာ ချက်ချင်းပျောက်ကွယ်သွားသည်။

"ကြိုဆိုပါတယ် မစ္စယူလာ၊ မင်းအိတ်က ဘယ်မှာလဲ"

"ကျွန်မမှာ ဒီအထုပ် တစ်ထုပ်ပဲ ပါပါတယ်ရှင်၊ ပစ္စည်းတွေအားလုံး မီးထဲ ပါသွားပါပြီ"

"သြော် ... အင်း၊ စိတ်မကောင်းပါဘူးကွယ်၊ သတင်းစာထဲမှာ ဖတ်ရပါတယ်။ အဖြစ်က ဆိုးလွန်းပါတယ်။ ပေး ... ပေး၊ အဲဒီအိတ် ဆရာ ကူသယ်ပေးမယ်"

"အို ရပါတယ်ရှင်၊ ပေါ့ပေါ့ကလေးပါ"

"ကဲ ဒါဖြင့်သွားကြစို့"



အိမ်ဘက်ကို သွားကြစဉ် ယူလာက ဆရာကြီးမက်ဆွဲလ်၏ နောက် မလှမ်းမကမ်းမှ လျှောက်လိုက်သွားသည်။

"သြော် ... မင်းကို ကြိုပြီးတောင်းပန်ထားရဦးမယ်၊ အိမ်မှာတော့ ရှုပ်ပွနေတယ်။ သမီး ကျောင်းသွားဖို့ ထုပ်ပိုးပြင်ဆင်နေရလို့လေ။ အိမ်သန့်ရှင်းရေးလုပ်ချိန်ကို မရလိုက်ဘူး။ သမီးနာမည်က ရေချယ်တဲ့၊ သူက မအေကို ပြုစုနေတာလေ။ သူ့အမေက ရောဂါသည်၊ ဂျစ်ပစီ ပြောပြထားမယ် ထင်တယ်"

ဆရာကြီးရပ်တော့ ယူလာပါ ရပ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ပြောပါတယ်"

ယူလာက သူ့ကို အစေခံလို ဆက်ဆံလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ ခုတော့ ဧည့်သည်တစ်ယောက်ကို ကြိုသလို ဖြစ်နေ၍ အနေရကျပ်နေ၏။

"ကဲ ... ဒါတွေ နောက်မှ ပြောကြတာပေါ့၊ ဖုန်တောထဲက လာရတော့ မင်း ရေမိုးချိုးချင်မှာပေါ့"

"ကျေးဇူးတင်ပါတယ်ရှင်၊ ရေနည်းနည်းရရင် ဖြစ်ပါတယ်"

မက်ဆွဲလ်က ဝင်းတံခါး ဆွဲဖွင့်ပေးပြီး ယူလာကို အရင်ဝင်စေသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

ယူလာ ပို၍ အနေကျပ်သွားပြန်သည်။ ဝင်းခြံထဲ ဖြတ်သွားတော့ ယူလာက နောက်ချန်ပြီးမှ ဆက်လိုက်သွားသည်။ ရေချယ်က သူတို့နှစ်ယောက်ကို ပြတင်းပေါက်မှ ရပ်ကြည့်နေသည်။

အိမ်ရှေ့တံခါးမကြီး သွားဖွင့်ပေးတော့ ဖအေကြီးက ယူလာနှင့် ရေချယ်ကို မိတ်ဆက်ပေး၏။ ရေချယ်က အမျိုးသမီးကို သေသေချာချာ အကဲခတ်နေသည်။ အမေ့အတွက် ပြုစုဖို့ လာလိုက်၊ ပြန်သွားလိုက်နှင့် အမျိုးသမီးတွေ မနည်းတော့။ သို့သော် သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က တစ်မျိုး။ ငယ်လည်း ငယ်သေးသည်။

"ကျွန်မရဲ့ ပထမနာမည်က ယူလာပါ။ ယူလာလို့ ခေါ်နိုင်ပါတယ်ရှင့်"

ဘာလို့ ပါးစပ်ကို လက်နှင့်တစ်ချိန်လုံး ကွယ်ထားပါလိမ့်။ ရေချယ်သိချင်သွားသည်။ အဖေ့ကို စပ်စုသည့် မျက်လုံးများနှင့် လှမ်းကြည့်သည်။

"သမီး အဝတ်အစားသစ်တွေ ဝတ်ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့၊ အားလုံး အဆင်ပြေပါတယ်။ သမီး ကိုဘီအတွက် စိတ်ပူတယ် ဖေဖေ။ သူ ထွက်သွားတယ်၊ ဘယ်အချိန်ပြန်ရောက်မလဲ မသိဘူးတဲ့"

"လာပါ သမီးရယ်၊ မစ္စယူလာ နေရေးထိုင်ရေး အရင်လုပ်ပေးလိုက်ကြရအောင်ပါ။ နေပါဦး ... ကိုဘီ ဘာဖြစ်နေတာလဲ"

"မသိဘူး ဖေဖေ၊ အမြင်အာရုံရှာဖို့ သွားရမယ်တဲ့။ သူ့လိုစာတော်တဲ့လူတစ်ယောက်က အဲဒါတွေ ယုံတယ်တဲ့၊ ဟုတ်ရဲ့လား ဖေဖေ။ ဒါဆို သူ အင်ဒီယန်တွေဆီ ပြန်သွားမှာလားဟင်။ ကျောင်းဆက်တက်ဖို့ ဖေဖေပြောလို့ မရတော့ဘူးလား။ အဲဒါမျိုးတွေက တောကြိုတောင်ကြားက လူရိုင်းတွေပဲ ယုံတာမဟုတ်လား။ သူ ကျောင်းဆက်တက်ဖို့ နားချလို့ မရတော့ဘူးလားဟင်"

"အေးပါ၊ ဖေဖေ ကြိုးစားပါ့မယ်။ ကျောင်းဝင်ခွင့်က အချိန်လိုပါသေးတယ်။ ကဲပါ ... သမီး အဝတ်သစ်တွေ ချုပ်ထားတဲ့ ကိစ္စ အပ်ချုပ်ဆိုင်နဲ့ ပြီးအောင်လုပ်။ ဖေဖေ မစ္စယူလာနဲ့ စကားပြောလိုက်ဦးမယ်"

ရေချယ် တိုးတိုးမေးသည်။

"သူ ဘာဖြစ်လို့ မျက်နှာကို လက်နဲ့ဖုံးထားတာလဲ ဖေဖေ"



မက်ဆွဲလ်က တိုးတိုးပြန်ပြောသည်။

"သူ့နှုတ်ခမ်းက ကွဲနေတယ် သမီး"

"အို ... ဖြစ်မှဖြစ်ရလေ ဖေဖေရယ်"

*

## အခန်း(၈)

ဗြောက်အိုးချာလီသည် ဒေါက်တာအပ်ချုပ်၏ ခွဲစိတ်ခန်းခုံပေါ်တွင် မှောက်ချလိုက်သည်။ တစ်ကိုယ်လုံး ချွေးတွေ စက်စက်နစ်လျက်။ သူ့တင်ပါးဆုံထဲမှ နစ်လုံးပြူးကျည်ဆန်ခဲသီးကို ဇာဂနာနှင့် ဆွဲယူလိုက်သည်။

နံဘေးတွင် ဆယ်ခြောက်နှစ်သားကလေး ကလားရင့်စ်က ကုလားထိုင်တစ်လုံးပေါ်တွင် ခေါင်းငိုက်စိုက်ချထိုင်နေ၏။

ဂျစ်ပစီနှင့်ဘတ်တိုက်ဆင် အခန်းထဲ ဝင်လာကြသည်။ ဂျစ်ပစီက ဆရာဝန်လုပ်သူကို မေးလိုက်သည်။

"အခြေအနေဆိုးသလား ဆရာ"

ဒေါက်တာအပ်ချုပ်က ခဲသီးတစ်လုံးကို ဇာဂနာထိပ်မှ သတ္တုခွက်ထဲ လွှတ်ချရင်းဖြေသည်။

"ကံကောင်းပါတယ်၊ အရိုးကို မထိဘူး။ ဒါပေမဲ့ ဘယ်သူပစ်သလဲဆိုတာက ပြဿနာ။ သူတို့ကပြောတယ်၊ လူဖြူတစ်ယောက်က ပစ်တာတဲ့"

ဂျစ်ပစီက ကလားရင့်စ်ဘက်သို့ လှည့်လိုက်သည်။

"ကောင်းပြီ ကလားရင့်စ်၊ မင်းတို့ကို ဘယ်သူက ဘာကြောင့်ပစ်တယ်ဆိုတာ အသေးစိတ်ပြောပြပါ။ ငါတို့ အချက်ချင်းသိချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျာ"

ကလားရင့်စ်ခေါင်းမော့လာသည်။ သူ့မျက်နှာတွင် သွေးမရှိတော့။ သူက ဖြစ်ကြောင်းကုန်စင်ကို တုန်တုန်ယင်ယင်နှင့် ပြန်ပြောပြသည်။ တစ်မိနစ်အတွင်း ဂျစ်ပစီသိလိုက်ပြီ။ အခြေအနေမကောင်းနိုင်တော့။

သူတို့နှစ်ယောက်ကို ပစ်သည့် ပုဂ္ဂိုလ်က တူလီတဲ့။ လူဖြူခြံသမားတစ်ဦး။ သူ့သမီးနှင့်ချာလီ ချိန်းတွေ့တော့ ကလားရင့်စ်က အဖော်လိုက်သွားသည်။ ကောင်မလေးက ဆယ့်လေးနှစ်သမီး။ သူတို့နှစ်ဦး အချစ်ပလူးနေသည်ကို ကလားရင့်စ်က ပွဲကြည့်ပရိသတ်အဖြစ် ရပ်ကြည့်နေသည်။

ဇာတ်လမ်းက ပေါပလာစမ်းချောင်းမှာ စခဲ့သည်။ လူမည်းကောင်လေးတွေ ရေကူးကြတိုင်း ကောင်မလေးက ချုံပုတ်ထဲမှ ခိုးကြည့်သည်။ ဤသို့ဖြင့် ချာလီနှင့် ရည်းစားဖြစ်သည်။ တစ်နေ့တွင် အဖေက လှမ်းမြင်ပြီး နှစ်လုံးပြူးနှင့် လှမ်းပစ်သည်။ အတန်ဝေး၍ ချာလီအသက်မသေခြင်း ဖြစ်၏။

"ကောင်းပြီ၊ ဒီမယ် ဘတ်၊ ဆရာဝန် ချုပ်လုပ်ပြီးရင် သူတို့နှစ်ယောက်ကို ခေါ်ခဲ့၊ ထောင်ထဲထည့်ထားမယ်"

"ဗျာ ... ကျွန်တော်တို့ ဘာပြစ်မှုကျူးလွန်လို့လဲဗျ"

ပြောက်အိုးချာလီက စက်သေနတ်ပစ်သလို မေးသည်။ ဘတ်က ဝင်ဟောက်သည်။

"ဟေ့ တိတ်တိတ်နေစမ်း၊ မင်းအတွက် အလုံခြုံဆုံးနေရာကို ပို့ထားမလို့"

ဂျစ်ပစီက သူ့ရုံးခန်းဆီကို သုတ်ခြေတင် ပြန်လာခဲ့သည်။

ဒုရဲမှူး ရှူးဖတ်စ်မားဂရေဗ်က ဂျစ်ပစီ့ စားပွဲတွင် ထိုင်ပြီး ရုံးအလုပ်တွေ လုပ်နေသည်။ သူ့ပခုံးပေါ်မှ တာဝန်ကို ဂျစ်ပစီ



က လွှဲယူလိုက်ရသည်။ သူ့ကို လက်ထောက်အဖြစ် ဆက်ထားပေး၏။

"တူလီဆိုတဲ့ လူဖြူခြံသမားအကြောင်း မင်းဘယ်လောက်သိလဲ ရှူးဖတ်စ်၊ ဒီကနေ မြောက်ဘက် ငါးမိုင်လောက်အကွာမှာ သူ့ခြံရှိတယ် ပြောတယ်"

"အင်း ... အဲဒီဘက်မှာ လူဖြူခြံသမား အများကြီးပဲ။ ဘာဖြစ်လို့လဲ ဂျစ်ပစီ"

"မြို့တော်ဝန်ဆောယားနဲ့ တရားသူကြီးကေးလ်ကို သွားခေါ်ခဲ့၊ အေးမို့စ်ဖုလ်တန် ဘယ်မှာနေလဲ မင်းသိလား"

"သူ လန်စတန်မှာလို့ ကြားတာပဲ"

"သူ့ဆီ သံကြိုးပို့လိုက်၊ ဒီကိုအမြန်ဆုံး ဆင်းလာခဲ့ပါလို့။ ပြဿနာအကြီးအကျယ် ဖြစ်နေပြီလို့"

ညနေပိုင်းတွင် ခရိုင်ရဲမှူး အယ်လ်ဗာဟယ်ရီမင်နှင့် သူ့လက်ထောက်ခြောက်ယောက်တို့ မြို့ထဲသို့ မြင်းကိုယ်စီ စီးပြီး ရောက်လာကြသည်။ မြင်းလှည်းအိုကြီးတစ်စီးကို ဦးဆောင်လျက်။ လှည်းအိုကြီးထဲတွင် တူလီသားအဖ ပါလာသည်။

ဂျစ်ပစီက ခပ်အေးအေးပင် ဝရန်တာထွက်ပြီး တိုင်တစ်တိုင်ကို မှီရပ်နေလိုက်သည်။ ဘယ်ဘက်က နှစ်လုံးပြူးသေနတ်ကို ကိုင်လျက်။ ညာဘက်လက်မက ပစ္စတိုနှင့် ကပ်လျက် ခါးပတ်တစ်နေရာမှ ကျည်ကတ်တွင် ချိတ်ထားသည်။

ခရိုင်ရဲမှူး ဟယ်ရီမင်က သိပ်မဝသော်လည်း မေးရိုးအောက်မှ အရေခွံက ကြက်ဆင်တစ်ကောင်လို တွဲကျနေသဖြင့် စကားပြောလိုက်တိုင်း တလှုပ်လှုပ်နှင့် ပိုဝသယောင်ထင်ရသည်။

"မင်း ဂျစ်ပစီစမစ်မဟုတ်လား"

"လုံခြုံရေးမှူး ဂျစ်ပစီစမစ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီက ပြင်ပြောလိုက်သည်။

"အင်း ... မင်းကိုး၊ ငါ ကြားဖူးသလောက် ဒီအနီးအနားတစ်ဝိုက်က မြေးကောင်တွေထဲမှာ မင်းတစ်ယောက်ပဲ စာဖတ်တတ်တယ်ဆို။ ဒါဆို ငါပို့လိုက်တဲ့ သံကြိုး မင်းဖတ်ပြီးပြီပေါ့။ ဒါဆို တို့ဘာအတွက် ရောက်လာတယ်ဆိုတာ မင်းသိပြီးရောပေါ့"

သူက တူလီ၏ လှည်းအိုကြီးကို မေးငေါ့ပြပြီး ဆက်ပြောသည်။

"အဇော်ကားခံရတဲ့ မိန်းကလေးကို ငါတို့ခေါ်လာတယ်၊ တရားခံကို ပြဖို့လေ။ ဒီမိန်းကလေးကို မတော်မတရား၊ ရက်ရက်စက်စက် လုပ်သွားတဲ့ မြေးကောင်ကလေးတွေကို တို့လက် မင်းအပ်ပါ။ ဂူသရိကို တို့ခေါ်သွားမယ်၊ ဟိုမှာ ရုံးတင် စစ်ဆေးမယ်"

"ခရိုင်ရဲမှူးကြီးခင်ဗျား၊ ခင်ဗျားလည်း စာဖတ်တတ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ဒါကြောင့် ကျုပ်ပို့လိုက်တဲ့ သံကြိုးကိုလည်း ခင်ဗျား ဖတ်ပြီးလောက်ပြီထင်ပါတယ်။ သူတို့ကို ဒီမှာတင် ရုံးတင်စစ်ဆေးမှာပါ။ အပြစ်ရှိတယ်ဆိုရင် သူတို့ ကြိုးပေးခံရမှာပါ၊ အဲဒီအတွက် စိတ်ချနေပါ။ ကျွန်တော် ကတိပေးပါတယ်"

"ကတိ ဟုတ်လား၊ မြေးကောင်တစ်ကောင်ရဲ့ ကတိက ဘာတန်ဖိုးရှိမှာလဲ။ မင်းကို တရားဥပဒေအကြောင်းတွေ ငါ ပြောပြဖို့ လိုမယ်မထင်ဘူး။ ငါက ခရိုင်ရဲမှူး ဂူသရိတရားရုံးရဲ့ တရားသူကြီး။ အဲဒီမှာပဲ အမှုစစ်မယ်။ အဲဒီမှာပဲ ကြိုးပေးမယ်"

သူက ကျေကျေနပ်နပ်ကြီးပြောပြီး အေးအေးဆေးဆေး အမူအရာဖြင့် မြင်းပေါ်မှ ဆင်းဖို့ပြင်သည်။

ဂျစ်ပစီ အောင်မြင်ပြတ်သားသည့် အမိန့်ပေးသံဖြင့် လှမ်းအော်သည်။



"အောက်မဆင်းနဲ့"

ခရိုင်ရဲမှူးက ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့် မျက်လုံးများဖြင့် ဂျစ်ပစီကို လှမ်းကြည့်သည်။

"ဟော့ကောင်၊ ငါပြောတာ မင်းနားထောင်"

"မဟုတ်ဘူး၊ ကျုပ်ပြောတာ ခင်ဗျား နားထောင်"

ဂျစ်ပစီက အခြားလူတွေကို ဝေ့ကြည့်လိုက်သည်။ သူတို့က သူတို့ဆရာနည်းတူ သေနတ်တွေ ဆွဲထုတ်ဖို့ ပြင်နေကြပြီ။

"ခင်ဗျားတို့ စဉ်းစဉ်းစားစားလုပ်ကြနော်၊ ခင်ဗျားတို့ကို ကျုပ်လူတွေ ဝိုင်းချိန်ထားပြီးသား"

သူတို့မျက်လုံးတွေ ကျီးကန်းတောင်းမှောက် ဖြစ်ကုန်သည်။

ဟယ်ရီမင်က

"အလကား၊ ဒီကောင်ဖြီးတာ" ဟုပြောတော့၊ ဂျစ်ပစီက အသံမြင့်ပြောလိုက်သည်။

"ကဲ ရဲဘော်တို့ ... ထွက်ပြလိုက်ကြ"

လမ်းတစ်ဘက်တစ်ချက်ရှိ နှစ်ထပ်အိမ် ဝရန်တာများပေါ်မှ လှုပ်ရှားမှုတွေ တစ်ပြိုင်တည်းပေါ်လာသည်။ လမ်းပေါ်ကို ချိန်ထားသည့် သေနတ်သမား သုံးဆယ်ခန့်။

"ကျုပ် မဖြီးဘူးဆိုတာ ရှင်းတယ်နော်"

ရဲမှူးဟယ်ရီမင် ဒေါသတကြီး လှမ်းအော်သည်။

"ဟေ့ ... မြေးကောင်၊ မင်းဘာလုပ်နေတယ်ဆိုတာ မင်းကိုယ်မင်း သိရဲ့လား၊ မင်းလည်းပဲ သူတို့နဲ့အတူ ကြိုးစွပ်ခံရမှာ မင်းမသိဘူးလား"

"ဟုတ်ချင်ဟုတ်မှာပေါ့လေ၊ ခင်ဗျား ကျုပ်ကို ကြိုးပေးချင်ပေးပါ။ ဒါပေမဲ့ ဘာပြစ်မှုမှ မကျူးလွန်ရတဲ့ ကလေးနှစ်ယောက်ကိုတော့ ခင်ဗျားတို့ မသတ်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ဘာမှ မကျူးလွန်ရဘူး ဟုတ်လား၊ ဟိုမှာ ကြည့်စမ်း၊ မတော်မတရားလည်း လုပ်သေးတယ်၊ ရက်ရက်စက်စက်ကို ရိုက်နှက်သွားသေးတယ်”

ဂျစ်ပစီက လှည်းအိုကြီးဆီသို့ လျှောက်သွားသည်။ မိန်းကလေးက တစ်ဘက်ခြုံပြီး ခေါင်းငုံ့ထား၏။

“မိန်းကလေး၊ မင်းကို သူတို့ ရိုက်တာလား၊ မင်းအဖေ ရိုက်တာလား” ဟု ဂျစ်ပစီက မေးလိုက်သည်။

“ဟော့ ငမည်းကောင်၊ ထွက်သွား။ ငါ့သမီးက မင်းလို ကောင်ကို စကားမပြောဘူး၊ မှတ်ထား”

တူလီကပြောပြီး ကြမ်းပြင်ပေါ်မှ သေနတ်ကို ကောက်ယူဖို့ ဟန်ပြင်သည်။

“တူလီ”

ရဲမှူးက လှမ်းအော်တော့ သူတုံ့သွား၏။ ဂျစ်ပစီက လှည်းနောက်ကို ပတ်လျှောက်သွားသည်။ မြင်းစီးသမားတွေ စီးလာသည့် မြင်းတစ်ကောင်၏ ခြေထောက်ကို သတိထားမိလိုက်၏။ ရှေ့လက်တစ်ဖက်နှင့် နောက်ခြေထောက်နှစ်ချောင်းက ဒူးဆစ်အောက် အဖြူ။ မြင်းစီးသမားက ရွှေရောင်ဆံပင်နှင့် လူငယ်တစ်ယောက်၊ မိုက်ကိုက်အပြည့်ဖြင့်။

ဂျစ်ပစီက ရုံးဘက်သို့ ပြန်လျှောက်လာသည်။

“ဒီမိန်းကလေးက ဟိုသူငယ်နှစ်ယောက်ကို တရားစွဲမယ် ဆိုရင် တရားဥပဒေအတိုင်း ဖြစ်စေရပါမယ်။ ဒါပေမဲ့ သူတို့ကို ဒီမြို့နယ်ရုံးမှာပဲ တရားစွဲပေးပါမယ်၊ အမှုအမှန်အတိုင်းဖြစ်ဖို့ ကျွန်တော် တာဝန်ယူပါတယ်။ လောလောဆယ်တော့ ကျွန်တော် ဘာမှ လုပ်မပေးနိုင်ပါဘူး။ လူကြီးမင်းတို့ အေးအေးပြန်ကြပါ။ ဒါဆို ကျွန်တော်တို့ဘက်ကလည်း အေးအေးဆေးဆေးပါပဲ”



ဟယ်ရီမင်က စက်ဆုပ်ရွံရှာသည့်လေသံဖြင့် ပြန်ပြောသည်။

“မင်းကို စိတ်မနှံ့ဘူးလို့ပြောတုန်းက ငါ သိပ်မယုံဘူး။ မင်းဟာ သွင်သွင်ရူးနေတဲ့ အကောင်ပဲ။ ငါတို့ ပြန်မလာဘူးလို့ မင်းထင်သလား။ မင်းသေရမယ့်နာရီကို ခုချိန်ကစပြီး ရေတွက်နေပေတော့။ မနက်ဖြန် ဒီအချိန်ဆို မင်း လူ့ပြည်မှာ မရှိတော့ဘူး မှတ်”

“ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ လူ့ပြည်က ကျွန်တော် တစ်ယောက်တည်းတော့ မသွားဘူး။ အဖော်တွေ အများကြီးနဲ့သွားမှာ”

ရဲမှူးကြီးသည် ချာခနဲလှည့်ကာ မြင်းကို ကဆုန်စိုင်း စီးထွက်သွားသည်။ သူ့လူတွေလည်း နောက်မှတန်းစီပြီး စီးလိုက်သွားကြသည်။

တူလီက သူတို့နောက်မှ လှည်းအိုကြီးကို အလန့်တကြား မောင်းလိုက်သွားသည်။

မြင်းခွာသံတွေ ဝေးသွားတော့မှ ရှုးဖတ်စ်မားဂရေဗ့်က ရုံးခန်းထဲမှ ထွက်လာသည်။ လက်ထဲတွင် နှစ်လုံးပြူးကို ဆုပ်လျက်။

“နောက်က ပါလာတဲ့အထဲက ရွှေရောင်ဆံပင်နဲ့ ခပ်ငယ်ငယ်ကောင်ကို သိလား”

ဂျစ်ပစီက ဆီးမေးသည်။

“အင်း ... သိရုံလောက်ပါပဲ။ နာမည်က ဆန်နီဘွိုင်းရိုဗ်တဲ့။ သူ့အကြောင်း မာမီကြီး ပိုသိလိမ့်မယ်၊ သူက တိတ်တိတ် ရောက်လာပြီး မာမီကြီးဆီက ကောင်မလေးနဲ့ တွေ့တတ်တယ်”

“သူဟာ ကေသုံးလုံးပဲ”

“ဗျာ”

“ငါ မာမီကြီးဆီ ခဏသွားလိုက်ဦးမယ်၊ အိမ်ရှေ့မှာ သုံးယောက်၊ အိမ်နောက်မှာ သုံးယောက် အစောင့်ချထားစမ်း”

www.burmeseclassic.com

www.burmeseclassic.com



မာမီကြီး၏ အပျော်ဇေဟာရှိရာသို့ ဂျစ်ပစီ လမ်းလျှောက်သွားသည်။ အိမ်မှာ နှစ်ထပ်အိမ်ဖြစ်၏။ နောက်ဘက်တွင် မြက်ပင်တွေ တောထနေသည်။ မာမီကြီးက ဂျစ်ပစီကို ပြတင်းပေါက်မှ လှမ်းကြည့်နေသည်။ သူ တံခါးမခေါက်မီ လာဖွင့်ပေး၏။

"သူတို့ ပြန်သွားကြပြီလား"

"အင်း ... လောလောဆယ်တော့ ပြန်သွားကြပါပြီ"

လေပြင်းတွေ တိုက်နေသဖြင့် မာမီကြီးက တံခါးကို ချက်ချင်းပြန်ပိတ်သည်။

"ရှားဖတ်စ်က ကျုပ်ကိုပြောတယ်၊ မာမီကြီးအိမ်ကို လူဖြူတစ်ယောက် လာတတ်တယ်ဆို၊ ဂူသရီက ရဲအဖွဲ့ကလေ"

"ဟုတ်တယ်၊ လူလူဘဲလ်ဆိုကို နောက်ဖေးပေါက်က ဝင်ဝင်လာတတ်တယ်"

"လူလူဘဲလ်ဆိုတာ ဘယ်တစ်ယောက်လဲ"

"အခန်းထဲမှာရှိတယ်၊ သူနဲ့တွေ့မလို့လား"

မာမီကြီးက အိမ်နောက်ဘက်သို့ မျက်နှာမူထားသည့် အခန်းတစ်ခန်းဆီသို့ ဦးဆောင်ခေါ်သွားသည်။ ဆံပင်ဖိုးရိုးဖားရားနှင့် ကော်ဖီရောင် ကောင်မလေးကို တွေ့ရ၏။ မိန်းမချောကလေး။ အသက် နှစ်ဆယ်ဝန်းကျင်။ မျက်နှာတွင် ဓားဒဏ်ရာကြီးနှင့်။

"ရှင်တို့ ဘာလိုချင်လို့လဲ"

"မင်းဆီကို လာလာနေတဲ့ ဆန်နီဘွိုင်းဆိုတဲ့ ချာတိတ်အကြောင်း တို့သိချင်တယ်။ သူက ကေသုံးလုံးဂိုဏ်းအကြောင်း မင်းကို ပြောဖူးသလား"

"သူကမေးတယ်၊ ကျွန်မ ကေသုံးလုံးကြိမ်ဒဏ် ခံရဖူးသလားတဲ့။ သူ့ကို ပြန်ပြောလိုက်တယ်၊ မခံရဖူးဘူး၊ ကျွန်မကပဲ ကေသုံးလုံးကို ဓားနဲ့ထိုးဖူးတယ်လို့။ သူ ရယ်နေတယ်၊ တစ်နေ့မှာ



သူ ကျွန်မကို ကြိမ်ဒဏ်ပေးမယ်တဲ့။ ကျွန်မက ဓားထိုးခံချင်ရင် ပေးပေါ့လို့ ပြန်ပြောလိုက်တယ်"

ဂျစ်ပစီက သူတို့နှစ်ယောက်စလုံးကို ဦးတည်ပြီး ပြောလိုက်သည်။

"သူ ဒီတစ်ခါလာရင် ကျုပ်ဆီ အမြန်ဆုံး အကြောင်းကြားပါ။ သိပ်အရေးကြီးတယ်"

ရုံးပြန်ရောက်တော့ ဆန်နီဘွိုင်းအကြောင်း ရသမျှသတင်း စုဆောင်းဖို့ ရှားဖတ်စ်ကို တာဝန်ပေးလိုက်သည်။ ရှားဖတ်စ်က သွားမည့်ဟန်ပြင်ပြီးမှ ပြန်လှည့်ပြီး

"မစ္စဒရူစီလာ ရောက်နေတယ်၊ ကောင်လေးတွေအတွက် ညစာလာပို့တာ"

အောက်ထပ် အချုပ်ခန်းထဲမှ ဒရူစီလာတက်လာသည်။ ထမင်းချိုင့်အလွတ်နှင့် လက်ဆွဲခြင်းကို ကိုင်လျက်။

"မင်းလာဖို့မကောင်းဘူး ဒရူစီလာ၊ အေးလေ ... ကောင်လေးတွေလည်း ဆာရောပေါ့၊ နေကောင်းရဲ့လား"

သူ ရှေ့တိုးလာသည်။ ခပ်ရွံ့ရွံ့အမူအယာဖြင့် လက်မောင်းကို လှမ်းကိုင်ပြီး

"သိပ်နေမကောင်းချင်ဘူး၊ အမှန်အတိုင်း ပြောရရင် ပင်လည်းပင်ပန်းတယ်၊ ကြောက်လည်း ကြောက်နေတယ်"

"ကဲ ... ကဲ၊ ဒီမှာထိုင်"

စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းသည်။

"အဲဒီလူတွေ ... ရှားဖတ်စ်ပြောတယ်၊ သူတို့အထဲမှာ ကေသုံးလုံးတစ်ယောက်ပါတယ်ဆို"

လှပသည့် မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာပြီး ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေကိုကြိုးပေးဖို့ သူတို့ ရောက်လာတာလားဟင်"

"ဟုတ်မယ်ထင်တာပဲ"

ဂျစ်ပစီက စားပွဲစွန်းတွင် တင်ပါးလွှဲထိုင်လိုက်ပြီး ဒရူစီလာ့ပခုံးကို ကိုင်လိုက်သည်။

"သိပ်လည်း စိတ်မပူပါနဲ့လေ၊ သူတို့ လုပ်ချင်သလို လုပ်လို့မရပါဘူး"

ဒရူစီလာက သူ့လက်ကို ဆုပ်ပြီး တင်းတင်းညှစ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဂျစ်ပစီရယ်၊ ကျွန်မတို့ ဘယ်အထိ သူတို့ကို ကြောက်နေရဦးမှာလဲဟင်၊ သူတို့နဲ့လွတ်အောင် ဘယ်အထိ ပြေးနေရဦးမှာလဲ၊ ဘာလို့ သူတို့ဒါလောက်တောင် ကျွန်မတို့ကို မုန်းနေကြတာလဲ။ ကျွန်မတို့ အေးအေးချမ်းချမ်းနေတာကို သူတို့ ဘာလို့ မကြည့်ရက်နိုင်ကြတာလဲ"

ပြောရင်း မျက်ရည်တွေ ကျလာသည်။

"ဘာဖြစ်လို့ ကျွန်မတို့ ကလေးတွေကို သတ်ချင်ဖြတ်ချင်နေကြတာလဲဟင်"

"အဲဒါတော့ ကိုယ်မသိဘူး၊ အဖြေလည်း မရှာတတ်ဘူး"

"ဒါဆိုလည်း ကျွန်မ စိတ်သက်သာအောင် ခဏာ ဖက်ထားပေးပါလား ဂျစ်ပစီရယ်"

ဂျစ်ပစီက လက်နှစ်ဖက် ဆန့်ပေးလိုက်သည်။ သည့်နောက် ရင်ခွင်ထဲ ထည့်ထားပြီး ကျောကို ပုတ်ပေးနေလိုက်သည်။ ဒရူစီလာကလည်း ပြန်ဖက်ထားပြီး နှစ်ယောက်သား မသိမသာ ဘယ်ညာယိမ်းနေ၏။ တစ်ယောက်မျှ စကားမဆိုကြ။ အတန်ကြာမှ သူ့ရင်ဘတ်ကျယ်ကြီးတွင် မျက်နှာအပ်ကာ ဒရူစီလာ တိုးတိုးကလေးပြောသည်။

"ကျေးဇူးတင်ပါတယ် ဂျစ်ပစီရယ်၊ ခုလိုနေရတာ စိတ်



ထဲမှာ သိပ်လုံခြုံမှု ရှိနေသလိုပဲ"

ပြောပြီး သူ့ကို မော့ကြည့်လိုက်သည်။

"ဂျစ်ပစီ၊ ကျွန်မတို့ လက်ထပ်ကြပါစို့လားဟင်"

သူတစ်ချက်ရယ်သည်။

"မင်း ဘယ်တော့မှ အဲဒီစကားမျိုး ပြောလိမ့်မယ်လို့ ကျုပ် မမျှော်လင့်ဘူး ဒရူစီလာ"

ဒရူစီလာက သူ့လည်ပင်းကို သိုင်းခိုလိုက်သည်။ ပြီးတော့ တစ်ခုံတစ်ခုပြောသည်။ သို့သော် မသဲကွဲတော့။ အပြိုင်အဆိုင် နမ်းနေကြပြီ။

"ကဲ ပြော၊ လက်ထပ်မယ်မဟုတ်လား"

ဒရူစီလာက မေးသည်။

"အို ... လက်ထပ်မှာပေါ့ ဒရူစီလာဒါလင်ရယ်"

"ဘယ်တော့လဲ"

"မနက်ဖြန်လည်း ကျုပ်ဘက်ကတော့ ဖြစ်တာပဲ"

"မနက်ဖြန်"

ဒရူစီလာ အလန့်တကြား အော်မေးလိုက်သည်။ ပြီးမှ တွေးတွေးဆဆလေသံဖြင့်

"ဂျစ်ပစီကို ကျွန်မ ချစ်ပါတယ်၊ ဒါပေမဲ့ ပြဿနာ ရှုပ်ထွေးနေသေးတယ်လေ။ ဒီကိစ္စတွေပြီးမှဆို ပိုမကောင်းဘူးလားဟင်"

"ကျုပ်လည်း မင်းကိုချစ်ပါတယ် ဒရူစီလာဒါလင်"

ထိုတဒင်္ဂတွင် သူတို့နှစ်ယောက်စလုံး မင်္ဂလာခေါင်းလောင်းထိုးသံများကို ကြားယောင်နေလေသည်။

တကယ်ကြားရသည်က မီးသတ်အချက်ပေးခေါင်းလောင်းသံတွေ ဖြစ်၏။ သုံးကြိမ်ဆက်တိုက် မြည်လိုက်၊ ရပ်လိုက်၊ နောက်ထပ်မြည်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ လူစုဖို့ အချက်ပေးတာ၊ တစ်ခုခုဖြစ်ပြီ။ လာ ... မင်းကိုကျုပ် အိမ်ပြန်ပို့မယ်"

ဂျစ်ပစီက စားပွဲနံဘေးမှ သေနတ်ကိုဆွဲပြီး ဒရူစီလာ့ကို အခန်းထဲမှ တွန်းထုတ်သွားသည်။ မြို့တော်ခန်းမဆီကို လူတွေ ပြေးသွားနေကြသည်။ သူတို့အထဲတွင် ရှားဖတ်စ်မားဂရေဗ့်လည်း ပါ၏။ သူ့တစ်ကိုယ်လုံး ချွေးစက်စက်နှစ်လျက်။

သူက လှမ်းအော်ပြောသည်။

"သူတို့ လာနေကြပြီ"

"မင်း ဘယ်လိုလုပ်သိလဲ"

ဂျစ်ပစီက ခပ်အေးအေး ပြန်မေးလိုက်သည်။

"ကြေးနန်းကြိုးတွေကို သူတို့ဖြတ်လိုက်ကြပြီ။ သူတို့ လာနေတာ သေချာတယ်"

"အင်း ... ဖြစ်နိုင်တယ်၊ ဟေး ... အဘေး"

သူက မြင်းလှည်းနှင့်လာသူတစ်ယောက်ကို လှမ်းခေါ် လိုက်သည်။

"မစ္စဒရူစီလာကို မင်း အိမ်ပြန်ပို့ပေးလိုက်ပါကွာ"

ပြောပြောဆိုဆို ဒရူစီလာကို လှည်းပေါ်တွန်းတင်ပေး လိုက်သည်။

"အိမ်ပြန်နော်၊ အပြင်မထွက်နဲ့၊ ကြားလား။ ကျောင်းကို စောင့်ဖို့ အစောင့်နှစ်ယောက် လွှတ်ပေးလိုက်မယ်"

"ကျွန်မ တစ်ခုခုလုပ်ပေးနိုင်တာ ရှိလားဟင်"

"ရှိတယ်၊ မင်္ဂလာဝတ်စုံ ချုပ်တော့"

"ရှင့်ကို ဘုရားသခင် စောင့်ရှောက်ပါစေ"

ဒရူစီလာက ဂျစ်ပစီ့ပါးကိုအသာပုတ်ပြီး နှုတ်ဆက်သည်။ ... ဆုတောင်းပေးသည်။ မြင်းလှည်းမောင်းထွက်သွားသည်။ ဖုန်တောထဲတွင် ပျောက်



ကွယ်သွားသည်အထိ သူ ရပ်ပြီး ငေးကြည့်ကျန်ရစ်၏။ ပြီးတော့ လမ်းပေါ်မှ လူအုပ်ကြီးကို လှမ်းကြည့်လိုက်သည်။ အချို့က ခြေ ...၊ အချို့က မြင်းနှင့်၊ အချို့က မီးအိမ်တွေ ယူလာကြသည်။ အားလုံး လက်နက်ကိုယ်စီဖြင့်။

မြို့စွန်အဝင်လမ်းများတွင် အစောင့်နှစ်ဆယ် ချထားဖို့ ဘတ်တိုင်ဆင်ကို လှမ်းပြောလိုက်သည်။

"သူတို့က စမပစ်မချင်း၊ သူတို့ဘာကိုပစ်တယ်ဆိုတာ မသိမချင်း စမပစ်ရဘူးနော်၊ ကြားလား။ ချာဘိတ်နှစ်ယောက်ကို ငါ တခြားမှာရွှေ့ပြီး ဝှက်ထားချင်တယ်၊ ဘယ်မှာထားရင် ကောင်း မလဲ"

အိုက်ဂျုန်းက အကြံပြုသည်။

"ကျွန်တော့်အိမ်မှာ မုန်တိုင်းခိုဖို့ လုပ်ထားတဲ့ မြေအောက် ခန်းရှိတယ်၊ အဲဒီမှာဆို တစ်မြို့လုံး မုန်တိုင်းမိမိ၊ မီးလောင်လောင် ဘာမှ စိုးရိမ်စရာမရှိဘူး"

"အေး ကောင်းတယ်၊ ကောင်လေးတွေ ခေါ်ခဲ့"

ရှားဖတ်စ်က ထောက်ခံသည်။ ဂျစ်ပစီနှင့် ရှားဖတ်စ်က သေနတ်ကိုယ်စီ၊ မီးခွက်ကိုယ်စီဖြင့် အိုက်ဂျုန်းနောက်ကို လိုက် သွားကြသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်အောင် ကြောက် နေသည့် ချာတိတ်နှစ်ယောက်ကို ဂီဇာခေါ်သည့် အစောင့် တစ် ယောက်က အချုပ်ခန်းထဲမှ ခေါ်ထုတ်လာသည်။

အားလုံး အိုက်ဂျုန်း၏အိမ်နောက်ဖေးသို့ ထွက်လာခဲ့ကြ၏။ တောထနေသည့် မြက်ပင်ရှည်များ မင်းမူနေသည့်နေရာ။ မှိုဆော်နံလှိုင် နေသည့် မြေအောက်ခန်းထဲတွင် ချာတိတ်နှစ်ယောက်ကို ထားခဲ့ပြီး သုတ်ခြေတင်လာခဲ့ကြသည်။ ပြန်လာမခေါ်မချင်း အပြင်မထွက်ဖို့ သေသေချာချာမှာထားခဲ့၏။ သူတို့နှင့်အတူ လက်သံပြောင်သူဟု

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးသည့် ဂီဇာကို အစောင့်ထားခဲ့သည်။

နောက်တစ်နာရီအကြာတွင် ဂျစ်ပစီရုံးခန်းသို့ ဘတ်တိုင်ဆင် အမောတကော ရောက်လာပြီး ကေသုံးလုံးတွေ လာနေပြီ ဖြစ်ကြောင်း သတင်းပို့သည်။ သူ့ စကားပြောလျှင် သွားတုတွေ တလှုပ်လှုပ်နှင့်။

"မြောက်ပိုင်းရေစင်ဆီက လှမ်းမြင်ရတယ်၊ ဒီလမ်းအတိုင်း စီးလာနေကြတယ်တဲ့။ ကျွန်တော်သွားပြီး အခြေအနေ စောင့်ကြည့်ချင်တယ်"

ဂျစ်ပစီက ဆက်လုပ်ဟု အမိန့်ပေးလိုက်သည်။ ရုံးခန်းထဲက လူအားလုံး အပြင်ထွက်ပြီး နားစွင့် အကဲခတ်နေကြသည်။

ဂျစ်ပစီက သူ့နှစ်လုံးပြူးကြီးကို အောက်စိုက်ပြီး ဝရန်တာတွင် မှီရပ်နေသည်။ ရှုးဖတ်စ်က ရိုင်ဖယ်ကို ပိုက်ပြီး ဝရန်တာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

နာရီဝက်ခန့်ကြာတော့ မြို့တောင်ဘက်ရေစင်ပေါ်မှ ကင်းသမား အော်သံ ကြားရသည်။

"အနောက်ဘက်က မြက်တောကြီး မီးစွဲနေပြီဗျို့"

လှည့်ကြည့်လိုက်တော့ မီးရောင်အတန်းကြီးကို ဂျစ်ပစီ လှမ်းမြင်ရသည်။

မြို့တော်ဝန်ဆောယား အလန့်တကြား အော်သည်။

"ဟိုက် ... အဲဒါမှ ဒုက္ခပဲ၊ ဒီလေတိုက်နှုန်းနဲ့ တို့ရဲ့ မီးတားတွေကိုများ ဖြတ်လာမလားမသိဘူး"

မီးသတ်ခေါင်းလောင်းတွေ တစ်မြို့လုံး ဆူညံသွားသည်။ လူတွေအားလုံး မီးထွန်းပြီး အိမ်ပေါက်ဝမှ လမ်းမပေါ်သို့ ထွက်ကြည့်နေကြသည်။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီမှ မီးတန်းကြီး၏အရောင်ကို လှမ်းမြင်တော့ အားလုံး သွေးပျက်ကုန်ကြသည်။

ရှုးဖတ်စ်က မျက်လုံးကြီး ပြူးထွက်လာပြီး



"ဒီမှာ ဖြစ်နေတာတွေ သက်ဆိုင်ရာကို အကြောင်းကြားဖို့ လိုတယ်။ အင်ဒါဆိုဗီအထိ ကိုယ်ပြေးပြီး သံကြိုးပို့ချင်တယ် ဂျစ်ပစီ။ ပြည်နယ်ရဲချုပ်ကိုတော့ အကြောင်းကြားသင့်တယ်၊ သူတို့ အကူအညီပေးတာ မပေးတာက တစ်ပိုင်းလေ"

"လုပ်လေ၊ ဆက်လုပ်ပေါ့"

"အမြန်ဆုံး ပြန်လာခဲ့မယ်" ဟု ပြောပြီး မြင်းပေါ် လွှားခနဲတက်ကာ ကဆုန်စိုင်းထွက်သွားသည်။

မြင်းနှစ်ကောင်ဆွဲ မီးသတ်လှည်းကြီးသည် ရေစည်အနီကြီးတွေနှင့် ရေပိုက်ကြီးတွေတင်လျက် ခေါင်းလောင်း တဂွမ်ဂွမ်တီးကာ မင်းလမ်းတစ်လျှောက် တအားမောင်းချလာသည်။ စေတနာ့ဝန်ထမ်း မီးသတ်တွေ တစ်ပြုံကြီးနှင့်။

"မီးသတ်မယ်၊ တို့မီးသတ်မယ်၊ တောမီး ... တောမီး ... အစောကြီးရှင်း"

စသည်ဖြင့် ကြွေးကြော်သံများကို အော်ဟစ်လာကြ၏။ မြို့တော်ဝန်ဆောယားနှင့် အိုက်ဂျုန်းက ဂျစ်ပစီကို လှမ်းကြည့်နေကြသည်။

"ခင်ဗျားတို့သွားလေ၊ ကျုပ် ရုံးမှာ စောင့်နေလိုက်မယ်"

"တို့ သွားနေတုန်း ဟိုကောင်တွေရောက်လာရင် ဘယ့်နှယ်လုပ်မလဲ"

အိုက်က စိတ်ပူနေပုံဖြင့် မေးသည်။

"ကောင်လေးတွေ ဘယ်မှာရှိမှန်း မသိသရွေ့ သူတို့ ဘာမှ မလုပ်နိုင်ပါဘူး"

"တကယ်လို့ သူတို့က မင်းဆီလာတာ ဆိုရင်ကော"

"ကျုပ်ကိုတွေ့ဖို့ သူတို့အတွက် ပြဿနာမရှိပါဘူး။ ကျုပ် ဒီမှာရှိမှန်း သူတို့သိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးကို ဂျစ်ပစီ လှမ်းကြည့်နေသည်။ မီးလောင်ရာသို့ လူတွေ ပုရွက်ဆိတ်တန်းကြီးလို ချီတက်နေကြပြီ။ မီးက အရှိန်ပြင်းစွာ တိုက်နေသည့် လေနှင့်အတူ မြို့စွန်ရပ်ကွက်သို့ ကူးစပြုနေပြီ။ မီးတားတွေ လုပ်ထားသော်လည်း အရှိန်ကို မတားနိုင်တော့။

မီးသတ်နေသည့် လူဦးရေကလည်း မနည်း။ ငါးရာကျော်ခန့်ရှိလိမ့်မည်။ သို့သော် မီးက လူကိုနိုင်နေသည်။ မြို့စွန်အိမ်ကြီးတွေ မီးစွဲနေပြီ။

ဂျစ်ပစီက မီးခိုးနံ့၊ ချော်နံ့ကို ကာကွယ်ရန် နှာခေါင်းကို လက်ကိုင်ပဝါဖြင့်စီးကာ တိုင်မှီပြီး ရပ်နေဆဲဖြစ်သည်။ လမ်းပေါ်တွင် လူတွေ ပြည့်သည်ထက် ပြည့်လာပြီ။ မီးဘေးဒုက္ခသည်တွေက အထုပ်အပိုးတွေ၊ အိမ်မွေးတိရစ္ဆာန်တွေဖြင့် မြို့ထဲဘက်သို့ လာနေကြပြီ။

မြင်းကဆုန်စိုင်းပြီး ဘတ်ပြန်ရောက်လာသည်။ ရုံးရှေ့တွင် မြင်းကို တုံ့ခနဲ ရပ်လိုက်ပြီး သတင်းပို့သည်။

"ကင်းသမားအိုးဖီက ပြောတယ်၊ ကေသုံးလုံး ဆယ့်လေးယောက်တဲ့၊ မြို့ပြင်တောင်ဘက် နှစ်မိုင်လောက် ရောက်နေပြီတဲ့။ တချို့ ဖမ်းမိထားပြီ။ သစ်ပင်မှာ ကြိုးနဲ့တုပ်ပြီး ရိုက်နေတယ်တဲ့။ ဘယ်သူဘယ်ဝါတော့ မသဲကွဲဘူးတဲ့။ သိပ်လည်း အနားမတိုးရဲဘူးတဲ့"

ဂျစ်ပစီ အလန့်တကြား ဖြစ်သွားသည်။ အခြေအနေကို သိလိုက်ပြီ။

"မင်း ဒီမှာစောင့်၊ ကောင်လေးတွေဆီ ငါ ပြေးကြည့်လိုက်ဦးမယ်။ ဟိုဘက်က သေနတ်သံတွေ ကြားလိုက်တယ်။ ဂီဇာ့အိမ် မီးထဲပါသွားပြီလား မသိဘူး။ ဒါဆို ကောင်လေးတွေအနားမှာ သူ စောင့်နေနိုင်မှာ မဟုတ်ဘူး"

ဂျစ်ပစီ၏မြင်းက လမ်းတစ်ဘက် ကူးသွားနေတုန်း မိန်းမတစ်ယောက် လှမ်းအော်သံ ကြားရသည်။



"ဂျစ်ပစီစမစ် ဂျစ်ပစီစမစ်၊ ရှင် ဘာမှမဖြစ်ဘူးနော်၊ ကေသုံးလုံးတွေ လာသွားတယ်။ ကျွန်မ အိမ်က မီးအိမ်ကိုတောင် သေနတ်နဲ့ပစ်ပြီး မှောင်ချသွားတယ်"

အော်ဟစ်ပြောဆိုလာသူမှာ အိုက်ဂျုန်း၏ မိန်းမ၊ ဝဝ တုတ်တုတ် လူစီလီဖြစ်သည်။

ဂျစ်ပစီက လူစီလို့ပခုံးကို ဆုပ်ပြီး

"ကောင်လေးတွေကော လူစီလီ"

"မသိဘူးရှင့်၊ သူတို့လှမ်းပစ်တော့ ကျွန်မ မြေပြင်ပေါ် လှဲချပြီး ပြန်မထရဲတော့ဘူး၊ အပြင်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ လုံးဝ မသိလိုက်ဘူး"

သို့သော် သူ့စကားမဆုံးခင် ဂျစ်ပစီက သူ့အနားမှ ပြေးထွက်သွားပြီ။

ဂီဇာ့အိမ်ဝင်းထဲရောက်တော့ ဂီဇာ့နာမည်ကို အော်ခေါ်ပြီး နောက်ဖေးဘက်သို့ ပြေးချသွားသည်။ မြေအောက်ခန်းတံခါး ကြေမွနေပြီ။ ဂီဇာ့ကို အရိပ်အယောင်မျှ မတွေ့ရ။ ကောင်လေးနှစ်ယောက်လည်း မရှိတော့။

ပြန်ပြေးချလာပြီး ဘတ်ကို အော်ပြောလိုက်သည်။

"တို့လူတွေ စုစမ်း၊ ကောင်လေးတွေကို သူတို့ရသွားပြီ"

ပြောပြောဆိုဆို ဂျစ်ပစီ မြင်းပေါ်ခုန်တက်လိုက်သည်။ ဘတ်က ဘာမှ နားမလည်သလို ထစ်တီးထစ်ငေါ့ဖြင့် မေးသည်။

"ဘာ ... ဘယ်လို ... သူတို့ဘယ်လိုလုပ်ပြီး တွေ့သွားတာလဲ"

"ရှုးဖတ်စ် သူတို့လက်ထဲ ရောက်သွားပြီ ထင်တယ်။ ဒီသတင်း မရ ရအောင် သူတို့ ညှစ်တော့မှာပေါ့။ ကျုပ် တောင်ဘက်ကို လိုက်မယ်။ ဂူသရီလမ်းကို အရှေ့ဘက်က သူတို့ ပိတ်ဆို့ထားပြီ။ ဂူသရီလမ်းကို အရှေ့ဘက်က သူတို့ လှည့်တက်

www.burmeseclassic.com

www.burmeseclassic.com



ကြလိမ့်မယ်။ ဂူသရီမရောက်ခင် အုပ်မိအောင် ခင်ဗျားလူတွေနဲ့ မြောက်ဘက်ကို အမြန်လစ်တော့"

ခွာကျားကို ဖိနပ်ကဆူးဖြင့် နံဘေးတစ်ဖက်တစ်ချက် ဆတ်လိုက်ရာ မြင်းကြီးက နှစ်လှမ်းသုံးလှမ်းအရှိန်ယူပြီး တစ်ဟုန်ထိုး စွတ်ပြေးလေတော့သည်။ ဂျစ်ပစီသည် မြို့တောင်ဘက်ကို ကြောက်မက်ဖွယ်အရှိန်ဖြင့် ခွာကျားအား အသားကုန်နှင်သွားလေသည်။ တောမီးကြောင့် လေထဲတွင် မီးပွားတွေက ဒေါသထွက်နေသည့် ပိုးကောင်တွေလို အရောင်တဖျတ်ဖျတ်။

ယာတောဖြတ်လမ်းတိုင်းတွင် မြင်းပေါ်မှဆင်းကာ မြေကြီးကို ငုံ့ကြည့်သည်။ တစ်နေရာအရောက်တွင် မြင်းခြေရာတွေ တွေ့ရသည်။ လူသွားနည်းလှသည့် လမ်းကိုရွေးပြီး အရှေ့ဘက်သို့ အုပ်စုလိုက် စီးသွားသည်မှာ သေချာနေပြီ။ ခြေရာများထဲတွင် မီးလျှံထဲမှ လွင့်ပျံ့ကျနေသည့် ပြာတွေ တွေ့ရ၏။ မီးမလောင်မီ စီးသွားသည့်ခြေရာများ။ နာရီဝက်လောက်က စီးသွားသည့်ခြေရာ ဖြစ်နိုင်၏။

မနက်လေးနာရီထိုးတွင် ကောင်လေးနှစ်ယောက်ကို သွားတွေ့သည်။ လဝင်ခါနီးနေပြီ။ ချောင်းကမ်းနံဘေးအတိုင်း စီးသွားရင်း လရောင်ရေးရေးတွင် သစ်ပင်တစ်ပင်ကို လှမ်းမြင်လိုက်ခြင်း ဖြစ်၏။

မြို့ဆီမှ လောင်နေသေးသည့် မီးလျှံအရောင်ကို နောက်ခံထားပြီး သစ်ပင်တစ်ပင်တွင် တွဲလောင်းကျနေသည့် အလောင်းနှစ်လောင်း။ အနားတိုးသွားပြီး သေသေချာချာကြည့်သည်။ နှစ်ယောက်စလုံး၏ မျက်နှာသည် ကြိုးကွင်းထဲတွင် ပုံပျက်ပန်းပျက် ဖြစ်နေ၏။ နှစ်ယောက်စလုံး၏ ရင်ဘတ်တွင် ဓားဖြင့် စာထွင်းသွားသည်။ ကေအက္ခရာ သုံးလုံး။

ချုံနိုအတိုက်ခံရပြီဖြစ်ကြောင်း သူ့မြင်းက အရင်သိလိုက်



၏။ နားရွက်တွေ ချက်ချင်းထောင်လာပြီး ရှူးရှူးရှားရှားလုပ်သည်။ နောက်ဘက်မှ သေနတ်မောင်းတင်သံ ကြားလိုက်၏။ လက်က အလိုအလျောက် ပစ္စတိုဆီ ရောက်သွားသည်။ သစ်ပင်တစ်ပင်ဆီမှ အဖြူရောင်သဏ္ဌာန်ကို ထိုးပစ်လိုက်သည်။

သူ့ကျည်ဆန်ထွက်သွားချိန်နှင့်တစ်ပြိုင်တည်း ဘက်ပေါင်းစုံမှ သေနတ်သံတွေ တစ်ပြိုင်တည်းထွက်လာသည်။ ကျည်ဆန်တွေ သူ့ဆီသို့ ပြေးလာနေကြပြီ။ သုံးချက်မှန်သည်။ တစ်တောင့်က ဦးခေါင်း၊ တစ်တောင့်က ညာဘက်ရင်အုံ၊ တစ်တောင့်က ပေါင်ရင်း။ မြင်းပေါ်မှ မှောက်လျက်သား ကားခနဲ ထိုးကျသွား၏။

လောကကြီးတစ်ခုလုံး မှောင်ကျသွားသည်။ သို့သော် သိပ်မကြာလိုက်၊ သတိပြန်ရလာသည်။ အနားတွင် မြင်းခွာသံတွေ၊ စကားပြောသံတွေ ဝိုးတဝါး ကြားနေရခြင်းဖြစ်၏။

လက်က သေနတ်ကို ဆွဲထုတ်ဖို့ကြိုးစားသည်။ သို့သော် လုံးဝ မလှုပ်နိုင်တော့။ မျက်လုံးနှစ်ဖက်လုံးထဲတွင် သွေးတွေ ပြည့်လျှံနေပြီ။ မျက်တောင်ကြိုးစားခတ်ပြီး သွေးတွေကို ညှစ်ထုတ်ပစ်လိုက်တော့ မြင်းပေါ်မှ ဝတ်ရုံဖြူတွေကို လှမ်းမြင်ရသည်။ သူ့ဘေးပတ်လည်တွင် ဝိုင်းပြီး သူ့ကို ငုံ့ကြည့်နေကြ၏။ သူတို့အသံတွေကို ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။

"တွေ့လား၊ ငါပြောတဲ့အတိုင်းပဲ။ သူ လိုက်လာမှာ သေချာပါတယ်လို့"

ညာဘက်ပါးဖြင့် မြေပြင်တွင် အပ်လျက် မြင်းခြေထောက်ကို မြင်နေရသည်။ မြင်းအားလုံးထဲမှ တစ်ကောင်၏ ခြေထောက်သုံးချောင်းက ဒူးဆစ်အောက် အဖြူရောင်၊ ခြေအိတ်စွပ်ထားသည့်အလား။ မြင်းပေါ်မှလူက ရှေ့သို့ ကိုင်းလိုက်သည်။ သူ့ဝတ်ရုံဖြူတွင် သွေးကွက်ကြီးတွေနှင့်။ သူ့အသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွေးတွေ တရဟောထွက်နေတယ်၊ ဂူသရီ ယူသွားပြီးမှ ကောင်လေးတွေ သွားရာလမ်းအတိုင်း ပို့လိုက်ကြတာပေါ့"

နှစ်ယောက်ဆင်းလာပြီး အနီးကပ်ငုံ့ကြည့်သည်။

"မရတော့ပါဘူး၊ သွားပြီ"

"ခေါင်းကိုထိတာပဲ"

"ဒါဆို ဘာလုပ်ကြမလဲ"

"တံဆိပ်နှိပ်ပေးခဲ့ပေါ့၊ အဲဒီ ရဲတံဆိပ် ရင်ဘတ်မှာတပ်တဲ့ ငမည်းကောင်တိုင်း သွားရမယ့်လမ်းကို ပြဖို့၊ ပိုပိုသာသာလေး လုပ်ခဲ့"

အင်္ကျီကို ဓားနှင့်ခွဲသည်ကို သိသည်။ အသားထဲကို ဓားတွေ နှစ်ဝင်သွားသည်ကို သိသည်။ ကေသုံးလုံး တံဆိပ်ခတ်ပြီး ယောင်တွင်းကြောတွေကိုပါ လှီးတော့ လောကကြီး ပြန်မှောင်သွားသည်။

*

## အခန်း (၉)

မြင်းလှည်းပေါ်တွင် သေတ္တာတွေ တင်ပေးပြီးတော့ ဆရာကြီး မက်ဆွဲလ်က သမီးလုပ်သူကို နောက်တန်းခုံတွင် နေရာချထားပေး သည်။ ယူလာက လမ်းတွင်စားဖို့ ခြင်းတစ်လုံး တင်ပေးသည်။ သားအဖနှစ်ယောက် ယှဉ်ထိုင်လိုက်ကြ၏။

ငါးမိုင်လောက် ခရီးပေါက်တော့ တောင်တန်းပေါ်မှ ဖုန်တထောင်းထောင်းနှင့် မြင်းစီးသမားတစ်ယောက်ကို မက်ဆွဲလ် လှမ်းမြင်သည်။ အဖေကြည့်ရာဘက်သို့ ရေချယ်လိုက်ကြည့်လိုက်သည်။

"အဖေ ... ကိုဘီပါလား"



အဖေ့ပေါင်ပေါ်ကို လက်ထောက်ပြီး ပြတင်းပေါက်မှ ရေချယ် အော်ခေါ်သည်။

"ကိုဘီ"

လက်ပြပြီး ထပ်ခေါ်သည်။

"ဟေး ... ကိုဘီ"

"သမီးကလည်း သူ့မြင်းအရောင်နဲ့တူတဲ့ မြင်းတွေ အများကြီး၊ တခြားအင်ဒီယန်တွေ ဆီမှာလည်း ရှိမှာပေါ့"

"ဒါ ကိုဘီ သေချာတယ် အဖေ၊ ရပ်ပေးပါ။ သမီး ခုန်ဆင်းမယ်"

ရထားအရှိန်မသေမီ ရေချယ် ခုန်ဆင်းလိုက်သည်။ လက်နှစ်ဖက်ကို ဝှေ့ရမ်းပြီး အော်ခေါ်ပြန်သည်။

"ကိုဘီ... လာ... လာ၊ ဒီဘက်ကို ဆင်းခဲ့လေ"

မြင်းစီးသမား ရပ်လိုက်သည်။ ရေချယ်တို့ မြင်းရထားလည်း ရပ်လိုက်၏။ ရေချယ်က လက်ယပ်ခေါ်ပြီး ကိုဘီ့နာမည်ကို အသံကုန်ဟစ်ပြန်သည်။ သို့သော် မြင်းစီးသမားက အကြောင်သား ငေးကြည့်နေ၏။

"သမီး ... လာ၊ တက်တော့၊ ရထားမမီဘဲ နေတော့မယ်"

သည်တော့မှ စိတ်ပျက်အားလျော့စွာ လက်ပြပြီး ရေချယ် တိုးတိုးကလေး နှုတ်ဆက်သည်။

"ဂွတ်ဘိုင် ကိုဘီ၊ ဂွတ်ဘိုင်"

သည်တော့မှ ကိုဘီက ကောင်းကင်ကို လက်နှင့်သပ်သလို လက်မြှောက်ဝှေ့ယမ်းပြသည်။ မြေပြန့်အင်ဒီယန်များ၏ နှုတ်ဆက် ခြင်းသင်္ကေတ ဖြစ်၏။

"ငြိမ်းချမ်းစွာ သွားပါလေ" ဟူသည့် အဓိပ္ပာယ်။ တုံ့ပြန်မှု တစ်မျိုးရသဖြင့် ရေချယ် ကျေနပ်သွားပြီး နောက်ထပ် လက်ပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံးတွင်မှ ရထားပေါ် ပြန်တက်ပြီး အယ်လ်ရီနိုသို့ ခရီးဆက်ခဲ့ကြသည်။ လမ်းတွင် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်။

*

ဟင်နက်ဆီဘူတာတွင်လာတွေ့ရန် ဒက်စတာဆီသို့ ရေချယ် စာရေးထားသည်။ သူက ဂူသရီတွင် အလုပ်ဝင်နေပြီ၊ ထိုနေ့တွင် ဟင်နက်ဆီသို့လာဖို့ကိစ္စ ရှိနေသဖြင့် အတော်ဖြစ်သွား၏။ သူ့ကိစ္စမှာ အိုကလာဟိုးမားမြေယာနှင့် ပတ်သက်သည်။

မြို့က ထွက်သွားပြီးနောက် ဒက်စတာသည် ဂူသရီ ရောက်ရောက်ချင်း ဟွန်းဘက် အဆောက်အအုံသို့ တန်းသွားသည်။ စာရေးတွေက သူ့ကို လာဘ်ထိုးပြီး အင်ဒီယန်တွေဆီမှ မြေတွေ သိမ်းပြီး လူမည်းများအား ဂရန်ချထားပေးသည့်သတင်းကို မေးသည်။ သူတို့လိုချင်သည့် သတင်းတွေရလျှင် အလုပ်ရမည်ဟုလည်း ကတိပေးသည်။ သူတို့ပေးမည့်လခမှာ မင်းစေလခ သာသာကလေး ဖြစ်သည်။

သို့သော် ဒက်စတာက ရှေ့တက်မည့်လမ်းကို ကြိုမြင်ထားပြီ။ စာပို့စာယူအလုပ်လောက်ဖြင့် ကျေနပ်နေမည့်သူမဟုတ်။ ရုံးမှ ခေါင်းစီးစာတန်းသည် သူ့အတွက် နိတိတစ်ပါးဖြစ်လာသည်။

"လူဖြူများသည် ကမ္ဘာကို ကြီးစိုးရမည်"

သည်စကားလုံးများသည် သူ့အား ဘာသာရေးအဆိုအမိန့်လို လွှမ်းမိုးလာသည်။ တရားဟောဆရာက ရှယ်လ်ဘီဟွန်းဘက်။

ဟွန်းဘက်သည် ဒက်စတာအတွက် အနွေဝါသိကဆရာ ဖြစ်လာခဲ့သည်။ ဦးထိပ်ပန်ဆင် ကိုးကွယ်ချင်စရာ ဖြစ်လာခဲ့သည်။ သူ့လို ခွန်အားကြီးချင်သည်။ သူ့လို ချမ်းသာချင်သည်။ သူ့လို မင်းစိုးရာဇာဆန်ချင်သည်။ သူ့လို ရုပ်ရည် ရူပကာချောမောချင်



သည်။ သူကား ဒက်စတာအတွက် သူရဲကောင်းဇာတာပါသည့် ခေါင်းဆောင်။

သူရဲကောင်းဇာတာပါသည့် ဟွန်းဘက်သည် နောက်လိုက်ဇာတာပါသူကိုလည်း ရွေးချယ်တတ်သူဖြစ်သည်။ ဒက်စတာက သူ့ကို ရိုသေသည်၊ တာဝန်သိသည်။ အခွန်စာရေးဘဝ ရာထူးရတော့ ဒက်စတာအတွက် အတိုင်းမသိ ဖြစ်သွားသည်။ နီဂရိုးလူမျိုးများနှင့် အင်ဒီယန်များဆီက ကောက်ခံရသည့်အခါ ပို၍ မြိန်ရေရှက်ရေရှိသည်။ သူတို့ အိမ်တံခါးတွေကို ခြေနှင့် ကန်ဖွင့်ရလျှင် ဒက်စတာ ပျော်သည်။

နှစ်နာရီဆယ်မိနစ်တွင် အယ်လ်ရီနိုမှ ထွက်သည့် ရထားသည် ဟင်နက်ဆီဘူတာသို့ အချိန်မှန်ဝင်လာသည်။ ရထားဆိုက်ဆိုက်ချင်း အဖေ့ကိုကျော်ပြီး ခေါင်းထွက်ကာ ဒက်စတာကို ရေချယ် လက်ပြသည်။

ဒက်စတာ နှစ်ဆယ့်တစ်နှစ်ပြည့်ပြီ။ စမတ်ကျကျ ဝတ်စားထားပြီး တင်ပါးဆုံပေါ်တွင် ဒသမ ၄၄ ပစ္စတိုက တွဲလောင်း။ ထိုခေတ်က မြင်နေကျလူငယ်တစ်ယောက်၏ ပုံသဏ္ဍာန်ပင်ဖြစ်၏။ ထို့ထက်ပို၍ကား ဘာမျှ ထူးခြားခြင်းမရှိပေ။ တွဲပေါ်မှ ဆင်းတော့ လူအုပ်ကြီးထဲ တိုးဝှေ့ပြီး အစ်ကိုလုပ်သူကို ပွေ့ဖက်နှုတ်ဆက်သည်။

ရေချယ်က နောက်တစ်လှမ်းဆုတ်ပြီး

"အဖေ ကြည့်ပါဦး၊ ဒက်စတာ ဘယ်လောက် ကြည့်ကောင်းနေလဲ"

ဒက်စတာနှင့် မက်ဆွဲလ်တို့ နှုတ်ဆက်ပုံက အေးစက်စက်၊ အင်းအဲလိုက်ရုံ ခေါင်းညိတ်ပြရုံလောက်သာ ဖြစ်၏။

မက်ဆွဲလ်က "အင်း ကြည့်ကောင်းပါတယ်" ဟု ခတ်ကျေကျေတမ်းကျေပြောတော့

www.burmeseclassic.com

www.burmeseclassic.com



"ငါက အခြေအနေကောင်းတယ် ရေချယ်၊ နင်က ကျောင်းဆက်တက်မယ်ပေါ့ ဟုတ်လား"

"အင်းလေ၊ ဒေါက်တာဝမ်းမသာဘူးလား။ ရေချယ် အရမ်းပျော်နေတယ် သိလား"

ရေချယ် တကယ်ပျော်နေသည်။

"ဂါတ်ဗိုလ်ကပြောတယ် ဒေါက်တာ၊ ဒီဘူတာမှာ တစ်နာရီလောက် ရပ်မယ်တဲ့၊ ယှူလာက စားစရာတွေ အများကြီး ထည့်ပေးလိုက်တယ်။ ကြက်ကြော်တွေရော၊ အသားစင်းကောတွေရော၊ ကန်စွန်းဥတွေရောပဲ။ ယှူလာက ရေချယ်တို့အိမ်မှာ နောက်ရောက်လာတဲ့ အမျိုးသမီးလေ။ မေမေ့ကိုလည်း ဂရုစိုက်တယ်၊ မီးဖိုချောင်းလည်း စိတ်ချရတယ်"

သားအဖသုံးယောက် 'ကြက်ဆင်ချောင်း' ဘက်သို့ လျှောက်သွားကြသည်။ ရေချယ်က တစ်လမ်းလုံး သူတက်ရမည့် မစ္စဖင်းဝစ်သိပ္ပံကျောင်း အကြောင်းတွေ ရွှန်းရွှန်းဝေပြောလာသည်။

ဒေါက်တာက ပခုံးတွန့်ပြီး

"အေးလေ၊ အမေကလည်း သဘောကျမှာပါ။ ဒါပေမဲ့ အမေ့အတွက် နင် ထည့်တွက်ရဲ့လား"

မက်ဆွဲလ် ဝင်ပြောသည်။

"မင်း ဒီအတွက် မပူပါနဲ့ ဒေါက်တာ၊ နိုရာဟာ ဘယ်တုန်းကမှနဲ့မတူအောင် ပြုစုစောင့်ရှောက်မှု ခံနေရတယ်။ အကောင်းဆုံး သူနာပြုထက်ကောင်းတဲ့ အမျိုးသမီး တို့ ရထားတယ်"

ရေချယ်က လျှင်သည်။ စကားလမ်းကြောင်း ပြောင်းရတော့မည်ကို သိသည်။

"လာ ဒီမှာ ထိုင်ကြရအောင်"

အရိပ်အာဝါသကောင်းကောင်း၊ ထိုင်စရာ သစ်လုံးတွေရှိသည့် တစ်နေရာကို ရေချယ်ရွေးလိုက်သည်။ သစ်တုံးတွေပေါ် ထိုင်လိုက်သည်နှင့် ရေချယ်က ခြင်းတောင်းထဲမှ ကြက်ပေါင်ကြော်တွေကို တစ်ဦးချင်းဝေပေးသည်။

အားလုံး စားနေကြချိန်တွင် ရေချယ်ကမေးသည်။

"ဘယ်လိုနေလဲ၊ ကောင်းတယ်နော်၊ ယှူလာ့ လက်ရာလေ"

ဒေါက်တာက ကြက်ပေါင်ဝါးရင်း ပါးစပ်မှ ဆီတွေကို သုတ်ကာ မေးလိုက်သည်။

"အမေ့အတွက် ငှားတဲ့မိန်းမက ဘယ်လိုပုံစံမျိုးလဲ၊ နင်တို့ ဘာလို့ သူ့ကို ဒါလောက်ယုံနေကြတာလဲ"

မက်ဆွဲလ်က ဝင်ပြောသည်။

"သိပ်တော်တဲ့ အမျိုးသမီးပါ၊ မင်းတို့အမေနဲ့လည်း သိပ်အဆင်ပြေတယ်"

ရေချယ်က ဖြည့်ပြောသည်။

"ယှူလာရပ်စ်မှုဆန်လေ၊ ဒေါက်တာ ကြားဖူးမှာပေါ့။ ကေသုံးလုံးက သူ့အိမ်ကို မီးရှို့လိုက်ကြတာလေ၊ လွတ်လပ်ရေးမြို့စွန်မှာတဲ့။ မကြာသေးဘူးလေ၊ နှစ်ပတ်လောက်ပဲ ရှိဦးမယ်"

ဒေါက်တာက မက်ဆွဲလ်ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

"အဲဒီမိန်းမကို ခင်ဗျား ငှားထားတယ်၊ ဟုတ်လား။ အဲဒီမိန်းမက ကျွန်တော့်အမေကို ပြုစုနေတယ် ဟုတ်လား။ အဲဒီမိန်းမက နီဂရိုးဘက်တော်သားလေ။ အဲဒီမိန်းမ ဘယ်လောက်နာမည်ပျက်နေတယ်ဆိုတာ ခင်ဗျားတို့ သိလား"

မက်ဆွဲလ်က အာခေါင်ရှင်းလိုက်သည်။

"ကောင်းပြီ ဒေါက်တာ၊ အဲဒီလို အလွန်အမင်း လူမျိုးရေးခွဲခြားမှုတွေကို မင်း လက်ခံနေသလား မသိဘူး။ အဲဒီအစွဲတွေ မပါကြေးဆိုရင် ယှူလာအတွက် မင်းဘာမှ စိတ်ပူစရာ မရှိဘူး။

www.burmeseclassic.com



ယူလာဟာ မကောင်းမှုကို ပြုဖို့ဆိုရင် ကမ္ဘာပေါ်မှာ ဖြစ်နိုင်ခြေ အနည်းဆုံးပဲ"

ဒက်စတာ မတ်တတ်ထရပ်သည်။

"ဟုတ်လား၊ ဒါကြောင့် ကေသုံးလုံးတွေက သူ့အိမ်ကို မီးရှို့လိုက်တာပေါ့"

ဆရာကြီးမက်ဆွဲလ်က သရော်သံအပြည့်ဖြင့် အော်ပြော လိုက်သည်။

"ဪ ... ဝတ်ရုံဖြူသူရဲကောင်းတွေပေါ့၊ ဟုတ်လား။ ဘာမှအကာအကွယ်မရှိတဲ့၊ အားနွဲ့တဲ့ မိန်းမသားတစ်ယောက်ရဲ့ အိမ်ကို မီးရှို့တယ်၊ ကလေးတွေကို ကြိုးဆွဲချသတ်တယ်၊ အဲဒီ ကောင်တွေဟာ ကမ္ဘာမြေကြီးပေါ်မှာ အယုတ်မာဆုံး ကောင်တွေပဲ"

ဒက်စတာသည် ဒေါသကြောင့် တစ်ကိုယ်လုံးတုန်နေသည်။

"ခင်ဗျားကြီးက တော်တော်သိတယ်လို့ ခင်ဗျားကိုယ် ခင်ဗျား ထင်နေတယ်ပေါ့လေ။ ဒါပေမဲ့ ခင်ဗျားဟာ တကယ့် ငတုံးကြီးပဲ"

မုန်းတီးမှုအပြည့်ဖြင့် စကားလုံးတွေကို ဒက်စတာက အားနှင့် မာန်နှင့် ပစ်ပေါက်နေသည်။ မျိုးသိပ်စိတ်တို့ ပေါက်ကွဲခြင်း ဖြစ်၏။

"ဒက်စတာ"

ရေချယ်အော်ပြီး ဟန့်လိုက်သည်။ ဒက်စတာက လှည့် ထွက်သွားသည်။ ပြီးမှ ချာခနဲလှည့်ပြီး

"ခင်ဗျားကြီး ကောင်းကောင်း သတိထားပါ။ နီဂရိုး ဘက်တော်သားတွေမှန်သမျှ ကေသုံးလုံးက အပြတ်ရှင်းမှာ"

ပြောပြီး မြင်းပေါ်တက်ကာ တရကြမ်းမောင်းထွက်သွား သည်။



ဒက်စတာ၏ ပြင်းထန်လွန်းသည့် တုံ့ပြန်မှုကြောင့် မက်ဆွဲလ် ခဏကြောင်နေသည်။ သူ ဘာလို့ ကေသုံးလုံး ဘက် တော်သား ဖြစ်သွားတာပါလိမ့်။ မယားပါသားကို မုန်းတီးစိတ်တွေ ပိုလာသည်။ စေ့စေ့တွေးမှ ရေးရေးပေါ်လာသည်။ "အို... ဘုရား သခင်၊ သူကိုယ်တိုင် ကေသုံးလုံးအဖွဲ့ဝင်များ ဖြစ်နေပြီလား"

*

ဒေါက်တာအပ်ချုပ်သည် တစ်စက္ကန့်ကလေးမှ မေးလိုက်ရသည် မထင်။ သို့သော် အခန်းထဲသို့ မနက်ခင်းအလင်းရောင် ထိုးဆင်း လာသည်။ ပြီးတော့ တစ်စုံတစ်ယောက်က တံခါးကို အလော တကြီး လာခေါက်နေသည်။

ဆရာမ ဒီးတာ၏အသံ။

"ဆရာ ဆရာ၊ ထူးခြားရင်နှိုးလို့ ဆရာ ပြောထားလို့ပါ ဆရာ။ သူ ရောက်လာပါပြီ ဆရာ၊ ဂျစ်ပစီစမစ်လေ။ အခြေအနေ တော့ မကောင်းဘူး"

ဆရာဝန်သည် အိပ်ရာပေါ်မှ ဝုန်းခနဲ ထထိုင်ကာ အဝတ် အစား ကပိုကရိုနှင့် အခန်းထဲမှ ထွက်လာသည်။ အောက်ထပ် ခွဲစိတ်ခန်းဆီသို့ ဒုန်းစိုင်းပြေးဆင်းလာခဲ့၏။

ဂျစ်ပစီစမစ်ကို အသက်ငွေ့ငွေ့ကလေးဖြင့် တွေ့ရ၏။ သေသေချာချာကြည့်လိုက်တော့ ဆရာဝန် မျက်လုံးပြူးသွားသည်။ အံ့မှယ်တစ်ပါးပါကလား။ သူ့ဒဏ်ရာတွေက နှစ်ခါပြန် သေလောက် သည့် ဒဏ်ရာတွေ။ သူသေရွာက ပြန်လာတာပဲ။

တစ်ပတ်လုံးလုံး သူ့အသက်ကို လုယူရသည်။ အကြိမ် ကြိမ် ခွဲစိတ်ရသည်။ ရက်အတန်ကြာမှ သူ သတိရလာသည်။ သို့သော် ရှင်ပြန်ထမြောက်လာသည့် ဂျစ်ပစီသည် အရင် ဂျစ်ပစီစမစ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပေ။ တဖြည်းဖြည်းချင်း နာလန်ထလာတော့ ဆရာဝန်ကို သူက အမိန့်ပေးသည်။

"ကျုပ် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး ဆရာ"

ဒရှစီလာအပါအဝင် ဘယ်သူမှ သူ့ကိုတွေ့ခွင့်မရကြတော့။

သူ့တစ်ကိုယ်လုံးတွင် ပတ်တီးတွေအပြည့် ဖြစ်နေသည်။ ဦးခေါင်း၊ ရင်ဘတ်၊ ပြီးတော့ ပေါင်တံတစ်လျှောက်လုံး။ ကျပ်စည်းထားသည့် လူသေကောင်လို ဖြစ်နေသည်။

ဂျစ်ပစီက ဘယ်သူ့ကိုမှ မတွေ့ချင်ကြောင်း၊ ဒရှစီလာကို ပြောရသူက ဆရာဝန်အပ်ချုပ် ကိုယ်တိုင် ဖြစ်သည်။ ဒရှစီလာက သူ့ကိုတော့ တွေ့ပေးမည်ထင်ကြောင်း၊ ချော့မော့ပြောပေးဖို့အကြောင်း ဆရာဝန်ကို အနူးအညွတ်တောင်းပန်သည်။ ဆရာဝန်က ကြိုးစားပြီးနားချသည်။ သို့သော် ဂျစ်ပစီ၏ သံမဏိဆုံးဖြတ်ချက်ကို ဒေါက်တာအပ်ချုပ် မထိုးဖောက်နိုင်ခဲ့ပေ။ သူ့စိတ်အနေ မမှန်သေးကြောင်းဖြင့် ဒရှစီလာကို ဆရာဝန် ချော့မော့နားချထားရသည်။

အေးမိုစ်ဖူလ်တန်ကိုတော့ ဂျစ်ပစီက တွေ့ချင်သည်ဟု ပြော၏။ ဂျစ်ပစီ၏ ခွဲစိတ်ကုသမှုနှင့် နာလန်ထကာလ သုံးပတ်မြောက်နေ့တွင် ဂျစ်ပစီက စာတစ်စောင်ရေးပြီး ကေသုံးလုံး အခြေအနေကို မေးသည်။

သူ ချက်ချင်းရောက်လာ၏။ လူနာ ခုတင်နံဘေး ကုလားထိုင်တွင် ဝင်ထိုင်သည်။ တစ်ချိန်လုံး ဂျစ်ပစီက မျက်နှာကြက်ကို မော့ကြည့်နေ၏။

ဖူလ်တန်က အဖြစ်အပျက်ကို အသေးစိတ်ပြောပြသည်။

"ကိုယ်တို့ အဆက်အသွယ်တွေဆီက ရတဲ့သတင်းကတော့ ဆန့်နီဘွိုင်းနံဘေးမှာ ဒဏ်ရာရသွားတယ်၊ ခုထိ ဂူသရီဆေးရုံက မဆင်းရသေးဘူး"



ဂျစ်ပစီ့မျက်နှာ ပြုံးယောင်သမ်းသွားသည်။ ကျေနပ်သွားသည့်လေသံဖြင့်

"ဆန့်နီဘွိုင်းရိုဗ် ဟုတ်လား"

ဖူလ်တန်က သူ့မေးခွန်းကိုမဖြေဘဲ မေးသည်။

"မင်းလက်ချက် မဟုတ်လား"

သို့သော် သူ့မေးခွန်းကိုမဖြေဘဲ ဂျစ်ပစီက ထပ်မေးသည်။

"ရှူးဖတ်စ်ကော"

"ရှူးဖတ်စ်ကို သူတို့မိသွားတယ်၊ သတ်ပစ်လိုက်ကြတယ်။ ကိုယ် မင်းအတွက် ဘာလုပ်ပေးစရာရှိလဲ ဂျစ်ပစီ"

"ရှိတယ်"

"ဘာလဲပြော"

"သွားတော့"

နောက်နှစ်ပတ်အကြာတွင် ဂျစ်ပစီ ချိုင်းထောက်နှင့် လမ်းလျှောက်နိုင်လာသည်။ တစ်ညနေဖွင့် ဆေးခန်းထဲမှ လစ်ထွက်ခဲ့၏။ ဒသမ ၄၄ ပစ္စတိုကို ညဝတ်အကျႌအောက်မှ ခါးတွင်ပတ်လျက်။ မေမေကြီးက သူ့ပစ္စည်းတွေ ထည့်ထားသည့် အထုပ်ကလေးကို ကူသယ်ပေးသည်။ မေမေကြီးအိမ်ကိုရောက်အောင် ရှုံ့ရှုံ့မဲ့မဲ့နှင့် ပင်ပန်းကြီးစွာ လျှောက်ရသည်။ အိမ်ရောက်တော့ အပေါ်ထပ် အခန်းတစ်ခန်းတွင် မေမေကြီးက ထားပေးသည်။ ကောင်းကောင်းကျန်းမာလာသည်အထိ အနားယူရမည်။ ဆရာဝန်နှင့် မေမေကြီးမှအပ ဘယ်သူမှ အခန်းထဲဝင်ခွင့်မရှိ။

ဒရှစီလာက မေမေကြီးဆီလာပြီး အကြိမ်ကြိမ်တွေ့ခွင့်တောင်းသည်။ သို့သော် ဂျစ်ပစီက ခေါင်းခါလွှတ်သည်။

အဘွားကြီးသည် ကလေးမကို သနားလို့မဆုံး ဖြစ်နေလေသည်။ ဒရှစီလာကိုကြည့်ပြီး ဘာစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်လာသဖြင့် ငါးကြိမ်မြောက်ရောက်လာသည့်အခါ မိန်းကလေး၏ ပခုံးကိုဖက်ပြီး "သူ တွေ့ခွင့်ပေးတာနဲ့ မေမေကြီး သမီးဆီလာပြေးပြီး ပြောပါ့မယ်ကွယ်" ဟုပြောရှာသည်။

ဒရှုစီလာ၏ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။

"သွားကြည့်ပါရစေ မေမေကြီးရယ်၊ သမီး သူ့ကို ကူညီမှာပါ။ အချစ်တွေပေးပြီး ကျန်းမာအောင် လုပ်ပေးပါရစေ မေမေကြီးရယ်"

မဖြစ်နိုင်မှန်းသိလျက် သူ စိတ်ကျေနပ်အောင်ဆိုပြီး "အေးလေ၊ ပြောကြည့်ပေးမယ်၊ ခဏစောင့်နော်" ဟုပြောကာ အပေါ်ထပ်တက်သွားသည်။

ဝရန်တာတွင် ဒရှုစီလာ ရပ်စောင့်နေရသည်။ မြို့၏ မြောက်ဘက် တောင်ကုန်းကလေးကို လှမ်းမြင်နေရ၏။ သင်္ချိုင်းမြေ တစ်နေရာတွင် လတ်လတ်ဆတ်ဆတ် မြေပုံငါးခု။ တစ်ခုက သူ့ ကလေး ကလားရင့်စ်။

အပေါ်ထပ်မှ မေမေကြီးနှင့် ဂျစ်ပစီ စကားပြောနေသံ ကြားနေရသည်။ ဒရှုစီလာ ဆောက်တည်ရာမရ ဖြစ်လာသည်။ ဘယ်လိုမှ မထိန်းနိုင်တော့။ အပေါ်ထပ် ပြေးတက်လိုက်သွားပြီး အခန်းထဲ စွတ်ဝင်သွားသည်။ မေမေကြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တွန့်လိမ်ကြေမွနေသည့် ညဝတ်အင်္ကျီကြီးနှင့် ပြတင်းပေါက် အနီးမှ ကုရှင်ကုလားထိုင်တွင်ထိုင်လျက် ဂျစ်ပစီက အပြင်သို့ ငေး ကြည့်နေသည်။ ဒရှုစီလာဘက်သို့ လှည့်မကြည့်။ ကုလားထိုင်တွင် သူ့ဒသမ ၄၄ ပစ္စတိုက တွဲလောင်းချိတ်လျက်။

ဦးခေါင်းက ဒဏ်ရာမှာ ပတ်တီးစည်းထားရဆဲ ဖြစ်သည်။ မုတ်ဆိတ်မွေးဗရပျစ်မေးစေ့နှင့် ဦးခေါင်းကိုသိုင်းပြီး စည်းထားခြင်း ဖြစ်၏။



မေမေကြီးက ဒရှုစီလာကို လှမ်းပြောသည်။

"ဟဲ့... မိန်းကလေး၊ မေမေကြီး အပြောသားနဲ့ကွယ်..."

"ဟဲလို ဂျစ်ပစီ"

"မင်းဘာအတွက် ဝင်လာတာလဲ"

သူ့အသံတွင် ခံစားမှု လုံးဝမပါ။ မေမေကြီးက အလိုက် သိစွာ အခန်းထဲမှ ထွက်သွားသည်။

"ဘယ်လိုမေးလိုက်တာလဲ ဂျစ်ပစီရယ်၊ လိုသမျှ လုပ်ပေးဖို့ပေါ့။ အချစ်တွေ ပုံအောပေးဖို့ပေါ့ကွယ်၊ နော် ဂျစ်ပစီ၊ အဲဒီ အခွင့်အရေးလောက်တော့ ဒရှုစီလာ ရသင့်ပါတယ်။ ပြီးတော့ ... ပြီးတော့ ..."

ဒရှုစီလာ့အသံ တိမ်ဝင်သွားသည်။ သူ့စကားလုံးများကို ဂျစ်ပစီ ကြားပုံမပေါ်။ နားထောင်ပုံမပေါ်။

သူ့ ကြည့်ရသည်မှာ ဘာခံစားမှုမှ ရှိပုံမပေါ်တော့။ လူပုံ ကလည်း အားရစရာမရှိ။ လုံးဝ ပိန်ကျသွားသည်။ ပါးရိုးတွေ ငေါ်ထွက်နေ၏။ မျက်တွင်းဟောက်ပက်နှင့် မျက်လုံးများကလည်း အရောင်အဆင်းမရှိတော့ပေ။

"ကျုပ်ကို သေလူလို့ သဘောထားလိုက်၊ ကျုပ် အလောင်း ကို ကလားရင့်စ်ဘေးမှာ မြှုပ်ပေး၊ ဟုတ်လား။ ပြီးတော့ ကျုပ်ကို မေ့ပစ်လိုက်"

"ဒရှုစီလာကို မောင်းမထုတ်ပါနဲ့ကွယ် နော်၊ တစ်ဆိတ် ကျေးဇူးပြုပြီး ..."

သူက အသက်မဲ့အသံဖြင့် အဆုံးသတ်လိုက်သည်။

"သွားတော့၊ ဖွတ်ဘိုင်"

ဒရှုစီလာ ဘာမှ မတတ်နိုင်တော့။ သက်ပြင်းရှည်ကြီး ချပြီး အခန်းထဲမှ ထွက်ဖို့ ပြင်လိုက်သည်။ ပြီးမှ ပြန်လှည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ဆန့်ကာ သူ့အနားသို့ မရွံ့မရဲ ပြန်ကပ်လာသည်။ ဒဏ်ရာရထားသည့် သားကောင်အလား။

သူ့ပခုံးပေါ်သို့ လက်တင်လိုက်သည်။ လက်ကိုများ ပုတ်ချလေမည်လား တထင့်ထင့်နှင့်။ သို့သော် သူငြိမ်ခံနေသည်။

"ဂျစ်ပစီ့ကို ဒရှူစီလာ ချစ်ပါတယ်ကွယ်၊ ဘုရားသခင် စောင့်ရှောက်ပါစေ"

ပြောပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ သည်တော့မှ မျက်ရည်တွေ သွန်ကျလာသည်။ မေမေကြီးက သူ့ကို ပခုံးဖက်ပြီး အောက်ထပ်သို့ ဆင်းလိုက်လာသည်။

"သူပြောတဲ့အတိုင်းသာလုပ်ပါ မိန်းကလေးရယ်၊ ဂျစ်ပစီစမစ်ကို မင်း မေ့ပစ်လိုက်ပါတော့။ ကိုယ့်ဘဝကိုယ် ဆက်လျှောက်ဖို့သာ စိတ်ကူးတော့။ မင်း ငယ်သေးတာပဲ၊ တခြား လူတော်လူကောင်းတစ်ယောက်ယောက် မင်းတွေ့မှာပါ။ ဟိုဆရာဝန်ကလေးကလည်း မင်းကို သဘောကျနေတာ မဟုတ်လား။ သူ့ထက်သင့်တော်တဲ့လူ ဘယ်မှာ ရှိတော့မလဲကွယ်၊ ဂျစ်ပစီစမစ်လည်း သဘောကျမှာပါ။ သူ့အတွက်ပူဆွေးသောက ရောက်နေမယ့်အစား မင်းပျော်နေတာကို သူတွေ့ချင်မှာပေါ့"

ဆင်ဝင်အောက်ရောက်တော့ အဘွားကြီးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး

"ပူဆွေးသောက ဟုတ်လား၊ ဒရှူစီလာက သူ့ကို ကူညီချင်တာပါ"

"ကူညီချင်တယ် ဟုတ်လား၊ မင်းက ဘယ်လို ကူညီနိုင်မှာလဲ။ သူလုပ်မယ့်အလုပ်ကို ဘယ်သူမှ မကူညီနိုင်ဘူး"

"သူလုပ်မယ့်အလုပ်၊ ဟုတ်လား မေမေကြီး။ ဘာအလုပ်လဲဟင်"



"ကေသုံးလုံးတွေကို သူ ခွင့်လွှတ်လိမ့်မယ်လို့ မင်းထင်သလား"

အဘွားကြီးက ခေါင်းယမ်းပြီး ဆက်ပြောသည်။

"သူ နေကောင်းလာတာနဲ့ ဘာတွေ ဖြစ်လာမလဲ မင်းစောင့်ကြည့်နေ။ အဲဒီ ကေသုံးလုံးတွေကို သူ လှလှကြီး လက်စားချေလိမ့်မယ်"

*

ကိုဘီသည် အစာမစားရဘဲ၊ မအိပ်ရဘဲ၊ ရေမသောက်ရဘဲ သုံးရက်လုံးလုံး တောင်ကုန်းတစ်ခုပေါ်တွင် ထိုင်နေရသည်။ နတ်ဆရာ၏ အမိန့်အရ အမြင်အာရုံရှာဖွေရန် အားထုတ်ရခြင်း ဖြစ်သည်။ သုံးရက်လုံးလုံး ဘာမှမမြင်ရ၊ ဘာမှမတွေ့ရ။ ရေဆာခြင်း၊ ဝမ်းဟာခြင်း၊ အိပ်ပျက်ခြင်းသာ အဖတ်တင်ကျန်ရစ်သည်။ နာမည်သစ်တစ်ခုမရဘဲ၊ ဘာမျှလည်းမမြင်ရဘဲ စိတ်ပျက်ပျက်နှင့် တောင်ပေါ်မှ ဆင်းလာခဲ့သည်။

နောက်တစ်ကြိမ် ထပ်ကြိုးစားဦးမည်။ အင်ဒီယန်ရွာတွေကို တစ်ရွာဝင်တစ်ရွာထွက် နတ်ဆရာကို လိုက်ရှာသည်။

"မင်း အဲဒီလို လူဖြူပုံစံဆံပင်နဲ့ လူဖြူအဝတ်နဲ့ဆို ဘယ်အောင်မြင်မလဲကွ။ ပြီးတော့ မင်းက ငယ်သေးတယ်၊ ဆောင်းနှစ်ခါကျော်သွားရင် ပြန်လာခဲ့၊ ငါ သင်ပေးမယ်" ဟု ဝက်ဝံဆိုသူ လူကြီးတစ်ယောက်ကဆိုသည်။

အင်ဒီယန်တွေနှင့် အတူနေစဉ် ကိုဘီ ဆံပင်မဖြတ်တော့။ ကိုယ်ပေါ်တွင် ဒရယ်ရေ ချိုင်းပြတ်အင်္ကျီကလေးသာ စွပ်ထားပြီး ဘာမှမဝတ်တော့။ သို့သော် မြို့ပြန်ရောက်သည့်အခါတွင် နယ်ခြားဒေသ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးမှပေးသည့် အဝတ်အစားများကို ဝတ်သည်။ ဆရာကြီး မက်ဆွဲလ်၏ မျက်နှာရှိသေး၍ ဝတ်ဆင်ရခြင်း ဖြစ်သည်။

သူ့နေရာဟောင်းတွင် သူပြန်နေသည်။ အရင်အတိုင်း အိမ်မှုကိစ္စတွေ ကူလုပ်သည်။ သို့သော် ကိုဘီသည် အရင်နှင့်မတူ တော့ဘဲ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ။ ရေချယ်မရှိတော့သည့် နောက်ပိုင်းတွင် ဘဝသည် အထီးကျန်စွာ သွေ့ခြောက်လာတော့ ၏။

သို့သော် ရေချယ့်စာရောက်လာသည့်နေ့များတွင်တော့ ကိုဘီပျော်ရ၏။ ထွက်သွားခါစက သူ့ဆီတစ်စောင်၊ သူ့အဖေဆီ တစ်စောင် တစ်ပတ်တစ်ခါ ရေချယ် မှန်မှန်ရေးသည်။

ယူလာက ဖြစ်စေ၊ ဆရာကြီးမက်ဆွဲလ်က ဖြစ်စေ သူ့ ကို စာလာပေးလျှင် လုပ်လက်စအလုပ်တွေအားလုံး ထားခဲ့ပြီး ဂိုဒေါင်ထဲပြေးကာ အခန်းအောင်းပြီး ရေချယ့်စာကို အငမ်းမရ ဖတ် သည်။

ပထမစာများတွင် သူ့ကို ဘယ်ရွေ့ဘယ်မျှ အောက်မေ့ ကြောင်း၊ ဘယ်လောက်ပျင်းနေကြောင်းများ အမြဲပါသည်။

"ကိုဘီရယ်၊ ငါ ထွက်လာခဲ့ပြီးတော့မှ ငါ့ ကိုယ်တစ်ခြမ်း အဲဒီမှာ ကျန်ခဲ့သလို ခံစားရတယ်"

သည်လိုအခါမျိုးတွင်တော့ ကိုဘို့ဝေဒနာတွေ သက်သာ နေတတ်သည်။ သို့သော် နှစ်လလောက်ကြာတော့ အိမ်ကို အောက် မေ့သည့်အကြောင်းတွေ သိပ်မပါတော့ဘဲ သူ့အပေါင်းအသင်းတွေ အကြောင်း၊ မြို့ပြဘဝအကြောင်းတွေ များလာသည်။ ရေချယ် တစ် ယောက် မြို့သူကြီးလုံးလုံး ဖြစ်သွားပြီ။

ရေချယ့်စာများသည် ကိုဘီကို ဆူးတွေ တစ်ချောင်းပြီး တစ်ချောင်းပေါက်အောင် လုပ်နေသလို ဖြစ်လာ၏။ ဩော် ...



သူ့ကို သူ့တို့လောက၊ သူတို့ကမ္ဘာထဲမှာ ငါ ဆုံးရှုံးရတော့မှာပါလား။ သည်လိုတွေးမိတော့ ကိုဘီ ဆောက်တည်ရာမရ ဖြစ်လာသည်။

ရေချယ့်စာတွေ တိုသည်ထက်တိုကာ အလာကျဲသည် ထက် ကျဲလာ၏။ နောက်ပိုင်းကျတော့ ပို့စကတ်ကလေးများတွင် မာကြောင်းသာကြောင်းဆုတောင်းစကားကလေးများသာ ပါတော့၏။

သည်တော့ ကိုဘီ ဖြုန်းစရာအချိန်သည် အင်ဒီယန်တွေ နှင့် ပိုများလာ၏။ ကွန်မင်ချီအင်ဒီယန်တွေက သူ့ကို နာမည်အသစ် တစ်ခုပေးလိုက်သည်။ 'လေလွင့်သူ'တဲ့။

*

မီးအိမ်ကို လက်မှာကိုင်ပြီး ဂျစ်ပစီအခန်းတံခါးကို မေမေကြီး ခပ် ဖြည်းဖြည်းခေါက်လိုက်သည်။ ပြီးတော့တိုးတိုးကလေးကပ်ပြောသည်။

"သူ ရောက်နေပြီ၊ လှူလှူ့အခန်းထဲမှာ၊ အရမ်းမူးနေတယ်"

အတွင်းခံပေါ်ကို ဘောင်းဘီရှည် ကမန်းကတန်း ကောက် စွပ်ပြီး ဂျစ်ပစီ ခပ်လောလော ပြောလိုက်သည်။

"တစ်ယောက်ယောက်ကို ကျွန်တော့်မြင်း ပြင်နိုင်းပေးပါ။ ပြီးတော့ အိမ်နောက်ဘက်ကို ယူလာခိုင်းပါ။ ခပ်မြန်မြန်နော်"

မေမေကြီး ထွက်သွားတော့ အဝတ်အစား ကပျာကသီ ဝတ်ပြီး ပစ္စတိုတွဲလောင်းနှင့် ခါးပတ်ကို ပတ်လိုက်သည်။ ပြီး တော့ အိတ်ထဲသို့ ပစ္စည်းတွေ ပစ်ထည့်သည်။ နာလန်ထဘဝဖြင့် ဒီအချိန်ကို သူ စောင့်နေရသည်မှာ ကြာလွန်းသဖြင့် ရှူးချင်ချင် ဖြစ်နေပြီ။

အနွေးထည် ထပ်ဝတ်သည်။ မာဖလာစီးသည်။ လက် အိတ်စွပ်သည်။ ပြီးမှ ဒသမ ၃၀-၀၆ ရိုင်ဖယ်ကိုဆွဲကာ အခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်လာခဲ့သည်။ အပြင် ဝရန်တာတွင် မှောင်နှင့်မည်းမည်း။ မေမေကြီးက မှန်အိမ်ဆွဲပြီး လှေကားမှ ပြန်တက်လာသည်။

"ကျေးဇူးတင်ပါတယ် မေမေကြီး၊ အားလုံးအတွက်ပါ။ စားပွဲပေါ်မှာ ကျွန်တော် ပိုက်ဆံတင်ထားခဲ့ပါတယ်။ ဒါပေမဲ့ ဒါထက် ပိုပြီး ကျွန်တော် ပေးသင့်ပါတယ်။ တကယ်လို့ တစ်ခုခု လိုအပ်ရင်..."

"အို တော်ပါကွယ်၊ မင်းကို တို့က အိမ်သားလို သဘောထားတာပါ။ ဘာမှ ကျေးဇူးတင်စရာ မလိုပါဘူး။ မင်းကိုယ်မင်းသာ ဂရုစိုက်ပါ"

ဂျစ်ပစီက ခြေသံမကြားရအောင် လှေကားမှ ခပ်သွက်သွက် ဆင်းသွားသည်။ အပြင်တွင် နှင်းတွေ ကျနေသည်။ လေက ရိုးတွင်းခြင်ဆီနိုက်အောင် တိုက်ခတ်နေ၏။ အပြင်ဝရန်တာသို့ ထွက်ခဲ့ပြီး အခြေအနေကို အကဲခတ်လိုက်သည်။ လမ်းပေါ်တွင် လူသူကင်းမဲ့တိတ်ဆိတ်နေ၏။ လမ်းမီးတွေက တစ်တိုင်နှင့်တစ်တိုင် အဝေးကြီးတွေ။ လခြမ်းကလေးက တိမ်မည်းညိုတို့အပေါ်တွင် မလင်းတလှည့်၊ လင်းတစ်လှည့်။

အိမ်နောက်ဘက်ကို အသာပတ်လျှောက်သွားသည်။ ခြေသုံးချောင်းအဖြူရောင်နှင့်မြင်းကို တွေ့ရ၏။ ချမ်းတုန်နေသည့် ကောင်ကြီး၏ လည်ပင်းကို အသာပွတ်ပေးခဲ့သေး၏။ ပြီးမှ ရိုင်ဖယ်ကို အသင့်ပြင်ကာ နောက်ဖေးလှေကားမှ အမှောင်ရိပ်ခို၍ အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

လူလူဘဲလ်၏ အခန်းမှာ ညာဘက်ပထမဆုံးအခန်းဖြစ်သည်။ တံခါးအောက်မှ အလင်းရောင် ဖြာထွက်နေ၏။ အတွင်းဘက်မှ အသံဗလံများ ကြားနေရသည်။ တံခါးကို အသာတွန်းကြည့်သည်။ အထဲမှ သော့ခတ်မထား။



ဆန်နီဘွိုင်းရိဗ်ကို ခုတင်ပေါ်တွင် မှောက်လျက်သား တွေ့ရ၏။ ကောင်မလေးက ဂျစ်ပစီကို မြင်တော့ မျက်လုံးပြူးသွားသည်။ ဂျစ်ပစီက နှုတ်ခမ်းတွင် လက်ညှိုးကပ်ပြီး တိတ်တိတ်နေဖို့ အချက်ပြလိုက်သည်။

ဂျစ်ပစီက ဆန်နီဘွိုင်း၏ လည်ပင်းကို ရိုင်ဖယ်ပြောင်းဝနှင့်တေ့ပြီး ခပ်အေးအေး အမိန့်ပေးလိုက်သည်။

"မတ်တတ်ထလိုက်"

ဆန်နီဘွိုင်းက သေနတ်ပြောင်းနှင့်ဝေးအောင် တစ်ဘက်ကို တွန့်သွားပြီး အလန့်တကြားမေးလိုက်သည်။

"ဘာ ... ဘာလဲကွ"

"ငါ ဘယ်သူဆိုတာ မင်းသိတယ်မဟုတ်လား"

ဆန်နီဘွိုင်း ခပ်သွက်သွက်ခေါင်းညိတ်သည်။

"ဒါဆို ငါပြောတဲ့အတိုင်း မင်းလုပ်ရမယ်ဆိုတာ သိမှာပေါ့၊ ကဲ ထ"

သူ အိပ်ရာပေါ်မှ လျှောဆင်းသည်။ သူ့ဘောင်းဘီမှ ပစ္စတိုကို ဂျစ်ပစီက ဖြုတ်ယူလိုက်ပြီး အဝတ်တွေကို သူ့ဆီ ပစ်ပေးလိုက်သည်။ အဝတ်ဝတ်နေရင်း အာလေးလျှာလေးဖြင့် ပြောသေးသည်။

"မင်း ဘယ်တော့မှ ဒီအပြစ်က မလွတ်နိုင်ပါဘူးကွာ"

"ကဲ ကုတ်အင်္ကျီထပ်ဝတ်"

"ဒီမှာ မင်းနားထောင် ငမည်းကောင်"

ဂျစ်ပစီက သေနတ်ဒင်နှင့် သူ့ဗိုက်ကို တအား ဆောင့်လိုက်သည်။ တစ်ချက်အော်ပြီး ဒူးထောက်ကျသွား၏။ ဂျစ်ပစီက သူ့ဆံပင်ရှည်တွေကို ဆွဲပြီး ခေါင်းမော့လိုက်သည်။

"မင်းအခြေအနေကို သိပြီနော်။ မင်းအသက် ငါ့လက်ထဲမှာ၊ အကြောင်းကြောင်းလုပ်တာနဲ့ မင်းသေပြီမှတ်"

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကိုဆွဲပြီး သူ့ဦးခေါင်း သွက်သွက်ခါအောင် ဆွဲလှုပ်ပြီး ထပ်ပြောလိုက်သည်။

"နားလည်တယ်နော်"

သူ ခေါင်းညိတ်တော့မှ ဂျစ်ပစီက သူ့ဆံပင်တွေကို လွှတ်ပေးလိုက်သည်။

"ကုတ်အင်္ကျီဝတ်"

ပြောသည့်အတိုင်း ဆန်နီဘွိုင်း လိုက်နာသည်။ ဂျစ်ပစီက သူ့လက်နှစ်ဖက်ကို နောက်ပြန်လက်ထိတ်ခတ်လိုက်သည်။ အပြင်ရောက်တော့ သူ့မြင်းပေါ်ကို ဂျစ်ပစီက ကူတင်ပေးသည်။ ပြီးမှ ခွာကျားပေါ်တက်ပြီး လွတ်လပ်ရေးမြို့ပြင်သို့ ခရီးနှင်ခဲ့သည်။ ကင်မရွန်မြစ်ဘက်ဆီသို့ ဦးတည်လျက်။

ရှေ့တည့်တည့်မှ တိုက်နေသော မြောက်လေမှာ အေးလွန်းသဖြင့် သူတို့နှစ်ယောက်စလုံး မျက်နှာကို ဦးထုပ်နှင့် အကာယူပြီး ရှေ့သို့ တအား ကိုင်းထားကြရသည်။ ဆီးနှင်းပေါက်တွေက သူတို့ကိုယ်ပေါ်သို့ သွန်ချနေ၏။

ဂျစ်ပစီက ရေခဲနေသည့် ကင်မရွန်မြစ်ကို မိုးမလင်းခင် ရောက်နိုင်အောင် ချိန်ပြီး ခွာကျားကြီးကို စီးလာ၏။ ပေါ်ပလာတောတစ်တောကိုရောက်တော့ ဂျစ်ပစီရပ်လိုက်သည်။

ဆန်နီဘွိုင်းကို မြင်းပေါ်က ဆွဲချပြီး လက်ထိတ်ဖြုတ်ကာ အနီးဆုံး ပေါ်ပလာပင်ပေါက်ကလေးနှင့် လက်တစ်ဖက်တွဲပြီး လက်ထိတ်ခတ်လိုက်သည်။ ဆန်နီဘွိုင်းက ဆဲရေးတိုင်းထွာလိုက်သည်။ ဂျစ်ပစီက ဂရုမစိုက်ဘဲ သူ့အိပ်ရာလိပ်ထဲမှ စောင်တစ်ထည်ယူပြီး ပစ်ပေးလိုက်သည်။ သူက မလှမ်းမကမ်းပေါ်ပလာပင်ခြေရင်းတွင် နေရာယူလိုက်သည်။ စောင်ခြုံပြီး သေနတ်ကို ပေါင်ပေါ်တွင် ကန့်လန့်ဖြတ်တင်လျက်။



"မီးတော့ ဖိုပေးပါကွာ၊ ငါ သွေးခဲပြီးသေတော့မယ်"

ဆန်နီဘွိုင်းက တောင်းပန်သည်။

"မရဘူး၊ မဖိုနိုင်ဘူး"

မြင်းနှစ်ကောင်ကို သစ်ကိုင်းတစ်ကိုင်းစီတွင် ချည်ထားပြီးပြီ။ အိတ်ထဲမှ အသားတုံးအချို့ယူကာ သူ့ဆီ ပစ်ပေးလိုက်သည်။ သူကိုယ်တိုင်လည်း အသားတုံးကို ဝါးနေသည်။

ဆန်နီဘွိုင်းက သိချင်စိတ် မအောင့်အည်းနိုင်တော့သဖြင့် စမေးသည်။

"ဟေ့ ဒီမယ်။ မင်း ငါ့ဆီက ဘာလိုချင်တာလဲ"

"မင်း ငါ့ကို ကေသုံးလုံး ၁၅ ယောက်ရဲ့ နာမည်တွေ ပေးရမယ်"

ဆန်နီဘွိုင်း ချောင်းဆိုးလိုက်သည်။ ပါးစပ်ထဲမှ ဝါးနေသည့်အသားတွေ အပြင်ထွက်ကျကုန်၏။

"ဘာ ... ဘာ ကေသုံးလုံးလဲ၊ ဘယ်က ကေသုံးလုံးလဲ"

"မင်းနဲ့အတူ ကောင်လေးတွေကို ဖမ်းပြီး ကြိုးပေးသတ်တဲ့ ကောင်တွေလေ"

"ဘာ ... ဘယ်မှာ ကြိုးပေးတာလဲ၊ ဘယ်က ကောင်လေးတွေလဲ"

"လွတ်လပ်ရေးမြို့က"

ဆန်နီဘွိုင်းမျက်လုံးပြူးသွားသည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်း လူမှားနေပြီ။ မင်းပြောတာတွေ ငါ တစ်ခုမှ နားမလည်ဘူး"

ဂျစ်ပစီက စောင်ကို တင်းတင်းဆွဲခြုံပြီး

"ကဲ ... မင်းအိပ်လိုက်၊ တို့သွားရမယ့်ခရီးက အဝေးကြီး"

ဆန်နီဘွိုင်းငြိမ်သွားသည်။ ဘာဆက်ပြောရမှန်းမသိဘဲ

www.burmeseclassic.com

www.burmeseclassic.com



တွေဝေနေပုံ၊ အလွန်အမင်း ထိတ်လန့်နေပုံ။

ညဉ့်နက်တော့ နှင်းပါးသွားသည်။ ဂျစ်ပစီကထပြီး ဆန်နီဘွိုင်းကို နှိုးလိုက်သည်။ မြင်းပေါ်တင်မပေးမီ လက်နှစ်ဖက်ကို နောက်ပြန်လက်ထိတ်ခတ်လိုက်ပြန်သည်။ တစ်ညလုံး သူတို့ ဆက်စီးလာခဲ့ကြသည်။ သန်းလွဲချိန်တွင် နှင်းလုံးဝ စဲသွားသည်။ အာရုံလာတော့ ခပ်ဖျော့ဖျော့နှင်းဆီရောင် နေဝန်းကြီး ပြူထွက်လာသည်။

ဂျစ်ပစီသည် အရှေ့တောင်ဘက်သို့ ဦးတည်ပြီး တောင်တန်းကြီးများဆီသို့ စီးသွားသည်။ နှင်းတွေထုတက်နေသည့် လမ်းပေါ်တွင် မြင်းတွေ အားအင်ကုန်ခမ်းစပြုလာသည်။

ညနေစောင်းတော့ တောင်ခြေမှ သစ်လုံးအိမ်ကလေးတစ်အိမ်သို့ ရောက်ခဲ့ကြသည်။ တောလိုက်မုဆိုးတွေ၊ မြင်းရိုင်းဖမ်းသမားတွေ၊ ဓားပြတွေ စတည်းချနေသည့် အိမ်ကလေးဖြစ်၏။

ဂျစ်ပစီက ဆန်နီဘွိုင်းကို မြင်းပေါ်မှ ဆွဲချပြီး တရွတ်တိုက်လုခမန်း ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားကာ အိမ်ကလေးထဲတွန်းထည့်လိုက်သည်။ ပြီးမှ ဝက်သစ်ချတိုင်တစ်လုံးနှင့်တွဲပြီး လက်တစ်ဖက်ကို လက်ထိတ်ခတ်သည်။ ကုန်းနှီးများဆွဲဖြုတ်ပြီးမှ မြင်းနှစ်ကောင်ကို ရေကန်ကလေးတစ်ကန်အနီးတွင် ချည်ထားလိုက်သည်။ သစ်ခေါက်တွေ သူတို့ ရွာစားနိုင်သည်။ ရေတစ်ဝ သောက်နိုင်သည်။

တစ်နာရီအတွင်း မှန်အိမ်ထွန်းပြီးသား၊ သံကြွပ်မီးဖိုကြီးထဲတွင် မီးထည့်ပြီးသား ဖြစ်သွားသည်။ မီးဖိုပေါ်မှာ ကြွက်ကြွက်ဆူနေသည့် ဟင်းအိုးတစ်လုံး။ သူကိုယ်တိုင် ဝှက်ထားခဲ့သည့် နေရာမှ အသားဘူးတွေယူပြီး ဂျစ်ပစီ ချက်နေခြင်းဖြစ်သည်။

ချက်ပြီးတော့ ပန်းကန်စင်ပေါ်မှ ကြွေရေသုတ် ပန်းကန်



နှစ်ချပ်ယူကာ ဟင်းလျာတွေထည့်သည်။ ပန်းကန်တစ်ချပ်ကို ဆန်နီဘွိုင်းရှေ့ ကြမ်းပြင်ပေါ်သို့ ချပေးလိုက်သည်။ သူက စားပွဲတွင် ထိုင်စားဖို့ပြင်သည်။

“ငါက မင်းကို စားပွဲမှာထိုင်စားစေချင်ပါတယ်။ ဒါပေမဲ့ မင်းတို့ ကေသုံးလုံးတွေက လူမည်းတစ်ယောက်နဲ့အတူ ထိုင်စားမှာ မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား”

“ဒီမယ်၊ မင်း ငါ့ကို လုံးလုံးအထင်မှားနေတယ်။ ငါဟာ အသားအရောင်ခွဲတဲ့ လူစားမျိုးမဟုတ်ဘူး။ ပြီးတော့ ကေသုံးလုံးနဲ့လည်း ငါ လုံးဝမပတ်သက်ဘူး”

အသားဟင်းကို တပျပ်ပျပ်စားရင်း ဆန်နီဘွိုင်းပြောနေခြင်းဖြစ်သည်။ နှစ်ယောက်စလုံး စားမပြီးမချင်း ဂျစ်ပစီက မသိလိုက်မသိဘာသာ လုပ်နေသည်။ ဘာတစ်ခွန်းမျှ ဝင်မပြော။

နှစ်ယောက်စလုံး စားပြီးမှ အလုပ်ပြန်စသည်။ တိုင်နှင့်တွဲခတ်ထားသည့် လက်တစ်ဖက်ကို လက်ထိတ်ဖြုတ်သည်။ ခပ်ကြမ်းကြမ်းဆွဲထူပြီး လက်ကောက်ဝတ်နှစ်ခုကို နောက်ပြန်လက်ထိတ်ခတ်လိုက်သည်။

ပြီးမှ မြင်းကုန်းနှီးနှင့် တွဲထားသည့် ကြိုးကို ဖြုတ်ယူလိုက်သည်။ ကွင်းလျှောဘက်ဖြင့် ဆန်နီဘွိုင်း၏ လည်ပင်းကို စွပ်လိုက်သည်။

“ဟော့ ... ဟော့ ...၊ ဒါ ဘာလုပ်မလို့...”

သူ့အသံ ပျောက်သွားသည်။ ဂျစ်ပစီက ကြိုးခွေကို ထုပ်တန်းပေါ် ပစ်တင်ပြီး ပြန်ကျလာသည့် အပိုင်းကို ဆွဲလိုက်သည်။ ဆန်နီဘွိုင်း၏ ခန္ဓာကိုယ်နှင့် ကြမ်းပြင်မထိတထိ ဖြစ်သွား၏။ အသံမထွက်နိုင်တော့။ ဂျစ်ပစီက ကြိုးစကို တိုင်တစ်တိုင်တွင် ချည်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်နီဘွိုင်းသည် ခြေမနှစ်ဖက်ကို အားပြုထောက်ပြီး အသက်ရှူဖို့ ကြိုးစားနေရသည်။

"ကောင်လေးတွေကို ကြိုးပေးသတ်တဲ့ ကေသုံးလုံးတွေရဲ့နာမည် မင်း မပေးမချင်း အဲဒီအတိုင်း နေရမယ်။ မင်းခြေထောက်ကလေးတွေ မင်းအလေးချိန်ကို မခံနိုင်တော့ရင် မင်းကိုယ်မင်း ဆွဲကြိုးချသေသလို ဖြစ်သွားမယ်"

"ငါ ... ငါ မပြောနိုင်ဘူး။ ငါ သစ္စာဆိုထားရတယ်၊ ပြောတာနဲ့ ငါသေရမှာ"

ဂျစ်ပစီ ခုံရှည်တစ်ခုပေါ်တွင် ထိုင်ချလိုက်ပြီး ခပ်အေးအေး ပြောသည်။

"အဲဒါတော့ မင်းသဘောပဲ၊ ဒါဆိုလည်း ခုအတိုင်း ဖြည်းဖြည်းချင်းသေပေါ့"

"အိုး ..."

ဆန်နီဘွိုင်း တစ်ချက်အော်လိုက်သည်။ ခြေချောင်းကလေးများ မခံနိုင်၍ လျှော့လိုက်သည့်အခါ သူ့ခန္ဓာကိုယ်မှာ ယိမ်းထိုးသွားသည်။ ပြီးတော့ မမီတမီ ပြန်ရပ်ပြန်သည်။

သူလေပြွန်ကွဲထွက်မသွားမီ ဂျစ်ပစီက ကြိုးကို တစ်လက်မလောက် လျှော့ချပေးလိုက်သည်။

"ငါ ပြောလို့မဖြစ်ဘူး၊ သစ္စာဆိုထားရတယ်။ သူတို့ချက်ချင်း ငါ့ကို လာသတ်မှာ"

ဂျစ်ပစီက ပွတ်ချွန်းတစ်လိပ် လိပ်သောက်ရင်း

"မပြောရင်လည်း ဒီနေရာမှာ အဲဒီပုံစံနဲ့ မင်းသေရမှာပဲ။ ငါ လိုချင်တဲ့နာမည်တွေ မင်းပေးရင် မင်းကို ငါ လွှတ်ပေးမယ်။ မင်းရဲ့မြင်းပါ ပြန်ပေးမယ်။ မက်ဆီကို ဖြစ်ဖြစ်၊ ကာလီဖိုးနီးယား ဖြစ်ဖြစ် ရှောင်သွားလို့ရတယ်။ ခဏတစ်ဖြုတ်တော့ မင်းအသက်ရှင်



ခွင့်ရမှာပေါ့။ နောက်တစ်ခါ မင်းကိုငါ ရှာမတွေ့မချင်း ဆိုပါတော့"

"နယ်မြေကို မသိတဲ့ ငါ့အဖို့ အဲဒီအခွင့်အရေးမျိုးက ဘာထူးမှာလဲ၊ နှင်းကလည်း ကျနေသေးတယ်"

"ကောင်လေးတွေကို မင်းတို့ပေးတဲ့ အခွင့်အရေးထက်စာရင်တော့ သာပါတယ်ကွာ"

အထိတ်တလန့်ဖြစ်နေသော ဆန်နီဘွိုင်း၏ မျက်နှာပေါ်သို့ မျက်ရည်ဥတွေ လိမ့်ဆင်းလာသည်။ ဖြူသောမျက်နှာတစ်ခုလုံး ပြာနှမ်းနှမ်းဖြစ်လာ၏။ အသက်ရှူသံ မြန်လာသည်။

"ငါ မပါဘူး။ သူတို့လုပ်တာ"

"ဘယ်သူတွေလဲ"

ညည်းသံတစ်ချက် ထွက်လာပြီးမှ သူ စပြောသည်။

"တူလီရယ်၊ ပင်ကာတန်ရယ်"

"ဟုတ်ပြီ၊ နှစ်ယောက်ရပြီ။ ကျန်တဲ့နာမည်တွေပြော"

"ပြောပါမယ်၊ ငါ့ကို အောက်ချပေးပါ"

ဂျစ်ပစီက ထသွားပြီး တိုင်မှ ကြိုးကို ဖြေလိုက်သည်။ ကြမ်းပေါ်သို့ ဆန်နီဘွိုင်း ဝုန်းခနဲ လဲပြိုကျသွားသည်။

တရှုပ်ရှုပ်ငိုလျက် တောင်းပန်စကားဆိုသည်။

"လက်ထိတ်လည်း ဖြုတ်ပေးပါကွာ"

"ခဏလေး သည်းခံပါကွာ၊ မင်းကိုငါ နောက်တစ်ခါ ပြန်ဆွဲတင်ချင် တင်ရဦးမှာလေ"

ဂျစ်ပစီက အခန်းထောင့်မှ ပစ္စည်းတွေ စုပုံထားသည့်နေရာသို့ လျှောက်သွားပြီး စားပွဲခုံကလေးတစ်လုံးယူလာသည်။ သူက ခဲတံကို တံတွေးဆွတ်ပြီး စက္ကူတစ်ရွက်ကို အသင့်ဖြန့်ကာ ပြောလိုက်သည်။

"ကဲ ကျန်တဲ့နာမည်တွေ"

တစ်နာရီကြာသွားသည်။ စားပွဲကလေးပေါ်တွင် ဂျစ်ပစီ

www.burmeseclassic.com

www.burmeseclassic.com



စာရွက်နှင့် ခဲတံနှင့် အလုပ်ရှုပ်သွား၏။ ကေသုံးလုံး ၁၅ ယောက်၏အမည်ရော၊ နေရပ်ပါ ရလိုက်သည်။ လူပုံပန်းသဏ္ဌာန်ရော၊ သူတို့၏ အလုပ်အကိုင်တွေပါ ရလိုက်ခြင်းဖြစ်သည်။ သို့သော် ဂျစ်ပစီက အားမရသေး။ နောက်ထပ်လိုချင်သည့် သတင်းတွေကို ညှစ်ထုတ်နေသေးသည်။

ဆန်နီဘွိုင်းက သည့်ထက်ပိုပြီး သူ ဘာမှမသိကြောင်း ပြောသည်။

"ငါ အကုန်ပြောပြီးပြီ။ ငါ သွားလို့ရပြီမဟုတ်လား"

ဂျစ်ပစီက လည်ပင်းမှ ကြိုးကွင်းကို ဖြုတ်ပေးသည်။ လက်ထိတ်ကို ဖြုတ်ပေးသည်။

"ကဲ … ခုချိန်ကစပြီး မင်း ငါပြောတာ နားထောင်၊ သေသေချာချာ နားထောင်နော်။ မင်းကိုငါ လွှတ်ပေးမယ်၊ ဒါပေမဲ့ မင်း ဖော်ကောင်လုပ်တဲ့အကြောင်း သူတို့ကို ငါ အသိပေးလိုက်မယ်။ ဒီတော့ ငါ့လက်ချက်နဲ့ဖြစ်ဖြစ်၊ သူတို့ လက်ချက်နဲ့ဖြစ်ဖြစ် မင်း ကြွမှာပဲ။ အဲဒီတော့ မင်း အမြန်ဆုံးပြေးနိုင်မှ တန်ကာကျလိမ့်မယ်။ မင်းမသေခင် ငါပြန်တွေ့ချင်ပါသေးတယ် ဆန်နီဘွိုင်း"

သူ ဒယီးဒယိုင် ထရပ်သည်။

"ဒီလို ငါမရောက်ဖူးတဲ့ နယ်စပ်ဒေသမှာ စားစရာမရှိ၊ သေနတ်မရှိနဲ့ ငါ ဘာဆက်လုပ်ရမှာလဲ"

"ငါပြောပြီးပြီလေ။ ကောင်လေးတွေအဖြစ်နဲ့စာရင် မင်း အပုံကြီး ကံကောင်းပါတယ်လို့"

ဂျစ်ပစီက မီးအိမ်ကိုကိုင်ပြီး သူ့ကို အပြင်ခေါ်ထုတ်သွားသည်။ ဆီးနှင်းပေါက်တို့ မိုးလောက်ပြင်းထန်နေပြန်ပြီ။ ဆန်နီဘွိုင်းသည် အကြောက်လွန်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိ ပုံစံမျိုးဖြင့် မြင်းကုန်းနှီးကို ဆင်နေသည်။



"ဘယ်လမ်းကို သွားရမယ်၊ ဘယ်ဘက်ကို ဦးတည်ရမယ် ဆိုတာမျိုးလောက်တော့ မင်း ငါ့ကို ပြောပြသင့်တာပေါ့။ ဒီလို နှင်းတောထဲမှာ ငါ ဘယ်လိုလုပ်ပြီး လမ်းရှာနိုင်မှာလဲ"

သူက ငိုသံပါကြီးနှင့် ပြောနေသည်။

"မင်းနေရာမှာသာ ငါဆိုရင် နှင်းကို အပြစ်တင်နေမှာမဟုတ်ဘူး။ အသက်ဘေးက လွတ်မြောက်ဖို့က ပဓာနမဟုတ်လား။ လမ်းတွေ နှင်းဖုံးနေပေမယ့် မင်းလွတ်မြောက်သွားပြီမဟုတ်လား။ ခဏတစ်ဖြုတ် ဖြစ်ဖြစ်ပေါ့ကွာ"

သူ မြင်းပေါ်တက်ပြီးသည်နှင့် ဂျစ်ပစီက မြင်းကြီး၏ လည်ပင်းကို ဖြန်းခနဲ ရိုက်လိုက်သည်။ နှင်းတွေ တဖြောက်ဖြောက်နှင့် အမှောင်ထုထဲသို့ ဆန်နီဘွိုင်း တိုးဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ မီးဖိုထဲသို့ ထင်းထပ်ဖြည့်သည်။ နောက်ပြီးတော့မှ နွားသားရေပြားကြီးနှင့် ပတ်ထားသည့် ရိုင်ဖယ်ကြီးကို ယူလာပြီး ဖြေသည်။ ဆီရွှဲရွှဲအဝတ်ဖြင့် ပတ်ထားသည့် ကျွဲပစ်သေနတ်ကြီး ထွက်လာ၏။

သံချေးတက်နေသည့် မီးအိမ်ကလေး၏ အလင်းရောင်ဖြင့် ဂျစ်ပစီက သေနတ်ကို သန့်ရှင်းရေးလုပ်နေပြီး အလွန်ပစ်အားကောင်းသည့် ချစ်စရာရိုင်ဖယ်ကြီးကို အမြတ်တနိုးပွတ်သပ်ကြည့်နေသည်။ သည်ကောင်ကြီးနှင့် တစ်နေ့တည်း နွားရိုင်းနှင့်ကျွဲ အကောင်နှစ်ရာကျော် ရဖူးသည်။ တစ်မိုင်ခွဲလောက်က လှမ်းပစ်ရင်တောင် ပွဲချင်းပြီးနိုင်သည့် ရိုင်ဖယ်ဖြစ်၏။

သည်လို ထူးခြားသည့်သေနတ်ကို အမဲဖျက်သမားများက တလေးတစားနာမည်ပေးလေ့ရှိသည်။ ဂျစ်ပစီ၏ ရိုင်ဖယ်ကြီးကို သူတို့ ပေးသည့်အမည်မှာ "ဝရဇိန်" ဖြစ်၏။

မနက်မိုးလင်းတော့ နွာကျားကြီးစီးပြီး ဂျစ်ပစီ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ တစ်နေ့ရာတွင် ဆန်နီဘွိုင်းကို တွေ့ရ၏။ နှင်းတွေဖုံးပြီး အတောင့်သား လဲကျသေဆုံးနေပြီ။

*

## အခန်း (၁၀)

၁၈၉၄ ခုနှစ်တွင် အဆုတ်အအေးမိရောဂါဖြင့် နိုရာ ကွယ်လွန်ခဲ့သည်။ အသုဘရှု ပရိသတ်ထဲတွင် ယူနီဖောင်း တောက်တောက်ပြောင် ပြောင်နှင့် ဒက်စတာကို တွေ့ရသည်။ သူ့ရင်ဘတ်တွင် ဒုရဲအုပ် တံဆိပ်ကလည်း အရောင်တဖိတ်ဖိတ်။ သို့သော် ရေချယ်မပါ။ မက်ဆွဲလ်က သံကြိုး ပို့တော့ပို့သည်။ သို့သော် အသုဘကို မမီအောင် တမင်နောက်ကျပြီးမှ ပို့လိုက်သည်။ ခရီးအဝေးကြီးမှလာပြီး ချက်ချင်း ပြန်ရမည့်ကိစ္စဖြစ်၍ မက်ဆွဲလ်က ရေချယ်ကို မလာစေချင်တော့ပေ။

အသုဘတွင် ဘုန်းတော်ကြီးက တိုတိုတုတ်တုတ် ဆုတောင်းပေးသွားသည်။ နိုရာသည် ဝဋ်ခံနေရသလို နာတာရှည် ရောဂါကို နှစ်ရှည်လများ ခံစားလာခဲ့ရသူဖြစ်ကြောင်း၊ ခုလို ဘုရားသခင် ခေါ်သွားခြင်းမှာ ဝဋ်ကျွတ်ခြင်းဖြစ်၍ ပူဆွေးသောက ဖြစ်မနေသင့်ကြောင်း စသည် စသည်။

ဒေါက်တာ ဂရေရှမ်က သုသာန်မှ အပြန်တွင် မက်ဆွဲလ် အနားကပ်ပြီးပြောသည်။

“အချိန်ရတဲ့အခါ ခင်ဗျားနဲ့ စကားနည်းနည်းပြောချင်တယ် ဂျွန်၊ ခင်ဗျားအိမ်ဖော်နဲ့ ပတ်သက်လို့ပါ”

“ကိုယ့်အိမ်ဖော် ဘာဖြစ်လို့လဲ”

“ဖြည်းဖြည်းပြောတာပေါ့ ဂျွန်၊ သိပ်အရေးတကြီး မဟုတ်ပါဘူး”



ပန်းခြံထောင့်ရောက်တော့ လမ်းခွဲကြရတော့မည်။ ဂျွန် မက်ဆွဲလ် ခြေလှမ်းတွေ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ စိတ်ထဲ စနိုးစနောင့်ဖြစ်နေ၏။ ယူလာ ဘာဖြစ်လို့ပါလိမ့်။ ဆရာဝန်လုပ်သူက ကျောင်းဆရာ၏ အရိပ်အခြည်ကို ရိပ်မိသွားဟန်တူသည်။

“သူဟာ သိပ်တော်တဲ့ သူနာပြုတစ်ယောက်ပါ၊ နိုရာ့ကို သူပြုစုပုံဟာ ...”

“ဟုတ်တယ်၊ သူသာမရှိရင် ကိုယ်တော့ ဒုက္ခပဲ”

“ခင်ဗျား သူနဲ့ တိုင်ပင်သင့်တဲ့ ကိစ္စတစ်ခုရှိတယ် ဂျွန်”

“ဟုတ်လား”

“ဒီလ မော်ဒန်ဆေးပညာဂျာနယ်မှာ ဖီလာဒဲလ်ဖီးယားက ဆရာဝန်တစ်ယောက်ရဲ့ ဆောင်းပါး ကျွန်တော် ဖတ်လိုက်ရတယ်။ သူက နှုတ်ခမ်းကွဲတွေကို အသားထိုးခွဲစိတ်ကုသပေးနေတယ်၊ ခင်ဗျား အသေးစိတ်သိချင်ရင် ကျွန်တော့် ရုံးခန်းမှာ လာယူဖတ်ပါလား”

“အသားထိုးခွဲစိတ်လို့ရတယ် ဟုတ်လား”

“ဟုတ်တယ်၊ ငွေတော့ ကုန်လိမ့်မယ်။ ဒါပေမဲ့ သူ့ဘဝ တစ်ခုလုံး ပြောင်းလဲသွားလိမ့်မယ်”

“ဟုတ်လား၊ အို ... ဘုရားသခင်”

မက်ဆွဲလ်က ဘုရားတပြီး စဉ်းစားလိုက်သည်။ စင်စစ် မက်ဆွဲလ်သည် ယူလာကို တစ်ခါမှ စေ့စေ့စပ်စပ် မကြည့်ဖူးခဲ့။ အမြဲတမ်း မျက်နှာငုံ့ထားပြီး သူ့ဘဝသူ သိမ်ငယ်နေသည့် မိန်းကလေးကို အားနာလို့ မကြည့်ခဲ့ခြင်းဖြစ်သည်။

သို့သော် သူမှာ နှာတံပေါ်ပေါ်နှင့် အစိမ်းရောင် မျက်လုံးများ ရှိသည်ကိုတော့ သတိထားမိသည်။ သည့်ထက်ပိုပြီး တစ်ခါမှ ခပ်စပ်စုစု မလုပ်မိ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရုံးခန်းကို ဝင်ခဲ့ပါလေ၊ ကျွန်တော် အသေးစိတ် ပြောပြပါမယ်"

ဆရာဝန်က ပြောပြောဆိုဆို သူ့အိမ်ရှိရာသို့ ချိုးကွေ့လျှောက်သွားတော့သည်။ မက်ဆွဲလ်လည်း သူ့အိမ်ဆီသို့ ဆက်လျှောက်လာခဲ့သည်။ သို့သော် ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်သလို အတွေးချာချာလည်လျက် လျှောက်နေခြင်းမျိုး။

ဆေးသိပ္ပံလောက အတိုင်းအဆမရှိ တိုးတက်နေပြီဖြစ်၍ မွေးရာပါ နှုတ်ခမ်းကွဲရောဂါကို ကုသပျောက်ကင်းစေနိုင်သည်မှာ ဆန်းကျယ်သည့်ကိစ္စ မဟုတ်ပါ။

ဆန်းကျယ်သည်မှာ ယူလာလိုမိန်းကလေးကို ခွဲစိတ်ကုသပေးရမည့်အရေးဖြစ်၏။ ယူလာသည် ရိုးသားသော၊ ကြိုးစားသော မိန်းကလေးဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်သည်။ ကိုယ်နေဟန်က မိန်းမကျက်သရေအပြည့်။ ဘဝကို တစ်ကိုယ်တော် ရင်ဆိုင်ရဲသည်။ သတ္တိအပြည့်။ နှုတ်ခမ်းကလေးသာ အရုပ်ဆိုးမနေလျှင် ချစ်သူ ဝိုင်းဝိုင်းလည်နေမည့် မိန်းကလေးမျိုး။

သူ့နှုတ်ခမ်းကို ပြုပြင်ပေးလိုက်လျှင် ... ဆရာကြီးမက်ဆွဲလ် တိမ်းတိမ်းမွေမွေ ဖြစ်သွားသည်။ ယူလာကို အဆုံးမခံနိုင်ပါ။ သည်ကိစ္စ သူ့ကို အသိပေးလို့မဖြစ်။ သည်လိုတွေးမိတော့ ငါ တော်တော် တစ်ကိုယ်ကောင်းဆန်ပါပေါ့လားဟု ကိုယ့်ကိုယ်ကိုယ် ဝေဖန်မိသည်။

အိမ်ထဲကို လှမ်းဝင်တော့ ဒက်စတာကို တွေ့ရသည်။ နိုရာ့အခန်းထဲတွင် ပစ္စည်းတွေ မွှေနှောက်ရှာဖွေနေ၏။

"မင်းဘာလုပ်နေတာလဲ ဒက်စတာ"

"မေမေ့ ပစ္စည်းတွေ သိမ်းနေတာ၊ ပစ္စည်းတချို့ ကျွန်တော် ယူသွားမယ်"



ဒက်စတာက ကော်ဇောအိတ်တစ်လုံးတွင် အမှတ်တရ ထားရမည့်ပစ္စည်းတွေ စုထည့်နေသည်။ ကျမ်းစာအုပ်၊ လက်ဝတ်ရတနာ ယွန်းသေတ္တာ၊ ငွေလက်ကိုင်နှင့် ဘီးတစ်ချောင်း၊ ငွေလက်ကိုင်နှင့် ကြည့်မှန်ကလေးတစ်ချပ်။ ဒက်စတာ ကြည့်ရသည်မှာ ရန်လိုမုန်းတီးမှုအပြည့်ပုံစံ။

"ဒါတွေ ရေချယ် လိုချင်တယ်ဆိုရင် ကျွန်တော်ပေးသင့်တာ ပေးလိုက်မယ်၊ ဘာပဲပြောပြော ကျွန်တော့်ဆီမှာ ပိုပြီး စိတ်ချရတယ်"

"ဒီမှာ ဘာကြောင့် စိတ်မချရမှာလဲ"

"ဘယ်ပြောနိုင်မလဲ၊ အိမ်ဖော်တွေဆိုတာ စိတ်ချရတာ မှတ်လို့"

ဒက်စတာက ယူလာကြားအောင် တမင် ခပ်ကျယ်ကျယ် ပြောလိုက်သည်။

"မင်း ယူလာ့ကို ရည်ညွှန်းပြီးပြောတယ်ဆိုရင်တော့ စော်ကားတာပဲ၊ မင်း သူ့ကို တောင်းပန်ရမယ်၊ ငါ လုံးဝမကျေနပ်ဘူး"

"ခင်ဗျား ကျေနပ်တာ မကျေနပ်တာ ကျွန်တော် ဂရုမစိုက်ဘူး"

ပြောပြီး အိတ်ကိုဆွဲကာ ထွက်သွားသော ဒက်စတာကို မက်ဆွဲလ် လမ်းဖယ်ပေးလိုက်သည်။ အိမ်ရှေ့တံခါးဝရောက်မှ ပြန်လှည့်ပြီး ဒက်စတာ စကားဆိုသည်။ သူ့ကြည့်ရသည်မှာ ဒါလောက်နှင့် အားမရသေးသည့် ပုံစံမျိုး။

"နောက်တစ်ခု ကျန်သေးတယ်၊ ဒါက ဥပဒေချိုးဖောက်သူတွေနဲ့ ဆိုင်တယ်။ ခင်ဗျားရဲ့ အချစ်တော် ကိုဘီရိုက် ဘာဖြစ်နေလဲ သိလား၊ ဒီကောင် မူးယစ်ဆေးဝါးစောင်းစားတဲ့ အင်ဒီယန်တွေထဲရောက်နေတယ်။ ကျုပ် အချိန်မရွေး ဖမ်းနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ လုံးဝ မယုံဘူး"

"ကောင်းပြီလေ၊ ခင်ဗျားစောင့်ကြည့်ပေါ့"

ပြောပြီး ဒက်စတာ ထွက်သွားသည်။ မက်ဆွဲလ်တွေပြီး စဉ်းစားကျန်ရစ်၏။ မယားပါသားသည် မမျှော်လင့်ဘဲ လူတွေကို ဒုက္ခပေးမည့် ရဲဝန်ထမ်းတစ်ယောက် ဖြစ်သွားလေပြီကော။

ကိုဘီကကော တကယ်ပဲ ဒီအင်ဒီယန်တွေနှင့် ပေါင်းနေပြီလား။ ပေါင်းနေပြီဆိုလျှင်လည်း အံ့သြစရာတော့ မရှိပေ။ 'တစ္ဆေအက' ကို ယုံကြည်ကိုးကွယ်သူတွေအားလုံး မူးယစ်စေပြီး စိတ်ချောက်ချားစေသည့် ရှားစောင်းပင်တစ်မျိုးကို စားသုံးမှီဝဲခြင်းသည် မြတ်သောအကျင့်ဟု သူတို့ယုံကြည်ကြသည်။ လူဖြူတွေက သည်ဂိုဏ်းကို အပြတ်ရှင်းဖို့ စီစဉ်နေကြ၏။

*

နောက်တစ်လကြာတော့ ဒက်စတာပြန်ရောက်လာသည်။ ဆရာကြီး မက်ဆွဲလ်၏ ရုံးခန်းတွင်းသို့ ဝင်လာပြီးမေးသည်။

"ခင်ဗျားရဲ့ အချစ်တော်ဘယ်မှာလဲ၊ ကျွန်တော့်မှာ ဖမ်းဖို့ ဝရမ်း ပါလာတယ်"

မက်ဆွဲလ်က ဆုံလည်ကုလားထိုင်နောက်ကို မှီလိုက်ပြီး

"ဘာအမှုနဲ့ မင်းကဖမ်းမှာလဲ"

"သူဟာ မူးယစ်ရှားစောင်းစားတဲ့ အဖွဲ့ဝင်ဆိုတာ ရုံးတော်မှာ သက်သေခံမယ့်လူရှိတယ်။ သူ ဘယ်မှာလဲ"

"ငါ မပြောနိုင်ဘူး၊ ဒါ မင်းနယ်မဟုတ်ဘူး။ မင်းပြောတာ ဟုတ်သည့်တိုင် မင်းအနေနဲ့ ဖမ်းပိုင်ခွင့်မရှိဘူး"



ဒက်စတာက နယ်ခြားဒေသအုပ်ချုပ်ရေး အဆောက်အအုံကို ညွှန်ပြပြီး

"ခင်ဗျား မစ္စတာတာနာကို မေးကြည့်ပေါ့၊ သူက ကျွန်တော့်ကို ဖမ်းဖို့ ခွင့်ပြုပြီးပြီ။ ကဲ ကိုဘီဘယ်မှာလဲပြော၊ မဟုတ်ရင် တရားခံကို အကာအကွယ်ပေးမှုနဲ့ ခင်ဗျားအဆစ်ပါ သွားနိုင်တယ်"

မက်ဆွဲလ် ခပ်ဖြည်းဖြည်းထသည်။

"မင်းကို လူဖြစ်လာအောင် ငါ ကျွေးမွေးစောင့်ရှောက်လာဘယ်ဆိုတာ မင်း မေ့နေပြီလား ဒက်စတာ။ ခု မင်းက ငါ့ကို လာပြီး ခြိမ်းခြောက်နေတယ်၊ ဟုတ်လား။ ဒီမယ် နားထောင် မင်းရဲ့သေနတ်နဲ့ မင်းရင်ဘတ်က တံဆိပ်ကြောင့် မင်းကိုယ်မင်း ဟုတ်လှပြီ ထင်နေတယ်။ တကယ်တော့ မင်းဟာ ငါ့အတွက် မလောက်လေး မလောက်စား ပါမွှားပဲ၊ ငတုံးပဲ"

"ဩော် ... ပါမွှား ငတုံးတဲ့၊ ဟုတ်လား"

"လာ တာနာဆီသွားမယ်"

အပြင်ထွက်လိုက်တော့ မက်ဆွဲလ် သူ့မျက်လုံးကို သူ မယုံနိုင်အောင် ဖြစ်သွားသည်။ ဘီးအများကြီးနှင့် ဇရာမ ဆပ်ကပ်မြင်းရထားကြီး။ စင်စစ် ဆပ်ကပ် ဟိရဉ္ဇာန်တွေ သယ်သည့် သံလှောင်အိမ် လှည်းတွဲကြီးဖြစ်၏။ မြည်းလေးကောင်ဆွဲ လှည်းကြီးထဲ ဘွင် အင်ဒီယန်တွေ အပြည့်အသိပ်။

"ဟာ အဲဒါ ဘာအဓိပ္ပာယ်လဲကွ"

မက်ဆွဲလ်က တအံ့တသြ မေးလိုက်သည်။

"အဲဒါ အချုပ်ရထားလေ"

ဒက်စတာက မခိုးမခန့် ပုံစံဖြင့် ပြန်ဖြေ၏။ အချုပ်သမား၏ နာမည်တွေကို ရေးမှတ်နေသော အော်ဗီးလ်စနိုက်၏ အနား

www.burmeseclassic.com

www.burmeseclassic.com



တွင် မိသားစုတွေ စုပြုံတိုးဝှေ့နေကြသည်။ စနိုက်မှာ ဒက်စတာ၏ တပည့် ရဲစာသင်ဖြစ်သည်။

အချုပ်သားများမှာ ရထားကြမ်းပြင်ပေါ်တွင် အားလျှားမှောက်လဲသူလဲ၊ မေ့သူမေ့ ဖြစ်နေကြ၏။ အချို့က သံဆန်ခါအပြင်သို့ မျှော်လင့်တကြီး လှမ်းကြည့်နေကြသည်။

မက်ဆွဲလ်က စာသင်စနိုက်ဆီ လျှောက်သွားပြီး

"ဟော့ ... နေပါဦးကွ၊ လူတွေကို ဝက်တွေ ကြက်တွေလို ဒီလှည်းကြီးနဲ့ သယ်သွားမယ့်အကြောင်း မစ္စတာတာနာ သိလား"

"သိတာပေါ့ဗျ၊ ဥပဒေကို ချိုးဖောက်ရင် ဘာဖြစ်တယ်ဆိုတာ ဒီကောင်တွေကို ပြရမယ်"

"နေပါဦး၊ မင်းတို့နယ် မဟုတ်ဘဲ နယ်ကျူးပြီး လာဖမ်းခွင့်ရှိသလား"

"ဒီကလူတွေနဲ့ ညှိပြီးမှ လုပ်တာပါ ဆရာကြီး၊ ဘာလဲ ဆရာကြီးရဲ့ ဒူးမနာသားလေးကြောင့် စိတ်ပူနေတာ မဟုတ်လား။ မတတ်နိုင်ဘူးဗျို့၊ ကျွန်တော်တို့ကတော့ တာဝန်အရ အေးအေးဆေးဆေး လုပ်ရမှာပဲ"

ကိုဘီကို ကာကွယ်ဖို့ မဖြစ်နိုင်တော့ကြောင်း မက်ဆွဲလ်သဘောပေါက်လိုက်ပြီ။

"ဒါပေမဲ့ အေးအေးဆေးဆေး ဖြစ်မှာမဟုတ်ဘူး။ ကိုဘီက ဘယ်တော့မှ အဖမ်းခံမှာ မဟုတ်ဘူး"

ဆရာကြီးက ဒက်စတာကို လှမ်းကြည့်ပြီး ဆက်ပြောသည်။

"မင်းကောင်တွေကို ထိန်းထား၊ ဘာမှ အကြမ်းဖက်စရာမလိုဘူး။ ငါ တစ်နာရီအတွင်း ပြန်လာခဲ့မယ်"



မက်ဆွဲလ်က မြင်းဇောင်းဆီ သုတ်ခြေတင်သွားပြီး စာဥပြောက်မကြီး ဘက်စီကို ကုန်းနှီးအမြန်ဆင်ကာ နှစ်မိုင်ဝေးသည့် 'အရာပါဟို' အင်ဒီယန် မြို့သစ်ဆီသို့ အသော့နှင်ခဲ့လေသည်။ မြို့သစ်တွင် စတိုးဆိုင်အချို့နှင့် မြင်းပြိုင်ကွင်းတစ်ခုရှိသည်။ မြင်းပွဲသို့ တောင်ပေါ်မြေပြန့်မှ အင်ဒီယန် လူမျိုးစုပေါင်းစုံတို့ လာရောက်ကြည့်ရှုကြသည်။

မက်ဆွဲလ်က မြင်းကွင်း၏ ပန်းတိုင်ဖြစ်သည့် လေရဟတ်ကြီးဆီသို့ တန်းစီးသွားသည်။ ကိုဘီကို အဆင်သင့်တွေ့ရ၏။ နိုင်ကြေးတွေကို ဂျင်းဘောင်းဘီအိတ်ထဲသို့ ထိုးထည့်နေ၏။

"မင်း နိုင်ပြန်ပြီပေါ့၊ ဟုတ်လား ကိုဘီ"

ကိုဘီက နီလာကြီး၏ လည်ပင်းကို ပုတ်ပြီး

"တစ်ပွဲမှ မရှုံးသေးဘူး ဆရာကြီး၊ ဆရာကြီး ဒီကို လာလေ့မရှိပါဘူး။ ဘာများ အကြောင်းထူးလို့လဲ"

"ဒက်စတာ အုပ်ချုပ်ရေးရုံးခန်းမှာ ရောက်နေတယ်။ မင်းကို ဖမ်းဖို့ သူ့မှာ ဝရမ်းပါလာတယ် ကိုဘီ"

"ဗျာ ဘာအတွက်ဖမ်းမှာလဲ ဆရာကြီး"

"သူတို့တားထားတဲ့ မူးယစ်ရှားစောင်းစားတဲ့အဖွဲ့ထဲမှာ မင်းပါနေတဲ့အကြောင်း သက်သေခံမယ့်လူ သူတို့မှာ ရှိနေပြီတဲ့"

"ဟော့ နီလာကြီး၊ ငြိမ်ငြိမ်နေစမ်း"

ကိုဘီက ခုန်ချင်ပေါက်ချင်နေသည့် နီလာကြီးကို ချော့ရင်း

"ကျွန်တော့်ကို ခုလိုလာပြီး သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ဆရာ မင်းဆီကို သတိပေးဖို့လာတာ မဟုတ်ဘူး ကိုဘီ၊ မင်းကို ခေါ်ဖို့လာတာ။ မင်း ထွက်ပြေးဖို့ မကြိုးစားပါနဲ့ကွာ၊ ပို

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွားလိမ့်မယ်။ ခု သူတို့စွဲတဲ့ ပုဒ်မက ဘာမှ မဖြစ်လောက်ပါဘူး"

"သူ ကျွန်တော့်ကို ထောင်ထဲပို့မှာ ဆရာကြီး၊ ကျွန်တော် မခံနိုင်ဘူး"

မက်ဆွဲလ်က မြင်းပေါ်မှ ဆင်းလိုက်သည်။

"ဆရာပြောတာကို နားထောင်ပါ ကိုဘီ၊ မင်းကို အကောင်းဆုံးရှေ့နေငှားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ်။ ဆရာတို့ အဆိုးဆုံးကို တွက်ကြည့်ရအောင်။ မင်း အလွန်ဆုံး ပြစ်ဒဏ်ခံရရင် ရက်ပေါင်း သုံးဆယ်ပဲ။ အဲ ... မင်းထွက်ပြေးမယ်ဆိုရင်တော့ ဒက်စတာပိုသဘောကျလိမ့်မယ်။ မင်းကို နှစ်ရှည်ထောင်ဒဏ်ကျအောင် သူလုပ်နိုင်တယ်၊ ပြီးတော့ မင်းကို ရာဇဝတ်ဖမ်းဆီးရင်း ပစ်သတ်ပိုင်ခွင့်လည်း သူ ရသွားလိမ့်မယ်"

ကိုဘီ တွေသွားသည်။ အလေးအနက် စဉ်းစားနေပုံ ရသည်။

"ဒီမယ် ကိုဘီ၊ ဆရာပြောတာ မင်း ယုံပါ။ မင်းအဖမ်းခံလိုက်ပါ။ ဆရာကိုယ်တိုင် အယ်လ်ရီနိုကို လိုက်ပြီး လိုအပ်တာတွေ လုပ်ပေးမယ်"

ကိုဘီက မက်ဆွဲလ်ကို မော့မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။

နှစ်ယောက်သား မြင်းကိုယ်စီဖြင့် ပြန်လာခဲ့ကြ၏။ သူတို့ ပြန်ရောက်တော့ အချုပ်လှည်းကြီးအနီးတွင် လူတွေ ရှင်းနေပြီ။ ဒက်စတာနှင့် အခြားရဲတစ်ယောက်က မက်ဆွဲလ်နှင့် ကိုဘီကို မြင်တော့ ချက်ချင်း သူတို့အနား ရောက်လာသည်။

ဒက်စတာက ကိုဘီကို အချုပ်လှည်းထဲသို့ ဝင်ခိုင်းသည်။



ရဲသားဘရောင်းက အချုပ်ခန်းတံခါးသော့ ဖွင့်ပေးလိုက်သည်။ ကိုဘီက မြင်းပေါ်မှ ခပ်ဖြည်းဖြည်း ဆင်းလိုက်ပြီး မြင်းဇက်ကြိုးကို မက်ဆွဲလ်အား ကမ်းပေးလိုက်၏။ ပြီးမှ သံတိုင်တစ်တိုင်ကို လှမ်းဆွဲပြီး လှည်းပေါ်တက်လိုက်သည်။ ရဲသားဘရောင်းက သော့ပြန်ခတ်လိုက်ပြီး ရထားထိန်းနေရာတွင် ဝင်ထိုင်လိုက်သည်။

ဒက်စတာက မြင်းပေါ် ပြန်တက်ပြီး မက်ဆွဲလ်ကို လှမ်းပြောလိုက်သည်။

"သူ့အမှုကို တရားသူကြီး စလိတ်တာရဲ့ ရုံးခန်းမှာ မနက်ဖြန်စစ်မယ်"

မက်ဆွဲလ်က ဒက်စတာ့ကို စိမ်းစိမ်းကြည့်ပြီး

"မင်းတို့နဲ့ ငါလိုက်ခဲ့မယ်"

"သဘောပဲလေ၊ ဒါ လွတ်လပ်တဲ့တိုင်းပြည်ပဲ"

မက်ဆွဲလ်က အချုပ်လှည်းကြီးကို ကြည့်ပြီး

"ဟုတ်လား၊ လွတ်လပ်တဲ့တိုင်းပြည်တဲ့ ဟုတ်လား"

ဒက်စတာက အချုပ်လှည်းကြီး၏ ရှေ့သို့ စီးသွားပြီး စထွက်ဖို့ အမိန့်ပေးလိုက်သည်။ ပြီးတော့ သူက ရွံ့တွေ ဗွက်တွေ ထူပြောလှသည့် အယ်လ်ရီနိုသို့ သွားရာလမ်းပေါ်သို့ ဦးဆောင်ခေါ်ယူသွားလေသည်။

နီလာကြီးကိုဆွဲပြီး မက်ဆွဲလ်က အချုပ်လှည်းနံဘေးမှ စီးလိုက်သွားသည်။ တိရစ္ဆာန်တွေလို စုပြုံ ဖမ်းဆီးလာသည့် အင်ဒီယန်တွေကိုကြည့်ပြီး အဖြစ်မှန်ကို ခန့်မှန်းကြည့်လိုက်သည်။

သူတို့သည် မည်သည့်ဥပဒေကိုမျှ ချိုးဖောက်သူများ မဟုတ်ကြပေ။ သူတို့ကို ဖမ်းဆီးသည့်ရဲများက အင်ဒီယန်တစ်ယောက်အတွက် ဆုငွေနှစ်ဆယ့်ငါးဒေါ်လာ ရကြသည်။ သည်တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



တည်းနှင့် သူတို့ဒေါ်လာခြောက်ရာကျော် ရကြလိမ့်မည်။

ဖုန်းဆိုးလွင်ပြင်ကျယ်ကြီးတစ်ခုကို ဖြတ်ကျော်နေကြစဉ် လှည်းမောင်းလာသည့် ရဲသားဘရောင်းသည် လည်ချောင်းသံကြီးနှင့် အော်ပြီး မြေပြင်ပေါ်သို့ ထိုးကျသွားသည်။ အဝေးမှ လှမ်းပစ်လိုက်သည့် ရိုင်ဖယ်ကျည်ဆန်သည် သူ့ရင်ဘတ်ကို ထုတ်ချင်းပေါက် ဖြတ်သန်းသွား၏။

မက်ဆွဲလ်နှင့် ဒက်စတာတို့နှစ်ယောက်စလုံး လှည်းကြီး၏ နောက်သို့ ပြေးကပ်လိုက်ကြသည်။ သေနတ်သံ လာရာဘက်သို့ နှစ်ယောက်သားလှမ်းကြည့်လိုက်ကြသည်။ ပြီးတော့ ခုန်ဆင်းလိုက်ကြ၏။ မက်ဆွဲလ်က လှည်းဘီးတစ်ခုကိုကွယ်ပြီး ဒူးထောက်ချလိုက်သည်။ ဒက်စတာက သေနတ်ကို ကုန်းနီးမှဆွဲယူပြီး လှမ်းမေးလိုက်သည်။

"ဘယ်မှာလဲ၊ တွေ့ရလား"

"ဘာအရိပ်အယောင်မှ မတွေ့ဘူး"

"ဘယ်ဘက်ကလာတဲ့အသံလဲ"

"ဟောဟို တောတန်းရဲ့နောက်ဘက်ကလို့ အောက်မေ့တာပဲ"

"တစ်မိုင်လောက်ဝေးတာပဲ၊ မဖြစ်နိုင်ပါဘူး"

"ကျွဲပစ်ရိုင်ဖယ်ဖြစ်မယ်၊ တစ်မိုင်အဝေးကို လှမ်းပစ်နိုင်တယ်တဲ့"

တောတန်းဆီကို သူတို့ စောင့်ကြည့်နေကြသည်။ ဘာလှုပ်ရှားမှုမှ မတွေ့ရ။ သေနတ်သမားသည် နောက်ထပ်ပစ်ဖို့ စိတ်ကူးရှိဟန်မတူ။ မက်ဆွဲလ်က စဉ်းစားပြီး ပြောသည်။

"အင်ဒီယန်တွေကို လုယူဖို့ စိတ်ကူးရှိဟန်မတူဘူး။



ဘရောင်းတစ်ယောက်ထဲကို ချောင်းပစ်တာ ဖြစ်မယ်။ ဒါကြောင့် သူ့အလုပ် ပြီးသွားပြီလို့ ငါထင်တယ်"

ဒက်စတာက ပထွေးတွေးပုံကို လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်သည်။ သေနတ်ကို ကုန်းနီးအိတ်ထဲ ပြန်ထည့်ပြီး သူ့အစီအစဉ်ကို ပြောပြသည်။

"ဒီမှာ ခဏစောင့်နေပေးပါ။ ကျွန်တော် အယ်လ်ရိုနိုကို အပြေးသွားပြီး စစ်ကူခေါ်ခဲ့မယ်"

ကျွဲပစ်သေနတ်ကို လန့်နေပုံရ၏။ ဇက်ကိုပုပြီး တအားစီးထွက်သွားသည်။ သူ့မြင်းခွာသံ ပျောက်သွားသည်နှင့် အချုပ်တွဲထဲမှ အင်ဒီယန်တစ်ယောက်၏အသံ ကြားရသည်။

"သော့ ... သော့ဖွင့်ပေးပါ"

ဘရောင်း၏ အိတ်ထဲမှ သော့ယူပြီး မက်ဆွဲလ်က အချုပ်တွဲသော့ကို ဖွင့်ပေးလိုက်သည်။ လူငယ်လူရွယ်တွေ အရင်ခုန်ဆင်းပြီး ထွက်ပြေးကြသည်။ အများစုက သူတို့ ရွာသစ်ဆီသို့ ပြန်ပြေးကြပြီး အချို့က ကွင်းပြင်ကိုဖြတ်ပြီး သူတို့နေရာဟောင်းဆီသို့ ပြေးကြသည်။ ကိုဘီက ခုန်ဆင်းလာပြီး သူ့နီလာကြီး၏ ဇက်ကြိုးကို ဖမ်းဆွဲလိုက်သည်။

"ဒီလှည်းကြီးကို အယ်လ်ရိုနိုရောက်အောင် ငါ မောင်းယူသွားရလိမ့်မယ်၊ မင်းကို လိုက်ခဲ့ဖို့တော့ ငါမပြောချင်တော့ပါဘူး ကွာ၊ ဒါပေမဲ့ မင်းဘာသာမင်း အဖမ်းခံလိုက်တာက မင်းရှေ့ရေးအတွက် ပိုကောင်းမယ်လို့ ဆရာ ထင်တယ်လေ"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး၊ ဒီတစ်ခါ ဆရာကြီးစကားကို နားမထောင်ပါရစေနဲ့"

"အေးလေ၊ မင်းသဘောပါပဲ။ ကဲ ငါ့ကိုကူပါဦး၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ ဒီအတိုင်းထားခဲ့လို့ မဖြစ်ဘူး"

ကိုဘီနှင့် မက်ဆွဲလ်တို့ ဆရာတပည့်နှစ်ယောက်က ဘရောင်း၏ အလောင်းကို လှည်းပေါ်ဆွဲတင်သည်။ လူချင်းမခွဲမီ မက်ဆွဲလ်က ကိုဘီကို မှာသည်။

"ဒီမယ် နားထောင် ကိုဘီ၊ ဟေယိုလူမျိုးစုတွေနဲ့ မင်း သွားနေတာ အကောင်းဆုံးဖြစ်မယ်။ ငါဒီကိစ္စတွေ ရှင်းသွားအောင် လုပ်ပြီးတဲ့အချိန်မှာ မင်း ပြန်လာခဲ့ပါ။ မင်းဘဝရှေ့ရေးက အရေးကြီးတယ်"

ကိုဘီက မြင်းပေါ်ခုန်တက်ပြီး နောက်ဆုံးစကား ဆိုသည်။

"ကျွန်တော့်ဘဝရှေ့ရေးထက် ကျွန်တော့်အဖေလို တိုက်ပွဲဝင်ရင်း သေဖို့က ပိုအရေးကြီးပါတယ် ဆရာကြီး"

ကိုဘီသည် ပြောပြောဆိုဆို နီလာကြီးကို ကဆုန်စိုင်း ထွက်သွားလေတော့သည်။

*

ရဲမှူးအယ်လ်ဗာဟာရီမင်သည် ရဲသားဘရောင်းအသတ်ခံရမှုနှင့် ပတ်သက်ပြီး အတွေးနယ်ချဲ့နေသည်။ လိုဂန်မြို့နယ်ထဲတွင် လွန်ခဲ့သည့်လအတွင်းက ဖြစ်ပွားခဲ့သည့် လူသတ်မှုများသည် ထူးထူးဆန်းဆန်းတွေချည်း ဖြစ်သည်။

ကျွဲရိုင်းပစ်သည့် ရိုင်ဖယ်နှင့် ပစ်သတ်ခံရသူထဲတွင် ဘရောင်းက ဒုတိယဖြစ်သည်။ ရဲမှူးဟာရီမင်က သချိုင်းအစောင့်ထံမှ သေမှုသေခင်း မှတ်တမ်းများကို တောင်းယူလေ့လာထားပြီး ဖြစ်သည်။

ထူးဆန်းစွာ အသတ်ခံရသူများထဲမှ ခုနစ်ယောက်မှာ သူနှင့် သိသူများဖြစ်၏။ ပထမဆုံး ခံရသူမှာ ဘရော့ကလီမန်ဖြစ်



သည်။ ဂူသရီမှ ကုန်စုံဆိုင်ပိုင်ရှင်တစ်ယောက်ဖြစ်၏။ သူက ဒသမ ၄၄ ပစ္စတိုဖြင့် အနီးကပ်အပြစ်ခံရခြင်း ဖြစ်သည်။

နောက်နှစ်ဆယ့်ငါးရက်အကြာတွင် ခြံလုပ်ငန်းတစ်ခုမှ နွားကျောင်းသား ပေါ်တာဂစ် မြားပစ်ခံရပြီး သေသည်။ ကွန်မင်ချီ အင်ဒီယန်များသုံးသည့် မြားလေးစင်း သူ့ကိုယ်မှာ တန်းလန်းနှင့် သေဆုံးနေ၏။ သို့သော် သည်နယ်တစ်ဝိုက်တွင် ကွန်မင်ချီအင်ဒီယန် ဟူ၍ တစ်ယောက်တလေမျှပင်မရှိကြောင်း ရဲမှူး ကောင်းကောင်း သိသည်။

၁၈၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် နောက်ထပ် နွားကျောင်းသားတစ်ယောက် အသတ်ခံရပြန်သည်။ သူ့နာမည်က ဂျပ်စတင်းဝီလျံ။ ကျွဲပစ်ရိုင်ဖယ်ဖြင့် အပစ်ခံရခြင်းဖြစ်သည်။ ဧရာမဒဏ်ရာကြီးဖြင့် မြင်းပေါ်မှ လွင့်ကျသေဆုံးသွား၏။

နောက်တစ်ပတ်အကြာတွင် အသတ်ခံရသည့် အခွန်ကောလိပ်တော် ပက်ဘာကာနမ်သေပုံမှာလည်း ထူးဆန်းလှသည်။ ပက်သည် အလွန်မြင်းစီးကျွမ်းသူတစ်ယောက် ဖြစ်သည်။ သူ့မြင်းနောက်တွင် လည်ပင်းကြိုးကွင်းစွပ်ပြီး တရွတ်တိုက်ပါလာပြီး မြင်မကောင်း ရှုမကောင်း သေနေခြင်းဖြစ်၏။

နောက်တစ်ယောက်က ကလစ်ဖို့အားနက်။ သူက မြေစာရင်းရုံးမှစာရေး။ အိမ်သာထဲတွင် လည်ပင်းပြတ်လုခမန်း ဒဏ်ရာကြီးနှင့် သေနေသည်ကို သူ့မိန်းမက သွားတွေ့သည်။ သူ့ခြံရင်းတွင် အသားခုတ်သည့် ဓားကြီးတစ်လက်ကို တွေ့ရသဖြင့် သူ့ကိုယ်သူ သတ်သေသလား တွေးစရာဖြစ်၏။

လက်စတာတူလီကို နောက်ပစ်မှတ်ဖြစ်လိမ့်မည်ဟု ဘယ်သူမှ မထင်ကြ။ ဧပြီလ ၇ ရက်နေ့ညတွင် ဒသမ [illegible]–၀၆ ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ပွင့်ထွက်သွားအောင် အနီးကပ် ပစ်သတ်သွားသည်။ လူသတ်သမားကို ခြေရာကောက်ဖို့ မည်သည့်သဲလွန်စမျှ ရဲဘက်က မရ။

နောက်ဆုံး ရဲဝန်ထမ်းဘရောင်း။ ကျွဲပစ်ရိုင်ဖယ်ဖြင့် ဒုတိယအကြိမ် အပစ်ခံရသူ။

သူတို့အားလုံးကို သတ်သူမှာ တစ်ယောက်တည်းဖြစ်သည်ဟု ရဲမှူးဟာရီမင် ယုံကြည်ထားသည်။ ဘယ်သူဘယ်ဝါ ဆိုသည်ကိုလည်း ရိပ်မိထားသည်။

ရဲမှူးဟာရီမင်သည် ဟွန်းဘက်အဆောက်အအုံသစ်ဆီသို့ သုတ်ခြေတင်သွားသည်။ ရုယ်လ်ဘီဟွန်းဘက်ကို အဆင်သင့်တွေ့ရ၏။

သစ်သားမှန်ကူကွက်ဖော် ရုံးခန်းထဲသို့ တန်းဝင်သွားပြီး လက်ထဲမှ လူစာရင်းကို ထိုးပေးလိုက်သည်။

ဟာရီမင်က စကားစသည်။

"ဒီလူတွေ တစ်ယောက်တစ်မျိုးစီ သေကြပေမယ့် အားလုံး တူနေတဲ့ အချက်တစ်ချက်ရှိတယ်။ ကိုရင် သတိထားမိရဲ့လား"

"သူတို့အားလုံး ကေသုံးလုံးတွေပဲ မဟုတ်လား"

"ဒါတင်ပဲလား"

ဟွန်းဘက်၏ ခေါင်းထဲတွင် လျှပ်စီးတစ်ချက် ဝင်းလက်သွားသည်။

"လွတ်လပ်ရေးမြို့ကိစ္စမဟုတ်လား"

"ဟုတ်တယ်၊ မနှစ်က အဲဒီကို သွားစီးတာလူပေါင်း ဆယ့်ခြောက်ယောက်၊ ခုအသတ်ခံရတာ အဲဒီအထဲကချည်းပဲ။ တစ်ယောက်ယောက်က အဲဒီလူစာရင်း ရထားတာ သေချာတယ်"

"ဂျစ်ပစီစမစ်ပဲပေါ့၊ ကျွန်တော်တို့ အပြတ်ရှင်းခဲ့ရမှာ"



"သူ့ကို ခေါင်းတည့်တည့်မှန်တာပဲ။ အားလုံးက သူ့ကိုကိစ္စချောပြီလို့ အောက်မေ့ခဲ့တာလေ"

ဟွန်းဘက်က အမိန့်ပေးလိုက်သည်။

"သူ့ကိုတွေ့အောင်ရှာပြီး ရှင်းလိုက်ပါ။ ကေသုံးလုံး ခေါင်းစဉ်နဲ့ပဲ ဖြစ်ပါစေ။ ဖမ်းပြီး ရုံးတင်လို့မဖြစ်ဘူး၊ အားလုံးပေါ်ကုန်လိမ့်မယ်။ ဒါဆို ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်ဖို့ ကျွန်တော့်အတွက် ခက်သွားလိမ့်မယ်။ ဒီည အစည်းအဝေးခေါ်လိုက်ပါ။ အားလုံးသိအောင် လုပ်ရမယ်၊ နောက်တစ်ယောက် မခံရခင်လေ"

သို့သော် တစ်ချိန်တည်းလိုလိုမှာပင် ရှိုင်းပင်ကာတန်သည် ဂျစ်ပစီ၏ ပစ်ကွင်းထဲသို့ ဝင်လာနေပြီ။

*

မက်ဆွဲလ်က အချုပ်လည်းအခွဲကြီးကို အယ်လ်ရီနိုသို့ မောင်းယူလာခဲ့သည်။ တရားသူကြီးကို သွားတွေ့သည်။ ဒေါ်လာငါးဆယ် အိတ်ထဲထည့်ပေးပြီး ဝီစကီတိုက်လိုက်၍ ကိုဘီအမှုကိုကြည့်လုပ်ပေးဖို့ တရားသူကြီးမင်းအား စည်းရုံးနိုင်ခဲ့၏။

သို့သော် ဒက်စတာနဲ့ သူတို့အဖွဲ့က လွတ်သွားသည့် အချုပ်သားများနှင့် သေနတ်သမား အဆက်အသွယ် ရှိမရှိ လိုက်လိမ့်ဦးမည်ဟု မက်ဆွဲလ်က တွက်ထားသည်။ သို့သော် သေနတ်သမားကို သူတို့က သိထားပြီးသား ဖြစ်နေကြ၏။ မက်ဆွဲလ် အံ့သြမဆုံးဖြစ်သွားသည်။

သတင်းစာများတွင် လူသတ်မှုများအကြောင်း ပေါ်လာလေပြီ။ လူသတ်သမားကို ရှာမတွေ့သေးကြောင်းလည်း ပါ၏။ ဂျစ်ပစီစမစ် ဖြစ်နိုင်ကြောင်း ကောလာဟလသတင်းတွေ ထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုရဲမှူးကြီး ဆိုက်လပ်စ်ရင်ဖရီနှင့် ဒက်စတာတို့ ဦးဆောင်သည့် တပ်ဖွဲ့သည် ဂျစ်ပစီစမစ်ကို ကိုးကုန်းကိုးကျင်းအနှံ့ ပိုက်စိပ်တိုက်ရှာဖွေနေကြပြီ။

ဆရာကြီးမက်ဆွဲလ်နှင့် ပြည်ထောင်စုရဲမှူးတွေ့ကြတော့ "ခင်ဗျားတို့ ဘာအတွက် ဂျစ်ပစီစမစ်ကို မေးနေကြတာလဲ" ဟု မေးသည့်အခါ ဘာမှမဖြေဘဲ ရဲမှူးက လှည့်ထွက်သွား၏။

ထိုညတွင် ယူလာက ဆရာကြီးမက်ဆွဲလ်ကို စိုးရိမ်တကြီး ပြောရှာသည်။

"သနားပါတယ် ဆရာရယ်၊ မိရင် သူ့ကို ကြိုးစင်တင်မှာနော်။ သူဟာ ကျွန်မအပေါ် သိပ်ကောင်းခဲ့တဲ့လူပါ"

ယူလာ့ဆီသို့ ဒရူစီလာဆီမှ စာတစ်စောင်ရောက်လာသည်။ ဆရာဝန်ကလေး ဒေါက်တာဟိုမာအပ်ချုပ်နှင့် လက်ထပ်လိုက်ကြောင်း သတင်းပေးလာသည့်စာ ဖြစ်သည်။

မက်ဆွဲလ်သည် ယူလာကို အလွန်တော်သည့် အိမ်ဖော်တစ်ယောက်အဖြစ် တန်ဖိုးထားခဲ့သည်။ သို့သော် ဂျစ်ပစီစမစ်အပေါ် သဘောထားပုံကို သိရတော့ မိတ်ဆွေတစ်ယောက်လို ခင်မင်စိတ်ဝင်လာသည်။ တစ်ပြိုင်တည်းတွင် ကိုယ့်ကိုယ်ကိုယ် မသင်္ကာသလိုလည်း ဖြစ်လာ၏။ သူ့နှုတ်ခမ်းကလေးကို ခွဲစိတ်ကုသပေးလိုက်လို့ သူအိမ်ထောင်ပြုသွားလျှင် ဆုံးရှုံးရချည်ရဲ့ဟူသည့် အတွေးကြောင့် ခုထိ ထုတ်မပြောဘဲထားသည့်အတွက်လည်း ကိုယ်အတ္တကို ကိုယ် သံသယဖြစ်လာသည်။

ကိုယ့်သိက္ခာကိုတော့ ကိုယ့်ဘာသာ အထင်သေးမခံနိုင်ပါ။ ဤသို့ဖြင့် ထိုညတွင် ပြောဖြစ်သွားသည်။

ယူလာ အလွန်အမင်းချောက်ချားသွားသည်။ ခွဲစိတ်ပြီး



လျှင် ဘာတွေဖြစ်လာမည်ကို နားမလည်နိုင်သည့်အလား ဇဝေဇဝါဖြစ်သွား၏။ အကြာကြီး တွေဝေနေသည်။

"ဘာလဲ ... မင်းငွေရေးကြေးရေးကို စဉ်းစားနေတာလား၊ မင်း သူများအကူအညီကို လက်မခံဘူးဆိုတာ ဆရာ နားလည်ပါတယ် ယူလာ။ မင်းကို ကြိုတင်ငွေထုတ်ပေးမယ်လေ၊ ဖြည်းဖြည်းချင်း ပြန်ဆပ်ပေါ့၊ ဘယ့်နှယ်လဲ"

"အိမ်ကို ဘယ်သူ ကြည့်မလဲဆရာ"

"အဲဒီအတွက် မပူပါနဲ့၊ နွေရာသီကျောင်းပိတ်ရက်မှာ ရေချယ် ပြန်လာမှာပဲ။ မင်းပြန်ရောက်လာတဲ့အထိ သူ တာဝန်ယူမှာပေါ့"

ယူလာက မီးဖိုဆီ လျှောက်သွားပြီး

"မဖြစ်ပါဘူး ဆရာရယ်၊ ကျွန်မ ကြောက်တယ်"

"ဟင် ဘာကြောက်စရာရှိလို့လဲ ယူလာ"

"ကျွန်မ ဒီအတိုင်းနေသားကျနေပါပြီ။ တခြား ပုံသဏ္ဌာန်တစ်မျိုးနဲ့ ဘဝကို ဆက်နေဖို့ ဖြစ်မယ်မထင်ပါဘူး ဆရာရယ်"

"အေးလေ၊ စဉ်းစားပေါ့။ မင်း ခွဲရဲတဲ့သတ္တိ ရှိလာတဲ့နေ့ ရောက်ရင်ပြော၊ ဆရာ့ဘက်က လုပ်ပေးဖို့ အဆင်သင့်ပဲ"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဆရာဟာ သိပ်ကို ကြင်နာတတ်တဲ့ ဆရာတစ်ယောက်ပါ"

နောက်တစ်ပတ်အကြာတွင် ကျောင်းကြီးပိတ်သဖြင့် ရေချယ်ခေါ်ဖို့ စိန့်လူးဝစ်သို့ မက်ဆွဲလ်ထွက်လာခဲ့သည်။

၁၅ နှစ်အရွယ် အပျိုကြီးဖြစ်လာတော့ ကလန်ကလားနှင့် ကြည့်ရတာ တစ်မျိုးကြီးဖြစ်နေသော်လည်း မြို့ကျောင်း၏ အလွန် အသင်တို့ကြောင့် အပြောအဆို ယဉ်ကျေးလာသည်။ အနေအထိုင်

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့လာသည်။ တစ်ပြိုင်တည်းတွင် ကျေးလက်ဓလေ့စရိုက်တွေနှင့် အထာမကျဖြစ်လာသည်။

ကိုဘိုတစ်ယောက် ပြန်လာဖို့ အခွင့်အရေးမရှိသလောက်ဖြစ်လာသည်။ သူက ဟောယိုအကြီးအကဲ အဘိုးအိုနှင့်အတူ ချီယင်နီ လူမျိုးစုအနည်းငယ် ခြံရံလျက် ဝိုင်အိုမင်းသို့ ခရီးထွက်သွားသည်။ ရေချယ် စိတ်ဓာတ်ကျစပြုလာသည်။

နေကပူ ဖုန်ကထူ၊ ယင်ကောင်တဝီဝီဆူ နိစ္စဓူဝ ဘဝကိုလည်း သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

ရေချယ် ပြန်ရောက်လာပြီး တစ်လခန့်အကြာ တစ်ညနေတွင် နောက်ဖေးဝရန်တာ ဆော့ကုလားထိုင်ပေါ် ထိုင်ရင်း ဆရာကြီးမက်ဆွဲလ် ရေခဲစိမ်လက်ဖက်ရည် သောက်နေသည်။ ရေချယ်ရောက်လာပြီး နိဒါန်းမပျိုးဘဲ တောင်းဆိုလေတော့၏။

"သမီး ဒီမှာ မနေချင်တော့ဘူး ဖေဖေ၊ စိန်လူးဝစ်ကို ပြန်တော့မယ်"

ရေချယ်သည် တစ်နေ့တခြား သူ့အမေနှင့် ပိုတူလာသည်။

"ဘယ်လိုဖြစ်တာလဲ သမီး၊ သမီးဟာ ကိုယ့်ရပ်ကိုယ့်ရွာမှာ သိပ်ပျော်ခဲ့တာပဲ။ တစ်ခါမှ စိတ်ပျက်တဲ့အကြောင်း မပြောဖူးဘူး"

"ဟုတ်တယ်လေ၊ ဘယ်မှ မရောက်ဖူးခင်က ကိုယ့်မြို့ကိုယ် အဟုတ်ကြီးထင်ခဲ့တယ်။ ပြီးတော့ အဲဒီတုန်းက ကိုဘိုလည်း ရှိတယ်လေ၊ ခုသူ ဘယ်တော့ပြန်လာမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ သမီး စိတ်ပျက်လာပြီဖေဖေ"

"အဲဒီတော့ ဖေဖေက ဘာလုပ်ရမှာလဲ၊ သမီး ဒီမှာ မပျော်တော့ဘူးဆိုတာနဲ့ စိန်လူးဝစ်ကို ချက်ချင်းပြန်ပို့ပေးရမှာလား"

"မလိုပါဘူး ဖေဖေ၊ ဒုက္ခပါပဲ။ သမီး ကလေးမဟုတ်



တော့ပါဘူး။ ရထားနဲ့ သွားမှာပဲဟာ၊ ကလေးထိန်း မလိုပါဘူး"

"ကဲ မချောလေး တော်တော့၊ ဒီအကြောင်း ထပ်မပြောနဲ့"

ရေချယ် အိမ်ထဲသို့ ဆောင့်ဆောင့်နှင့် ပြန်ဝင်သွားသည်။

ယူလာက ခါးစည်းရေခံနှင့် လက်သုတ်ပြီး ထွက်လာသည်။

"ကျွန်မ လိုက်ပို့မယ်လေ၊ လမ်းလည်း ကြုံနေတာပဲ။ ဖီလာဒဲလ်ဖီးယားကို သွားရမယ်ဆိုရင်..."

သူ ခဏ ဆိုင်းပြီးမှ စကားဆက်သည်။

"ခွဲစိတ်ဖို့ကိစ္စ ကျွန်မ စဉ်းစားပြီးပါပြီ။ ဆရာကသာ ကျွန်မကို ငွေထုတ်ချေးဖို့ စိတ်မပြောင်းသေးဘူးဆိုရင်..."

"စိတ်မပြောင်းသေးဘူးဆိုရင် ဟုတ်လား၊ မပြောင်းပါဘူးဗျာ။ ကျုပ်က ဝမ်းသာအားရ လုပ်ပေးချင်နေတာပါ"

ပြောလို့ပြောလိုက်ရသော်လည်း တစ်ခုခုကို တွေးကြောက်နေသလိုလို။

နောက်နှစ်ပတ်အကြာတွင် သူတို့နှစ်ယောက်ကို အယ်လ်ရီနိုဘူတာသို့ မက်ဆွဲလ် လိုက်ပို့သည်။ ရထားထွက်ခါနီးမှ မက်ဆွဲလ်က ယူလာကို စာအိတ်တစ်လုံး ထုတ်ပေးသည်။

"ရော့ ယူလာ၊ ပိုက်ဆံအလုံအလောက်ပါတယ်။ အဝတ်အစားဝယ်ဖို့လည်း သတ်သတ်ထည့်ပေးလိုက်တယ်။ မင်းအတွက် လိုမယ်ထင်လို့လေ"

ယူလာက သူ့ကို ပွေ့ဖက် နှုတ်ဆက်လေမည်လားဟု မက်ဆွဲလ် ထင်လိုက်သည်။ နောက်ဆုံး ယူလာသူ့ကိုယ်သူ ထိန်းပြီး

"ဆရာ့ ကျေးဇူးတွေ ကျွန်မ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးဆရာရယ်၊ ဆရာဟာ သိပ်ကြင်နာတတ်တဲ့ဆရာပါ"

ပြောပြီး ရထားပေါ် ပြေးတက်သွားသည်။ ဆတ်မိုလ်၏

www.burmeseclassic.com

www.burmeseclassic.com



ခရာတွတ်သံ ထွက်လာတော့မှ ရေချယ်က အဖေလုပ်သူကို ဖက်ပြီး ငိုသည်။

"သမီးကို ခွင့်လွှတ်ပါ ဖေဖေ၊ ယူလာ ပြောတာ မှန်ပါတယ်။ ဖေဖေဟာ သိပ်ကြင်နာတတ်တဲ့ အဖေတစ်ယောက်ပါ။ သမီးထက်တော်တဲ့သမီးမျိုး ဖေဖေ ရသင့်ပါတယ်"

"အို သမီးထက်တော်တဲ့ သမီး ဘယ်မှာရှိနိုင်ပါ့မလဲကွယ်။ ကဲ ... တိတ်တိတ်၊ တက်တော့ ... ယူလာ့ကို ဂရုစိုက် ခေါ်သွားပါကွယ်"

ရထားခေါင်းတွဲမှ ဥသြဆွဲသံနှင့်အတူ ရထားဘီးစဆွဲသည့် အသံတွေ ထွက်လာသည်။ မက်ဆွဲလ်က ပလက်ဖောင်း အစွန်းထိလျှောက်သွားပြီး "အားလုံး ကံကောင်းပါစေကွယ်" ဟု နှုတ်ဆက်လိုက်သည်။ စိတ်ထဲကမူ သူတို့နှစ်ယောက်ကို အပြီးအပိုင် နှုတ်ဆက်လိုက်ခြင်းများလားဟု သံသယဖြစ်လျက် ရှိသည်။

*

ဟေယိုအကြီးအကဲ အဘိုးအိုကို ခြံရုံလျက် ဝိုင်အိုမင်းသို့ ခရီးဆက်နေကြသည့် အင်ဒီယန်တစ်စုသည် အနောက်ပိုင်း ချီယင်နီသို့ အဘိုး အသက်မကုန်မီရောက်ဖို့ အားခဲထားကြ၏။

သို့သော် အဘိုးအိုသည် တစ်နေ့တခြား အင်အား ကုန်ခန်းလျက်ရှိသည်။ နောက်ဆုံးတွင် ကိုဘီတို့ လှူငယ်တစ်သိုက် မတွဲဘဲ ရထားပေါ်မှ မဆင်းနိုင်တော့ပေ။

တစ်လမ်းလုံး မျက်စိမှိတ်ပြီး လိုက်လာသည်။ ဘိုးဆဉ်ဘောင်ဆက်က အမဲလိုက်ခဲ့သည့် ဒေသထဲ ရောက်လာသည့်အခါ ငယ်ငယ်က ကျွဲရိုင်းပစ်ခဲ့သည့် မြင်ကွင်းများ ရေးရေးပြန်ပေါ်လာ



သည်။ တစ်နေရာရောက်လျှင် ကြည့်ဖို့ အမြင်အာရုံကို ချွေတာစုဆောင်းသည့်အနေဖြင့် မျက်စိမှိတ်လိုက်လာခြင်း ဖြစ်၏။ လေပွေမြစ်နားရောက်တော့ အဘိုးအို အခြေအနေ ပိုဆိုးလာသည်။ ကျွဲချိုတောင်တန်းကို ရောက်လျှင် သူ မျက်စိဖွင့်ကြည့်ဖို့ စိတ်ကူးထားသည်။

ဘယ်နေရာတွင် ရပ်ရမည်ကို အဘိုးအိုက သူ့လူတွေအား အတိအကျ ညွှန်ကြားထားသည်။ ကျွဲရိုင်းတွေ သိန်းနှင့်ချီ ရှိသည့်နေရာ။ စားလို့မကုန်နိုင်သည့် စားကျက်မြက်တောများ လွှမ်းသည့် တောင်ကြား။

လေပွေမြစ်နားမှ အဘိုးအိုရပ်ခိုင်းသည့် တောင်ကြားကို ရောက်တော့ အရုဏ်တက်ချိန်ဖြစ်သည်။ အိုကလာဟိုးမားနယ်ထဲမှ သူတို့ထွက်လာခဲ့သည်မှာ သုံးပတ်ကြာခဲ့ပြီ။ နတ်ဆရာ 'သံချပ်ကာအကျႌ'နှင့် ကိုဘီတို့နှစ်ယောက်က အဘိုးအိုကို လှည်းပေါ်မှ တွဲချကြသည်။

အဘိုးအို၏ ရှေ့တွင် နွေဦးရာသီ တောင်ကြားဒေသသည် ချွန်းစိုစိမ်းလန်း၍ နေလေသည်။ အဘိုးအိုက သက်ပြင်းတစ်ချက်ချပြီး မျက်စိဖွင့်ကြည့်လိုက်သည်။ အရိုးပြိုင်းပြိုင်းကျနေသည့် သူ့ဘစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားအောင် အဘိုးအို စိတ်လှုပ်ရှားသွားသည်။ လက်နှစ်ဖက်စလုံး မြှောက်လိုက်ပြီး

"ဟိုမှာကြည့်စမ်း ... သူတို့ ပြန်ရောက်လာကြပြီ" ကိုဘီနှင့် 'သံချပ်ကာအကျႌ' ကို ဆွဲပြီး ရှေ့တစ်လှမ်းတိုးလိုက်သည်။ သူတို့ရှေ့မှတောင်ကြားတွင် ကျောက်ဆောင်တွေ ချုံပုတ်တွေမှလွဲပြီး ဘာမျှမရှိ။

"ကြည့်စမ်း၊ သူတို့ ပြန်ရောက်လာကြပြီ၊ ဟော အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲဟေ့ ... ရေတောင်မရေနိုင်ဘူး"

ပြောပြီး သူ လဲကျသွားသည်။ မြေးဖြစ်သူ 'ရေကြက်မ' က ပြေးလာပြီး အဘိုးကိုဆွဲထူသည်။ "အဘိုး၊ ထ ... ထ၊ ဘယ့်မှာလဲ၊ ကျွဲရိုင်းလည်း တစ်ကောင်မှ မရှိဘဲနဲ့၊ လာပါ အဘိုးရယ်၊ လှည်းပေါ်ပြန်တက်ပါ"

ကိုဘိုက ကူတွဲပြီး

"နေပစေ ရေကြက်မ၊ အဘိုးကို လွှတ်ထားလိုက်"

ဟေယိုအကြီးအကဲ အဘိုးအိုက အော်ပြန်သည်။

"ဟိုမှာ ... ကျွဲတွေ အများကြီးပဲ၊ မင်းမမြင်ဘူးလား ကျိုးကန်းလေး"

"ဟုတ်တယ် အဘိုး၊ ကျွန်တော် မြင်ပါတယ်။ ကျွဲရိုင်းတွေမှ အများကြီးပဲ"

"ကျွဲရိုင်းတွေ ပြန်ရောက်လာကြပြီ။ ငါကလေးတွေ ဘယ်တော့မှ မငတ်တော့ဘူး"

အဘိုးအို ကျေနပ်သွားသည်။ သက်ပြင်းချလိုက်၏။

"သူတို့ ပြန်အလာကို ငါစောင့်နေတာ၊ ခု ငါသေပျော်ပြီ။ ငါ ပျော်ပျော်ကြီး သေနိုင်ပြီ"

နောက်နှစ်လကြာသွားသည့်တိုင် သူ မသေသဖြင့် သူ့လူတွေ အံ့ဩမဆုံး ဖြစ်ကြရသည်။ သို့သော် အိပ်ရာထဲမှ လုံးလုံး မထနိုင်တော့။ မျက်စိ လုံးဝကွယ်သွားပြီ။ တဖြည်းဖြည်း ခန်းခြောက် ကြုံလှီလာ၏။ ဩဂုတ်လထဲရောက်လာတော့ တစ်နေ့တွင် အိပ်နေရင်း ခွေခွေကလေး အသက်ကုန်သွားသည်။ နောက်ဆုံးထွက်သက်ရှူထုတ်ချိန်တွင် ကိုဘိုသည် အဘိုးအား စောင့်ကြည့်နေခဲ့သည်။



"နှုတ်ဆက်ပါတယ် အဘိုး၊ အဘိုးရဲ့လမ်းခရီး ဖြောင့်ဖြူးပါစေ" ဟုနှုတ်ဆက်လိုက်၏။

*

အယ်လ်ရီနိုဘူတာသို့ ယူလာ့ကို နောက်ဆုံးတွေ့လိုက်ရပြီး နောက်သုံးပတ်အကြာတွင် တစ်ခေါက်ထပ်လာခဲ့ရပြန်သည်။ သည်တစ်ခေါက်က သူ့ကိုကြိုဖို့ဖြစ်၏။ ပလက်ဖောင်းတွင်ရပ်ပြီး ခရီးသည်တွေကြားမှာ ယူလာ့ကို ရှာကြည့်သည်။ မတွေ့။ သူရထားမမီလိုက်လို့များလား။

ပလက်ဖောင်းပေါ်တွင် လူရှင်းသွားပြီ။ အမျိုးသမီးငယ်တစ်ယောက်က မက်ဆွဲလ်ကို ရပ်စောင့်နေသည်။ သူ့ကို ဆရာမက်ဆွဲလ် မှတ်မိချိန်ကို စောင့်နေခြင်းဖြစ်၏။ အမျိုးသမီးက မက်ဆွဲလ်ကို ဆက်ကြည့်နေ၏။ မက်ဆွဲလ်က သူ့ကို ကျော်ကြည့်နေသည်။ ပြီးတော့မှ ဆတ်ခနဲ တစ်ချက်ငဲ့ပြီး ပြန်ကြည့်သည်။ ဤတွင် မှတ်မိသွား၏။ အထိတ်တလန့် ဖြစ်သွားပုံလည်း ရ၏။

ယူလာ များလား၊ ဟုတ်နိုင်ပါ့မလား။ ယူလာနှင့် ရွယ်တူလောက်ရှိမည့် အမျိုးသမီးတစ်ယောက်။ အဝတ်အစားက အထက်တန်းကျကျ။ ဆံပင်ကို အုပ်လုံးသိမ်းတင်ပြီး ဦးထုပ်ကလေး ဆောင်းထားသည်။ မျက်လုံးက စိမ်းလဲ့လဲ့။ နှာတံစင်းစင်း၊ နှုတ်ခမ်းအစုံက ပြုံးတော့မယောင်ယောင်။ သူလုပ်နေကျ ပုံစံအတိုင်း လက် တစ်ဖက်နှင့် နှုတ်ခမ်းကို ကွယ်လိုက်မှ မက်ဆွဲလ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ကြည့်စမ်း ... ကြည့်စမ်း ... မင်းကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ၊ ယူလာပါ"

မက်ဆွဲလ် ရှေ့တိုးသွားသည်။ သူ့နှုတ်ခမ်းကို အနီးကပ်ကြည့်သည်။ ယူလာ ခေါင်းကလေးငုံ့သွားတော့ မက်ဆွဲလ်က လက်ညှိုးကလေးနှင့် သူ့မေးစေ့ကို ပင့်တင်လိုက်သည်။

နှာခေါင်းအောက်တွင် ပန်းနုရောင်အရေးအကြောင်းကလေးကို ရေးရေးမြင်ရ၏။ သာမန်ကြည့်လျှင်မူ မြင်နိုင်မည်မဟုတ်ပေ။ မြင်နိုင်လျှင်လည်း သူ့ကို တစ်ချိန်က နှုတ်ခမ်းကွဲမကလေးဟု ဘယ်သူမှ သိနိုင်မည်မဟုတ်ပေ။

မက်ဆွဲလ်တစ်ယောက် ပြောစရာစကားလုံး မနည်းရှာနေရသည်။

"အင်း အံ့ဩကုန်နိုင်ပါပဲကွယ်ရို့၊ ကြိုဆိုပါတယ် ယူလာ"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကဲ ... သွားကြစို့၊ ပေး ... ဆရာဆွဲခဲ့မယ်"

မက်ဆွဲလ်က သူ့အိတ်ကိုဆွဲပြီး မြင်းလှည်းဆီသို့ လျှောက်သွားသည်။ ယူလာက ထုံးစံအတိုင်း နောက်မှ ရို့ရို့ကလေး လိုက်မည်ပြုတော့ မက်ဆွဲလ်က စောင့်ခေါ်ပြီး သူ့လက်မောင်းကို တွဲကာ မြင်းလှည်းပေါ်တင်ပေးသည်။ ပြီးတော့ မယုံနိုင်စရာ ပြောင်းလဲမှုကို ကြည့်ပြီး မက်ဆွဲလ်တစ်ယောက် ခေါင်းတယမ်းယမ်းဖြစ်နေသည်။

အပြန်လမ်းတွင် မက်ဆွဲလ်က ဖိလာဒဲလ်ဖီးယားအကြောင်း မေးသည်။ ယူလာက ခပ်တိုတိုပင်ဖြေသည်။

"သိပ်လှတဲ့မြို့ကြီးပါ ဆရာ၊ အရမ်းစည်ပါတယ်"

"မင်းအဲဒီမှာ နေချင်စိတ် ပေါ်မလာဘူးလား"

"ရှင် မပေါ်ပါဘူး ဆရာရယ်၊ ကျွန်မ ဒီမှာပဲ ပျော်ပါတယ်၊ အိုကလာဟိုးမားဟာ ကျွန်မရဲ့ပြည်နယ် ဖြစ်နေပါပြီ"



မက်ဆွဲလ်က မြင်းလှည်းပင်းကို ဇက်ကြိုးဖြင့် ပုတ်ရင်း

"မင်းကို အမှန်အတိုင်း ဆရာ ပြောပါ့မယ်၊ မင်း ပြန်ရောက်လာတဲ့အတွက် ဆရာ အရမ်းဝမ်းသာနေတယ် ယူလာ"

'အိမ်ပြန်လာတဲ့အတွက်' ဟု ပြောမည်ပြုပြီးမှ ပြင်ပြောလိုက်ခြင်းဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မလည်း ပျော်ပါတယ်"

ဆရာမက်ဆွဲလ် ရင်ထဲ နွေးသွားသည်။ ပြီးတော့ ခပ်ဟက်ဟက်ကလေး ရယ်လိုက်သည်။ ယူလာက သူ့ကို စိုက်ကြည့်ပြီး အဓိပ္ပာယ်နားမလည်သည့် အမူအရာ ပြသောအခါ ဆရာမက်ဆွဲလ်က

"ဆရာ တွေးနေတယ် ယူလာ၊ မြို့ကလူတွေ မင်းကို တွေ့တဲ့အခါ ဘယ်လို ဖြစ်သွားကြမလဲလို့"

ပြောလို့သာ ပြောလိုက်ရသည်။ မြို့ကလူတွေ သူ့လို ဖြစ်ကြမည်ကို မက်ဆွဲလ် သိပြီးသားဖြစ်ပါသည်။ ပထမ သူတို့ အံ့ဩမဆုံး ဖြစ်သွားကြမည်။ ပြီးတော့ သူ့နည်းတူ ကြည်နူးသွားကြမည်။ သို့သော် သူတို့နှင့်မိမိ ခြားနားချက် ရှိသည်ကို မက်ဆွဲလ် သိနေသည်။ မိမိက ယူလာ၏အပြောင်းအလဲ တစ်ခုတည်းကြောင့် ရင်သတ်ရှုမော ဖြစ်နေခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် တိမ်းတိမ်းမွေမွေ ဖြစ်နေသည့်အတွက် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ဖြစ်နေခြင်းက ခြားနားချက်ဖြစ်သည်။

ဆရာမက်ဆွဲလ်သည် အထီးကျန်ဘဝမှ လွတ်မြောက်လာသူလို ပျော်ပျော်ရွှင်ရွှင် ဖြစ်နေ၏။ သူလျှောက်နေသည့် ခြေလှမ်းများသည် သွက်လက်မြူးကြွနေ၏။ သူ ရွှင်ရွှင်ပျပျ ဖြစ်နေသည်ကို ကြည့်ပြီး လူတွေတအံ့တဩ ဖြစ်နေကြသည်။ ကျွန်မက်ဆွဲလ်

www.burmeseclassic.com

www.burmeseclassic.com



သည် စိတ်လှုပ်ရှားနေ၏။ ပျော်ရွှင်နေ၏။

သည်လို သူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားခြင်း အကြောင်းရင်းမှာ အချစ်ကြောင့်ဖြစ်လေသည်။ သို့သော် သူ့ကိုယ်သူ မသိ။ ယူလာ ပြန်ရောက်လာပြီး သုံးပတ်ကျော် ကြာသည့်အချိန် အထိ သူမသိ။

တစ်နေ့တွင် ရုံးခန်းပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့် နေစဉ် ဈေးဝယ်ထွက်လာသော ယူလာကို လှမ်းမြင်ရသည်။ စတိုး ဆိုင် တစ်ဆိုင်ရှေ့တွင် နွားကျောင်းသားတစ်ယောက်နှင့် စကား ပြောနေသည်။ နွားကျောင်းသားက ငယ်ငယ်ချောချော။ ယူလာ လက်ထဲမှ အထုပ်အပိုးတွေကို ကူသယ်ပေးဖို့ ပြောနေသည်။ သို့ သော် ယူလာက ခေါင်းယမ်းပြီး ငြင်းသည်။ မျက်နှာကမူ သည် လို အရေးတယူ ဆက်ဆံခံရ၍ ကျေနပ်နေပုံ။

သည်မြင်ကွင်းသည် မက်ဆွဲလ်အား အူနှကျွဲခတ်သလို နာကျင်စေ၏။ အင်း ... တစ်နေ့နေ့မှာ သူ့ကို ငါဆုံးရမှာပါလား။ သည်တော့မှ ယူလာအား ချစ်နေမိပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ဝန်ခံမိခြင်းဖြစ်သည်။

ယူလာကမူ အိမ်ဖော်ဘဝတွင်ပင် တင်းတိမ်ရောင့်ရဲလျက် ရှိသည်မှာ သိသာနေ၏။ သည်ဘဝမှနေပြီး ဆရာ့ကို တစ်သက် လုံး ကျေးဇူးဆပ်သွားလျှင်ပင် ကုန်အံ့မထင်ဟု ယုံကြည်ထား၏။

ဆရာကြိုက်တတ်သည့် အစားအစာများကို ရှာဖွေချက် ပြုတ်သည်။ ညညတွင် ဝတ္ထုစာအုပ်ဖြစ်စေ၊ သတင်းစာဖြစ်စေ ဆရာ ဖတ်ပြလျှင် ယူလာ စိတ်ဝင်တစား နားထောင်သည်။ အလေးအနက် မှတ်သားသည်။ ဆရာနှင့်စကားပြောလျှင် ယူလာ့အသံ ချိုလွင်နေ၏။

မည်သို့ပင်ရှိစေ ကျေးဇူးတရားတစ်ခုတည်းနှင့် သူ့ကို



တစ်သက်လုံး ချည်နှောင်ထား၍ ရနိုင်မည် မဟုတ်ကြောင်း မက်ဆွဲလ် သဘောပေါက်ပါ၏။ ဒါဆို ဘာလုပ်ရပါမည်လဲ။

သည်ပြဿနာကို ဖြေရှင်းပေးလာသူက မစ္စက်ပေါ်ဂျီမေယာ ဖြစ်သည်။ အလွန်အလုပ်များသည့် အမျိုးသမီးကြီးက တစ်နေ့တွင် မက်ဆွဲလ်၏ ရုံးခန်းသို့ ရောက်လာသည်။

လူရှိသေရှင်ရှိသေ ကျောင်းအုပ်ဆရာကြီး တစ်ယောက် အနေဖြင့် အိမ်ဖော်ချောချောကလေးနှင့် နှစ်ယောက်တည်းနေခြင်း မှာ မတင့်တယ်ကြောင်းဖြင့် အလေးအနက် ဆွေးနွေးလာသည်။

ဟိုယခင်က ပြဿနာမရှိခဲ့သော်လည်း ယခုအခြေအနေ အချိန်အခါတွင် လူတွေက ပြောလာပြီဖြစ်ကြောင်းများကို အဓိက ထား ပြောလာ၏။

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမှာတုန်း။ သူ့ကို အလုပ် ဖြုတ်ပစ်လိုက်ရမှာလား"

"ဟာ... မဟုတ်တာ၊ ဆရာ သူ့ကိုလက်ထပ်ရမှာရှင့်"

ဂျွန်မက်ဆွဲလ် အမျိုးမျိုးစဉ်းစားမိသည်။ အသက်ကွာလွန်း ခြင်းက တံတိုင်းကြီးလို တားဆီးနေ၏။ တစ်နေ့တွင် သည်အတား အဆီးကို ဖြတ်သန်းဖို့ အခြေအနေဖန်လာလေသည်။

တစ်ညနေ အိမ်ပြန်ရောက်တော့ မီးဖိုထဲတွင် ထင်းရှူးသေတ္တာ တစ်လုံးထဲကို ငုံ့ကြည့်နေသည့် ယူလာကိုတွေ့ရသည်။ သေတ္တာ ထဲတွင် ကြက်ပေါက်စကလေး ခြောက်ကောင်။

"ညက သူတို့အမေကို တောကြောင်ဝင်ဆွဲသွားတယ် ဆရာ၊ သူတို့ကို အိမ်ထဲမှာ ခဏခေါ်ထားမလားလို့၊ ကြက်ခြံထဲမှာ သိပ် ချမ်းမယ်လေ၊ အမေ မရှိတော့ သူတို့ အကာအကွယ်မဲ့နေကြတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ယူလာက ကြက်ကလေးတစ်ကောင်ကို လက်ဝါးထဲ ယူထည့်တော့ ကြက်ပေါက်ကလေးက သူ့လက်ဝါးကို နှုတ်သီးပျော့ပျော့ကလေးဖြင့် ဆိတ်နေသည်။

ယူလာက ပြုံးပြီး

"သနားစရာကလေး ဆရာရယ်၊ ကြည့်ပါဦး ဘယ်လောက်ချစ်ဖို့ကောင်းလဲ"

မက်ဆွဲလ်က သူ့နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ယူလာက သူ့လက်ဝါးထဲသို့ ကြက်ကလေးတစ်ကောင် ယူပြီးထည့်ပေးလိုက်သည်။ ပြီးတော့ ပြောင်းဖူးမှုန့်နည်းနည်းပါ ထည့်ပေးလိုက်၏။ ကောက်ကာကောက်ကာ စားတော့ မက်ဆွဲလ်၏လက်ဝါးသည် ယားကျိယားကျိ ဖြစ်လာသည်။

"ယူလာ မင်း ဆရာ့ကို လက်ထပ်နိုင်မလားဟင်"

အစီအစဉ်မရှိ၊ နိဒါန်းမပျိုးဘဲ နှုတ်မှထွက်သွားခြင်း ဖြစ်သည်။ ယူလာ လန့်သွားသည်။ မျက်နှာတစ်ပြင်လုံး ရဲတက်သွား၏။

"ဆရာ... ဆရာ ဘာပြောလိုက်တာလဲဟင်"

မက်ဆွဲလ်က ကြက်ကလေးကို သေတ္တာထဲ ပြန်ထည့်ရင်း

"သိပါတယ်၊ ဆရာသိပါတယ်။ ဆရာက အသက်ကြီးပြီ၊ ငါးဆယ့်တစ်နှစ်ရှိပြီ။ မင်းက နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ မင်း လက်မခံနိုင်ဘူးဆိုရင် ဆရာ နားလည်နိုင်ပါတယ် ယူလာ"

ကြိုတင်စိုးရိမ်ခဲ့သည့်အတိုင်း ဖြစ်လာခြင်းပင်။ ငါ တော်တော်တုံးပါလားဟု မက်ဆွဲလ် သူ့ကိုယ်သူ ဒေါပွလျက်ရှိသည်။

ယူလာက နောက်ဆုံးတွင် ဣန္ဒြေဆည်လိုက်နိုင်ပြီး လက်ထဲမှ ကြက်ကလေးကို သေတ္တာထဲ ပြန်ထည့်သည်။ လက်ဝါးထဲမှ ပြောင်းဆန်မှုန့်တွေခါပြီး ပြန်ပြောတော့ အသံတွေတုန်နေသည်။



"ယူလာ့ဘဝမှာ ဒါလောက် ဂုဏ်ယူစရာကောင်းတဲ့ အဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံဖူးပါဘူး ဆရာ"

မက်ဆွဲလ် သူ့နားသူ မယုံသလိုဖြစ်သွားသည်။

"မင်း တကယ်ပြောတာလားဟင် ယူလာ"

"ဟုတ်ကဲ့ပါ ဆရာ"

ယူလာက ပြောပြီး မျက်လုံးချင်းမဆိုင်ရဲသဖြင့် ခေါင်းငုံ့ထားလိုက်သည်။

မက်ဆွဲလ်က ချစ်သူတို့ဘာဝ ပြောရမည့်စကားလုံးများကို မေ့သလောက်ဖြစ်နေပြီ။ နောက်မှ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်စွာဖြင့် စကားလုံး ရှာတွေ့သွားသည်။

"ဒါဆို မင်း ကိုယ့်ကို ဆရာ၊ ဆရာလို့ ခေါ်မနေနဲ့တော့နော်၊ ဂျွန်လို့ပဲခေါ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"

ပြောပြီးမှ ပြုံးပြုံးကလေးနှင့် ပြင်ခေါ်သည်။

"ဟုတ်ကဲ့ပါ ဂျွန်"

မက်ဆွဲလ် ထရပ်သည်။

"အင်း ... လုပ်စရာတွေ အများကြီးဖြစ်လာပြီ ယူလာ၊ ဘယ်တော့လဲ ဘယ်မှာလဲ စသည်ဖြင့်ပေါ့"

မက်ဆွဲလ်က ပြောပြောဆိုဆို ယူလာ့လက်ကလေးကို ဆွဲပြီး ထရပ်စေလိုက်သည်။

"ပြီးတော့ မင်္ဂလာခရီး ဘယ်ကိုထွက်မလဲ၊ ဘာညာဘာညာပေါ့၊ မင်း ဘယ်ကို သွားချင်လဲဟင်။ နယူးအော်လီယန်းကို သွားမလား၊ ဆန်ဖရန်စစ္စကို သွားမလား"

ယူလာ မျက်နှာပျက်သွားသည်။ စိတ်လှုပ်ရှားစွာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စကားဖောင်နေရာမှ မက်ဆွဲလ် အထိတ်တလန့်နှင့် တုံ့သွားသည်။

"ဘာဖြစ်လို့လဲဟင် ယူလာ"

ယူလာခမျာ ရှက်လွန်းသဖြင့် မျက်နှာကလေး နီရဲလာပြန်သည်။

"အဲဒါတွေ... အဲဒါတွေ မပြောခင်..."

"ဘာလဲဟင်၊ ပြောလေ ယူလာ။ မင်း ဘာမှမကြောက်နဲ့ ပွင့်ပွင့်လင်းလင်းပြော"

ယူလာက သူ့ခါးစည်းရေခံကို အတွန့်ဖြေရင်း

"ဟို... ဟိုလေ... ယူလာ တစ်ခါမှအနမ်းမခံဖူးဘူး"

ဘာပြောရမှန်း မသိဘဲ မက်ဆွဲလ် ငေးကြောင်ကြောင်ဖြစ်သွားသည်။ ပြီးမှ ရင်ထဲက အလုံးကြီးကျသွားသလို သက်ပြင်းချလိုက်ပြီး သူကလေးကိုဆွဲယူထွေးပိုက်ကာ နှုတ်ခမ်းအစုံကို ယုယုယယ နမ်းလိုက်သည်။

ပြီးမှ လှိုင်းထနေသည့် အသံကလေးဖြင့် ယူလာ မောမောပန်းပန်း ပြောရှာသည်။

"သိပ်ကို ပျော်စရာကောင်းတာပဲနော်၊ ယူလာ ရင်တွေ တုန်လိုက်တာ ရှင်ရယ်"

*



## အခန်း (၁၁)

နွေရာသီ ကျောင်းပိတ်ရက်များတွင် အိမ်မပြန်ဖို့ ရေချယ် ဆုံးဖြတ်ထားသည်။ သည်လို နွေရာသီတွင် ကျောင်းဆက်တက်ခြင်းဖြင့် လေးနှစ်အစား သုံးနှစ်ဖြင့် ဘွဲ့ရမည်ဖြစ်သည်။ သည်လို ဆုံးဖြတ်ချက်ချဖြစ်ခြင်းမှာ အဖေ့စာထဲမှ ကိုဘီသတင်းကြောင့် ဖြစ်သည်။

ကိုဘီသည် ဟေယို့အကြီးအကဲနှင့်အတူ ဝိုင်အိုမင်းခရီးထွက်ပြီး နောက်ပိုင်းတွင် ကွန်မင်ချီအင်ဒီယန်တွေနှင့်အတူ သွားနေနေပြီဖြစ်ကြောင်း သိရသည်။

ကိုဘီသည် အင်ဒီယန်လုံးလုံး ဖြစ်သွားခြင်းပင်။ ဒါဆို ရေချယ် ဘာဆက်လုပ်ရပါမည်လဲ။ ကိုယ့်ဘဝခရီး ကိုယ်ဆက်လျှောက်ရုံပဲပေါ့။ ကျောင်းတွင် တစ်ဆက်တည်းနေပြီး ၁၉၈၆ ခုနှစ် ဇွန်လတွင် ဘွဲ့ယူမည်။ အိုကလာဟိုးမားကို ပြန်ရောက်လျှင် ဘဝသည် တည်ငြိမ်နေလောက်ပြီ။ အဲဒီအချိန်ဆို ဆယ့်ရှစ်နှစ်ပြည့်ပြီလေ။

ကလန်ကလားနှင့် တောမကျမြို့မကျ ပုံမျိုးမဟုတ်တော့ဘဲ လူ့ကြွေးသိက္ခာနှင့် မြို့ကြီးသူတို့၏ ဆင်ယင်ထုံးဖွဲ့မှုမျိုးဖြင့် အတင့်အတယ်နေရတော့မည်။ သည်အချိန်လောက်ဆို မျက်နှာပေါ်မှ မှဲ့ယင်ချေကလေးတွေ ပျောက်သွားပြီး မျက်လုံးညိုတွေလည်း ပိုပြီး အရောင်တောက်လာတော့မည်။

*

ဆရာကြီးမက်ဆွဲလ်သည် သမီးဘွဲ့ယူ အခမ်းအနားသို့ တက်ရောက်ရန် စိန့်လူးဝစ်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဘဝ ရောက်ရှိနေသော်လည်း ယခုတိုင် သူ့ကိုယ်သူ သိမ်ငယ်စိတ် ဝင်နေသေးသော ယူလာကို ဘယ်လိုမှ ခေါ်လို့မရ။

ဂူသရီတွင် ရထားက နှစ်နာရီရပ်မည်။ ရေချယ်က ဘူတာတွင် လာတွေ့ဖို့ သူ့အစ်ကိုဆီ သံကြိုးပို့ထားသည်။ ဘူတာရုံသို့ ရထားဆိုက်တော့ ဒက်စတာက ပလက်ဖောင်းပေါ်တွင် အဆင်သင့် စောင့်နေသည်။

သူတို့မိသားစုတွေ့ဆုံပွဲမှာ သိပ်လှုလှုပပ မရှိလှပေ။ ဒက်စတာဘက်မှ ပို၍ အဆင်မပြေဖြစ်နေ၏။ သို့သော် ရေချယ်က အလွန်အမင်း ရုပ်မဆိုးအောင် ထိန်းသွားသည်။ အစ်ကိုလုပ်သူကို ချစ်ခင်စွာ ပါးကိုပုတ်နှုတ်ဆက်ပြီး

"ကြည့်စမ်း၊ တို့ အစ်ကိုကို ဒါလောက်ချောလာမယ် မထင်ဘူး၊ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပြီပေါ့လေ။ ဘာဖြစ်လို့ မိန်းမ မယူသေးတာလဲ"

ဒက်စတာက ကြိုးစားပြီးပြုံးရင်း

"အဲဒါလောက်လည်း မဟုတ်ပါဘူးဟာ၊ နင့်ကိုယ်နင်ကော ပြန်ကြည့်ပါဦး၊ ထွားလာလိုက်တာ။ အင်း အဲဒီအဝတ်အစားနဲ့ နင် သိပ်လိုက်တာပဲ၊ တကယ်လှနေတာ"

ရေချယ်က နောက်တစ်လှမ်းနစ်လှမ်း ဆုတ်ပြီး

"တကယ်လား၊ သေသေချာချာ ကြည့်ပါဦး"

ရေချယ်က မီးခိုးရောင်ဝတ်စုံ ဝတ်ထားသည်။ ဦးထုပ်တွင် ငှက်တောင်ကြီးတစ်တောင် စိုက်ထားသည်။

—"ရထားက နှစ်နာရီကြာမယ် ဟုတ်လား၊ နင် ဘာလုပ်ချင်လဲ ရေချယ်"

ဒက်စတာက မေးသည်။



"ဖေဖေက ဘာလုပ်ချင်လဲ မသိဘူး၊ ဒက်စတာက ဒီမြို့ကလေးကို ရေချယ့်လိုက်ပြ။ ရေချယ် အညောင်းဆန့်ချင်တယ်"

"ဘာ... မြို့ကလေး ဟုတ်လား။ အေးလေ၊ စိန်လူးဝစ်လောက်တော့ မကြီးဘူးပေါ့။ ဒါပေမဲ့ ဒီမှာ ကဇာတ်ရုံတွေ ဘာတွေ ရှိနေပြီနော်"

"ဟုတ်လား၊ လျှောက်ကြည့်ရအောင်လား ဖေဖေ"

"သမီးတို့မောင်နှမ သွားကြလေ၊ ဖေဖေ ဘီယာအေးအေး လေးသောက်ပြီး နားနေမယ်။ ရထားက သုံးနာရီနှစ်ဆယ်မှာ ထွက်မှာနော်၊ နောက်တော့ မကျစေနဲ့"

မက်ဆွဲလ်မပါတော့ ဒက်စတာတစ်ယောက် ပိုပြီးလွတ်လပ်သလို ဖြစ်သွားသည်။ မောင်နှမနှစ်ယောက် ဟာရစ်ဆင်အုတ်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းပေါ်က လူတွေ ရေချယ့်ကို ငေးကြည့်နေကြသည်ကို သတိထားမိတော့ ဒက်စတာ ဂုဏ်ယူချင်သလိုလို ဖြစ်လာသည်။

"ခု ဒက်စတာက ရဲအုပ်ဖြစ်နေပြီပေါ့လေ"

ရေချယ်က အစ်ကိုလုပ်သူကို အမြတ်တနိုးကြည့်ပြီး မေးလိုက်သည်။

"ရိုးရိုးရဲအုပ် မဟုတ်ဘူး ရေချယ်၊ အထူးတာဝန်နဲ့ နေရတဲ့ ရဲအုပ်များ။ ကျုပ်က ရှယ်လ်ဘီဟွန်းဘက်ရဲ့ သက်တော် စောင့်လေ"

"ရှယ်လ်ဘီဟွန်းဘက် ဟုတ်လား၊ သူက ဘာမို့ သက်တော်စောင့်လိုရတာလဲ"

"ဟ ... နင် ဒါလောက်မှ မသိဘူးလား ရေချယ်၊ သူလို သူမျိုးဟာ ရန်သူများတယ်လေ။ ရီပတ်ဘလစ်ကန်တွေက သူ့ကို သတ်ချင်နေတာ။ ပြည်နယ်ဖြစ်လာရင် သူက အုပ်ချုပ်ရေးမှူးချုပ်ရဖို့

www.burmeseclassic.com

www.burmeseclassic.com



သချာသလောက် ဖြစ်နေတယ် မဟုတ်လား။ ဟိုမှာကြည့်…"

သူက လမ်းတစ်ဖက်မှ သုံးထပ်တိုက်ကြီးကို ညွှန်ပြသည်။

"အဲဒါ ဟွန်းဘက်အဆောက်အအုံပဲ၊ ဂူသရီမှာ အကြီးဆုံး ရုံးကြီးပေါ့။ အထဲဝင်ကြည့်မလား။ ငါလိုက်ပြမယ်လေ"

"အင်း … ကြည့်ချင်တယ်"

သူတို့မောင်နှမ လမ်းဖြတ်ကူးလာခဲ့ကြသည်။ သို့သော် ရုံးအဆောက်အအုံထဲ မဝင်မီ ထိုးရပ်လာသည့် ရထားတစ်စီးကို ဒက်စတာ လှမ်းကြည့်လိုက်သည်။

"အဲဒါ မစ္စတာဟွန်းဘက်ရဲ့ ရထားပဲ"

အမိုးက သားရေ၊ ဘီးတွေက အဝါရောင်နှင့် မြင်းနှစ်ကောင် ကရထားကြီး ဖြစ်၏။ သက်တော်စောင့် နှစ်ယောက်က ဒက်စတာကို လှမ်းနှုတ်ဆက်သည်။

သို့သော် ရုံးထဲမှ မစ္စတာဟွန်းဘက် ထွက်လာတော့ သူတို့အားလုံး ငြိမ်သွားသည်။ ခါတိုင်းဆိုလျှင် ဒက်စတာကို ခေါင်းညိတ်ပြဖော်ပင်မရသည့် ပုဂ္ဂိုလ်က ခုတော့ လှမ်းနှုတ်ဆက်သည်။

"ဟေး … ဒက်စတာ"

ရေချယ့်ကို တစ်ချက်ဝေ့ကြည့်ပြီး

"ဒါ မင်းပြောပြောနေတဲ့ မင်းညီမလေးလား"

ဆရာသမားက ထူးထူးခြားခြား ဂရုတစိုက် နှုတ်ဆက်လာတော့ ဒက်စတာခမျာ လျှာခလုတ်တိုက်မိမတတ် အလောတကြီး ပြန်ဖြေသည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ညီမလေး ရေချယ်ပါ၊ ဒီနှစ်မှ အရမ်းထွားလာတာ။ ရေချယ် ဒါ ငါ့ဆရာ မစ္စတာဟွန်းဘက်လေ"

ရှယ်လ်ဘီက ဦးထုပ်အနားကို လက်နှင့်ထိပြီး



"တွေ့ရတာ ဝမ်းသာပါတယ်၊ မစ္စဘင်ဂမ်"

"မစ္စမက်ဆွဲလ်ပါ၊ ကျွန်မအဖေက ဂျွန်မက်ဆွဲလ်ပါ။ ကျွန်မနဲ့ ဒက်စတာက ဖအေတူမအေကွဲ မောင်နှမပါ။ ဒက်စတာ့အဖေက မစ္စတာဘင်ဂမ်ပါရှင်"

"ဟုတ်ကဲ့ မစ္စမက်ဆွဲလ်၊ ဒက်စတာက ဘူတာရုံမှာ သူ့ညီမကလေးကို ခဏသွားတွေ့ပါရစေလို့ ခွင့်တောင်းတော့ ကိုယ်က ကျစ်ဆံမြီးကလေးနဲ့ ဆယ့်နှစ်နှစ်သမီးကလေး အောက်မေ့နေတာ"

ရေချယ်က ပြုံးပြုံးကလေး ပြန်ပြောသည်။

"ထင်သလို မဟုတ်လို့ စိတ်ပျက်သွားရင် ကျွန်မ တောင်းပန်ပါတယ်"

"ဗျာ … စိတ်ပျက်ရမယ် ဟုတ်လား၊ မင်းလို မိန်းကလေးကို ဘယ်သူ စိတ်ပျက်မှာလဲကွယ်"

"ခုလို သဘောထားဖော်ရတဲ့အတွက် ကျေးဇူးတင်မှာပါပဲရှင်"

ဝတ္ထုတစ်ပုဒ်ထဲမှ စာကြောင်းဖြစ်၏။ အသုံးပြုဖို့ စောင့်နေသည်မှာ ကြာပြီ။

"ကျွန်တော် သူ့ကို မြို့ထဲလိုက်ပြမလို့ ဆရာ"

"ဟုတ်လား၊ အတော်ပဲ။ ကိုယ် 'ရွှေတောင်ကုန်း' ကို သွားမလို့"

ရေချယ့်ကိုကြည့်ပြီး ဆက်ပြောသည်။

"ရွှေတောင်ကုန်းဆိုတာ ကိုယ် ခုဆောက်နေတဲ့ အိမ်ကြီးလေ၊ မြို့တောင်ဘက်မှာ။ ရှုခင်းကြည့်ဖို့ဆိုရင် အကောင်းဆုံးနေရာပေါ့"

"ကျေးဇူးတင်ပါတယ် မစ္စတာဟွန်းဘက်၊ ကျွန်မတို့ရထား သုံးနာရီနှစ်ဆယ် ဘူတာအရောက် ပြန်ရမှာဆိုတော့…"

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လ်ဘီက အိတ်ထဲမှ ရွှေနာရီကို ထုတ်ကြည့်ပြီး

"ဟာ ... အချိန်တွေ အများကြီးပါ။ ဆယ်မိနစ်ပဲ မောင်းရမှာလေ၊ ကြည့်ချင်တယ် ဆိုရင်တော့..."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်တို့ ကြည့်ချင်ပါတယ်"

ရေချယ် ခေါင်းညိတ်လိုက်သည်။ ဝတ်ကျေဝတ်ကုန် ညိတ်လိုက်ခြင်း မဟုတ်။ ဒီလူ့ကို ရေချယ်သဘောကျနေပြီ။ အသက်သုံးဆယ့်ငါးနှစ်အရွယ်တွင် ရှယ်လ်ဘီဟွန်းဘက်သည် အထွတ်အထိပ်သို့ ရောက်နေပြီ။ ပြီးတော့ သူက သိပ်ချောသည်လေ။ ပြီးတော့ တောင်ပိုင်းအထက်လွှာ ယဉ်ကျေးမှုအပြည့်။

ရေချယ်က ရှယ်လ်ဘီနှင့် ဒက်စတာတို့နှစ်ယောက်ကြားတွင် ထိုင်သည်။ ဒက်စတာက စကားတွေ ဖောင်လောက်အောင် ပြောလိုက်လာ၏။

"ရွှေတောင်ကုန်းဆိုတာ တောင်ပိုင်း ကာရိုလိုင်းနားမှာ မစ္စတာဟွန်းဘက်တို့ရဲ့ မိသားစုပိုင် ယာတောအိမ်ကြီးရဲ့ နာမည်လေ။ ပြည်တွင်းစစ်ဖြစ်တော့ ယန်းကီးတွေ မီးရှို့ဖျက်ဆီးပစ်လိုက်ကြတယ်တဲ့"

"အို ... ရိုင်းလိုက်ကြတာနော်၊ စိတ်မကောင်းစရာကြီး"

"ခုလို စာနာစိတ်ရှိတာ သိပ်ကောင်းပါတယ်ကွယ်၊ သိပ်လှတဲ့အိမ်ကြီးပေါ့။ ဒါပေမဲ့ ခုဆောက်နေတဲ့ အိမ်ကြီးလည်း ပြီးရင် အဲဒီအတိုင်း နေမှာပါ။ ဟိုမှာလေ ... မင်းသဘောကျမှာပါ"

ရေချယ် သဘောကျပါသည်။ ကင်မရွန်မြစ်ကို မိုးကြည့်နေသည့်အိမ်ကြီးမှာ တောင်ကုန်းအပြည့် ဖြစ်သည်။

"အို ... ကြည်စမ်းပါဦး၊ လှလိုက်တဲ့အိမ်ကြီး"

ရေချယ် တအံ့တသြ ပြောလိုက်မိသည်။ ဝရန်တာပတ်ပတ်လည်နှင့် ဧရာမ နှစ်ထပ်အိမ်ကြီး။ အညိုနုရောင် အုတ်တိုက်ကြီးဖြစ်သည်။ ဆင်ဝင်ကို ကျောက်ဖြူသားတိုင်ကြီးလေးလုံးက ထမ်းထား၏။ 'ရွှေတောင်ကုန်း' အိမ်ကြီးသည် တောင်ကုန်းပေါ်တွင် ရေးဟောင်းရောမ အဆောက်အအုံကြီး တစ်ခုလို တင့်တယ်ခံ့ညားနေသည်။

လှေကားထစ်တွေကို နင်းတက်သွားစဉ် အနက်ရောင်ဝတ်အမျိုးသမီးတစ်ယောက်နှင့်ဆုံသည်။ ရှယ်လ်ဘီက ကွယ်လွန်သွားသည့် ဦးလေး၏ဇနီးဖြစ်ကြောင်း ပြောပြီး မိတ်ဆက်ပေးသည်။

"ဒေါ်လေးနာမည်က ဘာသာတဲ့၊ ဒီအိမ်ကြီးကို အုပ်ချုပ်မယ့်သခင်မ မရမချင်း ဒေါ်လေးက စောင့်ရှောက်ပေးနေရတယ်လေ" ဟုလည်း ရှင်းပြ၏။ အင်း ... ဒါဆို သူက လူပျိုပေါ့။ ရေချယ် မှတ်ထားလိုက်သည်။

"ဘယ်လိုလဲ သဘောကျရဲ့လား"

ရှယ်လ်ဘီက ရေချယ့်ကို မေးလိုက်သည်။

"အို ... သိပ်သဘောကျတာပဲ၊ ဒီအိမ်ကြီးအတွက် ဂုဏ်ယူထိုက်ပါတယ်။ လျှောက်ကြည့်ရတာ ခြေထောက်တောင် ညောင်းနေပြီ။ အခန်းဘယ်နှစ်ခန်းရှိလဲဟင်"

"နှစ်ဆယ့်နှစ်ခန်း"

"ဒါဆို အားလုံး ဘယ်ကြည့်နိုင်မလဲနော်၊ ကြည့်ပါဦး... ဒီအခန်းကြီးကလည်း လှလိုက်တာ၊ ဒါသာ ကျွန်မအိမ်ဆိုရင် ဒီအခန်းဟာ ကျွန်မအခန်း ဖြစ်ရမယ်"

အပေါ်ထပ်အရှေ့ဘက်ဆောင်တွင် သူတို့ရောက်နေကြခြင်း ဖြစ်သည်။ ရေချယ်က သူ့ထီးကလေးနှင့် ညွှန်ပြီး

"ဟောဒီနေရာမှာ မှန်တင်ခုံထားမယ်၊ ဒီနေရာက အလှပြင်စားပွဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအသက်အရွယ်ကလေးနဲ့ အိမ်တွင်းမှု အထားအသို တွေကို စိတ်ဝင်စားတယ် ဟုတ်လား။ မင်းဟာ ဘာလိုချင်တယ် ဆိုတာ တိတိကျကျ သိနေပုံရတယ်"

ရှယ်လ်ဘီက ကျေနပ်နေပုံဖြင့်ပြောတော့ ရေချယ်က "ဟုတ်တယ်၊ ကျွန်မ သိတယ်" ဟု ပြန်ပြောလိုက်သည်။

မတ်တတ်ပြတင်းပေါက်ကြီးမှ အပြင်ဝရန်တာသို့ ထွက်လိုက်ကြသည်။ ဂူသရီတစ်မြို့လုံးကို စီးမြင်နေရ၏။

"ဟွန်းဘက် အဆောက်အအုံက ဘယ်ဟာလဲဟင်"

ရှယ်လ်ဘီတစ်ယောက် ပြုံးချိုရွှင်မြူး နေလေသည်။

"လာ... ကိုယ်ပြမယ်၊ ဒီဘက်လာ ကိုယ့်လက်မတည့်တည့် ကိုကြည့်"

သူက တစ်ဘက်သို့ကိုင်းပြီး ရေချယ်ကြည့်ရမည့် နေရာကိုပြသည်။ သူတို့နှစ်ယောက်၏ ဦးခေါင်းနှစ်လုံး ထိလုမတတ် ဖြစ်သွား၏။ လှချင်းခွာလိုက်တော့ သူစိုက်ကြည့်နေမှန်း ရေချယ် သတိထားလိုက်မိ၏။

နေရောင်တွင် သူ့ရွှေရောင်ဆံပင်တွေ တလက်လက်တောက် နေသည်။ မျက်လုံးချင်း တဒင်္ဂဆုံမိကြသည်။ ရှယ်လ်ဘီဟွန်းဘက် လောက်ချောသူ ရေချယ်တစ်ခါမှ မမြင်ဘူးသေးပေ။

ထိုစဉ် ခြေမြန်တော်တစ်ယောက် မြင်းတစ်စီးနှင့် ဒုန်းစိုင်းဝင် လာသည်။ ဝရန်တာအောက်တွင်ထိုးရပ်ပြီး အပေါ်သို့အော်ပြောသည်။

"အစည်းအဝေး စပါတော့မယ်တဲ့ ခင်ဗျား၊ အမြန်ဆုံး ကြွရောက်ပါရန်တဲ့"

ပြောပြီး ဒုန်းစိုင်းလှည့်ထွက်သွားသည်။ ရှယ်လ်ဘီက ရေချယ့် ဘက်လှည့်၍ ခပ်ညည်းညည်းပြော၏။



"အင်း ... နိုင်ငံရေးဆိုတာ အဲဒီအတိုင်းပါပဲကွယ်၊ ကဲ ကိုယ်တို့ အမြန်ဆုံးပြေးမှဖြစ်မယ်"

"ရပါတယ်ရှင်၊ ကျွန်မက အမြန်မောင်းလေ ကြိုက်လေပါပဲ"

အားလုံးရထားပေါ်ရောက်သည်နှင့် ရှယ်လ်ဘီက ရထား ထိန်းနေရာကို ယူလိုက်သည်။

"ကဲ... အသင့်ဖြစ်ပြီနော်"

ရေချယ် ခေါင်းညိတ်ပြလိုက်သည်။ ဒက်စတာကပါ ရော ယောင်ခေါင်းညိတ်လိုက်၏။ ရှယ်လ်ဘီက ရေချယ်တစ်ယောက်တည်း ကို မေးခြင်းဖြစ်၏။

ရှယ်လ်ဘီက မြင်းနှစ်ကောင်ကို နင်တံဖြင့်ခပ်ဆတ်ဆတ် ရိုက်ပြီး စထွက်သည်။ မြင်းတွေ လေးဘက်ပစ်ကာ ကဆုန်စိုင်းနေ ပြီ။

"ဟင်... ဒါထက် မမြန်တော့ဘူးလား"

ရေချယ်မေးတော့ ရှယ်လ်ဘီပြုံးနေသည်။ လမ်းအချိုးတစ် ကွေ့ကို ဖြတ်ပြီးသည်နှင့် လမ်းမပေါ်ရောက်သွားသည်။ သည်တော့ မှ မြင်းကြီးနှစ်ကောင်က အသားကုန် ခြေစွမ်းပြတော့သည်။

ဘီးလေးဘီး ဝုန်းဒိုင်းကြဲကာ ရထားကက်အိမ်မှာ ဘယ် လူးညာလိမ့် ဖြစ်နေသည်။ ရှယ်လ်ဘီက ရေချယ်ဘက်ကို ငဲ့ကြည့် လိုက်သည်။ သည်လောက်အရှိန်နှင့်မောင်းလျှင် အခြားအမျိုးသမီး တစ်ယောက်ဆိုလျှင် ငယ်သံပါအောင်အော်ပြီး အရှိန်လျှော့ဖို့ ပြောတော့မည် မုချ။

ရေချယ်ကမူ ဦးထုပ်မှ ငှက်တောင်ကလေး ကျွတ်ထွက် မသွားဖို့လောက်သာ ဂရုစိုက်နေသည်။ မျက်နှာကလေး တက်ကြွလှုပ် ရှားမှုနှင့်အတူ ရွှင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကလေးတစ်ယောက်လို အော်နေသေးသည်။

"လုပ်ပါဦး၊ ဒီထက် မြန်မြန် ပြေးခိုင်းပါဦး"

ဒက်စတာက လန့်နေပြီ။ လွင့်ကျမသွားအောင် ဘောတန်းကို တအားဆုပ်ထား၏။

မြို့ထဲဝင်တော့မှ ရှယ်လ်ဘီက အရှိန်လျှော့ချလိုက်သည်။

"ရေချယ် ပျော်လိုက်တာ၊ ကျေးဇူးတင်ပါတယ်နော်"

"မင်း ပျော်တယ်ဆိုလို့ ကိုယ်ဝမ်းသာပါတယ်၊ နောက်ကြုံရင် ရထားလျှောက်မောင်းကြသေးတာပေါ့"

"ဟုတ်ကဲ့၊ ရေချယ် အရမ်းပျော်ပါတယ်"

*

ဂူသရီဘူတာ ပြန်ရောက်တော့ ရေချယ်က ရှယ်လ်ဘီဟွန်းဘက်နှင့် သူ့အဖေကို မိတ်ဆက်ပေးသည်။ မက်ဆွဲလ်က ရှယ်လ်ဘီနှင့် လက်ဆွဲနှုတ်ဆက်သည်။ သို့သော် တစ်စုံတစ်ရာကို မျိုသိပ်ထားရမှန်း သိသာနေ၏။ စင်စစ် နိုင်ငံရေးအကြောင်း မစမိအောင် မက်ဆွဲလ်သူ့ကိုယ်သူ ထိန်းနေခြင်းဖြစ်၏။

ရထားပေါ်ရောက်တော့မှ သားအဖနှစ်ယောက်တည်း စကားပြောကြသည်။ မအောင့်နိုင်တော့ဘဲ မက်ဆွဲလ် ရင်ဖွင့်လိုက်၏။

"နယ်စပ်က လူမည်းတွေ၊ အင်ဒီယန်တွေကို နှိပ်ကွပ်ဖို့ ဥပဒေတွေ နောက်ထပ်တိုးတိုးနေတာ အဲဒီပုဂ္ဂိုလ်ပဲ ရေချယ်။ အများပြည်သူပိုင် ယာဉ်ပေါ်မှာ ဖေဖေ့ကျောင်းသားတွေနဲ့ ဖေဖေ အတူတူ မစီးနိုင်အောင်လုပ်တဲ့ ဥပဒေလည်း သူလုပ်တာပေါ့။ လူမျိုးခြားကလေးတွေကို စာမသင်ပေးနိုင်အောင် တားမြစ်ဖို့လည်း သူပဲလုပ်နေတယ်"



ဒီလူ့ကိုမှရွေးပြီး သမီးလုပ်သူက အထင်တကြီးဖြစ်နေတာ တွေ့တော့ ဆရာမက်ဆွဲလ် ပိုပြီး ပေါက်ကွဲချင်လာသည်။

"ဒီမယ် ရေချယ်၊ အဲဒီအိမ်ကြီးကို ဘယ်ကရတဲ့ ပိုက်ဆံတွေနဲ့ ဆောက်တာလဲ သိလား၊ အင်ဒီယန်တွေဆီက အမျိုးမျိုး ကလိန်ကျပြီး ရထားတဲ့ငွေတွေနဲ့ ဆောက်တာ"

ရေချယ်က ဖအေ့မျက်နှာကို စိုက်ကြည့်နေသည်။ ဟုတ်နိုင်ပါ့မလား၊ အဖေ လူမှားမှားနေပြီလား။

"ကဲပါ ဖေဖေရယ်၊ အိမ်တောင် ပြန်မရောက်သေးဘူး။ သမီးနဲ့ဖေဖေ မငြင်းပါရစေနဲ့။ တခြားအကြောင်း ပြောကြရအောင်ပါ။ သမီးကို ကိုဘီအကြောင်း ပြောပါဦး၊ သူနဲ့မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ"

"ဒီရထားပေါ်မှာ ကိုဘီပါရင် ပါလာနိုင်တယ်၊ ဒါပေမဲ့ သူတို့အတွက် သတ်မှတ်ထားတဲ့ တွဲမှာပဲ စီးရမှာ"

"ဒါဆို သမီး သူတို့တွဲ သွားစီးမှာပေါ့"

ဒါကိုတော့ မက်ဆွဲလ် သံသယမဖြစ်၊ ကိုဘီသာပါလာရင် ရေချယ်တကယ် သွားစီးဖြစ်လိမ့်မည်။ တစ်ဘက်က အင်ဒီယန်တွေအပေါ် ရေချယ် သည်လိုသဘောထားသော်လည်း ရှယ်လ်ဘီဟွန်းဘက်ကိုတော့ စိုးစဉ်းမျှ အထင်သေး၍ မရပါချေ။

ရေချယ် ဆယ့်ရှစ်နှစ်ပြည့်ပြီ၊ ကျောင်းပြီးပြီ။ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်ပြီ။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိပြီ။

ရေချယ့်မျက်စိထဲတွင်မူ ရှယ်လ်ဘီဟွန်းဘက်သည် မင်းသားကလေးတစ်ပါး ဖြစ်နေ၏။ မင်းသားတစ်ပါးမို့ သည်လို ပြောတတ်ခြင်းဖြစ်မည်။ "ဗျာ... စိတ်ပျက်ရမယ် ဟုတ်လား၊ မင်းလို မိန်းကလေးကို ဘယ်သူ စိတ်ပျက်မှာလဲကွယ်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပုံပြင်ထဲက မင်းသားကလေးက အရုပ်သူကလေးတစ်ယောက်ကို ရွှေနန်းတော်ထဲ ဖိတ်သလို၊ သူက ရေချယ်ကို ဂူသရီက ဓာတ်ရုံကြီးဖွင့်ပွဲကို ဖိတ်သည်။ ဇရာမကပွဲကြီး ပါမည်တဲ့။

အိမ်ပြန်ရောက်ပြီး စတုတ္ထနေ့တွင် ရွှေနားကွပ်ဖိတ်စာတစ်စောင် ရသည်။ ဒက်စတာက သူ့ဆရာ၏ဖိတ်စာကို ကိုယ်တိုင်ယူလာပြီး ဂူသရီမှ ကြားစခန်းသို့ ညလုံးပေါက်မြင်းတစ်စီးဖြင့် ခရီးနှင်လာခဲ့ရသည်။ ညီမလုပ်သူကို ဝမ်းသာအားရ သတင်းပေး၏။

"နင် ဘယ်လောက် ကံကောင်းတယ် မှတ်သလဲ ရေချယ်၊ ဂူသရီသမိုင်းမှာ အကြီးဆုံးပွဲကြီးဗျား။ ပြီးတော့ နင်က မစ္စတာဟွန်းဘက်ရဲ့ အထူးဧည့်သည်အဖြစ်နဲ့ ပွဲတက်ရမှာ"

"ရေချယ် ဘယ်မှာတည်းရမှာလဲ"

မက်ဆွဲလ်က ဝင်မေးသည်။

"ကျွန်တော့်အဆောင်နဲ့ ကပ်လျက်မှာ တည်းခိုခန်းရှိတယ်၊ တရားဟောဆရာကတော် ဖွင့်ထားတာ၊ သိက္ခာရှိတဲ့ တည်းခိုခန်းပါ။ ဘာမှ ရှုပ်ရှုပ်ယှက်ယှက် မရှိဘူး"

သုံးယောက်သား အိမ်ရှေ့ခန်းတစ်ခန်းတွင် စကားပြောနေကြခြင်း ဖြစ်သည်။ နိရာဆုံးပြီးနောက် အိမ်ထဲသို့ ဒက်စတာ ပထမဆုံးခြေချခြင်းဖြစ်သည်။ ယူလာက အလိုက်သိစွာဖြင့် နောက်ဘေးခြံထဲတွင် အလုပ်သွားလုပ်နေသည်။

ဒက်စတာက မေးသည်။

"ဘယ်လိုလဲ ရေချယ်၊ လာမယ် မဟုတ်လား"

ဖအေကြီး စိတ်ချမ်းသာအောင် ကြိတ်မှိတ်နေရသော်လည်း ကြားစခန်းတွင် ရေချယ် မပျော်တော့။ ပြန်ရောက်ရောက်ခြင်း ကွန်မင်ချီရွာသို့ လူလွှတ်ပြီး စာတစ်စောင်ရေးပို့သည်။



ကြားစခန်းကို ပြန်ရောက်နေပြီဖြစ်ကြောင်း၊ တွေ့ချင်သဖြင့် အမြန်ဆုံး လာခဲ့ဖို့အကြောင်းကို ကိုဘီဆီအကြောင်းကြားခြင်း ဖြစ်၏။ ဘာသတင်းမှ ပြန်ပါမလာ။

ရွှေစာလုံးနှင့် ဖိတ်စာကိုကိုင်ပြီး ရေချယ် ခဏတွေနေသေးသည်။ ပြီးမှ အဖြေပေးလိုက်၏။

"အင်း ... ပျော်စရာကောင်းမှာပါ။ သူ့ကိုပြောလိုက်လေ၊ လာခဲ့ပါမယ်လို့"

ဒက်စတာ အောင်မြင်စွာသက်ပြင်းချလိုက်သည်။

"ဟုတ်ပြီ၊ ဒါဆို နင်လာမယ့်နေ့ကို ငါ့ကိုအကြောင်းကြားလိုက်လေ၊ ငါ ဘူတာမှာ လာကြိုနေမယ်။ ကဲ... ဘစ်စီတည်းခိုခန်းမှာ ငါသွားအိပ်လိုက်ဦးမယ်၊ မပြန်ခင် အိပ်ရေးဝမှ ဖြစ်မယ်။ ဒီည ငါပြန်ရမှာ"

"ဟင် ... ဘာဖြစ်လို့ အိမ်မှာ မအိပ်တာလဲ"

"နီး ... ငါ့အတွက် မပူနဲ့၊ ဟိုမှာ ပိုအဆင်ပြေတယ်"

ပြောပြောဆိုဆို ဒက်စတာ ထွက်သွားသည်။ ရေချယ်က နားမလည်သလို ဖအေလုပ်သူကို မေးကြည့်သည်။

"သူ ဘာဖြစ်လို့ ကိုယ့်အိမ်မှာကိုယ် မအိပ်တာလဲဟင် ဖေဖေ"

"ယူလာကြောင့် နေမှာပေါ့၊ ဖေဖေ့ကို မကြည်တာလည်း ပါမှာပေါ့လေ၊ ယူလာ့အိမ် မီးရှို့ခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့မယ်ထင်တယ်။ ယူလာနဲ့ သူ မျက်နှာချင်း မဆိုင်ချင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ဖေဖေ၊ ယူလာက သူ့ကို ဘာလုပ်ခဲ့လို့လဲ"

"မဟုတ်ဘူး သမီး၊ ပြဿနာက ယူလာ သူ့ကိုဘာမှ မလုပ်ခဲ့ဖူးဘူး၊ သူက လုပ်ခဲ့တာဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယူလာ့ကို သူက ဘာလုပ်ခဲ့လို့လဲ၊ ဘာလုပ်ခဲ့နိုင်စရာ အကြောင်းရှိလို့လဲ"

ရေချယ်က အဖေ့ကို လေသံမာမာနှင့် ပြန်မေးသည်။

မက်ဆွဲလ်က ခဏတွေ စဉ်းစားပြီး ပြန်ပြောသည်။

"အကြောင်းတွေ ရှိတာပေါ့ သမီး၊ အေးလေ ကောလာဟလတွေ ဖြစ်ချင်ဖြစ်မှာပေါ့"

မက်ဆွဲလ် ဆေးတစ်ဆုံဖွာသည်။ ပြီးမှ စကားဆက်သည်။

"ရှယ်လ်ဘီဟွန်းဘက်လို ပုဂ္ဂိုလ်က ဘာကြောင့် သက်တော်စောင့်လိုရတာလဲ သမီးသိလား၊ ပြီးတော့ ဒက်စတာကို ဘာကြောင့် သူ့သက်တော်စောင့် ရွေးလဲသိလား၊ ပြီးတော့ ဒက်စတာ ဘာကြောင့် နေ့မှာခရီးမသွားဘဲ ညညမှာ သွားရတာလဲ သိလား"

"ဘာဖြစ်လို့လဲ၊ ပြောပါဦး"

မက်ဆွဲလ်က ဆေးတံကို မီးလင်းဖိုကြီး၏နံရံကို ခေါက်ပြီး ပြောခြွေလိုက်သည်။

"သူ့ကို သူများတွေ ချောင်းပစ်မှာကို ကြောက်လို့ပေါ့၊ သူတို့လူသိုက်ကို လိုက်ပြီးခြွေနေတာ ဂျစ်ပစီစမစ်လို့ ပြောနေကြတယ်၊ ဂျပ်ပစီမှာ ကေသုံးလုံးတွေရဲ့စာရင်း ရထားတယ်လို့ လူတွေပြောနေကြတယ်။ ပြီးခဲ့တဲ့ သုံးနှစ်က လူမည်းချာတိတ်တွေကို ကြိုးပေးခဲ့တာ မှတ်မိလား၊ လွတ်လပ်ရေးမြို့မှာလေ။ အဲဒီအထဲပါတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ကြွကုန်ပြီ။ ဂျစ်ပစီက ကျန်တဲ့ကောင်တွေကို တစ်ယောက်ချင်း လိုက်ရှင်းနေတယ်တဲ့"

"ဖေဖေ ... အဲဒီအထဲမှာ ဒက်စတာပါတယ်လို့ ပြောနေတာလားဟင်... အဓိပ္ပာယ်မရှိပါဘူး"

"ဖေဖေ သိပ်တော့မသေချာဘူး၊ ဒါပေမဲ့ သူနဲ့ပတ်သက်



နေတယ်လို့တော့ ထင်တယ်။ ကေသုံးလုံးထဲ မပါတောင် ယူလာ့အိမ်ကို မီးရှို့တဲ့အထဲမှာတော့ ပါတယ်"

ရေချယ် ဒေါသဖြစ်သွားသည်။

"သမီးကိုယ်တိုင် သူ့ကို သွားမေးမယ်"

ဒက်စတာတည်းနေသည့် ဘစ်စီတည်းခိုခန်းကို ရေချယ်ခြေကျင်လျှောက်ချသွားသည်။ ထမင်းစားခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေသည့် ဒက်စတာကို ရေချယ်အဆင်သင့် တွေ့ရသည်။

ရေချယ်က ကုလားထိုင်တစ်လုံးဆွဲထိုင်ပြီး တိုးတိုးမေးသည်။

"မှန်မှန်ပြောနော် ဒက်စတာ၊ ယူလာ့အိမ်မီးရှို့တဲ့ကိစ္စမှာ ဒက်စတာနဲ့ ရှယ်လ်ဘီတို့ နှစ်ယောက်ပါခဲ့သလား။ ပြီးတော့ အဲဒါ ကေသုံးလုံးနဲ့ ပတ်သက်နေသလား"

"ဟာ အဓိပ္ပာယ်မရှိ၊ နင် ဘာတွေ လျှောက်ပြောနေတာလဲ"

အင်ဒီယန် စားပွဲထိုးမကလေး တစ်ယောက် သူတို့စားပွဲသို့ ရောက်လာသည်။

ဒက်စတာက စားစရာတွေမှာပြီးတော့ ကောင်မလေးထွက်သွားသည်။ ဒက်စတာက မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ညီမလုပ်သူကို စိုက်ကြည့်ပြီး

"ဒီမယ် ရေချယ်၊ ကေသုံးလုံးနဲ့ ငါလည်း မပတ်သက်ဘူး၊ ရှယ်လ်ဘီဟွန်းဘက်လည်း မပတ်သက်ဘူး။ ကဲ နင်ကျေနပ်ပြီလား"

ရေချယ်က ဒက်စတာ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ပြီးမှ မျက်လွှာချပြီး

"ဒါဆိုလည်း ပြီးရောပေါ့လေ၊ ရေချယ်က သိသင့်သိထိုက်တာကို သိထားမှဖြစ်မှာလေ"

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းထဲက ထွက်မည်ပြုတော့ ခပ်တိုးတိုး ခေါ်သံတစ်သံကြားလိုက်သည်။ နောက်မှ ကပ်လိုက်လာသည့် မိန်းကလေးတစ်ယောက်၏အသံ။

"မစ္စရေချယ်၊ မစ္စရေချယ်"

ရေချယ်လှည့်ကြည့်လိုက်သည်။ ဩော် စောစောက ထမင်းစားခန်းမှာ တွေ့ခဲ့ရသည့် ကောင်မလေးပဲ။

"ကျွန်မနာမည် မော်လီသံချပ်ကာအကျီပါ"

သူက အသံကိုနှိမ့်ချပြီး ပြောသည်။

"ကိုဘီ မှာလိုက်တာ ပြောချင်လို့ပါ"

ကိုဘီ့နာမည်ကို ကြားလိုက်ရသည်နှင့် ရေချယ့်ရင်ထဲ နွေးသွားသည်။

"ကိုဘီ ဟုတ်လား။ သူ ဘယ်မှာလဲဟင်၊ ငါပြန်ရောက်တာ သူသိရက်နဲ့ ဘာလို့မလာတာလဲ"

မော်လီသံချပ်ကာအကျီက ပတ်ဝန်းကျင်ကို ကျီးကန်းတောက်မှောက်ကြည့်လိုက်သည်။

"ရွာက အမေရိကန် ဘုရားကျောင်းမှာ မူးယစ်ရှားစောင်းစားပွဲ အခမ်းအနား ရှိတယ်။ ဒီကနေ သိပ်မဝေးဘူး၊ လျှို့ဝှက်တစ်နေရာမှာ လုပ်ကြလိမ့်မယ်။ အစ်မကို ကိုဘီကလာခဲ့ပါတဲ့"

ရေချယ် စိတ်ရှုပ်သွားသည်။

"အဲဒီကို ငါက ဘယ်လိုလုပ် သွားတတ်မှာလဲ"

"ကျွန်မ ဂျူတီပြီးခါနီးပြီ၊ ကျွန်မ ခေါ်သွားပေးမယ်လေ။ နှစ်နာရီမှာ နောက်ဖေးပေါက်က လာစောင့်ပါ"

ရေချယ်အိမ်ကို သုတ်ခြေတင် ပြန်လာခဲ့သည်။ အဝတ်အစားတွေကို ချပြီးရွေးသည်။ ဘယ်ဟာနဲ့ လိုက်ပါ့မလဲ။ စိတ်ထဲ



ာ ကပွဲသွားရမှာလို ပျော်နေ၏။

အနားကျယ်ကျယ်နှင့် မြက်ဦးထုပ်ကလေး ဆောင်းပြီးနှစ်နာရီတွင် အိမ်ထဲမှ ပြန်ထွက်ခဲ့သည်။ အဖေ့မြင်းကြီးကို တင်ပါးွဲကုန်းနှီးဆင်ပြီး၊ ဘစ်စီတည်းခိုခန်းနောက်မှ လေရဟတ်ကြီးဆီသိုး်ထွက်လာခဲ့သည်။

မော်လီသံချပ်ကာအကျီက အထုပ်ကလေး လက်မှာပိုက်ပြီး စောင့်နေသည်။ ရေချယ့်မြင်းပေါ်ကို နောက်မှ တက်လိုက်ပြီး

"မြစ်ကမ်းနဖူးအတိုင်း အထက်ဘက်ကို စီးသွားကြမယ်၊ ါးမိုင်လောက်ပဲ ဝေးတယ်အစ်မ" ဟုပြောသည်။

စမ်းချောင်းကလေး ဖြတ်စီးနေသော တောင်ကြားတစ်ခုထဲတွင် သူတို့အခမ်းအနား ကျင်းပနေကြသည်။ သားရေပြားမိုးဘဲများထဲတွင် နတ်ဆရာများက ဗုံတွေတီးကြ၊ ဘူးသီးခြောက်တွေခါက်ကြ၊ ပလွေတွေမှုတ် နတ်ချင်းတွေဆိုကြနှင့် မြိုင်နေပြီ။

"အစ်မ ဒီမှာခဏစောင့်နော်၊ သူ့ကို ကျွန်မ သွားခေါ်လာခဲ့မယ်"

ရွှေပွဲလာတို့၏ မြင်းများချည်ထားရာနေရာတွင် ရေချယ်စောင့်နေခဲ့ရသည်။ အမျိုးသမီးအချို့က ရေခပ်ပြီး ယာယီတဲများဆီသို့ သယ်သွားနေကြသည်။ ကလေးတွေက ချောင်းထဲဆင်းပြီးဆော့နေကြသည်။

တဲတစ်လုံးထဲမှ ကိုဘီထွက်လိုက်လာသည်။ လက်ထဲဘွင် ပလွေတစ်ချောင်းနှင့်။ မမှတ်မိနိုင်လောက်အောင် သူ အရပ်ကြီးည်ထွက်လာသည်။ ချောလည်း ပိုချောလာသည်။ သူ့ကိုယ်ပေါ်တွင်အကျီမပါ။ သားရေဘောင်းဘီကိုသာ ဝတ်ထား၏။ ပုတီးတစ်ကုံးဆွဲထားသည်။ ခေါင်းကို အဝတ်စတစ်ခုဖြင့် စည်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေချယ်က ပြေးချသွားပြီး သူ့ကို တအားဖက်လိုက်ချင်သည်။ သို့သော် စိတ်ကိုထိန်းပြီး ရပ်စောင့်နေလိုက်၏။

"ကြိုဆိုပါတယ် ရေချယ်" ဟု သူက နှုတ်ဆက်သည်။ သူအနားရောက်လာသည့်အခါ ရေချယ် ဣန္ဒြေမဆည်နိုင်တော့ပေ။ သူ့ကိုဖက်ပြီး သူ့ရင်ခွင်တွင် မျက်နှာအပ်ထားလိုက်သည်။

"ကိုဘီ... ကိုဘီရယ်၊ နင့်ကို ငါ အရမ်းအောက်မေ့တာပဲ"

ပြောပြီးမှ လူချင်းခွာလိုက်ပြီး မကျေနပ်သည့် လေသံဖြင့် ဆက်ပြောသည်။

"ငါပြန်ရောက်တာ လေးရက်ရှိပြီ။ နင် ဘာလို့ငါ့ဆီ မလာတာလဲ။ နင် ငါ့ကိုမေ့သွားပြီးလားလို့" ပြောပြီးမှ သူ့ကို သေသေချာချာ ကြည့်မိသည်။

"ကြည့်စမ်း၊ နင် အင်ဒီယန်လုံးလုံး ဖြစ်သွားပြီနော်"

သူက ရေချယ့်ပါးကို ကိုင်ကြည့်ပြီး

"နင်လည်း အသားတွေဖြူလာတယ်"

"နင် တကယ် အင်ဒီယန်လိုပဲ နေတော့မှာလားဟင်"

"အင်း ဆိုပါတော့၊ လူကြီးတွေကတော့ ငါ့ကို သဘောကျကြတယ်။ အားလုံး ထောက်ခံကြတယ်။ ဒါပေမဲ့ ဒင်ဒီယန်ရိုးရာ ဓလေ့ အမြင်အာရုံ ရှာဖွေတဲ့နေရာမှာ ငါအောင်ဖို့လိုတယ် ရေချယ်"

"ဘာဖြစ်လို့ နင်ခုထိ မအောင်သေးတာလဲ"

"အဲဒါတွေ နင်နားမလည်နိုင်ပါဘူးဟာ"

"ဘာဖြစ်လို့ နားမလည်ရမှာလဲ၊ နင်နဲ့ငါ တစ်ယောက်ကို တစ်ယောက် ဒါလောက် နားလည်ခဲ့ကြတာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခြေအနေတွေ အားလုံးပြောင်းလဲသွားပြီ ရေချယ်"



"ဒါပေမဲ့ နင်နဲ့ငါက သူငယ်ချင်းတွေပဲ မဟုတ်လား"

"သူငယ်ချင်းတွေ ဟုတ်လား၊ ဒါလောက်တင်ပဲလား။ ဒါ ထက် မပိုတော့ဘူလား"

ရေချယ်က သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး အဓိပ္ပာယ်ရှာကြည့်သည်။ ကိုဘီ သူ့ကိုနမ်းတော့ ရေချယ်အသာကလေးငြိမ်ခံနေလိုက်၏။

ပြီးတော့ သူ့အနမ်းကို တုံ့ပြန်လို့ပင် နေလိုက်မိသေးသည်။ ညင်သာသော အနမ်း၊ ချိုမြိန်သောအနမ်းများတွင် နှစ်ယောက်စလုံး မိန်းမူးမျောပါ သွားကြလေပြီ။

ကိုဘီက လူချင်းခွာလိုက်ပြီး လှိုင်းထနေသည့် အသံဖြင့် ပြောသည်။

"တို့နှစ်ယောက် ချစ်ခဲ့တာ၊ သူငယ်ချင်းအချစ်ထက် ပိုတယ် ရေချယ်"

ပြောပြီး သူနောက်ထပ် နမ်းပြန်သည်။ သည်တစ်ခါ သူ နမ်းပုံက ပို၍ ပြင်းထန်လာသည်။ ရင်ဝယ် တသိမ့်သိမ့်ဖြစ်လာသည်။ ရေချယ် သွေးတွေဆူဝေလာပြီ။

ပြီးမှ ဗြုန်းစားကြီး အသက်ပြန်ဝင်လာပြီး

"တော်ပြီ ကိုဘီ၊ ငါတို့ ဒီထက်ရှေ့မဆက်ဘဲ ထိန်းကြရမယ်။ ငါ့ကို လွှတ်တော့"

ကိုဘီက လွယ်လွယ်ကူကူ လွှတ်ပေးလိုက်တော့ ရေချယ် အံ့သြသွားသည်။ စိတ်ထဲ မကျေမနပ်လည်း ဖြစ်သွား၏။

"ဒီလိုပါ ကိုဘီ၊ ဒါထက်ဆိုးတဲ့ အခြေအနေ ရောက်သွားရင်..."

"ရောက်သွားတော့ ဘာဖြစ်လဲ၊ တို့နှစ်ယောက် အတူတူ နေလိုက်ရုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့သဘောထားကို ရေချယ် ခုမှသဘောပေါက်သလိုလို ရှိလာသည်။

"နင်ဆိုလိုလာက ငါတို့... ဖြစ်သွားပြီး အတူတူနေလိုက်ကြမယ်ပေါ့ ဟုတ်လား"

"အေးလေ၊ ဒါပဲပေါ့"

"ဒီတဲထဲမှာ ဟုတ်လား၊ ဖုန်တောသဲတောထဲမှာ ငါက အိပ်ရမယ်ပေါ့ ဟုတ်လား။ နင်ပစ်လာတဲ့ ယုန်ကို ငါက မီးဖိုပြီး ကင်စားရမယ်ပေါ့၊ ဟုတ်လား။ ဒီမယ် ကိုဘီ၊ ငါ အင်ဒီယန်မ မဟုတ်ဘူးလေ"

သူ့မျက်နှာပေါ်မှ ကြည်နူးရိပ်တွေ ရုတ်ခြည်းလွင့်ပြယ်သွားလေပြီ။ ပြီးတော့ ယင်းနေရာတွင် တင်းမာခက်ထန်မှုတွေ အစားဝင်လာ၏။

"နင် စဉ်းစားပါ ကိုဘီ။ တို့နှစ်ယောက်စလုံးကို ငါတို့ဘက်ကလည်း လူရာမသွင်း၊ နင်တို့ဘက်ကလည်း အရေးမလုပ်တဲ့ဘဝနဲ့ သူတောင်းစား ဖြစ်ကုန်လိမ့်မယ်"

"အင်း ... နင် ငါ့ကို ဘာမှနားမလည်သေးဘဲကိုး၊ ငါက သူတောင်းစား အဖြစ်ခံမယ့် ကောင်စားမျိုးလား"

"ဪ ကိုဘီရယ်၊ ငါ တောင်းပန်ပါတယ်ဟာ။ ကဲ... ငါသွားမယ်နော်"

"သွားလေ၊ သွားပေါ့"

ကိုဘီက သူ့ပလွေကို ပါးစပ်တွင်တပ်ပြီး မှုတ်သည်။

"သိပ်နားထောင်လို့ ကောင်းတာပဲ ကိုဘီ၊ အဲဒီတေးသွားမှာ စာသားရှိလားဟင်"

"စာသားတော့ မရှိဘူး၊ ဒါပေမဲ့ အဓိပ္ပာယ်တော့ ရှိတယ်။ ချိုယင်နီစစ်သည်တော်တစ်ဦးက ချာရိုကီမိန်းမတစ်ယောက်ကို သိမ်းပိုက်ဖို့ ကြိုးစားနေတယ်။ ဒါပေမဲ့ ကောင်မလေးက ချိုယင်နီတွေကို လူရိုင်းတွေလို့ သဘောထားနေတယ်။ အဲဒီတော့ သူက ပလွေကျူပြီး ချစ်ရေးဆိုတယ်။ သူ့ပလွေသံကြားတော့မှ သူဟာ လူရိုင်းတစ်ယောက် မဟုတ်ဘူးဆိုတာ လက်ခံသွားတယ်။ ဒါလောက် ကောင်းအောင် ပလွေမှုတ်နိုင်တဲ့ လူဟာ ဘယ်လိုလုပ်ပြီး လူရိုင်းဖြစ်နိုင်မှာလဲ။ အဲဒီလိုနဲ့ အဲဒီချာရိုကီမဟာ ပလွေဆရာကို ကြွေကာသွားတော့တယ်"



"ပြီးတော့ သူတို့နှစ်ယောက် ပျော်ရွှင်စွာ ညားကြလေသတည်းပေါ့ ဟုတ်လား"

ရေချယ်က ခပ်နောက်နောက်ကလေး ပြောပြီးမှ လေးနက်သည့်လေသံဖြင့်

"အဲဒီ မိန်းကလေး မှန်တာပေါ့နော်၊ ပလွေကောင်းတဲ့ လူတစ်ယောက်ဟာ ဘယ်မှာလူရိုင်းဖြစ်နိုင်မှာလဲ"

သူက ပလွေကိုသိမ်းပြီး ရေချယ့်ကို မြင်းပေါ်တင်ပေးသည်။

"ဒါဆို ငါလူရိုင်းတစ်ယောက် ဖြစ်နေလို့ နင်ကြောက်နေတာ မဟုတ်ဘူးပေါ့နော်"

ကုန်းနှီးပေါ်တွင် နေသားတကျဖြစ်အောင် ပြင်ထိုင်ပြီး စကတ်ကို စန့်စန့်ရန့်ရန့် ဖြစ်အောင်သပ်လိုက်သည်။

"ဒါလင် ကိုဘီရယ်၊ နင်ရိုင်းတာကို ငါကြောက်တာ မဟုတ်ဘူးဆိုတာ နင် မသိဘူးလားဟင်"

သူ့ပါးကို လက်ဝါးနှင့်ကပ်ပြီး ရေချယ် ပြောလိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဆင်မဆင်ဟိုတယ်မှာ ဂုသရီမြို့၏ အကြီးဆုံးဟိုတယ် ဖြစ်သည်။ အခန်းထဲတွင် ပန်းစည်းတစ်စည်းက ရေချယ့်ကို စောင့်ကြိုနေသည်။ လူတစ်ယောက်ဆီမှ ပန်းစည်းလိုလက်ဆောင်မျိုး ရေချယ် တစ်ခါမှ မရခဲ့ဖူးပါ။ ပြီးတော့ အဲဒီလူက သာမန်လူမဟုတ်၊ ရှယ်လ်ဘီ ဟွန်းဘက်။

ညခြောက်နာရီတီတီတွင် အလှဆုံးဝတ်စုံကို ဆင်မြန်းပြီး ရှယ်လ်ဘီဆီသို့ ရေချယ်သွားတွေ့သည်။ ပန်းပွင့်တွေအတွက် ကျေးဇူး တင်ကြောင်း ပြောပြီးတော့ ပွဲတက်ဝတ်စုံနှင့် အလွန်ကြည့်ကောင်း နေကြောင်းဖြင့် ချီးကျူးသည်။

ကပွဲရုံသို့ ရှယ်လ်ဘီဟွန်းဘက်၏ ခမ်းနားလှသော ရထားကြီးဖြင့် ထွက်လာခဲ့ကြသည်။ မိန်းကလေး၏ အထိန်းတော် အဖြစ် ဝတ်စုံနက်နှင့် ဒေါ်လေးဘာသာကို ခေါ်လာခဲ့ကြ၏။ ရထားကို သက်တော်စောင့် သုံးယောက်က မြင်းကိုယ်စီဖြင့် ခြံရံလျှက်။ သူတို့ အထဲမှ တစ်ယောက်မှာ ဒက်စတာဖြစ်သည်။

ကပွဲခန်းမဆောင် ဥပစာခန်းကို လှပခမ်းနားစွာ ပြင်ဆင် ထားသည်။ ဂုသရီမြို့မှ အထက်တန်းလွှာ အမျိုးသမီးအားလုံး ရေချယ့်ကို မျက်မှောင်ကုတ်ပြီး ကြည့်နေကြသည်။ သည်လောက် ငယ်ငယ်ကလေးကို ရှယ်လ်ဘီဟွန်းဘက်က ဘယ်မှာ တွေ့လာပါလိမ့်။

ရှယ်လ်ဘီကတော့ ရေချယ့်ကို သေသေချာချာ နေရာပေး နေလေပြီ။ အရေးကြီးပုဂ္ဂိုလ်အားလုံးနှင့် မိတ်ဆက်ပေးသည်။

အထက်လွှတ်တော် အမတ်၊ တရားသူကြီး၊ ပြည်နယ် အုပ်ချုပ်ရေးမှူးတို့နှင့် ရေချယ်လက်ဆွဲနှုတ်ဆက်ရ၏။ ပြီးတော့ မြို့ မျက်နှာဖုံး လူကုံတန် သူဌေးသူကြွယ်များနှင့်လည်း မိတ်ဆက်ရ သည်။ ခေတ်ပညာတတ် ကလေးမလေးကို အားလုံးက သဘောကျ



နေကြသည်။ ရှယ်လ်ဘီကိုယ်တိုင်လည်း ဂုဏ်ယူမဆုံးဖြစ်နေ၏။

ရှယ်လ်ဘီ၏ သီးသန့်ခန်းအပြင်တွင် ဒက်စတာရပ်ပြီး စောင့်နေရသည်။ ရေချယ်နှင့် ရှယ်လ်ဘီတို့၏ နောက်ခုံတွင်ထိုင်ပြီး ဒေါ်လေးဘာသာက မကြာခင် အိပ်ပျော်သွားသည်။

ရေချယ်က ရှယ်လ်ဘီကို မကြာခဏ မျက်လုံးထောင့်ကပ် ပြီး ခိုးခိုးကြည့်သည်။ သူ့ကို ကြာလေ သဘောကျလေ ဖြစ်လာ သည်။ သိပ်ကိုချောတဲ့ ရှယ်လ်ဘီ၊ သိပ်ကိုထူးဆန်းတဲ့ ရှယ်လ်ဘီ။

ဒီအသက် ဒီအရွယ်နဲ့ ဒါလောက်ချမ်းသာပြီး ဒါလောက် နိုင်ငံရေးတွင် အောင်မြင်နေသူ။ သူ့လုပ်ရှားဟန်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိနေပုံ။ သို့သော် ညပိုင်းကပွဲချိန် ရောက်တော့ ရေချယ်ထင်တာတွေ လွဲကုန်တော့၏။ သူက မကတတ်ဘူးတဲ့။

"ကိုယ့်ကို ခွင့်လွှတ်နော်၊ လုံးဝ ဝါသနာမပါလို့ သင်ကို မသင်ခဲ့တာ။ ဒါပေမဲ့ မင်းကချင် ကပါ၊ မင်းနဲ့ကချင်တဲ့လူတွေ နည်းမယ် မထင်ပါဘူး"

ကလေးတစ်ယောက်ကို ကစားဖို့ မြှောက်ပေးနေပုံမျိုး။

ပထမဆုံး ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကမ်းလှမ်းချက်ကို ရေချယ် ခေါင်းညိတ်လိုက်သည်။ နောက်တော့ လူငယ်လူရွယ်တွေ ဟောတစ်ယောက် ဟောတစ်ယောက် ခွင့်တောင်းကြ၏။ ရှယ်လ်ဘီကို တစ်ချက်တစ်ချက် ရေချယ်ဝေ့ကြည့်သည်။ သူက သူ့ထက်ကြီးသူ များနှင့် စကားကောင်းနေ၏။

ရေချယ် သူတို့နားသို့ ပြန်ရောက်လာတိုင်း သူတို့ခမျာ စကားပြတ်သွားတတ်ကြသည်။

"ဘာတွေပြောနေကြတာလဲ ဟင်" ရေချယ်က ရှယ်လ်ဘီ ကို ကပ်မေးကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံရေးပဲပေါ့ကွယ်၊ မင်းရဲ့လုပတဲ့ ဦးခေါင်းထဲမှာ အဲဒါတွေ မဝင်ပါစေနဲ့၊ ဘယ်လိုလဲ ပျော်ရဲ့လား"

ရေချယ်က မောနေသံဖြင့် ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း

"အိုး ... ရေချယ် ဒီညလောက် တစ်ခါမှ မကဖူးခဲ့ဘူး၊ အဲဒီ အရက်ချိုကလေး မြည်းကြည့်ချင်တယ်"

ရှယ်လ်ဘီက အရက်ချိုခွက် ကမ်းပေးသည်။ ရေချယ်က သူသောက်သည့် ဖန်ခွက်နှုတ်ခမ်းနေရာကို ရွေးပြီးသောက်သည်။ ဒါကို သတိထားမိရဲ့လားဟု မျက်လွှာပင့်ပြီး အကဲခတ်သည်။

ရှယ်လ်ဘီက သတိထားမိပါသည်။ ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အပြင်လေကလေး ဘာလေး မင်း မရှူချင်ဘူးလား"

"အို... ရှူချင်တာပေါ့၊ ညထွက်ပြီး ရထားမောင်းပါလား"

သူကပြုံးပြီး တောင်းတောင်းပန်ပန် ပြောသည်။

"ဆောရီးပဲ ရေချယ်ရယ်၊ ဒေါ်လေးဘာသာကို ဆယ့်နှစ်နာရီအရောက် အိမ်ပြန်ပို့ပေးမယ် ပြောထားလို့ပါကွယ်။ မနက်ဖြန်မှ ထွက်ကြတာပေါ့၊ မင်းကို ကိုယ် တစ်ခုအကြံပေးမယ်။ ပျော်ပွဲစား ထွက်ရင် မကောင်းဘူးလား"

"ဒေါ်လေးဘာသာ မပါဘဲလား"

"ဒေါ်လေးဘာသာ မပါဘဲပေါ့"

နောက်တစ်နေ့တွင် သူတို့ပျော်ပွဲစား ထွက်ဖြစ်ခဲ့ကြသည်။

ကင်မရွန်မြစ်ကို အပေါ်စီးမြင်နေရသည့် တောင်ကုန်းတစ်နေရာမှ ဝက်သစ်ချပင်အိုကြီးတစ်ပင်၏ ခြေရင်းတွင် နေရာယူလိုက်ကြ၏။ ဝက်သစ်ချပင်ကြီးက မိုးကြိုးထိထားသည့် ဒဏ်ရာဒဏ်ချက်များဖြင့်။



သက်တော်စောင့်များက အစားအသောက်တွေနှင့် အခင်းတွေကို ရထားပေါ်မှ သယ်ချနေကြသည်။ ဒက်စတာတစ်ယောက်သည်လောက်တက်ကြွနေတာမျိုး ရေချယ် တစ်ခါမျှ မမြင်ဖူးခဲ့။ အစေခံတစ်ယောက်လိုလည်း ရိုကျိုးနေ၏။ စားစရာတွေ ပြင်ဆင်ပေးနေသည်။ အခြားသက်တော်စောင့် နှစ်ယောက်က ခပ်လှမ်းလှမ်းတွင် အသင့်အနေအထားဖြင့် နေရာယူထားကြ၏။

ရေချယ် အပျော်ကြီးပျော်နေသည်။ သို့သော် ရှယ်လ်ဘီကသည်နေ့ကျမှ နှုတ်နည်းနေသည်။ အရယ်အပြုံး မရှိသလောက်ပင်။

နိုင်ငံရေးနှင့် အာဏာကလွဲပြီး ရှယ်လ်ဘီ ဘာမျှစိတ်မဝင်စား။ သည်လို ကိစ္စမျိုးတွင် မိန်းကလေးတွေ ပါဝင်မပတ်သက်သင့်ဟုလည်း သူယုံကြည်ထား၏။

သူက ရေချယ်ကို နိုင်ငံရေးနှင့် လူဖြူကြီးစိုးရေး ဝါဒအကြောင်းများ ရှင်းပြနေသည်။ အဖေက သူ့အပေါ်ထင့်မြင်ချက်များကို ရေချယ် သတိရနေ၏။ အရိပ်အမြွက်ပြောပြတော့ သူက ထပ်ရှင်းသည်။

"လူဖြူစိုးမိုးရေးဝါဒကို ယုံကြည်မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတယ်၊ လူဖြူတိုင်း ဒီဝါဒကို နှလုံးသားထဲက ယုံကြည်ရမယ်၊ မင်းအဖေလည်း အဲဒီအတိုင်း ဖြစ်ရမယ်"

"အဖေကတော့ သဘောတူမယ် မထင်ဘူး"

ရေချယ်က ခပ်သွက်သွက် ဝင်ပြောလိုက်သည်။

"သူ ဝန်မခံဘဲ နေချင်နေမယ်၊ ဒါပေမဲ့ သူ့မှာရွေးစရာလမ်းမရှိပါဘူး၊ အင်ဒီယန်တွေကို သူစာသင်ပေးနေတယ်။ လူဖြူဘဝပုံစံတွေ သင်ပေးနေတယ်။ ဒါ လူဖြူစိုးမိုးရေးဝါဒကို တစ်နည်းအားဖြင့် သွင်းပေးနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူပြောသလို ဆိုပြန်တော့လည်း ဟုတ်သလိုလို။ သူ့ကို ကေသုံးလုံးအဖွဲ့ဝင်လား မေးတော့ သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သည်အဖွဲ့နှင့် မပတ်သက်ပါဟု ငြင်းသည်။

သူ့ဘဝ နောက်ခံကားချပ် အကြောင်းကိုတော့ စိတ်ပါလက်ပါပြောပြသည်။ အဖေက တောင်ပိုင်းစစ်တပ်တွင် ဗိုလ်မှူးတစ်ယောက်ဖြစ်ပြီး ပြည်တွင်းစစ်အတွင်းက တိုက်ပွဲတွင် ကျဆုံးခဲ့ကြောင်း၊ အမေလည်း စစ်အတွင်းမှာပင် သေဆုံးသွားကြောင်းများ ပြောပြသည်။ ဘယ်နည်းဘယ်ပုံ သေဆုံးခြင်းလဲဟု မေးသည့်အခါ မျက်လုံးထဲတွင် စိုးရိမ်ထိတ်လန့်မှုတွေကို တွေ့လိုက်ရသည်။

ရှယ်လ်ဘီက ရေချယ့်အကြောင်း စပ်စပ်စုစု သိပ်မလုပ်ဘဲ ခပ်မဆိတ်နေသည်။ အတူတူ ယှဉ်တွဲထိုင်နေရသည်ကိုပင် အပျော်ကြီး ပျော်နေပုံရ၏။

သူ စိုက်ကြည့်နေပုံက တစ်မျိုး။ ရေချယ့် ရင်ထဲတွင် တသိမ့်သိမ့်ဖြစ်နေသည်။ မနေတတ် မထိုင်တတ်ဖြစ်လာတော့ ရေချယ်က မျက်နှာလွှဲကာ ကျောက်ခဲကလေးများကို မြစ်ထဲပစ်ချနေသည်။ သူ ကြိုက်သလောက် ငေးကြည့်နေပစေလေ။

အတန်ကြာမှ အနားတိုးလာပြီး သူ စကားစသည်။

"ဟိုဘက် သိပ်မတိုးနဲ့လေ၊ ရေထဲကျသွားရင် ကိုယ်ရင်ကွဲရချည်ရဲ့၊ မင်းကိုကိုယ် အဆုံးမခံနိုင်ဘူး ရေချယ်"

"ဟင် ... အဆုံးမခံနိုင်ဘူး ပြောရအောင် ရေချယ်က ရှယ်လ်ဘီ့ပစ္စည်းလည်း မဟုတ်ဘဲနဲ့"

"ကိုယ် မင်းကို ရချင်တယ် ရေချယ်"

"ဘယ်လို ... ဘယ်လို၊ ဘယ်နည်းနဲ့လဲ"



"အင်း ... မင်းက ဘယ်နည်းနဲ့လဲ မေးတော့ ပြောရတာပေါ့"

သူက အလုပ်သဘောဆန်ဆန် ဆက်ပြောသည်။

"ကိုယ် အဲဒီအကြောင်း ပြောချင်နေတာပါ ရေချယ်၊ ကိုယ့်မှာ မိန်းမနဲ့ပတ်သက်တဲ့ အတွေ့အကြုံ မရှိဘူး၊ ကိုယ် သဘောကျတဲ့ မိန်းကလေး မတွေ့လို့လည်း ဖြစ်မှာပေါ့လေ။ အဲဒီလို မိန်းကလေး တွေ့ရင်တော့ ကိုယ့်ကလေးတွေရဲ့ မိခင်ဖြစ်စေရမယ်"

သူက ရေချယ့်ကို တည့်တည့်စိုက်ကြည့်ပြီး

"ခုလည်း ကိုယ်အဲဒီအတိုင်းပဲ ရေချယ်"

"အဲဒါ ရေချယ့်ကို ရည်းစားစကား ပြောနေတာလားဟင်"

"မင်း ကိုယ့်ဇနီးဖြစ်ဖို့ သဘောတူမယ်ဆိုရင် မင်းလိုချင်တာ အကုန်ရမယ်၊ မင်းကို ကိုယ်စောင့်ရှောက်မယ်။ မဲ့တစ်ပေါက် မစွန်းရအောင် အကာအကွယ်ပေးမယ်"

"ရှင်ပြောနေတာတွေက အလုပ်သဘော မဆန်လွန်းဘူးလား ရှယ်လ်ဘီ။ ကဲ... ထားပါ၊ အဲဒီအတွက် ရေချယ်က ဘာပြန်ပေးရမလဲ"

သူ ချက်ချင်းဖြေသည်။

"သားတစ်ယောက် မွေးပေး။ ကိုယ် သားတစ်ယောက် လိုချင်နေတယ် ရေချယ်"

သူ့ကို ရေချယ်ဘာမှ ဆက်မမေးဘဲ ငေးကြည့်နေသည်။ သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး နမ်းမလားမျှော်လင့်နေခြင်း ဖြစ်၏။ သို့သော် သူက မတ်တတ်ထရပ်ပြီး ရေချယ့်ကို စောင့်ကြည့်နေသည်။ သူက အဖြေကိုစောင့်နေခြင်းဖြစ်၏။

ရေချယ် မဖြေနိုင်ပါ။ နမ်းပင် မနမ်းဖူးသော သူ့ကို လင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ မည်သို့အဖြေပေးနိုင်ပါမည်လဲ။ မတ်တတ်ထရပ်လိုက်ပြီး သူ့လည်ပင်းကို သိုင်းဖက်ကာ သူ့ကို နမ်းလိုက်သည်။ လူပျိုပေါက်ကလေး တစ်ယောက်လို တုန်တုန်ယင်ယင်ဖြင့် သူ ပြန်နမ်းသည်။ ဘာမှ အရသာမရှိ။

မည်သို့နမ်းရမည်ကို မသိသည့် အသက်သုံးဆယ့်ငါးနှစ်အရွယ် လူယောက်ျားတစ်ယောက် လောကတွင်ရှိလိမ့်မည်ဟု ရေချယ် လုံးဝမထင်ခဲ့ပါ။

ကိစ္စမရှိဘူး၊ သူ့ကို သင်ပေးမယ်။ ပြီးတော့ အကလည်း သင်ပေးရမယ်၊ ရယ်ဖို့ပြုံးဖို့လည်း သင်ပေးရဦးမယ်။ သို့သော် သည်လိုလူနှင့် အချစ်ဆိုသော ထိုအရာကို ရှာဖွေတွေ့ရှိနိုင်ပါမည်လား။ သူ့အထွေးအပိုက်တွင် နည်းနည်းကလေးမှ ရင်ခုန်မလာခဲ့ပေ။ ဒါကိုလည်း သင်ပေးရဦးမယ် ထင်ပါရဲ့။

*

"သမီး ဘာလုပ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား"

မက်ဆွဲလ်က မေးလိုက်သည်။

"အို... ဖေဖေကလည်း၊ နိုင်ငံရေးတွေ ပြောဦးမလို့ မဟုတ်လား"

စားပွဲတစ်ဘက်မှ ရူးရူးရဲရဲကြည့်ပြီး ရေချယ်က ဖအေကို ပြန်ပက်လိုက်သည်။

"နိုင်ငံရေးတင်မက ဘူး ရေချယ်၊ အင်ဒီယန်တွေကို လူရာမသွင်းတဲ့ လူတစ်ယောက်ကို သမီး လက်ထပ်မယ်၊ ဟုတ်လား"

"သူကပြောတယ်၊ ဖေဖေ ဘာလို့ အင်ဒီယန်တွေကို လူဖြူယဉ်ကျေးမှုတွေ သင်ပေးနေတာလဲတဲ့။ ဒါလည်း သူတို့ကို ဓာတ်နိမ့်



တွေလို့ သဘောထားလို့ပဲ မဟုတ်လားတဲ့။ ထားပါလေ၊ အဲဒါတွေက နိုင်ငံရေးကိစ္စတွေပါ။ ဖေဖေတို့ ယောက်ျားတွေက အားလုံးကို ကိုင်ထားတယ်၊ မိန်းမတွေက မဲပေးခွင့်တောင်မရှိဘူး။ ထားပါလေ၊ ဒါတွေ သမီးစိတ်မဝင်စားပါဘူး၊ သမီးနဲ့လည်း မဆိုင်ပါဘူး"

"အေး ... အိမ်တွေကို မီးရှို့၊ ကလေးတွေကို ကြိုးပေးသတ်တာမျိုးကျတော့ မဆိုင်ဘူးလို့ ပြောလို့ မရတော့ဘူး"

"အို ... သူ ကေသုံးလုံးမဟုတ်ဘူး၊ ယူလာ့အိမ် မီးရှို့တာနဲ့ သူဘာမှ မဆိုင်ဘူး"

"သေချာရဲ့လား"

"သေချာတယ်၊ သမီး သူ့ကို မေးပြီးပြီ။ သူ ကေသုံးလုံးမဟုတ်ဘူးဆိုတာလည်း သမီးယုံတယ်"

ရေချယ်က ဝုန်းခနဲ ထရပ်ပြီး ရုံးခန်းထဲတွင် ဟိုလျှောက်သည်လျှောက် လုပ်နေသည်။

"ဘာဖြစ်လို့ ဖေဖေ သူ့ကို ဒါလောက် မဲနေတာလဲ၊ သူက ဘုရားကျောင်းမှန်မှန်တက်တဲ့လူ၊ အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ လောင်းကစားမလုပ်ဘူး"

"အဲဒါတွေကြောင့် ကေသုံးလုံးမဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး။ ကေသုံးလုံးအများစုဟာ ဘာသာရေးကိုင်းရှိုင်းတဲ့ လူတွေချည်းပဲ။ ကိုယ့်ခွေးကို ကိုယ်ခြေထောက်နဲ့ မကန်တဲ့လူမျိုးတွေလေ။ နီဂရိုးတွေကို လိုက်သတ်နေတာ သူတို့တွေချည်းပဲ"

"ဟာ ဒုက္ခပါပဲ၊ ဖေဖေနဲ့ စကားပြောလို့ကို အပေါက်အလမ်းမတည့်ဘူး၊ သွားတော့မယ်"

ဒီတော့မှ မက်ဆွဲလ်က လက်မြှောက်ပြီး

"ကောင်းပြီ၊ ကောင်းပြီ။ အဲဒီကိစ္စကို ဖေဖေ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



သံသယအကျိုးခံစားခွင့် ပေးလိုက်မယ်၊ ဒါပေမဲ့ သူ့ကိုဘာကြောင့် အလောတကြီး လက်ထပ်ဖို့ ဆုံးဖြတ်တယ်ဆိုတာတော့ ဖေဖေ နားမလည်ဘူး"

"သူက စောင့်ချင်တယ်၊ လောတာက သမီး ဖေဖေရဲ့။ ဘာလို့လဲ ဖေဖေသိချင်လား၊ ဒီမှာနေရတာ စိတ်ကုန်နေလို့ သိပြီလား။ ဂုဏ်ရှိမှာ လူလူသူသူ အိမ်ကြီးရှင်သခင်မအဖြစ်နဲ့ နေချင်တာ သမီးအပြစ်လား"

အဓိကအချက်ကိုတော့ ရေချယ်ဖွင့်မပြောဘဲ ထားလိုက်သည်။ ကိုဘီနှင့် နောက်ဆုံးတွေ့စဉ်က အနမ်းများသည် ရေချယ် မြန်မြန်လက်ထပ်ဖို့ တွန်းအားဖြစ်သည်။ ရင်ထဲထိအောင် ပူဇွေးသွားသည့် ချစ်သူနှစ်ဦးတို့၏ အနမ်းများဖြစ်၏။ ကိုဘီနှင့် နောက်တစ်ခါတွေ့လျှင် ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တော့မည် မထင်။

မက်ဆွဲလ် စကားဆက်သည်။

"ဒါဆို သမီး အချစ်အကြောင်း ထည့်မစဉ်းစားဘူးပေါ့၊ တစ်ခွန်းမှ ထည့်ပြောမသွားဘူး"

"အို... သမီး သူ့ကို ချစ်ပြီးသားပဲဟာ"

ရေချယ်က စားပွဲဆီပြန်လျှောက်လာသည်။ ဖအေကြီး၏ ပခုံးကို သိုင်းဖက်ပြီး

"ဖေဖေ သူ့ကို သဘောကျမှာပါ၊ သူ့အကြောင်းသိသွားရင် ဖေဖေ မခင်ဘဲမနေနိုင်ပါဘူး၊ သမီး သိပါတယ်"

*

မင်္ဂလာမဆောင်မီ တစ်လအလိုတွင် ရေချယ် သတို့သမီးဝတ်စုံချုပ်သည်။ ဆရာမ မစ္စကလပ်ဒေးနှင့် ယူလာက ကူသော်လည်း ကိုယ်



တိုင်ချုပ်သည်က များသည်။ ကိုယ့်ကိစ္စမို့ ကိုယ်ဖိရင်ဖိလုပ်နေခြင်း ဖြစ်၏။

ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ပြီး ကိုဘီကို စိတ်ထဲက တွေ့ချင်နေပြန်သည်။ မော်လီသံချပ်ကာအကျိုးဆီမှ ကြားရသည့် သတင်းအရဆိုလျှင် ကိုဘီ မရှိတော့၊ ဟိုးအဝေးကြီးကို ထွက်သွားပြီတဲ့။ သည်သတင်းကြားတော့ ရေချယ် ဝမ်းလည်းနည်းသည်၊ ဒေါလည်းပွသည်။

မက်ဆွဲလ်က ပထမတွင် စိတ်မကောင်း ဖြစ်မိသော်လည်း

"အဲဒါပဲ ကောင်းပါတယ်လေ၊ လူဖြူတွေနဲ့ ရောနေရတဲ့ သူတို့ဘဝဟာ လူဖြစ်ရှုံးနေတာပဲ။ သူ မနေချင်တာ အပြစ်ပြောလို့ မဖြစ်ပေဘူး" ဟုဆိုလာသည်။

ရေချယ်က အိုးမလှုံ အုံပွင့်သည်။

"သူထွက်သွားတာ သမီးနဲ့ ဘာမှ မဆိုင်ဘူးနော် ဖေဖေ"

ဆရာကြီးမက်ဆွဲလ်က စိတ်မကောင်းသည့်လေသံဖြင့်

"ဘာပြုလို့လဲ ရေချယ်၊ ဘယ်သူက ညည်းကို အပြစ်တင်နေလို့လဲ၊ ပြောစမ်းပါဦး"

"ဘာမှ မဟုတ်ပါဘူး ဖေဖေ၊ ဘာရယ်လို့ မဟုတ်ပါဘူး"

စားပွဲတစ်ဘက်စွန်းမှ ယူလာ့ကိုကြည့်ပြီး ရေချယ်စိတ်ကူ တောင်းသည်။

"စိတ်လှုပ်ရှားတဲ့အခါ ပြောမိပြောရာ ပြောတတ်တာပေါ့ နော်၊ ဟုတ်တယ်မဟုတ်လား ယူလာ၊ လက်ထပ်ခါနီးဆို ဒီလို ပါပဲနော်"

ယူလာ မျက်နှာပူသွားသည်။

"ဒါပေါ့လေ၊ ဖြစ်တတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်လို မတည်မငြိမ်ဖြစ်လျက်ပင် ဂူသရီသို့ သွားရမည့်ရက်သို့ရောက်လာပြီ။ မင်္ဂလာဝတ်စုံကိုဝတ်ပြီး ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် ကြည့်ကာ စိတ်တိုင်းမကျနိုင်ဘဲ ဖြစ်နေ၏။ အိမ်တွင် ရေချယ်တစ်ယောက်တည်း ကျန်ရစ်သည်။ မက်ဆွဲလ်နှင့် ယူလာတို့နှစ်ယောက်က မင်္ဂလာလက်ဖွဲ့ပစ္စည်းဝယ်ရန် အယ်လ်ရီနို့ကို သွားနေကြသည်။

မှန်ထဲကို သေသေချာချာပြန်ကြည့်သည်။ မင်္ဂလာဝတ်စုံနှင့် ဇာမျက်နှာဖုံး ဝတ်ရုံကို လွှမ်းထားသည့်ပုံမှာ လူနှင့်မတူဘဲ အရုပ်တစ်ရုပ်နှင့် တူနေသည်။ မင်္ဂလာဆောင်နေ့ အတွေးများသည် ဒုန်းစိုင်းဝင်လာသည်။ မြင်းခွာသံကြောင့် ခေါင်းထဲမှ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေတော့သည်။

မျက်နှာဖုံးကို ဆွဲချွတ်ပြီး မီးဖိုဆောင်တံခါးမှ နောက်ဖေးမြင်းဇောင်းဆီသို့ ပြေးထွက်လာခဲ့သည်။

ကိုဘီက ချွေးတွေရွှဲနေသည့် နီလာကြီးကို မြင်းဇောင်းထဲထည့်ကာ ရေတိုက်ထားခဲ့ပြီး အိမ်နောက်ဖေး မီးဖိုဆောင်ဘက်သို့ လျှောက်လာခဲ့သည်။

သူ့ဂျင်းဘောင်းဘီမှာ အရောင်အဆင်း မရှိတော့ပေ။ အပေါက်အပြဲတွေက နေရာအနှံ့။ အင်္ကျီက ညစ်ပတ်စုတ်ပြတ်နေ၏။ လူသွားလမ်းကလေးအတိုင်း ကိုဘီလျှောက်လာခဲ့သည်။ သူ့တွင် ဦးထုပ်မပါ။ ဆံပင်ကို ဖွတ်ဖြီးထိုးထား၏။

သူ့ဆီကို ရေချယ်ပြေးချသွားသည်။ လက်နှစ်ဘက်ကို ဆန့်တန်းလျက်။ "ကိုဘီ ... ကိုဘီ" ဟု စိတ်လိုက်မာန်ပါ ခေါ်ရင်း သူ့မျက်နှာကိုမြင်တော့ ရေချယ် တုံ့သွားသည်။

"ဘာဖြစ်လို့လဲဟင် ကိုဘီ"



"ဒါဆို ငါကြားတဲ့သတင်း မှန်တာပေါ့၊ မော်လီ ပြောတုန်းက ငါမယုံဘူး"

သူက ရေချယ့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ်၊ တနင်္ဂနွေနေ့ မင်္ဂလာဆောင်လေ။ ဘာဖြစ်လို့လဲဟင်၊ နင် မနာလို ဖြစ်နေသလား"

သူ့အမူအရာနှင့် လိုက်ဖက်အောင် အသံကို မြှင့်လိုက်သည်။

"ငါက မနာလိုဖြစ်ရမယ် ဟုတ်လား"

ဝတ်ထားသည့် ဝတ်ရုံကို သေသေချာချာ ကြည့်ပြီး

"နင်က ငါချစ်တဲ့ ရေချယ်မှ မဟုတ်တော့တာ၊ နင်က အဖြူကောင်မပဲ"

မြွေဟောက်မတစ်ကောင်လို ရေချယ် ပါးပျဉ်းထောင်လာသည်။

"ဟုတ်တယ်၊ ဘာဖြစ်လဲ။ ငါက လူဖြူပဲ၊ အဲဒီအတွက် ငါ ဂုဏ်ယူတယ်။ နင့်ကိုနင် ပြန်ကြည့်စမ်း၊ နင်က နတ်ပြည်ကို ဒိုကုပ်တင်လို့ မရတဲ့ကောင်၊ နင့်လက်တွေ နင်ပြန်ကြည့်စမ်း၊ ဘယ်လောက် ရွံစရာကောင်းနေသလဲ"

သူ့လက်တွေကို ကိုဘီ ငုံ့ကြည့်သည်။ ညက မီးပုံပွဲမှ မီးသွေးနိုင်းချင်းနှင့် ပေကျံနေသည်။ သူက လက်နှစ်ဖက်ကို ရေချယ်၏ ပခုံးတစ်ဖက်စီတွင်တင်ကာ ဖြူဖွေးနေသည့် ဝတ်စုံတွင် သုတ်ပစ်လိုက်သည်။ ပြီးသည်နှင့် ချာကနဲ လှည့်ထွက်သွား၏။

ပေကျံနေသော အင်္ကျီ ပခုံးနှစ်ဖက်ကို ငုံ့ကြည့်ပြီး ဒေါသပုန်ထလျက် ရေချယ် သူ့နောက်သို့ ပြေးလိုက်သွားသည်။

သူ့ကို မီသည်နှင့် ရှိသမျှ ခွန်အားသုံးပြီး ရိုက်နှက်ကုတ်ဖဲ့

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။ ပါးစပ်မှလည်း ရစရာမရှိအောင် အော်ဟစ်ဆဲဆို လျက်။

သူက ဘာမျှ မတုံ့ပြန်ဘဲ ငြိမ်ခံနေသည်။ သူ အားရ အောင် အရိုက်အနှက်ခံပြီးမှ ဂိုဒေါင်ဆီသို့ ဆက်လျှောက်သွား သည်။

"နင် မိုက်ရိုင်းလှချည်လား ကိုဘီ။ ဒီမှာ ကြည့်စမ်း၊ နင် ဘာလို့ ဒါလောက် အောက်တန်းကျတာလဲဟင်"

ရေချယ်က နောက်မှလိုက်ပြီး ရန်တွေ့တုန်း။

"ဒီမှာကြည့်စမ်း၊ ပေကျံကုန်ပြီ"

ကိုဘီက ဘာမှ ပြန်မပြောဘဲ သူ့အခန်းထဲဝင်ပြီး ခုတင် ခြေရင်းမှ ပြတင်းပေါက်ဖွင့်ကာ အပြင်သို့ ငေးကြည့်နေသည်။

"ငါ တောင်းပန်ပါတယ် ရေချယ်၊ နင် ပြောတာ ဟုတ် တယ်၊ ငါ အရမ်း မနာလိုဖြစ်နေတယ်"

"နင်က မနာလိုဖြစ်ရအောင် နင့်မှာ ဘာအကြောင်း ရှိ လို့လဲ"

သူက ချာကနဲ လှည့်ကြည့်ပြီး မီးဝင်းဝင်းတောက်နေ သည့် မျက်လုံးများဖြင့် ကြက်ခေါင်းဆိတ်မခံ တုံ့ပြန်သည်။

"နင့်ကို ငါချစ်တယ်လေ၊ ငါတို့က ချစ်သူတွေလေ။ အဲဒါ အကြောင်းရင်းပေါ့"

"အမယ် … နင့်ကိုငါ ချစ်ပါတယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ"

"ပြောတယ်လေ၊ နင် မမှတ်မိတော့ဘူးလား၊ သစ်ပင်မှာ နင် ဓားနဲ့ထွင်းပြီး ပြောခဲ့တာ မဟုတ်လား"

"ဟာ သေတော့မှာပဲ၊ အဲဒါ တို့ကလေးဘဝက ဖြစ်ခဲ့



တာတွေပဲ။ နင်နဲ့ငါနဲ့ အရွယ်ရောက်လာမှ ဘယ်မှာ ချစ်စကား ဆိုခဲ့ကြဖူးလဲ၊ ဘယ်မှာ ချစ်ကတိပေးခဲ့ဖူးလို့လဲ"

"ဒါပေမဲ့ တို့ ချစ်ခဲ့ကြတယ်၊ အဲဒီလူကို မင်း မယူပါနဲ့ ရေချယ်၊ တို့ လက်ထပ်ကြရအောင်ပါ"

သူ ရူးသွားပြီလားအထင်ဖြင့် သူ့ကို သေသေချာချာ ကြည့်လိုက်သည်။ ကိုဘီသည် တည်ငြိမ်နေ၏။

"နင်ပြောတာ လုံးဝအဓိပ္ပာယ်မရှိဘူး ကိုဘီ၊ နင် ဘာ အရူးထတာလဲဟင်"

"အေး … ရူးတယ်ဆိုချင်ဆို၊ တို့နှစ်ယောက် ရူးရူး မူးမူး ချစ်ခဲ့ကြတယ်၊ ဆက်ပြီးတော့ ရူးကြရအောင်ပါ ရေချယ်။ တို့နှစ်ယောက် မက်ဆီကို ထွက်ပြေးကြမယ်လေ"

ရေချယ် တွေသွားသည်။ ပျော်စရာမြင်ကွင်းတွေ အတွေး ထဲတွင် ထင်လာသည်။ ရင်တလှပ်လှပ် ခုန်လာ၏။ သို့သော် ဆင်ခြင်တုံတရားကို အနိုင်ပေးရလိမ့်မည်။ တွေဝေနေသော ထိုတဒင်္ဂ တွင် ကိုဘီက သူ့ဘက်ပါပြီအထင်ဖြင့် ရေချယ့်ကို ဖက်ကာ နမ်း ပါလေတော့၏။

သူ့အနမ်းတွင် ရေချယ် မျောပါသွားသည်။ သို့သော် ချက်ချင်း သတိပင်လာပြီး ရေချယ် ရုန်းထွက်လိုက်သည်။ သူက အလျှော့မပေးဘဲ သိုင်းဖက်ကာ ထပ်နမ်းပြန်သည်။ ရေချယ်က တစ်ဘက်သို့ မျက်နှာလွှဲပစ်သည်။ သို့သော် သူ့နှုတ်ခမ်းတွေကို ရှောင်လို့မလွတ်။

ရေချယ် မပီမသ ပြောနေသည်။

"ဟင့်အင်း … ဟင့်အင်း၊ တော်ပြီကွာ"

သို့သော် ဆက်မရုန်းတော့။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ကိုဘီရယ်"

"မင်းနှလုံးသားက ဘာပြောနေသလဲ ရေချယ်၊ သူ့စကားကို မင်းနားထောင်ရမယ်"

ထိုတဒင်္ဂတွင် ရေချယ်သိလိုက်ပြီ။ ထိန်းနိုင်စွမ်းတို့ ခန်းခြောက်ပျောက်ကွယ်တော့မည့် တဒင်္ဂ။

ဟင့်အင်း၊ ဟင့်အင်း၊ တော်တော့ဟု စိတ်ထဲက ပြောနေသော်လည်း မောဟိုက်သံနှင့် ထွက်လာသည်က တစ်မျိုး။ "ဩော် ... ကိုဘီရယ် ... မောင်ရယ်"

အိပ်ရာပေါ်တွင် နှစ်ယောက်သား မည်မျှကြာသွားသည် မသိ။ ရေချယ့်ရှိုက်သံထွက်လာသည်။ မျက်ရည်တွေကို ကိုဘီက သုတ်ပေးသည်။

"ဘာလို့ ငိုတာလဲဟင်"

"တို့ ဘယ်လိုဖြစ်သွားတာလဲဟင် ကိုဘီ"

"တို့ အမြဲတမ်းဖြစ်ချင်နေတာကို ဖြစ်သွားတာပေါ့ ရေချယ်"

ရေချယ် ခေါင်းကို သွက်သွက်ခါလိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး"

အိပ်ရာပေါ်တွင် ရေချယ် ထထိုင်သည်။ ပေကျံနေသည့် အင်္ကျီကို ငုံ့ကြည့်ပြီး

"မဖြစ်ဘူး၊ ဖေဖေတို့ ပြန်မရောက်ခင် ငါ မြန်မြန် သွားလျှော်မှ"

ကိုဘီက အိပ်ရာပေါ်မှ ခုန်ဆင်းပြီး

"နေဦး ... နေပါဦး ရေချယ်၊ ခုလိုဖြစ်ပြီးမှ နင် သူ့ကို လက်ထပ်ဖို့ စိတ်ကူးတုန်းပဲလား"

ရေချယ်က မဆိုင်းမတွ ဖြေသည်။



"ဒါပေါ့၊ အားလုံးစီစဉ်ပြီးပြီပဲ"

ကိုဘီက အိပ်ရာကို တစ်ချက်ငဲ့ကြည့်ပြီး

"နင်ပဲ ငါ့ကို ချစ်တယ်ဆို၊ ခုပဲ တဖွဖွပြောခဲ့သေးတယ်လေ၊ အစီအစဉ် မပျက်ချင်တာနဲ့ ရှေ့ဆက်တိုးမယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"နင် သူ့ကိုမချစ်ဘဲ ဘာလို့ ဇွတ်လုပ်မှာလဲ"

"သူ့ကို ငါချစ်ပါတယ်၊ တူတော့မတူဘူးပေါ့။ ငါ ဒါလောက်ပဲပြောမယ်၊ ဒီမယ် ကိုဘီ၊ သူ့ကို ငါ မချစ်လည်းပဲ လက်ထပ်မှာပဲ။ နင့်ကိုငါ ချစ်တာက ချစ်တာပဲ၊ ခုလိုဖြစ်ပြီးမှ နင်နဲ့ငါ ထပ်တွေ့လို့ မဖြစ်တော့ဘူး၊ နောက်ထပ် ဒါမျိုး အဖြစ်မခံနိုင်တော့ဘူး။ နင့်ကိုငါ ဘယ်လောက်ချစ်ချစ်၊ အင်ဒီယန်မ တစ်ယောက်လိုတော့ ငါ မနေနိုင်ဘူး"

နှစ်ယောက်သား ငြိမ်ပြီး တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသည်။ ဘာမှ ပြောစရာမရှိတော့သည့်အလား။ ပြီးမှ ရေချယ်က တံခါးဆီသို့ လျှောက်သွားသည်။

"သွားတော့မယ် ကိုဘီ၊ တို့ ထပ်တွေ့ဖို့ မလိုတော့ဘူး ထင်တယ်၊ ခုရက်ပိုင်း ... လောလောဆယ်ပြောတာ"

ကိုဘီက ချာခနဲလှည့်ပြီး ရေချယ့်ကို ကျောခိုင်းလိုက်သည်။ ပြီးမှ ရင်ခေါင်းသံကြီးနှင့် အော်လိုက်သည်။

"သွား ... သွား ... မြန်မြန်ထွက်သွား"

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ဂူသရီမက်သဒစ်ဘုရားကျောင်းကြီးမှာ မြို့စွန်တွင် တည်ရှိသည့် ဧရာမ ဝတ်ကျောင်းတော်ကြီးဖြစ်၏။ ကျောင်းရှေ့မှ သစ်တောကို ပန်းခြံ လုပ်ဖို့ ရည်ရွယ်ထားသည်။

မင်္ဂလာအခမ်းအနားကို သစ်တောတစ်နေရာမှ နီလာကြီး ပေါ်တွင်ထိုင်လျက် ကိုဘီ စောင့်ကြည့်နေသည်။ သတို့သားနှင့် သတို့သမီး ဘုရားကျောင်းထဲမှ ထွက်လာကြသည်။ ဆန်ပန်းပေါက် ပေါက်တွေက မိုးရွာသလို ရွာချသည်။ မင်္ဂလာကောင်းချီးပေးသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။

အင်း ... ကိစ္စပြီးသွားပြီပေါ့။ ကိုဘီက မယုံနိုင်အောင် ဖြစ်နေသဖြင့် လာကြည့်ခြင်းဖြစ်သည်။ ခုတော့ မယုံ၍ မရတော့ပြီ။ နောက်ဆုံးတွင် အမှန်တရားကို လက်ခံလိုက်ရတော့၏။

ကွန်မင်ချီရွာသို့ နီလာကြီးနှင့် ပြန်လာပြီး ရိုးရာခလေ့ အရ နတ်ဆရာထံတွင် အမြင်အာရုံရှာဖွေဖို့ ပြင်ဆင်ရလေသည်။

ဆေးဆရာလည်းဖြစ်၊ ကိုဘီ၏ ဥပဇ္ဈာယ်ဆရာလည်းဖြစ် သည့် 'သုံးမိုးရာသီ' သည် လူရှိသေ ရှင်ရှိသေ ဆရာတစ်ဆူဖြစ် သည်။ သို့သော် ကိုဘီအား အမြင်အာရုံ ရှာဖွေဖို့နေရာနှင့် အချိန် ကို မညွှန်နိုင်ဘဲ ဖြစ်နေသည်။

'သုံးမိုးရာသီ' က သည်ကိစ္စကို နတ်မင်းကြီးဆီအထိ လျှောက်ထားမေးမြန်းသည်။

နတ်မင်းကြီးက အောက်ပါအတိုင်း ဖြေသည်ဆို၏။

"သေလွန်သူတို့အရပ်မှနေ၍ ဝံပုလွေနောက်ကို လိုက်ပါ လေ"



ကိုဘီက နားမလည်နိုင်အောင် ဖြစ်သွားသည်။ အနက် ကို နှိုက်တွေး၏။ ဆရာ 'သုံးမိုးရာသီ' က အကူအညီပေးသည်။

"နိမိတ်ပုံကို ရှာလေ၊ သုသာန်ကိုသွားပြီးမှ ဝံပုလွေ နောက်ကိုလိုက်"

တစ်လလုံးလုံး ကိုဘီတစ်ယောက် မျက်စိကိုဖွင့်၊ နားကို စွင့်နေသည်။ ဘာနိမိတ်ပုံမျှမတွေ့။ သုသာန်သို့ အမြဲသွားသည်။ ဝံပုလွေဆို၍ တစ်ကောင်တစ်မြီးမျှ မတွေ့။

သို့သော် ၁၈၉၇ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင်မှ ထူး ခြားချက်ရှိလာသည်။

တစ်နေ့တွင် ကိုဘီ ယုံပစ်ထွက်လာခဲ့သည်။ မကြာသေးမီ က ကျသွားသည့် နှင်းမှန်တိုင်းကြောင့် မြေပြင်တစ်ခွင်လုံး နှင်းတွေ ဖွေးကာ ထုတက်နေသည်။ ကိုဘီက နှင်းလွင်ပြင်ကို နီလာကြီးနှင့် ဖြတ်စီးလာခဲ့သည်။

သစ်လုံးအိမ်ကလေးတစ်လုံးသို့ ရောက်သွားသည်။ ခိုးဝင် လာသူတွေ မြို့သစ်တစ်ဝိုက်တွင် များသည်ထက် များလာနေချိန်။ သစ်လုံးအိမ်ကလေး၏ မီးခိုးခေါင်းတိုင်ဝတွင် မီးခိုးမတွေ့ရ။ နှင်း တွေဖုံးနေသည့် အိမ်ကလေးထဲတွင် နှင်းမုန်တိုင်းကျနေသည့် ရက် များအတွင်း လူဝင်လူထွက်ရှိပုံမရ။

မြေပြင်ပေါ်တွင် နှင်းထုက ရှစ်ပေခန့် မြင့်နေပြီ။ အိမ်ရှေ့ တံခါးဝတွင် တစ်ပေလောက် ထုတက်နေသည့် နှင်းထုကို တူးပြီး ဖွင့်ဖို့ ကြိုးစားသည်။ လူတစ်ယောက်ယောက် ရှိနေနိုင်သည်။ အသက် ရှင်ကောင်း ရှင်နေနိုင်သေးသည်။ နှင်းမုန်တိုင်း ကျသည်မှာ လွန်ခဲ့ သည့်နှစ်ရက်က ဖြစ်၏။ တစ်ပေခန့်ထုတက်နေသည့် တံခါးပေါ်မှ နှင်းတွေကို နာရီဝက်ကြာ ခွာခါပြီးမှ တံခါးပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင် ပရိဘောဂဟူ၍ ခွေးခြေတစ်လုံးပင် မတွေ့ရ။ သံဖြူမီးဖိုကလေးတစ်လုံး ရှိသည်။ ကြမ်းခင်းနှင့် နံရံများတွင် နှင်းတွေ ခဲပြီး ကပ်နေသည်။

အခန်းထောင့်တစ်နေရာတွင် စောင်တွေ၊ အိပ်ရာတွေကို လှမ်းမြင်လိုက်သည်။ အနားတိုးသွားကြည့်မှ မြင်ကွင်းကို သဲသဲကွဲကွဲ မြင်ရသည်။ အလောင်းသုံးလောင်း။ အမျိုးသမီးတစ်ယောက်နှင့် ကလေးနှစ်ယောက်။ မျက်လုံးတွေ ပိတ်နေပြီး မျက်နှာနှင့် ဆံပင်တွေပါ နှင်းတွေနှင့် ခဲချပ်နေသည်။

မျက်နှာလွှဲလိုက်ပြီး အခန်းပတ်ပတ်လည်ကို ဝေ့ကြည့်လိုက်သည်။ ကလေးနှစ်ယောက်နှင့် သူ့ကိုယ်သူ အသက်ရှင်ဖို့ အမျိုးသမီး အတတ်နိုင်ဆုံး ကြိုးစားသွားကြောင်း တွေ့ရသည်။

ရှိသမျှ ပရိဘောဂတွေကို ဖျက်ဆီးပြီး မီးဖိုထဲထည့်ကာ အနွေးဓာတ်ရအောင် လုပ်သွားခဲ့သည်။ နောက်ဆုံး သေတ္တာ၊ ဓာတ်ပုံ မှန်ဘောင်နှင့် ပုဆိန်ပါမကျန် မီးဖိုထဲ ပစ်ထည့်ခဲ့သည်။

ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်တစ်အုပ်ထဲတွင် စာတစ်စောင်ရေးထားသည်ကို တွေ့ရ၏။

"ယောက်ျားရေ၊ ကျွန်မတို့ မနေ့က ရိက္ခာပြတ်သွားတယ်။ အားလုံး မီးဖိုထဲ ထည့်ပြီး မီးလှုံကြတယ်။ ကျမ်းစာပါ မီးရှို့တဲ့အထဲ ပါသွားတယ်လေ။ ယောက်ျားအတွက် ကျွန်မတို့သားအမိတွေ နေ့တိုင်း ဆုမွန်ကောင်းတောင်းပေးကြပါတယ်။ မုန်တိုင်းက ဆိုးသထက် ဆိုးလာပြီး လမ်းပျောက်သွားမှာ စိုးတယ်လေ။ အဲဒီအတိုင်း ဖြစ်လာရင်တော့



ကျွန်မတို့ ကောင်းကင်ဘုံမှာ ပြန်ဆုံကြတာပေါ့နော်။ ကျွန်မတို့ သားအမိတွေ အိပ်တော့မယ်နော်"

ကိုဘီ လုပ်ပေးနိုင်တာ ဘာမှမရှိပါ။ သည်အတိုင်း ထားခဲ့ရုံသာ ရှိသည်။ ယောက်ျားလုပ်သူ ပြန်လာရင် သည်အတိုင်းပဲ တွေ့စေချင်သည်။ လေ့ကျင့်ခန်းစာအုပ်ကလေးကို သူ့နေရာတွင် ပြန်ထားပြီး တံခါးပိတ်ခဲ့ကာ အပြင်သို့ ထွက်လာခဲ့သည်။ မြင်းပေါ်တက်ပြီး တောင်ဘက်ရှုးရှုးသို့ ထွက်လာခဲ့သည်။ မိုင်ဝက် ခရီးမပေါက်မီ တောင်ကုန်းကလေးတစ်ခုကို တက်နေစဉ် ထူးခြားမှုကို တွေ့ရခြင်း ဖြစ်၏။ နီလာကြီး တုံ့ခနဲ ရပ်လိုက်သည်။

ကိုက်တစ်ရာ အကွာလောက်တွင် ဝံပုလွေဖြူတစ်ကောင်သည် တစ်စုံတစ်ရာကို ပျော်ပွဲစားလျက်ရှိသည်။ ဝံပုလွေသည် ကိုဘီကို မြင်သည့်အခါ ထွက်ပြေးသွားသည်။

ကိုဘီက နီလာကြီးကို ဇက်လွှတ်ပေးပြီး ဝံပုလွေနောက်သို့ တအားပြေးလိုက်သွားသည်။ မမီတော့။ သူစားနေသည့်နေရာကို ပြန်လာကြည့်တော့ သားကောင်ကို တွေ့ရသည်။

လူတစ်ယောက်၏ အလောင်းတစ်လောင်းဖြစ်၏။ နီလာကြီးကို အလောင်းနားတွင် ရပ်လိုက်သည်။ သေချာပါပြီ။ အကူအညီ ထွက်ရှာသည့် အမျိုးသမီး၏ ယောက်ျား။ ကလေးတို့အဖေ ဖြစ်နိုင်သည်။ သူ့ကိုလည်း သည်အတိုင်းပဲ ထားခဲ့ရမည်။ ဘယ်လိုမှ သည်နှင်းထုထဲတွင် မြှုပ်ဖို့မလွယ်။ သူ့ကို လိုက်ရှာသူ တစ်ယောက်ယောက် ရှိလျှင်လည်း အလွယ်တကူ တွေ့နိုင်သည်လေ။

ဤသို့ဖြင့် အလောင်းနားမှ ခွာခဲ့ပြီး ဝံပုလွေဖြူနောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ခဲ့သည်။ ပန်းဝင်ဆော့မည့် အပြေးသမားလို ကိုတီ စိတ်လှုပ်ရှားနေသည်။

*

လက်ထပ်ပြီး ပထမပိုင်းတွင် ရေချယ် လပေါင်းများစွာ အလုပ်ရှုပ်နေ၏။ အိမ်ကြီးကို မွမ်းမံပြင်ဆင်နေရသောကြောင့် ဖြစ်သည်။ သည်ကိစ္စပြီးသွားသည်နှင့် ဘာမှ လုပ်စရာမရှိတော့သလို ဖြစ်သွားသည်။

ဒေါ်လေးဘာဘာက စာရင်းအင်းကို ကြီးကြပ်သည်။ အိမ်ဝန်ထမ်းများ ရွေးချယ်ခန့်ထားသည်။ သူတို့ကို အုပ်ချုပ်သည်။ မီးဖိုချောင်ကို စီမံခန့်ခွဲသည်။ တစ်အိမ်လုံးရှိ ဗီရိုသော့များ၊ အခန်းသော့များကို သိမ်းဆည်းကာ ဧရာမသော့တွဲကြီးကို ခါးတွင်ချိတ်ထားသည်။

တစ်ညတွင် အစည်းအဝေးရှိသဖြင့် ရှယ်လ်ဘီနောက်ကျမှ အိမ်ပြန်လာသည်။ ရေချယ်က သူ့ကို စာကြည့်ခန်းထဲတွင် တွေ့ပြီး ဘာကြောင့် တစ်အိမ်လုံး၏အာဏာကို အဒေါ်လုပ်သူက ထိန်းချုပ်ထားသည့် အကြောင်းမေးသည်။ တကယ်ဆို မိမိသာလျှင် ရွှေတောင်ကုန်း၏ အရှင်သခင်မ ဖြစ်ရမည်မဟုတ်လား။

“ကိုယ့်အထင်တော့ မိန်းမတော်တော်များများဟာ တာဝန်ပေါ့တာကို ကြိုက်ကြတယ်မဟုတ်လား”

“အဲဒီမိန်းမမျိုးထဲမှာ ကျွန်မ မပါဘူး။ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် လူနဲ့မတူဘဲ အရုပ်တစ်ရုပ်လို့ ထင်လာတယ်။ စင်ပေါ်မှာတင်ထားတဲ့ အရုပ်လေ။ ရှင်မြင်ပါစေလို့ ဆုတောင်းနေရတဲ့အရုပ်၊ ဒါပေမဲ့ ရှင် မမြင်တာက ခပ်များများရယ်”

“ကိုယ်ဘယ်လောက် အလုပ်များတယ်ဆိုတာ မင်းသိပါ



တယ် ရေချယ်၊ ရွေးကောက်ပွဲက နီးလာနေပြီ၊ နောက်ပိုင်းပိုအလုပ်များဦးမယ်။ ကိုယ် စိတ်မကောင်းပါဘူး ရေချယ်၊ ကိုယ် ဘာလုပ်ပေးရမလဲ ပြော၊ ကိုယ့်မှာ လုပ်စရာတွေ ရှိသေးတယ်”

သူက စားပွဲကို မေးငေါ့ပြပြီး ပြောသည်။

“ကျွန်မမှာကျတော့ လုပ်စရာဘာမှမရှိဘူး၊ အိမ်ရဲ့ သခင်မ ဖြစ်ရမယ့်အစား သခင်မက ဒေါ်လေးဘာသာ ဖြစ်နေတယ်”

သူ့နှုတ်ခမ်းထောင့်ကလေးတွင် မဆိုစလောက် ပြုံးရိပ်ကလေး ထင်သွားသည်။

“ကောင်းပြီလေ၊ ကိုယ် တောင်းပန်ပါတယ်၊ မင်း ဒါလောက် မကျေမနပ်ဖြစ်နေမှန်း ကိုယ်မသိခဲ့ဘူး။ ဒီလိုလုပ်၊ ဒေါ်လေးဘာသာကို ကိုယ်ပြောလိုက်မယ်၊ စာရင်းအင်းတွေ မင်းဝိုင်းလုပ်ပေးလိမ့်မယ်လို့”

ပြောပြီး စားပွဲဆီသို့ လျှောက်သွားသည်။

“ဒီည ပြောမှာလား”

“မနက်ဖြန် အစောကြီး ပြောပါ့မယ်ကွယ်”

သူက ရေချယ့်ပခုံးကိုပုတ်ပြီး

“လိမ္မာတယ်နော်၊ သွားအိပ်တော့။ ခဏနေ ကိုယ် တက်လာခဲ့မယ်”

အိပ်ခန်းထဲရောက်တော့ အဝတ်တွေချွတ်ပြီး ညဝတ်ရုံထဲသို့ လျှိုဝင်လိုက်သည်။ လည်တိုင်နှင့် လက်မောင်းကို ရေမွှေးဆွတ်လိုက်သည်။ ပြီးမှ ဧရာမ အိပ်ရာကြီးပေါ်သို့ တက်လိုက်၏။

အိပ်ရာထဲတွင် ဘယ်လူးညာပြန်နှင့် သူ့ကို စောင့်သည်။ သူလိုချင်သည့်သား ရရှိဖို့ သူထပ်များ ကြိုးစားလေဦးမည်လား။ သို့သော် သိပ်မမျှော်လင့်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား မည်သို့ချော့မြူရမည်ကို ရေချယ် မစဉ်းစားတတ်တော့ပေ။ နည်းမျိုးစုံခဲ့ပြီ။ မင်္ဂလာဦးညတွင် ရေချယ်တစ်ယောက် ထင်တာတွေ အကုန်လုံးလွဲကာ အထိတ်တလန့် ဖြစ်ခဲ့ရသည်။ ယူကျုံးမရ ဖြစ်ခဲ့ရသည်။

ရှယ်လ်ဘီသည် မင်္ဂလာအချစ်ညကို မဖန်ဆင်းနိုင်ခဲ့ပေ။ သူ့ဘဝတွင် နက်နက်ရှိုင်းရှိုင်း ထိခိုက်နာကျင်မှု တစ်မျိုးမျိုး ရှိခဲ့လိမ့်မည်ဟု ရေချယ် ယုံကြည်လိုက်သည်။

ဒီဇင်ဘာ ညတစ်ညတွင် ခရစ္စမတ်သစ်ပင် ပြင်ဆင်နေကြရင်း ရေချယ်က ဒေါ်လေးဘာသာကို မေးကြည့်သည်။

"ရှယ်လ်ဘီအကြောင်း နည်းနည်းပြောပြပါလား ဒေါ်လေးဘာသာ"

"ရှယ်လ်ဘီ ဘာဖြစ်လို့လဲဟင်"

"ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ သူ့ကြည့်ရတာ မပျော်သလိုပဲ။ သူ ရယ်တာမောတာလည်း ရေချယ် မမြင်ဖူးသလောက်ပဲ။ လိုက်လိုက်လှဲလှဲ ရယ်တာမျိုး ပြောတာလေ။ ဒေါ်လေး မြင်ဖူးသလားဟင်"

"အင်း ... ဒေါ်လေး သိပ်သတိမထားမိဘူး။ ဒေါ်လေးအထင်တော့ သူဟာ သိပ်လေးနက်လွန်းတယ်၊ သူဟာ လူတော်လူကောင်းတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမြဲ ကြိုးစားခဲ့တာ။ ရှစ်နှစ်သားကတည်းကလေ၊ ပြည်တွင်းစစ်ကြောင့် ဒေါ်လေးတို့ အားလုံး အထိနာခဲ့ကြတယ်၊ ဆုံးရှုံးခဲ့ကြတယ်၊ ရှယ်လ်ဘီဆိုရင် ဘာဆိုဘာမှမကျန်တော့အောင်ပဲ။ ဒီတော့လဲ ရယ်ဖို့ သူမေ့သလောက် ဖြစ်ချင်ဖြစ်မယ်ပေါ့။ ဒေါ်လေးသိသလောက် ပြောတာ၊ ဒါ့ထက် သိချင်ရင်တော့ သူ့ကို မေးကြည့်ပေါ့"



ခရစ္စမတ်ပြီးတော့ တစ်နေ့တွင် သူ့ကိုမေးဖို့ အခွင့်ကြုံလာသည်။ နှစ်ယောက်သား မီးလင်းဖိုနံဘေးတွင် ထိုင်နေကြစဉ် ရေချယ်က သူ့အမေပုံကို မော့ကြည့်သည်။

"ငယ်ငယ်လေးနဲ့ ဆုံးတာပေါ့နော်၊ ဘယ်လိုဆုံးတာလဲဟင်"

သူ တောင့်ခနဲ ဖြစ်သွားသည်။

"မင်း ဘာလို့သိချင်တာလဲ ရေချယ်"

"အော် ... မောင့်အကြောင်း အားလုံး သိချင်တာပေါ့ကွယ်"

သူ မီးလင်းဖိုထဲကို စိုက်ကြည့်နေသည်။ ပြီးတော့မှ ငယ်ဘဝကို ရှယ်လ်ဘီ ဖြည်းဖြည်းချင်း ပြောပြသည်။ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဖူးသည့် အတိတ်၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာများ။

"ပြည်တွင်းစစ်ပြီးလို့ တောင်ပိုင်း ကာရိုလိုင်းနား ယန်းကီးတို့လက် ကျသွားပြီးတဲ့နောက်ပိုင်းမှာ သူတို့က ကပ္ပလီကျွန်တွေကို လက်နက်တွေ ထုတ်ပေးတယ်၊ ပြီးတော့ သခင်တွေကို ပုန်ကန်ခိုင်းတယ်၊ အိမ်ကြီးတွေကို မီးရှို့ခိုင်းတယ်၊ စိုက်ခင်းတွေကို ဖျက်ဆီးခိုင်းတယ်။

"အရက်မူးနေတဲ့ လူမည်းတွေဟာ သူတို့သခင်တွေကို ကောင်းကောင်းလက်စားချေကြတယ်။ 'ရွှေတောင်ကုန်း' ကိုလည်း မီးရှို့ဖျက်ဆီးလိုက်ကြတယ်။ ကိုယ့်အဖေက တောင်ပိုင်းတပ်ထဲ ပါသွားပြီး တိုက်ပွဲမှာ ကျသွားတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကိုယ်တို့ မသိသေးဘူး။

"အမေက ကိုယ့်ကိုခေါ်ပြီး အိမ်ကနေ အသက်လု ထွက်ပြေးခဲ့ရတယ်။ ကိုယ်တို့ သားအမိ တောထဲမှာ ပြေးရင်းလွှားရင်း

www.burmeseclassic.com

www.burmeseclassic.com



မှုံးရှုံးနေတဲ့ လူသတ်သမားတွေရဲ့ရန်က အလွတ်ရုန်းကြတယ်။ တွေ့ရာသစ်သီးတွေ၊ သစ်ရွက်တွေစားရင်း ပြေးနေခဲ့ရတယ်။ မုဆိုးလက်က လွတ်အောင် ပြေးနေရတဲ့ သားကောင်တွေလိုပဲ။ နောက်ဆုံးတော့ သဲသဲမဲမဲ လိုက်နေတဲ့ သူတို့အထဲက နှစ်ယောက်နဲ့ တည့်တည့်ကြီး သွားတိုးတယ်။ မေမေက အော်တယ်၊ 'သား ... ရှယ်လ်ဘီ၊ ပြေး ... ပြေး' တဲ့ "

ဆက်ပြောလို့ မရတော့သလို ရှယ်လ်ဘီအသံက တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။ အတန်ကြာမှ အားတင်းပြီး စကားဆက်သည်။

"မေမေ့ကို သူတို့ မိသွားကြတယ်။ အဝတ်တွေကို ဆွဲချွတ်ကြတယ်။ ကိုယ်ပြေးသွားပြီး အတတ်နိုင်ဆုံး ကာကွယ်ပါသေးတယ်။ သူတို့ကို ရိုက်ပုတ်ပြီး အမေ့ကို ပြန်လုဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူတို့က ကိုယ့်ကို ထိုးကြိတ်ပြီး ဆွဲလွှင့်ပစ်လိုက်ကြတယ်။ မေမေက ထွက်ပြေးဖို့ ကိုယ့်ကို အော်ပြောတယ်။ သည်မြင်ကွင်းကို ကိုယ်မြင်သွားမှာ မေမေ အရမ်းကြောက်နေတယ်။ ဒါပေမဲ့ ကိုယ်မြင်ခဲ့တယ် ရေချယ် ... ကိုယ် သစ္စာဆိုခဲ့တယ်၊ တစ်နေ့မှာ ဒင်းတို့ကို လက်စားချေမယ်လို့"

သူ့အသံ တိမ်ဝင်သွားသည်။ ပြီးတော့ ဘာသံမှ မကြားရတော့။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ရေချယ် မျက်ရည်တွေ လည်လာသည်။

"သိပ်မကြာပါဘူး၊ တစ်လနှစ်လလောက်အတွင်းမှာ မေမေ ဆုံးတာပဲ။ အဒေါ်လက်ထဲမှာ ကိုယ့်ကို စိတ်ချရတဲ့အချိန်ထိ သူစောင့်သွားတာပါ၊ စိတ်ချရပြီဆိုတာနဲ့ လူ့လောကကြီးထဲက ထွက်ခွာသွားခဲ့တယ်လေ"



"ဪ ... သနားပါတယ်နော်၊ ဒါထက် သူ့ကို ... အဲဒီလူတွေ မမိလိုက်ဘူးလား"

"ကေသုံးလုံးတွေ သူတို့ကို မိသွားတယ်"

*

ညနေစောင်းသွားပြီ၊ မြစ်နီမြစ်၏ မြောက်ဘက်ကမ်းသို့ ရောက်လာခဲ့သည်။ ဝက်ဝံဖြူကို တွေ့ခဲ့သည့်နေရာနှင့် ဆယ့်နှစ်မိုင်ဝေးခဲ့ပြီ။ ကောင်းကင်ကို မော်ကြည့်လိုက်သည်။ နောက်ထပ် နှင်းမုန်တိုင်းကျမည့် အရိပ်အယောင်တွေ ဆင်လာနေပြီ။

အမဲလိုက်ခန်းကို ခဏနားထားဖို့ ဆုံးဖြတ်လိုက်၏။ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်လိုက်သည်။ တစ်ညနိုဖို့နေရာကို လေ့လာသည်။ မတ်စောက်စောက် ကမ်းပါးယံတွင် ဂူဝတစ်ခုကို လှမ်းမြင်ရသည်။

နီလာကြီးကို ပေါ်ပလာပင်တစ်ပင်တွင် ချည်ခဲ့ပြီး လိုဏ်ဂူဝဆီသို့ တက်လာခဲ့သည်။ ဂူဝတွင် ရက်များမကြာသေးမီ မီးပုံပွဲလုပ်သွားပုံရ၏။ ထင်းအချို့ပင် ကျန်နေသေးသည်။ ဝင်လုလုနေရောင်တွင် ဂူထဲသို့ ကြည့်ပြီးအော်ခေါ်ကြည့်လိုက်သည်။

"ဂူထဲမှာ တစ်ယောက်ယောက် ရှိသလားဗျို့"

သူ့ပဲ့တင်သံမှလွဲ၍ ဘာသံမျှ မကြားရ။ ဂူဝနှင့် မလှမ်းမကမ်းတွင် မီးဖိုလိုက်သည်။ ဂူအတွင်းဘက်မှ ဘာသံမျှ မကြားရ။ တောင်တမာကိုင်းတွေကို စုစည်းပြီး မီးတုတ်လုပ်၍ ဂူထဲသို့ ဝင်လာခဲ့သည်။ ကျောက်ခွယ်တစ်ခုထဲတွင် ရေတွေလျှံကျနေသည်ကို တွေ့ရ၏။ ပက်ကြားအက်တစ်ခုထဲမှ ထွက်နေသည့်ရေတွေမှုနေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နံရံတစ်ခုတွင် အရုပ်တွေ ရေးထားသည်ကို တွေ့ရတော့ ကိုဘီ မျက်လုံးပြူးသွားသည်။

စကျင်ကျောက်နံရံတွင် ထွင်းထားသည့် သင်္ကေတများ၊ တိရစ္ဆာန်ရုပ်များနှင့် လူပုံများဖြစ်သည်။ ရှက်ထည်တဲပုံများလည်း ပါ၏။

ဦးချိုပိုင်းဝိုင်းနှင့် ကျွဲကြီးများကို ဝါးချွန်နှင့်ထိုးဟန်ပြင်နေသည့် လူပုံသေးသေးကလေးများ။ ပြီးတော့ ဝံပုလွေတစ်ကောင်က ဆောင့်ကြောင့်ထိုင်လျက် ဖိုးလမင်းကို မော်ကြည့်ပြီးအူနေပုံ။

"အဲဒါ ရှေးဟောင်း ဂမ္ဘီရလိုဏ်ဂူပေါ့ကွ"

ကိုဘီက သည်အကြောင်းပြန်ပြောတော့ ဆရာ'သုံးမိုးရာသီ' က ဝမ်းသာအားရ မှတ်ချက်ချသည်။

"အဲဒီလိုဏ်ဂူကို ဂမ္ဘီရလိုဏ်ဂူလို့ ခေါ်တယ်၊ ဝံပုလွေတစ်ကောင်က မင်းကို အဲဒီခေါ်သွားတာ မင်းအတွက် အမြင်အာရုံရှာဖို့ အကောင်းဆုံးနေရာပဲ။ ခုလာမယ့် လပြည့်ညမှာ မင်းအလုပ်စပေတော့"

လပြည့်ဖို့ တစ်လနီးပါး စောင့်ရဦးမည်။ ကိုဘီအတွက် ကိုယ့်စိတ်ကို ကိုယ်သန့်စင်အောင်လုပ်ဖို့ အချိန်တွေအများကြီး ရသည်။ အမြင်အာရုံရှာဖို့ အခြေခံကျသည့်ကိစ္စတွေ ကြိုတင်ပြင်ဆင်ချိန် အများကြီးရသည်။

မတ်လ လပြည့်ရက်နီးတော့ နတ်ဆရာနှင့် သူ့တပည့်နှစ်ယောက်က ကိုဘီကို ဂမ္ဘီရလိုဏ်ဂူသို့ လိုက်ပို့ကြသည်။ သူ့ကို သတ်မှတ်ထားသည့် ရိက္ခာပေးခဲ့ပြီး နီလာကြီးကို ဆွဲကာပြန်သွားကြသည်။

ကိုဘီသည် ဂမ္ဘီရလိုဏ်ဂူတွင် မလှုပ်မယှက်ရပ်ပြီး အရှေ့



ရှုးရှုးသို့ စိုက်ကြည့်နေသည်။ နေလုံးကြီး တဖြည်းဖြည်း ထွက်ပြူလာ၏။ အလွန်မတန် ခက်ခဲပြင်းထန်သည့် စိတ်စွမ်းအင်ကမ္မဋ္ဌာန်းပွဲစလေပြီ။

အလင်းတန်းကြီးကို တည့်တည့်ရှုနေသည်။ ပြီးတော့ နေဝန်းကြီးသည် တဖြည်းဖြည်း မြင့်တက်လာသည်။ တတ်နိုင်သမျှ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေ၏။ နေထန်းတဖျားလောက်ရောက်သည့်အခါ မျက်လုံးအိမ်တွေ ပေါက်ကွဲထွက်တော့မလောက် ခံစားရသည်။ ခြေထောက်တွေက ဆက်ရပ်မနေနိုင်တော့အောင် ချည့်နဲ့လာသည်။ သို့သော် ကိုဘီ ဆက်ရပ်နေသည်။ နေလုံးကြီးသွားရာသို့ အရပ်အနားမရှိ လိုက်ကြည့်နေသည်။ ဆရာသင်ပေးလိုက်သည့် ဂါထာကို နှုတ်မှတတွတ်တွတ် ရွတ်လျက်။

ကိုယ့်ကိုယ်ကိုယ် အနိုင်နိုင်သယ်ကာ ကန်းလုမတတ် ဝေဝါးနေသည့်မျက်လုံးများဖြင့် ဂူပေါက်ဝဆီသို့ လျှောက်လာခဲ့သည်။ ကိုဘီသည် ဥပဇ္ဈာယ်ဆရာ၏ ညွှန်ကြားချက်အားလုံး တသွေမတိမ်း လိုက်နာသည်။

ဂူဝသို့ရောက်သည့်အခါ ဂါထာကို နှုတ်တိုက်ရွရွရွတ်ကာ မှုးနောက်ရီဝေလာသည်အထိ ချာလပတ်လှည့်၍ မွှတ်နေအောင် ကလေတော့သည်။ နတ်မင်းကြီးထံသို့လည်းမအိပ်မစား ရေမသောက်ဘဲ လေးရက်နေနိုင်သည့် ခွန်အားပေးသနားပါရန် ကနေရင်း တောင်းခံသည်။

ပြီးမှ ထင်းအနည်းငယ်နှင့် မီးဖိုကာ သားရေကြမ်းဆွဲလာအိတ်ထဲမှ ရက်အင်ဒီယန်းလူမျိုးတို့ အမွှန်အမြတ်ထားသည့် ရောင်စုံဆေးတွေကိုထုတ်ကာ မျက်နှာနှင့်ခန္ဓာကိုယ်ကို ခြယ်မှုန်းခြယ်သည်။ အဝါ၊ အဖြူနှင့် အမည်းကို အကန့်လိုက်အကန့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လိမ်း၏။ ပြီးမှ ကျွဲသားရေနှင့်လုပ်ထားသည့် ကျောက်ကျက်ကိုလှုပ်သည်။ ကျွဲချိုကို မှုတ်သည်။ ပြီးမှ ခပ်လေးလေး နရီစည်းဖြင့် ကသည်။

မီးဖိုထဲမှ မီးကုန်သွားသည်အထိ ကသည်။ ဗုန်းဗုန်းလဲကျ ခါနီးမှ ဂူပေါက်ဝဆီသို့ ကိုယ်ကိုဒရွတ်ဆွဲကာ ဒယီးဒယိုင်လျှောက် သွားသည်။

လပြည့်ည၏ ဖိုးလမင်းသည် ထိန်ထိန်လင်းလျက်ရှိသည်။ ကိုဘိသည် တင်ပျဉ်ခွေကာ အရိုးခိုက်အောင် အေးနေသည့်ဒဏ် ကို မမှုဘဲ ထိုင်နေသည်။ ဝမ်းဟာသည့်ဒဏ်နှင့် အိပ်ပျက်သည့် ဒဏ်ကို ခံနေရပြီ။ မစားရ၊ မအိပ်ရသည်မှာ သုံးရက်နှင့်နှစ်ညရှိပြီ။

ခေါင်းထဲတွင် မကြည်လင်တော့။ အာရုံတွေ မပီပြင်တော့။ စိတ်တွေ ချောက်ချားစပြုလာသည်။ ရေးဟောင်းနံရံပန်းချီကားများ ရှေ့တွင်ရပ်ကာ ကမ္ဘာကြီးတစ်ခုလုံး အိပ်မက်ထဲ ရောက်သွားသည် ထင်လိုက်၏။ အိပ်မက်ထဲတွင် တွေ့ရသည့် ပုံရိပ်များ၊ အိပ်မက် ထဲတွင် ကြားရသည့်အသံများ။

ကျွဲကြီးနောက်ကို သဲသဲမဲမဲ လိုက်နေကြသည့် အမဲလိုက် သမားများထဲသို့ သူပါရောက်သွားသည်။ လက်ထဲတွင် ဝါးချွန်ကို ကိုင်ပြီး သူတို့နှင့်အတူ ကျွဲကြီးနောက်သို့ လိုက်သည်။ လိုက်ရင်း လိုက်ရင်း ကျွဲတွေအများကြီး ဖြစ်လာသည်။ ရာပေါင်းများစွာမှ ထောင်ပေါင်းများစွာ ဖြစ်လာသည်။

သူမြစ်ထဲရောက်သွားသည်။ ရေထဲတွင် ရပ်နေသည်။ မည် သို့ မည်ပုံ ရောက်သွားသည်ကို သူမသိ။ ဂူထဲမှ ဘယ်လို ဘယ်လို ထွက်လာခဲ့မှန်းလည်း မမှတ်မိ။ ဒူးဆစ်လောက်နက်သည့် ရေထဲ တွင် ရပ်နေသည်။ ရေတွေက အနီရောင်၊ သွေးရောင်အတိ။ မြစ်နီ မြစ်၏ အော်သံကို သူကြားရသည်။



"ငါသည် မဟာပထဝီမြေကြီး၏ သွေးဖြစ်သည်၊ ငါ့ကို သောက်သုံးလော့။ သင်သည် အတိုင်းအဆမရှိ ခွန်အားကြီးလာ လိမ့်မည်"

သွေးတွေကို လက်ခုပ်နှင့်ခပ်ပြီး အားရပါးရ သောက်သုံး လေတော့၏။ ပြီးတော့ ရေထဲသို့လက်နှင့် စမ်းလိုက်သည်။ ပထမ ဆုံး ကိုင်မိသည့် ကျောက်စရစ်ခဲကလေးကို ကောက်ယူလိုက်၏။ သူ့ဆေးအိတ်ထဲတွင် သိမ်းဆည်းထားရှိမည့် ပထမဆုံး ရေးဟောင်း ပစ္စည်းဖြစ်လိမ့်မည်။

ဂူဆီသို့ ပြန်တက်လာခဲ့သည်။ သစ်ကိုင်းတစ်ကိုင်းပေါ် တွင် နားနေသည့် ကျီးအတစ်ကောင်ကို တွေ့ရ၏။ ကျီးအသည် အတောင်တစ်တောင်ကို နှုတ်သီးဖြင့်နုတ်ယူပြီး အောက်သို့ပစ်ချကာ စကားဆိုလာသည်။

"အဲဒါ မင်းရဲ့ဆေးအိတ်ထဲမှာ ထည့်ဖို့ ငါပေးတာ၊ ယူ သွားပေတော့"

ကိုဘိ ပျော်သွားသည်။ ငှက်တစ်ကောင်ထံမှ လက်ဆောင် ပစ္စည်းရယူခြင်းမှာ သူ့အတွက် ပထမဆုံးအကြိမ် ဖြစ်သည်။ ဤ သည်မှာ မြေကြီးနှင့်ကောင်းကင်မှ နတ်မင်းကြီး၏ ဆက်သွယ်မှု ဖြစ်လေသည်။

ကျီးအ စကားဆက်သည်။

"ဂူထဲမှာ ပင့်ကူအိမ်တစ်အိမ်ရှိတယ်၊ ထူးခြားတဲ့ တန်ခိုး သတ္တိအတွက် မင်းယူသွားပေတော့"

ဟုတ်တယ်၊ ပင့်ကူဆိုတာ အလွန် အသိဉာဏ်မြင့်တဲ့ အကောင်မျိုးပဲ။ ဂူထဲတွင် ပင့်ကူအိမ်ကို အလွယ်တကူ ရှာတွေ့ သည်။ အသာဖြုတ်ပြီး ဘောလုံးကလေးဖြစ်အောင် လုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆေးအိတ်ထဲထည့်လိုက်၏။

ကျောက်တုံးတစ်တုံးကို ကောက်ယူပြီး နံရံပန်းချီကားများဆီကို လျှောက်သွားသည်။ ဝံပုလွေပုံထဲက စကျင်ကျောက်စကလေး နည်းနည်းယူသွားချင်စိတ် ပေါက်လာသည်။ ကျောက်ခဲနှင့်ထုပြီး စကျင်ကျောက်ကလေးကို ခွာယူလာသည်။ ဤတွင် ဝံပုလွေကဟောင်ပါတော့သည်။ ဝံပုလွေသံသည် ပထမ ဂူထဲမှလာသည်ထင်လိုက်၏။ နောက်မှ ဂူအပြင်က အသံဖြစ်ကြောင်း သိသွား၏။

ချက်ချင်းပင် ကိုဘီသည် ဂူပြင်သို့ပြေးထွက်ကာ ဝံပုလွေအမဲ လိုက်ခန်းကို စလေတော့သည်။ ဝံပုလွေအော်သံကြားသည့်ချုံတောထဲသို့ ဓားမြှောင်ကို ဆွဲထုတ်ပြီး ကိုဘီ ပြေးဝင်သွားသည်။

ဝံပုလွေကြီးမှာ ထောင်ချောက်တစ်ခုတွင် မိနေခြင်းဖြစ်သည်။ ကိုဘီကို ဂမ္ဘီရဂူကြီးဆီသို့ ခေါ်သွားသည့် ဧရာမဝံပုလွေဖြူကြီးဖြစ်၏။ နောက်ခြေထောက်တစ်ချောင်းမှာ ချိန်းကြိုးနှင့်ညပ်ကာ ထက်ပိုင်းကြိုးနေပြီ။

"မင်းဒုက္ခရာက အကြီးကြီးပဲ၊ မင်းလွတ်သွားလည်း သေမှာပဲ ကိုယ့်လူ"

ကိုဘီက ဝံပုလွေကို ပြောလိုက်သည်။

ဝံပုလွေက ပြန်ပြောသည်။

"ငါသိတယ်၊ ငါယစ်ပူဇော် ခံရတော့မယ်"

ကိုဘီ ပျော်သွားသည်။ တစ်ခုခုကို ရှင်းရှင်းလင်းလင်း သိလိုက်ရသည့်အလား။ ခေါင်းထဲတွင် အလင်းတစ်ခု ဖြတ်ပြေးသွားသည်။

"ဟုတ်ပြီ၊ မင်းဟာ ငါ့ကိုကူညီမယ့်သတ္တဝါပဲ ဝံပုလွေဖြူ"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ မင်း ဒီအသုံးမကျတဲ့



ခန္ဓာကိုယ်ထဲကနေ ငါ့ကို လွတ်အောင်လုပ်ပေးရမယ်၊ လွယ်တော့ မလွယ်ဘူးနော်၊ ငါက မင်းကို နောက်ဆုံးထွက်သက်အထိ တိုက်မှာ"

ကိုဘီ ခဏတွေသွားသည်။ ဝံပုလွေက ဧရာမအကောင်ကြီးဖြစ်သည်။ နှုတ်သီးမှ အမြီးအထိ ခြောက်ပေလောက်ရှိမည်။ ကိုယ်အလေးချိန်ကလည်း သူနှင့်အတူတူလောက် ရှိလိမ့်မည်ဟု ကိုဘီ ခန့်မှန်းလိုက်၏။

သစ်ကိုင်းတွေကို ပိုင်းပြီး ရှယ်တူခြောက်ချောင်း ဖြတ်လိုက်သည်။ ပြီးတော့ ဘယ်ဘက်လက်ဖျံတွင် ပတ်ပတ်လည်စည်းကာ ခါးပတ်နှင့် ကျပ်စည်းသလို စည်းလိုက်သည်။ ညာဘက်လက်တွင် ဓားမြှောင်ကိုကိုင်ကာ ဝံပုလွေနှင့် လူသားတို့၏ တိုက်ပွဲစလေတော့သည်။

ထောင်ချောက်မှ လွှတ်ပေးလိုက်သည်နှင့် ဝံပုလွေက ရှေ့သို့ခုန်အုပ်ဖို့ နောက်သို့ နှစ်လှမ်းသုံးလှမ်း ဆုတ်လိုက်သည်။ ပြီးသည်နှင့် ကြောက်မက်ဖွယ်အသံကြီး ဟိန်းကာ ပါးစပ်ကြီးဖြလျက် ကိုဘီကို တအားခုန်အုပ်လိုက်သည်။

ကိုဘီက ထင်းချောင်းများဖြင့် စည်းနှောင်ထားသည့်လက်ကို ဒိုင်းသဖွယ် အသုံးပြုသည်။ လက်ကို ကိုက်မိသည်နှင့် ဝံပုလွေသည် ထင်းချောင်းတွေကို ခဲကာ အရိုးတွေကိုက်သလို ကိုက်နေလေသည်။

ဂျိုးဂျိုးဂျွတ်ဂျွတ်မြည်ကာ ထင်းချောင်းတွေ ကြေမွနေစဉ် ကိုဘီ၏ ညာဘက်လက်မှ ဓားမြှောင်သွားသည် ဝံပုလွေ၏လည်မျိုထဲသို့ နစ်ဝင်သွားသည်။

ဝံပုလွေဖြူ၏ ခန္ဓာကိုယ်ကြီးသည် မြေပေါ်သို့ဝုန်းခနဲ လဲကျသွားသည်။ မျက်လုံးထဲမှ အသက်၏အလင်းရောင်သည် တဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း မေးမိန့်ပျောက်ကွယ်လျက် ရှိပြီ။ ဤတွင်မှ ကိုဘိက ဝံပုလွေ၏ဝိညာဉ်ကို သူ့ကိုယ်တွင်းသို့ ခေါ်ယူတော့သည်။

"အို ဝံပုလွေဖြူ၊ သင့်ကိုယ်တွင်းမှ ခွန်အားတွေကို ငါ့အားပေးပါလေ၊ သင်၏ ပါးနပ်လိမ္မာမှုအားလုံး ငါ့အား ပေးပါလေ၊ သင်၏ကြောက်မက်ဖွယ် အစွမ်းအစအားလုံး ငါ့အား ပေးပါလေ"

တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားပြီး၊ သူ့ကိုယ်တွင်းသို့ ဝံပုလွေ၏ ဝိညာဉ်ဝင်လာပြီဟု ယုံကြည်လိုက်၏။ ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါဆိုတာ သိလိုက်သည်။

"ငါသည် 'ဝံပုလွေဖြူ' ပါကလား"

*

ဒက်စတာနှင့် ရဲမှူးဟာရီမင်တို့ နှစ်ယောက်သည် ရှယ်လ်ဘီ၏ စာကြည့်ခန်းထဲသို့ တံခါးမခေါက်ဘဲ ဝင်သွားကြသည်။ ပြီးတော့ တံခါးချက်ထိုးလိုက်သည်။ ရဲမှူးက ဦးထုပ်နှင့် ခြေထောက်ကို တဖျပ်ဖျပ် ရိုက်ရင်း ဒေါသတကြီး ပြောလိုက်၏။

"တစ်ခုခုလုပ်မှ ဖြစ်တော့မယ် ရှယ်လ်ဘီ၊ လုပ်ကို လုပ်ရတော့မယ်"

"စိတ်အေးအေးထားစမ်းပါဗျာ၊ ခင်ဗျား ဒေါသကြီးနေလို့ ပြဿနာရှင်းသွားမှာ မဟုတ်ပါဘူး"

ရှယ်လ်ဘီက အရက်ဗီရိုဆီသို့ ထသွားသည်။ သူတို့နှစ်ယောက်ကို ဝီစကီတစ်ခွက်စီ ထည့်ပေးလိုက်သည်။

"ကဲ... ထိုင်ကြစမ်းပါဦး၊ ဘာတွေဖြစ်နေတယ် ဆိုတာလည်း ကျွန်တော့်ကို ပြောဦးမှပေါ့"



ရဲမှူးဟာရီမင်က စောစောကလေးမှ တယ်လီဖုန်းပြောခဲ့ရသည့် ကိစ္စကို ပြန်ပြောပြသည်။ သူ့နှုတ်ခမ်းတွေ မသိမသာ တုန်နေ၏။

လွန်ခဲ့သည့်လေးနှစ်က 'လွတ်လပ်ရေးမြို့'ကို စီးနင်းရာတွင် ပါဝင်ခဲ့သောအဖွဲ့ထဲမှ နောက်ထပ်နှစ်ယောက် မနေ့ညက ချောင်းပစ်ခံရပြန်သည်။

"ငတုံးတွေပဲ၊ သူတို့ကို ကျွန်တော်တဖွဖွ သတိပေးနေတာပဲ၊ ဂရုမစိုက်ကြတာ"

ဟာရီမင်က ဝန်ခံသည်။

"ဟုတ်တယ်၊ သူတို့ နမော်နမဲ့နိုင်တာတော့ မှန်တယ်။ နှစ်တွေကြာလာတော့လည်း မေ့မေ့လျော့လျော့ ဖြစ်လာကြမှာပဲ၊ တစ်ခါမဟုတ် တစ်ခါတော့ သတိလက်လွတ် ဖြစ်ကြမှာပဲ။ ကိုယ့်ဘဝကိုယ် နေချင်ကြသေးတယ်လေ"

ရှယ်လ်ဘီက ခေါင်းတယမ်းယမ်းဖြင့်

"ကျွန်တော်တော့ နားမလည်နိုင်အောင်ပဲ။ ကျွန်တော်တို့ ညီအစ်ကိုတော်အဖွဲ့ဝင်တွေ စုစုပေါင်းလိုက်ရင် နယ်စပ်ဒေသတစ်ဝိုက်မှာတင် ငါးထောင်ကျော်တယ်၊ ဒီမလောက်လေး မလောက်စား ငမည်းတစ်ကောင်ကို ရှာပြီး ရှင်းမပစ်နိုင်ဘူးတဲ့"

"အေး ... ကိုယ်လည်း နားမလည်ဘူး ရှယ်လ်ဘီ၊ စဉ်းစားမိသလောက်တော့၊ တို့က ကိုယ့်ဘဝ ကိုယ့်တာဝန်တွေအသီးသီးနဲ့၊ သူက တာဝန်တစ်ခုပဲရှိတယ်။ တို့ကို သတ်ဖို့"

ရဲမှူးက ဝီစကီကိုမော့လိုက်ပြီး ပါးစပ်ကို လက်ခုံနှင့် သုတ်လိုက်သည်။ ပြီးတော့ စကားဆက်သည်။

"ကဲ... ခု တို့သုံးယောက်ပဲ ကျွန်တော်တယ်၊ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အလှည့် ဖြစ်မလဲ။ တို့အထဲက တစ်ယောက်ယောက်တော့ သေချာနေပြီ။ မနက်မိုးလင်းတာနဲ့ သစ်စရာမျက်နှာ ရှိသေးရဲ့လား ဆိုတာ အရင်စမ်းကြည့်ရတယ်၊ မျက်နှာရှိသေးရင်လည်း နောက်တစ်နေ့ ဒီမျက်နှာရှိပါဦးမလားလို့ ကိုယ့်ကိုယ်ကိုယ် မေးရပြန်တယ်။ ဒီမယ် ကိုယ်ပြောမယ်၊ သူ့ကို တို့လက်ဦးမှု မယူနိုင်ရင် တို့သုံးယောက်စလုံး ကြွမှာပဲ။ ငါ စဉ်းစားလို့ရတာ တစ်ခုရှိတယ်။ သူ့ပုံကိုရေးပြီး အလိုရှိသည် ကြော်ငြာထုတ်၊ အသေရရ အရှင်ရရ ဆုငွေဒေါ်လာငါးထောင်ပေးမယ်လို့ ကြေညာ၊ စာတိုက်တွေမှာ လျှောက်ကပ်၊ တစ်နယ်လုံးအနှံ့ လျှောက်ကပ်။ တို့ဘက်ကလည်း မုဆိုးတွေနဲ့ပေါင်းပြီး ပိုက်စိတ်တိုက်မယ်"

"သူ့ကို အရှင်မိလာရင် ဘယ်လိုလုပ်မလဲ"

"ဘယ်သူမှ သူ့ကို အရှင်မဖမ်းပါဘူး၊ စိတ်ချ။ သူကလည်း ဒါကို သိပြီးသားနေမှာ၊ အို... ဒီကိစ္စ ငါတာဝန်ထားလိုက်ပါ"

ရှယ်လ်ဘီက ခဏတွေစဉ်းစားသည်။ ပြီးမှ စိတ်လျှော့လိုက်သလို လက်နှစ်ဘက်ကို ဖြုတ်ချလိုက်သည်။

"ကဲ... ကောင်းပြီ၊ ဆက်လုပ်ကြ။ တစ်ခုတော့ သေချာပစေနော်၊ အဲဒီငမည်းကောင်ကို ဘယ်တော့မှ ရုံးမတင်စေရဘူး"

*

ရှယ်လ်ဘီကို သည်ပုံစံဖြင့် ရေချယ်တစ်ခါမျှ မမြင်ဖူးခဲ့။ အဝတ်အစားထည့်သည့် လက်ဆွဲအိတ်ကို ဆွဲထွက်သွားသည်။ ရေချယ်က အပေါ်ထပ် ဝရန်တာမှ လှမ်းအော်မေးသည်။



"ဒီည ပြန်မလာဘူးလားဟင်"

သူက သန်းခေါင်ကျော်ကျော်မှာ ပြန်ရောက်မည့်အကြောင်း ပြန်ပြော၏။ ဒါဆို ဘာလို့ လက်ဆွဲအိတ်ယူသွားလဲ မေးတော့ အခြေအနေအရ အဝတ်အစားလဲချင် လဲရမည့်အကြောင်း ပြန်ပြောပြီး သက်တော်စောင့်နှစ်ယောက်နှင့်အတူ စီးထွက်သွားသည်။

အခြေအနေအရဆိုတာ ဘယ်လိုအခြေအနေလဲဟု မမေးလိုက်ရ။ ညသန်းခေါင်တွင် သူပြန်ရောက်လာတော့ လက်ဆွဲအိတ်ကို မြေအောက်ခန်းထဲ ယူသွားကြောင်း ရေချယ်သတိထားလိုက်မိသည်။

ရေချယ် မသင်္ကာဖြစ်စ ပြုလာသည်။ သိချင်စိတ်ကို ထိန်းမထားနိုင်တော့ မြေအောက်ခန်းထဲ ဆင်းခဲ့ပြီး အိတ်ကိုရှာသည်။ ဘယ်မှာမှ မတွေ့၊ ရေးဟောင်းအဝတ်ဗီရိုကြီး တစ်လုံးတွေ့သည်။ သော့ခတ်ထား၏။

ဤသို့ဖြင့် မတ်လထဲ ရောက်လာခဲ့သည်။ တစ်နေ့တွင် ဒေါ်လေးဘာသာ အအေးမိပြီး ဖျားသည်။ ဆရာဝန်က အိပ်ရာမှ မထွက်ဖို့ အမိန့်ပေးထားခဲ့သည်။ ရေချယ့်ကို ဒေါ်လေးဘာသာ သော့တွဲကြီး ပေးရတော့၏။

သော့တွဲရသည်နှင့် ရေချယ်က မြေအောက်ခန်းသို့ ဆင်းကာ ရေးဟောင်းအဝတ်ဗီရိုကြီးကို ဖွင့်ဖို့ ကြိုးစားသည်။ ငါးမိနစ်ကြာမှ တန်သည့်သော့ချောင်းကို တွေ့သည်။ သော့ပွင့်သွားတော့ ရေချယ် တွေနေသည်။ ပြီးမှ စိတ်ကိုတင်းပြီး ဆွဲဖွင့်လိုက်သည်။ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကေသုံးလုံးဝတ်ရုံဖြူကြီးက အကျီချိတ်တွင် တွဲလောင်း။ ခေါင်းစွပ်ကို အပေါ်ဆင့်တွင် သေသေသပ်သပ် ခေါက်တင်ထားသည်။ ဗီရိုအောက်ဆုံးထပ်တွင် လက်ဆွဲအိတ်ကို ခေါက်ပြီးချထားသည်။ ဘယ်လိုကြောင့် သည်လိုစိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာသည် မသိ။ ကေသုံးလုံးဝတ်စုံကို ရေချယ်က အခန်းထဲသို့ ယူပြီးပြန်လာခဲ့သည်။

ရှယ်လ်ဘီပြန်ရောက်လာပြီး အခန်းထဲဝင်လာတော့ ရေချယ်က ကေသုံးလုံးဝတ်ရုံကြီးဝတ်ပြီး သူ့ကိုရပ်ကြည့်နေသည်။ သူ၏လျှို့ဝှက်ဘဝကို ဖော်ထုတ်လိုက်ခြင်း ဖြစ်၏။

ရှယ်လ်ဘီ ရုတ်တရက်ကြောင်သွားသည်။ မည်သို့တုံ့ပြန်ရမှန်းကို မသိအောင် ကြက်သေသေနေ၏။ ပြီးတော့ သူ့မျက်နှာအမူအရာ ပြောင်းသွားသည်။ ရေချယ် ဘယ်တုန်းကမှ မတွေ့ဖူးသည့် မျက်နှာအမူအရာမျိုး။

တံခါးပိတ်လိုက်ပြီး ရေချယ့်ခေါင်းမှ ခေါင်းစွပ်ကို ဆောင့်ဆွဲချွတ်လိုက်သည်။

"မင်း ... မင်း ... လူပါးဝလှချည်လား။ ချွတ်၊ ခုချက်ချင်း အဲဒီဝတ်ရုံကို ချွတ်"

ဝတ်ရုံကို ခေါင်းပေါ်ကဆွဲချွတ်ပြီး ရေချယ်က ကြက်ခေါင်းဆိတ်မခံ ပြန်ပက်သည်။

"ရှင် ကျွန်မကို ညာတယ်၊ ကေသုံးလုံးနဲ့ မပတ်သက်ပါဘူးတဲ့"

"မင်းနောက်တစ်ခါ အဲဒီလို မလေးမစားလုပ်ရင် ငါ ခါးပတ်နဲ့ ဆုံးမမယ်။ မင်းအဖေ အဲဒီလို မဆုံးမခဲ့လို့ ခုလို မိုက်ရိုင်းခဲ့တာ၊ ဒီတော့ ငါက ဆုံးမရလိမ့်မယ်။ ငါ မလုပ်ဘူးထင်သလား၊ ထင်ရင် စမ်းကြည့်လေ"

"ရှင် ရက်စက်မယ်ဆိုတာ ကျွန်မ သံသယ မဖြစ်ပါဘူး၊ ရှင်တို့ ကေသုံးလုံးတွေက လူတွေကို ရက်စက်နေကျပဲ"

"မင်း အဲဒီအချိုးမျိုး ဆက်ချိုးရင်တော့ ရက်စက်ရမှာပဲ"



"ကျွန်မကတော့ ဒီအချိုးအတိုင်း ဆက်ချိုးမှာပဲ၊ အမှန်ကို မသိမချင်း ကျွန်မ မလျှော့ဘူး၊ ယူလာ့အိမ်ကို မီးရှို့တာ ဒက်စတာနဲ့ ရှင့်လူတွေ မဟုတ်လား"

"တော်တော့၊ မင်းကိုငါ နောက်ဆုံး သတိပေးလိုက်တယ်"

သို့သော် ရေချယ် အလျှော့မပေးတော့

"ရှင့်ကို ကျွန်မ လုံးဝမကြောက်ဘူး၊ ရှင်နဲ့ရှင့်နောက်လိုက်တွေက လွတ်လပ်ရေးမြို့က လူမည်းကောင်လေးတွေကို ဘာလုပ်လိုက်ကြတယ်ဆိုတာ ကျွန်မ သိတယ်၊ ဘာမှ အပြစ်မရှိတဲ့ ကလေးတွေကို သတ်ရဖြတ်ရတာ ရှင်တို့ ဂုဏ်ယူနေကြတယ်ပေါ့၊ ဟုတ်လား"

ဘာမှမပြောဘဲ ရေချယ့်ကို မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ နှာခေါင်းတစ်ခုလုံး နီရဲလာ၏။

"ဒါပေမဲ့ ရှင်တို့ ဂျစ်ပစီစမစ်ကို လုပ်လိုက်တာကတော့ အမှားကြီး မှားခဲ့တယ် မဟုတ်လား"

သူက ရေချယ့်ပါးကို ဖြတ်ရိုက်ချလိုက်သည်။

"သေချင်းဆိုးကြီး"

ရေချယ်ကအော်ပြီး ပြန်ရိုက်ဖို့ ကြိုးစားသည်။ သူက လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး လိမ်ချိုးထားတော့ နာလွန်းသဖြင့် ရေချယ်အော်လိုက်သည်။

"ဂျစ်ပစီစမစ်အကြောင်း မင်း ဘာသိလဲ၊ ပြောစမ်း"

ရေချယ် အတင်းရုန်းနေရာမှ

"မသိဘူး၊ အရပ်ထဲမှာ ပြောနေကြတာတွေထက် ပြီး ဘာမှ မသိဘူး။ တစ်ခုတော့ သိတယ်၊ ရှင် သူ့ငယ်ပါကို ဖြတ်ပစ်လိုက်ရင်တောင်မှ သူဟာ ရှင့်ထက်သာနေလိမ့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်က ရေချယ်ပါးပြင်ပေါ်သို့ ကျလာပြန်သည်။ သည် တစ်ခါ ဆိုဖာခုံရှည်ပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားသည်။ မျက်လုံးထဲတွင် မီးပွင့်သွား၏။ နားတွေအူသွား၏။

သူ့အပေါ်တွင် ခွရပ်ပြီး ရှယ်လ်ဘီ ခါးပတ်ဖြုတ်နေမှန်း ရေချယ် မသိ။ ရိုက်ဖို့လက်လွှဲလိုက်မှ ဖျတ်ခနဲ လှမ်းမြင်သည်။ ရိုက်ချက်လွတ်အောင် တစ်ဘက်သို့ လှိမ့်ချလိုက်သည်။ သို့သော် မလွတ်။ ပခုံးကိုရိုက်မိပြီး တစ်ဘက်သို့ ပြန်လန်ကျသွားသည်။

ရှယ်လ်ဘီက ရေချယ့်အင်္ကျီကော်လာကို ဆွဲပြီး အောက်သို့ဖြဲချလိုက်သည်။ ရေချယ်က အသံကုန်အော်ဟစ် ကန်ကြောက်သည်။ သူကြမ်းလေ ရှယ်လ်ဘီက ပို၍ဒေါသဖြစ်လေ ဖြစ်လာ၏။

အဝတ်ဗလာ ဖြစ်နေသည့် ခန္ဓာကိုယ် အပေါ်ပိုင်းကို ရှယ်လ်ဘီ ခါးပတ်ဖြင့် တအား လွှဲကာလွှဲကာ ရိုက်လေတော့သည်။ အချက်ပေါင်း တစ်ဒါဇင်လောက် ရိုက်ပြီးတော့ သူ အားပျော့သွားသည်။ ရေချယ့်အပေါ်တွင်ရပ်ပြီး သူ့အသက်ရှူသံတွေ ပြင်းလာသည်။

ခါးပတ်ကို လွှတ်ချလိုက်၏။ ပြီးတော့ ဘောင်းဘီကို အတင်းဆွဲချွတ်နေသည်။ သူ့အမူအရာမှာ အရူးတစ်ယောက်နှင့် တူနေ၏။ တစ်ခါထပြေးဖို့ ရေချယ်ကြိုးစားပြန်သည်။ သို့သော် သူက ခုန်အုပ်ပြီး အပေါ်မှဖိထားလိုက်၏။

စိတ်ကြိုက်သောင်းကျန်းပြီးတော့ လူစိတ်ပျောက်နေသည့် ပုံစံဖြင့် အမိန့်ပေးသည်။

“မင်းနဲ့ ငါနဲ့ သဘောတူပြီးသား၊ ငါ့မိန်းမအဖြစ်နဲ့ မင်းကို ငါ အားလုံးပေးမယ်။ အဲဒီအတွက် မင်းက ငါ့ကို သား တစ်ယောက်မွေးပေးရမယ်၊ အဲဒီအပေးအယူအတိုင်း အောင်မြင်လို့ မင်း ငါ့ကို သားမွေးပေးပြီးရင် မင်းကို ငါ ပြန်ခွင့်ပေးမယ်”



“ကျွန်မ သဘောမတူဘဲ ရှင် ကျွန်မကို ပိတ်လှောင် ထားလို့မရဘူး”

“ငါကြိုက်တာကို ငါလုပ်နိုင်တယ်၊ ငါလုပ်ချင်တာကို ဖြစ်အောင်လုပ်နိုင်တယ်”

သူထွက်သွားတော့ သူ့ပစ္စည်းတွေအားလုံး အခန်းပြင်ဘက် သို့ လွှင့်ပစ်လိုက်သည်။ အခန်းထဲမှချက်ချပြီး ကုလားထိုင်တစ်လုံးကို တံခါးဝတွင်ချထားကာတံခါးလက်ကိုင်ဘုနှင့် တွဲချည်ထားလိုက်သည်။

အံဆွဲထဲမှ သူပေးထားသည့် ဒသမ ၃၂ ပြောင်းတို ခြောက်လုံးပြူးကလေးကို ခေါင်းအုံးအောက်တွင်ထည့်ထားလိုက်သည်။

နောက်တစ်နေ့တွင် ရှယ်လ်ဘီ အိမ်တွင် သိပ်မကပ်။ အပေါ်ထပ်သို့ တစ်ခေါက်မျှ တက်မလာ။ သို့သော် ရွှေတောင်ကုန်း အကျဉ်းစံဘဝသို့ ရေချယ် ရောက်နေပြီ။ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သည့်ဘဝမျိုး။

သူနှင့် ဆက်မပေါင်းဖို့က သေချာနေပြီ။ အကျဉ်းစံဘဝမှ အသားမနာဘဲပြဿနာမဖြစ်ဘဲ မည်သို့ထွက်ရမည်ကိုတော့စဉ်းစားလို့ မရသေး။ နောက်ပိုင်းရက်များတွင် ရှယ်လ်ဘီ အိမ်ကို သိပ်မကပ်တော့ပေ။ ခဏတစ်ဖြုတ်ပြန်လာလျှင်လည်း အပေါ်ထပ်သို့လုံးဝတက်မလာ။

အစားအသောက်နှင့် ရေလာပို့သော ကပ္ပလီအိမ်စေမ ကလေးကို စည်းရုံးပြီး အဖေ့ဆီစာတစ်စောင် ထည့်နိုင်းထားသည်။ ဝင်းတံခါးမှ အစောင့်အကြပ်တွေကို အကြံအဖန်လုပ်ပြီး သူထွက် လိမ့်မည်။

*

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ငှက်ကလေးတစ်ကောင်၏ သီဆိုသံဟု ရေချယ် ထင်လိုက်သည်။ တဖြည်းဖြည်းမှ ပုလွေသံမှန်း သိလာသည်။

ရေချယ်တစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဝရန်တာတစ်လျှောက်ကို ခြေဖျားထောက် ပြေးသွားပြီး၊ ပန်းခြံဘက်ထွက်သည့် လှေကားမှ အသာကလေး ဆင်းလာခဲ့သည်။ အိမ်ပြင်ရောက်သည်နှင့် ပုလွေသံလာရာ ချုံပုတ်များဆီသို့ စွတ်ပြေးသွားသည်။ ဝက်သစ်ချပင်ကြီး တစ်ပင်အောက်သို့ အရောက်တွင် လက်တစ်ဖက်ထွက်လာပြီး သူ့လက်မောင်းကို ဖမ်းဆွဲလိုက်သည်။ မျက်နှာကို တိုက်ပွဲဝင်အင်ဒီယန် ဆေးရောင်စုံခြယ်ထားသည့် လူရိုင်းတစ်ယောက်။

ရေချယ် လန့်အော်မိမတတ်ဖြစ်သွားသည်။

"နင်... နင် ကိုဘီလားဟင်"

ခြုံထားသည့် ဝံပုလွေဖြူသားရေက လတ်လတ်ဆတ်ဆတ်မို့ အနံ့တစ်ထောင်းထောင်း ထွက်နေဆဲ။ မီးခိုးနံ့ ချွေးနံ့ ပုပ်အဲ့အဲ့နံ့။

"နင် ဒီမှာ ဘာလာလုပ်နေတာလဲဟင် ကိုဘီ၊ နင့်ကို သူတို့တွေ့ရင် ပစ်သတ်ကြမှာ"

အိမ်ဘက်ဆီမှ ဒေါ်လေးဘာသာ့အသံ ထွက်လာသည်။

"ရေချယ်... အဲဒီမှာ ဘာလုပ်နေတာလဲ၊ ဘယ်သူနဲ့ စကားပြောနေတာလဲ"

အနက်ရောင်ဝတ်စုံနှင့် အဘွားကြီးကို ဝရန်တာတွင် လှမ်းမြင်နေရသည်။

ရေချယ်က ကိုဘီကို ဝက်သစ်ချပင်စည်နောက်သို့ တွန်းလွှတ်လိုက်ပြီး

"ဘယ်သူမှ မရှိပါဘူး၊ ရေချယ် တစ်ယောက်တည်း အညောင်းပြေ လမ်းလျှောက်နေတာပါ ဒေါ်လေး"



ခဏစောင့်ကြည့်နေသည်။ ဒေါ်လေး အတွင်းဘက်သို့ ပြန်ဝင်သွား၏။

"လာ လာ... အိမ်က မမြင်နိုင်တဲ့နေရာကို သွားရအောင်"

သူ့လက်ကိုဆွဲပြီး မီးလင်းနေသည့် နောက်ဖေးဂိုဒေါင်ဆီသို့ ရေချယ်ပြေးသည်။ ဂူသရီတွင် မီးလင်းသည့် တစ်ခုတည်းသော ဂိုဒေါင်ဖြစ်၏။ အတွင်းဘက်ရောက်တော့ တံခါးကို မြန်မြန်ပိတ်လိုက်ပြီး သူ့ကိုကြည့်လိုက်သည်။ သူပြုံးနေ၏။

ကိုဘီက အညိုအမည်းစွဲနေသော သူမျက်လုံးတစ်ဘက်ကို အသာကိုင်ကြည့်ပြီး

"ဘာဖြစ်တာလဲ၊ နင့်ကို သူရိုက်တယ် ဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ ငါ တစ်ခုခုနဲ့ ဆောင့်မိတာပါ၊ ဩော် ကိုဘီရယ်"

သူ့ကိုသိုင်းပြီး တင်းတင်းဖက်ထားလိုက်သည်။

"နင်နဲ့ပြန်တွေ့ရတာ ငါ အရမ်းဝမ်းသာပါတယ်၊ ဒါပေမဲ့ နင်ဒီမှာ ဘာလာလုပ်နေတာလဲဟင်"

"ငါ ကြားစခန်းကို ရောက်သွားတယ်၊ နင်ရေးလိုက်တဲ့စာကို ဆရာကြီးက ငါ့ကိုပြတယ်။ ငါက အမြင်အာရုံအောင်တဲ့အကြောင်း သွားပြောဖို့ ဆရာကြီးဆီသွားတာလေ"

"ဒါပေမဲ့ ငါ့စာထဲမှာ ရေးထားတာပဲ၊ ဘယ်သူ့ အကူအညီမှ ငါမယူဘူးလို့။ ငါ့အပြစ်နဲ့ငါလေ၊ ငါ့ဘာသာ ငါရှင်းရမှာပေါ့။ အဖေ့ကို ဒီကိစ္စထဲမှာ မပါစေချင်ဘူး။ ရှယ်လ်ဘီဆိုတဲ့လူက သိပ်အန္တရာယ်များတဲ့လူ"

"ဒါဆို နင့်ကို သူရိုက်တယ်ပေါ့ ဟုတ်လား"

"တစ်ခါတည်းပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



ရေချယ် ဘာမှဆက်မပြောဘဲ ငြိမ်သွားသည်။ ထိုစဉ် နှစ်ယောက်စလုံး ခေါင်းထောင်လိုက်ကြသည်။ အိမ်နံဘေးတွင် ရထား တစ်စီးထိုးဆိုက်သံ ကြားလိုက်သောကြောင့် ဖြစ်၏။

"သူပြန်လာပြီ၊ လာ လာ"

ကောက်ရိုးပုံ ထိပ်ဖျားသို့ လှေကားဖြင့် သူတို့နှစ်ယောက် တက်ခဲ့ကြသည်။ သက်တော်စောင့်တွေ ဂိုဒေါင်ထဲ ဝင်လာသည်။ သူတို့နှစ်ယောက် အသာနားစွင့်နေလိုက်၏။

ပထမဆုံး ဒက်စတာ့အသံကို ကြားလိုက်သည်။ မီးတွေ ပိတ်ပစ်လိုက်သည်။ ပြီးတော့ တံခါးပိတ်လိုက်ကြသည်။ ဂိုဒေါင် တစ်ခုလုံး မှောင်အတိကျသွား၏။

"တို့ အမြန်ဆုံး ထွက်မှဖြစ်မယ်၊ ဒေါ်လေးက ရှယ်လ်ဘီကို ငါအပြင်ရောက်နေတဲ့အကြောင်းပြောရင် သူတို့ လာရှာကြလိမ့်မယ်"

ရေချယ်က စိုးရိမ်တကြီးလေသံဖြင့် တိုးတိုးကလေး ပြောသည်။

ကောက်ရိုးပုံထိပ်ဖျားမှ လျှောချကာ လှေကားထစ်များ ကို စမ်းနင်းပြီး ဆင်းခဲ့ကြသည်။

အောက်ရောက်တော့ ရေချယ့်လက်မောင်းကို ကိုင်ပြီး ကိုဘီက ပြောသည်။

"နင် ငါနဲ့လိုက်ခဲ့တော့ ရေချယ်"

"အခု ဟုတ်လား၊ ဘယ်ဖြစ်မလဲ ကိုဘီ။ ငါဒီကထွက်မယ်၊ ပြီးတော့ စိန်လူးဝစ်မှာ သူငယ်ချင်းတွေနဲ့ ခဏသွားနေမယ်..."

ဂိုဒေါင်မီးတွေ လင်းသွားတော့ ရေချယ်စကားပြတ်သွား သည်။ သူတို့အားလုံး တံခါးဝတွင် တန်းစီရပ်နေကြသည်။ ရှယ်လ်ဘီ က နှစ်လုံးပြူးသေနတ်ကြီး ကိုင်လျက်။ ဒက်စတာနှင့် အခြား



သက်တော်စောင့် နှစ်ယောက်က ခါးမှခြောက်လုံးပြူးကိုယ်စီ ဆွဲ ဆုတ်လိုက်ကြ၏။

ရှယ်လ်ဘီက ရှေ့တိုးလာပြီး

"ဒီလူရိုင်းကောင်က ဘာလာလုပ်နေတာလဲ"

ရေချယ်က ကိုဘီရှေ့မှ ပိတ်ရပ်လိုက်သည်။

"သူက ကျွန်မ သူငယ်ချင်း၊ ကျွန်မဆီ လာလည်တာ၊ ခုသွားတော့မှာ၊ ကဲ... ကိုဘီ သွားတော့"

ရှယ်လ်ဘီက သေနတ်မောင်းကွင်းထဲသို့ လက်သွင်းလိုက်ပြီး အမိန့်ပေးသည်။

"ဟေ့ကောင် မသွားနဲ့၊ အဲဒီအတိုင်းရပ်နေ၊ လက်နှစ်ဘက် ခေါင်းပေါ်တင်ထား"

ကိုဘီ ခဏတွေနေသည်။ ဒက်စတာက ရှေ့တိုးသွားပြီး သူ့ခြောက်လုံးပြူးဖြင့် ကိုဘီ့ဗိုက်ကို တအားထောက်လျက် အမိန့် ပေးလိုက်သည်။

"ဟေ့... မင်းကြားတယ် မဟုတ်လား၊ ပြောတဲ့အတိုင်း လုပ်လေ"

ကိုဘီက ဖြည်းဖြည်းချင်း လက်မြှောက်သည်။ သို့သော် ထိမထင်သည့် ပုံစံမျိုးဖြင့်။

"သူ့ကို ဘာမှ မလုပ်ရဘူး"

ရေချယ်က အကြောက်အကန် ဝင်ပြောသည်။ ဒက်စတာ က ကိုဘီ့ခါးမှဓားမြှောင်ကို ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်သည်။ ရေချယ် က ရှယ်လ်ဘီ့ကို တည့်တည့်ကြည့်ပြီး

"ရှင် သူ့ကို ဘာလုပ်မလို့လဲ၊ သူက ကြားစခန်းမှာနေတဲ့ ကျွန်မသူငယ်ချင်းပါလို့ ပြောပြီးပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ထဲဝင်နေ၊ မင်းနဲ့ ငါနဲ့ နောက်မှစကားပြောမယ်"

"ကိုဘီကို လွှတ်ပေးရင် သွားမယ်"

"မင်း ငါပြောတဲ့အတိုင်း လုပ်ရမယ်"

ရှယ်လ်ဘီက ရေချယ့်ကိုဆွဲပြီး တံခါးပေါက်ဆီသို့ တအားတွန်းပစ်လိုက်သည်။ ရေချယ် မှောက်လျားထိုးလဲကျသွား၏။ ထိုအခိုက်တွင် ကိုဘီ့လှုပ်ရှားမှုက မြန်ဆန်လှသည်။ တစ်ရှိန်ထိုး ပြေးဝင်သွားပြီး ရှယ်လ်ဘီ့မျက်နှာကို လက်သီးနှင့်ပစ်ထိုးလိုက်သည်။ ရှယ်လ်ဘီ ပက်လက်လန်ကျသွား၏။ တစ်ပြိုင်တည်းတွင် သက်တော်စောင့်တစ်ယောက် ပစ္စတိုဒင်နှင့် ကိုဘီ့နောက်ကို ဖြတ်ရိုက်ချလိုက်သည်။ ကြမ်းပြင်ပေါ်သို့ ကိုဘီ လေးဘက်ထောက် ကျသွား၏။ သည်တော့မှ နှစ်ယောက်က လက်တစ်ဖက်စီကိုဆွဲပြီး ထူလိုက်သည်။

ကြောက်လည်း ကြောက်၊ ဒေါသလည်း ဖြစ်နေသော ရေချယ်သည် ကုန်းရုန်းထပြီး ဘာဆက်လုပ်ရမှန်း မသိဖြစ်နေသည်။

ရှယ်လ်ဘီ့နှာခေါင်းထဲမှ သွေးစက်ကလေးတွေ ကျလာသည်။ သူက လက်နှင့်တို့ပြီး သေသေချာချာ ကြည့်နေသည်။

"မင်းက ငါ့ကို ထိုးတယ်၊ ဟုတ်လား"

သူက ကိုဘီကို နိုင်ငံတော်ပုန်ကန်မှုကြီး တစ်ခုကို ကျူးလွန်သူအား ကြည့်သလိုကြည့်ပြီး အမိန့်ပေးလိုက်သည်။

"သူ့ကို ကြိုးနဲ့တုပ်လိုက်"

ရေချယ်က ပြေးဝင်လာပြီး

"ရှင် ဘာလုပ်မလို့လဲ၊ သူ့ကို..."

ရေချယ့်စကား မဆုံးမီ ရှယ်လ်ဘီက မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။



ရှယ်လ်ဘီက အံကြိတ်ပြီးပြော၏။

"အိမ်ထဲဝင်လို့ ငါပြောတယ် မဟုတ်လား၊ ခုဝင်"

ရေချယ် ပြေးထွက်သွားသည်။

"သူ့ကို လှေကားနဲ့ပူးချည်လိုက်ကြ"

တစ်ယောက်က ကိုဘီ့နောက်စေ့ကို ပစ္စတိုနှင့်ချိန်ထားပြီး ဒက်စတာနှင့် ကျန်တစ်ယောက်က လှေကားနှင့်မျက်နှာချင်းဆိုင် ခိုင်းပြီး လက်နှစ်ဘက်ကို မြှောက်စေကာ လှေကားဆောင်တစ်ဘက်တစ်ချက်တွင် ပူးချည်လိုက်ကြသည်။

ရှယ်လ်ဘီက နှစ်လုံးပြူးကို နံရံတွင်ထောင်ထားခဲ့ပြီး စတိုခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ သူ့လက်ထဲတွင် ခွေထားသည့် ကြိမ်လုံးတစ်လုံးပါလာသည်။ ကြိမ်ဒဏ်ပေးသည့် လက်ကိုင်နှင့် ကြိမ်လုံးမျိုး။

"ဒီလူရိုင်းကို ငါ ယဉ်ကျေးအောင် လုပ်ပြမယ်၊ မင်းတို့ ကြည့်နေ၊ သူ့အင်္ကျီကို ဆွဲခွဲပစ်လိုက်"

ဝံပုလွေသားရေဖြင့် ချုပ်ထားသည့် ခေါင်းစွပ်ကို တစ်ယောက်က ဆွဲချွတ်သည်။ တစ်ယောက်က ဒရယ်ရေအင်္ကျီကို ဓားမြှောင်နှင့်ခွဲပြီး ဆွဲချလိုက်သည်။ ကိုဘီ့အပေါ်ပိုင်း အဝတ်ဗလာ ဖြစ်သွားပြီ။

ရှယ်လ်ဘီက တရားသူကြီးတစ်ဦး အမိန့်ချသံမျိုးဖြင့် အခန့်အညားဆိုသည်။

"လူဖြူတစ်ယောက်ကို ထိုးကြိတ်တဲ့အတွက်က ကြိမ်ဒဏ်နှစ်ဆယ့်ငါးချက်၊ ကျန်တဲ့အပြစ်တွေအတွက်က အချက်ရေတွေ အများကြီး၊ မင်း ဥပဒေကို လိုက်နာတတ်တဲ့အထိပေါ့ကွာ"

ကိုဘီက ဣန္ဒြေမပျက် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို သေအောင်ရိုက်နိုင်ရင် ရိုက်၊ မဟုတ်ရင် မင်း ငါ့လက်ချက်နဲ့ သေရမယ်"

ပထမတစ်ချက် ကျောပေါ်သို့ကျလာသဖြင့် ကိုဘီ ပြောလက်စ စကားရပ်သွားသည်။ ကျောပေါ်တွင် နီရဲရဲ အစင်းတန်းကြီး ပေါ်သွားသည်။ တစ်ချက်ကျလာတိုင်း သူ့တစ်ကိုယ်လုံး တွန့်လိမ်သွားသည်။ သို့သော် ကိုဘီ တစ်ချက်မျှမအော်။ ဆယ်ချက်မြောက်သည့်အခါ ကျောပြင်တစ်ခုလုံး သွေးခြင်းခြင်းနီကာ စုတ်ပြဲနေပြီ။ ဆယ့်သုံးချက်မြောက်တွင် မခံနိုင်လောက်အောင် ဖြစ်လာ၏။

သည်အချိန်တွင် ရေချယ် ဖြုန်းခနဲပြန်ရောက်လာခြင်း ဖြစ်သည်။ ရှယ်လ်ဘီ သူ့ကိုပေးထားသည့် ဒသမ ၃၂ ခြောက်လုံးပြူးကို လက်နှစ်ဘက်နှင့် ဆုပ်လျက်။ ရေချယ်က ယောက်ျားလုပ်သူကို တည့်တည့်ချိန်ထားသည်။

ရှယ်လ်ဘီရှယ်ထားသော လက်သည် လေထဲတွင် တန့်သွားသည်။ မယုံနိုင်လောက်အောင် အံ့သြသွားခြင်းကြောင့် ဖြစ်သည်။

ရေချယ်က အမိန့်ပေးလိုက်သည်။

"သူ့ကို ဖြေပေးလိုက်"

သက်တော်စောင့် သုံးယောက်တို့သည် ဘာဆက်လုပ်ရမှန်း မသိဘဲ သူတို့လင်မယားနှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေကြသည်။

"ဟဲ့... ကြိုးဖြေပေးလိုက်လို့ ပြောနေတာလေ"

ရေချယ် အော်ပြောလိုက်ပြန်သည်။ သည်တော့မှ အသက်ပြန်ဝင်လာသလို ရှယ်လ်ဘီက လေထဲမှကြိမ်ကို ရေချယ်ကိုယ်ပေါ်သို့ ပြောင်းရိုက်ချလိုက်သည်။ ရေချယ် အရိုးခိုက်အောင် နာကျင်သွားသည်။ သူ့ကိုယ်ပေါ်သို့ ကြိမ်ကျသံနှင့် တစ်ပြိုင်တည်း သေနတ်သံ တစ်ချက်ဟိန်းထွက်သွားသည်။ သူ့ကိုယ်သူ သတိမထားမိ



ဘဲ ရေချယ်က သေနတ်မောင်းကို ဆွဲဖြုတ်လိုက်ခြင်း ဖြစ်သည်။

ရှယ်လ်ဘီက ရင်ဘတ်ကို လက်ဝါးနှင့်ပိတ်ပြီး စီးကျနေသည့် သွေးတွေကို ငုံ့ကြည့်နေ၏။ သည်တော့မှ သူပစ်လိုက်မိပြီ ဖြစ်ကြောင်း ရေချယ် သိလိုက်သည်။

ရှယ်လ်ဘီသည် တောင်းပန်တိုးလျှိုးသည့် မျက်လုံးများဖြင့် ရေချယ့်ကို စိုက်ကြည့်နေရင်း လဲကျသွားလေတော့သည်။

ဒက်စတာက သူ့သခင်ဆီသို့ ပြေးသွားပြီး ဒူးထောက်ထိုင်ချလိုက်သည်။

"ဟာ... သေတော့မှာပဲ၊ နင် ဘယ်လိုလုပ်လိုက်တာလဲ ရေချယ်"

အခြားသက်တော်စောင့် နှစ်ယောက်က ရေချယ့်ဆီ တိုးလာသည်။ ရေချယ်က အသံမာမာဖြင့် ပြောလိုက်သည်။

"ရှေ့မတိုးနဲ့၊ တစ်လှမ်းတိုးတာနဲ့ သေပြီသာမှတ်"

နှစ်ယောက်စလုံး တုံ့သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြောင်ကြည့်နေကြသည်။

"သူ သေသွားပြီ၊ နင်သတ်တာ"

ဒက်စတာက ရေချယ့်ကိုကြည့်ပြီး ပြောလိုက်သည်။ တစ်ပြိုင်တည်းတွင် ကိုဘီက ရေချယ့်ကို လှမ်းအော်လိုက်သည်။

"ရေချယ်... ငါ့ကို ဓားကောက်ပေးစမ်း"

သက်တော်စောင့်တွေကို သေနတ်နှင့်ချိန်ရင်း ရေချယ်က ဓားကောက်ပြီး ကိုဘီ့လက်ထဲ ထည့်ပေးလိုက်သည်။ ဓားရပြီဆိုသည်နှင့် ကိုဘီက ပါးစပ်မှ ရေရွတ်ကျိန်ဆဲရင်း လက်မှကြိုးတွေကို တစ်ဖက်ချင်းဖြတ်သည်။ ပြီးသည်နှင့် နံရံတွင်ထောင်ထားသည့် နှစ်လုံးပြူးဆီ စွတ်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်တော်စောင့်တစ်ယောက်က ခါးမှခြောက်လုံးပြူးကို ဆွဲထုတ်သည်။ သို့သော် သေနတ်က ရှောရှောရှုရှုပါမလာဘဲ ချိတ်နေသည်။ ထိုစဉ်တွင် အနီးကပ်ပစ်လိုက်သည့် နှစ်လုံးပြူး ကျည်ဆန်ကြောင့် သူ့ရင်ကြီးပွင့်ထွက်သွားသည်။ နောက်တစ်ယောက်က သူ့သေနတ်ကို ပစ်ဖို့ဆွဲထုတ်လိုက်စဉ်မှာပင် ဒုတိယနှစ်လုံးပြူး ကျည်ဆန်က သူ့ဝမ်းဗိုက်ကို ဆုတ်ဖြဲပစ်လိုက်သည်။ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်တွင် အတုံးအရုံး။

ကိုဘီက နှစ်လုံးပြူးကို လွှင့်ပစ်လိုက်ပြီး ရေချယ့် လက်ထဲမှ ဒသမ ၃၂ ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

ဒက်စတာကို ချိန်လိုက်တော့ လက်နှစ်ဖက်ကာပြီး အသံ တုန်တုန်ရင်ရင်ဖြင့် ရှိခိုးဦးတင် တောင်းပန်သည်။

"ငါ့ကို မပစ်ပါနဲ့ ကိုဘီ၊ ငါ့ကို မသတ်ပါနဲ့ကွာ"

ရေချယ်ကလည်း အော်သည်။

"မလုပ်နဲ့ ကိုဘီ၊ နင် သူ့ကို မသတ်ရဘူး။ သူက ငါ့ အစ်ကိုလေ"

ဒက်စတာက ဒူးထောက်ထိုင်ချပြီး ရှိခိုးဦးတင် တောင်းပန်နေသည်။ ကိုဘီ့ဒေါသတွေ ရွံရှာမုန်းတီးမှုဘက်သို့ ကူးပြောင်းသွားသည်။

"မင်းအစ်ကိုတော့ မှန်ပါတယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာ သူဟာ မင်းရဲ့အန္တရာယ်အများဆုံး ရန်သူပဲ။ ဒီကိစ္စအားလုံး မျက်မြင်သက်သေက သူတစ်ယောက်တည်းလေ၊ သူ့ကို မသတ်ရင် မင်းလည်ပင်းကို သူကြိုးကွင်းစွပ်လိမ့်မယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး ကိုဘီ၊ ငါ အဲဒီလို မဟုတ်ဘူး၊ ငါတကယ်ပြောတာ ကိုဘီ"

"မင်းပါးစပ် ပိတ်ထားစမ်း"



ကိုဘီက ရေချယ့်ဘက်လှည့်ပြီး

"အဲဒါ မင်းစဉ်းစားလေ"

ရေချယ် အပြေးအလွှား စဉ်းစားသည်။ ဒက်စတာနှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေ၏။ နောက်ဆုံးမှ နှုတ်ကထွက်သွားသည်။

"သူ့ကို လွှတ်ပေးလိုက်"

"မင်း ဒီတစ်ခါပဲ ကံကောင်းမယ် ဒက်စတာ၊ နောက် တစ်ခါ ငါ့ကိစ္စထဲပါလာရင် မင်းသေပြီသာမှတ်၊ ကဲ... ထ"

ပြောပြီး သူ့ခါးပတ်မှ ခြောက်လုံးပြူးကို ဆွဲယူလိုက်သည်။ ဝံပုလွေခေါင်းစွပ်ကို ကောက်ယူရင်း

"လာ ရေချယ်၊ တို့သွားမယ်"

"သွားမယ် ဟုတ်လား"

"အချိန်မရှိဘူး ရေချယ်"

"ကိုဘီ... တို့နှစ်ယောက် ဘာအလုပ်တွေ လုပ်ခဲ့မိတာလဲ ဟင်"

"လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ခဲ့တာလေ"

"ခု ဘာဆက်လုပ်ကြမလဲဟင်"

"လုပ်စရာရှိတာ ဆက်လုပ်ရမှာပေါ့"

သူခေါ်ရာသို့ ရေချယ် အပြေးလိုက်သွားသည်။

*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နီလာကြီးကို နှစ်ယောက်စီးကာ ကင်မရွန်မြစ်၏ အနောက်ဘူးရူး သို့ ဦးတည်၍ အသော့နှင်ခဲ့ကြသည်။ ညသန်းခေါင်လောက်တွင် မိုးတွေ ရွာချသည်။ တိမ်မည်းညိုတို့၏ အတားအဆီးကြောင့် ဖိုး လမင်းသည် အလျှင်းမသာနိုင်ဘဲ ရှိနေသည်။

နီလာကြီးသည် အမှောင်ထဲတွင် ခရီးမတွင်နိုင်ဘဲ ဖြစ်နေ၏။ အရုဏ်တက်ချိန်တွင် ခဏစဲသွားသော်လည်း မှန်တောင်တန်း များဆီသို့ ချုံအကွေ့တွင် ပြန်သည်းလာပြန်၏။

နေ့လည်ပိုင်းတွင် သစ်လုံးအိမ်ကလေးတစ်လုံးကို တွေ့ရ သည်။ တောထဲတောင်ထဲတွင် လှည့်လယ်ကျက်စားသည့် မုဆိုး တို့၏ ယာယီစခန်း ဖြစ်ဟန်တူသည်။ ရောက်ရောက်ချင်း သံကြွပ် မီးဖိုကြီးထဲတွင် မီးမွှေးကြသည်။

နောက်ဆုံးစတည်းချသွားသူက ထင်းတွေပိုပိုလျှံလျှံ ထား သွားသည်။ ကိုဘီက နီလာကြီးအတွက် စားကျက်ရှာဖို့ ထွက် သွားစဉ် ရေချယ်က စောင်တွေနှင့် ဝံပုလွေသားရေကို ကျပ်ခိုးတွေ တက်နေသည့် ထုပ်တန်းပေါ်တွင် လှားပြီးလှန်းသည်။

ကိုဘီက ကုန်းနှီးနှင့်တွဲလျက် ဘေးအိတ်များကို ကြမ်း ပြင်ပေါ်ပစ်ချလိုက်သည်။

"အဲဒီအထဲမှာ ကော်ဖီမှုန့်နည်းနည်းနဲ့ မက်မွန်သီးခြောက် တွေ ဆီးသီးတွေပါတယ်"

သူ့အဝတ်လဲတော့ ရေချယ် ခိုးကြည့်လိုက်သည်။ သွေးခြင်း ခြင်းနီကာ ရောင်ကိုင်းနေသည့်ကျောပြင်မှ မျက်စိမခွာနိုင်ဘဲ ဖြစ်နေသည်။

"ဖြစ်ရလေ ကိုဘီရယ်၊ ကိုဘီ့မှာ ဆေးပါပါတယ်နော်"



သူက ဘာမှမမှုသလို ခေါင်းညိတ်ပြီး စားရေးသောက်ရေး ကိစ္စအတွက် ပူပူပင်ပင်ပြောနေသည်။

"ဟိုဘက်နားက ရေကန်နံဘေးမှာ မုန်လာရိုင်းတွေ တွေ့ ခဲ့တယ်၊ ပြီးမှ သွားနှုတ်တာပေါ့။ မနက်ဖြန်ဆိုရင်တော့ ယုန်တစ် ကောင်လောက် ရကောင်းပါရဲ့"

ပြောပြီး သူကော်ဖီဖျော်သည်။ ရေချယ်က သူ့ကျောမှ ဒဏ်ရာတွေကို သန့်ရှင်းရေးလုပ်ပေးပြီး ဆေးထည့်သည်။ ပြီးမှ သူ့ ကို မေးကြည့်သည်။

"ရှေ့လျှောက် ငါတို့ ဘာတွေ ဖြစ်ကြဦးမှာလဲဟင် ကိုဘီ"

"ဘာမှ မဖြစ်နိုင်ပါဘူး၊ ငါတို့ခြေရာတွေ မိုးကြောင့် ပျောက်ကုန်မှာပါ။ သူတို့ခြေရာခံဖို့ မလွယ်ပါဘူး၊ ပြီးတော့ ဒီဘက် အပိုင်းကို လူသူအရောက်အပေါက် မရှိသလောက်ပဲ"

"ဒါပေမဲ့ သူတို့ မတွေ့တွေ့အောင်တော့ ရှာကြမှာ မဟုတ်လား"

"ကံကောင်းရင် မက်ဆီကို ကိုရောက်နိုင်ပါတယ် ရေချယ်"

"ကံမကောင်းလို့ မိသွားရင်ကော"

"မမိနိုင်ပါဘူး"

သူက မီးဖိုထဲထင်းတစ်ချောင်းပစ်ထည့်ရင်း ဆက်ပြောသည်။

"ငါတစ်ခုတော့ နင့်ကို ကြိုပြောထားမယ် ရေချယ်၊ ငါ အမိမခံနိုင်ဘူး၊ အသေခံချမယ်"

နောက်သုံးရက်လုံးလုံး မိုးက သဲသဲမဲမဲဆက်ရွာသည်။ အိမ်ကလေးထဲတွင် တွေ့သည့် ကြွက်ကိုက်ရာနိုင်းချင်းနှင့် အနှီးဆံ မွေ့ရာကြမ်းပေါ်တွင် စောင်နှစ်ထည်နှင့် အိပ်ကြသည်။ ကိုဘီခမျာ မှောက်လျက်အိပ်ရရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနေ့တွင် ပါလာသည့် စားစရာတွေ တက်တက်ပြောင်သွားသည်။ နောက်တစ်နေ့ မနက်တွင် ရိက္ခာရှာဖို့ မိုးထဲ လေထဲတွင် ကိုဘီထွက်သွားသည်။ ခဏနေတော့ သူ ပြန်ရောက်လာသည်။

"မိုးဖွဲထဲကမီးတွေ သတ်လိုက်တော့ ရေချယ်၊ သေနတ်သံတွေ ကြားတယ်"

"ဟင်... ဒါနဲ့ သူတို့ခြေရာ မကောက်နိုင်ဘူးဆို"

"ခြေရာ မကောက်နိုင်လောက်ပါဘူး၊ သူတို့ ပစ်တဲ့အသံဆိုရင် ခြောက်လှန့်ပြီးပစ်တာ ဖြစ်မှာပါ"

သူက ခါးတွင် သေနတ်ခါးပတ်ကိုပတ်ရင်း ပြောနေခြင်းဖြစ်သည်။

"ပစ်ကြခတ်ကြဦးမှာလား ဟင်"

"သူတို့နဲ့ဆိုရင်တော့ တိုက်ပွဲကလေး ဖြစ်မှာပေါ့လေ"

ထိုညတွင် ရေချယ် အိပ်လို့မပျော်။ ဗိုက်ကလည်းဆာ၊ ကြောက်ကလည်း ကြောက်နေသဖြင့် အမိုးပေါ်တွင် သွန်းချပက်ဖြန်းနေသည့် မိုးပေါက်သံတွေကို နားစွင့်ရင်း သေရမည့်အရေးတွေကာ စိတ်တွေလေးလာသည်။

နောက်တစ်နေ့တွင် မိုးတိတ်သွားပြီး နေထွက်လာသည်။ ကမ္ဘာကြီးအသစ် မွေးဖွားလာသလို ကြည်ကြည်လင်လင် ဖြစ်နေ၏။ နှစ်ယောက်သား မျက်လုံးကိုပွတ်ကာ အပြင်ထွက်လာခဲ့ကြသည်။ ဝတ်ကျင်းထဲတွင် ဆောင်းခိုနေရသည့် တီရစ္ဆာန်နှစ်ကောင်နှင့် တူနေ၏။ အသစ်တစ်ဖန် ပြန်ယည်မွေးဖွားလာသည့် ကမ္ဘာမြေကြီးကို တအံ့တသြ ငေးမောနေကြသည်။

ရေကန်ပတ်ပတ်လည်မှ တောပန်းတွေ အလုအယက်ဖူးငုံနေကြပြီ။ ငှက်ကလေး သိုက်မြုံဆောက်ရင်း တေးတကြော်ကြော်



အော်ဆိုမြည်တမ်းနေကြပြီ။ ကြည်လင်ပြာလဲ့နေသော ကောင်းကင်တွင် ငန်းတို့သည် အုပ်စုဖွဲ့ကာ ဗွီပုံသဏ္ဍာန်ဖြင့် အနောက်ယွန်းယွန်းဆီသို့ ပျံသန်းနေကြပြီ။

ကိုဘီ တက်ကြွနေ၏။

"ငါ မြင်းကုန်းနှီး ဆင်လိုက်ဦးမယ်နော်၊ လျှောက်ပတ်လိုက်ကြည့်မယ်။ ပြီးတော့မှ တီကောင်တူးပြီး ငါးမျှားကြတာပေါ့"

ဟု ဆိုလာသည်။

သူထွက်သွားတော့ ရေချယ်က အိမ်ထဲပြန်ဝင်ပြီး ငါးမျှားတံတွေကို အသင့်ပြင်ထားသည်။ သူတစ်ကောင်ရလျှင် ငါလည်းတစ်ကောင် ရရမည်ဟု တွေးပြီးပျော်လာ၏။

အပြင်ထွက်လာပြီး တီကောင်ရှိနိုင်မည့် နေရာကိုရှာရင်း ယုန်တစ်ကောင်ကို အနီးကပ်မြင်လိုက်ရသည်။ ယုန်နောက်သို့ ရေချယ်ပြေးလိုက်သွားသည်။ မြက်ခင်းပြင်ပေါ်သို့ ဖိနပ်မပါဘဲ ပြေးလိုက်သွားခြင်း ဖြစ်သည်။ ဝါးနှစ်ပြန်လောက် ရောက်တော့ တွင်းတစ်ခုထဲသို့ ယုန်ကတင်ပြေး ပျောက်ကွယ်သွားလေတော့၏။

ရေချယ်က ဒူးထောက်ထိုင်ချလိုက်ပြီး တွင်းထဲသို့ လက်တစ်ဆုံးနှိုက်ကာ ယုန်ကိုဖမ်းဖို့ ကြိုးစားသည်။ သို့သော် ယုန်ကိုမတွေ့ဘဲ ဖောင်းနေသည့် သားရေအိတ်တစ်လုံးကို ကိုင်မိသည်။ ဆွဲယူလိုက်၏။ နောက်ထပ် နှိုက်ပြန်သည်။ လေးနှင့် မြားဘူးတစ်ဘူး တွေ့ရပြန်၏။ သားရေစိမ်းဖြင့်ချုပ်ထားသည့် အိတ်ကို အလောတကြီး ဖွင့်ကြည့်လိုက်သည်။

ဟိုက်၊ ရေချယ် တဒိုင်းဒိုင်း ရင်ခုန်သွားသည်။ စားစရာတွေပါလား၊ ကော်ဖီက တစ်ဘူး။ ပြီးတော့ ခရမ်းချဉ်သီးဘူးတွေ၊ မက်မွန်သီးဘူးတွေ။ ပြီးတော့ လေလုံသံပုံးထဲတွင် သကြားသီးခြောက်

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောင်းဆန်တွေအပြည့်။ အိတ်ထဲကို ဆက်ရှာသည်။ ဆားနယ် ဝက်ပေါင်ခြောက်တစ်ဘူးနှင့် မီးခြစ်ဘူးတွေ။ ပြီးတော့ ချေသားခြောက်နှင့် ဆားဘူး၊ ငရုတ်ကောင်းဘူးပါ တွေ့ရ၏။ ဆပ်ပြာကတစ်တောင့်၊ ကျည်ဆန်တစ်ကတ်။

ရေချယ် ဝမ်းသာအားရ ပြန်သွားသည်။ ကိုဘီပြန်လာတော့

"ဟော့... ကိုဘီ၊ ဒီမှာလာကြည့်စမ်း၊ ငါ ဘာတွေရခဲ့သလဲ"

ကိုဘီက နီလာကြီးပေါ်မှ ဆင်းပြီး သားရေအိတ်နံဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

"တစ်ယောက်ယောက် ဝှက်ထားတဲ့ ပစ္စည်းတွေပဲ"

လေးနှင့်မြားကို ကောက်ယူကြည့်သည်။

"ဒါ ကွန်မင်ချီလေးပဲ၊ နေပါဦး ကွန်မင်ချီတစ်ယောက်က ဒီမှာ ဘာလာလုပ်တာလဲ"

သူက လေးကိုသေသေချာချာ စစ်ဆေးနေသည်။

"ဘာပဲဖြစ်ဖြစ် ဒီလေးနဲ့ဆို မိုးမချုပ်မီ ချေတစ်ကောင်ငါရမှာပါ"

"ဘာထူးထူးခြားခြား တွေ့ခဲ့သလဲ"

"မြစ်ဘက်မှာ အင်အား လေးငါးဆယ်လောက် ညကစခန်းချသွားတယ်၊ အရာပါဟို အင်ဒီယန်လမ်းပြ တစ်ယောက်နဲ့ သူတို့အထက်ဘက်ကို တက်သွားကြတယ်"

သူက လေးညှို့ကိုဆွဲပြီး လေးကိုင်း၏ အပျော့အမာကိုစမ်းကြည့်သည်။

"ဒါဆို ဒီနေရာက စိတ်ချရပါ့မလား"

"တခြားနေရာတွေနဲ့စာရင် စိတ်ချရပါတယ်၊ နှစ်ပတ်လောက်ဆို သူတို့ခရီးပန်းပြီး ပြန်ကြမှာပါ။ အဲဒီတော့မှ မက်ဆီ



ကိုနယ်စပ်ကို လစ်ကြတာပေါ့"

လေးနှင့်မြားကိုဆွဲပြီး ကိုဘီ တောလိုက်ထွက်သွားသည်။ မကြာခင် ချေတစ်ကောင်ကို ထမ်းပြန်လာသည်။ အသားလတ်လတ်ဆတ်ဆတ် စားရတော့မည်။ ရိက္ခာအတွက် မပူရတော့၊ ချေကိုဖျက် အသားတွေကိုညှင်းပြီး အချို့ကို ကျပ်တင်သည်။ တစ်ရက်နှစ်ရက်စာ အတွက်သာ အသားစိမ်းအနည်းငယ် ချန်ထားသည်။

နောက်တစ်ကောင် ထပ်ရတော့ ရေချယ်က ကူဖျက်ပေးသည်။ ချေသားရေကို သေသေချာချာ အခြောက်လှမ်းသည်။

"ခြောက်သွားရင် မင်းအတွက် ကိုယ်ဖိနပ်ချုပ်ပေးမယ်၊ မင်းကို အင်ဒီယန်မနဲ့တူလာအောင် ကိုယ်လုပ်ယူမယ်"

သူက ပြုံးပြီးပြောသည်။ သူ ပျော်နေသည်။ ကျေနပ်နေသည်။ တစ်နေ့ သူ အမဲလိုက် ထွက်သွားတုန်း ရေချယ်က ဆပ်ပြာတောင့်ကိုယူပြီး ရေကန်ဆီသို့ ထွက်လာခဲ့ပြီး ခေါင်းလျှော်သည်။ အဝတ်တွေချွတ်ပြီး ဖွပ်သည်။ ပြီးတော့ အေးစိမ့်နေသည့်ကန်ထဲဆင်းပြီး တဝကြီးကူးပစ်လိုက်သည်။ အားရအောင် ရေချိုးပြီးမှကန်းပေါ်တက်ကာ အဝတ်တွေကို ချုံပုတ်ပေါ်တွင် လှမ်းသည်။ ထို့နောက်တွင်တော့ မြက်ခင်းစိမ်းစိမ်းပေါ်တွင် လှဲကာ ကမ္ဘာဦးကလူမလေးတစ်ယောက်လို နေစာလှုံသည်။ သည်လို လွတ်လပ်မှုမျိုးသည်လောက် ပျော်ရွှင်မှုမျိုးနှင့် ရေချယ် တစ်ခါမျှမကြုံဖူးခဲ့ပေ။ သူပြန်ရောက်လာတော့ ရေချယ် ငှက်မွေးကလေးလို ပေါ့ပါးနေလေသည်။

ကိုဘီက ဘယ်လိုချစ်ပါသည်။ ဘယ်လောက် မြတ်နိုးပါသည်ဟု ချစ်ခွန်းတုံ့လှယ် စကားမကြွယ်တတ်။ သို့သော် သူပြောသမျှ ရေချယ်ယုံသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်းပဲ ကိုယ်ချစ်ဖူးတယ်" လို့ပြောတော့ ရေချယ်က "ရေချယ်လည်း အတူတူပါပဲကွယ်၊ ကိုဘီလောက် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးပါဘူး။ ခုလို ဘဝရောက်လည်း ရေချယ် ပျော်နေတာပဲ။ ခုနေ သေသွားရင်လည်း သေပျော်ပါပြီ" ဟု လှိုက်လှိုက်လှဲလှဲ ပြန်ပြောလေသည်။

ရေချယ်သည် ပျောက်ဆုံးနေသော နေရာတစ်ခုကို လိုက်လံရှာဖွေနေရာ ခုမှတွေ့သွားခြင်း ဖြစ်လေသည်။ ထိုနေရာကား ကိုဘီ၏ ရင်ခွင်တည်း။ သည်ဘဝကိုရပြီးမှ ရေချယ်အတွက် ဘာမျှ အကြောင်းမဟုတ်တော့ပေ။

သူတို့ကြိုက်သလို လုပ်ကြပါစေ၊ ရေချယ် မမှုတော့ပါ။ အမိခံရလျှင်လည်း ချစ်သူနှင့်အတူ လိုက်သေဖို့ အသင့်ပါ။ သည် အိမ်ကလေးတွင် သူတို့နှစ်ယောက် နေခဲ့ကြသည်မှာ သုံးပတ်ပြည့်ခဲ့ပြီ။ ရာသီဥတုသာယာသည့် ညများတွင် အပြင်ထွက်အိပ်ကြ၏။ တစ်နေရာပြီး တစ်နေရာ ပြောင်းအိပ်ကြ၏။

အလစ်ဝင်အစီး မခံရအောင် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။ ကိုဘီက အပြင်ထွက်အိပ်ရခြင်းကို သဘောကျသည်။ ရေချယ်က လည်း ကြယ်တွေအောက်မှာ ချစ်ရခြင်းကို ပိုသဘောကျသည်။

တစ်နေ့မနက်တွင် အိမ်ပြန်ရောက်တော့ ရေချယ်က ကိုဘီ ချုပ်ပေးသည့် ဖိနပ်ကလေးကို စီးကြည့်ပြီး သဘောကျနေသည်။

"သိပ်တော့ မလှဘူးပေါ့။ ဒါပေမဲ့ အောက်ခံကို သားရေနှစ်ထပ်နဲ့ ချုပ်ထားတယ်၊ မက်ဆီကို ရောက်အောင်တော့ စီးရမှာပါ"

"အင်း ... သားရေအင်္ကျီပါ ဝတ်လိုက်ရင် ရေချယ် အင်ဒီယန်မ ဖြစ်သွားပြီ"



"အဝတ်အစားဝတ်ရုံနဲ့ အင်ဒီယန်ဖြစ်နိုင်တယ်လို့ နင်ထင်တယ်ပေါ့လေ"

"တခြား ဘာလိုသေးလဲ ကိုဘီ၊ ငါတကယ် အင်ဒီယန် ဖြစ်ချင်ပါတယ်၊ နင်ဖြစ်အောင် သွင်းပေးလို့ မရဘူးလားဟင်"

"ဖြစ်နိုင်ကောင်းပါတယ်၊ ဒါပေမဲ့ အင်ဒီယန်တွေဟာ နာမည်ကို သိပ်အလေးအနက်ထားတယ် ဆိုတာ နင်သိတယ်နော်"

"သိပါတယ်"

"ဒါဆို နင် ငါ့ကို ကိုဘီလို့မခေါ်နဲ့တော့လေ၊ ငါ့နာမည် 'ဝံပုလွေဖြူ' လို့ ငါပြောထားပြီပဲ၊ ငါ ကိုဘီ မဟုတ်တော့ဘူး။ 'အမြင်အာရုံ' အောင်သွားတာဟာ ငါတို့အတွက် သိပ်အရေးကြီးတယ်၊ ဒီနာမည်ဟာ နတ်မင်းကြီးကပေးတာ၊ ဒီတော့ လေးစားရမယ်"

"နင်ပြောတာ ငါနားလည်ပါတယ်။ ဝံပုလွေဖြူ၊ ဝံပုလွေဖြူ ဟုတ်ပြီ"

သည်ဘဝတွင် သူတို့ပျော်နေကြပြီ။ ပျော်စရာနေ့များ၊ ရင်ခုန်ချင်စရာ အချစ်ညများ မကုန်ဆုံးစေချင်တော့။ သို့သော် ရိက္ခာက တဖြည်းဖြည်း နည်းလာပြီ။ မက်ဆီကိုခရီးစဖို့ သင့်ပြီ။ တစ်နေရာတည်းတွင် အကြာကြီး မနေသင့်။ တစ်ယောက်ယောက် မျက်စိလည် လမ်းမှားပြီး ရောက်လာနိုင်သည်။

သည်အကြောင်းကို နှစ်ယောက်သား ဆွေးနွေးလို့မှ မဆုံးခင် တစ်နေ့တွင် ထူးခြားမှုတစ်ခု တွေ့ရသည်။ အိမ်ကလေးနှင့် နှစ်ဖာလုံ အကွာတွင် မြင်းခွာရာတွေ သွားတွေ့ခြင်းဖြစ်၏။

ဝံပုလွေဖြူက နီလာကြီးကို အသာနှင်ကာ ခြေရာတွေ နောက်လိုက်သွားသည်။ မြင်းစီးသမားသည် အိမ်ကလေးနှင့် မလှမ်း မကမ်းအထိ ရောက်လာ၏။ မြင်းခြေရာကို သေသေချာချာ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး လေ့လာသည်။ လွန်ခဲ့သည့် နှစ်ဆယ့်လေးနာရီက ပြန်လှည့်သွားသည်ဟု ဝံပုလွေဖြူ ခန့်မှန်းလိုက်သည်။

ဆင်ခြေလျှောကလေးအတိုင်း နီလာကြီးကို ဒုန်းစိုင်းပြီး အိမ်ကလေးဆီသို့ ပြန်လာခဲ့သည်။

ရေချယ်က ပြေးထွက်လာပြီး ကြိုသည်။ သူက မြင်းပေါ်မှ လွှားခနဲခုန်ဆင်းပြီး

"တို့ကို တစ်ယောက်ယောက် တွေ့သွားပြီ ရေချယ်။ ကြည့်ရတာ ဂူသရီကို ပြန်လစ်သွားတယ် ထင်တယ်။ မကြာခင် ရဲတွေနဲ့ ပြန်ရောက်လာလိမ့်မယ်။ ပစ္စည်းနည်းနည်းသယ်ပြီး တို့ လစ်ကြမှ ဖြစ်မယ်"

ပြောပြီးအိမ်ထဲဝင်ကာ သူ့ကုန်းနှီးအိတ်ထဲတွင် အသားခြောက်နှင့် ကျည်ဆန်တွေ ထည့်သည်။ ရေချယ်က ဆောင်တွေခေါက်ပြီး ဝံပုလွေရေနှင့် လိပ်နေ၏။

ထိုစဉ်တွင် အသံတစ်သံ ကြားလိုက်ရခြင်း ဖြစ်သည်။

"ဗျို့... အိမ်ထဲမှာ လူရှိသလား"

ခပ်လှမ်းလှမ်းမှ အော်မေးသည့် လူတစ်ယောက်၏အသံ။ ဝံပုလွေဖြူသည် ရိုင်ဖယ်ကိုဆွဲကာ တံခါးဖွင့်လိုက်၏။

"ဟေ့ ... မပစ်နဲ့နော်။ ကျုပ် လူကောင်းပါ၊ မိတ်ဆွေ တစ်ယောက်ပါ"

ဝံပုလွေဖြူက တံခါးကြားမှ အပြင်ကို ချိန်ထားပြီး

"ခင်ဗျားကို ကျုပ်မတွေ့ရဘူး။ ခင်ဗျား ဘယ်သူလဲ၊ ဘာလိုချင်လို့လဲ"

မြင်းစီးသမားက မြင်ကွင်းထဲသို့ ဝင်လာပြီး ညာလက်ကို မြှောက်ပြသည်။ အင်ဒီယန် သင်္ကေတ။ ငြိမ်းချမ်းရေးဖြစ်၏။



"ကိုယ် ဂျစ်ပစီစမစ်ပါ၊ မင်းတို့အတွက်သတင်းပါလာတယ်"

ရေချယ်က ပြေးထွက်လာပြီး သူတို့ဆီလာနေသည့် မြင်းစီးသမားကို သေသေချာချာကြည့်သည်။ ဟုတ်တယ်၊ သူပဲ။ ဂျစ်ပစီစမစ်မှ ဂျစ်ပစီစမစ်။

ရေချယ်နှင့် ဝံပုလွေဖြူက သူ့ဆီကိုလျှောက်သွားပြီး ကြိုသည်။ သူတို့က ဂျစ်ပစီကို မှတ်မိသော်လည်း သူသည် လွန်ခဲ့သည့် လေးနှစ်က ဂျစ်ပစီစမစ် မဟုတ်တော့ပေ။ အရမ်း ပိန်ကျသွားသည်။ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေ ဘောထနေ၏။ တချို့တစ်ဝက် ဖြူစပြုနေပြီ။ ချည်ကြမ်းအင်္ကျီနှင့် ဘောင်းဘီမှာ အရောင်အဆင်း မရှိတော့။ လယ်သမားဦးထုပ်ကြီး ဆောင်းထား၏။

မြင်းပေါ်မှ သေနတ်တွေကိုသာ မမြင်ရလျှင် သူ့ကို လယ်သမားတစ်ယောက်ဟုသာ ထင်ဖွယ်ရာရှိသည်။

သူ့တွင် ဝင်ချက်စတာရိုင်ဖယ် ပါသည်။ ကျွဲပစ်သေနတ် ပါသည်။ တင်ပါးဆုံတွင် ဒသမ ၄၄ ပစ္စတိုပါသည်။

ဝံပုလွေဖြူ၏လက်ကို ဆွဲပြီးနှုတ်ဆက်ရင်း ပြောသည်။

"မင်းနဲ့ မတွေ့ရတာ တော်တော်ကို ကြာပြီနော်"

ပြီးတော့ ရေချယ့်ဘက်လှည့်ပြီး ဦးထုပ်အနားစွန်းကို လက်ဖြင့်တို့ကာ နှုတ်ဆက်သည်။

"ဟဲလို... မစ္စရေချယ်"

ဝံပုလွေဖြူက အလောတကြီးမေးသည်။

"သတင်းဟုတ်လား၊ ဘာသတင်းလဲ ဂျစ်ပစီ"

ဂျစ်ပစီက မြင်းပေါ်မှအသာဆင်းလိုက်ပြီး

"ဒီဘက်ကို သူတို့ လာနေကြပြီ၊ သူတို့ ဒီကိုနောက် လေးနာရီကြာရင် ရောက်လာလိမ့်မယ်။ ရဲမှူးရင်ဖရို့ အင်အား

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဆယ်လောက် ပါလာတယ်"

"လေးနာရီ၊ အင်အားခြောက်ဆယ်... ခင်ဗျား သေချာတယ်နော် ဂျစ်ပစီ"

ဝံပုလွေဖြူ ခပ်လောလောမေးလိုက်သည်။

"မနေ့ကတည်းက မင်းတို့ကို တစ်ယောက်ယောက်တွေ့သွားပုံရတယ်။ မင်းခေါင်းက ဒေါ်လာတစ်ထောင် တန်နေပြီလေ..."

"ဗျာ... ဒေါ်လာတစ်ထောင်၊ ဟုတ်လား"

"မင်း မသိဘူးလား၊ မင်းကို ဆုငွေထုတ်ထားပြီလေ၊ အသေရရ အရှင်ရရ ဒေါ်လာတစ်ထောင်တဲ့"

"လာဗျာ၊ အထဲဝင်ပါ ကျွန်တော်တို့ အထုပ်အပိုး ပြင်ရင်း ဆက်စကားပြောကြတာပေါ့"

အုန်းခွံရောင် မြင်းကြီးကို နီလာကြီးနံဘေးမှ ချည်တိုင်တွင် ချည်ခဲ့ပြီး သူတို့နှစ်ယောက်နောက်မှ အိမ်ထဲသို့ လိုက်ဝင်ခဲ့သည်။

သူတို့ အထုပ်အပိုးထဲတွင် သားရေအိတ်ကို မြင်တော့ ဂျစ်ပစီက တအံ့တသြဖြစ်သွားပြီး

"သြော်... မင်းတို့ ငါဝှက်ထားတဲ့ နေရာကို တွေ့သွားကြတာကိုး"

"ဟင်... ဒါ ဂျစ်ပစီပစ္စည်းတွေ ဟုတ်လား"

ရေချယ်က ဆက်မပြင်တော့ဘဲ မေးလိုက်သည်။ ဝံပုလွေဖြူကလည်း အားနာသွားဟန်ဖြင့်

"ဟာဗျာ ခင်ဗျားနေရာမှန်းသိရင်..."

"ထားလိုက်ပါကွာ၊ ခု မင်းတို့နေရာပေါ့။ ငါရောက်လာတုန်းကလည်း ဒီလိုပါပဲ"

ဂျစ်ပစီက မီးဖိုပေါ်မှ စင်ပေါ်တွင်ရှိသည့် ကော်ဖီခွက်ကို



ယူပြီး ရေခပ်နွေးနွေးဖြင့် ကော်ဖီဖျော်သည်။

"ငါ မင်းတို့ကို လိုက်ရှာပြီး ရောက်လာတာက မင်းတို့ကို လွတ်အောင်လုပ်ပေးဖို့ပဲ၊ ငါ့ အစီအစဉ်ကို မင်းတို့လက်ခံရင်ပေါ့လေ။ မစ္စရေချယ်ကို မင်း လွှတ်ပေးဖို့ ငါတောင်းပန်ချင်တယ်ကွာ၊ မင်း သူ့ကို ပြန်ပေးဆွဲတယ်ဆို၊ ငါကတော့မယုံပါဘူး ကိုဘီ"

"ရှင် ... ပြန်ပေး ဟုတ်လား ဂျစ်ပစီ"

ရေချယ် မျက်လုံးအပြူးသား မေးသည်။

"သတင်းစာတွေထဲမှာ အဲဒီအတိုင်း ပါတယ်လေ၊ မစ္စရေချယ့်အိမ်ကို ကိုဘီ ရောက်လာပြီး ယောကျ်ားလုပ်သူနဲ့ သက်တော်စောင့် နှစ်ယောက်ကို သတ်တယ်၊ ပြီးတော့ မစ္စရေချယ်ကို အတင်းအဓမ္မ ခေါ်သွားတယ်တဲ့"

သူတို့နှစ်ယောက် ဘာမှ နားမလည်နိုင်သလို တစ်ယောက်ကိုတစ်ယောက် ကြောင်ကြည့်နေကြသည်။ ပြီးမှ ရေချယ် စကားဆိုနိုင်သည်။

"အဲဒါ လုံးဝမဟုတ်ဘူး ဂျစ်ပစီ၊ ရှယ်လ်ဘီကို ရေချယ် သတ်တာ၊ ကိုဘီ... အဲလေ ဝံပုလွေဖြူ မဟုတ်ဘူး... ရေချယ့်သဘောနဲ့ ရေချယ် သူ့နဲ့လိုက်လာတာ"

"ဝံပုလွေဖြူ ဟုတ်လား"

ဂျစ်ပစီမေးတော့ သည်နာမည် ရလာပုံကို ကိုဘီက ရှင်းပြသည်။ ဂျစ်ပစီ ခေါင်းတညိတ်ညိတ် နားထောင်နေသည်။

"အဲဒီ ဇာတ်လမ်းကို သတင်းစာတိုက်မှာ ပြန်ပြောပြတဲ့လူကတော့ ဒက်စတာပဲ မစ္စရေချယ်"

"ဒက်စတာ ဟုတ်လား၊ သူဘာလို့ မဟုတ်တာတွေ လျှောက်ပြောရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ပစီက ပခုံးတွန့်ပြသည်။ ကော်ဖီကို တစ်ကျိုက် မော့ပြီးရှင်းပြသည်။

"မျက်မြင်သက်သေက သူတစ်ယောက်တည်း ရှိတာလေ၊ ကဲ... အဲဒါ ခဏထားပါဦး၊ ခရီးဆက်ဖို့ လုပ်ကြရအောင်။ တောင်ဘက်ကို ဦးတည်ပြီး မြစ်နှစ်မြစ်ဘက်ကို သွားမယ်၊ အဲဒီမှာ ခုလိုပဲ ကိုယ်ဝှက်ထားတဲ့ ရိက္ခာတွင်းရှိတယ်။ မြင်းတစ်ကောင်တော့ ရအောင် ခိုးရမှာပဲ၊ ဘယ်သူမှ မရိပ်မိအောင် တိတ်တိတ်ဆိတ်ဆိတ် လုပ်ရမယ်။ ကွန်မင်ချီတချို့က သူတို့ရဲ့ သတင်းပေးတွေလေ။ အဲဒီကမှ မက်ဆီကိုကို ခရီးဆက်မယ်"

"ကျွန်တော်တို့လည်း အဲဒီကိုသွားဖို့ အစီအစဉ်ဆွဲနေတာပါ ဂျစ်ပစီ"

"ဒါဆို သွားကြတာပေါ့။ နေ့မှာ ပုန်းနေပြီး ညမှာခရီးထွက်ရမယ်။ မင်းတို့က မြင်းတစ်ကောင်တည်းကို နှစ်ယောက်စီးရတော့ ခရီးသိပ်ပေါက်မှာ မဟုတ်ဘူး။ ဒါကြောင့် မြင်းတစ်ကောင်ထပ်ရဖို့ အရေးကြီးတယ်"

ဝံပုလွေဖြူက မေးသည်။

"ခင်ဗျားဘာလို့ ကျွန်တော်တို့အတွက် ဒုက္ခခံတာလဲ ဂျစ်ပစီ"

"ရှယ်လ်ဘီဟွန်းဘတ်ကို ရှင်းပေးတဲ့အတွက် မင်းတို့ကို ကျေးဇူးဆပ်ရမယ်လို့ ငါစိတ်မှာထင်နေတယ်၊ တကယ်တော့ မင်းတို့ မသတ်ရင်လည်း သူ သိပ်ကြာကြာနေရမယ် မဟုတ်ပါဘူး"

"ရေချယ်ကြားပြီးပါပြီ ဂျစ်ပစီ၊ ဂျစ်ပစီရဲ့ စာရင်းထဲမှာ သူပါတယ် မဟုတ်လား"

"နံပါတ်တစ်လေ"

"ဒက်စတာကော ပါလားဟင်"



အိမ်ထဲမှ ဦးဆောင်ထွက်ခဲ့ပြီး ဂျစ်ပစီ စကားဆက်သည်။

"ခု နောက်ကလိုက်လာတဲ့ အဖွဲ့ထဲမှာ သူပါမှာသေချာတယ်၊ တို့ ဒီမှာစုနေတာ သူတွေ့သွားရင် ဘယ်လောက်အံ့သြသွားမလဲ မသိဘူး"

ပြောရင်းမြင်းပေါ်တက်လိုက်သည်။ ဝံပုလွေဖြူက နီလာကြီးကို ကုန်းနှီးဆင်ပြီး ရေချယ့်အတွက် ကျောပေါ်တွင် စောင့်ဖြန့်ခင်းပေးလိုက်သည်။ ပြီးမှ သူကအရင်တက်ကာ ရေချယ့်ကို ဆွဲတင်လိုက်၏။

ဂျစ်ပစီက လှမ်းပြောသည်။

"ရတယ်နော် မစ္စရေချယ်"

"အို ... သိပ်ရတာပေါ့ ဂျစ်ပစီ"

ဂျစ်ပစီက လေးစားစွာဖြင့် ဦးညွှတ်လိုက်သည်။

*

သဲကန္တာရကိုဖြတ်တော့ လေပြင်းတိုက်နေသဖြင့် သူတို့ခြေရာတွေ ဖျောက်ပြီးသား ဖြစ်နေသည်။ အနောက်ရူးရူးသို့ သူတို့ ဦးတည်သွားနေကြသည်။ ကင်မရွန်မြစ်ကျဉ်းကိုဖြတ်ပြီး သဲကန္တာရထဲသို့ သန်းခေါင်လောက်တွင် ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ မြင်းတွေကို သက်သာစေရန် သူတို့လမ်းဆင်းလျှောက်ကြသည်။ သဲဆွဲသဖြင့် လျှောက်ရသည်မှာ ခရီးမတွင်။

ဝံပုလွေဖြူက ရေချယ့်ကို နီလာကြီး၏အမြီးကို ဆွဲပြီး လိုက်ခိုင်းသည်။ ရေချယ်အပုံကြီး သက်သာသွား၏။ သဲကန္တာရထဲမှာပင် သူတို့တောင်ဘက်သို့ ချိုးကွေ့လိုက်ကြသည်။ ကွေ့ဝိုက်စီးဆင်းနေသည့် ကင်မရွန်မြစ်နားသို့ ပြန်ရောက်လာသည်။ သည်နေ

www.burmeseclassic.com

www.burmeseclassic.com



ရာတွင်တော့ သစ်သားတံတားတစ်ခု ရှိသည်။ သူတို့ ဖြတ်လာခဲ့ကြ၏။ တံတားပေါ်တွင် ထင်ကျန်ရစ်သည့် မြင်းခွာရာတွေ သဲတွေကို သူတို့လှည်းကျင်း ဖျက်ဆီးပစ်ခဲ့ကြသည်။

သည်နောက်တော့ လွင်ပြင်ကျယ်ကြီးကိုဖြတ်ကာ အရှေ့စူးစူးသို့ ဦးတည်ပြီးထွက်လာခဲ့ကြသည်။

"ဒီလွင်ပြင်ကို ဖြတ်ဖို့ နှစ်ရက်လောက်တော့ တို့အချိန်ကုန်လိမ့်မယ်"

ဂျစ်ပစီက ပြောလိုက်သည်။ အရဏ်တက်အချိန်လောက်တွင် ခြောက်ခြောက်သွေ့သွေ့ ရှိသည့် လျှိုကလေးတစ်ခုထဲတွင် စခန်းချလိုက်ကြသည်။ အသားကျပ်တိုက်တွေနှင့် သစ်သီးခြောက်တွေကို ထိုင်စားကြသည်။ စားသောက်ပြီးတော့ ဂျစ်ပစီနှင့် ဝံပုလွေဖြူက လျှိုဝတွင် ကင်းစောင့်ဖို့ ထွက်သွားကြသည်။

မြင်းနှစ်ကောင်ကို ရေတိုက်ပြီး အစာကျွေး၏။ ဒုတိယနေ့တွင် ဂျစ်ပစီက တောင်ကမူကလေး တစ်ခုပေါ်တက်ပြီး အခြေအနေကို မှန်ပြောင်းနှင့်ကြည့်သည်။ ရေချယ်နှင့် ဝံပုလွေဖြူက ရွှေပင်ကြီးတစ်ပင်အောက်တွင် အိပ်ရာလိပ်ကို ဖြေနေသည်။

ဝံပုလွေဖြူက ပြောသည်။

"ငါ စဉ်းစားနေတယ် ရေချယ်၊ နင်က ရာဇဝတ်သင့်တဲ့အထဲ မပါဘူး၊ ဒါကြောင့် နင် သူတို့ဆီသွားပြီး ငါတို့ဆီကထွက်ပြေးလာတာလို့ ပြောပြီး နင့်ဘဝဟောင်းကို နင်ပြန်သွားပါလားဟင်"

ရေချယ်က အခင်းပေါ်တွင် အားလျားမှောက်ပြီး သူ့လက်နှစ်ဖက်စလုံးကို ဆွဲဆုပ်လိုက်သည်။

"ရေချယ်ပြောတာကို နားထောင်စမ်းပါ အချစ်ရယ်၊ ရေချယ်



ဘာလို့ ပြန်သွားရမှာလဲ။ ရေချယ့်ဘဝမှာ အချစ် တစ်ယောက်လုံးရှိနေပြီပဲ၊ အချစ်နဲ့ အတူနေမယ်။ အတူသေမယ်"

"ဒါပေမဲ့ ... သူတို့မိသွားရင် ကိုယ်ပြောသလို ကိုယ်က အရှင်အမိခံမှာ မဟုတ်ဘူး"

"အချစ်မရှိရင် ရေချယ်လည်း မနေတော့ဘူးလေ၊ ဒါပဲပေါ့"

ရေချယ်က ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောလိုက်သည်။ တတိယမြောက်ညတွင် သူတို့တစ်တွေ ကနေဒါတောင်ပိုင်းမြစ်ကို ကျော်ဖြတ်ခဲ့ကြ၏။ စတုတ္ထမြောက်ညတွင် ဝါရှီတာမြစ်။ ပြီးတော့ မြစ်တွေ တစ်စင်းပြီး တစ်စင်း။ မြင်းတွေ ပင်ပန်းလှပြီ။

"မြစ်နီမြစ်ကိုရောက်ရင် သူတို့ကို ကောင်းကောင်းအနားပေးရမယ်"

ဂျစ်ပစီက ချေသားကျပ်တင်ခြောက်ကို ဝါးရင်းပြောသည်။ သူတို့နှစ်ယောက် အနီးအနားမှ ချောင်းကလေးထဲဆင်းပြီး ရေဘူးတွေ ရေအိတ်တွေကို ဖြည့်သည်။

"မြင်းတွေလည်း ဝအောင်ကျွေးရမယ်၊ တို့ကိုယ်တိုင်လည်း ပူပူနွေးနွေးကလေး ချက်ပြုတ်စားကြရအောင်။ ဟိုအောက်ဘက်မှာ ဂူကြီးတစ်ခုရှိတယ်၊ အဲဒီမှာ ကိုယ်ဝှက်ထားတဲ့ ရိက္ခာတွေအများကြီးပဲ"

"ဘာဂူလဲဗျ ဂျစ်ပစီ"

ဝံပုလွေဖြူက စိတ်ဝင်တစားမေးသည်။

"အင်ဒီယန်တွေက ရှေးဟောင်းဂမ္ဘီရဂူလို့ ခေါ်ကြတယ်၊ မင်း ကြားဖူးလား"

"ကြားဖူးရုံ ဘယ်ကမလဲ ဂျစ်ပစီ၊ ကျွန်တော် အဲဒီမှာ 'အမြင်အာရုံ' အောင်ခဲ့တာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အင်ဒီယန်တွေအတွက် အမွန်မြတ်ဆုံးဂူလို့ ဆိုကြတယ်။ မနက်ဖြန်တော့ အဲဒီကို ရောက်မှာပါ"

ဂျစ်ပစီက စခန်းချဖို့ ပြင်ဆင်နေတုန်း ရေချယ်နှင့် ဝံပုလွေဖြူက ချောင်းထဲတွင် ရေချိုးကြသည်။ ရေကူးလိုက်၊ ရေထဲတွင် လိုက်တမ်းပြေးတမ်း ကစားလိုက်၊ မိသည့်အခါ တစ်ယောက်နှင့်တစ်ယောက် ဖွေ့လိုက်ဖက်လိုက်ဖြင့် တစ်လောကလုံးတွင် သူတို့နှစ်ယောက်တည်း ရှိနေကြသည့်အလား။

*

ဖို့ဆီးလ်မှ မြင်းရိုင်းဖမ်းသမားကြီး ကွတ်သည် စစ်တပ်မှထွက်ပြေးသည့် မြင်းများကိုဖမ်းရန် တောလည်နေစဉ် မြင်းခြေရာများ တွေ့သဖြင့် မြေပြါချောင်းတစ်လျှောက် နောက်ယောင်ခံလိုက်သွားရာ ဝံပုလွေဖြူနှင့် ရေချယ်တို့ ရေကစားနေသည့် ချောင်းစပ်သို့ တန်းတန်းမတ်မတ် ရောက်သွားသည်။

မြင်းကို ဒုန်းစိုင်းစီးကာ ဖို့ဆီးလ်သို့ ပြန်ချလာသည်။ ဖို့ဆီးလ်တွင် အိုကလာဟိုးမား 'ဒီမိုကရက်တစ်နေ့စဉ်' မှ သတင်းထောက်တစ်ယောက် ရောက်နေချိန်ဖြစ်၏။ ကွတ်ပြောပြသည့် ဇာတ်လမ်းကို သူက သတင်းစာတိုက်သို့ ကြေးနန်းဖြင့် ပို့လိုက်သည်။

လူသတ်သမား ချီယင်နီအင်ဒီယန်နှင့် သူပြန်ပေးဆွဲသွားသော မစ္စက်ရှယ်လ်ဘီဟွန်းဘာက်တို့သည် ဖို့ဆီးလ်နှင့် မိုင်နှစ်ဆယ်အကွာ စခန်းတစ်နေရာတွင် ရောက်နေကြောင်း၊ သတင်းကို ဖတ်ချင့်စရာ ဝေဝေဆာဆာ ရေးထားသည်။

သည်သတင်းကို ဝုဒ်ဝဒ်မြို့မှ ပြည်ထောင်စုရဲမှူး ဆိုက်လပ်စ်ရင်ဖရီ ဖတ်ရသည်။ သဲကန္တာရထဲတွင် ခြေရာပျောက်သွားသဖြင့် သူနှင့် သူ့တပ်ဖွဲ့ဝင်တွေ လက်လျှော့ပြန်ခဲ့ရကတည်းက ရင်ဖရီတန့်နဲ့ ဖြစ်ခဲ့ရသည်။ အထက်ကလည်း သူ့ကို ထုသည်။ ထို့ကြောင့် သည်သတင်းကို နားစွင့်နေခဲ့သည်။ ခုတော့ သေချာပြီ။



သူ ချက်ချင်းလှုပ်ရှားသည်။ လက်နက် ရိက္ခာအင်အားအပြည့်အစုံဖြင့် ဖို့ဆီးလ်သို့ အမြန်ဆုံး ချီတက်ခဲ့သည်။ သည်စစ်ဆင်ရေးတွင် ဂူသရီမှ ရဲမှူးဟာရီမင်နှင့် သူ့လက်ထောက် ဒက်စတာလည်း ပါဝင်၏။

သူတို့နှစ်ယောက်ကလည်း ရဲလက်နက်ကိုင်တွေ ခေါ်လာသေးသည်။ သူတို့တစ်တွေ ဖို့ဆီးလ်ဒု ရဲမှူးပစ်ကာဒ်၏ ရုံးခန်းတွင် ဆုံကြ၏။

မြင်းရိုင်းဖမ်းသမားကြီး ကွတ်က ရေချယ်နှင့် ကိုဘီကို တွေ့ခဲ့သည့် နေရာကို မြေပုံပေါ်တွင် သေသေချာချာ ထောက်ပြသည်။

ကွက်က ဖြည့်ပြောသည်။

"ကျွန်တော် ပြောရဲတယ်၊ အမျိုးသမီးကလေးဟာ ပြန်ပေးဆွဲခံထားရတာ မဟုတ်ဘူး"

ဒက်စတာက ချက်ချင်းတုံ့ပြန်သည်။

"အို... ကျုပ်ညီမကို သေနတ်နဲ့တော့ပြီး ခေါ်သွားတာ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပဲ၊ ခင်ဗျားက ဘာမသိဘာမသိနဲ့"

ကွတ်က ဒက်စတာ့ကို တစ်ချက်ငဲ့ကြည့်သည်။

"ဒါဆိုရင်လည်း ပြီးတာပါပဲဗျာ"

စစ်ကြောင်းကို အတတ်နိုင်ဆုံး အသံတိတ်ချီတက်ရမည်ဟု ရဲမှူးပစ်ကာဒ်က တာဝန်ရှိသူများကို ပြောပြသည်။ သူက မြေပုံကို လက်ညှိုးနှင့်ထောက်ပြီး

"သူတို့ ဟောဒီဘာက်ကို ဆက်သွားလိမ့်မယ်၊ မြေပြ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းနဲ့ မြစ်နီမြစ်ဆုံတဲ့နေရာအထိ သွားကြလိမ့်မယ်။ မြစ်ကိုဖြတ်ပြီး တက်ဆက်ဘက်ကို ဘယ်ဝရမ်းပြေးမှ မသွားဘူး၊ သူတို့ကို ကျုပ်တို့ လမ်းပိတ်ထားနိုင်ပါပြီ"

ရဲမှူးရင်ဖရိုက နှုတ်ခမ်းမွေးကို လက်နှင့်သပ်ရင်း

"အဲဒီလိုလား၊ ကဲ... ဒါဖြင့် သွားကြရအောင်"

*

ပဉ္စမမြောက်နေ့တွင် ကျောက်ဆောင်တစ်ခုပေါ် ထိုင်၍ ကင်းစောင့်နေရင်း ဂျစ်ပစီက မြေပြင်ဆီသို့ မှန်ပြောင်းဖြင့် ခဏခဏ ငေ့ကြည့်သည်။ တစ်ကြိမ်တွင် ဟိုးအဝေး တစ်နေရာမှ ဖုန်တန်းသေးသေးမျှင်မျှင်ကလေးကို လှမ်းမြင်ရသည်။

ဂျူတီလဲဖို့ ဝံပုလွေဖြူ သူ့အနားရောက်လာတော့ ဂျစ်ပစီက မှန်ပြောင်းကို ကမ်းပေးရင်း ဖုန်တန်းကလေးဆီသို့ လက်ညှိုးထိုးပြလိုက်သည်။

ဝံပုလွေဖြူက မှန်ပြောင်းနှင့်ကြည့်ရင်း မေးလိုက်သည်။

"ရဲတွေလား"

"ဘယ်အဖွဲ့တွေလည်းတော့ မသိဘူး၊ လာနေတဲ့ နှုန်းကတော့ တော်တော်မြန်တယ်၊ မြင်းတွေကလည်း လန်းလန်းဆန်းဆန်းပဲ"

"ဒါဆို 'ဂူသရီ'အဖွဲ့ မဖြစ်နိုင်ဘူး၊ ဂူသရီက လာရရင် သူတို့မြင်းတွေ ကျွန်တော်တို့ကောင်တွေလို ခြေပန်းလက်ပန်းကျနေမှာ"

ဂျစ်ပစီက မှန်ပြောင်းပြန်ယူရင်း

"အင်း ... ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ တို့ကို တွေ့သွားတာ ဂူသရီအဖွဲ့မဟုတ်ဘဲ တခြားအဖွဲ့ဆိုရင် မကြာခင် ရောက်လာကြလိမ့်မယ်"



"ဟိုမှာ၊ ဟိုမှာ ကြည့်စမ်း ဂျစ်ပစီ"

ဝံပုလွေဖြူက အရှေ့ဘက်သို့ လက်ညှိုးထိုးပြီး ပြောလိုက်သည်။ ဆယ်မိုင်အကွာလောက်မှာ ဖုန်လုံးကြီးများ။

ဂျစ်ပစီက မှန်ပြောင်းကို လှည့်ပြီးကြည့်လိုက်၏။ သည်တစ်ခါ လူတွေကိုပါ သဲသဲကွဲကွဲမြင်ရသည်။ အင်ဒီယန်တွေ မဟုတ်စစ်တပ်ယူနီဖောင်းလည်း မဟုတ်။

"တခြားရဲအဖွဲ့ ဖြစ်မယ်၊ အင်အား တော်တော်များတယ်"

ပုံးလျှိုးကွယ်လျှိုး လုပ်နေစရာ မလိုတော့ပေ။ မြစ်နီမြစ်ဆီသို့ ပေါက်သည့်လမ်းအတိုင်း ခရီးနှင်ခဲ့ကြသည်။ ငယ်ကွေ့အငူစွန်းဆီသို့ ဦးတည်လျက်။

ဂျစ်ပစီက မှန်ပြောင်းဖြင့် သူတို့စစ်ကြောင်းကို မကြာမကြာ ပြန်ကြည့်သည်။ စစ်ကြောင်းနှစ်ကြောင်း ပေါင်းမိသွားသည်။ နှစ်ဖွဲ့ပေါင်းအင်အား ခြောက်ဆယ့်ငါးယောက် ရှိသည်။ ဂျစ်ပစီက ခြေကုန်နေပြီဖြစ်သည့် သူတို့မြင်းနှစ်ကောင်ကို ပြန်ကြည့်လိုက်၏။ လိုက်နေသည့် မြင်းတွေက မြူးမြူးကြွားကြွား။ ဆယ်မိုင်အတွင်း မည်သို့မျှ လွတ်အောင်ပြေးဖို့ လမ်းမမြင်။ ဂမ္ဘီရဂူက ဆယ်မိုင်ဝေးသေးသည်။ ဂူကိုရောက်လျှင် ဘာမှ ပူစရာမရှိ။

"ကဲ... လစ်ကြစို့၊ မြင်းတွေကို ညှာလို့မဖြစ်တော့ဘူး၊ မင်းကောင်ကြီး ရပါတော့မလား ဝံပုလွေဖြူ"

ဂျစ်ပစီက ပူပူပင်ပင် မေးသည်။

"သူက ဗုန်းဗုန်းမလဲမချင်း ပြေးနေမဲ့ကောင်ကြီးပါ"

သူတို့သည် တောင်ကြောတစ်လျှောက်မှ မြစ်နီမြစ်ဆီသို့ စီးသွားကြသည်။ အင်ဒီယန်လူမျိုးတို့၏ ရှေးဟောင်းလမ်းကြောင်းကလေးအတိုင်း သူတို့လိုက်သွားကြခြင်း ဖြစ်သည်။ ဂျစ်ပစီက

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ဦးဆောင်လျှက်။ နီလာကြီးက နောက်တွင် ကပ်လိုက်သွားသည်။ ရေချယ်က ဝံပုလွေဖြူ၏ခါးကို တင်းတင်းဖက်ထားသည်။

ချောက်ကမ်းပါးတွေ ဖြတ်၊ ချောင်းအကွေ့တွေ ပတ်ရင်း သူတို့ ခရီးနှင်ခဲ့ကြသည်။ ကျောက်လမ်းပေါ်တွင် မြင်းခွာသံတွေ တဖြောင်းဖြောင်းနှင့်။

ကွေ့တစ်ကွေ့တွင် တူရူမှလာနေသည့် မြည်းပေါ်က မက်ဆီကန် တစ်ယောက်နှင့် တိုးမိမတတ် ဖြစ်သွားသည်။ မက်ဆီကန် စီးလာသည့် မြည်းကို ဂျစ်ပစီ သေသေချာချာ ကြည့်လိုက်သည်။ တုန်ချည့်တုန်ချည့်နှင့်။ မြည်းမဟုတ်ဘဲ မြင်းတစ်ကောင် ဖြစ်လျှင်တော့ လုယူရတော့မည် မုချ။

ခုတော့ အလုပ်ဖြစ်မည့်ပုံ မပေါ်သဖြင့် မက်ဆီကန် , ချမ်းသာရာ ရသွားသည်။ သူတို့ ဆက်စီးသွားကြ၏။

မက်ဆီကန်သည် စောစောက တိုက်မိမလို ဖြစ်သွားကတည်းက ခုထိအကြောက် မပြေသေးပဲ ရင်တုန်ပန်းတုန်ဖြစ်နေဆဲ။ ခုတစ်ခါလည်း ရှေ့တည့်တည့်မှ မြင်းခွာသံတွေ ကြားပြန်ပြီ။ သည်တစ်ခါတော့ လမ်းဘေးတွင် ကပ်ပြီးရှောင်နေလိုက်၏။

ရဲမှူးရင်ဖရီက လက်မြှောက်ပြပြီး သူ့လူတွေကို ရပ်နိုင်းလိုက်သည်။ အင်ဒီယန်လမ်းပြကို ခေါ်ပြီး မက်ဆီကန်အား လမ်းတွင် မြင်းနှစ်ကောင်နှင့် ဆုံသလားမေးခိုင်းသည်။ သို့သော် သူတို့နှစ်ယောက် စကားသိပ်မပေါက်။

မက်ဆီကန်က အင်ဒီယန်၏ မေးခွန်းကို "စီး၊ စီး" ဖြင့် တစ်စီးထဲစီးကား၊ ဟုတ်ကဲ့ ဟုတ်ကဲ့ လုပ်နေသည်။

ရဲမှူးရင်ဖရီက လက်ဟန်ခြေဟန်နှင့် မေးရတော့သည်။ လက်ချောင်းတွေထောင်ပြီး



"မြင်းနှစ်ကောင်၊ လူသုံးယောက် ဟုတ်လား"

"စီး၊ စီး"

မက်ဆီကန်က သူလည်း တစ်နှစ်သုံးလေး ရေတွက်တတ်ကြောင်း ပြောသည့် အမူအရာလုပ်ပြသည်။ ဤသို့ဖြင့် စကားမပေါက်သော်လည်း အပြန်အလှန် နားလည်သွားကြသည်။

မြင်းတစ်ကောင်ပေါ်တွင် လူတစ်ယောက်၊ နောက်တစ်ကောင်ပေါ်တွင် နှစ်ယောက်၊ သေချာသွားပြီ။ ဒါထက် ဘာမှ သိစရာမလိုတော့။

ရဲမှူးရင်ဖရီ၏ မျက်လုံးတွေ ကျဉ်းသွားသည်။ ကြောက်မက်ဖွယ် စူးစူးဝါးဝါး အရောက်လက်လာ၏။ သေချာအောင် ထပ်မေးသည်။

"နှစ်ယောက်တစ်တွဲက အင်ဒီယန်နဲ့ လူဖြူမိန်းကလေး မဟုတ်လား၊ သူတို့စီးတဲ့မြင်းက အနီရင့်ရောင်လေ"

မက်ဆီကန် ဘာမှ နားမလည်တော့။ သေသေချာချာလည်း သူတို့ကို မကြည့်ခဲ့မိ။

ကြောက်ကြောက်လန့်လန့်နှင့် မက်ဆီကန် ပြောလိုက်သည်။

စီး ... စီး။

သည့်ထက်သေချာတာ ဘာရှိဦးမှာလဲ။

*

သူတို့က အားနှင့်အင်နှင့် အရှိန်အဟုန်နှင့် ကပ်လိုက်လာနေပြီ။ နှစ်မိုင်လောက်ထိ နီးလာပြီ။ ဂျစ်ပစီက သူ့အနံ့ခံနှာခေါင်းကြီးကို ဖတ်သတ်လိုက်သည်။ မြစ်နီမြစ်ကိုရောက်ဖို့ တစ်မိုင်သာလိုတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက် ဆက်သွား၊ သူတို့ကို ငါတားထားမယ်"

သူကပြောပြီး မြင်းပေါ်မှဆင်းကာ ကျွဲပစ်ရိုင်ဖယ်ကြီးကို ဆွဲယူလိုက်သည်။

ဝံပုလွေဖြူ ဇဝေဇဝါဖြစ်သွားသည်။

"ဒီမယ် ဂျစ်ပစီ၊ ခံချမယ်ဆိုရင်..."

"ဘာမှ ခံချစရာမလိုဘူး၊ မင်းတို့ မြန်မြန်လစ်ကြတော့၊ မင်းတို့ ဂမ္ဘီရဂူကို ရောက်အောင်သွားနှင့် ငါအမီလိုက်ခဲ့မယ်"

သည်တော့မှ သူတို့နှစ်ယောက် ဆက်စီးသွားသည်။ ဂျစ်ပစီက ကုန်းနှီးနံဘေးအိတ်ထဲမှ ဒရယ်ရေအိတ်ကို ယူပြီး မှန်ပြောင်းကိုဆွဲကာ တောင်ထိပ်တစ်ခုဆီသို့ ပြေးတက်သွားသည်။

ကီအိုဝါတောင်ကြောမှာ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ဖြစ်သည်။ အကာအကွယ်ယူပြီး သေသေချာချာ ပြန်ကြည့်၏။ သူတို့တစ်တွေ တစ်မိုင်ခွဲလောက်အထိ နီးလာနေပြီ။

လေးခွပုံသဏ္ဌာန် သစ်သားချောင်းကို မြေကြီးတွင် ရိုက်သွင်းပြီး ကျွဲပစ်ရိုင်ဖယ်ပြောင်းကို ခွပေါ်တင်လိုက်သည်။ ပြီးမှ မြက်ခင်းပြင်ပေါ်တွင် အလျားမှောက်ကာ မှန်ပြောင်းနှင့် ပြန်ကြည့်သည်။

ဘယ်သူ့ကို အရင်ရှင်းရမည်လဲ ရဲမှူးဟာရီမင်ကိုလား၊ ဒက်စတာကိုလား။ ဂျစ်ပစီက ကျွဲပစ်ရိုင်ဖယ်ချိန်သီးနှင့် ချိန်ခွက်ကို ကိုက်လေးထောင်မှာထားပြီး ဟာရီမင်ကို ရွေးချိန်လိုက်၏။ အသက်ကို ရှူသွင်းပြီး ခလုတ်ကို ဆွဲလိုက်သည်။

စစ်ကြောင်း၏ရှေ့ဆုံးမှ ရဲမှူးရင်ဖရိုနှင့် ယှဉ်စီးလာသော ဟာရီမင်သည် သေနတ်သံကို မကြားလိုက်မီ နောက်သို့လန်ကျသွားသည်။



သူတို့အားလုံး အထိတ်တလန့်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ခဏနေမှ ရဲမှူးရင်ဖရို အော်ဖို့သတိရသည်။

"အားလုံး ဝပ်၊ နေရာယူ"

လူတွေအားလုံး အနီးအနားရှိ ချုံပုတ်တွေ၊ ကျောက်ဆောင်တွေဆီကို ပြေးဝပ်ကြသည်။

"အဲဒါ... အဲဒါ... ကျွဲပစ်ရိုင်ဖယ်ပဲ"

ဒက်စတာက ဗလုံးဗထွေးအော်သည်။

"ဘယ်လိုဖြစ်တာလဲကွ၊ တစ်မိုင်လောက် ဝေးသေးတာပဲ"

ရဲအုပ်ပစ်ကာဒ်က အူကြောင်ကြောင်နှင့် ဝင်ပြောသည်။ ဒက်စတာက တုန်တုန်ယင်ယင်ဖြင့် ဆက်ပြောသည်။

"အဲဒါ ဂျစ်ပစီစမစ်ရဲ့ လက်ချက်ပဲ၊ သေချာတယ် ရဲမှူးကြီး၊ အဲဒါ ဂျစ်ပစီစမစ်ပဲ"

စိတ်ထဲမှ ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်သည်။ သူ ငါ့ကို မှန်အောင်မပစ်နိုင်ပါဘူး။

*

ဝံပုလွေဖြူနှင့် ရေချယ်တို့နှစ်ယောက်က မြစ်နီမြစ်ရိုးတစ်လျှောက် စီးသွားကြသည်။ ဝံပုလွေဖြူက ရှေ့တည့်တည့်မှ လာနေသော လူသုံးဆယ်ခန့်ပါသည့် စစ်ကြောင်းတစ်ခုကို လှမ်းမြင်လိုက်သည်။ သူတို့က အတန်းလိုက်မလာဘဲ တပ်ဖြန့်ပြီး တက်လာနေကြ၏။

"ဒါနောက်ထပ် စစ်ကြောင်းတစ်ကြောင်းပဲ၊ တို့ကိုတွေ့သွားပြီ ရေချယ်"

ဝံပုလွေဖြူက နီလာကြီးကို ဂုဝဆီသွားသည့် ကမ်းပါးယံအောက်ခြေတွင် ရပ်ခိုင်းလိုက်သည်။ သူက အရင်ဆင်းပြီးမှ ရေချယ့်

www.burmeseclassic.com

www.burmeseclassic.com



ကို ပွေ့ချသည်။ နောက် အိတ်တွေကို ဆွဲချသည်။

"ရော့... ဒါတွေကို ဆွဲပြီး၊ ဂူဝဆီ ရောက်အောင်ပြေး"

ရေချယ်က အိတ်တွေဆွဲပြီး ပြေးတက်သွားသည်။ သူက နီလာကြီးအောက်ဝင်ပြီး သိုင်းကြိုးတွေဖြုတ်သည်။ ဒသမ ၃၀-၀၆ ရိုင်ဖယ်ကို ဘေးအိတ်ထဲမှ ဆွဲယူပြီးမှ ကုန်းနှီးကိုဆွဲချလိုက်သည်။

"နီလာကြီးရေ ... မင်းလွတ်လပ်ပြီ၊ သွားပေတော့"

ဝံပုလွေဖြူက သူ့အချစ်တော်ကောင်ကြီးကို ပခုံးပုတ်ပြီး နှုတ်ဆက်လိုက်သည်။ တစ်ပြိုင်တည်းတွင် ကျည်ဆန်တစ်တောင့်က နီလာကြီးကို လာမှန်သည်။ နီလာကြီးသည် အလန့်တကြားအော်ပြီး ဘေးတိုက်လဲကျသွားတော့၏။

"ခွေးမသားတွေ၊ တွေ့ကြသေးတာပေါ့ကွာ"

ဝံပုလွေဖြူသည် ဂူဝဆီသို့ ခါးကိုညွတ်ပြီး ပြေးချသွားသည်။ ကျည်ဆန်တွေက တောင်နံရံတွင် တဖွဲဖွဲ။ ဂူဝရောက်ခါနီးမှ ခြေထောက်ကို ထိသွား၏။ ကျောက်တုံးတွေပေါ်သို့ လဲကျသွားသည်။ တရွတ်ဆွဲပြီး ရှေ့တိုးသွားဖို့ ကြိုးစားသည်။ သွေးတွေက ဒရယ်ရေဘောင်းဘီတွင် ရွဲရွဲနစ်နေပြီ။

ဂူဝရောက်နေပြီဖြစ်သည့် ရေချယ်က သူထိသွားသည်ကို မြင်တော့ ပြန်ပြေးဆင်းလာသည်။ ဝံပုလွေဖြူက လှမ်းအော်သည်။

"မလာနဲ့ မလာနဲ့၊ ပြန်သွား ပြန်သွား"

ရေချယ်တုံ့သွားသည်။ ဝံပုလွေဖြူက ကျောက်ဆောင်ကိုမှီကာ ရိုင်ဖယ်ကို ပခုံးတွင် ထောက်လိုက်သည်။ ရှေ့ဆုံးမှ တစ်ယောက်ကိုချိန်ပြီး မောင်းဖြုတ်လိုက်သည်။ မြင်းပေါ်မှ ကားခနဲ ကျသွား၏။ နောက်တစ်ချက် ခလုတ်မဆွဲမီ နောက်တစ်ယောက် မြင်းပေါ်မှ ကျသွားပြန်၏။ သူ့အပေါ်တည့်တည့် ကျောက်ဆောင်



ပေါ်သို့ ရောက်နေသော ဂျစ်ပစီစမစ်က ကျွဲပစ်သေနတ်နှင့် ဆော်ထည့်လိုက်ခြင်း ဖြစ်သည်။ ပေါက်ကွဲသံကြီး တစ်တောလုံး ဟိန်းထွက်သွား၏။ ပြည်နယ်ရဲတွေ မြင်းပေါ်မှ အထိတ်တလန့် ခုန်ဆင်းကာ တစ်ချက်တစ်ယောက် ကျနေသော ရန်သူ၏လက်ကို သဘောပေါက်သွားပြီး အလဲလဲ အကွဲကွဲ နေရာယူကြသည်။

ဝံပုလွေဖြူက သူ့ကိုယ်သူ တရွတ်ဆွဲပြီး ဂူဝဆီသို့ တဖြည်းဖြည်းဆွဲသွား၏။ ကျောက်တုံးကြီးတွေ ကွယ်နေသဖြင့် ရန်သူ့ကျည်ဆန်ကို မမှုတော့ပေ။

ဂူထဲသို့ ရောက်သွားပြီ။ ရေချယ်က ပြေးလာပြီး ဆွဲခေါ်သည်။ ပြီးမှ ဒူးထောက်ထိုင်ချလိုက်၏။ ဝံပုလွေဖြူက ဓားမြှောင်ကို ကမ်းပေးပြီး ပြောလိုက်သည်။

"ဘောင်းဘီခြေထောက်ကို ဖြတ်ပစ်လိုက်"

ရေချယ်က ဘောင်းဘီကို ပေါင်လယ်မှ ဖြတ်ပစ်လိုက်သည်။ ခြေသလုံးကြွက်သား ပွံပါသွားသည့် ဒဏ်ရာကြီး ပေါ်လာတော့ ရေချယ်က သူ့ခါးပတ်ကို ဖြုတ်ပြီး ဒူးအထက်မှ စီးလိုက်သည်။

ဂျစ်ပစီက ကျောက်တုံးကြီးတွေကို အကာအကွယ်ယူပြီး ဂူဝသို့ ခုန်ဆင်းလာသည်။ ဂူထဲရောက်တော့ "ဒီကောင်တွေ တစ်ယောက်မှ လက်မဖြောင့်ဘူး၊ မင်းက ကံဆိုးလို့ ထိသွားတာ၊ မှန်းစမ်း ... ဘယ်လောက်များလဲ ငါ ကြည့်မယ်"

သူက ဒူးထောက်ချပြီး ဒဏ်ရာကို စစ်ဆေးသည်။

"ဘာမှမပူနဲ့၊ ငါ့မှာ ဆေးတွေရှိတယ်၊ ဝါးခြမ်းပြားရှာပြီး စီးလိုက်မယ်၊ အရိုးထိချင်ထိမှာ"

ရိုင်ဖယ်ကြီးကို နံရံတွင် ထောင်ခဲ့ပြီး ဂျစ်ပစီက ကျောက်တုံးတွေ ပုံထားသည့်နေရာကို လျှောက်သွားပြီး ကျောက်တုံးအချို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားနေသည်။ ခဏကြာတော့ သူ ဝှက်ထားသည့် ဆေးပစ္စည်းများနှင့် ထွက်လာသည်။

ရေချယ့်အကူအညီဖြင့် ဒဏ်ရာကို ဆေးကြောပြီး ဆေးထည့်သည်။ ရေချယ့်ဘလောက်ကို ဖြဲပြီး ပတ်တီးစီးသည်။ ပြီးမှ ဒူးအောက်ကို တုတ်ချောင်းများ ပတ်ပတ်လည်စီပြီး သားရေပြားနှင့် ထပ်ပတ်လိုက်သည်။ ဟိုးအဝေးမှ လူသံတွေ မြင်းခွာသံတွေ ကြားနေရပြီ။ ဂျစ်ပစီက ကျောက်ဆောင်တစ်ခုကို အကာအကွယ်ယူပြီး အပြင်ထွက်ကြည့်သည်။

"အင်း ... အားလုံးအင်အား တစ်ရာလောက်ရှိမယ်၊ မင်းဘယ်လိုထင်လဲ ဝံပုလွေဖြူ"

ဂျစ်ပစီက မေးလိုက်သည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

ဝံပုလွေဖြူက ပြန်မေးလိုက်သည်။

"လောလောဆယ် မီးမွှေးမယ်လေ၊ ငါတို့ အခြောက်အခြမ်းချည်း စားလာရတာ ရက်ပေါင်းမနည်းတော့ဘူး။ ပူပူနွေးနွေးကလေး ချက်ပြုတ်စားကြရအောင်၊ ရိက္ခာတွင်းထဲမှာ အစုံရှိတယ်၊ မင်းတို့ ဘာစားချင်လဲ၊ ဝက်ပေါင်ခြောက်နဲ့ ပဲသီးချက်လား၊ အသားပေါင်းဘူး ဖောက်မလား၊ တို့သုံးယောက် တစ်ပတ်လုံး စားတောင်ကုန်မှာ မဟုတ်ဘူး။ သူတို့ကျည်ဆန် တို့ဆီမရောက်နိုင်ပါဘူး။ ဒီနေရာမျိုးမှာ မင်းနဲ့ငါ ပေါင်းလိုက်ရင် တပ်ရင်းတစ်ရင်းနဲ့လာတောင် မကြောက်ဘူး"

သူ ခဏတွေပြီး စဉ်းစားသည်။ ပြီးမှ စကားဆက်သည်။

"အဲ ... အဲဒီတပ်ရင်းမှာ အမြောက်မပါရင်ပေါ့လေ"

*



ရင်ဖရိုက ပစ်ကဒ်ဘက်သို့ လှည့်လိုက်သည်။

"သူတို့ ထွက်ပေါက်မရှိအောင် တို့ အောက်ကနေ ဝိုင်းထားမယ်"

နောက်တစ်ယောက်ကိုခေါ်ပြီး အမိန့်ပေးသည်။

"ဟယ်ရီ၊ မင်း ကြေးနန်းရုံးကိုပြေး၊ ဝါရီကာ ဘူတာရုံမှာ ကြေးနန်းရှိတယ်။ ပထမတစ်စောင်က ကြားစခန်းက ဆရာကြီး ဂျွန်မက်ဆွဲလ်ဆီကို ရိုက်၊ သူ့သမီးနဲ့ ပြန်ပေးသမားကို တွေ့ပြီ၊ အမြန်လာပါလို့ပြော။ နောက်တစ်စောင်က ဖို့ဆီးလ်က တပ်ရင်းမှူးဆီပို့၊ ငါတို့ ဂျစ်ပစီစမစ်နဲ့ ဟိုလူရိုင်းကောင်လေး ကိုဘီဝိုက်ကို ဂမ္ဘီရဂူမှာ ပိတ်ပြီးဝိုင်းထားပြီလို့ပြော၊ အမြောက်တစ်လက် အမြန်ဆုံး ပို့ပေးပါလို့၊ ကျေးဇူးမမေ့ပါဘူးလို့၊ ဟုတ်ပြီလား"

*

## အခန်း (၁၄)

ညနေ ငါးနာရီမထိုးခင် မက်ဆွဲလ် ရောက်လာသည်။ စစ်ကြောင်းအတွက် ရိက္ခာပို့သည့် ရထားနှင့် လိုက်လာခြင်းဖြစ်သည်။ စိတ်လှုပ်ရှားနေသည့် ရဲတွေစုဝေးပြီး အန္တရာယ်မရှိသည့် သဲတောင်တန်းကလေးတစ်ခု၏ ခြေရင်းတွင် သူတို့ စုဝေးနေကြ၏။ သည်နေရာက ဂူဝမှလာသည့်ကျည်ဆန်ကို စိတ်ချရသည်။

မက်ဆွဲလ်ပါလာသည့် ရိက္ခာလှည်းဝင်လာသည့်အချိန်တွင် အနောက်ဘက်မှ စစ်ကြောင်းတစ်ကြောင်း ထပ်ဝင်လာနေသည်။ အပြာရင့်ရောင် ယူနီဖောင်းနှင့် ပြည်ထောင်စုစစ်တပ်မှ စစ်သားများဖြစ်၏။ နှစ်ယောက်တစ်တွဲ တန်းစီပြီး မျိုးကောင်းမျိုးသန့် မြင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် စီးဝင်လာခြင်း ဖြစ်သည်။ အမြောက်တင်လှည်းကြီးနှင့် ရိက္ခာလှည်းတွေက နောက်မှ ကပ်ပါလာသည်။

ရောက်နှင့်နေသည့် ပရိသတ်က လက်ခုပ်သြဘာပေးပြီး ကြိုဆိုသည်။ သို့သော် တစ်ယောက်က စစ်ကြောင်းဆီသို့ မှန်ပြောင်းနှင့် လှမ်းကြည့်ပြီး အော်ပြောလိုက်တော့ အားလုံး ငြိမ်သွားသည်။

"ဟာ ... သူတို့က လူမည်းတပ်ခွဲကို လွှတ်လိုက်တာပါလား"

ဒက်စတာက မက်ဆွဲလ်ဆီသွားပြီး ဝတ်ကျေဝတ်ကုန် နှုတ်ဆက်သည်။

"ကျွန်တော်က အချိန်မီမှ ရောက်ပါ့မလားလို့"

"ရေချယ့်အခြေအနေ ဘယ်လိုလဲ"

"ကျွန်တော်တို့သိရသလောက် ကောင်းပါတယ်၊ ခင်ဗျား အချစ်တော် ပြန်ပေးသမားတော့ ခြေထောက်ကို ထိထားတယ်၊ သူတို့သုံးယောက် ဂူထဲမှာ ပုန်းနေကြတယ်"

"အချိန်မီ ရောက်လာတာ ဝမ်းသာပါတယ် မစ္စတာ မက်ဆွဲလ်"

ရဲမှူးရင်ဖရီက နှုတ်ဆက်သည်။ ပြီးတော့ သူက ကျောင်းဆရာကို သဲတောင်ကုန်းတစ်နေရာသို့ ခေါ်သွားသည်။ ပြတ်နေသည့် နေရာမှ ဂူဝကို လှမ်းမြင်ရ၏။

"အဲဒီဂူထဲမှာ သူတို့ ခိုနေကြတယ် ဆရာကြီး၊ ထွက်ပေါက် မရှိပါဘူး။ အင်ဒီယန်ကောင်လေးနဲ့ ဆရာကြီး ဆွေးနွေးပေးပါလား၊ လက်နက်ချဖို့လေ၊ အနည်းဆုံး သူ လက်နက်မချတောင် ကလေးမလေးကို ပြန်လွှတ်ပေးဖို့ပေါ့"

"ကြိုးစားကြည့်မယ်လေ"

"သူတို့ကို ပြောပြပါ ဆရာကြီး၊ ကျွန်တော်တို့ လက်ထဲမှာ



အမြောက်ကြီး ရောက်နေပြီလို့။ လက်နက်မချရင်တော့ မနက်ဖြန် ကိုထွက် နှုတ်ဆက်ထားတော့လို့"

သူပြောပုံကြောင့် မက်ဆွဲလ် အောင့်သက်သက်ဖြစ်သွားသည်။

"ကျုပ်သမီး အဲဒီမှာရှိနေရင်လည်း ခင်ဗျားတို့ ပစ်မှာ ပဲလား"

ရင်ဖရီက မျက်မှောင်ကုတ်ပြီး ပြန်ပြောသည်။

"ကျွန်တော်တို့ ခိုင်ခိုင်လုံလုံ သိထားပြီ ဆရာကြီး၊ ခင်ဗျား သမီးဟာ အလိုမတူဘဲ ပြန်ပေးဆွဲခံထားရတာ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျား ပြန်ရောက်တဲ့အထိ ကျွန်တော်တို့ မပစ်သေးပါဘူး၊ ချော့ ပြီး ခေါ်ကြည့်ပေါ့ဗျာ"

ပြည်ထောင်စု တပ်မတော်မှ ယူနီဖောင်းပြာဝတ်တပ်ခွဲ ရောက်လာပြီ။ တပ်ခွဲမှူး ဗိုလ်ကြီးပီးယာ့စ်က ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့်။ ဗိုလ်ကြီးက ရဲမှူးရင်ဖရီကို နှုတ်ဆက်သည်။

ရင်ဖရီက ဦးညွှတ်ပြီး

"ဝမ်းသာပါတယ် ဗိုလ်ကြီး"

ဗိုလ်ကြီးက မြင်းပေါ်တွင် အခန့်အညားထိုင်ပြီး ပြောသည်။

"ကျုပ်တို့ အမြောက်ကြီး ယူလာတယ်"

ပြောပြီး ဂမ္ဘီရဂုဏ်နှင့် ကျောက်ကမ်းပါးယံကို မော့ကြည့်သည်။

"သူတို့ အဲဒီမှာရှိနေသလား"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

ဗိုလ်ကြီးက တပ်ခွဲတပ်ကြပ်ကြီးကို အမိန့်ပေးလိုက်သည်။

"အမြောက်ယူခဲ့ဟေ့၊ ဒီမှာဆင်မယ်"

ဒက်စတာက သူ့ကို ဆွဲခေါ်သွားတော့ မက်ဆွဲလ်အံ့သြ သွားသည်။ ဒက်စတာ လေသံဖြင့် ကပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ရေချယ့်ကိုပြောပါ၊ ဟိုညက ဖြစ်တဲ့ကိစ္စ ပါးစပ်ပိတ်ထားလို့။ သူ့ ဘာမှ မဖြစ်စေရဘူး၊ ကျွန်တော် တာဝန်ယူတယ်"

"မင်း ဘာဆိုလိုတာလဲ၊ အဲဒီညက ဘယ်လိုဖြစ်လို့လဲ"

"ကိစ္စမရှိဘူး၊ ကျွန်တော်ပြောတဲ့အတိုင်းသာ သူ့ကိုပြော..."

ရင်ဖရို ရောက်လာသဖြင့် ဒက်စတာ စကားပြတ်သွား၏။ မက်ဆွဲလ်ကို ဗိုလ်ကြီးဆီကို ခေါ်သွားပြီး မိတ်ဆက်ပေးသည်။

"သူ တက်သွားပြီး လက်နက်ချဖို့ ဆွေးနွေးလိမ့်မယ် ဗိုလ်ကြီး၊ အမြောက်ဆင်တာ ဘယ်လောက်ကြာမလဲ"

"အများဆုံး ဆယ့်ငါးမိနစ်ပါပဲ"

မက်ဆွဲလ်ဘက်လှည့်ပြီး ရင်ဖရိုပြောသည်။

"ခင်ဗျားကို ကျွန်တော်တို့ နာရီဝက်အချိန်ပေးမယ်၊ ခင်ဗျား ကြိုးစားဖို့လေ"

"နာရီဝက် ဟုတ်လား၊ အဝေးကြီးသွားရမှာ၊ ပြီးတော့ အတက်လမ်းတွေ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ စကားပြောမှာနဲ့ ဘာနဲ့ အနည်းဆုံး တစ်နာရီတော့ လိုမယ်"

ရဲမှူးက ဘောင်းဘီအိတ်ထဲမှ နာရီကို ထုတ်ကြည့်သည်။

"ခု ... ငါးနာရီဆယ့်ငါး၊ ကောင်းပြီ၊ တစ်နာရီ အချိန်ယူ"

*

"ဟိုမှာ ကြည့်စမ်း၊ မစ္စရေချယ့်အဖေ လာနေတယ်"

ရေချယ်က ဂူဝမှကျောက်ဆောင်ကို ပြေးကပ်ပြီး လှမ်းကြည့်သည်။



"ဟုတ်တယ် ... ဟုတ်တယ်၊ ဖေဖေ လာနေတယ်"

ရေချယ် ဝမ်းသာအားရ အော်သည်။

ဝံပုလွေဖြူက ကျောက်တုံးကြီးတစ်တုံးကို ကျောမှီပြီး ပတ်တီးစည်းထားသည့် ခြေထောက်ကို ရှေ့တွင်ဆန့်ထိုင်လျက် နေရာယူထားရာမှ ဂျစ်ပစီရှိရာသို့ တရွေ့ရွေ့တိုးသွားသည်။ ဂျစ်ပစီက မြင်တော့ သူ့ဆီပြေးလာသည်။

"ဒီမယ် ဂျစ်ပစီ၊ ကျွန်တော်ပြောတာ သေသေချာချာ နားထောင်ပါ၊ ဆရာကြီးက လက်နက်ချဖို့ လာဆွေးနွေးလိမ့်မယ်။ ခင်ဗျားရော ကျွန်တော်ပါ ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး။ ရေချယ့်ကို ပြန်လိုက်သွားအောင် ခင်ဗျား ကူပြောပေးပါဗျာ၊ သူ ကျွန်တော်တို့နဲ့ လိုက်သေမယ်ဆိုရင် အဓိပ္ပာယ်မရှိပါဘူး"

"မင်းပြောပုံက တို့က သေဖို့သေချာနေသလိုပဲ၊ အရှင်ထွက်ဖို့ အခွင့်အလမ်း တစ်မျိုးမျိုးရှိလာဦးမှာပါကွာ။ ထူးထူးဆန်းဆန်းတွေ ဖြစ်လာတတ်တယ်ဆိုတာ မင်း မယုံဘူးလား"

"ဘယ်လို ဟာမျိုးတွေလဲ"

ဝံပုလွေဖြူက အေးစက်စက် ကျောက်တုံးကြီးတွေကို မှီလိုက်သည်။

"ဘယ်ပြောနိုင်မလဲကွ"

ဂျစ်ပစီက အတွင်းဘက်မှ ရေးဟောင်းနံရံပန်းချီများကို ငေးကြည့်ပြီး

"မင်းတို့ အင်ဒီယန်ဘုရားတွေ နတ်တွေကို ရှိခိုးလေကွာ၊ တို့လမ်းဆုံးနေပေမယ့် သူတို့တန်ခိုးပြရင် ထွက်ပေါက်ရကောင်းရမှာပေါ့"

*

www.burmeseclassic.com

www.burmeseclassic.com



ဝှဝရောက်တော့ မက်ဆွဲလ်က အော်ခေါ်သည်။

"ဟဲလို၊ အထဲမှာ လူရှိလား။ ဝင်ခဲ့မယ်နော်"

ကျောက်ဆောင်တစ်ခုကို ချိုးကွေ့လိုက်စဉ် ရေချယ် နှင့် မျက်နှာချင်းဆိုင် တိုးသည်။ ရေချယ့်မျက်နှာတွေမှာ ပြာတွေပေကျံနေသည်။ ဆံပင်မဖြီးရသဖြင့် ခေါင်းပေါ်တွင် ရှုပ်ပွနေသည်။ ငယ်ငယ်တုန်းက ညစ်ညစ်ပေပေနေခဲ့သည့်ပုံ ပြန်ပေါ်နေ၏။

အဖေ့ရင်ခွင်ထဲသို့ ပြေးဝင်ပြီး

"ဖေဖေ ... သမီး ဝမ်းသာလိုက်တာ ဖေဖေရယ်"

မက်ဆွဲလ်က သမီးလုပ်သူ၏ ဆံပင်တွေကို သပ်တင်ပြီး ပခုံးကို အသာပုတ်ပေးသည်။ ရုတ်တရက် ဘာမှမပြောသေး။

"လာ ဖေဖေလာ၊ ကိုဘီကို ကြည့်ပါဦး၊ သူ အခု ကိုဘီ မဟုတ်တော့ဘူး၊ ဝံပုလွေဖြူ ဖြစ်နေပြီ"

မက်ဆွဲလ်နှင့် ဝံပုလွေဖြူ လက်ဆွဲနှုတ်ဆက်ကြသည်။

"ပြန်တွေ့ရတာ ဝမ်းသာပါတယ် 'နီဟို' " ဟု ဝံပုလွေဖြူက ပြောသည်။ နီဟိုဆိုသည်မှာ ချီယင်နီဘာသာဖြင့် 'အဖေ' ဟု ခေါ်ခြင်းဖြစ်သည်။

"ငါလည်း ဝမ်းသာပါတယ် 'နာဟာ' "

ချီယင်နီဘာသာဖြင့် 'သား' ဟု သုံးစွဲလိုက်ခြင်း ဖြစ်သည်။ ပြီးတော့ ဂျစ်ပစီနှင့် လက်ဆွဲနှုတ်ဆက်သည်။

"မတွေ့တာ သိပ်ကိုကြာသွားပြီနော် ဂျစ်ပစီ"

"ဟုတ်တယ်၊ ဆရာကြီး ယူလာနဲ့လက်ထပ်တဲ့ သတင်း ကျွန်တော် ကြားပါတယ်၊ ခုတော့ သူ အရုပ်ကလေးလို လှနေမှာပေါ့နော်"

"ယူလာ နေကောင်းလား ဖေဖေ"



ရေချယ်က ယူလာ့သတင်းမေးသည်။

"ကောင်းပါတယ်၊ နေ့ရောညပါ ဘုရားရှိခိုးပြီး သမီး အတွက် ဆုတောင်းနေတယ်။ အင်း ... ဆုတောင်းရုံနဲ့ လုံလောက်ပါ့ မလား မသိဘူး။ ဒီမယ် မင်းတို့အားလုံး နားထောင်ကြ၊ ဖို့ဆီးလ်က အမြောက်ကြီးတစ်လက် သူတို့ဆီရောက်နေပြီ။ ငါ့ကို သူတို့လွှတ် ပြီး ပြောခိုင်းတာလေ၊ လက်နက်မချရင် မင်းတို့အားလုံး သေမှာ ပဲတဲ့။ မင်းတို့ စဉ်းစားဖို့ အချိန်နည်းနည်းပဲပေးတယ်"

"စဉ်းစားဖို့၊ ကျွန်တော့်အတွက်တော့ ဘာမှ စဉ်းစားစရာ မလိုပါဘူး ဆရာကြီး၊ ဒီနေ့ ဒီမှာမသေလည်း သူတို့ မနက်ဖြန် ကျွန်တော့်ကို ကြိုးပေးသတ်မှာပဲ။ ကေသုံးလုံးတွေကတော့ ကျွန်တော့် ကို လက်နက်ချစေချင်မှာပဲ။ လေထဲမှာ ကျွန်တော် တွဲလောင်းကျနေတဲ့ မြင်ကွင်းကို ကြည့်ပြီး သူတို့က အရသာခံချင်တာလေ၊ ကဲ... ကျွန်တော် နေရာပြန်ယူလိုက်ဦးမယ်၊ သူတို့နှစ်ယောက်နဲ့ ဆက် ဆွေးနွေးပါ"

မက်ဆွဲလ်က ဝံပုလွေဖြူကို ကြည့်ပြီးပြောသည်။

"မင်း ဘယ်လိုသဘောရသလဲ၊ မင်းတို့ လွတ်လမ်းမရှိ တော့ဘူးလေ"

"သူတို့ ကျွန်တော့်ကို ကြိုးပေးသတ်မှာ။ ဆရာကြီး သိပါတယ်၊ ချီယင်နီတွေရဲ့ အယူလေ။ ကြိုးပေးခံရတဲ့ ဝိညာဉ် ဟာ ဘယ်တော့မှ လူ့ပြည်ပြန်မရောက်နိုင်တော့ဘူး"

"တရားရုံးမှာ ဥပဒေကြောင်းနဲ့ ရင်ဆိုင်မယ်လေ"

"ကျွန်တော်တို့ မနိုင်နိုင်ပါဘူး ဆရာကြီး၊ သက်တော် စောင့်နှစ်ယောက်ကို ကျွန်တော် သတ်ခဲ့တယ်၊ ဟွန်းဘက်ကိုလည်း ကျွန်တော် သတ်တယ်လို့ သူတို့ယုံကြည်နေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရေချယ့်မျက်ဝန်းထဲတွင် မျှော်လင့်ချက် ရောင်ခြည်တစ်မျိုး ဝင်းလက်သွားသည်။

"သူတို့ကို အမှန်အတိုင်း ပြောလိုက်မယ်လေ၊ ရှယ်လ်ဘီကို ရေချယ်သတ်တာပါလို့၊ မတော်တဆ ကျည်ဆန်ထွက်သွားတာပါလို့"

"ဘာ... သမီး သူ့ကို... သတ်လိုက်တယ်၊ ဟုတ်လား"

"မရည်ရွယ်ဘဲ ဖြစ်သွားတာပါ ဖေဖေ"

ဝပုလွှေဖြူ ဝင်ပြောသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အမိခံလိုက်ရင် မင်းကို ထောင်ချမယ်၊ ကိုယ့်ကို ကြိုးပေးမယ်၊ ဒါ သေချာတယ်"

အခိုင်အမာ ဆုံးဖြတ်ထားပုံဖြင့် သူက ရေချယ့်လက်ကို ဆွဲယူလိုက်သည်။

"ဒီတော့ မင်းပြန်လိုက်သွားရမယ် ရေချယ်"

ရေချယ်က ခေါင်းကို တွင်တွင်ယမ်းပြီး

"မသွားဘူး၊ ငါ ဒီမှာပဲနေမယ်"

မက်ဆွဲလ်က သက်ပြင်းရှည်ကြီး ချလိုက်သည်။

"သမီး နားထောင်၊ ကိုဘီပြောတာ သဘာဝကျတယ်။ ဘာဖြစ်လို့ အသေခံမလဲ၊ အားလုံးက ရှယ်လ်ဘီကို ကိုဘီ သတ်တယ်လို့ ယုံကြည်နေကြတာပဲ၊ ဒက်စတာရဲ့ ထွက်ချက်အရ သမီးက ပြန်ပေးဆွဲခံရတာပဲ၊ ဘာမှ အပြစ်ကျစရာ မရှိဘူး။ သမီး ငယ်ငယ်ကလေး ရှိသေးတယ်လေ၊ ဘဝခရီးကို ဆက်သွားရဦးမယ်လေ"

ရေချယ် ခေါင်းငိုက်စိုက်ကျသွားသည်။

"သူသေရင် သမီးလည်း မနေချင်တော့ဘူး ဖေဖေ"

ခဏ တိတ်သွားကြသည်။ ဝပုလွှေဖြူက ကော်ဖီအိုးထဲမှ ရေတွေကို ပတ်တီးပေါ် သွန်ချလိုက်သည်။



"နည်းနည်းအေးတော့ အနာသက်သာတယ်၊ ရေနည်းနည်း ယူပေးပါဦး ရေချယ်"

ရေချယ်က ကော်ဖီအိုးကိုယူပြီး ရေထွက်ရှိရာ ဂူထဲသို့ ဝင်သွားသည်။

သည်တော့မှ မက်ဆွဲလ်ဘက်လှည့်ပြီး ဝပုလွှေဖြူက တိုး တိုးကလေး ပြောသည်။

"ကျွန်တော့်ကို သူနဲ့တစ်မိနစ်လောက် စကားပြောခွင့်ပြုပါ ဆရာကြီး။ ကျွန်တော် သူ့ကိုနားချပါ့မယ်၊ မရရင် အတင်းသာ ခေါ်သွားပါတော့ ဆရာကြီး"

မက်ဆွဲလ်က ကိုဘီ့လက်ဖျံကို ဆုပ်လိုက်သည်။

"မင်းကို ဆရာ ဘုရားရှိခိုးတိုင်း ဆုတောင်းပေးပါ့မယ် ကိုဘီ၊ ဒါထက် မင်းဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလားကွာ"

"မပြင်တော့ပါဘူး ဆရာကြီး၊ တစ်ဆိတ် ကျွန်တော့်ကို ကိုဘီလို့ မခေါ်ပါနဲ့တော့၊ ကျွန်တော့်နာမည် ဝပုလွှေဖြူပါ၊ နတ်မင်းကြီးပေးတဲ့ နာမည်ပါ။ အဲဒီနာမည်နဲ့ ဆုတောင်းမှ နတ်မင်းကြီး ကြားတော်မူမှာပါ။ ကျွန်တော့်ဘဝတစ်လျှောက်လုံး ရှုပ်ရှုပ်ထွေး ထွေး ခံစားခဲ့ရပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိခဲ့ပါဘူး။ အဲဒီဘဝမျိုးနဲ့ ကျွန်တော် ဆက်မနေချင်တော့ပါဘူး ဆရာကြီး"

ရေယူပြီး ရေချယ်ပြန်ရောက်လာသည်။ ကွန်မင်ချီတစ်သိုက် ထပ်ရောက်လာကြောင်း ဂျစ်ပစီကပြောတော့ သူနေရာယူထားသည့် ကျောက်ဆောင်ဆီသို့ မက်ဆွဲလ် လျှောက်သွားသည်။ ကွန်မင်ချီ တွေက အမြောက်ကြီးဆီသို့ ဦးတည်သွားနေကြ၏။

ဝပုလွှေဖြူက ရေထည့်လာသည့် ကော်ဖီအိုးကို လှမ်းယူ ပြီး ရေချယ့်လက်ကိုဆွဲကာ နံဘေးတွင် ထိုင်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းနဲ့ပြောစရာရှိတယ် ရေချယ်"

"မပြောနဲ့၊ နင်ဘာပြောမယ်ဆိုတာ ငါသိနေတယ်"

ရေချယ်က ဒူးပေါ်တွင် ပဏ္ဏာဆက်ထားသည့် လက်နှစ်ဘက်ကို ငုံ့ကြည့်နေသည်။

"ကိုယ်ပြောတာ တစ်ဆိတ်နားထောင်ပါကွာ၊ ကိုယ့်အတွက်ရော မင်းအတွက်ပါ ပြောမှာပါ၊ မင်း သေချင်လို့လားဟင်"

"ဘယ်သေချင်မှာလဲ၊ ငါလည်း မသေချင်ဘူး၊ နင့်ကိုလည်း မသေစေချင်ဘူး"

"ဒါပေမဲ့ ကိုယ့်မှာရွေးစရာ လမ်းမရှိဘူး ရေချယ်၊ မင်းမှာရှိတယ်။ မင်း ကိုယ့်ကို တကယ်ချစ်တယ်ဆိုရင် မင်းကိုယ်ထဲမှာ ကိုယ့်ရဲ့တစ်စိတ်တစ်ပိုင်း အမြဲရှိနေလိမ့်မယ်၊ ဒါဆို ကိုယ့်ရဲ့တစ်စိတ်တစ်ပိုင်း မသေဘဲ ရှင်ကျန်နေမယ့် သဘောပဲ။ ကိုယ်ပြောတာ မင်း နားလည်ပါတယ်နော်"

ရေချယ် ငိုချလိုက်သည်။

"နင့်ကို ဒီအတိုင်းထားခဲ့ပြီး ငါဘယ်လိုလုပ် လိုက်သွားလို့ ဖြစ်မှာလဲ ကိုဘီ"

"မင်း လိုက်သွားရမယ် ရေချယ်၊ ကိုယ့်အတွက် မင်းလိုက်သွားပါကွယ်၊ ကဲ ... ကိုယ့်ကိုနှုတ်ဆက်ပါဦး"

သူ့လည်ပင်းကို သိုင်းဖက်ပြီး ရေချယ်ပြောသည်။

"ဟင့်အင်း ... ဟင့်အင်း၊ ရေချယ် မသွားနိုင်ဘူး"

"တစ်ဆိတ် ရေချယ်ရယ်၊ ကိုယ့်အတွက် မင်းလိုက်သွားပေးပါ၊ ကိုယ့်အတွက် အသက်ရှင်ပေးပါ"

ဝံပုလွေဖြူက မက်ဆွဲလ်ကို လှမ်းအချက်ပြလိုက်သည်။ မက်ဆွဲလ်က ဂျစ်ပစီအနားမှထွက်လာပြီး ရေချယ့်ပခုံးပေါ်ကို လက်



တင်လိုက်သည်။ မထလျှင် အတင်းဆွဲထူရတော့မည်။

သို့သော် မမျှော်လင့်ဘဲ ရေချယ်က အလိုက်သင့်ထလိုက်လာသည်။ သူ့အမူအရာက အားလုံးကို လက်လျှော့လိုက်သည့်ပုံမျိုး။ ချစ်သူလက်ကို ကိုင်ပြီး လက်ခုံကိုနမ်းသည်။

"ရေချယ် သူ့ကို အရမ်းချစ်တယ်"

လက်ခုံနှင့် သူ့ပါးကိုကပ်ထားလိုက်ပြီး ဆက်ပြောသည်။

"အမြဲတမ်း ချစ်ခဲ့တာပါ၊ နောက်လည်း အမြဲတမ်းချစ်သွားမှာပါ"

"ကိုယ်လည်း အတူတူပါပဲ ရေချယ်ရယ်"

မက်ဆွဲလ်က သမီးလုပ်သူကို အသာဆွဲယူပြီး

"သမီး သွားကြစို့နော်" ဟုပြောတော့ ရေချယ်သည် ချစ်သူထံမှ မျက်နှာလွှဲလိုက်သည်။ ပြီးတော့ ဖအေနောက်သို့ အသက်မပါသည့် ခြေလှမ်းများဖြင့် လိုက်ပါသွားလေတော့သည်။

မက်ဆွဲလ်က ကိုတို့ဘက်လှည့်ပြီးနောက်ဆုံးနှုတ်ဆက်သည်။

"ဂွတ်ဘိုင် နာဟာ"

"ဂွတ်ဘိုင် နီဟို၊ ဆရာကြီးဟာ ကျွန်တော့်အဖေ့ထက် ကျေးဇူးကြီးပါတယ် ခင်ဗျာ"

မက်ဆွဲလ်က ချီယင်နီထုံးစံအရ သေမည့်ဆဲဆဲ နှုတ်ဆက်စကားဆိုသည်။

"မင်းဘဝခရီး ဖြောင့်ဖြူးသာယာပါစေကွယ်"

ပြီးတော့ ဂျစ်ပစီစမစ်ကို လက်ဆွဲနှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ မစ္စရေချယ်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်"

ပြောပြီး ဦးထုပ်ကိုကိုင်ကာ အရိုအသေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်ဘိုင် ဂျစ်ပစီ၊ ရေချယ် အမြဲသတိရနေမှာပါ"

မက်ဆွဲလ်က ရေချယ့်လက်မောင်းကို ဆွဲပြီး

"လာ ... သွားကြစို့ သမီး၊ အချိန် မရှိတော့ဘူး"

*

"ဟိုမှာ၊ ဟိုမှာ သူတို့သားအဖ ပြန်လာနေကြပြီ"

ပရိသတ်ထဲမှ စတွေ့သူတစ်ယောက်က အော်ပြောလိုက်သည်။ မက်ဆွဲလ်နှင့်ရေချယ် ပြန်လာနေကြပြီဖြစ်ကြောင်း ချက်ချင်းသတင်းပြန့်သွားသည်။

သမီး၏ပခုံးကို မက်ဆွဲလ်ကဖက်ပြီး တောင်ကြားထဲမှ ထွက်လာသည်။ လုံခြုံသည့် တောင်ခြေရောက်သည်နှင့် သူတို့အနားသို့ သတင်းထောက်တွေ စုပြုံရောက်လာသည်။

"မစ္စက်ဟွန်းဘက် ပြန်ပေးဆွဲခံရတယ်ဆိုတာ ဟုတ်ပါသလား၊ သူတို့လက်ထဲမှာ ကောင်းကောင်းမွန်မွန် နေခဲ့ရပါသလား" စသည့်မေးခွန်းမျိုးတွေ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသည်။

အခြေအနေကို ဒက်စတာက ဝင်ထိန်းလိုက်သည်။

"ဟေ့ လူတွေ ဖယ်ကြ ဖယ်ကြ။ တစ်ယောက်မှ အနားမကပ်နဲ့"

ဒက်စတာက ရေချယ့်လက်ကိုဆွဲပြီး ရဲမှူးရင်ဖရီဆီသို့ ခေါ်သွားသည်။ ရဲမှူးက အေးစက်စက်မျက်လုံးများနှင့် ကြည့်ပြီး မေးသည်။

"မစ္စက် ဟွန်းဘက် နေကောင်းရဲ့လားဟင်"

ရေချယ် ဘာမျှမဖြေ။ ရေချယ်တစ်ယောက် စိတ်ထိခိုက်လွန်းပြီး ကြောင်စီစီဖြစ်နေသည်။ ဒက်စတာက ဝင်ဖြေသည်။



"သူ နေတော့ကောင်းပါတယ်၊ ဒါပေမဲ့ သူ အရမ်းစိတ်ချောက်ချားနေတယ် ရဲမှူး။ သူ့ခဏအနားယူဖို့ လိုပါတယ်၊ ဟုတ်တယ် မဟုတ်လား ရေချယ်"

ရေချယ်က မတုန်မလှုပ်။ သည်တော့မှ ရဲမှူးက ဆရာကြီးကို မေးသည်။

"ကဲ ... အပေါ်က အခြေအနေ ပြောပါဦး ဆရာကြီး၊ သူတို့လက်နက်မချဘူး မဟုတ်လား"

မက်ဆွဲလ်က သတင်းအသေးစိတ်ကို ရဲမှူးအားပြောပြနေစဉ် ဒက်စတာက အမြောက်ကြီးနားမှ ရိက္ခာလှည်းဆီသို့ ခေါ်လာခဲ့သည်။ ခပ်လှမ်းလှမ်းတွင် ကွန်မင်ချီတို့၏ ဗုံသံစကြားရပြီ။ သူတို့က ဝံပုလွေဖြူနှင့် ဂျစ်ပစီတို့အတွက် ဂုဏ်ပြုနှုတ်ဆက်အက ကကြမည် ဖြစ်သည်။

ဒက်စတာက ရေချယ့်ကို ရိက္ခာရထားပေါ် တွဲတင်လိုက်သည်။ သေတ္တာကြီးတွေပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

ဒက်စတာက စမေးသည်။

"နင် နေကောင်းရဲ့လား ရေချယ်"

ရေချယ်က အကြောင်သားကြည့်ပြီး ပြန်မေးသည်။

"နေပါဦး၊ ဘာလို့ ဒါလောက် ရေချယ့်ကို ဂရုတစိုက်လာလုပ်နေတာလဲ"

ဒက်စတာက လေသံနိမ့်နိမ့်ဖြင့် ပြန်ပြောသည်။

"ခုချိန်ကစပြီး နင့်ကို ငါဂရုစိုက်မှာပါ ရေချယ်၊ တို့မောင်နှမနှစ်ယောက် လက်တွဲမှဖြစ်မှာ"

ရေချယ်က သူ့ကို သံသယမျက်လုံးများနှင့် ကြည့်ပြီး

"ရှယ်လ်ဘီကို သတ်တဲ့ကိစ္စ ဘာလို့လိမ်ပြောထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လိမ်ပြောထားလဲ ဟုတ်လား၊ အဲဒီညက စပါးကျီထဲမှာ ဖြစ်တဲ့ကိစ္စအကုန်လုံးဟာ ငါပြောတဲ့အတိုင်းပဲ ဖြစ်ရမယ်၊ နင့်ကို ဘယ်သူမေးမေး အဲဒီအတိုင်းပဲ ပြောရမယ်"

"ဘာလို့ ပြောရမှာလဲ"

"သေတော့မှာပဲ၊ နင် နားမလည်ဘူးလား။ နင် ထောင်ထဲဝင်မလား၊ သိပ်ချမ်းသာတဲ့ မုဆိုးမကလေးဘဝကို ယူမလား"

ရွှံရာမှုန်းတီးသည့် မျက်လုံးများဖြင့် သူ့ကို ကြည့်လိုက်သည်။

"သေလိုက်ပါလား၊ ကိုဘို့ကို တားခဲ့ဖို့ မကောင်းဘူး၊ ဒက်စတာ့ကိုပါ အဲဒီညက ကိစ္စတုံးပစ်ခဲ့ရမှာ"

*

ဂူထဲတွင် ဂျစ်ပစီနှင့် ဝံပုလွေဖြူတို့သည် မူလနေရာ အသီးသီးဆီသို့ ပြန်ရောက်နေကြပြီ။ ဂျစ်ပစီက ကျောက်ဆောင်ကြီးတစ်ခု၏ နံဘေးမှာ၊ ဝံပုလွေဖြူက ဂူဝနှင့်မလှမ်းမကမ်း ကမ်းပါးစွန်းတစ်ခုမှာ။ ကုန်းနှီးအိတ်ထဲမှ ယူလာသည့် ဆေးဘူးတွေကို ထုတ်ကာ မျက်နှာကို တိုက်ပွဲဝင် ဆေးရောင်များ ခြယ်သနေသည်။

"မင်းက စတိုင်ကျကျ တိုက်ပွဲဝင်တော့မယ်ပေါ့လေ"

ဂျစ်ပစီက ဝံပုလွေဖြူကို လှမ်းပြောသည်။ အင်ဒီယန်ထုံးစံအရ စစ်တိုက်လျှင် မျက်နှာကိုလိမ်းခြယ်ရသည်။ သို့မှသာ တမလွန်တွင် ဝိညာဉ်များက တိုက်ပွဲတွင်ကျဆုံးသူအဖြစ် အသိအမှတ်ပြုသည်။

ဆေးလိမ်းခြယ်မှု ပြီးသွားတော့ ဝံပုလွေရေဝတ်ရုံကို ခြုံလိုက်သည်။ မရဏာတေးကိုသီကြွေးဖို့ အသင့်ဖြစ်သွားပြီ။ သို့သော် သီချင်းမဆိုသေးဘဲ ဂျစ်ပစီကို လှမ်းပြောသည်။



"ကျွန်တော့်အတွက် ခင်ဗျားရောပြီးခံရတာ ကျွန်တော် စိတ်မကောင်းပါဘူး ဂျစ်ပစီ၊ ကျွန်တော်တို့ကို သတိပေးဖို့ ခင်ဗျား မလာရင် ခုလိုဖြစ်မှာ မဟုတ်ဘူး"

ဂျစ်ပစီက ပခုံးတွန့်ပြီးပြောသည်။

"သူတို့ ငါ့ကို ဒီနေ့မမိလည်း နောက်နေ့မိမှာပါကွာ"

ပြီးတော့ မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်ပြီး

"ငါ တစ်ခုပဲ စိတ်မကောင်းဖြစ်တယ်၊ ငါ့စာရင်းဝင်တွေအားလုံး အပြီးမသတ်နိုင်တဲ့ ကိစ္စပဲ၊ ဒက်စတာတစ်ယောက် ကျန်နေတယ်လေ"

ဂျစ်ပစီက ပြောနေရင်း အောက်ဘက်ဆီသို့ ငုံ့ကြည့်လိုက်သည်။ စစ်သားတွေ အမြောက်ကြီးကို ဆင်ပြီးသွားကြပြီ။ ဒက်စတာကို မရနိုင်တော့ကြောင်း ဂျစ်ပစီ သဘောပေါက်လိုက်ပြီ။

"အဆိုးဆုံးကတော့ကွာ၊ ငါ့ကို သတ်မယ့်လူတွေက ဓာတ်တူသားစားမယ့် လူမည်းတွေချည်း ဖြစ်နေတာပဲ။ နောက်တစ်ခုက သူတို့ တပ်ခွဲမှူး ဗိုလ်ကြီးပီးယာ့စ်ဆိုတာ ငါ့မိတ်ဆွေဟောင်းကြီးကွ။ အဲဒီထက်ပိုဆိုးတာက လူဖြူတွေရဲ့အမိန့်ကြောင့် လူမည်းအချင်းချင်း သတ်ရတဲ့အဖြစ်ပဲ"

*

"အဆင်သင့်ဖြစ်ပြီလား ဗိုလ်ကြီး"

ရဲမှူးရင်ဖရီက လှမ်းမေးလိုက်သည်။

"အချိန်မရွေးပဲ၊ ခင်ဗျား လူတွေရှင်းပေးပါ"

ဗိုလ်ကြီးပီးယာ့စ်က ပြန်ပြောသည်။ ရင်ဖရီက ရဲတစ်ယောက်မှတစ်ဆင့် အမိန့်ပေးလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ဖယ်ပေးကြပါ၊ အမြောက်ပစ်တော့မယ်"

အော်သံကြောင့် လူတွေရှဲသွားသည်။ ရိက္ခာလှည်းထဲတွင် ရေချယ်က လူတွေ အော်ဟစ်ကောင်းချီးပေးနေသံကို မကြားလို သဖြင့် နားပိတ်ထားလိုက်သည်။ ခပ်လှမ်းလှမ်းမှ ကွန်မင်ချီတို့၏ ဗုံသံနှင့်အတူ ရွတ်ဆိုသံများ ကြားနေရ၏။ သူတို့ ကခုန်နေကြပြီ။ ထိုစဉ် 'ပစ်'ဟူသည့် အမိန့်ပေးသံ ထွက်လာသည်။ တစ်ပြိုင်တည်း တွင် မိုးချုန်းသံကြီး ဟိန်းထွက်လာ၏။

*

အမြောက်ကြီးဆီမှ မီးခိုးတွေ ထွက်လာသည်ကို ဂျစ်ပစီလှမ်းမြင် လိုက်သည်။ တစ်စက္ကန့်အတွင်း ဧရာမပေါက်ကွဲသံကြီးနှင့်အတူ ဂမ္ဘီရ ဂူဆီသို့ အမည်းစက်ကလေး တစ်ခုလာနေပြီ။

"လာနေပြီဟေ့..."

ဂျစ်ပစီက ပြောပြောဆိုဆို ကျောက်ဆောင်နံဘေးတွင် ဝပ်ချလိုက်သည်။

အမြောက်ဆန်သည် ဂူဝမြောက်ဘက် ကိုက်နှစ်ဆယ်အကွာ တွင် လာထိသည်။ တောင်ကြောတစ်ခုလုံး လျှပ်စီးလက်သလို သိမ့် သိမ့်ခါသွားသည်။ ကျောက်ခဲတွေ၊ ဖုန်မှုန့်တွေ ပြိုဆင်းလာ၏။

ဂူထဲတွင်လည်း အမိုးနှင့်နံရံမှ ကျောက်လွှာတွေ ကွာကျ ပြီး မဲမှောင်သွားတော့သည်။

ဂျစ်ပစီက လှမ်းအော်ပြောသည်။

"သူတို့ သေသေချာချာ ချိန်ပစ်နေတာ၊ နောက်တစ်လုံးက တခြားတစ်ဘက်ကို သွားမှန်လိမ့်မယ်၊ တတိယအလုံးနှင့် စတုတ္ထ အလုံးကတော့ ပစ်ကွင်းကို သေသေချာချာ မှန်လိမ့်မယ်"



သူက မတ်တတ်ထရပ်ကာ ဦးထုပ်နှင့်ရိုက်ပြီး ဖုန်ခါသည်။ ပြီးမှ ဝံပုလွေဖြူဘက်ကို လှည့်လျှောက်သွားသည်။

"ဝံပုလွေဖြူရေ ... မင်းကို ထားခဲ့ရမှာတော့ စိတ်မကောင်း ဘူးကွာ၊ ငါ အပြင်ထွက်ပြီး ခံချတော့မယ်"

ဝံပုလွေဖြူက ခေါင်းညိတ်ပြီး

"အေးဗျာ၊ ကျွန်တော် တတ်နိုင်ရင် ခင်ဗျားနဲ့အတူ လိုက် ထွက်ချင်ပါတယ်"

ဂျစ်ပစီက လက်ကမ်းပေးရင်း

"မင်းနဲ့ သိရတာ ငါ့အတွက် တန်ဖိုးရှိပါတယ်ကွာ"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။

"ကျွန်တော်ကလည်း ဒီအတိုင်းပါဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် ဝိညာဉ်လောကမှာ ပြန်မဆုံနိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲဂျစ်ပစီ"

"အေး ဖြစ်နိုင်ပါတယ်၊ မင်းတို့ အင်ဒီယန်အယူဝါဒအရ တို့ ဝိညာဉ်လောကမှာ ပြန်တွေ့ကြမယ်၊ ခရစ်ယန်အယူအရ ဆိုရင် တော့ ငရဲမှာပေါ့ကွာ"

ထိုစဉ် ဒုတိယအမြောက်ဆန် ကျလာသည်။ ဂူအနောက် ဘက် ဆယ်ပေအကွာတွင် လာမှန်သည်။ သွက်သွက်ခါသွားပြန်သည်။ ကျောက်ခဲတွေ ပြိုကျလာပြန်သည်။

ပေါက်ကွဲသံနှင့်အတူ ဂျစ်ပစီ ပစ်လဲသွားသည်။ သို့သော် သူတို့နှစ်ယောက်စလုံး ဘယ်သူမှ ဒဏ်ရာမရကြ။

ဂျစ်ပစီက ကုန်းရုန်းထပြီး ဖုန်ခါရင်း

"အေး၊ တတိယအလုံးက ငါပြောသလို တို့အတွက်ပဲပေါ့၊ ကဲ... အချိန်ရှိသခိုက် ငါအပြင်ထွက်ပြီး ဆော်လိုက်ဦးမယ်"

ကျောက်တုံးကျောက်ခဲတွေကို ကျော်လွှားလျှောက်သွားရင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒသမ ၄၄ ပစ္စတိုကို ညာဘက်အိတ်မှ ဆွဲထုတ်လိုက်သည်။ ကျောက်တုံးကြီးတစ်တုံးနား ရောက်တော့ ဝံပုလွေဖြူကို လှမ်းမေးသည်။

"ချိုယင်နီတွေရဲ့ တိုက်ပွဲခေါ်သံက ဘာတဲ့... ဟိုကာယေး ဟုတ်လား၊ တိုက်ရင်းသေမယ်ဟေ့ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား"

အဖြေကိုမစောင့်ဘဲ သူက ပစ္စတိုပြောင်းနှင့် ဦးထုပ်အနားကိုတို့ပြီး ဝံပုလွေဖြူကို အလေးပြုလိုက်သည်။ ပြီးမှ ဘယ်လက်ဖြင့် ဘယ်ဘက်အိတ်ထဲမှ ပစ္စတိုကို ဆွဲထုတ်လိုက်သည်။

ပစ္စတိုနှစ်လက်ကို လက်တစ်ဖက်စီတွင် ကိုင်လျက် ခုန်ထွက်သွားလေတော့သည်။

ဂူပြင်ရောက်တော့ မြင်ကွင်းကျယ်ကြီးကိုကြည့်ပြီး သေနတ်နှစ်လက်ကို မိုးပေါ်ထောင်လိုက်သည်။ ပြီးမှ အသံကုန်အော်လိုက်၏။

"ဟေ့ ခွေးသားတွေ၊ ဟိုကာယေး ... ဟိုကာယေး တိုက်ရင်းသေမယ်ကွ"

*

နားနှစ်ဖက်ကို ပိတ်ထားလိုက်သည့် ရေချယ်၏ လက်တွေကို ဒက်စတာက ဆွဲဖယ်လိုက်သည်။

"ဒီမှာ ရေချယ်၊ ငါပြောတာ နားထောင်စမ်း။ နင်နဲ့ငါ ထွက်ချက်တစ်မျိုးတည်းဖြစ်ဖို့ လိုတယ်နော်၊ နင်က ရှယ်လ်ဘီကို ကာကွယ်တယ်၊ အဲဒီအချိန်မှာ ကိုဘီက နင့်လက်ထဲက သေနတ်ကိုလုယူပြီး ပစ်လိုက်တာ၊ ရှင်းတယ်..."

ဒုတိယအမြောက်ဆန် ထွက်လာတော့ ရေချယ်က ဝုန်းခနဲ ထရပ်ပြီး အမြောက်လှည်းဆီသို့ တန်းပြေးသွားသည်။ အမြောက်ဆန်ထည့်နေသည့် လူမည်းစစ်သားလေး တစ်ယောက်ကို အတင်းဝင်



ရိုက်ပြီး ဆွဲကာလွဲကာဖြင့် အော်သည်။

"တော်တော့၊ မပစ်နဲ့ တော်တော့"

ဒက်စတာက အတင်းဆွဲခေါ်တော့ မက်ဆွဲလ်က လှမ်းအော်သည်။

"ဟေ့... မဆွဲနဲ့၊ ထားလိုက်"

ဒက်စတာက ဂရုမစိုက်ဘဲ ရိုက္ခာလှည်းဆီသို့ ရေချယ့်ကို အတင်းပြန်ဆွဲခေါ်သွားသည်။ ပြီးတော့ လက်နှစ်ဘက်ကို နောက်ပြန်ချုပ်ပြီး လက်ထိတ်ခတ်ဖို့ ခါးပတ်မှ လက်ထိတ်ကို ဖြုတ်သည်။

မက်ဆွဲလ်က သူ့လက်မောင်းကို ဖမ်းဆွဲပြီး

"ဟေ့... မလုပ်နဲ့၊ ငါ ထိန်းမယ်"

ဒက်စတာက နားမထောင်ဘဲ မက်ဆွဲလ်ကို တွန်းပစ်လိုက်သည်။ ပြီးတော့ ရေချယ့်ကို ဖမ်းချုပ်ဖို့ကြိုးစားပြန်သည်။ မက်ဆွဲလ်သည် တစ်ဘက်သို့ လည်ထွက်သွားရာမှ ပြန်လှည့်လာပြီး ဒက်စတာကို ဆွဲလှည့်ကာ ရှိသမျှအားသုံးပြီး အရိုက်ကို တအားစွတ်ထိုး ထည့်လိုက်သည်။ ဒက်စတာက ခါးကုန်းပြီး ဗိုက်ကိုနှိပ်ကာ အသက်မရှူနိုင်ဘဲ ဖြစ်နေသည်။

"မင်းကို ငါပြောတယ်၊ မလုပ်နဲ့လို့"

ဒက်စတာ နောက်ဆုတ် နောက်ဆုတ်နှင့် ခွာသွားသည်။ မျက်လုံးကြီးတွေပြူးပြီး ပထွေးလုပ်သူကို အထိတ်တလန့် ကြည့်နေသည်။ အံ့သြခြင်းနှင့်အတူ ပထမဦးဆုံးအကြိမ်အဖြစ် အမေ့ယောကျ်ားကို တလေးတစား ကြည့်နေ၏။

မက်ဆွဲလ်က ရေချယ့်ပခုံးကို သိုင်းဖက်ပြီး

"သမီး စိတ်လျှော့လိုက်တော့နော်၊ သမီး ဘာမှ မတတ်နိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တစ်ယောက်ယောက် အော်ပြောသံ ကြားရသဖြင့် မက်ဆွဲလ် လှည့်ကြည့်လိုက်သည်။

"ဟိုမှာ... ဟိုမှာ ဂျစ်ပစီမစ် ထွက်လာပြီ"

ဂျစ်ပစီသည် ဂူရှေ့မှ ကျောက်ဖျာတစ်ချပ်၏ အစွန်အဖျားတွင် ရပ်နေသည်။ လက်နှစ်ဖက်ကို ဘေးတစ်ချက်တွင် ဆန့်တန်းလျက် အောက်ကလူအုပ်ကြီးဆီသို့ ခုန်ချတော့မည့်နှယ်။

အောက်မှ ရိုင်ဖယ်အလက်တစ်ရာတို့က သူ့ကို ဗိုင်းချိန်ထားကြပြီ။ ဂျစ်ပစီက "ဟိုကာဟေး" ဟုအော်လိုက်ပြီး လက်တစ်ဖက်စီမှ ပစ္စတိုနှစ်လက်ကို တစ်ပြိုင်တည်း ပစ်လိုက်သည်။ အောက်မှ အလက်တစ်ရာကလည်း အလုအယက် မောင်းဖြုတ်နေ၏။ သူ ရှေ့သို့ငိုက်ပြီး အောက်သို့ ထိုးကျလာသည်။ ကျောက်ဆောင် ကျောက်တုံးတွေပေါ်တွင် လိမ့်ကာပတ်ကာဖြင့်။ အောက်မရောက်ခင် သုံးပုံတစ်ပုံလောက်မှ ကမ်းပါးယံတစ်ခုတွင် သူ့ခန္ဓာကိုယ်ကြီး သွားတင်နေသည်။

"ရပ်"

ရဲမှူးရင်ဖရိုကအော်ပြီး အမိန့်ပေးတော့မှ သေနတ်သံတွေ တဖြည်းဖြည်းရပ်သွားသည်။ ရဲမှူးရင်ဖရိုက အေးစက်စက်လေသံဖြင့် အမိန့်ပေးသည်။

"အားလုံး ငြိမ်ကြ၊ တို့ သူ့ကိုခဏငြိမ်ပြီး အလေးပြုကြရမယ်၊ သူ့ အသားအရောင် ဘယ်လိုဖြစ်နေဖြစ်နေ၊ သူဟာ အတော်ဆုံး သေနတ်သမားတစ်ယောက်ပဲ"

ရင်ဖရိုက ဒက်စတာဘက်လှည့်ပြီး ပြောသည်။

"ကဲ... ဒက်စတာ မင်းလည်းခုမှ ကောင်းကောင်း အိပ်ရတော့မယ် ထင်တယ်"

BURMESE CLASSIC .com



ဒက်စတာ ဘာမှပြန်မပြော။ သို့သော် သူ့ကြည့်ရသည်မှာ တစ်ခုခုအတွက် ရတက်မအေး ဖြစ်နေသေးပုံ။

ရဲမှူးက ဆေးခေါက်မှ ဆေးတစ်ငုံစာကိုက်ဖဲ့ပြီး ဗိုလ်ကြီးဘက်သို့ လှည့်ပြောသည်။

"ကဲ ဗိုလ်ကြီး လုပ်စရာကလေးတွေ လက်စသတ်ပြီးရင် ကျွန်တော်တို့ အိမ်ပြန်ကြရအောင်"

ဗိုလ်ကြီးပီးယာ့စ်က တတိယအကြိမ် အမြောက်ပစ်မိန့်ပေးမည့်ဆဲဆဲတွင် ဂူထဲမှထွက်လာသည့် အသံတစ်သံ ကြားရသည်။ အလွန်ထူးခြားသည့် အသံမျိုး။

တစ်စုံတစ်ယောက် သီချင်းဆိုနေခြင်း ဖြစ်သည်။ လိုဏ်ဂူကြီးသည် ရောမအသံချဲ့စက်ကြီးနှင့် တူနေသည်။ သီချင်းသံသည် လိုဏ်ဂူ၏ပံ့တင်သံဖြင့် ရောနှောကာ ဟိန်းထွက်နေသည်။

"ဟ ... ဘာအဓိပ္ပာယ်လဲကွ"

ပရိသတ်ထဲမှ တစ်ယောက်၏ တအံ့တသြမေးသံ။

"သီချင်းသံပဲ၊ ထူးဆန်းလှချည်လား"

နောက်တစ်ယောက်၏ အသံ။

"အဲဒါ သေခါနီးမှာ အင်ဒီယန်တွေဆိုတဲ့ မရဏတေးသံပဲ"

ဗိုလ်ကြီးပီးယာ့စ်က ရှင်းပြသည်။ ဆူဆူညံညံအသံတွေ ငြိမ်သွားသည်။

"ဒါဆို ကျုပ်တို့ ဘာဆက်လုပ်မလဲ"

ရဲမှူးက စစ်ဗိုလ်ကို မေးသည်။

"သူ့ကို သီချင်းဆုံးအောင် ဆိုခွင့်ပေးရမယ်"

သီချင်းဆုံးသွားတော့ ဗိုလ်ကြီးက အမြောက်တပ်စုကို ခေါင်းညိတ်ပြလိုက်သည်။ တပ်စုမှူးက မြောက်ထားသောလက်ကို

www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ချလိုက်ပြီး ပစ်မိန့်ပေးလိုက်သည်။

"ပစ်"

တတိယအမြောက်ဆန်သည် နားပွင့်လုမတတ် ဆူညံတုန်ဟီးသွားသည်။ အမြောက်ဆန်သည် လိုဏ်ဂူဝသို့ တည့်တည့်ထိမှန်သည်။ တောင်ကြီးတစ်ခုလုံး ပြိုကျသလို ကမ္ဘာမြေကြီး သိမ့်သိမ့်တုန်သွားသည်။

ရှေးဟောင်း ဂမ္ဘီရလိုဏ်ဂူသည် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားလေတော့သည်။

*

ရဲအဖွဲ့ဝင်တွေ၊ ကေသုံးလုံးတွေ၊ အင်ဒီယန်တွေ အပါအဝင် ပွဲကြည့်ပရိသတ်တွေ လိုဏ်ဂူပျက်ကြီးကို အနီးကပ် တက်ကြည့်ကြသည်။ ရဲမှူးရင်ဖရီက ဂျစ်ပစီစမစ်၏ အလောင်းကိုကောက်ဖို့ သူ့လူတစ်စုကို တာဝန်ပေးလိုက်သည်။

သူက ရေချယ့်ကို မေးစရာရှိသဖြင့် ချန်နေရစ်သည်။ သူ့မေးခွန်းတွေက မေးရိုးမေးစဉ်မေးခွန်းများ မဟုတ်။

"နားမရှင်းတာလေးတွေ နည်းနည်း ကျန်နေသေးတယ် မစ္စရေချယ်" ဟုအစချီသည်။

"ရဲမှူးကြီးက ဘာများ ထပ်သိချင်သေးလို့လဲ"

ဒက်စတာက အစ်ကိုကြီးတစ်ယောက်၏ ဂိုက်ကိုဖမ်းပြီး ရေချယ်နံဘေးတွင် ဝင်ရပ်သည်။

သူ့ကို ဂရုမစိုက်ဘဲ ရဲမှူးက ရေချယ့်ကို စမေးသည်။

"မစ္စတာဟွန်းဘက် ဘယ်လို အပစ်ခံရတယ်၊ ဘယ်လို အခြေအနေမျိုးမှာ အပစ်ခံရတယ်ဆိုတာ ပြောပြပါလား မစ္စရေချယ်"



"ကျွန်တော် ပြောပြပြီးပြီလေ၊ အင်ဒီယန်ကောင်က ရေချယ့်လက်ထဲက သေနတ်ကိုဆွဲယူပြီး ပစ်လိုက်တာ"

"သူက နှစ်လုံးပြူးနဲ့ သက်တော်စောင့် နှစ်ယောက်ကို ပစ်ပြီးမှနော်"

ရင်ဖရီက ထောက်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျ၊ အင်ဒီယန်က ကျွန်တော်တို့အားလုံးကို သေနတ်နဲ့ ချိန်ထားချိန်မှာ ရေချယ်က အိမ်ထဲပြန်ပြေးသွားပြီး သေနတ်ယူတာ"

"မင်းမှာ တခြားလုပ်စရာ မရှိဘူးလား ရဲဘော်"

"ကျွန်တော် အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး၊ ကျွန်တော့်ညီမလေး သိပ်စိတ်လှုပ်ရှားနေတယ်၊ အကြောက်လွန်နေတယ်။ ကျွန်တော်ကလည်း မျက်မြင်သက်သေပဲလေ..."

ရေချယ် စိတ်တွေလှုပ်ရှားနေဆဲဖြစ်သည်ကတော့ အမှန်။

"သူ့ ကောင်းကောင်းကို စကားမပြောနိုင်သေးဘူး ရဲမှူးကြီး"

ရင်ဖရီ သက်ပြင်းချသည်။

"မဟုတ်ဘူး ဟုတ်တယ်တော့ ပြောနိုင်မှာပေါ့၊ မင်း အစ်ကိုပြောတာ ဟုတ်သလား မစ္စရေချယ်"

ဒက်စတာ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေသည်။

"ဟုတ်ကဲ့" ဟု ရေချယ့်အသံ တိုးတိုးကလေး ထွက်လာတော့မှ ဒက်စတာ ဟင်းချနိုင်တော့သည်။

ရင်ဖရီက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ကျေနပ်သွားသည့်လေသံဖြင့် ပြောသည်။

"အင်း ... ဒါဆိုရင်တော့ ရှင်းပါပြီလေ"

သံသယစဉ်းငယ် ရှိသော်လည်း မိမိဘက်မှ အခိုင်အမာ

www.burmeseclassic.com

www.burmeseclassic.com



သက်သေမပြနိုင်သဖြင့် ရဲမှူး အလျှော့ပေးလိုက်သည်။ နောက်တစ်ကြောင်းမှာ သည်မိန်းကလေးသည် အိုကလာဟိုးမားတွင် အချမ်းသာဆုံး မုဆိုးမကလေး ဖြစ်လာတော့မည် မဟုတ်လား။ သည်လိုမိသားစုမျိုးနှင့် အဆင်ပြေဖို့လိုသည်လေ။

မက်ဆွဲလ်ဘက် လှည့်ပြီး ရဲမှူးကပြောသည်။

"မစ္စက်ဟွန်းဘက်ကို ကျွန်တော့်ရထားနဲ့ အနီးဆုံးဘူတာကို ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ရဲမှူး၊ ဗိုလ်ကြီးပီးယာ့စ်က ကွန်မင်ချီဘူတာကို သူတို့လိုက်ပို့ပေးမယ် ပြောပါတယ်ခင်ဗျ၊ ဒါထက် ဂျစ်ပစီစမစ်ရဲ့အလောင်းကို ခင်ဗျားတို့ ဘယ်လိုစီစဉ်ကြမလဲ"

"ကျွန်တော်တို့ ဂူသရီကို သယ်သွားပြီး သင်္ချိုင်းကိုအပ်လိုက်ပါ့မယ်"

"တာဝန်ယူပြီး သင်္ဂြိုဟ်မယ့်လူ ရှိမရှိ ကျွန်တော် သိချင်ပါတယ်၊ သူ့လိုလူမျိုးကို ပစ်စလက်ခတ် မမြှုပ်စေချင်ဘူးလေ"

"ဩော်... ဒီအတွက် သိပ်မပူပါနဲ့ ဆရာကြီး၊ လွတ်လပ်ရေးမြို့တော်က သူ့မိတ်ဆွေတွေ သူ့ကို သူ့ရဲကောင်းလို သင်္ဂြိုဟ်ကြမှာပါ"

ဒက်စတာနှင့် ရဲမှူးရင်ဖရိုက ဂျစ်ပစီ၏အလောင်းကို ရှေ့မှာထားပြီး ဓာတ်ပုံအရိုက်ခံကြသည်။ ရိုင်ဖယ်သေနတ်တွေ ကိုယ်စီပိုက်လျက်။ နာမည်ကျော်မုဆိုးကြီးသည် သူတို့ရှေ့တွင် သူတို့ရထားသည့် သားကောင်တစ်ကောင်ပမာ သေနတ်ဒဏ်ရာပေါင်း များစွာဖြင့်။

မြင်းတွေ၊ မြည်းတွေကို ရထားနှင့် လှည်းတွေတွင် တပ်ဆင်နေချိန်တွင် မှောင်လုလုဖြစ်နေပြီ။ မက်ဆွဲလ်နှင့် ရေချယ်တို့



နှစ်ယောက်က မြင်းလှည်းအိုကြီး တစ်စီးနှင့် ကွန်မင်ချီဘူတာသို့ လိုက်ပါခဲ့ကြသည်။

မက်ဆွဲလ်က သမီးကလေး၏ ပခုံးကိုသိုင်းဖက်ပြီး နှစ်သိမ့်ချင်ပါ၏။ သို့သော် သားအဖနှစ်ယောက် ယှဉ်ထိုင်ပြီး ငြိမ်လျက်သားလိုက်ပါခဲ့ကြ၏။

နောက်ဆုံးတွင်မှ ရေချယ်က အားရပါးရ ငိုချလိုက်သည်။ အဖေထုတ်ပေးသည့် လက်ကိုင်ပဝါဖြင့် မျက်ရည်သုတ်ရင်း ရေချယ်ကမေးသည်။

"ဖေဖေ ဘာလို့ သမီးကို အပြစ်မပြောတာလဲဟင်"

"သမီးကို ဖေဖေက ဘာအတွက် အပြစ်တင်ရမှာလဲ"

"လိမ်ပြောတဲ့အတွက်လေ၊ ဒက်စတာ ပြောတဲ့အတိုင်း လိုက်လိမ်လို့လေ၊ ကိုယ့်အပြစ် ကိုယ်မခံလို့လေ"

"ဘယ်သူက သမီးကို အပြစ်တင်မှာလဲကွယ်၊ သမီးက ကိုယ့်ကိုယ်ကိုယ် ကယ်တာပဲ"

"မဟုတ်ဘူးဖေဖေ။ သမီးအတွက် သမီးလုပ်တာမဟုတ်ဘူး"

"သမီးအတွက် သမီးလုပ်တာ မဟုတ်ရင် ဘယ်သူ့အတွက် လုပ်တာလဲ"

"ကလေးအတွက် သမီးလုပ်ရတာပါ ဖေဖေ"

"ကလေး ဟုတ်လား"

မေးလိုက်ရသော်လည်း အဖြေကို သူသိပြီးသား ဖြစ်နေပါသည်။

တင်မောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

# Clancy Carlile

Waylon Jennings ရဲ့ "Ramblin' Man" (လေလွင့်သူ) သီချင်းကို နားထောင်ဖူးကြမည် ထင်ပါသည်။ မကြာသေးမီက သူ့အိမ်လာလည်သည့် ဧည့်သည်ကို ကာလိုင်းကမေးသည့် မေးခွန်း ဖြစ်ပါသည်။

" 'လေလွင့်သူ' ဟာ ကျွန်တော်ပဲ၊ ကျွန်တော့်အဘိုးလည်း အတူတူပဲ" ဟု သူကဆိုသည်။

ကာလိုင်း၏အဘိုးသည် အိုကလာဟိုးမား မြေယာဝေခြမ်းရေးတိုက်ပွဲများတွင် ပါဝင်ခဲ့သည့် စကော့၊ အိုင်းရစ်ကပြား ဖြစ်သည်။ ကုန်းနီးမပါသည့် မြင်းအိုကြီးကို စီးပြီး ခရီးကြမ်းနှင်ကာ မြေတစ်ကွက်ရဖို့ သက်စွန့်ဆံဖျား လာခဲ့သည်။

ရသည့်မြေကွက်ကလေး ဖဲရှုံးသဖြင့် ဆုံးသည်။ နောက်တွင် ချာရိုကီအင်ဒီယန် အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်သည်။ ကာလိုင်း၏အဘွားဖြစ်လာမည့် အင်ဒီယန် အမျိုးသမီးက မြေဧကတစ်ရာ့ခြောက်ဆယ် အမွေရသည်။ သည်မြေတွေလည်း တစ်လက်မမျှမကျန်အောင်ဖဲရှုံးပစ်သည်။ကာလိုင်း၏အဖေလက်ထက်တွင် အိုကလာဟိုးမားမှ ကာလီဖိုးနီးယားသို့ ပြောင်းလာပြီး အစုစပ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စလုပ်သည်။ "Grapes of Wrath (ဆရာမောင်ထွန်းသူပြန် ဒေါသမာန်) ထဲက အတိုင်းပေါ့ဗျာ" ဟု ကာလိုင်းက စားမြုံ့ပြန်တတ်သည်။

ကိုရီးယားစစ်မြေမှ ပြန်ရောက်တော့ စစ်တပ်ပင်စင် အစီအစဉ်ဖြင့် တက္ကသိုလ်ဆက်တက်သည်။ ဘွဲ့မရမီ ပထမစာအုပ်တစ်အုပ် ထွက်သည်။ As I Was Young and Easy။ နောက် ဝတ္ထုရှည်ကြီးတစ်ပုဒ် ထပ်ထွက်သည်။ Honkytonk Man။ မင်းသားကြီး Clint Eastwood နှင့် ရုပ်ရှင်ရိုက်ရသည်။

နောက်ငါးနှစ်အကြာတွင် Children of the Dust ကို ရေးသည်။ ကက်စတိတ်တောင်တန်းပေါ်တွင် နေရင်းရေးခြင်းဖြစ်၏။ ခုတော့ ကာလိုင်းတစ်ယောက် လေလွင့်သူတို့၏ ဘုမ္မိနက်သန် လက်စ်ဗီးဂတ်စ်သို့ ရောက်နေပြီ။

www.burmeseclassic.com